| ၃၄၆။ | ပေးပြီးသည့်ငွေများကို နောက်ထပ်စွဲဆိုသော တရားမမှုတွင် ထည့်သွင်းခုနှိမ်ရခြင်း | ၁၉၅ |
| ၃၄၆က။ | ရဲအရေးယူပိုင်ခွင့်မရှိသော အမှုများတွင် တိုင်တန်းသူက ပေးရသည့် တချို့စရိတ်များကို ပြန်ပေးရန် အမိန့်ချမှတ်ခြင်း | ၁၉၅ |
| ၃၄၇။ | ပေးဆောင်ရန် အမိန့်ချမှတ်သည့်ငွေများကို ဒဏ်ငွေကဲ့သို့ ကောက်ခံရခြင်း | ၁၉၆ |
| ၃၄၈။ | အမှုမှတ်တမ်းများ၏ မိတ္တူများ | ၁၉၆ |
| ၃၄၉။ | စစ်တရားရုံးက စစ်ဆေးစီရင်ပိုင်သူတို့ကို စစ်ဘက်ဆိုင်ရာ အာဏာပိုင်များထံ ပေးအပ်ခြင်း<br>– ဆိုခဲ့သည့် သူများကို ဖမ်းဆီးခြင်း | ၁၉၆ |
| ၃၅၀။ | ခိုးရာပါပစ္စည်းဖြစ်ကြောင်း သင်္ကာမကင်းသည့် ပစ္စည်းကို ပြည်သူ့ရဲက သိမ်းယူနိုင်ခွင့်အာဏာ | ၁၉၆ |
| ၃၅၁။ | အထက်ရဲအရာရှိတို့၏ အာဏာများ | ၁၉၆ |
| ၃၅၂။ | သွေးဆောင်ဆွဲခေါ်ခြင်းခံရသည့် အမျိုးသမီးများအား ပြန်လည်အပ်နှံရန် အတင်းအကြပ် လုပ်နိုင်ခွင့်အာဏာ | ၁၉၇ |
| ၃၅၃။ | × × × × | ၁၉၇ |

| ပုဒ်မများ | | စာမျက်နှာ |
|---|---|---|
| ၅၅၄။ | တရားလွှတ်တော်က လက်အောက်ခံတရားရုံးများ ကြည့်ရှုစစ်ဆေးရန်အတွက် နည်းဥပဒေများပြုရန်အာဏာ | ၁၉၇ |
| ၅၅၅။ | ပုံစံများ | ၁၉၇ |
| ၅၅၆။ | တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးကိုယ်တိုင် စိတ်ဝင်စားသည့်အမှု | ၁၉၇ |
| ၅၅၇။ | အမှုလိုက်လျှောက်ရှိသော ရှေ့နေတချို့တရားရုံးများတွင် ရာဇဝတ်တရားသူကြီးအဖြစ် ရုံးမထိုင်ခြင်း | ၁၉၈ |
| ၅၅၈။ | တရားရုံးသုံး ဘာသာစကားကို ဆုံးဖြတ်နိုင်ခွင့်အာဏာ | ၁၉၈ |
| ၅၅၉။ | တရားသူကြီးများနှင့် ရာဇဝတ်တရားသူကြီးများ၏ အာဏာများကို ၎င်းတို့၏ ရာထူး ဆက်ခံသူများက သုံးစွဲနိုင်ခွင့် ပြဋ္ဌာန်းချက်များ | ၁၉၈ |
| ၅၆၀။ | လေလံတင်ရောင်းချသည့် အမှုများတွင် ပါဝင်သူအရာရှိများမှာ ပစ္စည်းကို မဝယ်ရခြင်း၊ လေလံမဆွဲရခြင်း | ၁၉၈ |
| ၅၆၁။ | ခင်ပွန်းဖြစ်သူက ပြုကျင့်သည် မုဒိမ်းမှုနှင့် စပ်လျဉ်းသည့် အထူးပြဋ္ဌာန်းချက်များ | ၁၉၉ |
| ၅၆၁က။ | တရားလွှတ်တော်၏ မူလဘူတအာဏာကို ထိန်းသိမ်းခြင်း | ၁၉၉ |

## ပထမအကြိမ် ပြစ်မှုကျူးလွန်သူများ

| | | |
|---|---|---|
| ၅၆၂။ | ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူကို ပြစ်ဒဏ်ချမှတ်မည့်အစား ကောင်းမွန်စွာ ကျင့်ကြံ နေထိုင်ရန် အစမ်းသဘော တရားရုံးက လွှတ်နိုင်ခွင့်အာဏာ – ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ဆိုဆုံးမ၍ လွှတ်ခြင်း | ၁၉၉ |
| ၅၆၃။ | ပြစ်မှုကျူးလွန်သူက ခံဝန်ချုပ်ပါ စည်းကမ်းချက်များအတိုင်း မလိုက်နာ ပျက်ကွက် ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက် | ၂၀၁ |
| ၅၆၄။ | ပြစ်မှုကျူးလွန်သူ၏ နေထိုင်ရာအရပ်နှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ | ၂၀၁ |

## ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် ပြစ်မှုကျူးလွန်သူများ

| | | |
|---|---|---|
| ၅၆၅။ | ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် ပြစ်မှုကျူးလွန်သူ၏ နေရပ်လိပ်စာ ပြောကြားရန်အမိန့် | ၂၀၁ |
| ဇယား – ၁ | × × × × | |
| ဇယား – ၂ | **ပြစ်မှုများကို စာရင်းဇယားဖြင့် ဖော်ပြချက်** | ၂၀၃ |
| ဇယား – ၃ | **ရာဇဝတ်တရားသူကြီးများ၏ သာမန်ရာဇဝတ်အာဏာများ** | ၃၁၀ |
| ဇယား – ၄ | **ရာဇဝတ်တရားသူကြီးများသို့ အပ်နှင်းနိုင်သော ထပ်ဆင့်အာဏာများ** | ၃၁၅ |

# ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

## အပိုင်း ၁

## နိဒါန်း

## အခန်း ၁

ဝင်းခေါ
ဒုတိယညွှန်ကြားရေးမှူး (တာဝန်/စီမံ)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

၁။ ဤဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးနှင့် သက်ဆိုင်စေရမည်။ သို့ရာတွင် ၎င်းနှင့် ဆန့်ကျင်ကွဲလွဲသည့် သီးခြားပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိလျှင်၊ ဤဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ တည်ဆဲအထူးဥပဒေ၊ သို့မဟုတ် ဒေသန္တရဥပဒေ တစ်စုံတစ်ရာကို ဖြစ်စေ၊ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်က အပ်နှင်းထားသည့် အထူးစီရင်ပိုင်ခွင့်အာဏာ၊ သို့မဟုတ် အာဏာကိုဖြစ်စေ ယင်းဥပဒေက သတ်မှတ်ထားသည့် အထူးကျင့်ထုံးတစ်စုံတစ်ရာကိုဖြစ်စေ ထိခိုက်ခြင်းမရှိစေရ။ *(အာဏာ သက်ရောက်ရာ နယ်မြေ။)*

၂–၃။ × × × ×

၄။ (၁) ဤဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ၊ ဆန့်ကျင်ကွဲလွဲသည့် သဘောမရှိလျှင် အောက်ပါစကားလုံးများနှင့် စကားရပ်များသည် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆောင်သည်။ *(အဓိပ္ပာယ် ဖွင့်ဆိုချက်များ။)*

(က) "အာမခံပေးရမည့်ပြစ်မှု" ဆိုသည်မှာ ဒုတိယဇယားတွင် အာမခံပေးရမည်ဟု ဖော်ပြထားသောပြစ်မှု၊ သို့မဟုတ် တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အာမခံပေးရမည့်ပြစ်မှုကို ဆိုသည်၊ "အာမခံမပေးနိုင်သော ပြစ်မှု" ဆိုသည်မှာ အခြားပြစ်မှုများကို ဆိုသည်။ *(အာမခံပေးရမည့်ပြစ်မှု၊ အာမခံ မပေးနိုင်သောပြစ်မှု။)*

သို့ရာတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈၊ သို့မဟုတ် ပုဒ်မ ၅၀၆ အရ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတစ်ရပ်ရပ်ကို အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသော အရပ်ဒေသ၌ ကျူးလွန်ခဲ့လျှင် ထိုပြစ်မှုသည် အာမခံမပေးနိုင်သော ပြစ်မှုဖြစ်ရမည်ဟု နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ကြေညာနိုင်သည်။

(ခ) × × × ×

(ဂ) "စွဲချက်" တွင် စွဲချက်တစ်ရပ်ထက်ပို၍ ပါလျှင် ထိုစကားရပ်တွင် မည်သည့် စွဲချက်မဆို ပါဝင်သည်။

(ဃ) × × × ×

(င) "တရားရုံးအရာရှိ" ဆိုသည်မှာ ၁၉၄၅ ခုနှစ်၊ တရားရုံးများ အက်ဥပဒေ[1] အရ ခန့်ထားသော ခရိုင်တရားရုံးအရာရှိကို ဆိုသည်။ ထို့ပြင် ယင်းစကားရပ်တွင် ဤဥပဒေအရ တရားရုံးအရာရှိသို့ လွှဲအပ်သည့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် တရားလွှတ်တော်၊ တရားသူကြီးချုပ်က အထူးခန့်ထားသည့် အရာရှိကိုဆိုသည်။ *(တရားရုံး အရာရှိ။)*

(စ) "ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှု" နှင့် "ရဲအရေးယူပိုင်ခွင့်ရှိသောအမှု" ဆိုသည်မှာ ရဲအရာရှိတစ်ဦးက ဒုတိယဇယားနှင့်အညီ၊ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရသော ပြစ်မှုနှင့် အမှုကို ဆိုသည်။ *(ရဲအရေးယူ ပိုင်ခွင့်ရှိသော ပြစ်မှု၊ ရဲအရေးယူ ပိုင်ခွင့်ရှိသော အမှု။)*

---

[1] ဤအက်ဥပဒေကို ၁၉၅၀ ပြည့်နှစ် အက်ဥပဒေအမှတ် ၅၅ဖြင့် ရုပ်သိမ်းပြီးဖြစ်သည်။

သို့ရာတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၆၊ ၁၈၈၊ ၁၈၉၊ ၁၉၀၊ ၂၂၈၊ ၂၆၅က၊ ၂၉၈၊ ၅၀၅၊ ၅၀၆ သို့မဟုတ် ၅၀၇ အရ ပြစ်ဒဏ် ထိုက်သင့်သော ပြစ်မှုတစ်ရပ်ရပ်ကို အမိန့်ကြော်ငြာစာတွင် သတ်မှတ်ထားသော အရပ်ဒေသ၌ ကျူးလွန်ခဲ့လျှင်၊ ထိုပြစ်မှုသည် ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုဖြစ်ရမည်ဟု နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ကြေညာနိုင်သည်။

(ဆ) "ရဲမင်းကြီး"[၂] ဆိုသည့် စကားရပ်တွင် ဒုတိယရဲမင်းကြီးလည်း ပါဝင်သည်။ — ရဲမင်းကြီး

(ဇ) "တိုင်တန်းချက်" ဆိုသည်မှာ ပြစ်မှုကျူးလွန်သူကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ရာဇဝတ်တရားသူကြီးထံ ဤဥပဒေအရ အရေးယူဆောင်ရွက်စေရန် နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ပြစ်မှုကျူးလွန်ကြောင်း တိုင်တန်းချက်ကို ဆိုသည်။ သို့သော် ၎င်းစကားရပ်တွင် ရဲအရာရှိတစ်ဦး၏ အစီရင်ခံစာမပါဝင်။ — တိုင်တန်းချက်။

(ဈ) × × × ×

(ည) × × × ×

(ဋ) "စုံစမ်းစစ်ဆေးမှု" ဆိုသည့် စကားရပ်တွင် ဤဥပဒေအရ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးက ပြုလုပ်သည့် စစ်ဆေးစီရင်မှုမှအပ စုံစမ်းစစ်ဆေးမှု အသီးသီးပါဝင်သည်။ — စုံစမ်းစစ်ဆေးမှု။

(ဌ) "စုံစမ်းထောက်လှမ်းမှု" ဆိုသည့်စကားရပ်တွင် ရဲအရာရှိတစ်ဦးက၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးက အာဏာအပ်နှင်းခံရသည့် ရာဇဝတ်တရားသူကြီးမဟုတ်သူတစ်ဦးဦးက ဤဥပဒေနှင့်အညီ သက်သေခံချက်များ စုဆောင်းရန်အတွက် ပြုလုပ်သည့် ဆောင်ရွက်ချက်များ အားလုံးပါဝင်သည်။ — စုံစမ်းထောက်လှမ်းမှု။

(ဍ) "တရားစီရင်သော မှုခင်းကိစ္စ" ဆိုသည့် စကားရပ်တွင် သက်သေတို့အား ကျမ်းသစ္စာပြုစေပြီး၊ သက်သေခံချက်များကို ဥပဒေနှင့်အညီ ရယူသည့်၊ သို့မဟုတ် ရယူနိုင်သည့် မည်သည့်မှုခင်းကိစ္စမဆို ပါဝင်သည်။ — တရားစီရင်သော မှုခင်းကိစ္စ။

(ဎ) "ရဲအရေးယူပိုင်ခွင့်မရှိသော ပြစ်မှု" နှင့် "ရဲအရေးယူပိုင်ခွင့်မရှိသောအမှု" ဆိုသည်မှာ ရဲအရာရှိတစ်ဦးက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရသော ပြစ်မှုနှင့် အမှုကို ဆိုသည်။ — ရဲအရေးယူပိုင်ခွင့်မရှိသောပြစ်မှု၊ ရဲအရေးယူပိုင်ခွင့်မရှိသောအမှု။

(ဏ) "ပြစ်မှု" ဆိုသည်မှာ တည်ဆဲတရားဥပဒေ တစ်ရပ်ရပ်အရ ပြစ်ဒဏ်ထိုက်သင့်သော ပြုလုပ်မှု၊ သို့မဟုတ် ပျက်ကွက်မှုကို ဆိုသည်။ — ပြစ်မှု။

ထို့ပြင် ထိုစကားရပ်တွင် ကျွဲ၊ နွား၊ တိရစ္ဆာန် ကျော်နင်းဝင်ရောက်ခြင်း အက်ဥပဒေပုဒ်မ ၂၀အရ တိုင်တန်းချက် ပြုနိုင်သော ပြုလုပ်မှုတစ်ရပ်လည်း အကျုံးဝင်သည်။

(တ) "ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူး" ဆိုသည့် စကားရပ်တွင် ယင်းပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးသည် ရဲစခန်းတွင် မရှိသည့်အခါ၊ သို့မဟုတ် ဖျားနာ၍သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုကြောင့်သော်လည်းကောင်း၊ ယင်း၏ တာဝန်ဝတ္တရားများကို မဆောင်ရွက်နိုင်သည့်အခါ ရဲစခန်း၌ရှိသည့် စခန်းမှူး နောက်တစ်ဆင့်နိမ့်ပြီး ရဲတပ်သားထက် အဆင့်မြင့်သည် ရဲအရာရှိ၊ သို့မဟုတ် နိုင်ငံတော်သမ္မတက ညွှန်ကြားသည့် အခြားရဲအရာရှိလည်း ပါဝင်သည်။ — ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူး။

---

၂။ ပြည်နယ်၊ တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူး။

(ထ) "နေရာ" ဆိုသည့်စကားရပ်တွင် နေအိမ်အဆောက်အအုံ၊ တဲနှင့် ရေယာဉ် စသည်တို့လည်း ပါဝင်သည်။ နေရာ။

(ဒ) "ရှေ့နေ" ဆိုသည့် စကားရပ်ကို တရားရုံးတစ်ရုံးတွင် မှုခင်းကိစ္စဆောင်ရွက်ခြင်းနှင့် ပတ်သက်ပြီး ခေါ်ဝေါ်အသုံးပြုလျှင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အဆိုပါ တရားရုံးတွင် အမှုလိုက်ခွင့်ရသူ ရှေ့နေကိုဆိုသည်။ ထို့ပြင် ယင်းစကားရပ်တွင် (၁) ယင်းသို့အခွင့်ရသော တရားရုံးချုပ်ရှေ့နေနှင့် (၂) ဆိုခဲ့သည့် မှုခင်းကိစ္စတွင် လိုက်ပါဆောင်ရွက်ရန် တရားရုံး၏ ခွင့်ပြုချက်နှင့် ခန့်ထားသော အခြားသူတစ်ဦးဦးလည်း ပါဝင်သည်။ ရှေ့နေ။

(ဓ) "ပြည်သူ့ရဲတပ်ဖွဲ့စခန်း" ဆိုသည်မှာ နိုင်ငံတော်သမ္မတက ပြည်သူ့ရဲတပ်ဖွဲ့စခန်းအဖြစ် ယေဘုယျအားဖြင့်သော်လည်းကောင်း၊ တစ်သီးတစ်ခြားသော်လည်းကောင်း၊ ရဲစခန်းအဖြစ် ကြေညာထားသော မည်သည့်စခန်း၊ သို့မဟုတ် မည်သည့် နေရာဌာနကိုမဆို ဆိုသည်။ ၎င်းတွင် နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ သီးခြားသတ်မှတ်ထားသည့် ဒေသတစ်စုံတစ်ရာလည်း ပါဝင်သည်။ ပြည်သူ့ရဲတပ်ဖွဲ့စခန်း။

(ဓဓ) × × × ×

(န) "အစိုးရရှေ့နေ" ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄၉၂အရ ခန့်ထားသည့် မည်သူမဆို ဆိုသည်။ အစိုးရရှေ့နေ၏ ညွှန်ကြားချက်အရ ဆောင်ရွက်သူနှင့် တရားလွှတ်တော်၌ ပြစ်မှုဆိုင်ရာ မူလမှုစီရင်ရာတွင် အစိုးရကိုယ်စား အမှုလိုက်ပါဆောင်ရွက်သူလည်း ပါဝင်သည်။ အစိုးရရှေ့နေ။

(ပ) "ခရိုင်ခွဲ" ဆိုသည်မှာ ခရိုင်တစ်ခု၏အစိတ်အပိုင်းဖြစ်သော နယ်မြေကို ဆိုသည်။ ခရိုင်ခွဲ။

(ဖ) "သမ္မာန်မှု" ဆိုသည်မှာ ဝရမ်းမှုမဟုတ်သော ပြစ်မှုတစ်ရပ်နှင့် သက်ဆိုင်သည့် အမှုကို ဆိုသည်။ သမ္မာန်မှု။

(ဗ) "ဝရမ်းမှု" ဆိုသည်မှာ သေဒဏ်၊ တစ်ကျွန်းပို့ဒဏ်၊ သို့မဟုတ် ခြောက်လထက်ပိုသော ထောင်ဒဏ်ထိုက်သော ပြစ်မှုတစ်ရပ်နှင့် သက်ဆိုင်သည့် အမှုကိုဆိုသည်။ ဝရမ်းမှု။

(၂) ပြုလုပ်မှုများကို ရည်ညွှန်းသည့် စကားလုံးများတွင် ဥပဒေနှင့် ဆန့်ကျင်သော ပျက်ကွက်မှုများလည်း အကျုံးဝင်သည်။ ထို့ပြင် -- ပြုလုပ်မှုများနှင့် သက်ဆိုင်သည့် စကားရပ်များ။

ဤဥပဒေတွင် အသုံးပြု၍ ပြစ်မှုဆိုင်ရာ ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားပြီး၊ ဤဥပဒေ၏ ရှေ့ပိုင်းတွင် အဓိပ္ပာယ်ဖွင့်ဆိုမထားသော စကားလုံးများနှင့် စကားရပ်များအားလုံးတို့သည် ပြစ်မှုဆိုင်ရာ ဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ်ကို ဆောင်သည်ဟု မှတ်ယူရမည်။ ပြစ်မှုဆိုင်ရာဥပဒေမှာကဲ့သို့ အဓိပ္ပာယ်ထွက်သော စကားရပ်များ။

၅။ (၁) ပြစ်မှုဆိုင်ဥပဒေအရ ပြစ်မှုများကို ဆက်လက်ဖော်ပြမည့် ပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ စစ်ဆေးစီရင်ခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း ပြုလုပ်ရမည်။ ပြစ်မှုဆိုင်ရာ ဥပဒေအရပြစ်မှုများကို စစ်ဆေးစီရင်ခြင်း။

(၂) အခြားဥပဒေတစ်ရပ်ရပ်နှင့် သက်ဆိုင်သော ပြစ်မှုများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ စစ်ဆေးစီရင်ခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းပြုရမည်။ သို့ရာတွင် ယင်းကဲ့သို့သော ပြစ်မှုများကို စုံစမ်းထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ စစ်ဆေးစီရင်ခြင်း၊ သို့မဟုတ် အခြားနည်းဆောင်ရွက်ခြင်း ပြုလုပ်ရန်နည်းလမ်း၊ သို့မဟုတ် နေရာကို သတ်မှတ်သည့် တည်ဆဲဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်း လိုက်နာရမည်။ အခြားဥပဒေများကို ဆန့်ကျင်ကျူးလွန်သည့် ပြစ်မှုများကို စစ်ဆေးစီရင်ခြင်း။

---

၁။ ဥပဒေအရာရှိ

## အပိုင်း ၂

## ပြစ်မှုဆိုင်ရာတရားရုံးများနှင့် ရုံးများ တည်ထောင်ခြင်းနှင့် အာဏာများ

### အခန်း ၂

### ပြစ်မှုဆိုင်ရာ တရားရုံးများနှင့် ရုံးများ တည်ထောင်ခြင်း

#### က။ ပြစ်မှုဆိုင်ရာတရားရုံးအမျိုးအစားများ

ပြစ်မှုဆိုင်ရာ တရားရုံးအမျိုး အစားများ။

၆။ တရားလွှတ်တော်နှင့် ဤဥပဒေမှတစ်ပါး အခြားတည်ဆဲတရားဥပဒေတစ်စုံတစ်ရာအရ တည်ထောင်သည့် တရားရုံးများအပြင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ပြစ်မှုဆိုင်ရာ တရားရုံးလေးမျိုးရှိစေရမည်။ ၎င်းတို့မှာ--

(၁) စက်ရှင်တရားရုံးများ၊
(၂) ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးရုံးများ၊
(၃) ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးရုံးများ၊
(၄) တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးရုံးများ။

#### ခ။ နယ်မြေအပိုင်းအခြားများ

စက်ရှင်တိုင်းများနှင့် ခရိုင်များ။

၇။ (၁) ပြည်ထောင်စုမြန်မာနိုင်ငံတွင် စက်ရှင်တိုင်းများ ပါရှိစေရမည်။ ဤဥပဒေပါကိစ္စများအလို့ငှာ စက်ရှင်တိုင်းဆိုသည်မှာ ခရိုင်တစ်ခုခု၊ သို့မဟုတ် ခရိုင်များဖြစ်ရမည်။

စက်ရှင်တိုင်းများနှင့် ခရိုင်များကို ပြောင်းလဲ ပြင်ဆင် သတ်မှတ်နိုင်ခွင့်အာဏာ။

(၂) နိုင်ငံတော်သမ္မတသည် ဖော်ပြပါစက်ရှင်တိုင်းများနှင့် ခရိုင်များ၏ နယ်နိမိတ်အပိုင်းအခြား၊ သို့မဟုတ် အရေအတွက်ကို ပြောင်းလဲနိုင်သည်။

တည်ရှိရင်း စက်ရှင်တိုင်းများ နှင့် ခရိုင်များကို ပြောင်းလဲပြင် ဆင်ခြင်းမပြုမီ ဆက်လက်တည် စေခြင်း။

(၃) ဆိုခဲ့သည့်အတိုင်း ပြောင်းလဲပြင်ဆင်ခြင်းမပြုမီ ဤဥပဒေအတည်ဖြစ်သည့်အချိန်က တည်ရှိရင်း စက်ရှင်တိုင်းများနှင့် ခရိုင်များမှာ စက်ရှင်တိုင်းများနှင့် ခရိုင်များအဖြစ် ဆက်လက်တည်စေရမည်။

ခရိုင်များကို ခရိုင်ခွဲများအဖြစ် ခွဲခြားနိုင်ခွင့် အာဏာ။

၈။ (၁) နိုင်ငံတော်သမ္မတသည် မည်သည့်ခရိုင်ကိုမဆို ခရိုင်ခွဲများအဖြစ် လည်းကောင်း၊ ထိုခရိုင်၏ အစိတ်အပိုင်းကို ခရိုင်ခွဲအဖြစ်လည်းကောင်းခွဲခြားနိုင်သည့်အပြင် ခရိုင်ခွဲများ၏ နယ်နိမိတ်အပိုင်းအခြားများကိုလည်း ပြောင်းလဲပြင်ဆင်နိုင်သည်။

တည်ရှိရင်း ခရိုင်ခွဲများကို ဆက်လက်တည်စေခြင်း။

(၂) ရာဇဝတ်တရားသူကြီး၏ လက်ရှိအုပ်ချုပ်မှုအောက်ရှိ တည်ရှိရင်း ခရိုင်ခွဲများသည် ဤဥပဒေအရ သတ်မှတ်ထားဘိသကဲ့သို့ မှတ်ယူရမည်။

#### ဂ။ တရားရုံးများနှင့် ရုံးများ

စက်ရှင်တရားရုံ

၉။ (၁) နိုင်ငံတော်သမ္မတသည် စက်ရှင်တိုင်းအသီးသီးအတွက် စက်ရှင်တရားရုံးတစ်ရုံးစီ တည်ထောင်ရမည့်အပြင် ထိုတရားရုံးအတွက် တရားသူကြီးတစ်ဦးစီ ခန့်ထားရမည်။

(၂) နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ပြန်တမ်းတွင် ယေဘုယျ၊ သို့မဟုတ် အထူး အမိန့်ဖြင့် မည်သည့်နေရာ၊ သို့မဟုတ် နေရာများတွင် စက်ရှင်တရားရုံး ရုံးထိုင်ရန် ညွှန်ကြားနိုင်သည်။ သို့သော် ဤကဲ့သို့ အမိန့်ထုတ်ဆင့်ခြင်းမရှိမီ စက်ရှင်တရားရုံးများသည် ၎င်းတို့ မူလထိုင်သည့် နေရာများ၌ ဆက်လက်ထိုင်ရမည်။

(၃) နိုင်ငံတော်သမ္မတသည် စက်ရှင်တိုင်းတစ်နေရာတွင်ဖြစ်စေ၊ အများတွင်ဖြစ်စေ စက်ရှင်စီရင်ပိုင်ခွင့်အာဏာကို သုံးစွဲနိုင်ရန် တွဲဖက်စက်ရှင်တရားသူကြီးများနှင့် လက်ထောက်စက်ရှင်တရားသူကြီးများကိုလည်း ခန့်ထားနိုင်သည်။

(၄) နိုင်ငံတော်သမ္မတက စက်ရှင်တိုင်းတစ်ခု၏ စက်ရှင်တရားသူကြီးတစ်ဦးကို အခြားတိုင်းတွင် တွဲဖက်စက်ရှင်တရားသူကြီးအဖြစ် ခန့်ထားနိုင်သည်။ ယင်းသို့ခန့်ထားပါက ထိုတရားသူကြီးသည် တိုင်းအသီးသီးရှိ နေရာများအနက် နိုင်ငံတော်သမ္မတက သတ်မှတ်ညွှန်ကြားသည့်နေရာ၊ သို့မဟုတ် နေရာများတွင် အမှုများကို စစ်ဆေးနိုင်သည်။

ခရိုင်ရာဇဝတ် တရားသူ[ကြီး]။

၁၀။ (၁) နိုင်ငံတော်သမ္မတသည် ခရိုင်အသီးသီးတွင် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦးကျစီ ခန့်ထားရမည်။ ယင်းရာဇဝတ်တရားသူကြီးအသီးသီးကို ခရိုင်ရာဇဝတ်တရားသူကြီး ဟု ခေါ်ရမည်။

(၂) နိုင်ငံတော်သမ္မတသည် မည်သည့်ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးကိုမဆို တွဲဖက်ခရိုင်ရာဇဝတ်တရားသူကြီးအဖြစ် ခန့်ထားနိုင်သည်။ ယင်းတရားသူကြီးတို့မှာ နိုင်ငံတော်သမ္မတက ညွှန်ကြားသည့်အတိုင်း ဤဥပဒေအရဖြစ်စေ၊ အခြားတည်ဆဲဥပဒေအရဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီး ရရှိသည့် အာဏာအားလုံးကိုဖြစ်စေ၊ အာဏာတစ်ခုခုကိုဖြစ်စေ ရရှိစေရမည်။

(၃) ယင်းတွဲဖက်ခရိုင်ရာဇဝတ်တရားသူကြီးများသည် ပုဒ်မ ၁၉၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၀၇၊ ပုဒ်မခွဲ (၂)နှင့် ပုဒ် ၅၂၈၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မခွဲ (၃) တို့၏ ကိစ္စများအလို့ငှာ ခရိုင်ရာဇဝတ်တရားသူကြီး၏ လက်အောက်ခံဖြစ်သည်။

လစ်လပ်သည့် ခရိုင်ရာဇဝတ် တရားသူကြီး ရာထူးများတွင် ခေတ္တဆက်ခံ သည့်အရာရှိများ။

၁၁။ ခရိုင်ရာဇဝတ်တရားသူကြီးရာထူး လစ်လပ်သဖြင့် အရာရှိတစ်ဦးဦးက ခရိုင်ကို အုပ်ချုပ်သူအကြီး အကဲအဖြစ် ရာထူးကို ခေတ္တဆက်ခံသည့်အခါ နိုင်ငံတော်သမ္မတကအမိန့်တစ်စုံ တစ်ရာ မထုတ်ပြန်မီ ခရိုင်ရာဇဝတ်တရားသူကြီးအား ဤဥပဒေအရ လွှဲအပ်သည့်အရပ်ရပ်အာဏာ များအားလုံးနှင့် တာဝန်ဝတ္တရားများအားလုံးကို ယင်းအရာရှိက သုံးစွဲရမည်။

လက်အောက်ခံ ရာဇဝတ်တရား သူကြီးများ။

၁၂။ (၁) နိုင်ငံတော်သမ္မတသည် ခရိုင်ရာဇဝတ်တရားသူကြီးအပြင် မိမိသင့်သည် ထင်မြင်သည့် လူဦးရေမည်မျှကိုမဆို ပထမတန်း၊ ဒုတိယတန်း၊ သို့မဟုတ် တတိယတန်းအာဏာရ ရာဇဝတ် တရားသူကြီးများအဖြစ် မည်သည့်ခရိုင်တွင်မဆို ခန့်ထားနိုင်သည်။ ထို့ပြင် နိုင်ငံတော်သမ္မတက၊ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ ကြီးကြပ်မှုဖြင့် ခရိုင်ရာဇဝတ်တရားသူကြီးက ထိုသူများကို အခါ အားလျော်စွာ ဤဥပဒေအရ အပ်နှင်းထားသည့် အာဏာများ အားလုံးကိုဖြစ်စေ၊ အာဏာတစ်ခုခုကို ဖြစ်စေ သုံးစွဲနိုင်ရန် အရပ်ဒေသများကို သတ်မှတ်နိုင်သည်။

× × × ×

၎င်းတို့၏ စီရင်ပိုင်ခွင့်အာဏာ နယ်မြေများ။

(၂) ဆိုခဲ့သည့်အတိုင်း သတ်မှတ်ပိုင်းခြားခြင်းဖြင့် အခြားပြဋ္ဌာန်းထားသည်မှတစ်ပါး ယင်း ရာဇဝတ်တရားသူကြီးတို့၏ စီရင်ပိုင်ခွင့်အာဏာများမှာ ၎င်းခရိုင်တစ်ဝန်းလုံးနှင့် သက်ဆိုင်သည်။

(၃) မည်သည့်ဥပဒေတွင် မည်သို့ပါရှိစေကာမူ ၁၉၄၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာကျင့်ထုံး (ပြင်ဆင် ချက်) အက်ဥပဒေ စတင်အာဏာတည်သည့်နေ့ရက်မတိုင်မီက သူကောင်းပြုရာဇဝတ်တရားသူကြီး အဖြစ် ခန့်ထားခြင်းခံရသူတိုင်းသည် ပုဒ်မခွဲ (၁)အရ ခန့်ထားသည်ဟု မှတ်ယူရမည့်အပြင် ထိုသို့ ခန့်ထားခြင်းမှာ ခန့်ထားသည့်နေ့ရက်မှ သုံးနှစ်ကာလအတွက်သာဖြစ်သည်ဟု မှတ်ယူရမည်။

၁၃။ (၁) နိုင်ငံတော်သမ္မတသည် မည်သည့်ပထမတန်း၊ ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီးတို့ကိုမဆို ခရိုင်ခွဲများကို အုပ်ချုပ်စေရန် တာဝန်ပေးနိုင်သည့်အပြင် အကြောင်းအခွင့် သင့်သည့်အခါ ယင်းတာဝန်ကို ပြန်၍ နုတ်သိမ်းနိုင်သည်။

ရာဇဝတ်တရားသူကြီးအား ခရိုင်ခွဲကို အုပ်ချုပ်စေရန် ခန့်ထားနိုင်ခွင့် အာဏာ။

(၂) ယင်းရာဇဝတ်တရားသူကြီးတို့ကို နယ်ပိုင်ရာဇဝတ်တရားသူကြီးများဟု ခေါ်တွင်စေရမည်။

(၃) နိုင်ငံတော်သမ္မတက ဤပုဒ်မအရ ရရှိသည့် အာဏာများကို ခရိုင်ရာဇဝတ်တရားသူကြီးသို့ လွှဲအပ်နိုင်သည်။

ခရိုင်ရာဇဝတ်တရားသူကြီးသို့ အာဏာများ လွှဲအပ်ခြင်း။

၁၄။ (၁) သတ်မှတ်ထားသည့် အမှုများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ သတ်မှတ်ထားသည့် အမှုတစ်မျိုးနှင့် စပ်လျဉ်း၍ဖြစ်စေ၊ သတ်မှတ်ထားသည့်အမှုမျိုးများ၊ သို့မဟုတ် အမှုအရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ မည်သည့်နယ်မြေအတွင်းတွင်မဆို ဤဥပဒေအရ ပထမတန်း၊ ဒုတိယတန်း၊ သို့မဟုတ် တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးတို့ကို အပ်နှင်းသည့်၊ သို့မဟုတ် အပ်နှင်းနိုင်သည့် အာဏာအားလုံးကိုဖြစ်စေ၊ အာဏာတစ်ခုခုကိုဖြစ်စေ မည်သူ့ကိုမဆို နိုင်ငံတော်သမ္မတက အပ်နှင်းနိုင်သည်။

အထူးရာဇဝတ်တရားသူကြီးများ။

(၂) ယင်းရာဇဝတ်တရားသူကြီးတို့ကို အထူးရာဇဝတ်တရားသူကြီးများဟု ခေါ်တွင်စေရမည့်အပြင် ၎င်းတို့ကိုလည်း နိုင်ငံတော်သမ္မတက ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ အထူးအမိန့်ဖြင့်ဖြစ်စေ ညွှန်ကြားသည့်ကာလအပိုင်းအခြားအတွက် ခန့်ထားရမည်။

(၃) နိုင်ငံတော်သမ္မတက ပုဒ်မခွဲ (၁)အရ အပ်နှင်းသည့်အာဏာများကို မည်သည့်ခရိုင်ရာဇဝတ်ရားသူကြီးကိုမဆို မိမိသင့်သည့် ထင်မြင်သည့်စည်းကမ်းချက်များ သတ်မှတ်၍ လွှဲအပ်နိုင်သည်။

(၄) မည်သည့်အာဏာများကိုမျှ ရဲအုပ်ကြီးအဆင့်အောက်နိမ့်သည့် ရဲအရာရှိတစ်ဦးအား ဤပုဒ်မအရ အပ်နှင်းခြင်းမပြုစေရ၊ ထို့ပြင် မြို့ရွာအေးချမ်းရေး၊ ရာဇဝတ်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ပြစ်မှုကျူးလွန်သူတို့ကို ရာဇဝတ်တရားသူကြီးထံ တင်ပို့ရန်အတွက် ချုပ်ထားရေးနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယင်းတာဝန်ဝတ္တရားများ ဆောင်ရွက်ရန်ကိစ္စများမှအပ မည်သည့်အာဏာကိုမျှ ရဲအရာရှိတစ်ဦးတစ်ယောက်အား အပ်နှင်းခြင်း မရှိစေရ။

၁၅။ (၁) နိုင်ငံတော်သမ္မတသည် ဒေသတစ်ခုခုရှိ နှစ်ဦး၊ သို့မဟုတ် နှစ်ဦးထက်ပိုသော ရာဇဝတ်တရားသူကြီးများကို ခုံရုံးဖြင့် မည်သည့်နေရာတွင်မဆို ရုံးထိုင်ရန် ညွှန်ကြားနိုင်သည့်အပြင် ဤဥပဒေအရ ပထမတန်း၊ ဒုတိယတန်း၊ သို့မဟုတ် တတိယတန်း အာဏာရ ရာဇဝတ်တရားကြီးတစ်ဦးဦးအား အပ်နှင်းသည့်၊ သို့မဟုတ် အပ်နှင်းခွင့်ရသည့် အာဏာတစ်စုံတစ်ရာကိုလည်း ထိုခုံရုံးအား အပ်နှင်းနိုင်သည်။ ထို့ပြင် နိုင်ငံတော်သမ္မတက သင့်သည်ထင်မြင်သည့်အမှုများ၊ သို့မဟုတ် အမှုအမျိုးအစားများကို သင့်သည်ထင်မြင်သည့် နယ်မြေအတွင်း အဆိုပါအာဏာများကို သုံးစွဲရန် ညွှန်ကြားနိုင်သည်။

ရာဇဝတ်တရားသူကြီးများ၏ ခုံရုံးများ။

(၂) ဤပုဒ်မအရ အမိန့်တစ်စုံတစ်ရာဖြင့် အခြားနည်းပြဋ္ဌာန်းခြင်းမရှိလျှင် ခုံရုံးတွင် လက်ရှိအဖွဲ့ဝင်အဖြစ် ပါဝင်သော အမြင့်ဆုံးအဆင့်အတန်းရှိ ရာဇဝတ်တရားသူကြီးတစ်ဦးဦးအား ဤဥပဒေအရ အပ်နှင်းထားသည့် အာဏာများကို ခုံရုံးက ရရှိစေရမည်။ ထို့ပြင် ဤဥပဒေပါ ကိစ္စများအလို့ငှာ လက်တွေ့ကျင့်သုံး၍ ရနိုင်သမျှ ထိုခုံရုံးသည် ထိုအဆင့်အတန်းဝင် ရာဇဝတ်တရားသူကြီးဖြစ်သည်ဟု မှတ်ယူရမည်။

အထူးညွှန်ကြားချက်မရှိလျှင် ယင်းခုံရုံးက ကျင့်သုံးနိုင်သည့် အာဏာများ

ခုံရုံးများ လိုက်နာဆောင်ရွက်ရန်နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည့် အာဏာ။

၁၆။ နိုင်ငံတော်သမ္မတကဖြစ်စေ၊ နိုင်ငံတော်သမ္မတ၏ ကြီးကြပ်မှုဖြင့် ခရိုင်ရာဇဝတ်တရားသူကြီးကဖြစ်စေ ခရိုင်အတွင်းရှိ ခုံရုံးထိုင် ရာဇဝတ်တရားသူကြီးများ လိုက်နာဆောင်ရွက်ရန် အောက်ပါအကြောင်းအရာများနှင့် စပ်လျဉ်း၍ အခါအားလျော်စွာ ဤဥပဒေနှင့်အညီ နည်းဥပဒေများ ပြုနိုင်သည်။

(က) စစ်ဆေးစီရင်ရန် အမှုအမျိုးအစားများ၊

(ခ) ခုံရုံးထိုင်ရန် အချိန်ကာလများနှင့် နေရာဌာနများ၊

(ဂ) အမှုများကို စစ်ဆေးစီရင်ရန် ခုံရုံးဖွဲ့စည်းခြင်း၊

(ဃ) ခုံရုံးထိုင်စဉ်အတွင်း ပေါ်ပေါက်နိုင်သော ရာဇဝတ်တရားသူကြီးတို့ အယူအဆကွဲပြားမှုများကို ညှိနှိုင်းရမည့်နည်းလမ်း။

ရာဇဝတ်တရားသူကြီးများနှင့် ခုံရုံးများသည် ခရိုင်ရာဇဝတ်တရားသူကြီးနှင့် နယ်ပိုင်ရာဇဝတ်တရားသူကြီးများ၏ လက်အောက်ခံဖြစ်ခြင်း

၁၇။ (၁) ပုဒ်မ ၁၂၊ ၁၃ နှင့် ၁၄ တို့အရ ခန့်ထားသည့် ရာဇဝတ်တရားသူကြီးများနှင့် ပုဒ်မ ၁၅အရ ဖွဲ့စည်းသည့် ခုံရုံးများမှာ ခရိုင်ရာဇဝတ်တရားသူကြီး၏ လက်အောက်ခံဖြစ်သည်။ ယင်းခရိုင်ရာဇဝတ်တရားသူကြီးမှာလည်း အဆိုပါ ရာဇဝတ်တရားသူကြီးများနှင့် ခုံရုံးများကို တာဝန်ခွဲဝေချထားရန်အကြောင်းနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ နည်းဥပဒေများကို အခါအားလျော်စွာ ပြဋ္ဌာန်းခြင်း၊ သို့မဟုတ် အထူးအမိန့်ထုတ်ဆင့်ခြင်း ပြုနိုင်သည်။

(၂) နယ်ပိုင်ရာဇဝတ်တရားသူကြီးမှတစ်ပါး ခရိုင်ခွဲအတွင်း ရာဇဝတ်အာဏာအရ သုံးစွဲသည့် အခြားရာဇဝတ်တရားသူကြီးများနှင့် ခုံရုံးများမှာ နယ်ပိုင်ရာဇဝတ်တရားသူကြီး၏ လက်အောက်လည်းဖြစ်စေရမည်။ သို့သော် ခရိုင်ရာဇဝတ်တရားသူကြီး၏ အရပ်ရပ် အုပ်ချုပ်မှုကိုလည်း လိုက်နာရမည်။

လက်ထောက်စက်ရှင်တရားသူကြီးများသည်စက်ရှင်တရားသူကြီး၏လက်အောက်ခံဖြစ်ခြင်း။

(၃) လက်ထောက်စက်ရှင်တရားသူကြီးများသည် ၎င်းတို့စီရင်ပိုင်ခွင့်အာဏာ သုံးစွဲသည့် ရုံးထိုင်ရာရုံး၏ စက်ရှင်တရားသူကြီး၏ လက်အောက်ခံဖြစ်သည်။ ယင်းစက်ရှင်တရားသူကြီးမှာလည်း လက်ထောက်စက်ရှင်တရားသူကြီးများကို တာဝန်ခွဲဝေမှုနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ အခါအားလျော်စွာ နည်းဥပဒေများကို ပြုလုပ်နိုင်သည်။

(၄) စက်ရှင်တရားသူကြီးမှာ မလွှဲမရှောင်သာ၍ ကိုယ်တိုင်ရုံးမတက်နိုင်လျှင်ဖြစ်စေ၊ အမှုဝတ္တရားမဆောင်ရွက်နိုင်လျှင်ဖြစ်စေ အဆောတလျင်ဖြစ်သည့် လျှောက်လွှာများကို တွဲဖက်စက်ရှင်တရားသူကြီးက၊ သို့မဟုတ် လက်ထောက်စက်ရှင်တရားသူကြီးက သော်လည်းကောင်း၊ တွဲဖက်စက်ရှင်တရားသူကြီးနှင့် လက်ထောက်စက်ရှင်တရားသူကြီးမရှိလျှင် ခရိုင်ရာဇဝတ်တရားသူကြီးက သော်လည်းကောင်း စစ်ဆေးစီရင်နိုင်ရန် စက်ရှင်တရားသူကြီးက စီမံပြဋ္ဌာန်းခွင့်ရှိသည်။ ထိုတရားသူကြီးနှင့် ရာဇဝတ်တရားသူကြီးတို့မှာလည်း ၎င်းလျှောက်လွှာမျိုးများကို စစ်ဆေးစီရင်ပိုင်ခွင့်အာဏာ ရရှိစေရမည်။

(၅) နောင်တွင် အတိအလင်း ပြဋ္ဌာန်းထားချက်ရှိသည်မှတစ်ပါး မည်သည့်ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ဤဥပဒေပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ တို့အရ ခန့်ထားသည့် ခုံရုံးများသည် စက်ရှင်တရားသူကြီး၏ လက်အောက်ခံ မဖြစ်စေရ။

၁၈-၂၁။ × × × ×

**ခ ။ မြို့ရွာအေးချမ်းရေးအတွက် ခန့်ထားသည့် တရားသူကြီးများ**

၂၂။ × × × ×

၂၃-၂၇။ × × × ×

## အခန်း ၃

## တရားရုံးများ၏ အာဏာများ

### က။ တရားရုံးအသီးသီးက အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ

ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်မှုများ။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြစ်မှုဆိုင်ရာဥပဒေအရ မည်သည့် ပြစ်မှုကိုမဆို –

(က) တရားလွှတ်တော်ကဖြစ်စေ၊
(ခ) စက်ရှင်တရားရုံးကဖြစ်စေ၊
(ဂ) ၎င်းပြစ်မှုမျိုးကို စီရင်နိုင်ကြောင်း ဒုတိယဇယားစာတိုင် (ဂ)တွင် ဖော်ပြပါရှိသည့် အခြားရုံးတစ်ရုံးကဖြစ်စေ

စစ်ဆေးစီရင်ခွင့်ရှိသည်။

ဥပမာ

**A** သည် လူသတ်မှုမမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်သော လူသေမှုဖြင့် စွဲချက်တင်၍ စက်ရှင်တရားရုံးသို့ တင်ပို့ရာတွင် ၎င်း **A** အား ရာဇဝတ်တရားသူကြီးတစ်ဦးဦး စစ်ဆေးစီရင်နိုင်သည့်ပြစ်မှုဖြစ်သော မိမိအလိုအလျောက် နာကျင်စေမှုနှင့် ပြစ်မှုထင်ရှားစီရင်ပိုင်ခွင့်ရှိသည်။

အခြားဥပဒေများအရ ပြစ်မှုများ

၂၉။ (၁) ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အခြားဥပဒေ တစ်ရပ်ရပ်တွင် ပြစ်မှုတစ်စုံတစ်ရာကို စစ်ဆေးစီရင်ရန် တရားရုံးတစ်ခုခုကို ဖော်ပြထားလျှင် ထိုဖော်ပြထားသည့် တရားရုံးက စစ်ဆေးစီရင်ရမည်။

(၂) ဆိုခဲ့သည့်အတိုင်း တရားရုံးတစ်ခုခုကို ဖော်ပြမထားလျှင် ၎င်းပြစ်မှုကို တရားလွှတ်တော်ကဖြစ်စေ၊ အထက်ဖော်ပြချက်ကို အထောက်အထားပြု၍ ဤဥပဒေအရ ပြစ်မှုကို စီရင်နိုင်ကြောင်း ဒုတိယဇယားစာတိုင် (ဂ)တွင် ဖော်ပြပါရှိသည့် တရားရုံးကဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

၂၉က။ × × × ×

၂၉ခ။ × × × ×

သေဒဏ်မစီရင်ထိုက်သည့် ပြစ်မှုများ။

၃၀။ နိုင်ငံတော်သမ္မတက သေဒဏ်မစီရင်ထိုက်သည့်ပြစ်မှုများကို ရာဇဝတ်တရားသူကြီးအဖြစ်ဖြင့် စစ်ဆေးစီရင်နိုင်ရန် ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် မည်သည့်ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးအားမဆို အခွင့်အာဏာ အပ်နှင်းနိုင်သည်။

### ခ။ တရားရုံးအဆင့်ဆင့်က ချမှတ်နိုင်သည့် ပြစ်ဒဏ်များ

၃၁။ (၁) တရားလွှတ်တော်သည် ဥပဒေက ခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည်။

တရားလွှတ်တော်နှင့် စက်ရှင်တရားသူကြီးများကချမှတ်နိုင်သည့်ပြစ်ဒဏ်များ

(၂) စက်ရှင်တရားသူကြီး၊ သို့မဟုတ် တွဲဖက်စက်ရှင်တရားသူကြီးသည် ဥပဒေက ခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည်။ သို့သော် ယင်းတရားသူကြီးတစ်ဦးဦး ချမှတ်သည့် မည်သည့်သေဒဏ်အမိန့်ကိုမဆို တရားလွှတ်တော်က အတည်ပြုမှသာ အတည်ဖြစ်သည်။

(၃) လက်ထောက်စက်ရှင်တရားသူကြီးသည် သေဒဏ်၊ သို့မဟုတ် ခုနစ်နှစ်ထက် ပိုသည့် တစ်ကျွန်းပို့ဒဏ်၊ သို့မဟုတ် ခုနစ်နှစ်ထက်ပိုသည့် ထောင်ဒဏ်အမိန့်များမှတစ်ပါး ဥပဒေက ခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည်။

ရာဇဝတ်တရားသူကြီးများက ချမှတ်နိုင်သည့် ပြစ်ဒဏ်များ။

၃၂။ (၁) ရာဇဝတ်တရားသူကြီးများ၏ တရားရုံးများသည် အောက်ပါအတိုင်း ပြစ်ဒဏ်များကို ချမှတ်နိုင်သည်။

| | | |
|---|---|---|
| (က) | ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးများ၏ တရားရုံးများ | တရားဥပဒေက ခွင့်ပြုသည့် အလုပ်ထောင်ဒဏ်နှင့်တကွ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်၊ ကျပ်တစ်ထောင်ထက်မပိုသည့် ငွေဒဏ်၊ ကြိမ်ဒဏ်၊ |
| (ခ) | ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးများ၏တရားရုံးများ | တရားဥပဒေက ခွင့်ပြုသည့် အလုပ်ထောင်ဒဏ်နှင့်တကွ ခြောက်လထက်မပိုသော ထောင်ဒဏ်၊ ကျပ်နှစ်ရာထက် မပိုသည့်ငွေဒဏ်၊ |
| (ဂ) | တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးများ၏တရားရုံးများ | တစ်လထက်မပိုသော ထောင်ဒဏ်၊ ကျပ်ငါးဆယ်ထက်မပိုသည့်ငွေဒဏ်၊ |

(၂) မည်သည့် ရာဇဝတ်တရားသူကြီး၏ တရားရုံးကမဆို တရားဥပဒေအရ ချမှတ်နိုင်သည့်ပြစ်ဒဏ်များအနက် မည်သည့်ပြစ်ဒဏ်ကိုမဆို ပေါင်း၍ ချမှတ်နိုင်သည်။

ငွေဒဏ်မဆောင်ပျက်ကွက်သည့်အတွက်ရာဇဝတ်တရားသူကြီးတို့က ထောင်ဒဏ်ချမှတ်နိုင်ခွင့်အာဏာ။

၃၃။ (၁) ငွေဒဏ်မဆောင်ပျက်ကွက်လျှင် ထိုသို့ပျက်ကွက်သည့်အတွက် တရားဥပဒေက ခွင့်ပြုသည့် ကာလအတိုင်း မည်သည့်တရားသူကြီးကမဆို ထောင်ဒဏ် ချမှတ်နိုင်ခွင့်ရှိသည်။ သို့ရာတွင်–

အချို့အမှုများနှင့်စပ်လျဉ်းသည့်ခြွင်းချက်။

(က) စီရင်နိုင်သည့် ထောင်ဒဏ်ကာအပိုင်းအခြားမှာ ဥပဒေအရ ယင်း ရာဇဝတ်တရားသူကြီး ရရှိသည့်အခွင့်အာဏာများထက် မပိုစေရ။

(ခ) ရာဇဝတ်တရားသူကြီးတစ်ဦးတစ်ယောက်က စီရင်ဆုံးဖြတ်သည့် မည်သည့်အမှုတွင်မဆို ထောင်ဒဏ်၊ ငွေဒဏ် နှစ်ရပ်လုံး ချမှတ်လျှင် ငွေဒဏ်မဆောင် ပျက်ကွက်သည့်အတွက် ချမှတ်သည့်ကာလအပိုင်းမှာ ငွေဒဏ်မဆောင် ပျက်ကွက်သည့်အတွက်မဟုတ်၊ ပြစ်မှုအတွက် ယင်း ရာဇဝတ်တရားသူကြီးက အများဆုံးချမှတ်နိုင်သည့် ထောင်ဒဏ် ကာလအပိုင်းအခြား၏ လေးပုံတစ်ပုံထက် မပိုစေရ။

(၂) ဤပုဒ်မအရ ချမှတ်သော ထောင်ဒဏ်သည် ပုဒ်မ ၃၂အရ ရာဇဝတ်တရားသူကြီးက အများဆုံးချမှတ်နိုင်သည့် မူလထောင်ဒဏ်အပြင် ထပ်ဆင့်၍ ချမှတ်သည့် ထောင်ဒဏ်ဖြစ်နိုင်သည်။

ခရိုင်ရာဇဝတ်တရားသူကြီးအချို့တို့ တိုးမြှင့်၍ ရသည့်အာဏာများ။

၃၄။ ပုဒ်မ ၃၀အရ အထူးအာဏာရသည့် ရာဇဝတ်တရားသူကြီး၏ တရားရုံးသည် သေဒဏ်၊ သို့မဟုတ် ခုနစ်နှစ်ထက်ပိုသည့် တစ်ကျွန်းပို့ဒဏ်၊ သို့မဟုတ် ခုနစ်နှစ်ထက်ပိုသည့် ထောင်ဒဏ်အမိန့်များမှတစ်ပါး တရားဥပဒေက ခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည်။

၃၄က။ × × × ×

စုံစမ်းစစ်ဆေးမှုတစ်ခုတည်းတွင် ပြစ်မှုအများထင်ရှားစီရင်သည့်အခါချမှတ်နိုင်သည့် ပြစ်ဒဏ်များ။

၃၅။ (၁) စစ်ဆေးစီရင်မှုတစ်ခုတည်းတွင် တစ်ဦးတစ်ယောက်ကို ပြစ်မှုနှစ်ခု၊ သို့မဟုတ် နှစ်ခုထက်ပို၍ ပြစ်မှုထင်ရှားစီရင်သည့်အခါ တရားရုံးသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ တရားရုံးက စီရင်ပိုင်ခွင့်ရှိသည့် ယင်းပြစ်မှုများအတွက် သတ်မှတ်ထားသော ပြစ်ဒဏ်အသီးသီးကို ချမှတ်နိုင်သည်။ ၎င်းပြစ်ဒဏ်များတွင် ထောင်ဒဏ်ဖြစ်စေ၊ တစ်ကျွန်းပို့ဒဏ်ဖြစ်စေ ပါဝင်ပြီး၊ ထိုပြစ်ဒဏ်များကို တစ်ပြိုင်တည်း ကျခံစေရမည်ဟု တရားရုံးက အမိန့်ချမှတ်ထားသည်မဟုတ်လျှင် ထိုပြစ်ဒဏ်များကို တစ်ခုပြီးမှတစ်ခု ကျခံစေရမည်ဟု ညွှန်ကြားနိုင်သည်။

(၂) ပြစ်ဒဏ်များကို တစ်ဆက်တည်းကျခံစေရန် အမိန့်ချထားသည့်အခါ ထိုပြစ်မှုများအတွက် ပြစ်ဒဏ်စုစုပေါင်းမှာ ပြစ်မှုတစ်ရပ်တည်းထင်ရှား၍ တရားရုံးက ချမှတ်နိုင်သည့် ပြစ်ဒဏ်ထက်ပိုနေသည်ဆိုရုံဖြင့် ပြစ်မှုကျူးလွန်သူကို ၎င်းရုံးက အထက်တရားရုံးသို့ တင်ပို့ခြင်း မပြုရ။

အများဆုံးချမှတ်နိုင်သည့် ပြစ်ဒဏ်။

သို့ရာတွင် –

(က) မည်သည့်အမှုတွင်မျှ ထိုသူအား တစ်ဆယ့်လေးနှစ်ထက်ပိုသည့် ထောင်ဒဏ်ချမှတ်ခြင်းမပြုရ၊

(ခ) (ပုဒ်မ ၃၄အရ အမှုဆောင်ရွက်သူ ရာဇဝတ်တရားသူကြီးမှတစ်ပါး) အခြား ရာဇဝတ်တရားသူကြီးက အမှုကို စစ်ဆေးစီရင်လျှင် ပြစ်ဒဏ်စုစုပေါင်းသည် ယင်းရာဇဝတ်တရားသူကြီးက ၎င်း၏ သာမန်စီရင်ပိုင်ခွင့်အာဏာကို သုံးစွဲချမှတ်နိုင်သည့် ပြစ်ဒဏ်၏ နှစ်ဆထက် မပိုစေရ။

(၃) ပြစ်မှုများအတွက် စစ်ဆေးစီရင်မှုတစ်ခုတည်းတွင် ဤပုဒ်မအရ ချမှတ်သည့် တစ်ဆက်တည်းကျခံရမည့် ပြစ်ဒဏ်စုစုပေါင်းသည် အယူခံကိစ္စအလို့ငှာ ပြစ်ဒဏ်တစ်ခုတည်းဖြစ်သည်ဟု မှတ်ယူရမည်။

### ဂ။ သာမာန်အာဏာများနှင့် ထပ်ဆင့်ရရှိသည့်အာဏာများ

ရာဇဝတ်တရားသူကြီးများ၏ သာမန်အာဏာများ။

၃၆။ ခရိုင်ရာဇဝတ်တရားသူကြီးများ၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးများ၊ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးများအားလုံးသည် တတိယဇယားတွင်ဖော်ပြထားသည့် အာဏာအသီးသီးကို ရရှိသည်။ ထိုအာဏာများကို ၎င်းတို့၏ 'သာမန်အာဏာများ' ဟု ခေါ်သည်။

၃၇။ မည်သည့် နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ မည်သည့် ပထမတန်း၊ ဒုတိယတန်း သို့မဟုတ် တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးကိုမဆို ယင်းတို့ရရှိသည့် သာမန်အာဏာများအပြင် ယင်းတို့အား နိုင်ငံတော်သမ္မတကဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီးကဖြစ်စေ အပ်နှင်းနိုင်သည့် အာဏာများဟူ၍ စတုတ္ထဇယားတွင် သီးခြားဖော်ပြထားသည့် အာဏာများကို နိုင်ငံတော်သမ္မတကဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ သက်ဆိုင်ရာရာက အပ်နှင်းနိုင်သည်။

ရာဇဝတ်တရားသူကြီးများသို့ ထပ်ဆင့်အပ်နှင်းနိုင်သည့် အာဏာများ။

၃၈။ ပုဒ်မ ၃၇အရ ခရိုင်ရာဇဝတ်တရားသူကြီးအား အပ်နှင်းသည့်အာဏာကို နိုင်ငံတော်သမ္မတ၏ ကြီးကြပ်မှုဖြင့် သုံးစွဲရမည်။

ခရိုင်ရာဇဝတ်တရားသူကြီး၏ အပ်နှင်းနိုင်ခွင့် အာဏာကို ကြီးကြပ်ခြင်း။

### ဃ။ အာဏာများကို အပ်နှင်းခြင်း၊ ဆက်လက်တည်ခြင်းနှင့် ပယ်ဖျက်ခြင်း

၃၉။ (၁) ဤဥပဒေအရ အာဏာများ အပ်နှင်းရာတွင် အမည်ထုတ်ဖော်၍ဖြစ်စေ၊ ရာထူးအလျောက်ဖြစ်စေ နိုင်ငံတော်သမ္မတက အမိန့်ထုတ်ပြန်၍ အပ်နှင်းနိုင်သည်။ သို့မဟုတ် အရာရှိအတန်းအစားအမျိုးမျိုးအား ၎င်းတို့၏ ရာထူးအမည်များကို ယေဘုယျ ဖော်ပြ၍လည်း အပ်နှင်းနိုင်သည်။

အာဏာများ အပ်နှင်းရန် နည်းလမ်း။

(၂) ဤကဲ့သို့ အာဏာအပ်နှင်းသည့် အမိန့်များသည် အာဏာအပ်နှင်းခြင်းခံရသူထံ အကြောင်းကြားသည့်နေ့မှစ၍ အတည်ဖြစ်သည်။

၄၀။ အရပ်ဒေသတစ်ခုအတွင်း ဤဥပဒေအရ အာဏာတစ်စုံတစ်ရာ အပ်နှင်းခံရသော အစိုးရဝန်ထမ်းအရာရှိတစ်ဦးအား အလားတူ အရပ်ဒေသတစ်ခုရှိ အလားတူရာထူးတစ်ခုသို့ တူညီသော ရာထူးဖြင့်ဖြစ်စေ၊ ၎င်းထက်ကြီးမြင့်သော ရာထူးဖြင့်ဖြစ်စေ ရွှေ့ပြောင်းခန့်ထားသည့်အခါတိုင်း နိုင်ငံတော်သမ္မတက အခြားအမိန့်တစ်စုံတစ်ရာ မထုတ်ပြန်လျှင်၊ သို့မဟုတ် ထုတ်ပြန်ထားပြီး မရှိလျှင် ထိုသူသည် ပြောင်းရွှေ့ခန့်ထားရာဒေသတွင်လည်း ရရှိရင်းအာဏာများကို သုံးစွဲရမည်။

ခန့်ထားခြင်း ခံရသော အရာရှိများ၏ အာဏာများ။

၄၁။ (၁) နိုင်ငံတော်သမ္မတသည် မိမိကဖြစ်စေ၊ မိမိလက်အောက်ရှိ အရာရှိတစ်ဦးတစ်ယောက်ကဖြစ်စေ မည်သူ့အားမဆို ဤဥပဒေအရ အပ်နှင်းထားသည့် အာဏာများအားလုံးကိုဖြစ်စေ၊ အာဏာတစ်ခုခုကိုဖြစ်စေ ရုပ်သိမ်းနိုင်သည်။

အာဏာများကို ပယ်ဖျက်နိုင်ခြင်း။

(၂) ခရိုင်ရာဇဝတ်တရားသူကြီးက အပ်နှင်းထားသည့် မည်သည့်အာဏာကိုမဆို ယင်းခရိုင်ရာဇဝတ်တရားသူကြီးက ရုပ်သိမ်းနိုင်သည်။

လ-၁၆၁၃၊ ဒုတိယရဲမှူးကြီး ဝင်းခေါင်
ဒုတိယညွှန်ကြားရေးမှူး (တာဝန်/စီမံ)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

## အပိုင်း ၃

## ယေဘုယျပြဋ္ဌာန်းချက်များ

## အခန်း ၄

## ရာဇဝတ်တရားသူကြီးများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်နှင့် ဖမ်းဆီးမှုပြုသူတို့ကို ကူညီခြင်းနှင့် သတင်းပေးခြင်း

ရာဇဝတ်တရားသူကြီးနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်တို့အားပြည်သူက မည်သည့်အခါတွင် အကူအညီပေးရခြင်း

၄၂။ မည်သူမဆို–

(က) ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ရဲအရာရှိက အခြားသူတစ်ဦးကို ဖမ်းဆီးရန် အာဏာရှိသည့်အတိုင်း ဖမ်းဆီးယူဆောင်ရာတွင်ဖြစ်စေ၊ ထွက်မပြေးနိုင်အောင် ပြုလုပ်ရာတွင်ဖြစ်စေ၊

(ခ) ငြိမ်ဝပ်ပိပြားမှုမပျက်ပြားစေရန် တားမြစ်ကာကွယ်ရာတွင်ဖြစ်စေ၊ နှိပ်ကွပ်ရာတွင်ဖြစ်စေ၊ သို့မဟုတ် မီးရထားလမ်း၊ တူးမြောင်း၊ ကြေးနန်းမှစ၍ ပြည်သူပိုင်ပစ္စည်း တစ်စုံတစ်ရာကို ထိခိုက်ပျက်စီးအောင် ကြံစည်အားထုတ်မှုပြုလုပ်သည်ကို တားမြစ်ရာတွင်ဖြစ်စေ၊

သင့်လျော်စွာ အကူအညီတောင်းခံသော ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ရဲအရာရှိအား ကူညီရန် တာဝန်ရှိသည်။

ရဲအရာရှိမှတစ်ပါး ဝရမ်းအတည်ပြုသူကို ကူညီရန် တာဝန်ရှိခြင်း။

၄၃။ ဝရမ်းကိုအတည်ပြုစေရန် ရဲအရာရှိ မဟုတ်သူ အခြားသူတစ်ဦးတစ်ယောက်ကို ညွှန်ကြားထားသည့်အခါ ထိုသူ၏အနီး၌ရှိနေသော အခြားသူတစ်ဦးတစ်ယောက်သည် ထိုသူက ဝရမ်းကို အတည်ပြုရာတွင် ဝင်ရောက်ကူညီနိုင်သည်။

အချို့ပြစ်မှုများနှင့်စပ်လျဉ်း၍ ပြည်သူတို့က သတင်းပေးရန်။

၄၄။ (၁) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၁၊ ၁၂၁က၊ ၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၂၄က၊ ၁၂၅၊ ၁၂၆၊ ၁၃၀၊ ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၇၊ ၁၄၈၊ ၃၀၂၊ ၃၀၃၊ ၃၀၄၊ ၃၈၂၊ ၃၉၂၊ ၃၉၃၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၃၉၇၊ ၃၉၉၊ ၄၀၂၊ ၄၃၅၊ ၄၃၆၊ ၄၄၉၊ ၄၅၀၊ ၄၅၆၊ ၄၅၇၊ ၄၅၈၊ ၄၅၉ နှင့် ၄၆၀ တို့အရ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတစ်စုံတစ်ရာကို အခြားသူတစ်ဦးတစ်ယောက် ကျူးလွန်ကြောင်းကိုသော်လည်းကောင်း၊ ကျူးလွန်ရန်ကြံစည်နေကြောင်းကိုသော်လည်းကောင်း သိရှိသူ မည်သူမဆို ယင်းသို့ သိရှိသည်နှင့် တစ်ပြိုင်နက် သတင်းမပေးရန် လုံလောက်သော အကြောင်းမရှိလျှင် နီးရာ ရာဇဝတ်တရားသူကြီးထံဖြစ်စေ၊ ရဲအရာရှိတစ်ဦးထံဖြစ်စေ သတင်းပေးရမည်။ ထိုသို့သတင်းမပေးရန် လုံလောက်သည့်အကြောင်းရှိခဲ့လျှင် ထိုသို့ရှိကြောင်းကို ထင်ရှားအောင် သက်သေပြရမည့် တာဝန်သည် ထိုသူ၏တာဝန်ဖြစ်သည်။

(၂) ဤပုဒ်မပါကိစ္စများအလို့ငှာ “ပြစ်မှု” ဆိုသော စကားရပ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ကျူးလွန်ခဲ့ခြင်းဖြစ်လျှင် ပြစ်မှုမြောက်စေမည့် ပြည်ထောင်စုမြန်မာနိုင်ငံပြင်ပ တစ်နေရာ၌ ကျူးလွန်ခဲ့သည့် ပြုလုပ်မှုလည်း ပါဝင်သည်။

အချို့ကိစ္စများနှင့်စပ်လျဉ်း၍ ကျေးရွာသူကြီးများ၊ မြေပိုင်ရှင်များနှင့် အခြားသူများက သတင်းပေးရန် တာဝန်ရှိခြင်း

၄၅။ (၁) ကျေးရွာသူကြီး၊ ကျေးရွာရဲအရာရှိ၊ လယ်မြေပိုင်ရှင်၊ သို့မဟုတ် နေထိုင်သူ၊ ၎င်းပိုင်ရှင်၊ သို့မဟုတ် နေထိုင်သူ၏ လယ်မြေကို ကြီးကြပ်ကွက်ကဲရသည့် ကိုယ်စားလှယ်နှင့် အစိုးရအတွက် အခွန်တော်၊ သို့မဟုတ် ငှားရမ်းခ ကောက်ခံရသည့် အရာရှိတို့သည် အနီးဆုံး ရာဇဝတ်တရားသူကြီးထံဖြစ်စေ၊ အနီးဆုံး ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးထံသို့ဖြစ်စေ၊ ၎င်းတို့အနက် ပို၍နီးသူတစ်ဦးထံသို့ အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ ချက်ချင်းသတင်းပေးရမည်။

(က) ကျေးရွာသူကြီး၊ ကျေးရွာရဲအရာရှိ၊ လယ်မြေပိုင်ရှင်၊ သို့မဟုတ် နေထိုင်သူ၊ သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်၊ အစိုးရအတွက် အခွန်တော်၊ သို့မဟုတ် ဌားရမ်းခ ကောက်ခံရသည့် အရာရှိအဖြစ် ဆောင်ရွက်ရသော ကျေးရွာတွင် ခိုးရာပါပစ္စည်းလက်ခံသူ၊ သို့မဟုတ် ရောင်းသူဟု မကောင်းသတင်း ကျော်စောသူတစ်ဦးဦးသည် အမြဲတမ်းဖြစ်စေ၊ ခေတ္တဖြစ်စေ နေထိုင်လျက်ရှိခြင်း။

(ခ) မိမိသိသော၊ သို့မဟုတ် မသင်္ကာသော လူသတ်ဓားပြ၊ လုယက်သူ၊ လွတ်ထွက်ပြေးနေသော အကျဉ်းသား၊ သို့မဟုတ် ပြစ်မှုကျူးလွန်ကြောင်း ကြေညာခြင်းခံရသူတစ်ဦးဦးသည် ကျေးရွာအတွင်း တစ်နေရာရာ၌ ခိုလှုံနေခြင်း၊ သို့မဟုတ် ဖြတ်သန်းသွားလာခြင်း၊

(ဂ) ထိုကျေးရွာထဲတွင်သော်လည်းကောင်း၊ အနီးအနားတွင်သော်လည်းကောင်း၊ အာမခံမပေးနိုင်သော ပြစ်မှု၊ သို့မဟုတ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၇၊ သို့မဟုတ် ၁၄၈ အရ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုကို ကျူးလွန်ခြင်း၊ သို့မဟုတ် ကျူးလွန်ရန် ကြံရွယ်ချက်ရှိခြင်း၊

(ဃ) ထိုကျေးရွာထဲတွင် ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ၊ ရုတ်တရက်၊ သို့မဟုတ် ဓမ္မတာနှင့် ဆန့်ကျင်သော သေဆုံးခြင်း၊ သို့မဟုတ် မသင်္ကာဖွယ်ရာ အကြောင်းဖြင့် သေဆုံးခြင်း၊ ကျေးရွာထဲ၌သော်လည်းကောင်း၊ အနီးအနား၌သော်လည်းကောင်း မသင်္ကာဖွယ်ရာအကြောင်း ဖြစ်ပွားပြီးနောက် သေဆုံးရသည့် အလောင်း၊ သို့မဟုတ် အလောင်း၏ အစိတ်အပိုင်းကို တွေ့ရှိခြင်း၊ သို့မဟုတ် တစ်ဦးတစ်ယောက်သည် အာမခံမပေးနိုင်သော ပြစ်မှုကျူးလွန်ခြင်းခံရပြီး ထိုကျေးရွာမှ မသင်္ကာဖွယ်ရာ ပျောက်ဆုံးသွားခြင်း

(င) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မည်သည့်နေရာ၌မဆို ကျူးလွန်လျှင် ပြစ်မှုမြောက်စေမည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြင်ပရှိ ထိုကျေးရွာအနီး၌ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၃၁၊ ၂၃၂၊ ၂၃၃၊ ၂၃၄၊ ၂၃၅၊ ၂၃၆၊ ၂၃၇၊ ၂၃၈၊ ၃၀၂၊ ၃၀၄၊ ၃၈၂၊ ၃၉၂၊ ၃၉၃၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၃၉၇၊ ၃၉၉၊ ၄၀၂၊ ၄၃၅၊ ၄၃၆၊ ၄၄၉၊ ၄၅၀၊ ၄၅၇၊ ၄၅၈၊ ၄၅၉၊ ၄၆၀၊ ၄၈၉က၊ ၄၈၉ခ၊ ၄၈၉ ဂ နှင့် ၄၈၉ ဃ တို့အရ ပြစ်ဒဏ်စီရင်နိုင်သော ပြုလုပ်မှုကို ကျူးလွန်ခြင်း၊ သို့မဟုတ် ကျူးလွန်ရန် ကြံရွယ်ခြင်း၊

(စ) နိုင်ငံတော်သမ္မတ၏ ကြိုတင်အခွင့်အမိန့်အရ ခရိုင်ရာဇဝတ်တရားသူကြီးက ယေဘုယျ၊ သို့မဟုတ် အထူးအမိန့်ဖြင့် ထုတ်ပြန်သော တရားဥပဒေစိုးမိုးရေး စည်းကမ်းသေဝပ် တည်ငြိမ်ရေးကိုသော်လည်းကောင်း၊ ပြစ်မှုမဖြစ်ပွားအောင် တားဆီးရေးကိုသော်လည်းကောင်း၊ လူနှင့် ပစ္စည်းလုံခြုံရေးကိုသော်လည်းကောင်း ထိခိုက်စေသော ကိစ္စရပ်ဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ တိုင်ကြားရန် ညွှန်ကြားထားသည့် ကိစ္စများ။

(၂) ဤပုဒ်မတွင်

(၁) "ကျေးရွာ" ဆိုရာတွင် ကျေးရွာမြေလည်း ပါဝင်သည်။ ထို့ပြင်

(၂) "ပြစ်မှုကျူးလွန်ကြောင်း ကြေညာခြင်းခံရသူ" ဆိုသည့်စကားရပ်တွင် တရားရုံးတစ်ရုံး၊ သို့မဟုတ် နိုင်ငံတော်သမ္မတက ပြည်ထောင်စု မြန်မာနိုင်ငံအစိပ်အပိုင်းတစ်ခုခု၌ တည်ထောင်သော အာဏာပိုင်၊ သို့မဟုတ် ဆက်လက်တည်စေသည့် အာဏာပိုင်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂၊ ၃၀၄၊ ၃၈၂၊ ၃၉၂၊ ၃၉၃၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၃၉၇၊ ၃၉၉၊ ၄၀၂၊ ၄၃၅၊ ၄၃၆၊ ၄၄၉၊ ၄၅၀၊ ၄၅၇၊ ၄၅၈၊ ၄၅၉ နှင့် ၄၆၀ တို့အရ ပြစ်မှုကျူးလွန်သူဖြစ်ကြောင်း ကြေညာခြင်းခံရသူ မည်သူမဆို ပါဝင်သည်။

(၃) နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ အခြားဥပဒေအရ ထိုကျေးရွာအတွက် ကျေးရွာလူကြီးခန့်ထားပြီးဖြစ်သော်လည်း၊ သို့မဟုတ် မခန့်ထားရသေးသော်လည်း ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးသည် တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ ထိုသူတို့၏ သဘောတူညီချက်ဖြင့် ဤဥပဒေပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် အခါအားလျော်စွာ ခန့်ထားနိုင်သည်။ ဤပုဒ်မအလို့ငှာ ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင် ရာဇဝတ်တရားသူကြီးက တစ်စုံတစ်ခုသော ကိစ္စအတွက်ကျေးရွာလူကြီးခန့်ထားခြင်း။

## အခန်း ၅

## ဖမ်းဆီးခြင်း၊ ထွက်ပြေးခြင်းနှင့် ပြန်လည်ဖမ်းဆီးခြင်း

### က။ ယေဘုယျအားဖြင့် ဖမ်းဆီးခြင်း

၄၆။ (၁) ဖမ်းဆီးရာတွင် ဖမ်းဆီးခြင်းခံရမည့်သူက အသာတကြည် အဖမ်းခံမည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာမပြခဲ့လျှင် ဖမ်းဆီးသည့်ရဲအရာရှိ၊ သို့မဟုတ် အခြားဖမ်းဆီးသူသည် မိမိဖမ်းဆီးရမည့်သူကို ကိုယ်ထိလက်ရောက် ချုပ်နှောင်ဖမ်းဆီးရမည်။ မည်သို့ဖမ်းဆီးရခြင်း

(၂) အကယ်၍ ဖမ်းဆီးခြင်းခံရမည့်သူက ၎င်းအားဖမ်းဆီးခြင်းကို အကြမ်းဖက်ခုခံလာလျှင်၊ သို့မဟုတ် ဖမ်းဆီးခြင်းကို တိမ်းရှောင်ရန် အားထုတ်လျှင် ဖမ်းဆီးသည့် ရဲအရာရှိသည်၊ သို့မဟုတ် အခြားဖမ်းဆီးသူသည် ဖမ်းဆီးရမိအောင် လိုအပ်သည့်နည်းလမ်းမှန်သမျှကို အသုံးပြုနိုင်သည်။ ဖမ်းဆီးရာတွင် ခုခံခြင်း။

(၃) သေဒဏ်ထိုက်သည့်ပြစ်မှု၊ သို့မဟုတ် တစ်သက်တစ်ကျွန်းပို့ဒဏ် ထိုက်သင့်သော ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံခြင်းမခံရသူကို သေစေရန် ဤပုဒ်မပါ မည်သည့်အချက်ကမျှ ခွင့်မပြုရ။

၄၇။ ဖမ်းဝရမ်းအရ ဆောင်ရွက်သူ မည်သူကမဆို၊ သို့မဟုတ် ဖမ်းဆီးရန် အခွင့်အာဏာရရှိထားသော မည်သည့်ရဲအရာရှိကမဆို ၎င်းတို့ဖမ်းဆီးရမည့်သူသည် တစ်စုံတစ်ခုသော နေရာအတွင်းသို့ ခိုဝင်ပုန်းအောင်းနေသည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် ထိုနေရာတွင် နေထိုင်သူ၊ သို့မဟုတ် တာဝန်ယူထားသူသည် အထက်ပါအတိုင်း ဆောင်ရွက်သူ၊ သို့မဟုတ် ထိုရဲအရာရှိက တောင်းဆိုလာပါက ၎င်းအား ထိုနေရာအတွင်းသို့ အဆီးအတားမရှိ ဝင်ရောက်ခွင့်ပြုရမည့်အပြင် ထိုနေရာအတွင်း ရှာဖွေနိုင်ရန် သင့်လျော်သည့် အခွင့်အရေးများပေးရမည်။ ဖမ်းဆီးခြင်းခံရမည့်သူ ခိုဝင်ပုန်းအောင်းနေသည့်နေရာကို ရှာဖွေခြင်း။

ဝင်ခွင့်မရလျှင် လိုက်နာရန် ကျင့်ထုံး။

၄၈။ ဆိုခဲ့သည့်နေရာမျိုးသို့ ပုဒ်မ ၄၇ အရ ဝင်ခွင့်မရလျှင် ဝရမ်းအမိန့်အရ ဆောင်ရွက်သူက မည်သည့်အမှုတွင်မဆို ယင်းနေရာသို့ ဝင်ရောက်ရှာဖွေခြင်းမှာ ဥပဒေနှင့် ညီညွတ်စေရမည်။ ထို့ပြင် ဝရမ်းထုတ်ဆင့်နိုင်သော်လည်း ဖမ်းဆီးခံရမည့်သူ ထွက်မပြေးနိုင်မီ ၎င်းဝရမ်းအမိန့်မရနိုင်သည့် မည်သည့်အမှုတွင်မဆို ရဲအရာရှိက ၎င်းနေရာသို့ ဝင်ရောက်ရှာဖွေခြင်းမှာလည်း ဥပဒေနှင့် ညီညွတ်စေရမည်။ ထို့ပြင် မိမိ၏ အခွင့်အာဏာနှင့် မည်သည့်ကိစ္စရှိကြောင်း ပြောဆိုပြီး ဝင်ခွင့်ပေးရန် ထိုက်သင့်သလို တောင်းဆိုပြီးနောက် အခြားနည်းဖြင့် ဝင်ခွင့်မရနိုင်လျှင် အဖမ်းခံရမည့်သူ ပိုင်သည်ဖြစ်စေ၊ အခြားသူတစ်ဦးပိုင်သည်ဖြစ်စေ ယင်းအိမ်၊ သို့မဟုတ် နေရာ၏ မည်သည့်အပြင်တံခါး၊ အတွင်းတံခါး၊ သို့မဟုတ် ပြတင်းပေါက်စသည်များကို ဖျက်ဆီးဖွင့်လှစ်ခြင်းမှာလည်း ဥပဒေနှင့် ညီညွတ်စေရမည်။

× × × ×

လွတ်ထွက်ရန် အကြောင်းဖြင့် တံခါးနှင့် ပြတင်းပေါက်များကို ဖျက်ဆီးဖွင့်လှစ်နိုင်ခွင့် အာဏာ။

၄၉။ မည်သည့်ရဲအရာရှိမဆို၊ သို့မဟုတ် ဖမ်းဆီးရန်အခွင့်အာဏာ အပ်နှင်းထားသူ အခြားမည်သူမဆို ဖမ်းဆီးရန်အလို့ငှာ အိမ်၊ သို့မဟုတ် နေရာတစ်ခုအတွင်းသို့ တရားဥပဒေနှင့်အညီ ဝင်ရောက်ပြီးနောက် မထွက်နိုင်အောင်ရှိခဲ့လျှင် မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူကိုဖြစ်စေ လွတ်ထွက်နိုင်စေရန်၊ ယင်းအိမ်၊ သို့မဟုတ် နေရာ၏ မည်သည့်အပြင်တံခါးကိုဖြစ်စေ၊ သို့မဟုတ် ပြတင်းပေါက်ကိုဖြစ်စေ ဖျက်ဆီးဖွင့်လှစ်နိုင်သည်။

လိုအပ်သည်ထက်ပို၍ တားဆီးကန့်ကွက် မထားရခြင်း။

၅၀။ ဖမ်းဆီးရမိသူ ထွက်မပြေးနိုင်စေရန် လိုအပ်သည်ထက်ပို၍ တားဆီးကန့်ကွက် မထားရ။

ဖမ်းဆီးခံရသူကို ရှာဖွေခြင်း။

၅၁။ အာမခံမပေးနိုင်သော ဝရမ်းအရ ရဲအရာရှိတစ်ဦးက လူတစ်ဦးတစ်ယောက်အား ဖမ်းဆီးရမိသည့်အခါတွင်ဖြစ်စေ၊ သို့မဟုတ် အာမခံပေးရမည့်ဝရမ်းအရ ဖမ်းဆီးခြင်းဖြစ်သော်လည်း ဖမ်းဆီးခြင်းခံရသူက အာမခံမပေးနိုင်သည့်အခါမျိုးတွင်ဖြစ်စေ၊ ထို့ပြင် တစ်စုံတစ်ယောက်သောသူသည် ဝရမ်းမပါဘဲ အဖမ်းခံရပြီး၊ သို့မဟုတ် ဝရမ်းအရ အရပ်သား တစ်ဦး၏ ဖမ်းဆီးခြင်းခံရ ပြီး ဥပဒေအရ အာမခံပေးခွင့်မရသောအခါတွင်ဖြစ်စေ၊ သို့မဟုတ် အာမခံမပေးနိုင်သည့်အခါတွင်ဖြစ်စေ ဖမ်းဆီးသည့် ရဲအရာရှိကသော်လည်းကောင်း၊ သို့မဟုတ် အရပ်သားက ဖမ်းဆီးခြင်းဖြစ်ပြီး၊ ယင်းအရပ်သားက ဖမ်းဆီးထားသူကို လွှဲအပ်ခြင်းခံရသည့် ရဲအရာရှိကသော်လည်းကောင်း၊ ထိုဖမ်းဆီးခြင်းခံရသူ၏ ခန္ဓာကိုယ်သို့ ရှာဖွေနိုင်သည့်အပြင် ၎င်းဝတ်သင့်ဝတ်ထိုက်သော အဝတ်အစားမှလွဲ၍ ၎င်းထံမှ တွေ့ရှိသမျှပစ္စည်းများကို လုံခြုံစွာ ထိန်းသိမ်းထားနိုင်သည်။

မိန်းမတို့ကို ရှာဖွေရန်နည်းလမ်း။

၅၂။ အမျိုးသမီး၏ ကိုယ်ပေါ်တွင် ရှာဖွေရန်လိုအပ်လျှင် အခြားအမျိုးသမီးတစ်ဦးအား တာဝန်ပေးပြီး ရှာခိုင်းရမည်။ ထိုသို့ရှာဖွေရာတွင် အမျိုးသမီး၏ ကာယိန္ဒြေကို ကြပ်တည်းစွာ စောင့်စည်းရမည်။

ရန်မူနိုင်သော မည်သည့်လက်နက်များကိုမဆို သိမ်းဆီးနိုင်သည့် အာဏာ။

၅၃။ မည်သည့်ရဲအရာရှိ၊ သို့မဟုတ် တစ်ဦးတစ်ယောက်ကမဆို ဤဥပဒေအရ ဖမ်းဆီးရာတွင် ဖမ်းဆီးခြင်းခံရသူ၏ ကိုယ်တွင် တွေ့ရှိရသည့် ရန်မူနိုင်သော မည်သည့်လက်နက်ကိုမဆို သိမ်းဆည်းနိုင်သည်။ ထိုကဲ့သို့ သိမ်းဆည်းခဲ့သည့် လက်နက်များကို ဤဥပဒေအရ အရာရှိ၊ သို့မဟုတ် ဖမ်းဆီးသူက ဖမ်းဆီးခြင်းခံရသူကို ပေးပို့ရန်ရှိသော တရားရုံး၊ သို့မဟုတ် အရာရှိထံ ပေးအပ်ရမည်။

### ခ။ ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း

ပြည်သူ့ရဲတပ်ဖွဲ့ဝင်က ဝရမ်းမပါဘဲ မည်သည့်အခါ ဖမ်းဆီးနိုင်ခြင်း။

၅၄။ (၁) မည်သည့်ရဲအရာရှိမဆို ရာဇဝတ်တရားသူကြီးထံမှ အမိန့်မရဘဲဖြစ်စေ၊ ဝရမ်းမပါဘဲဖြစ်စေ အောက်ပါသူများကို ဖမ်းဆီးနိုင်သည် -

ပထမ – ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတစ်ရပ်နှင့် စပ်ဆိုင်ပါဝင်နေသူ၊ သို့မဟုတ် ထိုသို့စပ်ဆိုင်ပါဝင်ကြောင်း ကျိုးကြောင်းဆီလျော်စွာ တိုင်ကြားခြင်းခံရသူ၊ သို့မဟုတ် ထိုသို့စပ်ဆိုင်ပါဝင်နေကြောင်း ယုံကြည်လောက်အောင် သတင်းပေးခြင်းခံရသူ၊ သို့မဟုတ် ထိုသို့စပ်ဆိုင်ပါဝင်နေကြောင်း ယုတ္တိတန်စွာ မသင်္ကာဖွယ်ရာဖြစ်သူ မည်သူမဆို၊

ဒုတိယ – အိမ်ဖောက်ထွင်းကိရိယာ တစ်စုံတစ်ရာကို ဥပဒေနှင့် လျော်ညီသည့်အကြောင်းမရှိဘဲ လက်ဝယ်ထားသူ မည်သူမဆို၊
ဥပဒေနှင့် လျော်ညီသည့်အကြောင်းရှိကြောင်း သက်သေပြရန် တာဝန်မှာ လက်ဝယ်ထားသူ၏တာဝန်သာဖြစ်စေရမည်။

တတိယ – ဤ ဥပဒေအရသော်လည်းကောင်း၊ နိုင်ငံတော်သမ္မတကသော်လည်းကောင်း ပြစ်မှုကျူးလွန်သူဖြစ်ကြောင်း ကြေညာခြင်းခံရသူ မည်သူမဆို၊

စတုတ္ထ – ခိုးရာပါပစ္စည်းဟု ယုတ္တိတန်စွာ မသင်္ကာဖွယ်ရာဖြစ်နိုင်သော ပစ္စည်းတစ်စုံတစ်ရာကို လက်ဝယ်ရှိသည့်အပြင် ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့သည်ဟု ယုတ္တိတန်စွာ မသင်္ကာဖွယ်ရာဖြစ်သူ မည်သူမဆို။

ပဉ္စမ – ရဲအရာရှိတစ်ယောက်ကို တာဝန်ထမ်းဆောင်စဉ် ပိတ်ပင်တားဆီးသူ သို့မဟုတ် ဥပဒေနှင့်အညီ ချုပ်ထားရာမှ ထွက်ပြေးသူ၊ သို့မဟုတ် ထွက်ပြေးရန် အားထုတ်သူ မည်သူမဆို၊

ဆဋ္ဌမ – မြန်မာ့တပ်မတော် ကြည်းတပ်၊ ရေတပ်၊ လေတပ်မှ တပ်ပြေးတစ်ဦးဖြစ်ကြောင်း ယုတ္တိတန်စွာ မသင်္ကာဖွယ်ရာဖြစ်သူ မည်သူမဆို၊

သတ္တမ – ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ကျူးလွန်လျှင် ပြစ်မှုတစ်ရပ်အနေဖြင့် ပြစ်ဒဏ်စီရင်ခြင်း ခံရမည့်အပြင် ပြစ်မှုကျူးလွန်ထားသူအား သက်ဆိုင်ရာနိုင်ငံသို့ ပေးပို့ရခြင်းနှင့် သက်ဆိုင်သော မည်သည့်ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ဖမ်းဆီးခြင်း၊ ချုပ်နှောင်ထားခြင်းခံရန် ထိုက်သင့်သော ပြည်ထောင်စု မြန်မာနိုင်ငံပြင်ပ မည်သည့်အရပ်၌မဆို ကျူးလွန်ခဲ့သော ပြစ်မှုတစ်ရပ်ရပ်တွင် စပ်ဆိုင်ပါဝင်သူ၊ သို့မဟုတ် ထိုသို့ စပ်ဆိုင်ပါဝင်ကြောင်း ယုတ္တိတန်သော တိုင်တန်းခြင်းခံရသူ၊ သို့မဟုတ် ထိုသို့ စပ်ဆိုင်ပါဝင်ကြောင်း ယုံကြည်လောက်သည့် သတင်းပေးခြင်းခံရသူ၊ သို့မဟုတ် ထိုသို့စပ်ဆိုင်ပါဝင်ကြောင်း ယုတ္တိတန်သော မသင်္ကာဖွယ်ရာဖြစ်သူ မည်သူမဆို၊

အဋ္ဌမ – ပုဒ်မ ၅၆၅ (၃) အရ ပြဋ္ဌာန်းထားသော နည်းဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာမှ လွတ်ပြီး အကျဉ်းသားမည်သူမဆို၊

နဝမ – အခြားရဲအရာရှိထံမှ ဖမ်းဆီးပေးရန် တောင်းဆိုလာသူ မည်သူမဆို၊
သို့သော် ယင်းတောင်းဆိုချက်တွင် ဖမ်းဆီးပေးရမည့်သူကို တိတိကျကျ ဖော်ပြထားရမည်။ ထို့ပြင် ၎င်းအား မည်သည့်ပြစ်မှုအရ ဖမ်းဆီးရမည်၊ သို့မဟုတ် အခြားမည်သည့် အကြောင်းကြောင့် ဖမ်းဆီးရမည်ဟု ဖော်ပြရမည့်အပြင် ဖမ်းဆီးပေးရန် တောင်းဆိုသည့် အရာရှိအနေဖြင့် ထိုသူကို ဝရမ်းမပါဘဲ ဥပဒေနှင့်အညီ ဖမ်းဆီးခွင့်ရှိကြောင်းလည်း ပေါ်လွင်စေရမည်။

(၂) × × × ×

**နေထိုင်ရာ အတည်တကျ မရှိသူ၊ လုယက်တတ်သူ စသည်တို့ကို ဖမ်းဆီးခြင်း။**

၅၅။ (၁) မည်သည့်ရဲအရာရှိမဆို အောက်ပါသူများအား ဆိုခဲ့သည့်နည်းလမ်းအတိုင်း ဖမ်းဆီးနိုင်သည်၊ သို့မဟုတ် ဖမ်းဆီးစေနိုင်သည် –

(က) ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ကြိုတင်ဖုံးကွယ်နေသည်ဟု ယုံကြည်ရန် အကြောင်းရှိသော အခြေအနေတွင် အဆိုပါရဲအရာရှိ တာဝန်ကျသည့် ပြည်သူ့ရဲတပ်ဖွဲ့စခန်းပိုင်နယ်မြေအတွင်း ၎င်းရှိနေခြင်းကို ဖုံးကွယ်ရန် သတိနှင့်နေကြောင်း တွေ့ရှိရသူ မည်သူမဆို၊ သို့မဟုတ်

(ခ) အဆိုပါရဲအရာရှိ တာဝန်ကျသည့် ပြည်သူ့ရဲတပ်ဖွဲ့စခန်းပိုင် နယ်မြေအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်း ထင်ထင်ရှားရှား မရှိသူ၊ သို့မဟုတ် မိမိအကြောင်းကို ကျေနပ်လောက်အောင် ပြောမပြနိုင်သူ မည်သူမဆို၊ သို့မဟုတ်

(ဂ) လုယက်တတ်သူ၊ အိမ်ဖောက်ထွင်းတတ်သူ၊ သို့မဟုတ် ခိုးတတ်သူ၊ သို့မဟုတ် ခိုးရာပါပစ္စည်းမှန်းသိလျက်နှင့် ခိုးရာပါပစ္စည်းများကို လက်ခံတတ်သူ၊ သို့မဟုတ် ခြောက်လှန့်၍ ပစ္စည်းတောင်းယူတတ်သူ၊ သို့မဟုတ် ခြောက်လှန့်၍ ပစ္စည်းတောင်းယူရန်အတွက် လူများကို နစ်နာစေမည်ဟု ကြောက်အောင် ခြောက်လှန့်တတ်သူ၊ သို့မဟုတ် ယင်းသို့ ကြောက်အောင် ခြောက်လှန့်ရန် အားထုတ်သူဟု ကျော်စောသူ မည်သူမဆို

(၂) × × × ×

**ရဲအရာရှိက ယင်းလက်အောက်အရာရှိသို့ ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းကို လွှဲအပ်နိုင်ခြင်း။**

၅၆။ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူး၊ သို့မဟုတ် အခန်း ၁၄အရ အမှုစုံစမ်းထောက်လှမ်းသည့် မည်သည့်ရဲအရာရှိမဆို ဝရမ်းမပါဘဲ ဥပဒေနှင့်အညီ ဖမ်းဆီးထိုက်သူကို ဝရမ်းမပါဘဲ ဖမ်းဆီးစေရန် လက်အောက်အရာရှိသို့ လွှဲအပ်နိုင်သည်။

**အမည်နှင့် နေရပ်လိပ်စာ ပေးရန် ငြင်းဆိုခြင်း။**

၅၇။ (၁) မည်သူမဆို ရဲအရာရှိရှေ့မှောက်တွင် ရဲအရေးယူပိုင်ခွင့်မရှိသော ပြစ်မှုတစ်ခုကို ကျူးလွန်၍ဖြစ်စေ၊ ကျူးလွန်ကြောင်း စွပ်စွဲခံရ၍ဖြစ်စေ၊ ၎င်းအမည်နှင့် နေရပ်လိပ်စာကို မေးမြန်းရာ၌ ပေးရန်ငြင်းဆိုလျှင်၊ သို့မဟုတ် ပေးသော်လည်း မမှန်ဟု ယုံကြည်လောက်သည့် အကြောင်းရှိလျှင် ထိုသူ၏ အမည်နှင့် နေရပ်လိပ်စာအမှန်ကို သိရှိနိုင်ရန်အတွက် ၎င်းအား ဖမ်းဆီးနိုင်ခွင့်ရှိသည်။

(၂) အမည်နှင့် နေရပ်လိပ်စာအမှန်ကို သိရှိပြီးနောက် လိုအပ်သည့်အခါ ရာဇဝတ်တရားသူကြီးရှေ့မှောက်သို့ လာရောက်စေရန် အာမခံသူနှင့်ဖြစ်စေ၊ အာမခံသူမပါဘဲနှင့်ဖြစ်စေ ခံဝန်ချုပ်ဆိုပါက ထိုသူအား လွှတ်ရမည်၊

သို့ရာတွင် ထိုသူသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူမဟုတ်လျှင် ခံဝန်ချုပ်ခိုင်မာစေရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သည့် အာမခံသူတစ်ဦးနှင့်ဖြစ်စေ၊ အများနှင့်ဖြစ်စေ ခံဝန်ချုပ်ဆိုပြီးမှ ထိုသူအား လွှတ်ရမည်။

(၃) ထိုသူအား ဖမ်းဆီးချိန်မှ နှစ်ဆယ့်လေးနာရီအတွင်း ထိုသူ၏အမည်နှင့်နေရပ်လိပ်စာအမှန်ကို မသိရသေးလျှင် ဖြစ်စေ၊ ခံဝန်ချုပ်ဆိုရန် ပျက်ကွက်လျှင်ဖြစ်စေ၊ အာမခံပေးရန် ဆင့်ဆိုရာ၌ အာမခံသူ လုံလောက်အောင် မပေးဘဲပျက်ကွက်လျှင်ဖြစ်စေ ထိုသူအား စီရင်ပိုင်ခွင့်အာဏာရှိသည့် အနီးဆုံးရာဇဝတ်တရားသူကြီးထံ ချက်ချင်းပို့ရမည်။

ပြစ်မှုကျူးလွန်သူများကို အခြားနယ်မြေများတွင် လိုက်လံ ရှာဖွေခြင်း။

၅၈။ ဤအခန်းအရ ဖမ်းဆီးနိုင်ခွင့်ရှိသူ ရဲအရာရှိသည် လူတစ်ဦးတစ်ယောက်ကို ဝရမ်းမပါဘဲ ဖမ်းဆီးရန်ကိစ္စအလို့ငှာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မည်သည့်နေရာဒေသတွင်မဆို ထိုသူကို လိုက်လံရှာဖွေနိုင်သည်။

အရပ်သားများက ဖမ်းဆီးခြင်းနှင့် ဖမ်းဆီးရာတွင် လိုက်နာရန်ကျင့်ထုံး။

၅၉။ (၁) မည်သည့်အရပ်သားမဆို မိမိရှေ့မှောက်တွင် အာမခံမပေးနိုင်သော ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်သူ၊ သို့မဟုတ် ပြစ်မှုကျူးလွန်ကြောင်း ကြေညာခြင်းခံရသူ မည်သူ့ကိုမဆို ဖမ်းဆီးနိုင်သည်။ ယင်းကဲ့သို့ ဖမ်းဆီးထားသူကို အကြောင်းမဲ့ ကြန့်ကြာခြင်းမရှိဘဲ ရဲအရာရှိတစ်ဦးထံ ပို့အပ်ရမည်။ ရဲအရာရှိမရှိပါက ထိုသူကို ချုပ်နှောင်ပြီး အနီးဆုံး ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ ပို့အပ်ရမည်။ သို့မဟုတ် ပို့အပ်ရန် စီစဉ်ရမည်။

(၂) ထိုအဖမ်းခံရသူသည် ပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်နေကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် ထိုသူကို ရဲအရာရှိက ထပ်မံဖမ်းဆီးရမည်။

(၃) အဖမ်းခံရသူသည် ရဲအရေးယူပိုင်ခွင့်မရှိသော ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ကြောင်း ယုံကြည်ရန်အကြောင်းရှိပြီး ရဲအရာရှိက ၎င်း၏အမည်နှင့် နေရပ်လိပ်စာကို မေးမြန်းရာ၌ ပေးရန်ငြင်းဆိုလျှင်၊ သို့မဟုတ် ပေးသော်လည်း မမှန်ဟု ရဲအရာရှိက ယုံကြည်လောက်သည့် အကြောင်းရှိလျှင် ထိုသူကို ပုဒ်မ ၅၇ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်။ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ကြောင်း ယုံကြည်ရန်အကြောင်းမလုံလောက်လျှင် ထိုသူကို ချက်ချင်းလွှတ်ရမည်။

ဖမ်းဆီးခံရသူကို ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးထံသို့ ခေါ်ဆောင်သွားရခြင်း။

၆၀။ ရဲအရာရှိတစ်ဦးသည် ဝရမ်းမပါဘဲ ဖမ်းဆီးသည့်အခါ အကြောင်းမဲ့ ကြန့်ကြာမှုမရှိဘဲ အာမခံပေးခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အဆိုပါဖမ်းဆီးထားသူကို ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးထံသို့ ခေါ်ဆောင်သွားရမည်။ သို့မဟုတ် ပို့အပ်ရမည်။

ဖမ်းဆီးထားသူကို ရှစ်ဆယ့်လေးနာရီထက် ကျော်လွန်၍ ချုပ်မထားရခြင်း။

၆၁။ မည်သည့်ရဲအရာရှိကမျှ ဝရမ်းမပါဘဲ ဖမ်းဆီးထားသူတစ်ဦးကို အမှု၏ မည်သည့်အခြေအနေတွင်မဆို လိုအပ်သည့်အချိန်ထက် ပိုပြီးချုပ်နှောင်မထားရ၊ ယင်းကဲ့သို့ ချုပ်နှောင်ထားရန်အချိန်မှာလည်း ပုဒ်မ ၁၆၇အရ ရာဇဝတ်တရားသူကြီးတစ်ဦး၏ အထူးအမိန့် မရရှိလျှင် ယင်းဖမ်းဆီးသည့်နေရာမှ ရဲစခန်းနှင့် ထိုမှတစ်ဖန် ရာဇဝတ်တရားသူကြီး၏ တရားရုံးသို့ သွားရောက်ရမည့်ခရီးအတွက် လိုအပ်မည့်အချိန်ကို နုတ်ပြီး နှစ်ဆယ့်လေးနာရီထက် မပိုစေရ။

ပြည်သူ့ရဲတပ်ဖွဲ့ဝင်က ဖမ်းဆီးသည့်အမှုများကို အစီရင်ခံခြင်း။

၆၂။ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးများသည် မိမိတို့ရဲစခန်းအပိုင်နယ်မြေများအတွင်း ဝရမ်းမပါဘဲ ဖမ်းဆီးထားသူများ၏ အမှုများကို ယင်းတို့အား အာမခံပေးထားသည့်ဖြစ်စေ၊ အာမခံမပေးဘဲထားသည်ဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီးထံ တင်ပြအစီရင်ခံရမည်။ သို့မဟုတ် ၎င်းက ညွှန်ကြားလျှင် နယ်ပိုင်ရာဇဝတ်တရားသူကြီးထံ တင်ပြအစီရင်ခံရမည်။

ဖမ်းဆီးထားသူကို လွှတ်ခြင်း။

၆၃။ ရဲအရာရှိက ဖမ်းဆီးထားသူ မည်သူ့ကိုမဆို ကိုယ်တိုင်ခံဝန်ချုပ်မရှိဘဲဖြစ်စေ၊ သို့မဟုတ် အာမခံမပေးဘဲဖြစ်စေ၊ သို့မဟုတ် ရာဇဝတ်တရားသူကြီး၏ အထူးအမိန့်မရဘဲဖြစ်စေ မလွှတ်ရ။

**ရာဇဝတ်တရားသူကြီး ရှေ့မှောက်တွင် ကျူးလွန်သည့် ပြစ်မှု။**

၆၄။ ရာဇဝတ်တရားသူကြီးတစ်ဦးသည် မိမိစီရင်ပိုင်ခွင့်အာဏာရှိသည့် နယ်မြေအတွင်း မိမိရှေ့မှောက်၌ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်သည်ကို တွေ့ရှိလျှင် ထိုသူကို မိမိကိုယ်တိုင် ဖမ်းဆီးနိုင်သည်။ သို့မဟုတ် ဖမ်းဆီးရန် အခြားသူတစ်ဦးကို အမိန့်ပေးနိုင်သည်။ အာမခံပေးခြင်းနှင့် စပ်လျဉ်းသော ပြဋ္ဌာန်းထားချက်များနှင့် မဆန့်ကျင်စေဘဲ ပြစ်မှုကျူးလွန်သူကို ချုပ်ထားရန် အမိန့်ပေးနိုင်သည်။

**ရာဇဝတ်တရားသူကြီးကိုယ်တိုင် ဖမ်းဆီးခြင်း၊ သို့မဟုတ် ၎င်းရှေ့ ဖမ်းဆီးစေခြင်း။**

၆၅။ မည်သည့်ရာဇဝတ်တရားသူကြီးက မည်သည့်အချိန်တွင်မဆို မိမိစီရင်ပိုင်ခွင့်အာဏာရှိသည့်နယ်မြေအတွင်း အချိန်အခါနှင့် အခြေအနေအရ ဝရမ်းထုတ်ဆင့်ပြီး ဖမ်းဆီးစေနိုင်သူတစ်ဦးကို ကိုယ်တိုင်ဖမ်းဆီးနိုင်သည်။ သို့မဟုတ် ဖမ်းဆီးစေနိုင်သည်။

**ထွက်ပြေးလျှင် လိုက်လံဖမ်းဆီးနိုင်ခွင့်အာဏာ။**

၆၆။ ဥပဒေနှင့်အညီ ချုပ်နှောင်ထားသူတစ်ဦး ထွက်ပြေးလွတ်မြောက်သွားခဲ့လျှင်၊ သို့မဟုတ် ထိုသူကို အခြားသူတစ်ဦးက ကယ်လွှတ်ပေးခဲ့လျှင် ချုပ်နှောင်သူက မိမိလက်မှ ထွက်ပြေးလွတ်မြောက်သွားသူကို၊ သို့မဟုတ် အခြားသူတစ်ဦးက ကယ်လွှတ်ပေးလိုက်သူကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မည်သည့်နေရာ၌မဆို ချက်ချင်း လိုက်လံဖမ်းဆီးနိုင်သည်။

**ပုဒ်မ ၄၇၊ ၄၈ နှင့် ၄၉ တို့ပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၆၆ အရ ဖမ်းဆီးသည့်အမှုများနှင့် သက်ဆိုင်ခြင်း။**

၆၇။ ဖမ်းဆီးသူသည် ဝရမ်းအရ ဖမ်းဆီးခြင်းနှင့် ဖမ်းဆီးရန် အခွင့်အာဏာရသည့် ရဲအရာရှိတစ်ဦးမဟုတ်သော်လည်း ပုဒ်မ ၄၇၊ ၄၈ နှင့် ၄၉ ပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၆၆အရ ဖမ်းဆီးမှုများနှင့် သက်ဆိုင်စေရမည်။

## အခန်း ၆

## တရားရုံးသို့ မပျက်မကွက် ရောက်ရှိစေရန် ဆင့်ဆိုခြင်းများ

### က။ သမ္မန်စာ[၁]

**သမ္မန်စာပုံစံ။**

၆၈။ (၁) ဤဥပဒေအရ တရားရုံးတစ်ရုံးက ထုတ်ဆင့်သည့် သမ္မန်စာမှန်သမျှသည် စာဖြင့် ရေးသားထားသည့် မိတ္တူနှစ်စောင် ဖြစ်စေရမည့်အပြင် ထိုတရားရုံး၏ အကြီးအကဲအရာရှိကဖြစ်စေ၊ တရားလွှတ်တော်က အခါအားလျော်စွာ နည်းဥပဒေဖြင့် သမ္မန်စာချအပ်ရန် ညွှန်ကြားခဲ့ရသည့် အရာရှိကဖြစ်စေ လက်မှတ်ရေးထိုးပြီး ရုံးတံဆိပ် ခတ်နှိပ်ရမည်။

**သမ္မန်စာကို မည်သူက ချအပ်ရခြင်း။**

(၂) ယင်းသမ္မန်စာကို ရဲအရာရှိတစ်ဦးက ချအပ်ရမည်၊ သို့မဟုတ် နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ သတ်မှတ်သည့်နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ သမ္မန်စာထုတ်ဆင့်သည့် တရားရုံးမှ အရာရှိတစ်ဦးကဖြစ်စေ၊ အခြားပြည်သူ့ဝန်ထမ်းကဖြစ်စေ ချအပ်ရမည်။

**သမ္မန်စာကို မည်သို့ချအပ်ရခြင်း။**

၆၉။ (၁) သမ္မန်စာကို ဖြစ်နိုင်လျှင် သမ္မန်စာချအပ်ခြင်းခံရသူကိုယ်တိုင်အား သမ္မန်စာ နှစ်စောင်အနက် တစ်စောင်ပေးအပ်ခြင်းဖြင့် ချအပ်ရမည်။

**သမ္မန်စာလက်ခံရရှိကြောင်း လက်မှတ်ရေးထိုးခြင်း။**

(၂) သမ္မန်စာချအပ်ခြင်းခံရသူတိုင်းသည် သမ္မန်စာချအပ်သည့်အရာရှိက လိုအပ်လျှင် ကျန်သမ္မန်စာတစ်စောင်၏ ကျောဘက်တွင် ရရှိကြောင်း လက်မှတ်ရေးထိုးရမည်၊

---

၁။ ရုံးခေါ်စာ

(၃) ဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ကုမ္ပဏီ၊ သို့မဟုတ် အခြားအစုစပ်လုပ်ငန်းအဖွဲ့အစည်းတစ်စုံတစ်ရာအပေါ် သမ္မန်စာချအပ်ရန်ဖြစ်လျှင် ယင်းကုမ္ပဏီ၊ သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်း၏ အတွင်းရေးမှူးထံဖြစ်စေ၊ မန်နေဂျာထံဖြစ်စေ၊ အကြီးအကဲအရာရှိထံဖြစ်စေ၊ သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ကုမ္ပဏီ၊ သို့မဟုတ် အသင်း၏အရာရှိချုပ်ထံသို့ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍ ချအပ်ရမည်၊ ယင်းကဲ့သို့ ချအပ်ရာ၌ မှတ်ပုံတင်ချောစာ ရောက်မြဲအချိန်၌ ယင်းသမ္မန်စာ ချအပ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၇၀။ ဆင့်ခေါ်ခံရသူကို ထိုက်သင့်သလို ကြိုးစားရှာဖွေသော်လည်း မတွေ့နိုင်သည့်အခါတွင် သမ္မန်စာတစ်စောင်ကို ထိုသူ၏မိသားစုဝင် အရွယ်ရောက်သူတစ်ဦးဦးထံ အပ်နှံထားခြင်းဖြင့် ချအပ်နိုင်သည်။ ထိုသို့ သမ္မန်စာအပ်နှံခြင်းခံရသူသည် ချအပ်သည့်အရာရှိက လိုအပ်လျှင် လက်ခံရရှိကြောင်း ကျန်သမ္မန်စာတစ်စောင်၏ ကျောဘက်တွင် လက်မှတ်ရေးထိုးပေးရမည်။

ဆင့်ခေါ်ခံရသူကို မတွေ့နိုင်သည့်အခါ သမ္မန်စာချအပ်ခြင်း။

၇၁။ ထိုက်သင့်သလို ကြိုးစားသော်လည်း ပုဒ်မ ၆၉ နှင့် ၇၀ တွင် ဖော်ပြထားသည့် နည်းလမ်းများအတိုင်း မချအပ်နိုင်သည့်အခါ ချအပ်သည့်အရာရှိက သမ္မန်စာတစ်စောင်ကို ဆင့်ခေါ်ခံရသူ နေထိုင်မြဲဖြစ်သည့် အိမ်၊ သို့မဟုတ် အဆောက်အအုံ၏ မြင်သာသော နေရာတွင် ကပ်ထားခဲ့ရမည်။ ယင်းသို့ ကပ်ထားခဲ့ခြင်းဖြင့် နည်းလမ်းတကျ ချအပ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အထက်ပါအတိုင်း မချအပ်နိုင်သည့်အခါ လိုက်နာရန်ကျင့်ထုံး။

၇၂။ (၁) ဆင့်ခေါ်ခံရသူသည် အစိုးရဝန်ထမ်း၊ သို့မဟုတ် မီးရထားဌာနဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသူဖြစ်လျှင် သမ္မန်စာထုတ်ဆင့်သည့် တရားရုံးသည် ထိုသူ၏ ရုံးအကြီးအကဲထံ သာမန်အားဖြင့် သမ္မန်စာနှစ်စောင်စလုံး ပေးပို့ရမည်။ ယင်းအကြီးအကဲကလည်း ရရှိသည့် သမ္မန်စာကို ပုဒ်မ ၆၉ပါ ပြဋ္ဌာန်းချက်များအတိုင်း ချအပ်စေ၍ သမ္မန်စာတစ်စောင်ကို ထပ်ဆင့်ရေးသား၍ လက်မှတ်ရေးထိုးပြီး တရားရုံးသို့ ပြန်ပို့ရမည်။

(၂) ယင်းလက်မှတ်သည် သမ္မန်စာကို နည်းလမ်းတကျ ချအပ်ပြီးကြောင်း သက်သေခံအထောက်အထားဖြစ်စေရမည်။

အစိုးရဝန်ထမ်း သို့မဟုတ် မီးရထားဌာနမှဝန်ထမ်းအား သမ္မန်စာချအပ်ခြင်း

၇၃။ တရားရုံးတစ်ရုံးသည် မိမိထုတ်ဆင့်သည့် သမ္မန်စာကို မိမိ၏စီရင်ပိုင်ခွင့်အာဏာရှိသည့် နယ်မြေပြင်ပတစ်နေရာတွင် ချအပ်လိုလျှင် သမ္မန်စာနှစ်စောင်ကို ဆင့်ခေါ်ခံရသူ နေထိုင်ရာ၊ သို့မဟုတ် ရှိရာစီရင်ပိုင်ခွင့်အာဏာရှိသော တရားသူကြီးတစ်ဦးထံသို့ သာမန်အားဖြင့် ပေးပို့ချအပ်စေရမည်။

သမ္မန်စာကို စီရင်ပိုင်ခွင့်အာဏာနယ်မြေပြင်ပတွင် ချအပ်ခြင်း။

၇၄။ (၁) တရားရုံးတစ်ရုံးက ထုတ်ဆင့်သည့် သမ္မန်စာကို ယင်းတရားရုံး၏ စီရင်ပိုင်ခွင့်အာဏာရှိသည့် နယ်မြေပြင်ပတွင် ချအပ်သည့်အခါ၊ ထိုပြင် မည်သည့်အမှုတွင်မဆို သမ္မန်စာချအပ်ခဲ့သည့် အရာရှိသည် ယင်းအမှုစစ်ဆေးစီရင်ရာ၌ မရောက်ရှိသည့်အခါမျိုးတွင် ယင်းသို့ သမ္မန်စာချအပ်ပြီးကြောင်း ရာဇဝတ်တရားသူကြီးရှေ့မှောက်တွင် ပြုလုပ်သည့် ကတိသစ္စာပြုလွှာနှင့်တကွ ပုဒ်မ ၆၉၊ သို့မဟုတ် ပုဒ်မ ၇၀ ပါပြဋ္ဌာန်းချက်များနှင့်အညီ လက်ခံရရှိကြောင်း ထပ်ဆင့်ရေးသား၍ လက်မှတ်ရေးထိုးထားသည့် သမ္မန်စာတစ်စောင်ကို သက်သေခံအဖြစ် လက်ခံခွင့်ရှိစေရမည်။ ဆိုခဲ့သော ကျမ်းကျိန်လွှာ၌ ပါရှိသည့် စကားရပ်များကို မဟုတ်မမှန်ကြောင်း သက်သေထင်ရှားမပြနိုင်လျှင်၊ သို့မဟုတ် မပြနိုင်သမျှ ကာလပတ်လုံး ထိုစကားရပ်များသည် မှန်ကန်သည်ဟု မှတ်ယူရမည်။

(၂) ဤပုဒ်မတွင် ဖော်ပြသည့် ကျမ်းကျိန်လွှာကို သမ္မန်စာမူရင်းခွဲနှင့် တွဲလျက်တရားရုံးသို့ ပြန်လည်ပေးပို့နိုင်သည်။

အထက်ပါ အမှုမျိုးများနှင့် ချအပ်သော အရာရှိမရောက်ရှိသည့်အမှုများတွင် သမ္မန်စာချအပ်ပြီးကြောင်း ထင်ရှားအောင်ပြုရခြင်း။

## ခ။ လူဖမ်းဝရမ်း

လူဖမ်းဝရမ်းပုံစံ။

၇၅။ (၁) ဤဥပဒေအရ တရားရုံးတစ်ရုံးက ထုတ်ဆင့်သော လူဖမ်းဝရမ်းတိုင်းကို စာဖြင့်ရေးသား၍ တရားရုံးအကြီးအကဲ အရာရှိကဖြစ်စေ၊ သို့မဟုတ် ယင်းတရားရုံးသည် ခုံရုံးဖြင့်ဖြစ်ပါက ယင်းခုံရုံး၏ အဖွဲ့ဝင်တစ်ဦးကဖြစ်စေ၊ လက်မှတ်ရေးထိုးရမည်။ ဖမ်းဝရမ်းတွင် တရားရုံးတံဆိပ်ခတ်နှိပ်ရမည်။

လူဖမ်းဝရမ်း ဆက်လက် အတည်ဖြစ်ခြင်း။

(၂) အဆိုပါ လူဖမ်းဝရမ်းတိုင်းသည် ထုတ်ဆင့်သည့်တရားရုံးက မဖျက်သိမ်းသေးသမျှကာလပတ်လုံး၊ သို့မဟုတ် အတည်မပြုသေးသမျှကာလပတ်လုံး ဆက်လက်တည်နေစေရမည်။

အာမခံယူထားရန်တရားရုံးက ညွှန်ကြားနိုင်ခြင်း။

၇၆။ (၁) လူတစ်ဦးတစ်ယောက်ကို ဖမ်းဆီးရန် ဝရမ်းထုတ်ဆင့်သည့် မည်သည့်တရားရုံးကမဆို ထိုသူသည် တရားရုံးသို့ သီးခြားဖော်ပြထားသော အချိန်နှင့် တရားရုံးက အခြားနည်းမညွှန်ကြားသမျှ နောက်ပိုင်းအချိန်များတွင် လာရောက်ရန်အတွက် လုံလောက်သော အာမခံသူများနှင့် ခံဝန်ချုပ်ဆိုမည်ဆိုပါက ဖမ်းဝရမ်းအရ ဆောင်ရွက်ရမည့်အရာရှိအနေဖြင့် ထိုအာမခံလျှောက်လွှာကို လက်ခံ၍ ထိုသူကို အချုပ်မှ လွှတ်ပေးရမည်ဟု ဝရမ်းပေါ်တွင် ထပ်ဆင့်ရေးသား၍ လက်မှတ်ရေးထိုးလျက် မိမိသဘောအတိုင်းညွှန်ကြားနိုင်သည်။

(၂) ထပ်ဆင့်ရေးသား၍ လက်မှတ်ရေးထိုးချက်တွင် –

(က) အာမခံသူအရေအတွက်၊

(ခ) အာမခံသူတို့နှင့် ဖမ်းဝရမ်းထုတ်ဆင့်ခံရသူအသီးသီးတို့ ချုပ်ဆိုရမည့် အာမခံငွေပေါင်း၊ နှင့်

(ဂ) ဖမ်းဝရမ်းထုတ်ဆင့်ခံရသူ တရားရုံးသို့ လာရောက်ရမည့်အချိန်တို့ကို ဖော်ပြရမည်။

ခံဝန်ချုပ်ကို ပေးပို့ခြင်း။

(၃) ဤပုဒ်မအရ အာမခံပေးသည့်အခါ ဖမ်းဝရမ်းအရ ဆောင်ရွက်ရမည့်အရာရှိသည် ခံဝန်ချုပ်ကို တရားရုံးသို့ ပေးပို့ရမည်။

ဝရမ်းများ အတည်ပြုပေးရန် မည်သူ့ကို ညွှန်ကြားနိုင်ခြင်း။

၇၇။ (၁) ဖမ်းဝရမ်းအရ ဆောင်ရွက်ရန် သာမန်အားဖြင့် တစ်ဦး၊ သို့မဟုတ် တစ်ဦးထက်ပိုသော ရဲအရာရှိများအား ညွှန်ကြားရမည်။ သို့သော် ယင်းဖမ်းဝရမ်းထုတ်ဆင့်သည့် တရားရုံးသည် မိမိဝရမ်းကို ချက်ချင်းအတည်ပြုရန်လိုပြီး၊ မည်သည့်ရဲအရာရှိမျှ ရတ်တရက်မရရှိနိုင်လျှင် အခြားမည်သူ့ကိုမဆို အတည်ပြုပေးရန် ညွှန်ကြားနိုင်သည်။ ထိုသို့ ညွှန်ကြားခံရသူ၊ သို့မဟုတ် ညွှန်ကြားခံရသူများသည် အဆိုပါဖမ်းဝရမ်းကို အတည်ပြုပေးရမည်။

ဝရမ်းများ အတည်ပြုပေးရန် တစ်ဦးထက်ပိုသော သူများအား ညွှန်ကြားခြင်း။

(၂) ဖမ်းဝရမ်းကို တစ်ဦးထက်ပိုသော အရာရှိများ၊ သို့မဟုတ် လူများက အတည်ပြုပေးရန် ညွှန်ကြားလျှင် အဆိုပါဝရမ်းကို ထိုသူအားလုံးကဖြစ်စေ၊ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ တစ်ဦးထက်ပိုသော သူများကဖြစ်စေ အတည်ပြုပေးနိုင်သည်။

မြေရှင်စသူတို့ကို ဝရမ်းထုတ်ပေးနိုင်ခြင်း။

၇၈။ (၁) ခရိုင်ရာဇဝတ်တရားသူကြီး သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးသည် လွတ်ထွက်ပြေးနေသော အကျဉ်းသား၊ ပြစ်မှုကျူးလွန်ကြောင်း ကြေညာခြင်းခံရသူ၊ သို့မဟုတ် အာမခံမပေးနိုင်သော ပြစ်မှုဖြင့် စွပ်စွဲခံရပြီး တိမ်းရှောင်နေသူ မည်သူ့ကိုမဆို ဖမ်းဆီးပေးရန် မိမိစီရင်ပိုင်ခွင့်နယ်မြေအတွင်းရှိ မည်သည့်မြေရှင် (မြေတွင်နေထိုင်သူ)၊ သို့မဟုတ် မြေကို စီမံလုပ်ကိုင်သူတို့ထံ ဝရမ်းထုတ်ပေးနိုင်သည်။

(၂) အဆိုပါမြေရှင် (မြေတွင်နေထိုင်သူ)၊ သို့မဟုတ် မြေကို စီမံလုပ်ကိုင်သူ့သည် ဝရမ်းကို လက်ခံရရှိကြောင်း စာဖြင့် ရေးသားပြန်ကြားရမည့်အပြင် အကယ်၍ ဝရမ်းထုတ်ခံရသူသည် မိမိပိုင်မြေ၊ သို့မဟုတ် မိမိစီမံလုပ်ကိုင်သည့်မြေပေါ်တွင် ရှိနေလျှင်၊ သို့မဟုတ် မိမိပိုင်မြေ၊ သို့မဟုတ် မိမိစီမံလုပ်ကိုင်သည့်မြေပေါ်သို့ ဝင်ရောက်ရှိနေလျှင် ဝရမ်းကို အတည်ပြုပေးရမည်။

(၃) ဝရမ်းထုတ်ခံရသူကို ဖမ်းဆီးရမိသည့်အခါ ထိုသူကို ဝရမ်းနှင့်အတူ အနီးဆုံးရဲအရာရှိသို့ လွှဲအပ်ရမည်။ ထိုရဲအရာရှိသည် ပုဒ် ၇၆ အရ အာမခံယူထားသည်မဟုတ်လျှင် အမှုကို စီရင်ပိုင်ခွင့်အာဏာရှိသော ရာဇဝတ်တရားသူကြီးရှေ့သို့ ထိုသူအားခေါ်ဆောင်သွားရမည်။

ရဲအရာရှိသို့ ထုတ်ဆင့်ပေးသည့်ဝရမ်း။

၇၉။ ရဲအရာရှိတစ်ဦးသို့ ထုတ်ပေးသော ဝရမ်းကို ရဲအရာရှိက အခြားရဲအရာရှိတစ်ဦးအား အတည်ပြုရန် ဝရမ်းပေါ်၌ ထိုအရာရှိ၏ အမည်ကို ထပ်ဆင့်ရေးသား၍ လက်မှတ်ရေးထိုးပြီး အတည်ပြုစေနိုင်သည်။

ဝရမ်းပါအကြောင်းအရာကို အသိပေးပြောကြားရခြင်း။

၈၀။ ဖမ်းဝရမ်းအတည်ပြုသူ ရဲအရာရှိ၊ သို့မဟုတ် အခြားသူသည် ဝရမ်းပါအကြောင်းအရာများကို ဖမ်းဆီးခြင်းခံရမည့်သူအား ရှင်းလင်းပြောဆို၍ လိုအပ်လျှင် ဝရမ်းကိုလည်း ပြရမည်။

ဖမ်းဆီးခံရသူအား တရားရုံးရှေ့သို့ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ခေါ်ဆောင်သွားရခြင်း။

၈၁။ ဖမ်းဝရမ်းအတည်ပြုသူ ရဲအရာရှိ၊ သို့မဟုတ် အခြားသူသည် (အာမခံနှင့် စပ်လျဉ်း၍ ပုဒ်မ ၇၆ ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ) မိမိဖမ်းဆီးခဲ့သူကို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ သက်ဆိုင်ရာတရားရုံးရှေ့သို့ ခေါ်ဆောင်သွားရမည်။

ဝရမ်းကို မည်သည့်နေရာတွင် အတည်ပြုနိုင်ခြင်း။

၈၂။ ဖမ်းဝရမ်းကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မည်သည့်နေရာ၌မဆို အတည်ပြုနိုင်သည်။

စီရင်ပိုင်ခွင့်အာဏာရှိသည့် နယ်မြေပြင်ပတွင် အတည်ပြုရန် ပေးပို့သည့်ဝရမ်း။

၈၃။ (၁) ဝရမ်းထုတ်ဆင့်သည့် တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာရှိသည့် နယ်မြေပြင်ပတွင် ဝရမ်းအတည်ပြုရန်ဖြစ်လျှင် ထိုတရားရုံးသည် ဝရမ်းကို ရဲအရာရှိတစ်ဦးသို့ ထုတ်ပေးမည့်အစား ဝရမ်းအတည်ပြုရန် စီရင်ပိုင်ခွင့်အာဏာရှိသည့် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ခရိုင်ရဲဝန်ထံသို့ ထိုဝရမ်းကို စာတိုက်မှဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပေးပို့နိုင်သည်။

(၂) အဆိုပါ ဖမ်းဝရမ်းကို လက်ခံရရှိသည့် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ခရိုင်ရဲဝန်သည် ထိုဝရမ်းပေါ်တွင် မိမိ၏နာမည်ကို ထပ်ဆင့်ရေးသားရမည့်အပြင် ဖြစ်နိုင်ပါက မိမိစီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း ဝရမ်းကို ရှေ့ပိုင်းတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း အတည်ပြုစေရမည်။

စီရင်ပိုင်ခွင့်အာဏာရှိသည့် နယ်မြေပြင်ပတွင် အတည်ပြုရန် ရဲအရာရှိအား ညွှန်ကြားသည့်ဝရမ်း။

၈၄။ (၁) ရဲအရာရှိတစ်ဦးအား ထုတ်ဆင့်သော ဝရမ်းသည် ယင်းဝရမ်းထုတ်သည့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာနယ်မြေပြင်ပတွင် အတည်ပြုရန်ဖြစ်လျှင် အဆိုပါရဲအရာရှိသည် ဝရမ်းကို ယင်းဝရမ်းအတည်ပြုရမည့်နယ်မြေအတွင်း စီရင်ပိုင်ခွင့်အာဏာရှိရာ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးထက် အဆင့်မနိမ့်သော ရဲအရာရှိတစ်ဦးထံ ထပ်ဆင့်လက်မှတ်ရေးထိုးရန်အတွက် သာမန်အားဖြင့် ယူဆောင်သွားရမည်။

(၂) အဆိုပါ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ရဲအရာရှိသည် ဝရမ်းပေါ်တွင် မိမိနာမည်ကို ထပ်ဆင့်ရေးသား၍ လက်မှတ်ရေးထိုးပေးရမည်။ ထိုသို့ရေးထိုးပေးခြင်းသည် အဆိုပါ နယ်မြေအတွင်း ဝရမ်းအတည်ပြုရန် လုံလောက်သည့် အခွင့်အာဏာပေးခြင်းဖြစ်သည်။ ထိုနယ်မြေမှ ရဲများကလည်း လိုအပ်လျှင် အဆိုပါဝရမ်းအတည်ပြုရာ၌ ထိုရဲအရာရှိကို ကူညီရမည်။

(၃) ဝရမ်းအတည်ပြုရမည့်နယ်မြေအတွင်း စီရင်ပိုင်ခွင့် အာဏာရှိသော ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ရဲအရာရှိ၏ ထပ်ဆင့်ရေးသား၍ လက်မှတ်ရေးထိုး ရယူခြင်းအားဖြင့် အချိန်နှောင့်နှေးပြီး အတည်ပြုရာတွင် အနှောင့်အယှက်ဖြစ်မည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် ဝရမ်းအတည်ပြုသည့် ရဲအရာရှိသည် ဝရမ်းစာထုတ်သည့် တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာနယ်မြေပြင်ပ မည်သည့်နေရာတွင်မဆို ထပ်ဆင့်ရေးသား၍ လက်မှတ်ရေးထိုးခြင်း မပြုတော့ဘဲ ဝရမ်းကို အတည်ပြုနိုင်သည်။

၈၅။ ဖမ်းဝရမ်းကို ထုတ်ပေးသော တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာနယ်မြေ ပြင်ပတွင် အတည်ပြုသည့်အခါ ဝရမ်းထုတ်ပေးသော တရားရုံးသည် ဖမ်းဆီးရမိသည့်နေရာနှင့် မိုင်နှစ်ဆယ်အတွင်းမဟုတ်ခဲ့လျှင်သော်လည်းကောင်း၊ ဖမ်းဆီးရမိသည့်နေရာသည် စီရင်ပိုင်ခွင့်အာဏာရှိသော ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ခရိုင်ရဲဝန် ထုတ်ဆင့်သည့် တရားရုံးက ဖမ်းဆီးသည့် နေရာနှင့် ပိုမိုမနီးခဲ့လျှင်သော်လည်းကောင်း၊ ပုဒ်မ ၇၆အရ အာမခံယူသည်မဟုတ်လျှင် သော်လည်းကောင်း၊ ဖမ်းဆီးခံရသူကို အဆိုပါရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ခရိုင်ရဲဝန်ထံ ခေါ်ဆောင်သွားရမည်။ ဝရမ်းထုတ်ဆင့်ခံရသူကိုဖမ်းဆီးရမိသည့်အခါ ဆောက်ရွက်ရန်ကျင့်ထုံး

၈၆။ (၁) အဆိုပါ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ခရိုင်ရဲဝန်သည် ဖမ်းဆီးခြင်းခံရသူမှာ ဝရမ်းထုတ်သည့်တရားရုံးမှ အလိုရှိသူဖြစ်ကြောင်း ပေါ်ပေါက်လျှင် ထိုတရားရုံးသို့ အချုပ်နှင့် ခေါ်ဆောင်သွားရန် ညွှန်ကြားရမည်။ ဖမ်းဆီးခံရသူအား မိမိရှေ့သို့ ခေါ်ဆောင်လာသည့်အခါ ရာဇဝတ်တရားသူကြီးက ဆောင်ရွက်ရန်ကျင့်ထုံး။

သို့ရာတွင် အာမခံပေးရမည့် ပြစ်မှုဖြစ်ပြီး ဖမ်းဆီးခံရသူကလည်း အဆိုပါရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ခရိုင်ရဲဝန် ကျေနပ်လောက်အောင် အာမခံပေးရန် အသင့်ရှိလျှင်၊ သို့မဟုတ် ပုဒ်မ ၇၆ အရ ဝရမ်းပေါ်တွင် ထပ်ဆင့်ညွှန်ကြားချက်တစ်ရပ် ရေးမှတ်ပြီး၍ ထိုညွှန်ကြားချက်အရ အဆိုပါ အဖမ်းခံရသူက လိုအပ်သော ခံဝန်ကိုပေးရန် အသင့်ရှိလျှင် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ခရိုင်ရဲဝန်သည် အဆိုပါ ခံဝန်၊ သို့မဟုတ် အာမခံသက်ဆိုင်ရာရာကို ရယူ၍ ခံဝန်ချုပ်ကို ဝရမ်းထုတ်ပေးသည့် တရားရုံးသို့ ပေးပို့ရမည်။

(၂) ဤပုဒ်မပါ မည်သည့်အချက်ကမျှ ရဲအရာရှိတစ်ဦးအား ပုဒ်မ ၇၆အရ အာမခံတောင်းယူခြင်းမှ ပိတ်ပင်တားမြစ်သည်ဟု မှတ်ယူခြင်းမပြုရ။

## ဂ။ ထုတ်ပြန်ကြေညာခြင်းနှင့် ဝရမ်းကပ်ခြင်း

၈၇။ (၁) မည်သည့်တရားရုံးမဆို (သက်သေခံချက်ယူပြီးမှဖြစ်စေ၊ မယူမီဖြစ်စေ) မိမိဝရမ်းထုတ်ထားသူတစ်ဦးသည် တိမ်းရှောင်သွားကြောင်း၊ သို့မဟုတ် အဆိုပါဝရမ်း အတည်မပြုနိုင်စေရန် ပုန်းကွယ်နေကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် မိမိကြေညာသည်နေ့မှ ရက်ပေါင်း သုံးဆယ်ထက်မနည်း သီးခြားဖော်ပြထားသော အချိန်နှင့် သီးခြားဖော်ပြထားသော နေရာတွင် ရောက်ရှိရမည်ဖြစ်ကြောင်း စာဖြင့် ရေးသားသည့် ကြေညာချက်ကို ထုတ်ပြန်နိုင်သည်။ ထွက်ပြေးတိမ်းရှောင်နေသူအတွက် ထုတ်ပြန်ကြေညာခြင်း။

(၂) ထုတ်ပြန်ကြေညာချက်ကို အောက်ပါအတိုင်း ထုတ်ပြန်ရမည် –

(က) အဆိုပါလူ နေထိုင်မြဲဖြစ်သည့် မြို့၊ သို့မဟုတ် ကျေးရွာ၏ ထင်ရှားသော နေရာတစ်ခုတွင် ယင်းထုတ်ပြန်ကြေညာချက်ကို အများကြားသိအောင် ဖတ်ကြားရမည်။

(ခ) အဆိုပါလူ နေထိုင်မြဲဖြစ်သည့် အိမ်၊ သို့မဟုတ် အဆောက်အအုံ၏ ထင်ရှားသော နေရာတွင်ဖြစ်စေ၊ အဆိုပါမြို့၊ သို့မဟုတ် ကျေးရွာ၏ ထင်ရှားသောနေရာတွင်ဖြစ်စေ ယင်းထုတ်ပြန်ကြေညာချက်ကို ကပ်ထားရမည်။

(ဂ) ယင်း ထုတ်ပြန်ကြေညာချက်၏ မိတ္တူတစ်စောင်ကို တရားရုံး အဆောက်အအုံ၏ ထင်ရှားသော နေရာတစ်ခုတွင် ကပ်ထားရမည်

(၃) မည်သည့်နေ့ရက်၌ ကြေညာချက်ကို နည်းလမ်းတကျ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်ဟု ကြေညာချက်ထုတ်သည့် တရားရုံး၏ စာဖြင့် ရေးသားဖော်ပြချက်သည် ဤပုဒ်မ၏ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ကြေညာချက်ကို အဆိုပါနေ့ရက်တွင် ထုတ်ပြန်ပြီးဖြစ်ကြောင်း အပြီးသတ် သက်သေခံအထောက်အထား ဖြစ်စေရမည်။

၈၈။ (၁) ပုဒ်မ ၈၇ အရ ကြေညာချက်ထုတ်သော တရားရုံးသည် ယင်းသို့ကြေညာချက် ထုတ်ပြန်ခြင်း ခံရသူပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ဖြစ်စေ၊ ပစ္စည်းနှစ်မျိုးစလုံးကိုဖြစ်စေ မည်သည့်ပစ္စည်းကိုမဆို ဝရမ်းကပ်ရန် အချိန်မရွေး အမိန့်ထုတ်ဆင့်နိုင်သည်။ ထွက်ပြေးတိမ်းရှောင်နေသူပိုင် ပစ္စည်းကို ဝရမ်းကပ်ခြင်း။

(၂) ယင်းအမိန့်သည် ထုတ်ပြန်သည့် ခရိုင်အတွင်း ထိုသူပိုင် မည်သည့်ပစ္စည်းကိုမဆို ဝရမ်းကပ်ရန် အခွင့်အာဏာရှိစေရမည်။ ထို့ပြင် ယင်းအမိန့်သည် အဆိုပါခရိုင်၏ပြင်ပတွင် ထိုသူပိုင် မည်သည့်ပစ္စည်းကိုမဆို ယင်းပစ္စည်းတည်ရှိရာ ခရိုင်ကို စီရင်ပိုင်ခွင့်အာဏာရှိသည့် ခရိုင်ရာဇဝတ်တရားသူကြီးက ထပ်ဆင့်ရေးသား၍ လက်မှတ်ရေးထိုးသည့်အခါ ဝရမ်းကပ်ရန် အခွင့်အာဏာရှိစေရမည်။

(၃) ဝရမ်းကပ်ရန် အမိန့်ထုတ်ဆင့်သည့် ပစ္စည်းသည် ကြွေးမြီတစ်ရပ်သော်လည်းကောင်း၊ အခြားရွှေ့ပြောင်းနိုင်သော ပစ္စည်းသော်လည်းကောင်း ဖြစ်လျှင် ဤပုဒ်မအရ ဝရမ်းကပ်ခြင်းကို –

(က) ဖမ်းဆီးသိမ်းယူခြင်းဖြင့် ဖြစ်စေ၊

(ခ) ပစ္စည်းထိန်းတစ်ဦး ခန့်ထားခြင်းဖြင့်ဖြစ်စေ၊

(ဂ) အဆိုပါ ပစ္စည်းကို ကြေညာခြင်းခံရသူအား၊ သို့မဟုတ် ယင်းကိုယ်စား အခြားသူတစ်ဦးအား မပေးအပ်ရန် တားမြစ်သော အမိန့်စာဖြင့် ဖြစ်စေ၊

(ဃ) အဆိုပါနည်းလမ်းအားလုံးဖြင့်ဖြစ်စေ၊ သို့မဟုတ် ယင်းနည်းလမ်းများ အနက် နည်းနှစ်နည်းဖြင့် ဖြစ်စေ၊

တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း ဆောင်ရွက်ရမည်။

(၄) ဝရမ်းကပ်ရန် အမိန့်ထုတ်ဆင့်သည့် ပစ္စည်းသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်လျှင် အစိုးရအား အခွန်ထမ်းဆောင်နေသော မြေဖြစ်သည့်ကိစ္စ၌ ယင်းမြေတည်ရှိရာ ခရိုင်၏ ကော်လိတ်တော်မှတစ်ဆင့် ဤပုဒ်မအရ ဝရမ်းကပ်ခြင်းကို ဆောင်ရွက်ရမည်။ ထို့ပြင် အခြားကိစ္စများတွင် –

(င) လက်ရောက်သိမ်းယူခြင်းဖြစ်စေ၊

(စ) ပစ္စည်းထိန်းတစ်ဦး ခန့်ထားခြင်းဖြင့် ဖြစ်စေ၊

(ဆ) ကြေညာခြင်းခံရသူ၊ သို့မဟုတ် ယင်းကိုယ်စား အခြားသူတစ်ဦးဦးအား အခွန်ပေးအခပေးခြင်းကိုသော်လည်းကောင်း၊ ပစ္စည်းပေးအပ်ခြင်းကိုသော်လည်းကောင်း တားမြစ်သည့် အမိန့်စာဖြင့် ဖြစ်စေ၊

(ခ) အဆိုပါ နည်းလမ်းအားလုံးဖြင့် ဖြစ်စေ၊ ယင်းနည်းလမ်းများအနက် နှစ်နည်းဖြင့် ဖြစ်စေ၊

တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း ဆောင်ရွက်ရမည်။

(၅) ဝရမ်းကပ်ရန် အမိန့်ထုတ်ဆင့်သည့် ပစ္စည်းများတွင် ကျွဲနွားတိရစ္ဆာန်သော်လည်းကောင်း၊ ပျက်စီးယိုယွင်းလွယ်သည့် ပစ္စည်းသော်လည်းကောင်း ပါဝင်လျှင် တရားရုံးသည် လျော်ကန်သင့်မြတ်သည် ထင်မြင်သည့်အတိုင်း ယင်းပစ္စည်းကို ချက်ချင်းရောင်းချစေရန် အမိန့်ထုတ်ဆင့်နိုင်သည်။ ထိုသို့ရောင်းချ၍ ရရှိသောငွေကို တရားရုံး၏ အမိန့်အတိုင်း စီမံခန့်ခွဲရမည်။

(၆) ဤပုဒ်မအရ ခန့်ထားသော ပစ္စည်းထိန်းတစ်ဦး၏ အခွင့်အာဏာတာဝန်နှင့် ဝတ္တရားများသည် တရားမကျင့်ထုံးဥပဒေအရ ခန့်ထားသည့်ပစ္စည်းထိန်းတစ်ဦး၏ အခွင့်အာဏာ၊ တာဝန်ဝတ္တရားများနှင့် ထပ်တူဖြစ်စေရမည်။

ထွက်ပြေးတိမ်းရှောင်နေသူပိုင် ပစ္စည်းကို ဝရမ်းကပ်ခြင်း။

(၆က) ကြေညာခြင်းခံသူမှတစ်ပါး အခြားသူတစ်ဦးဦးက ဤပုဒ်မအရ ဝရမ်းကပ်သည့် ပစ္စည်းတစ်စုံတစ်ရာတွင် မိမိအကျိုးခံစားခွင့်ရှိကြောင်း ထိုအကျိုးခံစားခွင့်ကို ဤပုဒ်မအရ ဝရမ်းမကပ်ထိုက်ကြောင်းဖြင့် ဝရမ်းကပ်သည့်နေ့မှ ခြောက်လအတွင်း တောင်းဆိုခြင်း၊ သို့မဟုတ် ကန့်ကွက်ခြင်းအပေါ် စုံစမ်းစစ်ဆေးရာတွင် ထိုနောက်တောင်းဆိုချက်၊ သို့မဟုတ် ကန့်ကွက်ချက်များအားလုံးကိုဖြစ်စေ၊ တစ်ချို့တစ်ဝက်ကိုဖြစ်စေ ခွင့်ပြုနိုင်သည်။ သို့မဟုတ် ငြင်းပယ်နိုင်သည်။

သို့ရာတွင် ဤပုဒ်မခွဲအရ ခွင့်ပြုထားသည့် အချိန်အတွင်း၊ သို့မဟုတ် ကန့်ကွက်ထားစဉ် တောင်းဆိုသူ၊ သို့မဟုတ် ကန့်ကွက်သူ သေဆုံးခဲ့သော် ထိုသူ၏ တရားဝင်ကိုယ်စားလှယ်က ဆက်လက်ဆောင်ရွက်နိုင်သည်။

(၆ ခ) ပုဒ်မခွဲ (၆က)အရ တောင်းဆိုချက်၊ သို့မဟုတ် တောင်းဆိုချက်ကို ဝရမ်းထုတ်သောတရားရုံးတွင် တင်ပြနိုင်သည်။ အကယ်၍ တောင်းဆိုချက်၊ သို့မဟုတ် ကန့်ကွက်ချက်သည် ပုဒ်မခွဲ (၂)ပါ ပြဋ္ဌာန်းချက်များအရ ခရိုင်ရာဇဝတ်တရားသူကြီးတစ်ဦးက ထပ်ဆင့်လက်မှတ်ရေးထိုးသောအမိန့်ဖြင့် ဝရမ်းကပ်ထားသည့်ပစ္စည်းနှင့် စပ်လျဉ်းပါက တောင်းဆိုချက်၊ သို့မဟုတ် ကန့်ကွက်ချက်ကို အဆိုပါ ခရိုင်ရာဇဝတ်တရားသူကြီး၏ရုံးတွင် တင်ပြနိုင်သည်။

(၆ ဂ) အဆိုပါတောင်းဆိုချက်၊ သို့မဟုတ် ကန့်ကွက်ချက်တိုင်းကို ယင်းကန့်ကွက်ချက်၊ သို့မဟုတ် တောင်းဆိုချက်ကို လက်ခံရရှိသည့် တရားရုံးက စုံစမ်းစစ်ဆေးရမည်။

သို့ရာတွင် တောင်းဆိုချက်၊ သို့မဟုတ် ကန့်ကွက်ချက်ကို ခရိုင်ရာဇဝတ်တရားသူကြီးတစ်ဦး၏ ရုံးသို့ တင်ပြပါက ထိုခရိုင်ရာဇဝတ်တရားသူကြီးက မိမိလက်အောက်ရှိ ပထမတန်း၊ သို့မဟုတ် ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦးဦးသို့ ဆောင်ရွက်စေရန် လွှဲပြောင်းပေးနိုင်သည်။

(၆ ဃ) ပုဒ်မခွဲ (၆က) အရ ချမှတ်သော အမိန့်ဖြင့် တစ်ဦးဦး၏ တောင်းဆိုချက်၊ သို့မဟုတ် ကန့်ကွက်ချက်အားလုံးကို ဖြစ်စေ၊ တချို့တစ်ဝက်ကိုဖြစ်စေ ငြင်းပယ်ခံရလျှင် ထိုအမိန့်ချမှတ်သည့်နေ့မှ တစ်နှစ်အတွင်း အငြင်းပွားသည့် ပစ္စည်းနှင့် စပ်လျဉ်း၍ မိမိတောင်းဆိုသည့်အခွင့်အရေးရရှိရန် တရားမမှုစွဲဆိုနိုင်သည်။ သို့သော် အဆိုပါတရားမမှုတွင် ဆုံးဖြတ်ချက်တစ်စုံတစ်ရာရရှိခဲ့လျှင် ထိုဆုံးဖြတ်ချက်နှင့် မဆန့်ကျင်စေဘဲ ထိုအမိန့်သည် အပြီးသတ် ဖြစ်စေရမည်။

(၆ င) ကြေညာခြင်းခံရသူသည် ကြေညာချက်တွင် သီးခြားဖော်ပြထားသည့် အချိန်အတွင်း ရောက်ရှိလာလျှင် တရားရုံးသည် ပစ္စည်းကို ဝရမ်းကပ်ထားခြင်းမှ ဝရမ်းခွာကြောင်း အမိန့်ချမှတ်ပေးရမည်။

(၇) ကြေညာခြင်းခံရသူသည် ကြေညာချက်တွင် သတ်မှတ်ထားသည့် အချိန်အတွင်း မရောက်ရှိခဲ့လျှင် ဝရမ်းကပ်ထားသည့်ပစ္စည်းကို အစိုးရက စီမံခန့်ခွဲခွင့်ရှိစေရမည်။ သို့သော် ဝရမ်းကပ်သည့်နေ့ရက်မှ ခြောက်လမကုန်မီနှင့် ပုဒ်မခွဲ (၆က) အရ ပြုလုပ်သည့် တောင်းဆိုချက်၊ သို့မဟုတ် ကန့်ကွက်ချက်တစ်စုံတစ်ရာကို ယင်းပုဒ်မခွဲအရ ဆောင်ရွက်ခြင်းမပြုမီ ဝရမ်းကပ်ထားသည့် ပစ္စည်းကို မရောင်းချစေရ၊ သို့သော်လည်း ပစ္စည်းသည် အလျင်အမြန်နှင့် သဘာဝအလျောက် ပျက်စီးယိုယွင်းမည်ဖြစ်လျှင်၊ သို့မဟုတ် ထိုပစ္စည်းကို ရောင်းချခြင်းက ပိုင်ရှင်အဖို့ အကျိုးရှိစေရမည်ဟု တရားရုံးက ယူဆလျှင် တရားရုံးသည် ထိုကိစ္စနှစ်ရပ်စလုံး၌ မိမိသင့်သည်ထင်မြင်သည့်အချိန်တွင် ထိုပစ္စည်းကို ရောင်းချစေနိုင်သည်

၈၉။ ပုဒ်မ ၈၈ ၏ ပုဒ်မခွဲ (၇)အရ အစိုးရက စီမံခန့်ခွဲသည့်၊ သို့မဟုတ် စီမံခန့်ခွဲပြီးဖြစ်သည့် ပစ္စည်းပိုင်ရှင်သည် ဝရမ်းကပ်သည့် နေ့ရက်မှနှစ်နှစ်အတွင်း မိမိအလိုလျောက် လာရောက်ခဲ့လျှင် သို့မဟုတ် ထိုသူကို ဖမ်းမိပြီး ပစ္စည်းကိုဝရမ်းကပ်သည့်တရားရုံးရှေ့သို့ ခေါ်ယူခဲ့လျှင်၊ သို့မဟုတ် အဆိုပါတရားရုံး၏ လက်အောက်ခံတရားရုံးရှေ့သို့ ခေါ်ယူခဲ့လျှင်၊ ထို့ပြင် ဝရမ်းအတည်ပြုခြင်းကို ရှောင်ကွင်းရန်ကိစ္စအလို့ငှာ တိမ်းရှောင်ခဲ့ခြင်း၊ သို့မဟုတ် ပုန်းကွယ်နေခဲ့ခြင်းမဟုတ်ကြောင်း အဆိုပါတရားရုံးက ကျေနပ်လောက်အောင် ထိုသူက ထုချေရှင်းလင်းနိုင်ခဲ့လျှင်၊ ထို့ပြင် မိမိအနေဖြင့် ကြေညာချက်တွင် သီးခြားဖော်ပြထားသည့် အချိန်အတွင်း တရားရုံးရှေ့သို့ လာရောက်နိုင်ရန် အဆိုပါကြေညာချက်ကို မသိခဲ့ကြောင်း အဆိုပါတရားရုံးက ကျေနပ်လောက်အောင် ထုချေဖြေရှင်းနိုင်ခဲ့လျှင် အဆိုပါပစ္စည်းကို သို့မဟုတ်၊ ထိုပစ္စည်းကို ရောင်းချပြီးဖြစ်ပါက ရောင်းရသည့် အသားတင်ငွေကို၊ သို့မဟုတ် ထိုပစ္စည်းအနက် တစ်ချို့တစ်ဝက်ကိုသာ ရောင်းချခဲ့ပြီးဖြစ်လျှင် ထိုရောင်းချရသည့် အသားတင်ငွေနှင့် ကျန်ပစ္စည်းကို ဝရမ်းကပ်ရသည့်အတွက် ကုန်ကျခဲ့သည့် စရိတ်အားလုံးကို နုတ်ယူ၍ ထိုသူအား ပေးအပ်ရမည်။

ဝရမ်းကပ်ထားသည့်ပစ္စည်းကို ပြန်ပေးအပ်ခြင်း။

## ဃ။ အမိန့်ဆင့်စာများနှင့် သက်ဆိုင်သော အခြားနည်းဥပဒေများ

၉၀။ ဂျူရီလူကြီးများမှတစ်ပါး မည်သူမဆို တရားရုံးသို့ ရောက်ရှိစေရန် ဤဥပဒေအရ သမ္မန်စာထုတ်ဆင့်ပိုင်ခွင့် ပေးအပ်ထားသည့် မည်သည့်အမှု၌မဆို –

(က) သမ္မန်စာမထုတ်ဆင့်မီဖြစ်စေ၊ သမ္မန်စာထုတ်ဆင့်ပြီးသော်လည်း တရားရုံးသို့ လာရောက်ရန် သတ်မှတ်ထားချိန်မတိုင်မီတွင်ဖြစ်စေ၊ ထိုသူသည် ထွက်ပြေးတိမ်းရှောင်သွားပြီးဖြစ်ကြောင်း၊ သို့မဟုတ် သမ္မန်စာကို လိုက်နာလိမ့်မည် မဟုတ်ကြောင်း တရားရုံးက ယုံကြည်ရန်အကြောင်းရှိလျှင်၊ သို့မဟုတ်

(ခ) အဆိုပါ သတ်မှတ်ထားသည့်အချိန်တွင် ထိုသူသည် ရောက်ရှိရန် ပျက်ကွက်နေပြီး၊ သမ္မန်စာအတိုင်း လာရောက်ရန် သမ္မန်စာကို ထိုသူ့ထံ အချိန်မီ နည်းလမ်းတကျ ချအပ်ပြီးကြောင်း ထင်ရှား၍ ထိုကဲ့သို့ ပျက်ကွက်မှုအတွက် ယုတ္တိရှိသည့် အကြောင်းပြချက်မပေးနိုင်လျှင်

တရားရုံးသည် မိမိ၏ အကြောင်းပြချက်များကို ရေးမှတ်လျက် ထိုသူအား ဖမ်းဆီးရန် ဝရမ်းထုတ်နိုင်သည်။

သမ္မန်စာအစားဖြစ်စေ၊ သမ္မန်စာအပြင်ဖြစ်စေ ဝရမ်းထုတ်ခြင်း။

၉၁။ သမ္မန်စာ၊ သို့မဟုတ် ဝရမ်းထုတ်ဆင့်ခွင့်အာဏာရှိသည့် တရားရုံး၏ အကြီးအကဲ အရာရှိက တရားရုံးသို့ ရောက်ရှိရန်ဖြစ်စေ၊ ဖမ်းဆီးရန်ဖြစ်စေ၊ သမ္မန်စာ၊ သို့မဟုတ် ဝရမ်းထုတ်ဆင့်ခြင်းခံရမည့်သူသည် အဆိုပါတရားရုံးတွင် ရောက်ရှိနေခဲ့လျှင် အဆိုပါအရာရှိသည် တရားရုံးသို့ ထိုသူရောက်ရှိစေရန်အတွက် အာမခံသူများနှင့်ဖြစ်စေ၊ အာမခံသူများ မပါဘဲဖြစ်စေ ခံဝန်ချုပ်ဆိုစေရန် တောင်းဆိုနိုင်သည်။

ရောက်ရှိရန် ခံဝန်ချုပ် ချုပ်ဆိုစေနိုင်သည့် အာဏာ။

၉၂။ မည်သူမဆို ဤဥပဒေအရ ချုပ်ဆိုထားသည့် ခံဝန်ချုပ်နှင့်အညီ တရားရုံးတစ်ရုံးသို့ ရောက်ရှိစေရန် တာဝန်ရှိလျက်နှင့် မရောက်ရှိဘဲနေခဲ့လျှင် အဆိုပါတရားရုံးအကြီးအကဲအရာရှိသည် ထိုသူကို ဖမ်းဆီး၍ တရားရုံးရှေ့မှောက်သို့ တင်ပို့စေရန် ဝရမ်းထုတ်ဆင့်နိုင်သည်။ ရောက်ရှိရန် ချုပ်ဆို ထားသည့် ခံဝန်ချုပ် ဖောက်ဖျက်၍ ဖမ်းဆီးခြင်း။

၉၃။ သမ္မန်စာများ၊ ဝရမ်းနှင့် ယင်းတို့ကို ထုတ်ဆင့်ခြင်း၊ ချအပ်ခြင်း၊ အတည်ပြုခြင်းတို့နှင့် စပ်ဆိုင်သော ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ထုတ်ဆင့်သည့် သမ္မန်စာတိုင်း၊ ဝရမ်းတိုင်းနှင့် သက်ဆိုင်နိုင်သမျှ သက်ဆိုင်စေရမည်။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် သမ္မန်စာများ၊ ဖမ်းဝရမ်းများနှင့် ယေဘုယျအားဖြင့် သက်ဆိုင်ခြင်း။

## အခန်း ၇

## စာတမ်းအမှတ်အသားများနှင့် အခြားရွှေ့ပြောင်းနိုင်သောပစ္စည်းများကို တင်ပြစေနှင့် မတရားချုပ်နှောင်ခံရသူများကို ရှာဖွေတွေ့ရှိရန်အတွက် အမိန့်ဆင့်စာများ

### က။ တင်ပြစေရန် သမ္မန်စာ

၉၄။ (၁) မည်သည့်တရားရုံး၊ သို့မဟုတ် ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးမဆို၊ မိမိက သို့မဟုတ် မိမိရှေ့မှောက်တွင် မေးမြန်းစုံထောက်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ စစ်ဆေးစီရင်ခြင်း၊ သို့မဟုတ် ဤဥပဒေအရ အခြားမှုခင်းကိစ္စအလို့ငှာ စာတမ်းအမှတ်အသား တစ်စုံတစ်ရာကိုဖြစ်စေ၊ အခြားအရာဝတ္ထုကိုဖြစ်စေ တင်ပြရန်လိုအပ်သည်။ သို့မဟုတ် လိုလားသည်ဟု ယူဆလျှင် အဆိုပါ စာတမ်းအမှတ်အသား၊ သို့မဟုတ် အရာဝတ္ထုလက်ဝယ်ရှိသူ၊ သို့မဟုတ် ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ အာဏာရှိသည်ဟု ယုံကြည်ရသူအနေဖြင့် ယင်းပစ္စည်းကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် လာရောက်တင်ပြရမည်၊ သို့မဟုတ် တင်ပြရမည်ဟု ဖော်ပြထားသော သမ္မန်စာတစ်စောင်၊ သို့မဟုတ် အမိန့်စာတစ်စောင်ကို ထုတ်ဆင့်နိုင်သည်။ စာတမ်းအမှတ်အသား၊ သို့မဟုတ် အခြားအရာဝတ္ထု တင်ပြစေရန် သမ္မန်စာ။

(၂) ဤပုဒ်မအရ စာတမ်းအမှတ်အသားတစ်ခုကိုဖြစ်စေ၊ အခြားအရာဝတ္ထုကိုဖြစ်စေ တင်ပြန်ရန်သာ လိုအပ်သည့် မည်သူမဆိုသည် ကိုယ်တိုင်မလာရောက်ဘဲ ယင်းပစ္စည်းကို တင်ပြစေလျှင် ဤပုဒ်မအရ လိုက်နာဆောင်ရွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(၃) ဤပုဒ်မပါ မည်သည့်အချက်ကမျှ သက်သေခံ အက်ဥပဒေပုဒ် ၁၂၃ နှင့် ၁၂၄ တို့ကို မထိခိုက်စေရဟုလည်းကောင်း၊ စာတိုက်၊ သို့မဟုတ် ကြေးနန်းအာဏာပိုင်များက ထိန်းသိမ်းထားသော ချောစာ၊ ပို့စကတ်၊ ကြေးနန်းစာ၊ သို့မဟုတ် အခြားစာတမ်းအမှတ်အသား၊ သို့မဟုတ် မည်သည့်ပါဆယ်ထုပ်၊ သို့မဟုတ် အရာဝတ္ထုနှင့်မျှ မသက်ဆိုင်စေရဟုလည်းကောင်း မှတ်ယူရမည်။

ချောစာများ ကြေးနန်းစာများနှင့် စပ်လျဉ်းသည့် လိုက်နာရန် ကျင့်ထုံး။

၉၅။ (၁) အဆိုပါ ထိန်းသိမ်းထားသော စာတမ်းအမှတ်အသား၊ ပါဆယ်ထုပ်၊ သို့မဟုတ် အရာဝတ္ထုတစ်စုံတစ်ရာသည် မည်သည့်မေးမြန်းစုံထောက်မှု၊ စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု၊ သို့မဟုတ် ဤဥပဒေအရ အခြားမှုခင်းကိစ္စအလို့ငှာ လိုအပ်သည်ဟု ခရိုင်ရာဇဝတ်တရားသူကြီး၊ တရားလွှတ်တော်၊ သို့မဟုတ် စက်ရှင်တရားရုံးက ထင်မြင်ယူဆလျှင် အဆိုပါ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးသည် ဆိုခဲ့သည့် စာတမ်းအမှတ်အသား၊ ပါဆယ်ထုပ်၊ သို့မဟုတ် အရာဝတ္ထုကို ယင်း ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးက ညွှန်ကြားသူသို့ ပေးအပ်စေရန် စာတိုက်၊ သို့မဟုတ် ကြေးနန်းအာဏာပိုင် သက်ဆိုင်ရာရာများအား ဆင့်ဆိုနိုင်သည်။

(၂) အကယ်၍ အဆိုပါ စာတမ်းအမှတ်အသား၊ ပါဆယ်ထုပ်၊ သို့မဟုတ် အရာဝတ္ထုတစ်ခုခုသည် ဖော်ပြပါကိစ္စမျိုးအတွက် လိုအပ်သည်ဟု အခြားရာဇဝတ်တရားသူကြီးတစ်ဦးဦးကဖြစ်စေ၊ ရဲမင်းကြီးကဖြစ်စေ၊ ခရိုင်ရဲဝန်တစ်ဦးဦးကဖြစ်စေ ထင်မြင်ယူဆလျှင် ထိုသူအနေဖြင့် စာတိုက်၊ သို့မဟုတ် ကြေးနန်းဌာန သက်ဆိုင်ရာရာသို့ အကြောင်းကြား၍ အဆိုပါခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးက အမိန့်မချမှတ်မီ အတောအတွင်း ယင်းစာတမ်းအမှတ်အသား၊ ပါဆယ်ထုပ်၊ သို့မဟုတ် အရာဝတ္ထုကို ရှာဖွေသိမ်းဆည်းထားစေရန် ဆင့်ဆိုနိုင်သည်။

### ခ။ ရှာဖွေဝရမ်းများ

မည်သည့်အခါတွင်ရှာဖွေဝရမ်းထုတ်ဆင့်နိုင်ခြင်း။

၉၆။ (၁) မည်သည့်တရားရုံးမဆို ပုဒ်မ ၉၄အရ သမ္မန်စာ၊ သို့မဟုတ် အမိန့်စာကိုဖြစ်စေ၊ ပုဒ်မ ၉၅ ပုဒ်မခွဲ (၁)အရ ဆင့်ဆိုချက်တစ်ရပ်ကိုဖြစ်စေ ထုတ်ဆင့်ခံထားရသူ၊ သို့မဟုတ် ထုတ်ဆင့်ခံရမည့်သူသည် ယင်းသမ္မန်စာ၊ သို့မဟုတ် ဆင့်ဆိုချက်အရ အလိုရှိသည့် စာတမ်းအမှတ်အသားကိုဖြစ်စေ၊ သို့မဟုတ် အခြားအရာဝတ္ထုကိုဖြစ်စေ မတင်ပြဘဲနေလိမ့်မည်ဟု ယုံကြည်ရန်အကြောင်းရှိသည့်အခါ –

သို့မဟုတ် အဆိုပါ စာတမ်းအမှတ်အသား၊ သို့မဟုတ် အရာဝတ္ထုသည် မည်သူ၏လက်ဝယ်တွင်ရှိနေသည်ကို တရားရုံးက မသိသည့်အခါ –

သို့မဟုတ် ဤဥပဒေအရ စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု၊ သို့မဟုတ် အခြားမှုခင်းကိစ္စအတွက် ယေဘုယျရှာဖွေခြင်း၊ သို့မဟုတ် စစ်ဆေးကြည့်ရှုခြင်းဖြင့် အထောက်အကူပြုလိမ့်မည်ဟု တရားရုံးက ယူဆသည့်အခါ –

ထိုတရားရုံးသည် ရှာဖွေဝရမ်းကို ထုတ်ဆင့်နိုင်သည်။ ထို့ပြင် ထိုဝရမ်းကို အတည်ပြုရန် ညွှန်ကြားခြင်းခံရသူသည် ဝရမ်းပါအချက်များနှင့် အောက်ပါပြဋ္ဌာန်းချက်များနှင့်အညီ ရှာဖွေနိုင်သည်။ သို့မဟုတ် စစ်ဆေးနိုင်သည်။

(၂) စာပို့ဌာနအာဏာပိုင်များ၊ သို့မဟုတ် ကြေးနန်းဌာနအာဏာပိုင်များ၏ ထိန်းသိမ်းမှုအောက်တွင်ရှိ စာတမ်းအမှတ်အသား၊ ပါဆယ်ထုပ်၊ သို့မဟုတ် အခြားအရာဝတ္ထုကို ရှာဖွေရန်အတွက် ခရိုင်ရာဇဝတ်တရားသူကြီးမှတစ်ပါး အခြားမည်သည့်ရာဇဝတ်တရားသူကြီးကိုမျှ ဝရမ်းထုတ်ဆင့်ရန် ဤပုဒ်မပါ မည်သည့်အချက်ကမျှ အခွင့်အာဏာမပေးအပ်စေရ။

ဝရမ်းကို သတ်မှတ် ကန့်သတ်ရန်အာဏာ။

၉၇။ တရားရုံးက သင့်သည်ဟု ထင်မြင်လျှင် မည်သည့်နေရာ၊ သို့မဟုတ် ထိုနေရာ၏အစိတ်အပိုင်းတွင်သာ ရှာဖွေရမည်၊ သို့မဟုတ် ကြည့်ရှုစစ်ဆေးရမည်ဟူ၍ ဝရမ်းတွင် သီးခြားဖော်ပြနိုင်သည်။ ထို့ပြင် အဆိုပါဝရမ်းကို အတည်ပြုရန် တာဝန်ပေးအပ်ခြင်းခံရသူသည် ထိုကဲ့သို့ သီးခြားဖော်ပြထားသည့်နေရာ၊ သို့မဟုတ် နေရာ၏အစိတ်အပိုင်းကိုသာ ရှာဖွေရမည်။ သို့မဟုတ် ကြည့်ရှုစစ်ဆေးရမည်။

ခိုးရာပါပစ္စည်း လိမ်လည်အတုပြုလုပ်ထားသော စာတမ်းအမှတ်အသားများ စသည်တို့ ရှိနေကြောင်း မသင်္ကာဖွယ်ရာ နေအိမ်တွင် ရှာဖွေခြင်း။

၉၈။ (၁) ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးက သတင်းရ၍ မိမိလိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း စုံစမ်းစစ်ဆေးပြီးနောက် တစ်စုံတစ်ခုသောနေရာကို ခိုးရာပါပစ္စည်းထားသိုရာ၊ သို့မဟုတ် ရောင်းချရာနေရာအဖြစ် အသုံးပြုနေသည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် –

သို့မဟုတ် လိမ်လည်အတုပြုလုပ်ထားသော စာရွက်စာတမ်း အမှတ်အသားများ၊ တံဆိပ်အတုများ၊ တံဆိပ်ခေါင်းအတုများ၊ ဒင်္ဂါးအတုများ၊ ဒင်္ဂါး၊ သို့မဟုတ် တံဆိပ်ခေါင်းများကို အတုပြုလုပ်သည့်ကိရိယာများ၊ ပစ္စည်းများထားသိုရာ၊ သို့မဟုတ် ရောင်းချရာနေရာအဖြစ် အသုံးပြုနေသည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် –

သို့မဟုတ် အတုပြုလုပ်ထားသော စာတမ်းအမှတ်အသားများ၊ တံဆိပ်တုများ၊ တံဆိပ်ခေါင်းအတုများ၊ ဒင်္ဂါးအတုများ၊ သို့မဟုတ် ဒင်္ဂါးအတုများနှင့် တံဆိပ်ခေါင်းအတုများ ပြုလုပ်သည့် ကိရိယာများ၊ ထိုပစ္စည်းများကို တစ်နေရာတွင် ထားသိုသည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် –

သို့မဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးတစ်ဦးကဖြစ်စေ၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးတစ်ဦးကဖြစ်စေ သတင်းရ၍ မိမိလိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း စုံစမ်းစစ်ဆေးပြီးနောက် တစ်စုံတစ်ခုသော နေရာကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၂ တွင် ရည်ညွှန်းထားသည့် ညစ်ညမ်းသော အရာဝတ္ထု တစ်စုံတစ်ရာ ထားသိုရာ၊ ရောင်းချရာ၊ သို့မဟုတ် ထုတ်လုပ်ရာ နေရာအဖြစ် အသုံးပြုနေသည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင်၊ သို့မဟုတ် အဆိုပါ ညစ်ညမ်းသော အရာဝတ္ထုများ တစ်နေရာရာတွင် သိမ်းဆည်းထားသည်၊ အပ်နှံထားသည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် ရဲသားထက်အဆင့်မြင့်သော မည်သည့်ရဲအရာရှိကိုမဆို ဝရမ်းဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရန် အခွင့်အာဏာ အပ်နှင်းနိုင်သည် –

(က) အဆိုပါနေရာကို လိုအပ်သည့်အကူအညီများဖြင့် ဝင်ရောက်ရန်၊ ၎င်းပြင်

(ခ) ဝရမ်းစာတွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း ထိုနေရာတွင် ရှာဖွေရန်၊ ၎င်းပြင်

(ဂ) ထိုနေရာတွင် တွေ့ရှိရပြီး၊ ခိုးရာပါပစ္စည်းဖြစ်ကြောင်း၊ တရားမဝင်ရရှိထားကြောင်း၊ လိမ်လည်အတုပြုလုပ်ထားကြောင်းဖြင့် သင်္ကာမကင်းဖြစ်ရန် ယုတ္တိတန်သည့်ပစ္စည်း၊ စာတမ်းအမှတ်အသားများ၊ တံဆိပ်၊ တံဆိပ်ခေါင်းများ၊ သို့မဟုတ် ဒင်္ဂါးများ စသည်တို့အပြင် အထက်ပါ ကိရိယာများနှင့် ပစ္စည်းများ၊ သို့မဟုတ် ညစ်ညမ်းသော အရာဝတ္ထုများ စသည်တို့ကို လက်ရောက်သိမ်းယူရန်၊ ၎င်းပြင်

(ဃ) အဆိုပါပစ္စည်းများ၊ စာတမ်းအမှတ်အသားများ၊ တံဆိပ်ခေါင်းများ၊ ဒင်္ဂါးများ၊ ကိရိယာများ၊ အရာဝတ္ထုများ၊ သို့မဟုတ် အဆိုပါညစ်ညမ်းသော အရာဝတ္ထုများကို ရာဇဝတ်တရားသူကြီးတစ်ဦးရှေ့သို့ ပို့ဆောင်ပေးရန်၊ သို့မဟုတ် ပြစ်မှုကျူးလွန်သူကို ရာဇဝတ်တရားသူကြီးရှေ့သို့ ခေါ်ဆောင်မသွားနိုင်မီ အဆိုပါ ပစ္စည်းများကို တွေ့ရှိသည့်နေရာတွင် ထိန်းသိမ်းစောင့်ရှောက်ထားရန်၊ သို့မဟုတ် လုံခြုံသည့်နေရာတွင် ထိုပစ္စည်းများကို အခြားနည်းဖြင့် စီစဉ်ထားရှိရန်၊ ၎င်းပြင်

ခိုးရာပါပစ္စည်း လိမ်လည်အတုပြုလုပ်ထားသော စာတမ်းအမှတ်အသားများ စသည်တို့ရှိနေကြောင်း မသင်္ကာဖွယ်ရာ နေအိမ်တွင် ရှာဖွေခြင်း။

(၁) ဆိုခဲ့သည့်နေရာတွင် တွေ့ရှိပြီး ထိုပစ္စည်းများ၊ စာတမ်းအမှတ်အသားများ၊ တံဆိပ်များ၊ တံဆိပ်ခေါင်းများ၊ ဒင်္ဂါးများ၊ ကိရိယာများ၊ သို့မဟုတ် အရာဝတ္ထုများ၊ သို့မဟုတ် ညစ်ညမ်းသော အရာဝတ္ထုများသည် ခိုးရာပါ သို့မဟုတ် အခြားနည်းဖြင့် တရားမဝင်ရရှိထားကြောင်း၊ သို့မဟုတ် အဆိုပါ စာတမ်းအမှတ်အသားများ၊ တံဆိပ်များ၊ တံဆိပ်ခေါင်းများ၊ ဒင်္ဂါးများ၊ ကိရိယာများ၊ သို့မဟုတ် အရာဝတ္ထုများသည် လိမ်လည်အတုပြုလုပ်ထားကြောင်း၊ သို့မဟုတ် လိမ်လည်တုပထားကြောင်း၊ သို့မဟုတ် အဆိုပါကိရိယာများ၊ အရာဝတ္ထုများမှာ ဒင်္ဂါးအတုများ၊ တံဆိပ်တုများ ပြုလုပ်ရာတွင်ဖြစ်စေ၊ လိမ်လည်အတုပြုလုပ်ရာတွင်ဖြစ်စေ အသုံးပြုရန် ရည်ရွယ်ခဲ့သော၊ သို့မဟုတ် ရည်ရွယ်ထားသော ပစ္စည်းကိရိယာများဖြစ်ကြောင်း၊ သို့မဟုတ် အဆိုပါညစ်ညမ်းသော အရာဝတ္ထုများသည် ရောင်းချရန်၊ ငှားရမ်းရန်၊ ဖြန့်ချိရန်၊ အများပြည်သူရှေ့မှောက်တွင် ပြသရန်၊ ဖြန့်ဝေရန်၊ တင်သွင်းရန်၊ သို့မဟုတ် တင်ပို့ရန် ရည်ရွယ်ခဲ့သော၊ သို့မဟုတ် ရည်ရွယ်ထားသော အရာဝတ္ထုများဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ သို့မဟုတ် ထိုသို့ဖြစ်နိုင်ကြောင်း သင်္ကာမကင်းစရာ အကြောင်းရှိလျက်နှင့်ဖြစ်စေ အဆိုပါပစ္စည်းကိရိယာများ ထားသိုရာ၊ ရောင်းချရာ၊ ထုတ်လုပ်ရာ၊ သို့မဟုတ် သိမ်းဆည်းရာတို့တွင် ပါဝင်ပတ်သက်ရန် လက္ခဏာရှိသူတိုင်းကို ဖမ်းဆီးပြီး ရာဇဝတ်တရားသူကြီးတစ်ဦး၏ ရှေ့မှောက်သို့ ပို့ဆောင်ပေးရန်။

(၂) ဤပုဒ်မတွင် –

(က) အတုပြုထားသည့်ဒင်္ဂါး –

(ခ) အတုပြုလုပ်ထားကြောင်း သင်္ကာမကင်းဖွယ်ရာရှိသည့် ဒင်္ဂါးနှင့်

(ဂ) ဒင်္ဂါးများကို အတုပြုလုပ်ရန် ကိရိယာများ၊ သို့မဟုတ် အရာဝတ္ထုများနှင့် စပ်လျဉ်း၍ ပါရှိသည့် ပြဋ္ဌာန်းချက်များသည် အောက်ပါတို့နှင့် သက်ဆိုင်နိုင်သမျှ သက်ဆိုင်စေရမည် –

(က) ငွေသုံးသတ္တုအက်ဉပဒေကို ကျူးလွန်၍ ခတ်လုပ်ထားသော သတ္တုအပိုင်းအစများ၊ သို့မဟုတ် ပင်လယ်အကောက်ခွန် အက်ဥပဒေပုဒ်မ ၁၉အရ တည်ဆဲဖြစ်သော အမိန့်ကြော်ငြာစာ တစ်ခုခုကို ကျူးလွန်၍ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ သွင်းယူခဲ့သည့် သတ္တုအပိုင်းအစများ၊

(ခ) ဆိုခဲ့သည့်အတိုင်း ခတ်လုပ်ထားကြောင်း၊ သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဆိုခဲ့သည့်အတိုင်း သွင်းယူခဲ့ကြောင်း၊ သို့မဟုတ် ဆိုခဲ့သည့် အက်ဥပဒေများကို ကျူးလွန်၍ ထုတ်သုံးရန် ရည်ရွယ်ကြောင်း သင်္ကာမကင်းရန်ရှိသည့် သတ္တုအပိုင်းအစများနှင့်

(ဂ) ထိုအက်ဥပဒေကို ကျူးလွန်ပြီး သတ္တုအပိုင်းအစများ ပြုလုပ်ရန်အတွက် ကိရိယာများ၊ သို့မဟုတ် အရာဝတ္ထုများ။

စီရင်ပိုင်ခွင့်အာဏာနယ်မြေပြင်ပတွင် ရှာဖွေရာ၌ တွေ့ရှိသည့် အရာဝတ္ထုများကို စီမံခန့်ခွဲခြင်း။

၉၉။ ရှာဖွေဝရမ်းထုတ်သည့် တရားရုံးစီရင်ပိုင်ခွင့်အာဏာ နယ်မြေပြင်ပရှိ တစ်နေရာရာတွင် ရှာဖွေဝရမ်းကို အတည်ပြုရာ၌ ရှာဖွေသည့် ပစ္စည်းတစ်စုံတစ်ရာကို တွေ့ရှိသောအခါ ထိုပစ္စည်းများကို အောက်ပါပြဋ္ဌာန်းချက်များနှင့်အညီ ပြုစုထားသော ပစ္စည်းစာရင်းနှင့်အတူ ဝရမ်းထုတ်သည့်တရားရုံးသို့ ချက်ချင်း ယူဆောင်သွားရမည်။ သို့သော် အဆိုပါနေရာသည် ယင်းတရားရုံးထက် ထိုအရပ်ကို စီရင်ပိုင်ခွင့်အာဏာရှိသော ရာဇဝတ်တရားသူကြီးနှင့် ပိုမိုနီးကပ်ခဲ့လျှင် ယင်းပစ္စည်းများနှင့် စာရင်းကို အဆိုပါရာဇဝတ်တရားသူကြီးရှေ့သို့ ချက်ချင်း ယူဆောင်သွားရမည်။ ထို့ပြင် အခြားနည်းဆောင်ရွက်ရန် အကြောင်းထူးမရှိလျှင် အဆိုပါရာဇဝတ် တရားသူကြီးသည် ထိုပစ္စည်းများနှင့် စာရင်းတို့ကို ဝရမ်းထုတ်ဆင့်သည့် တရားရုံးသို့ ယူဆောင်သွားစေရန် အမိန့်ချမှတ်ရမည်။

ပုံနှိပ်ထုတ်ဝေသည့် သတင်းစာ၊ စာအုပ်စတမ်းအချို့ကို သိမ်းယူကြောကြော်ငြာရန်နှင့် ထိုအရာများအတွက် ရှာဖွေဝရမ်းများ ထုတ်ဆင့်ရန် အာဏာ။

၉၉က။ (၁) အကယ်၍ -

(က) ပုံနှိပ်တိုက် (မှတ်ပုံတင်) အက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် သတင်းစာ၊ သို့မဟုတ် စာအုပ်၊ သို့မဟုတ်

(ခ) မည်သည့်စာတမ်းအမှတ်အသားမဆို

မည်သည့်နေရာတွင် ပုံနှိပ်သည်ဖြစ်စေ အစိုးရကို အကြည်ညိုပျက်စေသည့် ရေးသားချက်တစ်စုံတစ်ရာ၊ သို့မဟုတ် ပြည်ထောင်စုနိုင်ငံ၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း၊ ပြည်ထောင်စု အဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း အနိုင်အထက်ဖြစ်စေ၊ သို့မဟုတ် သောင်းကျန်းသောနည်းဖြင့်ဖြစ်စေ ဖြိုဖျက်ရန်၊ သို့မဟုတ် ဖျက်ဆီးရန်တာဝန်ဝတ္တရားရှိအပ်သည်၊ သို့မဟုတ် လိုလားအပ်သည်၊ သို့မဟုတ် တောင့်တအပ်သည်၊ သို့မဟုတ် လျော်ကန်သင့်မြတ်သည်ဟု နှိုးဆော်သော၊ သိမဟုတ် အကြံပေးသော၊ သို့မဟုတ် သင်ကြားသော ရေးသားချက် တစ်စုံတစ်ရာသော်လည်းကောင်း၊ သို့မဟုတ် မြန်မာနိုင်ငံတွင် နေထိုင်သူ အမျိုးအစားတစ်ခုနှင့် တစ်ခု ရန်ငြိုးစိတ်ထားအောင်၊ သို့မဟုတ် မုန်းတီးစိတ်ထားအောင် အားပေးသည့်၊ သို့မဟုတ် အားပေးရန် ကြံရွယ်သည့် ရေးသားချက်တစ်စုံတစ်ရာကိုသော်လည်းကောင်း၊ သို့မဟုတ် အဆိုပါသူတစ်စား ကိုးကွယ်သည့်ဘာသာသာသနာကိုဖြစ်စေ၊ ဘာသာ သာသနာရေးယုံကြည်မှုကိုဖြစ်စေ စော်ကားခြင်းဖြင့် ထိုသူတစ်စား၏ ဘာသာရေးစိတ်ကို နာကျည်းစေရန် တမင်မသမာသောစိတ်ဖြင့် ကြံရွယ်ချက်ရှိသော ရေးသားချက်တစ်စုံတစ်ရာသော်လည်းကောင်း၊ တစ်နည်းဆိုရလျှင် ပုံနှိပ်ထုတ်ဝေခြင်းပြုပါက ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၄က (သို့မဟုတ် ပုဒ်မ ၁၂၄ခ)၊ သို့မဟုတ် ပုဒ်မ ၁၅၃ က၊ သို့မဟုတ် ပုဒ်မ ၂၉၅ကအရ ပြစ်ဒဏ်ချမှတ်နိုင်သော ရေးသားချက် တစ်စုံတစ်ရာသော်လည်းကောင်း ပါရှိသည်ဟု နိုင်ငံတော်သမ္မတက ယူဆလျှင် ယင်းရေးသားချက်မျိုး ပါရှိသည့် သတင်းစာတိုင်း၊ စာအုပ်တိုင်း၊ သို့မဟုတ် အခြား စာတမ်းအမှတ်အသားများကို အစိုးရက သိမ်းယူကြောင်း နိုင်ငံတော်သမ္မတက မိမိ၏ ထင်မြင်ယူဆချက်ကို ဖော်ပြလျက် နိုင်ငံတော်ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာနိုင်သည်။ ယင်းကဲ့သို့ အမိန့်ကြော်ငြာစာထုတ်ပြန်သည်နှင့်တစ်ပြိုင်နက် မည်သည့်ရဲအရာရှိမဆို အဆိုပါသတင်းစာ၊ စာအုပ်၊ သို့မဟုတ် စာတမ်းအမှတ်အသားကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တွေ့ရှိသည့်နေရာတွင် သိမ်းယူနိုင်သည်။ ထို့ပြင် ယင်းသတင်းစာ၊ စာအုပ်၊ သို့မဟုတ် စာတမ်းအမှတ်အသားတစ်စောင်စောင် ရှိနိုင်သော၊ သို့မဟုတ် ရှိနိုင်သည်ဟု သံသယရှိစရာ အကြောင်းလုံလောက်သော မည်သည့်ဥပစာကိုမဆို ဝင်ရောက်ရှာဖွေရန် ဒုတိယရဲအုပ်ထက် အဆင့်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ရာဇဝတ်တရားသူကြီးတစ်ဦးက ဝရမ်းထုတ်ပေးနိုင်သည်။

(၂) ပုဒ်မခွဲ (၁)မှ 'စာတမ်းအမှတ်အသား' တွင် ပန်းချီကား၊ ရေးဆွဲထားသည့်ပုံ၊ သို့မဟုတ် ဓာတ်ပုံ၊ သို့မဟုတ် အခြားထင်ရှားသော ပုံသဏ္ဌာန်လည်း ပါဝင်သည်။

သိမ်းယူမိန့်ကို ပယ်ဖျက် ပေးရန် တရားလွှတ်တော်သို့ လျှောက်ထားခြင်း

၉၉ခ။ ပုဒ်မ ၉၉က အရ သိမ်းယူမိန့် ထုတ်ပြန်ထားသော သတင်းစာ၊ စာအုပ်၊ သို့မဟုတ် အခြား စာတမ်းအမှတ်အသားနှင့် အကျိုးသက်ဆိုင်သူ မည်သူမဆို ယင်းသို့ သိမ်းယူမိန့်ထုတ်ပြန်ထားသည့် သတင်းစာ၊ စာအုပ်၊ သို့မဟုတ် အခြားစာတမ်းအမှတ်အသားတွင် မည်သည့်အကြည်ညိုပျက်စေသော ရေးသားချက်မျှ သို့မဟုတ် ပုဒ်မ ၉၉ က၏ ပုဒ်မခွဲ (၁)တွင် ရည်ညွှန်းထားသော ရေးသားချက်မျိုး မပါဝင်ကြောင်း အကြောင်းပြပြီး အဆိုပါ အမိန့်ကို ပယ်ဖျက်ပေးရန် အမိန့်ထုတ်သည့်နေ့ရက်မှ နှစ်လအတွင်း တရားလွှတ်တော်သို့ လျှောက်ထားနိုင်သည်။

အထူးခုံအဖွဲ့ဖြင့် ကြားနာခြင်း။

၉၉ဂ။ ဤကဲ့သို့သော လျှောက်ထားမှုတိုင်းကို တရားသူကြီးသုံးဦးပါဝင်သော တရားလွှတ်တော်၏ အထူးခုံအဖွဲ့တစ်ဖွဲ့က ကြားနာပြီး ဆုံးဖြတ်ပေးရမည်။

သိမ်းယူခြင်းကို ပယ်ဖျက်သည့် အထူးခုံအဖွဲ့၏ အမိန့်။

၉၉ဃ။ (၁) အထူးခုံအဖွဲ့သည် လျှောက်လွှာကို လက်ခံရရှိသောအခါ လျှောက်ထားမှုနှင့် စပ်လျဉ်းသည့် သတင်းစာ၊ စာအုပ်၊ သို့မဟုတ် အခြားစာတမ်းအမှတ်အသားတွင် အကြည်ညိုပျက်စေသော၊ သို့မဟုတ် ပုဒ်မ ၉၉က ၏ ပုဒ်မခွဲ (၁)တွင် ရည်ညွှန်းထားသော ရေးသားချက်မျိုး ပါရှိသည်ဟူသော အချက်ကို ကျေနပ်မှုမရှိလျှင် သိမ်းယူမိန့်ကို ပယ်ဖျက်ပေးရမည်။

(၂) အထူးခုံအဖွဲ့တွင် ပါဝင်သော တရားသူကြီးအချင်းချင်း အယူအဆကွဲလွဲမှုများ ပေါ်ပေါက်လာလျှင် တရားသူကြီးများရာ၏ အယူအဆအတိုင်း အဆုံးအဖြတ် ပေးရမည်။

သတင်းစာများ၏ သဘောသဘာဝ သို့မဟုတ် ဦးတည်ချက်ကို ထင်ရှားစေရန် သက်သေခံချက်။

၉၉င။ သတင်းစာတစ်စောင်စောင်နှင့် ပတ်သက်သော အဆိုပါ လျှောက်ထားမှုကို ကြားနာသောအခါ သိမ်းယူမိန့် ထုတ်ထားသည့် အဆိုပါသတင်းစာတွင် ပါရှိသော စကားလုံးများ၊ အမှတ်အသားများ၊ သို့မဟုတ် ထင်ရှားသော ပုံသဏ္ဌာန်များ၏ သဘောသဘာဝ၊ သို့မဟုတ် ဦးတည်ချက်တို့အတွက် အထောက်အထားအနေဖြင့် ယင်းသတင်းစာတစ်စောင်ကို သက်သေခံအဖြစ် တင်သွင်းနိုင်သည်။

တရားလွှတ်တော်၏ ကျင့်ထုံး

၉၉စ။ တရားလွှတ်တော်သည် ဤကဲ့သို့ လျှောက်ထားမှုများတွင် လိုက်နာရမည့်ကျင့်ထုံး၊ တရားစရိတ်နှင့် ချမှတ်သည့်အမိန့်များအတိုင်း ဆက်လက်ဆောင်ရွက်ခြင်းတို့နှင့် သက်ဆိုင်ရာ နည်းဥပဒေများကို အဆင်ပြေနိုင်သမျှ ဆောလျင်စွာ ရေးဆွဲရမည်။ ၎င်းပြင် နည်းဥပဒေများကို မရေးဆွဲနိုင်မီ တရားမကြီးမှုများနှင့် အယူခံမှုများမှအပ အခြားမှုခင်းများအတွက် တရားလွှတ်တော်၏ လုပ်ထုံးလုပ်နည်းသည် လက်တွေ့ဖြစ်နိုင်သမျှ သက်ဆိုင်စေရမည်။

စီရင်ပိုင်ခွင့်အာဏာ ပိတ်ပင်ခြင်း။

၉၉ဆ။ ပုဒ်မ ၉၉ က အရ ချမှတ်ထားသော အမိန့်ကိုဖြစ်စေ၊ အရေးယူဆောင်ရွက်မှုကို ဖြစ်စေ ပုဒ်မ ၉၉ခ ပါ ပြဋ္ဌာန်းချက်များအရမှတစ်ပါး မည်သည့်တရားရုံးတွင်မျှ မခိုင်လုံဟု ငြင်းဆိုခြင်းမပြုရ။

### ဂ။ မတရားချုပ်နှောင်ခံရသူများကို ရှာဖွေတွေ့ရှိခြင်း

မတရား ချုပ်နှောင်ခံရသူများကို ရှာဖွေခြင်း။

၁၀၀။ မည်သည့် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးမဆို တစ်စုံတစ်ယောက်သောသူသည် အချုပ်အနှောင်ခံနေရကြောင်းနှင့် ယင်းသို့ ချုပ်နှောင်ထားခြင်းမှာလည်း ပြစ်မကျူးလွန်ရာရောက်နေကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် ယင်းရာဇဝတ်တရားသူကြီးသည် ရှာဖွေဝရမ်းထုတ်ဆင့်နိုင်သည်။ ၎င်းပြင် ယင်းဝရမ်းစာကို အတည်ပြုရန် ညွှန်ကြားခြင်းခံရသူသည် အဆိုပါ ချုပ်နှောင်ခြင်းခံနေရသူကို ရှာဖွေနိုင်သည်။ ထိုသို့ရှာဖွေခြင်းကို ဝရမ်းနှင့်အညီ ဆောင်ရွက်ပြီးနောက် ရှာဖွေတွေ့ရှိရသူကို ရာဇဝတ်တရားသူကြီးတစ်ဦးရှေ့သို့ ချက်ချင်းခေါ်ဆောင်သွားရမည်။ ရာဇဝတ်တရားသူကြီးသည် အမှု၏ အကြောင်းခြင်းရာအလိုက် သင့်လျော်ရာအမိန့်ကို ချမှတ်ရမည်။

### ဃ။ ရှာဖွေခြင်းဆိုင်ရာ ယေဘုယျပြဋ္ဌာန်းချက်များ

ရှာဖွေ ဝရမ်းများနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်စသည်များ။

၁၀၁။ ပုဒ်မ ၄၃၊ ၇၅၊ ၇၇၊ ၇၉၊ ၈၂၊ ၈၃ နှင့် ၈၄ တို့ပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၉၆၊ ပုဒ်မ ၉၈၊ ပုဒ်မ ၉၉က၊ သို့မဟုတ် ပုဒ်မ ၁၀၀ အရ ထုတ်ဆင့်သော ရှာဖွေဝရမ်းအားလုံးနှင့် သက်ဆိုင်နိုင်သမျှ သက်ဆိုင်စေရမည်။

ပိတ်ဆို့ထားသည့်နေရာကို စောင့်ကြပ်ကြည့်ရှုသူတို့က ရှာဖွေခွင့်ပေးရခြင်း

၁၀၂။ (၁) ဤအခန်းပါ ပြဋ္ဌာန်းချက်အရ ရှာဖွေခြင်း၊ သို့မဟုတ် စစ်ဆေးကြည့်ရှုခြင်းခံရမည့်နေရာတစ်ခုခုသည် ပိတ်ဆို့နေသည့်အခါ ဝရမ်းအတည်ပြုရမည့်အရာရှိ၊ သို့မဟုတ် အခြားသူက ဝရမ်းကိုထုတ်ပြ၍ တောင်းဆိုပါက အဆိုပါနေရာတွင် နေထိုင်သူ၊ သို့မဟုတ် စောင့်ကြပ်ကြည့်ရှုသူက အတားအဆီးမရှိ ဝင်ရောက်ရန် ခွင့်ပြုရမည်။ ထို့ပြင်ထိုနေရာအတွင်း ရှာဖွေနိုင်ရန် သင့်လျော်သော အခွင့်အရေးများ ပေးရမည်။

(၂) အဆိုပါနေရာအတွင်းသို့ ဝင်ရောက်ခွင့်မရရှိနိုင်ပါက ဝရမ်းကို အတည်ပြုသည့် အရာရှိ၊ သို့မဟုတ် အခြားသူသည် ပုဒ်မ ၄၈ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ဆက်လက်ဆောင်ရွက်နိုင်သည်။

(၃) အဆိုပါနေရာအတွင်း၊ သို့မဟုတ် အနီးအနားတွင်ရှိသော လူတစ်ယောက်သည် ရှာဖွေရမည့် ပစ္စည်းတစ်စုံတစ်ရာကို ၎င်း၏ ကိုယ်၌ သိုဝှက်ထားကြောင်း သံသယဖြစ်စရာအကြောင်း ယုတ္တိရှိနေလျှင် ထိုသူကို ရှာဖွေနိုင်သည်။ ထိုသူသည် အမျိုးသမီးဖြစ်ခဲ့သော် ပုဒ်မ ၅၂ပါ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

သင်သေများရှေ့မှောက်တွင် ရှာဖွေခြင်းကို ပြုလုပ်ရခြင်း။

၁၀၃။ (၁) ဤအခန်းပါ ပြဋ္ဌာန်းချက်အရ ရှာဖွေခြင်းမပြုလုပ်မီ ရှာဖွေမည့်အရာရှိ၊ သို့မဟုတ် အခြားသူအနေဖြင့် နှစ်ဦး၊ သို့မဟုတ် နှစ်ဦးထက်ပိုသော သူများကို ရှာဖွေရာသို့ လာရောက်ကြည့်ရှုရန် ဆောင်ရွက်ရမည်။ ထိုသို့ လာရောက်ကြည့်ရှုစေရန် ရှာဖွေမည့်နေရာ၏ အနီးပတ်ဝန်းကျင်တွင် နေထိုင်သူ မည်သူ့ကိုမဆို အမိန့်စာဖြင့် ထုတ်ဆင့်နိုင်သည်။

(၂) ရှာဖွေမှုကို ၎င်းတို့၏ရှေ့မှောက်တွင် ပြုလုပ်ရမည်။ ယင်းသို့ ရှာဖွေရာ၌ သိမ်းဆည်းရမိသည့် ပစ္စည်း၊ အရာဝတ္ထုအားလုံးနှင့် ယင်းသို့ တွေ့ရှိရာနေရာအသီးသီးတို့၏ စာရင်းကို အဆိုပါအရာရှိ၊ သို့မဟုတ် အခြားသူက ရေးသားပြုစုရမည်။ ထို့ပြင် အဆိုပါ သက်သေများက လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ဤပုဒ်မအရ ရှာဖွေမှုကို ကြည့်ရှုခဲ့သော မည်သူ့ကိုမျှ တရားရုံးက အထူးဆင့်ခေါ်ခြင်းမရှိဘဲ တရားရုံးသို့ ရှာဖွေသက်သေအဖြစ် လာရောက်စေရန် တာဝန်မရှိစေရ။

(၃) ရှာဖွေမှုပြုလုပ်စဉ် ရှာဖွေသည့်နေရာတွင် နေထိုင်သူ၊ သို့မဟုတ် ၎င်း၏ကိုယ်စား အခြားသူတစ်ဦးဦးကို ရှိနေခွင့်ပြုရမည်။ ထိုသူရှိနေလျှင် ပုဒ်မခွဲ (၂)အရ ရေးသားထားသည့် ပစ္စည်းစာရင်း၌ ယင်းစာရင်းမှန်ကန်ကြောင်းသိရှိသည့်အနေဖြင့် ၎င်းအား လက်မှတ်ရေးထိုးစေရမည့်အပြင် ယင်းပစ္စည်းစာရင်း၏ မိတ္တူတစ်စောင်ကို အဆိုပါနေထိုင်သူ၊ သို့မဟုတ် ၎င်း၏ကိုယ်စားဆောင်ရွက်သူအား ရှာဖွေသည့်အရာရှိ၊ သို့မဟုတ် ရှာဖွေသည့် အခြားသူက ပေးရမည်။

ရှာဖွေသည့်နေရာတွင် နေထိုင်သူအား ရှိနေခွင့်ပေးရခြင်း။

(၄) ပုဒ်မ ၁၀၂၊ ပုဒ်မခွဲ (၃)အရ လူတစ်ယောက်ကို ရှာဖွေသည့်အခါ ၎င်းထံမှ သိမ်းယူသော ပစ္စည်းအားလုံး၏ စာရင်းကို ရေးသားပြုစုရမည်။ ထိုသူက တောင်းဆိုလျှင် ယင်းပစ္စည်းစာရင်း၏ မိတ္တူတစ်စောင်ကို ၎င်းအားပေးအပ်ရမည်။

(၅) မည်သူမဆို ဤပုဒ်မအရ ရှာဖွေခြင်းကို လာရောက်ကြည့်ရှုရန် အမိန့်စာ ပေးအပ်ဆင့်ခေါ်လျက်နှင့် လုံလောက်သော အကြောင်းမရှိဘဲ လာရောက်ကြည့်ရှုရန် ငြင်းပယ်လျှင်၊ သို့မဟုတ် မထိမဲ့မြင်ပြုလျှင် ထိုသူသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၇ အရ ပြစ်မှုတစ်ရပ်ကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

## င။ အထွေထွေ

၁၀၄။ မည်သည့် တရားရုံးကမဆို ဤဥပဒေအရ မိမိရှေ့မှောက်သို့ တင်ပြလာသည့် မည်သည့်စာတမ်းအမှတ်အသား၊ သို့မဟုတ် အရာဝတ္ထုကိုမဆို မိမိသင့်သည် ထင်မြင်လျှင် သိမ်းယူနိုင်သည်။

တင်ပြသည့် စာတမ်း အမှတ်အသား စသည်တို့ကို သိမ်းယူရန်အာဏာ။

၁၀၅။ မည်သည့် ရာဇဝတ်တရားသူကြီးမဆို မိမိရှာဖွေဝရမ်း ထုတ်ဆင့်ပိုင်ခွင့်ရှိသည့် နေရာတစ်ခုခုတွင် မိမိရှေ့မှောက်၌ ရှာဖွေရန် ညွှန်ကြားနိုင်သည်။

ရာဇဝတ်တရားသူကြီးက မိမိရှေ့မှောက်တွင် ရှာဖွေရန် ညွှန်ကြားနိုင်ခြင်း။

# အပိုင်း ၄

ဒုတိယရဲမှူးကြီး ဝင်းဇော်
ဒုတိယညွှန်ကြားရေးမှူး (တာဝန်/စီမံ)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

# ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်း

## အခန်း ၈

## ငြိမ်ဝပ်စွာ နေထိုင်ရန်နှင့် ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အာမခံတောင်းခြင်း

### က။ ပြစ်မှုထင်ရှားစီရင်သည့်အခါ ငြိမ်ဝပ်စွာ နေထိုင်ရန် အာမခံတောင်းခြင်း

ပြစ်မှု ထင်ရှားစီရင်သည့်အခါ ငြိမ်ဝပ်စွာ နေထိုင်ရန် အာမခံတောင်းခြင်း။

၁၀၆။ (၁) မည်သည့်အခါမဆို ပြစ်မှုဆိုင်ရာ ဥပဒေအခန်း ၈ ပါ ပုဒ်မ ၁၄၉ နှင့် ပုဒ်မ ၁၅၄ မှလွဲ၍ ထိုအခန်းပါ ပြစ်မှုများ၊ သို့မဟုတ် လက်ရောက်မှု၊ သို့မဟုတ် ငြိမ်ဝပ်ရေးပျက်ပြားမှု အကျုံးဝင်သော အခြားပြစ်မှု၊ သို့မဟုတ် အထက်ပါပြစ်မှုတစ်ခုခုကို အားပေးကူညီမှု၊ သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူ မည်သူကိုမဆို တရားလွှတ်တော်ကဖြစ်စေ၊ စက်ရှင်တရားရုံးကဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ နယ်ပိုင် ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးကဖြစ်စေ ပြစ်မှုထင်ရှား စီရင်ပြီးနောက် –

ထိုသူကို ငြိမ်ဝပ်စွာ နေထိုင်ရန်အတွက် ခံဝန်ချုပ်စေရန် လိုအပ်သည်ဟု အဆိုပါ တရားရုံးက ထင်မြင်လျှင် –

ထိုသူအပေါ် ပြစ်ဒဏ်စီရင်သည့်အချိန်တွင် သုံးနှစ်ထက်မပိုသည့် မိမိသင့်သည်ထင်မြင်သော ကာလအပိုင်းအခြားအတွင်း ငြိမ်ဝပ်စွာ နေထိုင်ရန်အတွက် အာမခံသူများပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ထိုသူတတ်နိုင်သည့် သင့်တော်ရာငွေကြေးဖြင့် ခံဝန်ချုပ်ဆိုရန် အဆိုပါ တရားရုံးက အမိန့်ချမှတ်နိုင်သည်။

(၂) အယူခံတွင်ဖြစ်စေ၊ အခြားနည်းအရဖြစ်စေ ပြစ်မှုထင်ရှားစီရင်ထားခြင်းကို ပယ်ဖျက်ခဲ့လျှင် ထိုသို့ချုပ်ဆိုထားသော ခံဝန်သည် ပျက်ပြယ်သွားစေရမည်။

(၃) ဤပုဒ်မအရ အမိန့်တစ်ရပ်ကို ပုဒ်မ ၄၀၇ အရ အယူခံမှုများကို ကြားနာသော တရားရုံးအပါအဝင် အယူခံတရားရုံးတစ်ရုံးကဖြစ်စေ၊ တရားလွှတ်တော်က ပြင်ဆင်မှုအာဏာများ သုံးစွဲသည့်အခါတွင်ဖြစ်စေ ချမှတ်နိုင်သည်။

### ခ။ အခြားအမှုများတွင် ငြိမ်ဝပ်စွာ နေထိုင်ရန် အာမခံတောင်းခြင်းနှင့် ကောင်းမွန်စွာ နေထိုင်ရန် အာမခံတောင်းခြင်း

အခြားအမှုများတွင် ငြိမ်ဝပ်စွာ နေထိုင်ရန် အာမခံတောင်းခြင်း။

၁၀၇။ (၁) မည်သည့်အခါမဆို ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီးက တစ်စုံတစ်ယောက်သောသူသည် ငြိမ်ဝပ်ပိပြားမှု၊ သို့မဟုတ် နိုင်ငံတော်ငြိမ်ဝပ်ရေးကို နှောင့်ယှက်ရန် အလားအလာရှိကြောင်း၊ သို့မဟုတ် ငြိမ်ဝပ်ရေးပျက်ပြားမှု၊ သို့မဟုတ် နိုင်ငံတော်ငြိမ်ဝပ်ရေးကို နှောင့်ယှက်ရန် အကြောင်းရှိသော မတရားပြုလုပ်မှုကို ပြုလုပ်ရန် အလားအလာရှိကြောင်း သတင်းရလျှင် ၎င်း ရာဇဝတ်တရားသူကြီးသည် မိမိသင့်သည်ထင်မြင်သည့် တစ်နှစ်ထက်မပိုသော ကာလအပိုင်းအခြားအတွင်း ထိုသူကို ငြိမ်ဝပ်စွာ နေထိုင်ရန် အာမခံသူများ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ် မည်သည့်အကြောင်းကြောင့် ခံဝန်ချုပ်ဆိုရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းပြ ထုချေစေရန် အောက်တွင် ပြဋ္ဌာန်းပါရှိသည့် နည်းဖြင့် တောင်းဆိုနိုင်သည်။

(၂) သတင်းပေးခြင်းခံရသူကဖြစ်စေ၊ ငြိမ်ဝပ်ရေးပျက်ပြားမှု၊ သို့မဟုတ် နိုင်ငံတော်ငြိမ်ဝပ်ရေးကို နှောင့်ယှက်ရန် စိုးရိမ်ရသည့်နေရာဖြစ်စေ အဆိုပါရာဇဝတ်တရားသူကြီး၏ စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း မရှိခဲ့လျှင် ဤပုဒ်မအရ အမှုမစွဲဆိုစေရ။ ထို့ပြင် သတင်းပေးခြင်းခံရသူနှင့် ငြိမ်ဝပ်ရေးပျက်ပြားမှု၊ သို့မဟုတ် နိုင်ငံတော်ငြိမ်ဝပ်ရေးကို နှောင့်ယှက်ရန် စိုးရိမ်ရသည့်နေရာသည် အဆိုပါရာဇဝတ်တရားသူကြီး၏ စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း မရှိခဲ့လျှင် ခရိုင်ရာဇဝတ်တရားသူကြီးမှတစ်ပါး အခြားမည်သည့်ရာဇဝတ်တရားသူကြီးရှေ့တွင်မျှ အမှုများ မစွဲဆိုစေရ။

(၃) ပုဒ်မခွဲ (၁)အရ မှုခင်းပြုလုပ်ဆောင်ရွက်ခွင့်မရသည့် မည်သည့်ရာဇဝတ်တရားသူကြီးမဆို တစ်စုံတစ်ယောက်သောသူသည် ငြိမ်ဝပ်ရေးပျက်ပြားမှု၊ သို့မဟုတ် နိုင်ငံတော်ငြိမ်ဝပ်ရေးကို နှောင့်ယှက်ရန် အလားအလာရှိကြောင်း၊ သို့မဟုတ် ငြိမ်ဝပ်ရေးပျက်ပြားမှု၊ သို့မဟုတ် နိုင်ငံတော်ငြိမ်ဝပ်ရေးကို နှောင့်ယှက်ရန် အကြောင်းရှိသော မတရားပြုလုပ်မှုကို ပြုလုပ်ရန် အလားအလာရှိကြောင်း၊ ထို့ပြင် ထိုငြိမ်ဝပ်ရေးပျက်ပြားမှု၊ သို့မဟုတ် နိုင်ငံတော်ငြိမ်ဝပ်ရေးကို မဖျက်ဆီးနိုင်အောင် ထိုသူကို ချုပ်နှောင်ထားခြင်းမှတစ်ပါး အခြားနည်းဖြင့် မတားဆီးနိုင်ကြောင်း ယုံကြည်ရန် အကြောင်းရှိသည့်အခါ ထိုအကြောင်းပြချက်များကို ရေးမှတ်ပြီးနောက် (အကယ်၍ ထိုသူသည် အချုပ်ခံနေရပြီးမဟုတ်လျှင်၊ သို့မဟုတ် ရုံးရှေ့သို့ ရောက်ရှိနေပြီးမဟုတ်လျှင်) ထိုသူကို ဖမ်းဆီးရန် ဝရမ်းထုတ်ဆင့်နိုင်သည်။ ထိုသို့ ဝရမ်းထုတ်ဆင့်ရာတွင် မိမိ၏အကြောင်းပြချက်တို့ကို ရေးမှတ်ထားပြီးနောက် ထိုသူကို ထိုအကြောင်းပြမိတ္တူတစ်စောင်နှင့်အတူ ထိုအမှုကို စွဲဆိုခွင့်ရှိသော ရာဇဝတ်တရားသူကြီးထံ ပို့ပေးနိုင်သည်။

ပုဒ်မခွဲ (၁) အရ အာဏာအပ်နှင်းခြင်းမခံရသည့် ရာဇဝတ်တရားသူကြီး လိုက်နာရန်ကျင့်ထုံး။

(၄) ပုဒ်မခွဲ (၃)အရ လူတစ်ဦးတစ်ယောက်ကို ပေးပို့ခံရသည့် ရာဇဝတ်တရားသူကြီးသည် ဤအခန်းအရ မိမိကိုယ်တိုင် ဆက်လက်အရေးမယူသေးမီ မိမိသဘောအတိုင်း ထိုသူကို အချုပ်နှင့် ထားနိုင်သည်။

၁၀၈။ ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နိုင်ငံတော်သမ္မတက အထူးအာဏာအပ်နှင်းခြင်း ခံရသည့် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးသည် –

အစိုးရကို အကြည်ညိုပျက်အောင် လှုံ့ဆော်သူကို ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အာမခံတောင်းခြင်း။

(က) အကြည်ညိုပျက်စေမည့်အကြောင်းအရာ၊ တစ်နည်းဆိုရလျှင် ထုတ်ဝေလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄ က အရ ပြစ်ဒဏ်ထိုက်သင့်သော အကြောင်းအရာ တစ်စုံတစ်ရာ၊ သို့မဟုတ် –

(ကက) ထုတ်ဝေလျှင် ပုဒ်မ ၁၂၄ ခ အရ ပြစ်ဒဏ်ထိုက်သင့်သော အကြောင်းအရာ တစ်စုံတစ်ရာ၊ သို့မဟုတ်

(ခ) ထုတ်ဝေလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၅၃ က အရ ပြစ်ဒဏ်ထိုက်သင့်သော အကြောင်းအရာ တစ်စုံတစ်ရာ၊ သို့မဟုတ်

(ခ) ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုမကင်းသော ခြောက်လှန့်မှု၊ သို့မဟုတ် အသရေဖျက်မှုမြောက်သော တရားသူကြီးတစ်ဦးနှင့် သက်ဆိုင်နေသော အကြောင်းအရာ တစ်စုံတစ်ရာကို မိမိစီရင်ပိုင်ခွင့် အာဏာနယ်မြေအတွင်း၌ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ နှုတ်အားဖြင့်သော်လည်းကောင်း၊ ရေးသားခြင်းဖြင့်သော်လည်းကောင်း၊ အခြားနည်းတစ်နည်းနည်းဖြင့်သော်လည်းကောင်း တမင်လှုံ့ဆော်သူ၊ လှုံ့ဆော်ရန်ကြိုးစားအားထုတ်သူ၊ လှုံ့ဆော်ရန် တစ်နည်းနည်းဖြင့် အားပေးကူညီသူတစ်ဦးမှာ မိမိစီရင်ပိုင်ခွင့် အာဏာနယ်မြေအတွင်း ရောက်ရှိနေကြောင်း သတင်းရရှိသည့်အခါ ထိုရာဇဝတ်တရားသူကြီးသည် သင့်သည်ထင်မြင်သည့် တစ်နှစ်ထက်မပိုသော ကာလအပိုင်းအခြားအတွင်း ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန်အတွက် အာမခံသူများ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ခံဝန်ချုပ်ဆိုရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းပြထုချေစေရန်အတွက် အရေးယူရန် အကြောင်းလုံလောက်သည်ဟု ထင်မြင်လျှင် ထိုရာဇဝတ်တရားသူကြီးသည် အောက်တွင် ပြဋ္ဌာန်းပါရှိသည့် နည်းလမ်းဖြင့် တောင်းဆိုနိုင်သည် -

နိုင်ငံတော်သမ္မတ၏ အမိန့်၊ သို့မဟုတ် အခွင့်အာဏာအရမှတစ်ပါး၊ နိုင်ငံတော်သမ္မတက ဤကိစ္စအတွက် အာဏာအပ်နှင်းခြင်းခံရသူ အရာရှိတစ်ဦး၏ အမိန့်အရမှတစ်ပါး ပုံနှိပ်တိုက်များ (မှတ်ပုံတင်ခြင်း) အက်ဥပဒေ၌ သတ်မှတ်ထားသော စည်းကမ်းဥပဒေများနှင့်အညီ မှတ်ပုံတင်တည်းဖြတ်၊ ပုံနှိပ်ထုတ်ဝေသော စာစောင်တစ်ခု၏ အယ်ဒီတာ၊ ပိုင်ရှင်၊ ပုံနှိပ်သူ၊ သို့မဟုတ် ထုတ်ဝေသူကို ဤပုဒ်မအရ အမှုစွဲဆိုခြင်း မပြုရ။

၁၀၉။ ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပထမတန်းအာဏာရရာဇဝတ်တရားသူကြီးသည်၊

အတည်တကျမရှိသူနှင့် မသင်္ကာဖွယ်ရာရှိသူတို့အား ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန်အာမခံ တောင်းခြင်း။

(က) တစ်စုံတစ်ယောက်သောသူမှာ ထိုရာဇဝတ်တရားသူကြီး၏ စီရင်ပိုင်ခွင့် အာဏာနယ်မြေအတွင်း၌ ၎င်းရှိနေခြင်းကို ဖုံးကွယ်ရန် သတိနှင့်နေကြောင်း တွေ့ရှိရကြောင်းနှင့် ထိုသူက ထိုသို့နေခြင်းမှာ၊ ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ရန်ဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းရှိနေကြောင်း၊ သို့မဟုတ်

(ခ) အဆိုပါနယ်မြေအတွင်း၌ အသက်မွေးဝမ်းကျောင်း အထင်အရှားမရှိသူ၊ သို့မဟုတ် မိမိအကြောင်းကို ကျေနပ်လောက်အောင် ပြောမပြနိုင်သူ တစ်စုံတစ်ဦးရောက်ရှိနေကြောင်း

သတင်းရရှိသည့်အခါ ရာဇဝတ်တရားသူကြီးက မိမိသင့်သည်ထင်မြင်သည့် တစ်နှစ်ထက်မပိုသော ကာလအပိုင်းအခြားအတွင်း ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အာမခံသူများဖြင့် ခံဝန်ချုပ်စေရန် မည်သည့်အကြောင်းကြောင့် ထိုသူ့အပေါ် အမိန့်မထုတ်သင့်ကြောင်းကို အကြောင်းပြထုချေစေရန် အောက်တွင် ပြဋ္ဌာန်းပါရှိသည့်နည်းဖြင့် တောင်းဆိုနိုင်သည်။

၁၁၀။ ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက အထူးအာဏာအပ်နှင်းခြင်းခံရသော ပထမတန်းအာဏာရရာဇဝတ်တရားသူကြီးသည် မိမိ၏စီရင်ပိုင်ခွင့် အာဏာနယ်မြေအတွင်းရှိ တစ်စုံတစ်ယောက်သောသူမှာ -

ပြစ်မှုကျူးလွန်တတ်သူများကို ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အာမခံ တောင်းခြင်း။

(က) အမြဲလုယက်တတ်သူ၊ အိမ်ဖောက်ထွင်းတတ်သူ၊ ခိုးတတ်သူ၊ လိမ်လည်အတုပြုတတ်သူ၊ သို့မဟုတ်

(ခ) ခိုးရာပါပစ္စည်းဖြစ်ကြောင်း သိလျက်နှင့် ယင်းပစ္စည်းမျိုးကို အမြဲ လက်ခံတတ်သူ၊ သို့မဟုတ်

(ဂ) သူခိုးများကို အကာအကွယ်ပေးတတ်သူ၊ သို့မဟုတ် လက်ခံတတ်သူ၊ သို့မဟုတ် ခိုးရာပါပစ္စည်းကို ကွယ်ဝှက်ပေးခြင်း၊ သို့မဟုတ် ထုခွဲပေးခြင်းဖြင့် အမြဲကူညီတတ်သူ၊ သို့မဟုတ်

(ဃ) လူခိုးမှု၊ သွေးဆောင်ဆွဲခေါ်မှု၊ ခြောက်လှန့်တောင်းယူမှု၊ လိမ်လည်မှု၊ သို့မဟုတ် အကျိုးဖျက်ဆီးမှု၊ သို့မဟုတ် ပြစ်မှုဆိုင်ရာဥပဒေအခန်း ၁၂အရ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတစ်စုံတစ်ရာ၊ သို့မဟုတ် ထိုဥပဒေပုဒ်မ ၄၈၉ က၊ ပုဒ်မ ၄၈၉ ခ၊ ပုဒ်မ ၄၈၉ ဂ၊ သို့မဟုတ် ပုဒ်မ ၄၈၉ ဃ တို့အား အမြဲကျူးလွန်တတ်သူ၊ သို့မဟုတ် ကျူးလွန်ရန်အမြဲအား ထုတ်တတ်သူ၊ သို့မဟုတ် ကျူးလွန်ရာတွင် အမြဲအားပေးကူညီသူ၊ သို့မဟုတ်-

(င) ငြိမ်ဝပ်ရေးပျက်ပြားမှုနှင့် အကျုံးဝင်သော ပြစ်မှုများကို အမြဲကျူးလွန်တတ်သူ၊ သို့မဟုတ် ကျူးလွန်ရန် အမြဲအား ထုတ်တတ်သူ၊ သို့မဟုတ် ကျူးလွန်ရာတွင် အမြဲအားပေး ကူညီတတ်သူ၊ သို့မဟုတ်

(စ) အာမခံနှင့်မထားဘဲ လွတ်ထားလျှင် အများပြည်သူအား ဘေးဖြစ်လောက်အောင် လွန်စွာဆိုးသွမ်းရမ်းကားမည်ဟု စိုးရိမ်ရသူ

ဖြစ်ကြောင်း သတင်းရရှိသည့်အခါ အဆိုပါရာဇဝတ်တရားသူကြီးက မိမိသင့်သည်ထင်မြင်သည့် ကာလအပိုင်းအခြားအတွင်း ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အာမခံသူများဖြင့် ခံဝန်ချုပ်ဆိုစေရန် မည်သည့်အကြောင်းကြောင့် ထိုသူအပေါ် အမိန့်မထုတ်သင့်ကြောင်း အကြောင်းပြထုချေစေရန် အောက်တွင် ပါရှိသည့်နည်းဖြင့်တောင်းဆိုနိုင်သည်။

၁၁၁။ × × × ×

အမိန့်ချမှတ်ရခြင်း။

၁၁၂။ ပုဒ်မ ၁၀၇၊ ပုဒ်မ ၁၀၈၊ ပုဒ်မ ၁၀၉၊ သို့မဟုတ် ပုဒ်မ ၁၁၀ အရ အရေးယူဆောင်ရွက်သည့် ရာဇဝတ်တရားသူကြီးက အဆိုပါပုဒ်မအရ အကြောင်းပြထုချေစေရန် တစ်စုံတစ်ယောက်သောသူကို တောင်းဆိုသင့်ကြောင်း လိုအပ်သည်ဟု ထင်မြင်သည့်အခါ ထိုရာဇဝတ်တရားသူကြီးက မိမိရရှိသည့် သတင်းအချက်အလက် အကျဉ်းချုပ်၊ ခံဝန်ချုပ်ဆိုရာတွင် ပါရှိရမည့်ငွေအရေအတွက်၊ ခံဝန်ကာလ အပိုင်းအခြား၊ ခံဝန်သူများ အကယ်၍ရှိလျှင် အရေအတွက်၊ အကျင့်စာရိတ္တနှင့် အဆင့်အတန်းတို့ကို ရေးသားဖော်ပြလျက် အမိန့်ချမှတ်ရမည်။

တရားရုံးရှေ့ ရှိသူနှင့် ပတ်သက်သည့်ကျင့်ထုံး။

၁၁၃။ ဆိုခဲ့သည့် အမိန့်ချမှတ်ခြင်းခံရသူသည် တရားရုံးရှေ့တွင်ရှိလျှင် ယင်းအမိန့်ကို ထိုသူအား ဖတ်ပြရမည်။ သို့မဟုတ် ထိုသူက အလိုရှိလျှင် အမိန့်ပါအကြောင်းအရာများကို ထိုသူအား ရှင်းပြရမည်။

ထိုသူ တရားရုံးရှေ့ မရှိသည့်အခါ သမ္မန်စာ၊ သို့မဟုတ် ဝရမ်းထုတ်ဆင့်ရခြင်း။

၁၁၄။ ထိုသူသည် တရားရုံးရှေ့တွင်မရှိလျှင် ရာဇဝတ်တရားသူကြီးသည် ထိုသူရောက်ရှိစေရန် သမ္မန်စာ ထုတ်ဆင့်ရမည်။ သို့မဟုတ် ထိုသူအချုပ်နှင့်ရှိနေလျှင် ၎င်းအား တရားရုံးသို့ခေါ်ဆောင်လာရန် ချုပ်ထားသူအရာရှိထံသို့ ဝရမ်းထုတ်ဆင့်ရမည်။

သို့ရာတွင် ငြိမ်ဝပ်ရေးပျက်ပြားစေလိမ့်မည်ဟု စိုးရိမ်ရန်အကြောင်းရှိကြောင်းနှင့် ထိုသူကို ချက်ချင်းဖမ်းဆီးခြင်းမှတစ်ပါး အခြားနည်းဖြင့် ငြိမ်ဝပ်ရေးပျက်ပြားစေမည့် အန္တရာယ်ကို မတားဆီးနိုင်ကြောင်း ရဲအရာရှိတစ်ဦး၏ အစီရင်ခံစာအရဖြစ်စေ၊ အခြားသတင်းအရဖြစ်စေ(အစီရင်ခံစာ၊ သို့မဟုတ် သတင်း၏ အကျဉ်းချုပ်ကို ရာဇဝတ်တရားသူကြီးက ရေးမှတ်ရမည်) အဆိုပါရာဇဝတ်တရားသူကြီးက ထင်မြင်ယူဆသည့်အခါ ထိုသူကို ဖမ်းဆီးရန်အတွက် ဝရမ်းတစ်စောင်ကို အချိန်မရွေးထုတ်ဆင့်နိုင်သည်။

၁၁၅။ ပုဒ်မ ၁၁၄ အရ ထုတ်ဆင့်သော သမ္မန်စာ၊ သို့မဟုတ် ဝရမ်းနှင့်အတူ ပုဒ်မ ၁၁၂ အရ ထုတ်ဆင့်သော အမိန့်မိတ္တူတစ်စောင် ပူးတွဲပါရှိစေရမည်။ ထိုအမိန့်မိတ္တူကိုလည်း အဆိုပါ သမ္မန်စာချအပ်သူ၊ သို့မဟုတ် ဝရမ်းအတည်ပြုသူအရာရှိက ယင်းသမ္မန်စာချအပ်ခြင်း ခံရမည့်သူ၊ သို့မဟုတ် ယင်းဝရမ်းအတည်ပြုခံရမည့်သူသို့ ပေးအပ်ရမည်။ ပုဒ်မ ၁၁၂ အရ ချမှတ်သော အမိန့်မိတ္တူကို သမ္မန်စာ၊ သို့မ ဟုတ် ဝရမ်းနှင့် အတူ ပူးတွဲပါရှိ စေရခြင်း။

၁၁၆။ ရာဇဝတ်တရားသူကြီးက အကြောင်းလုံလောက်သည်ဟု ထင်မြင်လျှင် မည်သည့် အတွက်ကြောင့် ငြိမ်ဝပ်စွာ နေထိုင်ရန်အတွက် ခံဝန်ချုပ်ဆိုစေရန် အမိန့်မချမှတ်သင့်ကြောင်းကို အကြောင်းပြထုချေစေရန် တောင်းဆိုခြင်းခံရသူ မည်သူကိုမဆို ရုံးရှေ့သို့ မလာရောက်စေဘဲ ၎င်း၏ ကိုယ်စား ရှေ့နေကိုသာ ရောက်ရှိစေရန် ခွင့်ပြုနိုင်သည်။ ကိုယ်တိုင် မ ရောက်ရှိဘဲ နေ ခြင်းကို ခွင့်ပြု နိုင်သည့် အာဏာ။

၁၁၇။ (၁) တရားရုံးရှေ့သို့ ရောက်ရှိနေသူတစ်ဦးအား ပုဒ်မ ၁၁၂ အရ ထုတ်ဆင့်သော အမိန့်တစ်ရပ်ကို ပုဒ်မ ၁၁၃ အရ ဖတ်ပြရှင်းလင်းပြီးသောအခါ၊ သို့မဟုတ် တစ်ဦးတစ်ယောက်သည် ပုဒ်မ ၁၁၄ အရ ထုတ်ဆင့်သော သမ္မန်စာအရသော်လည်းကောင်း၊ ဝရမ်းအတည်ပြုခြင်းခံရ၍ သော်လည်းကောင်း၊ တရားရုံးရှေ့သို့ ရောက်ရှိသောအခါ ရာဇဝတ်တရားသူကြီးသည် ၎င်းအနေဖြင့် အရေးယူရသည့် အကြောင်းရင်းဖြစ်သော ၎င်းရရှိခဲ့သည့်သတင်းမှန် မမှန်သိရှိအောင် ဆက်လက် စုံစမ်းစစ်ဆေးရမည်။ လိုအပ်သည်ဟု ထင်မြင်လျှင် သက်သေခံချက်များကိုလည်း ထပ်မံယူရမည်။ သတင်းမှန် မမှန် စုံစမ်းစစ် ဆေးခြင်း။

(၂) ထိုသို့ချမှတ်သည့်အမိန့်မှာ ငြိမ်ဝပ်စွာနေထိုင်ရန်အတွက် အာမခံတောင်းသည့်အမိန့်ဖြစ်လျှင် အဆိုပါစုံစမ်းစစ်ဆေးမှုကို သမ္မန်မှုကဲ့သို့ စစ်ဆေးစီရင်ရန်နှင့် သက်သေခံချက် မှတ်တမ်းတင်ရန် ပြဋ္ဌာန်းသတ်မှတ်ထားသည့်နည်းအတိုင်း ဖြစ်နိုင်သမျှ လိုက်နာဆောင်ရွက်ရမည်။ အကယ်၍ ထိုအမိန့်မှာ ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန်အတွက် အာမခံတောင်းသည့်အမိန့်ဖြစ်လျှင် စွဲချက်တင်ခြင်းမှတစ်ပါး ဝရမ်းမှုကဲ့သို့ စစ်ဆေးစီရင်ရန်နှင့် သက်သေခံချက်မှတ်တမ်းတင်ရန် သတ်မှတ်ထားသည့်နည်းအတိုင်း ဖြစ်နိုင်သမျှ လိုက်နာဆောင်ရွက်ရမည်။

(၃) ပုဒ်မခွဲ (၁)အရ စုံစမ်းစစ်ဆေးခြင်းမပြီးစီးမီ ရာဇဝတ်တရားသူကြီးသည် ငြိမ်ဝပ်ပိပြားရေး ဖျက်ဆီးမည့်ကိစ္စကို ဟန့်တားရန်အတွက်ဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးအနှောင့် အယှက်ပြုခြင်း ခံရမည့်ကိစ္စကို ဟန့်တားရန်အတွက်ဖြစ်စေ၊ ပြစ်မှုတစ်ရပ်ကျူးလွန်မည့်ကိစ္စကို ဟန့်တားရန်အတွက်ဖြစ်စေ၊ သို့မဟုတ် ပြည်သူတို့ လုံခြုံရေးအတွက်ဖြစ်စေ အရေးပေါ်ဆောင် ရွက်ရန် လိုအပ်နေပြီဟု ထင်မြင်ယူဆလျှင် ပုဒ်မ ၁၁၂ အရ အမိန့်ထုတ်ဆင့်ခြင်းခံထားရသူအား စုံစမ်းစစ်ဆေးမှုမပြီးစီးမီကာလအတွင်း အာမခံသူများပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ငြိမ်ဝပ်စွာ နေရန်၊ သို့မဟုတ် ကောင်းမွန်စွာ လုပ်ကိုင်စားသောက်ရန် ခံဝန်ချုပ်စေရန် မိမိ၏အကြောင်း ပြချက်များကို ရေးမှတ်လျက် ဆင့်ဆိုနိုင်သည်။ ထို့ပြင် စုံစမ်းစစ်ဆေးမှုပြုလုပ်နေဆဲကာလအတွင်း အဆိုပါခံဝန်မချုပ်သေးလျှင်သော်လည်းကောင်း၊ ခံဝန်ကိုဖောက်ဖျက်လျှင်သော်လည်းကောင်း ထိုသူကို ချုပ်နှောင်ထားနိုင်သည်။

သို့ရာတွင်

(က) ပုဒ်မ ၁၀၈၊ ပုဒ်မ ၁၀၉၊ သို့မဟုတ် ပုဒ်မ ၁၁၀ အရ အမှုစွဲဆို ခြင်းမခံရသူ မည်သူကိုမဆို ကောင်းမွန်စွာ ကျင့်ကြံနေထိုင် ရန်အတွက် ခံဝန်ချုပ်ဆိုရန် ညွှန်ကြားခြင်းမပြုရ။ ထို့ပြင်

(ခ) အဆိုပါ ခံဝန်ချုပ်ပါစည်းကမ်းချက်များသည် ခံဝန်တန်ဖိုးအရ ဖြစ်စေ၊ ခံဝန်သူများနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များအရ ဖြစ်စေ၊ ခံဝန်သူအရေအတွက်နှင့်ပတ်သက်၍ဖြစ်စေ ပုဒ်မ ၁၁၂ အရ ချမှတ်သည့်အမိန့်တွင် သီးခြားဖော်ပြပါရှိသည့် စည်းကမ်းချက်များထက်ပိုပြီး တာဝန်မများစေရ။

(၄) ဤပုဒ်မပါကိစ္စများအလို့ငှာ တစ်ဦးတစ်ယောက်သည် ပြစ်မှုကျူးလွန်တတ်သူဖြစ်ကြောင်း၊ သို့မဟုတ် အာမခံနှင့်မထားဘဲ လွှတ်ထားလျှင် အများပြည်သူအား ဘေးဖြစ်လောက်အောင် လွန်စွာဆိုးသွမ်းရမ်းကားမည်ဟု စိုးရိမ်ရသူဖြစ်ကြောင်း ကျော်စောသတင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ သက်သေထင်ရှားပြနိုင်သည်။

(၅) စုံစမ်းစစ်ဆေးလျက်ရှိသောအမှုတွင် နှစ်ဦး၊ သို့မဟုတ် နှစ်ဦးထက်ပိုသောသူများပါဝင်ပတ်သက်နေလျှင် ၎င်းတို့ကို တစ်ပေါင်းတည်းသော်လည်းကောင်း၊ သီးခြားစီသော်လည်းကောင်း ရာဇဝတ်တရားသူကြီးက တရားသည်ထင်မြင်သည့်အတိုင်း စုံစမ်းစစ်ဆေးနိုင်သည်။

၁၁၈။ (၁) ဆိုခဲ့သည့်အတိုင်း စုံစမ်းစစ်ဆေးရာတွင် ငြိမ်ဝပ်စွာနေထိုင်ရန်၊ သို့မဟုတ် ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန်အတွက် စုံစမ်းစစ်ဆေးခြင်းခံရသူအား အာမခံသူများ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ခံဝန်ချုပ်ဆိုရန်လိုအပ်ကြောင်းထင်ရှားလျှင် ထိုသို့ထင်ရှားသည့်အတိုင်း ရာဇဝတ်တရားသူကြီးက အမိန့်ချမှတ်ရမည်။ အာမခံပေးရန် အမိန့်ချမှတ်ခြင်း။

သို့ရာတွင်

ပထမ – မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပုဒ်မ ၁၁၂ အရ ချမှတ်သော အမိန့်တွင် သီးခြားဖော်ပြထားသည်ထက် သဘာဝအားဖြင့် ကွဲပြားသော၊ သို့မဟုတ် ငွေအရေအတွက် ပိုမိုများပြားသော သို့မဟုတ် ပိုမိုရှည်လျားသော ကာလအပိုင်းအခြားအတွက် အာမခံပေးရန် အမိန့်မချရ။

ဒုတိယ – ခံဝန်ချုပ်တိုင်းတွင် ငွေအရေအတွက်ကို အမှုအခြေအနေအလိုက် သတ်မှတ်ရမည့်အပြင် မများလွန်းစေရ။

တတိယ – စုံစမ်းစစ်ဆေးခြင်းခံရသူမှာ အရွယ်မရောက်သေးသူ ဖြစ်ခဲ့သော် ခံဝန်ချုပ်ကို ၎င်း၏အာမခံသူတို့ကသာ ချုပ်ဆိုရမည်။

၁၁၉။ ပုဒ်မ ၁၁၇ အရ စုံစမ်းစစ်ဆေးရာတွင် အမှုအလိုက် ငြိမ်ဝပ်စွာ နေထိုင်ရန်၊ သို့မဟုတ် ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန်လိုအပ်ကြောင်း ထင်ရှားအောင် မပြနိုင်လျှင် ထိုအကြောင်းကို ရာဇဝတ်တရားသူကြီးက အမှုတွဲတွင် ရေးမှတ်ရမည်။ အကယ်၍ ထိုသူသည် စုံစမ်းစစ်ဆေးရန်ကိစ္စများအလို့ငှာ အချုပ်ခံနေရလျှင် ထိုသူကို အချုပ်မှ လွှတ်ရမည်။ သို့မဟုတ် ထိုသူသည် အချုပ်ခံနေရသူမဟုတ်လျှင် ၎င်းအား လွှတ်ရမည်။ သတင်းပေးခြင်းခံရသူကို လွှတ်ခြင်း။

**ဂ။ အာမခံပေးရန်အမိန့်ချမှတ်ပြီးနောက် အမှုအားလုံးတွင် ဆောင်ရွက်ရန်အချက်များ**

၁၂၀။ (၁) ပုဒ်မ ၁၀၆ အရ၊ သို့မဟုတ် ပုဒ်မ ၁၁၈ အရ အာမခံတောင်းဆိုသည့် အမိန့်ချမှတ်ခြင်းခံရသူ မည်သူမဆိုသည် အဆိုပါအမိန့်ချမှတ်သည့်အချိန်၌ ထောင်ဒဏ်ကျခံရလျှင်ဖြစ်စေ၊ ထောင်ဒဏ်ကျခံနေရလျှင်ဖြစ်စေ တောင်းဆိုသည့် အာမခံကာလအပိုင်းအခြားသည် အဆိုပါ ပြစ်ဒဏ်ကုန်ဆုံးသည့်နေ့ရက်က အစပြုရမည်။ တောင်းဆိုသည့် အာမခံကာလအပိုင်းအခြားအစပြုရမည့်ကာလ။

(၂) အခြားအမှုများတွင် အဆိုပါကာလသည် ရာဇဝတ်တရားသူကြီးက လုံလောက်သည့်အကြောင်းတစ်ခုကြောင့် နောက်ပိုင်းကာလ နေ့ရက်တစ်ရက်ရက်ကို သတ်မှတ်ခြင်းမပြုပါက အဆိုပါအမိန့်ချမှတ်သည့်နေ့ရက်တွင် အစပြုရမည်။

ခံဝန်ချုပ်တွင် ပါရှိရမည့် အချက်များ။

၁၂၁။ အဆိုပါခံဝန်ချုပ်ဆိုရမည့်သူက ချုပ်ဆိုရမည့်ခံဝန်ချုပ်သည် ငြိမ်ဝပ်စွာ နေထိုင်ရန်ဖြစ်စေ၊ သို့မဟုတ် ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန်ဖြစ်စေ၊ အမှုအလျောက် ထိုသူကို တာဝန်ရှိစေရမည်။ ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန်အတွက် ခံဝန်ချုပ်ဆိုရသည့်အမှုတွင် ထောင်ဒဏ်အပြစ်ပေးနိုင်သော ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ခဲ့လျှင်၊ သို့မဟုတ် ကျူးလွန်ရန်အားထုတ်လျှင်၊ သို့မဟုတ် ကျူးလွန်ရာတွင် အားပေးကူညီခဲ့လျှင် ထိုပြစ်မှုကို မည်သည့်နေရာတွင် ကျူးလွန်သည်ဖြစ်စေ ခံဝန်ချုပ်ကို ဖောက်ဖျက်ရာရောက်သည်။

အာမခံသူများကို ပယ်နိုင်ခွင့်အာဏာ။

၁၂၂။ (၁) ရာဇဝတ်တရားသူကြီးတစ်ဦးသည် ဤအခန်းအရ အာမခံသူတစ်ဦးတစ်ယောက်မှာ ခံဝန်ချုပ်ကိစ္စများအလို့ငှာ မသင့်လျော်သူဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် ယင်းကဲ့သို့သော အာမခံသူကို လက်ခံရန်ငြင်းပယ်နိုင်သည်။ သို့မဟုတ် မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိအလျင်တရားသူကြီးကဖြစ်စေ လက်ခံထားသော အာမခံသူတစ်ဦးတစ်ယောက်ကို ပယ်နိုင်သည်။

သို့ရာတွင် အဆိုပါအာမခံသူ တစ်ဦးတစ်ယောက်ကို လက်ခံရန် မငြင်းပယ်မီ၊ သို့မဟုတ်ပယ်ဖျက်ခြင်းမပြုမီ၊ ယင်းအာမခံသူသည် သင့်လျော်သူ ဟုတ်မဟုတ် ကျမ်းသစ္စာပြုစေပြီး ကိုယ်တိုင်စုံစမ်းစစ်ဆေးရမည်၊ သို့မဟုတ် မိမိ၏ လက်အောက်ရှိ ရာဇဝတ်တရားသူကြီးတစ်ဦးအား ထိုကဲ့သို့ စုံစမ်းစစ်ဆေးစေပြီး မိမိထံ အစီရင်ခံစေရမည်။

(၂) အဆိုပါရာဇဝတ်တရားသူကြီးသည် စုံစမ်းစစ်ဆေးမှု မပြုလုပ်မီ အာမခံသူနှင့် အာမခံသူအား တင်ပြသူတို့ကို သင့်လျော်သော အကြောင်းကြားစာပေးရမည့်အပြင် စုံစမ်းစစ်ဆေးရာတွင်လည်း မိမိရှေ့မှောက်၌ တင်ပြလာသည့် သက်သေခံချက်အကျဉ်းချုပ်ကို ရေးမှတ်ရမည်။

(၃) အကယ်၍ ရာဇဝတ်တရားသူကြီးက ၎င်း၏ရှေ့မှောက်တွင်၊ သို့မဟုတ် ပုဒ်မခွဲ (၁) အရ လွှဲအပ်ထားသည့် ရာဇဝတ်တရားသူကြီးတစ်ဦး၏ရှေ့မှောက်တွင် တင်ပြလာသော သက်သေခံချက်နှင့် အဆိုပါလွှဲအပ်ထားသည့် ရာဇဝတ်တရားသူကြီး၏ အစီရင်ခံစာ (ရှိခဲ့လျှင်) တို့ကို စဉ်းစားပြီးနောက် အာမခံသူမှာ ခံဝန်ကိစ္စများအလို့ငှာ မသင့်လျော်သူ ဖြစ်ကြောင်း သဘောရလျှင် အဆိုပါအာမခံသူကို လက်ခံရန် ငြင်းပယ်ရန်သော်လည်းကောင်း၊ ပယ်ဖျက်ရန်သော်လည်းကောင်း အမှုအလျောက် အမိန့်ချမှတ်နိုင်သည်။ ထို့ပြင် ထိုသို့ဆောင်ရွက်ရသည့်အကြောင်းပြချက်များကို မှတ်တမ်းတင်ထားရမည်။

သို့ရာတွင် ယခင်လက်ခံထားသော အာမခံသူတစ်ဦးကို ပယ်ဖျက်သည့်အမိန့် မချမှတ်မီ ရာဇဝတ်တရားသူကြီးသည် သမ္မန်စာဖြစ်စေ၊ ဝရမ်းဖြစ်စေ သင့်သည်ထင်မြင်သည့်အတိုင်း ထုတ်ဆင့်ပြီး အာမခံသူက တာဝန်ယူထားရသူကို မိမိရှေ့မှောက်သို့ လာရောက်စေရမည်၊ သို့မဟုတ် ခေါ်ဆောင်လာစေရမည်။

အာမခံပေးရန် ပျက်ကွက်သည့်အတွက် ထောင်ဒဏ်ချမှတ်ခြင်း။

၁၂၃။ (၁) ပုဒ်မ ၁၀၆ အရ၊ သို့မဟုတ် ပုဒ်မ ၁၁၈ အရ အာမခံပေးရန် အမိန့်ချမှတ်ခြင်းခံရသူ မည်သူမဆိုသည် အဆိုပါအာမခံပေးရမည့် ကာလအပိုင်းအခြား စတင်သော နေ့ရက်တွင်ဖြစ်စေ၊ ထိုနေ့ရက်မတိုင်မီတွင်ဖြစ်စေ အာမခံမပေးခဲ့လျှင် အောက်တွင် ဖော်ပြထားသည့် အချက်တွင်မှတစ်ပါး ထိုသူကို အကျဉ်းထောင်သို့ ပို့ရမည်။ အကယ်၍ ထိုသူကို အကျဉ်းထောင်တွင် ချုပ်ထားပြီးဖြစ်လျှင် အဆိုပါကာလအပိုင်းအခြား ကုန်ဆုံးသည်အထိ၊ သို့မဟုတ် ထိုကာလ အပိုင်းအခြားအတွင်း ထိုသူက မိမိအား အာမခံတောင်းသည့် တရားရုံး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးထံ အာမခံပေးသည်အထိ အကျဉ်းထောင်တွင် ထိန်းသိမ်းထားရမည်။

(၂) ရာဇဝတ်တရားသူကြီးက ဆိုခဲ့သည့်သူကို တစ်နှစ်ထက်ပိုသော ကာလအပိုင်းအခြားအတွက် အာမခံပေးရန် အမိန့်ချမှတ်သည့်အခါ ထိုသူက ဆိုခဲ့သည့်အတိုင်း အာမခံမပေးလျှင် အဆိုပါ ရာဇဝတ်တရားသူကြီးသည် စက်ရှင်တရားရုံးက အမိန့်မချမှတ်မီ ထိုသူကို အကျဉ်းထောင်၌ ထိန်းသိမ်းထားရန် ညွှန်ကြားသော ဝရမ်းတစ်စောင်ကို ထုတ်ဆင့်ရမည်။ ထို့ပြင် အမှုတွဲများကိုလည်း အဆိုပါစက်ရှင်တရားရုံးသို့ အခွင့်သင့်လျှင် သင့်သလို အမြန်ပေးပို့ရမည်။ စက်ရှင်တရားရုံးရှေ့သို့ မည်သည့်အခါ အမှုတွဲ ပေးပို့ရခြင်း။

(၃) ထိုစက်ရှင်တရားရုံးသည် ဖော်ပြပါအမှုတွဲများကို ကြည့်ရှုလေ့လာပြီး မိမိလိုအပ်သည်ထင်မြင်သည့် နောက်ထပ်အချက်အလက်၊ သို့မဟုတ် သက်သေခံချက်များကို ရာဇဝတ်တရားသူကြီးထံမှ တောင်းယူပြီးနောက် အမှုနှင့်ပတ်သက်၍ မိမိသင့်သည်ထင်သောအမိန့်ကို ချမှတ်နိုင်သည်။

သို့ရာတွင် အာမခံပေးရန် ပျက်ကွက်သည့်အတွက် တစ်ဦးတစ်ယောက်ကို ထောင်ချသည့် ကာလအပိုင်းအခြားသည် (အကယ်၍ရှိခဲ့လျှင်) သုံးနှစ်ထက် မပိုစေရ။

(၃ က) ပုဒ်မခွဲ (၂)အရ စက်ရှင်တရားရုံးသို့ အမှုလွှဲအပ်ခြင်းခံရသူ တစ်ဦးဦးပါဝင်နေသည့် အမှုတစ်မှုအတွင်းမှ နှစ်ဦး၊ သို့မဟုတ် နှစ်ဦးထက်ပိုသောသူများထံမှ အာမခံတောင်းဆိုရန် လိုအပ်ခဲ့လျှင် အဆိုပါ လွှဲအပ်မှုသည် အာမခံပေးရန် အမိန့်ချမှတ်ခြင်းခံရသော ဆိုခဲ့သည့်သူများထံမှလည်း အခြားသူနှင့်လည်း အကျုံးဝင်စေရမည်။ ထိုကိစ္စတွင် ပုဒ်မခွဲ (၂) နှင့် (၃)ပါ ပြဋ္ဌာန်းချက်များသည် အဆိုပါ အခြားသူနှင့်လည်း သက်ဆိုင်စေရမည်။ သို့သော် ထိုသူကို ထောင်ချရမည့်ကာလအပိုင်းအခြားသည် (အကယ်၍ ရှိခဲ့လျှင်) ထိုသူ အာမခံပေးရန် အမိန့်ချမှတ်ခြင်းခံရသည့် ကာလအပိုင်းအခြားထက်မပိုစေရ။

(၃ ခ) စက်ရှင်တရားသူကြီးသည် ပုဒ်မခွဲ (၂)၊ သို့မဟုတ် ပုဒ်မခွဲ (၃ က) အရ မိမိထံပေးပို့သော မည်သည့်အမှုတွဲကိုမဆို တွဲဖက်စက်ရှင်တရားသူကြီးသို့ဖြစ်စေ၊ လက်ထောက်စက်ရှင်တရားသူကြီးသို့ဖြစ်စေ မိမိသဘောအတိုင်း လွှဲအပ်နိုင်သည်။ ထိုသို့လွှဲအပ်သည့်အခါ အဆိုပါ တွဲဖက်စက်ရှင်တရားသူကြီး၊ သို့မဟုတ် လက်ထောက်စက်ရှင်တရားသူကြီးသည် အဆိုပါအမှုတွဲနှင့် ပတ်သက်၍ ဤပုဒ်မအရ စက်ရှင်တရားသူကြီး၏ အာဏာများကို သုံးစွဲနိုင်သည်။

(၄) အာမခံပေးလိုကြောင်း ထောင်တာဝန်ခံအရာရှိသို့ ပြောကြားလျှင် ထိုအရာရှိသည် အမိန့်ချမှတ်ပေးခဲ့သည့် တရားရုံး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးထံသို့ ထိုကိစ္စကို ချက်ချင်းတင်ပြရမည့်အပြင် အဆိုပါတရားရုံး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို စောင့်ဆိုင်းနာခံရမည်။

(၅) ငြိမ်ဝပ်စွာနေထိုင်ရန် အာမခံပေးရန် ပျက်ကွက်မှုအတွက် ချမှတ်သည့် ထောင်ဒဏ်သည် အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေရမည်။ ထောင်ဒဏ် အမျိုးအစား။

(၆) ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အာမခံပေးရန် ပျက်ကွက်မှုအတွက် ချမှတ်သည့် ထောင်ဒဏ်သည် ပုဒ်မ ၁၀၈ အရ အရေးယူသည့် ကိစ္စတွင် အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေရမည်။ ပုဒ်မ ၁၀၉၊ သို့မဟုတ် ပုဒ်မ ၁၁၀အရ အရေးယူသည့်ကိစ္စမျိုး၌ အမှုတစ်မှုစီတွင် တရားရုံး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးက ညွှန်ကြားသည့်အတိုင်း အလုပ်နှင့်ထောင်ဒဏ်သော်လည်းကောင်း၊ အလုပ်မဲ့ထောင်ဒဏ်သော်လည်းကောင်း ဖြစ်စေရမည်။

၁၂၄။ (၁) ဤအခန်းအရ အာမခံပေးရန် ပျက်ကွက်သည့်အတွက် ထောင်ချထားသူတစ်စုံတစ်ယောက်ကို လွှတ်ပါက အများပြည်သူတို့ကိုသော်လည်းကောင်း၊ အခြားသူတစ်စုံတစ်ဦးကိုသော်လည်းကောင်း ထိခိုက်ရန်အကြောင်းမရှိဟု ခရိုင်ရာဇဝတ်တရားသူကြီးက ယူဆလျှင် ထိုသူကိုလွှတ်ရန် အမိန့်ချမှတ်နိုင်သည်။ အာမခံပေးရန် ပျက်ကွက်သည့်အတွက်ထောင်ဒဏ်ကျခံနေရသူကို လွှတ်နိုင်ခွင့်အာဏာ။

(၂) ဤအခန်းအရ အာမခံပေးရန် ပျက်ကွက်သည့်အတွက် တစ်စုံတစ်ယောက်ကို ထောင်ချသည့်အခါ (အကယ်၍ ထိုအမိန့်ကို မိမိထက်အဆင့်မြင့်သော တရားရုံးတစ်ရုံးက ချမှတ်ခဲ့ခြင်းမဟုတ်လျှင်) ခရိုင်ရာဇဝတ်တရားသူကြီးသည် အာမခံငွေအရေအတွက်ကိုဖြစ်စေ၊ အာမခံသူများအရေအတွက်ကိုဖြစ်စေ၊ အာမခံတောင်းဆိုသည့် ကာလအပိုင်းအခြားကိုဖြစ်စေ လျှော့ပေါ့ပေးသော အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

(၃) ပုဒ်မခွဲ (၁) အရ ချမှတ်သော အမိန့်တွင် ထိုသူမျိုးကို စည်းကမ်းချက်မထားဘဲနှင့်သော်လည်းကောင်း၊ ထိုသူလက်ခံသည့်စည်းကမ်းချက်နှင့်သော်လည်းကောင်း လွတ်ကြောင်း ညွှန်ကြားနိုင်သည်။

သို့ရာတွင် ထိုသူကို အာမခံတောင်းဆိုသည့် ကာလအပိုင်းအခြားကုန်ဆုံးသည့်အခါ ၎င်းအတွက် ချမှတ်ထားသည့် စည်းကမ်းချက်တစ်စုံတစ်ရာသည်လည်း ပျက်ပြယ်သွားစေရမည်။

(၄) နိုင်ငံတော်သမ္မတသည် စည်းကမ်းချက်နှင့် လွတ်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(၅) ထိုသူမျိုးကို လွတ်ပေးရာ၌ သတ်မှတ်ခဲ့သည့် စည်းကမ်းချက်တစ်စုံတစ်ရာကို ထိုသူက လိုက်နာခြင်းမရှိဟု လွတ်ပေးခဲ့သည့် ခရိုင်ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ ၎င်းအား ဆက်ခံသူကဖြစ်စေ ယူဆလျှင် ထိုအမိန့်ကို ပယ်ဖျက်နိုင်သည်။

(၆) ပုဒ်မခွဲ (၅)အရ စည်းကမ်းချက်ဖြင့် လွတ်သောအမိန့်ကို ပယ်ဖျက်လျှင် ထိုသူအား မည်သည့်ရဲအရာရှိကမဆို ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်ပြီး ခရိုင်ရာဇဝတ်တရားသူကြီးထံသို့ တင်ပို့ရမည်။

အဆိုပါသူက မိမိထိန်းသိမ်းခြင်းခံရသည့်၊ သို့မဟုတ် ထိန်းသိမ်းထားရန် အမိန့်ထုတ်ဆင့်ခြင်းခံရသည့် အကြောင်းရင်းဖြစ်သော မကုန်ဆုံးသေးသည့် ကာလအပိုင်းအခြားအတွက် မူလအမိန့်ပါ စည်းကမ်းချက်များနှင့်အညီ အာမခံမပေးလျှင် (အဆိုပါကာလအပိုင်းအခြားသည် လွတ်ပေးသည့် စည်းကမ်းချက်များကို ချိုးဖောက်ခဲ့သောနေ့နှင့် စည်းကမ်းချက်ဖြင့် လွတ်ပေးသည့်ကိစ္စမှတစ်ပါး ထိုသူကို လွတ်ပေးရမည့်နေ့တို့အကြား ကာလအပိုင်းအခြားနှင့် တူညီသည်ဟု မှတ်ယူရမည်) ခရိုင်ရာဇဝတ်တရားသူကြီးသည် ထိုသူကို အဆိုပါမကုန်ဆုံးသေးသည့် ကာလအပိုင်းအခြားအတွင်း အကျဉ်းထောင်၌ ချုပ်နှောင်ထားရန် ချုပ်မိန့်ပေးနိုင်သည်။

ဤပုဒ်မခွဲအရ အကျဉ်းထောင်၌ ချုပ်နှောင်ထားရန် ချုပ်မိန့်ပေးထားသူကို ပုဒ်မ ၁၂၂ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အထက်တွင်ဆိုခဲ့သော မကုန်ဆုံးသေးသည့် ကာလအပိုင်းအခြားအတွက် မူလအမိန့်ပါ စည်းကမ်းချက်များနှင့်အညီ အဆိုပါအမိန့်ထုတ်ဆင့်ခဲ့သည့် တရားရုံးသို့ဖြစ်စေ၊ ရာဇဝတ်တရားသူကြီးသို့ဖြစ်စေ၊ သို့မဟုတ် ထိုတရားရုံးကို ဆက်ခံသည့် တရားရုံးတစ်ရုံးကိုဖြစ်စေ၊ ထို ရာဇဝတ်တရားသူကြီးကို ဆက်ခံခဲ့သည့် ရာဇဝတ်တရားသူကြီးသို့ဖြစ်စေ အာမခံပေးလျှင် ပေးသည့်အချိန်တွင် လွတ်ရမည်။

၁၂၅။ ခရိုင်ရာဇဝတ်တရားသူကြီးသည် မိမိခရိုင်အတွင်း မိမိရုံးထက် အဆင့်မမြင့်သော ရုံးတစ်ရုံးက ဤအခန်းအရ အမိန့်ဖြင့် အတည်ပြုထားသော ငြိမ်ဝပ်စွာ နေထိုင်ရန် ခံဝန်ချုပ်ကို ဖြစ်စေ၊ ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် ခံဝန်ချုပ်ကိုဖြစ်စေ လုံလောက်သည့် အကြောင်းရှိလျှင် ထိုအကြောင်းကို စာဖြင့်ရေးမှတ်၍ အချိန်မရွေးဖျက်သိမ်းနိုင်သည်။ ငြိမ်ဝပ်စွာ နေထိုင်ရန်နှင့် ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန်အတွက် ချုပ်ဆိုသည့် ခံဝန်ချုပ်ကို ဖျက်သိမ်းနိုင်သည့် ခရိုင်ရာဇဝတ်တရားသူကြီး၏ အာဏာ။

၁၂၆။ (၁) ငြိမ်ဝပ်စွာ နေထိုင်ရန်အတွက်ဖြစ်စေ၊ ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အတွက်ဖြစ်စေ၊ အခြားသူတစ်ဦးအတွက် အာမခံခဲ့သူ မည်သူမဆို ခရိုင်ရာဇဝတ်တရားသူကြီး၏၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီး၏၊ သို့မဟုတ် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး ၏ စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း၌ ဤအခန်းအရ ဆိုခဲ့သည့် ခံဝန်ချုပ်တစ်ခုကို ဖျက်သိမ်း ရန် အဆိုပါတရားသူကြီးထံသို့ အချိန်မရွေး လျှောက်ထားနိုင်သည်။ အာမခံသူများ ကိုတာဝန်မှ လွတ်ကင်းစေခြင်း။

(၂) ထိုကဲ့သို့ လျှောက်ထားလျှင် ရာဇဝတ်တရားသူကြီးသည် ခံဝန်ချုပ်ထားခြင်း ခံရသူကို မိမိရှေ့မှောက်သို့ လာရောက်စေရန်၊ သို့မဟုတ် ခေါ်ယူခဲ့စေရန် သမ္မန်စာဖြင့် ဖြစ်စေ၊ ဝရမ်းဖြင့်ဖြစ်စေ မိမိသင့်သည်ထင်မြင်သည့်အတိုင်း ထုတ်ဆင့်ရမည်။

၁၂၆က။ ပုဒ်မ ၁၂၂၊ ပုဒ်မခွဲ (၃)၏ ခြွင်းချက်အရဖြစ်စေ၊ ပုဒ်မ ၁၂၆၊ ပုဒ်မခွဲ (၂) အရဖြစ် စေ ဝရမ်း၊ သို့မဟုတ် သမ္မန်စာထုတ်ဆင့်ပြီး ရောက်ရှိစေရန် ဆင့်ဆိုခြင်းခံရသူသည် မိမိရှေ့မှောက် သို့ ရောက်ရှိလာသည့်အခါ၊ သို့မဟုတ် ၎င်းကို ခေါ်ဆောင်လာသည့်အခါ ရာဇတ်တရားသူကြီး သည် ထိုသူချုပ်ထားသည့် ခံဝန်ချုပ်ကို ဖျက်သိမ်းရမည့်အပြင် အဆိုပါ ခံဝန်ချုပ်မှ မကုန်ဆုံးသေး သော ကျန်ကာလအပိုင်းအခြားအတွက် မူလအာမခံနှင့် အမျိုးတူ အာမခံအသစ်ထပ်မံပေးစေရန် အမိန့်ချမှတ်ရမည်။ ထိုကဲ့သို့ ချမှတ်သော အမိန့်သည် ပုဒ်မ ၁၂၁၊ ၁၂၂၊ ၁၂၃၊ နှင့် ၁၂၄ တို့ပါ ကိစ္စများအလို့ငှာ ပုဒ်မ ၁၀၆၊ သို့မဟုတ် ပုဒ်မ ၁၁၈ သက်ဆိုင်ရာရာအရ ချမှတ်သော အမိန့်ဖြစ်ဘိ သကဲ့သို့ မှတ်ယူရမည်။ ခံဝန်ချုပ်အတွက် ကျန်ရှိနေသေးသော ကာလ အပိုင်းအခြား အတွက် အာမခံခြင်း။

## အခန်း ၉

## ဥပဒေနှင့် ဆန့်ကျင်သည့် အစုအဝေးများ

ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ရဲအရာရှိက အစုအဝေးကို လူစုခွဲရန် အမိန့်ပေးခြင်း

၁၂၇။ (၁) မည်သည့်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူး၊ သို့မဟုတ် ဒု–ရဲအုပ်အောက် အဆင့်မနိမ့်သော ရဲအရာရှိကမဆို တရားဥပဒေနှင့် ဆန့်ကျင်သည့် အစုအဝေးတစ်စုံတစ်ရာကို၊ သို့မဟုတ် အများပြည်သူတို့ ငြိမ်းချမ်းခြင်းကို နှောင့်ယှက်ဖျက်ဆီးရန် ရှိသော လူငါးဦးဖြစ်စေ၊ ၎င်းထက်ပို၍ဖြစ်စေ စုဝေးသည့် အစုအဝေးတစ်စုံတစ်ရာကို လူစုခွဲစေရန် အမိန့်ပေးနိုင်သည်။ ထိုကဲ့သို့ အမိန့်ပေးသည့်အခါတွင်လည်း ၎င်းအစုအဝေးတွင် ပါဝင်သူတို့သည် အမိန့်ပေးခဲ့သည့်အတိုင်း လူစုခွဲရန် တာဝန်ရှိသည်။

(၂) × × × ×

အစုအဝေးကို လူစုခွဲရန် မြို့ပြ အင်အားကို အသုံးပြုခြင်း။

၁၂၈။ ထိုကဲ့သို့ အမိန့်ပေးသော်လည်း လူစုခွဲခြင်းမပြုလျှင်၊ သို့မဟုတ် ထိုသို့အမိန့်မပေးပါက လူစုလူဝေးကို မုချမဖျက်မည့်အကြောင်း ထင်ရှားစေသည့်အမူအရာကို ပြုလုပ်လျှင် မည်သည့် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် မည်သည့် ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူး၊ သို့မဟုတ် ဒု–ရဲအုပ်အောက် အဆင့်မနိမ့်သော ရဲအရာရှိကမဆို ထိုအစုအဝေးကို လူစုခွဲအောင် အင်အားသုံး၍ ပြုလုပ်နိုင်သည်။ ထိုသို့ပြုလုပ်ရာတွင် ကြည်း၊ ရေ၊ လေတပ်သား အရာရှိမဟုတ်သူ၊ သို့မဟုတ် မြန်မာနိုင်ငံနယ်ခြားတပ် အက်ဥပဒေ၊ သို့မဟုတ် မြန်မာနိုင်ငံအရန်တပ် အက်ဥပဒေအရ လက်နက်ကိုင်မဟုတ်သူ မည်သည့်အမျိုးသားကိုမဆို အကူအညီတောင်းနိုင်သည်။ ထိုသူများကို အင်အားပြုလုပ်၍ လူစုခွဲရမည်။ လိုအပ်လျှင် အစုအဝေးတွင် ပါဝင်သူတို့ကို လူစုခွဲရန်၊ သို့မဟုတ် တရားဥပဒေနှင့်အညီ ပြစ်ဒဏ်စီရင်နိုင်ရန် ဖမ်းဆီးချုပ်နှောင်နိုင်သည်။

စစ်အင်အားကို အသုံးပြုခြင်း။

၁၂၉။ ဆိုခဲ့သည့်အစုအဝေးကို အခြားနည်းဖြင့် လူစုကွဲအောင် မပြုလုပ်နိုင်လျှင်၊ ထို့ပြင် အများပြည်သူတို့၏ ဘေးအန္တရာယ်မှ လုံခြုံစေခြင်းငှာ ၎င်းအစုအဝေးကို လူစုခွဲရန်သင့်လျှင် ထို နေရာတွင်ရှိနေသော ရာထူးအဆင့်အတန်း အမြင့်ဆုံးဖြစ်သည့် ရာဇဝတ်တရားသူကြီးက ၎င်းအစုအဝေးကို စစ်အင်အားသုံး၍ လူစုခွဲနိုင်သည်။

ရာဇဝတ်တရားသူကြီးက အစုအဝေးကို လူစုခွဲရန် ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်သော တပ်မတော်အရာရှိ တာဝန်။

၁၃၀။ (၁) ရာဇဝတ်တရားသူကြီးသည် ၎င်းအစုအဝေးကို စစ်အင်အားဖြင့် လူစုခွဲရန် ဆုံးဖြတ်သည့်အခါ ၎င်းအစုအဝေးကို ကြည်းတပ်၊ သို့မဟုတ် မြန်မာနိုင်ငံနယ်ခြားတပ် အက်ဥပဒေ၊ သို့မဟုတ် မြန်မာနိုင်ငံအရန်တပ် အက်ဥပဒေအရ ဖွဲ့စည်းထားသည့်တပ်တွင် ပါဝင်သော တပ်သားတို့ကို ကြီးကြပ်အုပ်ချုပ်ရသည့် မည်သည့် ပြန်တမ်းဝင်တပ်မတော်အရာရှိ၊ သို့မဟုတ် အကြပ်ကိုမဆို ၎င်းအစုအဝေးကို လူစုခွဲရန် အမိန့်ပေးနိုင်သည်။ ထို့ပြင် ၎င်းအစုအဝေးတွင် ပါဝင်သူတို့အနက် ရာဇဝတ်တရားသူကြီးက ညွှန်ကြားသူကိုဖြစ်စေ၊ အစုအဝေးပျက်ပြားစေရန်၊ သို့မဟုတ် တရားဥပဒေနှင့်အညီ ပြစ်ဒဏ်စီရင်ရန်အလို့ငှာ ဖမ်းဆီးချုပ်နှောင်ထားသင့်သူတို့ကိုဖြစ်စေ ဖမ်းဆီးချုပ်နှောင်ထားရန် အမိန့်ပေးနိုင်သည်။

(၂) ထိုတပ်မတော်အရာရှိတို့သည် ဆိုခဲ့သည့်အမိန့်ကို သင့်သည်ထင်မြင်သည့် နည်းအတိုင်း လိုက်နာဆောင်ရွက်ကြရမည်။ သို့သော်လည်း လိုက်နာဆောင်ရွက်ရာတွင် အစုအဝေး ကို လူစုခွဲရာတွင်ဖြစ်စေ၊ ထိုသူတို့ကို ဖမ်းဆီးချုပ်နှောင်ထားရာတွင်ဖြစ်စေ အင်အားအနည်းငယ်သာ သုံးပြီး လူများ၊ ပစ္စည်းများကိုလည်း အနည်းငယ်မျှသာ ထိခိုက်ပျက်စီးစေရမည်။

၁၃၁။ ထိုအစုအဝေးကြောင့် ပြည်သူတို့၏ လုံခြုံမှုကို ဘေးအန္တရာယ်ဖြစ်ရန် ထင်ရှားသည့်အပြင် မည်သည့်ရာဇဝတ်တရားသူကြီးကိုမျှလည်း မဆက်သွယ်နိုင်လျှင် မြန်မာ့တပ်မတော်၏ ပြန်တမ်းဝင်အရာရှိသည် ၎င်းအစုအဝေးကို စစ်အင်အားအသုံးပြု၍ လူစုခွဲနိုင်ခွင့်ရှိသည်။ ထိုအစုအဝေးကို လူစုခွဲရန်အလို့ငှာဖြစ်စေ၊ စုဝေးရာတွင်ပါဝင်သူတို့ကို တရားဥပဒေနှင့်အညီ ပြစ်ဒဏ်စီရင်ရန် အလို့ငှာဖြစ်စေ၊ ၎င်းအစုအဝေးတွင် ပါဝင်သူ မည်သူကိုမဆို ဖမ်းဆီးချုပ်နှောင်ခွင့်လည်း ရသည်။ သို့သော်လည်း ဤပုဒ်မအရ ဆောင်ရွက်နေသည့်ကာလအတွင်း ရာဇဝတ်တရားသူကြီးတစ်ဦးဦးနှင့် ဆက်သွယ်နိုင်လျှင် ဆက်သွယ်ပြီးနောက် ၎င်း၏ လုပ်ဆောင်ချက်များကို ဆက်၍ ဆောင်ရွက်ရမည်၊ မဆောင်ရွက်ရမည်နှင့် စပ်လျဉ်း၍ ရာဇဝတ်တရားသူကြီး၏ ညွှန်ကြားချက်များကို လိုက်နာရမည်။ (ပြန်တမ်းဝင်တပ်မတော်အရာရှိများ၏အစုအဝေးကိုလူစုခွဲရန် အာဏာ။)

၁၃၂။ နိုင်ငံတော်သမ္မတ၏ အခွင့်အမိန့်မရှိဘဲ ဤအခန်းအရ ဆောင်ရွက်ရာရောက်သော မည်သည့်လုပ်ဆောင်ချက်အတွက်မဆို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရာဇဝတ်တရားရုံးတစ်ရုံးတွင် တရားစွဲဆိုခွင့်မရှိစေရ။ ထို့ပြင် – (ဤအခန်းအရဆောင်ရွက်ချက်များအတွက် တရားစွဲဆိုခြင်းကို ကာကွယ်ခြင်း။)

(က) ဤအခန်းအရ သဘောရိုးနှင့် ဆောင်ရွက်သည့် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ရဲအရာရှိ၊

(ခ) ပုဒ်မ ၁၃၁အရ သဘောရိုးနှင့် ဆောင်ရွက်သည့် တပ်မတော်အရာရှိ၊

(ဂ) ပုဒ်မ ၁၂၈ အရဖြစ်စေ၊ ပုဒ်မ ၁၃၀ အရဖြစ်စေ ဆိုခဲ့သည့်အမိန့်နှင့်အညီ သဘောရိုးနှင့် လုပ်ဆောင်ခဲ့သူ၊

(ဃ) လိုက်နာရန် တာဝန်ရှိသည့် အမိန့်တစ်စုံတစ်ရာကို လိုက်နာ၍ လုပ်ဆောင်ခဲ့သည့် လက်အောက်အရာရှိ၊ သို့မဟုတ် တပ်မတော်သား၊ သို့မဟုတ် စေတနာ့ဝန်ထမ်းတစ်ဦးတစ်ယောက်

မည်သူ့ကိုမျှ ဆိုခဲ့သည့်အတိုင်း ဆောင်ရွက်သည့်ပြစ်မှုအတွက် ပြစ်မှုကျူးလွန်သည်ဟု မမှတ်ယူစေရ။

## အခန်း ၁၀

ဝင်းဝေဒါဝီ
ဒုတိယညွှန်ကြားရေးမှူး (တာဝန်/စီမံ)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

## အများပြည်သူ နှောင့်ယှက်မှုများ

နှောင့်ယှက်မှုကို ဖယ်ရှားရန် စည်းကမ်းချက်ထား၍ ထုတ်ဆင့်နိုင်သည့် အမိန့်။

၁၃၃။ (၁) ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦးဦးက ပြည်သူ့ရဲတပ်ဖွဲ့အစီရင်ခံစာအရဖြစ်စေ၊ အခြားသတင်းပေးချက်အရဖြစ်စေ၊ သင့်သည်ထင်မြင်သည့် မိမိရယူထားသော သက်သေခံချက်များအရဖြစ်စေ –

အများပြည်သူတို့၏ တရားဥပဒေနှင့်အညီ သုံးစွဲသည့်၊ သို့မဟုတ် သုံးစွဲနိုင်သည့် လမ်း၊ မြစ်၊ ချောင်း၊ မြောင်း၊ တူးမြောင်းမှဖြစ်စေ၊ အများပြည်သူဆိုင်ရာ နေရာမှဖြစ်စေ ဥပဒေနှင့် ဆန့်ကျင်သော ပိတ်ပင်ခြင်း၊ သို့မဟုတ် နှောင့်ယှက်မှုကို ဖယ်ရှားသင့်ကြောင်း ထင်မြင်သည့်အခါ၊ သို့မဟုတ်–

ကူးသန်းရောင်းဝယ်မှု တစ်စုံတစ်ရာပြုလုပ်သည့်အရာ၊ အလုပ်အကိုင်တစ်စုံတစ်ရာ လုပ်ကိုင်သည့်အရာ၊ သို့မဟုတ် ကုန်စည်ပစ္စည်းတစ်စုံတစ်ရာ သိုလှောင်သည့်အရာသည် အများပြည်သူတို့၏ ကျန်းမာရေး၊ သို့မဟုတ် အေးချမ်းသာယာရေးကို ထိခိုက်စေမည့် အကြောင်းရှိခြင်းကြောင့် ဖယ်ရှားတားမြစ်ရပ်စဲစေသင့်ကြောင်း၊ သို့မဟုတ် စည်းကမ်းသတ်မှတ်ထားသည့်အတိုင်း ထားစေသင့်ကြောင်း ထင်မြင်သည့်အခါ၊ သို့မဟုတ်

အဆောက်အအုံ တစ်စုံတစ်ရာဆောက်လုပ်ခြင်း၊ ပေါက်ကွဲလောင်ကျွမ်းမှုဖြစ်စေနိုင်သည့် ပစ္စည်းအရာဝတ္ထုများအား တာဝန်မဲ့စွန့်ပစ်ခြင်းများကို တားမြစ်ပိတ်ပင်သင့်ကြောင်း ထင်မြင်သည့်အခါ၊ သို့မဟုတ်

အဆောက်အအုံ၊ သို့မဟုတ် သစ်ပင်တစ်ခုခုသည် ပြိုလဲမည့်အခြေအနေတွင် ရှိသဖြင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများ၊ အလုပ်လုပ်သူများ၊ ဖြတ်သန်းသွားလာသူများကို အန္တရာယ်ဖြစ်စေနိုင်ရန် အကြောင်းရှိ၍ ၎င်းအဆောက်အအုံ၊ သစ်ပင်တို့ကို ဖယ်ရှားပြင်ဆင်၊ ထောက်မပေးသင့်ကြောင်း ထင်မြင်သည့်အခါ၊ သို့မဟုတ်

ဆိုခဲ့သည့်လမ်း၊ အများပြည်သူဆိုင်ရာနေရာနှင့် နီးစပ်သည့် ရေတွင်း၊ ရေကန်၊ ချိုင့်ဝှမ်း၊ သို့မဟုတ် တူးဖော်ထားသည့်နေရာများကို အများပြည်သူတို့ ဘေးအန္တရာယ်မရောက်စေရန် နည်းဖြင့် ဝင်းခြံကာရံပြုလုပ်ထားသင့်ကြောင်း ထင်မြင်သည့်အခါ၊ သို့မဟုတ်

ဘေးရန်ပြုတတ်သည့် တိရစ္ဆာန် မွေးမြူထားခြင်းကြောင့် အများပြည်သူတို့ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သဖြင့် ထိုတိရစ္ဆာန်ကို ဖျက်ဆီး၊ သို့မဟုတ် လှောင်ထား၊ သို့မဟုတ် အခြားနည်းဖြင့် ပြုလုပ်ထားသင့်သည်ဟု ထင်မြင်သည့်အခါ

ထိုရာဇဝတ်တရားသူကြီးသည် ဆိုခဲ့သည့်အတိုင်း ပိတ်ပင်၊ သို့မဟုတ် နှောင့်ယှက်သူ၊ အလုပ်လုပ်ကိုင်သူ၊ ကူးသန်းရောင်းဝယ်သူ၊ ကုန်စည်သိုလှောင်ထားသူ၊ အဆောက်အအုံ၊ ဝတ္ထုပစ္စည်း၊ ရေတွင်း၊ ရေကန်၊ ချိုင့်ဝှမ်းကို ပိုင်ဆိုင် လက်ရှိထိန်းသိမ်းအုပ်ချုပ်သူကို စည်းကမ်းချက်ထား၍ အမိန့်တွင် ပိုင်းခြားသတ်မှတ်ထားသည့် နေ့ရက်ကာလအတွင်း –

ဆိုခဲ့သည့် ပိတ်ပင်၊ သို့မဟုတ် နှောင့်ယှက်မှုကို ဖယ်ရှားရန်၊ သို့မဟုတ် ဆိုခဲ့သည့် အလုပ်အကိုင်၊ ကူးသန်းရောင်းဝယ်သည့်အရာကို ဖယ်ရှားရပ်စဲရန်၊ သို့မဟုတ် ညွှန်ကြားထားသည့် စည်းကမ်းအတိုင်း လိုက်နာရန်၊ သို့မဟုတ် ဆိုခဲ့သည့် ကုန်ပစ္စည်းများကို ဖယ်ရှားရန်၊ သို့မဟုတ် စည်းကမ်းသတ်မှတ်ထားသည့်အတိုင်း သိုလှောင်ထားစေရန်၊ သို့မဟုတ်

ဆိုခဲ့သည့် အိမ်ယာအဆောက်အအုံလုပ်ခြင်းကို တားမြစ်ရန်၊ သို့မဟုတ် ရပ်ဆိုင်းရန်၊ သို့မဟုတ် ယင်းအိမ်ယာအဆောက်အအုံကို ဖယ်ရှားပြင်ဆင်ထောက်ကူထားရန်၊ သို့မဟုတ်

ဆိုခဲ့သည့် သစ်ပင်ကို ဖယ်ရှားရန်၊ သို့မဟုတ် ထောက်ကူရန်၊ သို့မဟုတ်

ဆိုခဲ့သည့်ပစ္စည်း စီမံခန့်ခွဲခြင်းကို ပြောင်းလဲရန်၊ သို့မဟုတ်

ဆိုခဲ့သည့် ရေတွင်း၊ ရေကန်၊ ချိုင့်ဝှမ်းများကို ဝင်းခြံကာရံထားရန်၊ သို့မဟုတ်

ဆိုခဲ့သည့် တိရစ္ဆာန်ကို ဖျက်ဆီးလှောင်ထား၊ သို့မဟုတ် အမိန့်တွင်ပါရှိသည့်အတိုင်း ဆောင်ရွက်ရန်၊ သို့မဟုတ် ထိုကဲ့သို့ မဆောင်ရွက်လျှင်

၎င်းရာဇဝတ်တရားသူကြီးရှေ့သို့သော်လည်းကောင်း၊ ပထမတန်း၊ သို့မဟုတ် ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးရှေ့သို့သော်လည်းကောင်း၊ ထိုသူအား အမိန့်တွင် သတ်မှတ်ထားသည့်နေ့ရက်နှင့် နေရာသို့ ရောက်ရှိ၍ အမိန့်ကို နှုတ်သိမ်းရန်၊ သို့မဟုတ် အောက်တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ၎င်းအမိန့်ကိုပြင်ရန် လျှောက်ထားရမည့်အကြောင်း **အမိန့်ချမှတ်နိုင်သည်။**

(၂) ရာဇဝတ်တရားသူကြီးတစ်ဦးက ဤပုဒ်မအရ နည်းလမ်းတကျ ချမှတ်သောမည်သည့်အမိန့်ကိုမဆို မခိုင်လုံဟု တရားမတရားရုံးတွင် ငြင်းဆိုခြင်းမပြုရ။

**ရှင်းလင်းချက်။** 'အများပြည်သူဆိုင်ရာနေရာ' ဆိုရာတွင် အစိုးရပိုင်မြေ၊ စခန်းချသည့်မြေယာ၊ မြေကွက်မှစ၍ ကျန်းမာမှု၊ သို့မဟုတ် အပန်းဖြေမှုများအတွက် ချန်လှပ်ထားသည့် မြေယာ၊ မြေကွက်များလည်း ပါဝင်သည်။

၁၃၆။ (၁) ဆိုခဲ့သည့်အမိန့်ကို ချအပ်ခြင်းခံရသူကိုယ်တိုင်အား ချအပ်နိုင်လျှင် ဤဥပဒေတွင်ပါရှိသည့် သမ္မန်စာချအပ်ရန် နည်းလမ်းအတိုင်း ထိုသူအား ချအပ်ရမည်။ အမိန့်ချအပ်ခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်း။

(၂) ၎င်းအမိန့်ကို ဆိုခဲ့သည့်အတိုင်း မချအပ်နိုင်ခဲ့လျှင် နိုင်ငံတော်သမ္မတက နည်းဥပဒေအရ ညွှန်ကြားထားသည့်နည်းလမ်းအတိုင်း ကြေညာချက်ထုတ်၍ ထုတ်ပြန်ကြေညာရမည်။ ထို့ပြင် ၎င်းထုတ်ပြန်ကြေညာချက် မိတ္တူတစ်စောင်ကို ချအပ်ခြင်းခံရသူ သိရှိနိုင်မည့်အသင့်လျော်ဆုံးဖြစ်သော နေရာတစ်ခုတွင်ဖြစ်စေ၊ နေရာအများတွင်ဖြစ်စေ ကပ်ထားရမည်။

၁၃၇။ ထိုအမိန့်ချအပ်ခြင်းခံရသူက- အမိန့်ချအပ်ခြင်းခံရသူက ၎င်းအမိန့်ကို လိုက်နာရန်၊သို့မဟုတ် အကြောင်းပြလျှောက်ထားရန်။

(က) အမိန့်ပါသတ်မှတ်ချက်ကို ၎င်းအမိန့်တွင် သီးခြားဖော်ပြပါရှိသည့် အချိန်ကာလအတွင်း ဆောင်ရွက်ရမည်၊

(ခ) ထိုအမိန့်နှင့်အညီ ရောက်ရှိ၍ ထိုအမိန့်အတိုင်း မည်သည့်အကြောင်းကြောင့် အတည်မဖြစ်သင့်ကြောင်းကို ဖော်ပြရမည်။

၁၃၈။ ထိုသူသည် ပုဒ်မ ၁၃၅ အရ အမိန့်ပါသတ်မှတ်ချက်ကို မဆောင်ရွက်လျှင်ဖြစ်စေ၊ ရောက်ရှိ၍ အကြောင်းမပြလျှင်ဖြစ်စေ ထိုသူသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ ပြစ်ဒဏ်ထိုက်သင့်စေရမည်။ ထို့ပြင်၎င်းအမိန့်ကို အပြီးအပြတ်ဖြစ်အောင် ပြုလုပ်ရမည်။ အမိန့်အတိုင်း လိုက်နာရန် ပျက်ကွက်သည့် အကျိုးဆက်။

၁၃၉။ (၁) ထိုသူရောက်ရှိ၍ မည်သည့်အကြောင်းကြောင့် အမိန့်အတည်မဖြစ်သင့်ကြောင်းဖြင့် အကြောင်းပြလျှင် ရာဇဝတ်တရားသူကြီးက သက်သေထွက်ချက်များကို သမ္မန်မှုကဲ့သို့ ရေးမှတ်ရမည်။ အကြောင်းပြရန် ရောက်ရှိသည့်အခါ လိုက်နာရန်ကျင့်ထုံး။

(၂) ရာဇဝတ်တရားသူကြီးက ထိုအမိန့်သည် ယုတ္တိမတန်ကြောင်းနှင့် မသင့်လျော်ကြောင်း ကျေနပ်လျှင် ၎င်းအမှုတွင် ထပ်မံ၍ စစ်ဆေးခြင်းမရှိစေရ။

(၃) ရာဇဝတ်တရားသူကြီးသည် ဆိုခဲ့သည့်အတိုင်း ကျေနပ်မှုမရှိလျှင် ထိုအမိန့်ကို အပြီးအပြတ်ဖြစ်အောင် ပြုလုပ်ရမည်။

၁၃၈။ × × × ×

၁၃၉။ × × × ×

၁၃၉က။ (၁) အများပြည်သူတို့ သုံးစွဲသည့် လမ်း၊ မြစ်၊ ချောင်း၊ တူးမြောင်း၊ သို့မဟုတ် နေရာများတွင် အများပြည်သူတို့အား ပိတ်ပင်နှောင့်ယှက်ဖြစ်စေသည့်၊ သို့မဟုတ် စိုးရိမ်ရန်ရှိသည့် ကိစ္စများကို ကာကွယ်ရန် ပုဒ်မ ၁၃၃ အရ အမိန့်ချမှတ်ခဲ့ရာ အမိန့်ချမှတ်ခြင်းခံရသူမှာ ၎င်းရှေ့သို့ ရောက်ရှိလာသောအခါ ရာဇဝတ်တရားသူကြီးက အဆိုပါ လမ်း၊ မြစ်၊ ချောင်း၊ တူးမြောင်း၊ သို့မဟုတ် နေရာနှင့်စပ်လျဉ်း၍ အများပြည်သူ အခွင့်အရေးရှိခြင်းကို ငြင်းဆိုမည်၊ မငြင်းဆိုမည်ကို ထိုသူအား မေးမြန်းရမည်။ ထိုသူက ငြင်းဆိုလျှင် ပုဒ်မ ၁၃၇ အရ ဆောင်ရွက်ခြင်းမပြုမီ ရာဇဝတ်တရားသူကြီးသည် ၎င်းကိစ္စကို စုံစမ်းစစ်ဆေးရမည်။ အများပြည်သူ အခွင့်အရေးရှိခြင်းကို ငြင်းဆိုသည့်အခါ လိုက်နာရန် ကျင့်ထုံး။

(၂) ထိုစုံစမ်းစစ်ဆေးမှုတွင် ရာဇဝတ်တရားသူကြီးသည် အဆိုပါ ငြင်းဆိုချက်နှင့် စပ်လျဉ်း၍ ထောက်ခံသည့် ယုံကြည်လောက်သော သက်သေခံချက်ရှိကြောင်း တွေ့ရှိလျှင် အခွင့်အာဏာရ တရားမရုံးက ထိုအခွင့်အရေးတည်ရှိကြောင်း ဆုံးဖြတ်သည်အထိ ထိုကိစ္စကို ဆိုင်းငံ့ထားရမည်။ ထိုသက်သေခံချက်မျိုး မရှိကြောင်း ၎င်းက တွေ့ရှိသောအခါ ပုဒ်မ ၁၃၇ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အမှုတွင် လိုအပ်သလို ဆောင်ရွက်ရမည်။

(၃) လူတစ်ဦးတစ်ယောက်ကို ရာဇဝတ်တရားသူကြီးက ပုဒ်မခွဲ (၁)အရ မေးမြန်းရာ ထိုမေးမြန်းချက်ထဲတွင် ရည်ညွှန်းသည့် အများပြည်သူအခွင့်အရေးတည်ရှိကြောင်း ငြင်းဆိုရန် ပျက်ကွက်လျှင်၊ သို့မဟုတ် ငြင်းဆိုရန် ပျက်ကွက်သူက ထောက်ခံယုံကြည်လောက်သည့် သက်သေခံချက် တင်ပြရန် ပျက်ကွက်လျှင် နောင်ဆောင်ရွက်မှုများတွင် ထိုသို့ငြင်းဆိုခြင်းကို ခွင့်မပြုရ။

၁၄၀။ (၁) ပုဒ်မ ၁၃၆ အရဖြစ်စေ၊ ပုဒ်မ ၁၃၇ အရဖြစ်စေ အမိန့်ကို အပြီးအပြတ် ပြုလုပ်သည့်အခါ ယင်းကဲ့သို့ ပြုလုပ်ကြောင်းကို အမိန့်ချမှတ်ခြင်းခံရသူအား ရာဇဝတ်တရားသူကြီးက အသိပေးပြီးနောက် အမိန့်ပါသတ်မှတ်ချက်ကို ၎င်းအမိန့်တွင် သတ်မှတ်ပိုင်းခြားရမည့်နေ့ရက် အချိန်အခါအတွင်း ဆောင်ရွက်ရမည့်အကြောင်းကို ထပ်မံညွှန်ကြားရမည့်အပြင် ထိုကဲ့သို့ ညွှန်ကြားသည်ကို မလိုက်နာပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ ပြစ်ဒဏ်ထိုက်သင့်စေနိုင်ကြောင်း ပြောကြားရမည်။ အမိန့်ကို အပြီးအပြတ် ပြုလုပ်သည့်အခါ လိုက်နာရန် ကျင့်ထုံး။

(၂) သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ထိုသတ်မှတ်ချက်ကို မဆောင်ရွက်လျှင် ရာဇဝတ်တရားသူကြီးက ဆောင်ရွက်စေရန် ပြုလုပ်ရမည်။ ထိုသို့ပြုလုပ်ရာတွင် ကုန်ကျသည့် စရိတ်ကြေးငွေများကို ချမှတ်သည့်အမိန့်အရ ဖယ်ရှားသည့် အိမ်ယာအဆောက်အအုံ၊ ကုန်ပစ္စည်းများကို ရောင်းချ၍ဖြစ်စေ၊ သို့မဟုတ် ရာဇဝတ်တရားသူကြီး စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်းသော်လည်းကောင်း၊ ပြင်ပတွင်သော်လည်းကောင်း ရှိသည့်အမိန့်ချမှတ်ခြင်း ခံရသူပိုင် အခြားရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို သိမ်းယူရောင်းချ၍ဖြစ်စေ ရယူနိုင်သည်။ ဆိုခဲ့သည့် အခြားပစ္စည်းတစ်စုံတစ်ရာမှာ စီရင်ပိုင်ခွင့်နယ်မြေပြင်ပတွင်ရှိလျှင် ထိုအမိန့်ကို ပစ္စည်းတည်ရှိရာ နယ်မြေ၏ စီရင်ပိုင်ခွင့်အာဏာရှိသော ရာဇဝတ်တရားသူကြီးက ထပ်ဆင့်ရေးသားလက်မှတ်ရေးထိုး၍ ၎င်းအမိန့်အရ ထိုပစ္စည်းကို ဝရမ်းစွဲကပ်ရောင်းချခွင့်ရှိသည်။ အမိန့်ကို မလိုက်နာခြင်း၏အကျိုးဆက်။

(၃) ဤပုဒ်မအရ သဘောရိုးဖြင့် ပြုလုပ်သည့် မည်သည့်လုပ်ဆောင်ချက်ကိုမျှ တရားမကြောင်းအရ တရားစွဲဆိုခွင့်မရှိစေရ။

၁၄၁။ × × × ×

၁၄၂။ (၁) ပုဒ်မ ၁၃၃ အရ အမိန့်ချမှတ်သည့် ရာဇဝတ်တရားသူကြီးက အများပြည်သူတို့၏ ဘေးအန္တရာယ်၊ သို့မဟုတ် နာကျင်မှုအကြီးအကျယ်ဖြစ်လုဆဲရှိသည်ကို တားဆီးကာကွယ်ရန် ချက်ချင်းဆောင်ရွက်သင့်ကြောင်း သဘောရလျှင် ၎င်းအမှုကို ဆုံးဖြတ်ခြင်းမပြုမီ ထိုဘေးအန္တရာယ်၊ သို့မဟုတ် နာကျင်မှုများကို တားဆီးကာကွယ်ရန်အတွက် အမိန့်ချမှတ်ခြင်း ခံရသူအပေါ် တားဝရမ်း ထုတ်ဆင့်နိုင်သည်။ စုံစမ်းစစ်ဆေးနေစဉ် တားဝရမ်းထုတ်ခြင်း။

(၂) ထိုသူက အဆိုပါတားဝရမ်းကို ချက်ချင်းလိုက်နာရန် ပျက်ကွက်လျှင် ဘေးအန္တရာယ်ဖယ်ရှားရန်၊ သို့မဟုတ် နာကျင်မှု တားဆီးကာကွယ်ရန်သင့်သည် ထင်မြင်သည့် နည်းလမ်းများဖြင့် ရာဇဝတ်တရားသူကြီးက ကိုယ်တိုင်ပြုလုပ်နိုင်သည်၊ သို့မဟုတ် ပြုလုပ်စေနိုင်သည်။

(၃) ဤပုဒ်မအရ သဘောရိုးဖြင့် ပြုလုပ်သည့် မည်သည့်လုပ်ဆောင်ချက်ကိုမျှ တရားမကြောင်းအရ တရားဆွဲဆိုခွင့် မရှိစေရ။

၁၄၃။ ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ဤကိစ္စအလို့ဌာ နိုင်ငံတော်သမ္မတကသော်လည်းကောင်း ခရိုင်ရာဇဝတ်တရားသူကြီးက သော်လည်းကောင်း အာဏာအပ်နှင်းခြင်းခံရသော ရာဇဝတ်တရားသူကြီးသည် ပြစ်မှုဆိုင်ရာဥပဒေတွင်ဖြစ်စေ၊ အခြားအထူးဥပဒေ၊ သို့မဟုတ် ဒေသန္တရဥပဒေတွင်ဖြစ်စေ အဓိပ္ပာယ်ဖော်ပြပါရှိသည့်အတိုင်း အများပြည်သူတို့အား အနှောင့်အယှက်ဖြစ်စေသည့်အမှုကို ထပ်မံဆက်လက် မပြုလုပ်စေရန် မည်သူ့အပေါ်တွင်မဆို အမိန့်ချမှတ်နိုင်သည်။ အများပြည်သူနှောင့်ယှက်မှု ထပ်မံ ဆက်လက်မပြုလုပ်စေရန် ရာဇဝတ်တရားသူကြီးက တားမြစ်နိုင်ခြင်း။

## အခန်း ၁၁

## အဆောတလျင်ဖြစ်သည့် စိတ်ငြိုငြင်စေမှု၊ သို့မဟုတ် အန္တရာယ်ဖြစ်လိမ့်မည်ဟု စိုးရိမ်ဖွယ်ရာရှိသည့် အမှုများတွင် ချမှတ်နိုင်သည့် ယာယီအမိန့်များ

၁၄၄။ (၁) ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ဤပုဒ်မအရ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတကဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီးက ဖြစ်စေ အာဏာအထူးအပ်နှင်းထားသော အခြားရာဇဝတ်တရားသူကြီးတစ်ဦး (တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးမှအပ) သည် ဤပုဒ်မအရ ဆောင်ရွက်ရန်နှင့် ချက်ချင်းတားဆီးရန်၊ သို့မဟုတ် အဆောတလျင် ပပျောက်အောင်ပြုလုပ်ရန်လိုအပ်ကြောင်းလုံလောက်သော အကြောင်းရှိသည်ဟု ထင်မြင်သည့်အမှုများတွင် -

အဆိုပါရာဇဝတ်တရားသူကြီးသည် တစ်ဦးတစ်ယောက်အား တစ်စုံတစ်ခုသော အမှုကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရမည့်အကြောင်း၊ သို့မဟုတ် ထိုသူ၏လက်ရှိ၊ သို့မဟုတ် ထိုသူ၏ စီမံခန့်ခွဲမှုအောက်ရှိ ပစ္စည်းတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ စီမံပြုလုပ်ရမည့်အကြောင်းနှင့် ဆင့်ဆိုလျှင် တရားသဖြင့် လုပ်ကိုင်သူ တစ်ဦးဦးအား တားဆီးနှောင့်ယှက် ထိခိုက်ခြင်း ဖြစ်သည့်အရာကိုဖြစ်စေ၊ ဟန့်တားနှောင့်ယှက်ခြင်းဖြစ်သည်ဟု စိုးရိမ်ရန်ရှိသည့်အရာကိုဖြစ်စေ၊ လူ့အသက်၊ ကျန်းမာမှု၊ သို့မဟုတ် လုံခြုံမှုကို ထိခိုက်အန္တရာယ်ဖြစ်စေမည့် လက္ခဏာရှိသည့်အရာကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကို နှောင့်ယှက်သည့်အရာကိုဖြစ်စေ၊ ရန်းရင်းဆန်ခတ်မှုကိုဖြစ်စေ၊ သတ်ပုတ်နှောင့်ယှက်မှုကိုဖြစ်စေ မဖြစ်ပွားစေရန် တားဆီးနိုင်သည့် လက္ခဏာရှိကြောင်း၊ သို့မဟုတ် ဟန့်တားစေနိုင်လိမ့်မည်ဖြစ်ကြောင်းနှင့် ထင်မြင်သည့်အခါ အမှု၏ အရေးပါသော အကြောင်းခြင်းရာကို ဖော်ပြရေးသား၍ ပုဒ်မ ၁၃၄ ပါ ပြဋ္ဌာန်းချက်အတိုင်း ချအပ်သောနည်းလမ်းဖြင့် အမိန့်ချမှတ်ဆင့်ဆိုနိုင်သည်။ အဆောတလျင်ဖြစ်သည့် စိတ်ငြိုငြင်စေမှု၊ သို့မဟုတ် အန္တရာယ်ဖြစ်လိမ့်မည်ဟု စိုးရိမ်ဖွယ်ရာရှိသည့် အမှုများတွင် အပြီးအပြတ် အမိန့်ချက်ချင်း ထုတ်ဆင့်နိုင်ခွင့်အာဏာ။

(၂) ဤပုဒ်မအရ အမိန့်ကို ရှောင်တခင် ဖြစ်ပေါ်သည့်အမှုများ၊ သို့မဟုတ် အမိန့်ချမှတ်ခံရမည့်သူထံသို့ သင့်တော်သည့် အချိန်အတွင်း အကြောင်းကြားစာ ချအပ်ခွင့်မရသည့် အမှုများတွင် အမှုသည် မလာရောက်သော်လည်း တစ်ဖက်သတ်ချမှတ်ခွင့် ရသည်။

(၃) ဤပုဒ်မအရ အမိန့်ကို လူတစ်ဦးတစ်ယောက်တည်းသို့ဖြစ်စေ၊ အများပြည်သူသို့ဖြစ်စေ ချအပ်ခွင့်ရသည်။

(၄) မည်သည့် ရာဇဝတ်တရားသူကြီးကမဆို မိမိအလိုအလျောက်သော်လည်းကောင်း၊ နစ်နာသူ တစ်ဦးတစ်ယောက်၏ လျှောက်ထားချက်အရသော်လည်းကောင်း ဤပုဒ်မအရ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိလက်အောက်ခံ ရာဇဝတ်တရားသူကြီး တစ်ဦးဦးကဖြစ်စေ၊ မိမိအလျင်ကျသော ရာဇဝတ်တရားသူကြီးကဖြစ်စေ ချမှတ်သည့် အမိန့်တစ်စုံတစ်ရာကို ပယ်ဖျက်ခြင်း၊ သို့မဟုတ် ပြောင်းလဲခြင်း ပြုလုပ်နိုင်သည်။

(၅) ထိုလျှောက်လွှာမျိုးကို ရရှိသည့်အခါ ရာဇဝတ်တရားသူကြီးသည် မိမိရှေ့သို့ ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ လျှောက်ထားသူအား လာရောက်၍ အမိန့်မချထိုက်ကြောင်း အကြောင်းပြစေရန် အခွင့်အလမ်းကို ဆောလျင်စွာပေးပြီး လျှောက်လွှာ လုံးလုံးလျားလျားကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပယ်ခဲ့လျှင် ထိုသို့ ပြုလုပ်ရသည့် အကျိုးအကြောင်းကို စာဖြင့် ရေးသား မှတ်တမ်းတင်ထားရမည်။

(၆) လူ့အသက်၊ ကျန်းမာရေး၊ သို့မဟုတ် လုံခြုံမှုကို အန္တရာယ်ဖြစ်စေသည့် အမှုများတွင်ဖြစ်စေ၊ ရုန်းရင်းဆန်ခတ်မှု၊ သို့မဟုတ် သတ်ပုတ်နှောင့်ယှက်မှု ဖြစ်ပွားရန်ရှိသည့် အမှုများတွင်ဖြစ်စေ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် အခြားနည်းညွှန်ကြားခြင်း မရှိပါက ဤပုဒ်မအရ ချမှတ်သော မည်သည့်အမိန့်မျှ ချမှတ်သည့် နေ့ရက်မှ နှစ်လထက် ပို၍မတည်စေရ။

## အခန်း ၁၂

### မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများ

၁၄၅။ (၁) မည်သည့်အခါတွင်မဆို ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးသည် ရဲအစီရင်ခံစာအရသော်လည်းကောင်း၊ အခြားသတင်းပေးချက်အရသော်လည်းကောင်း၊ မိမိစီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်းရှိ မြေနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ရေနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ၎င်းတို့နယ်နိမိတ်များနှင့် စပ်လျဉ်း၍ဖြစ်စေ ငြိမ်ဝပ်ရေးပျက်ပြားမှုကို ထိခိုက်တန်ရာသော အငြင်းပွားမှုတစ်ရပ် ပေါ်ပေါက်နေကြောင်း ကျေနပ်လက်ခံသည့်အခါ မည်သည့်အတွက်ကြောင့် ထိုသို့ ကျေနပ်လက်ခံကြောင်း ဖော်ပြလျက် အဆိုပါ အငြင်းပွားမှုတွင် ပါဝင်ပတ်သက်နေသူများအား ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ မိမိသတ်မှတ်ပေးသည့် အချိန်ကာလအတွင်း မိမိတရားရုံးသို့ လာရောက်စေရန်နှင့် အငြင်းပွားသည့် ပစ္စည်းသည် မည်သူ၏လက်ပယ်တွင် အမှန်တကယ်ရှိကြောင်း အသီးသီးအရေးဆိုလျက် စာဖြင့် ရေးသားလျှောက်ထားကြစေရန် အမိန့်တစ်ရပ် ရေးသားထုတ်ဆင့်ရမည်။

မြေစသည်တို့နှင့်စပ်လျဉ်း၍ ငြိမ်းချမ်းသာယာမှုကို ပျက်ပြားစေတန်ရာသော အငြင်းပွားမှုတွင် လိုက်နာရန်ကျင့်ထုံး။

(၂) ဤပုဒ်မပါကိစ္စများအလို့ငှာ မြေ၊ သို့မဟုတ် ရေ ဟူသော စကားရပ်တွင် အဆောက်အအုံများ၊ ဈေးများ၊ အင်းအိုင်များ၊ ကောက်ပဲသီးနှံများ၊ သို့မဟုတ် မြေမှထွက်သည့် ပစ္စည်းများနှင့် အဆိုပါပစ္စည်းတို့မှ ရရှိသည့် အခွန်အခများ၊ သို့မဟုတ် အမြတ်အစွန်းများလည်း အကျုံးဝင်သည်။

(၃) ယင်းအမိန့်၏ မိတ္တူတစ်စောင်ကို ရာဇဝတ်တရားသူကြီးက ညွှန်ကြားသူ၊ သို့မဟုတ် ညွှန်ကြားသူများအပေါ် သမ္မန်စာချအပ်ရာတွင် ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ချအပ်ရမည့်အပြင် အနည်းဆုံး မိတ္တူတစ်စောင်ကို အငြင်းပွားသည့်ပစ္စည်းရှိသည့် အရပ်တွင်ဖြစ်စေ၊ ၎င်း၏ အနီးအနားတွင်ဖြစ်စေ ထင်ရှားသောနေရာတွင် ကပ်ခြင်းအားဖြင့် ကြေညာရမည်။

(၄) ထို့နောက် ရာဇဝတ်တရားသူကြီးသည် အငြင်းပွားသည့်ပစ္စည်းကို လက်ဝယ်ရပိုင်ခွင့်နှင့် စပ်လျဉ်း၍ အမှုသည်တို့၏ တောင်းဆိုချက်များကို မစဉ်းစားသေးဘဲ ၎င်းတို့၏ ရေးသားတင်ပြချက်များကို ဖတ်ရှုရမည်။ အမှုသည်များကို ကြားနာရမည်။ ၎င်းတို့အသီးသီးက တင်ပြလာသည့် သက်သေခံချက်အားလုံးကို လက်ခံရမည်။ အဆိုပါ သက်သေခံချက်များ၏ အကျိုးသက်ရောက်မှုကို စဉ်းစားရမည်။ အကယ်၍ ရှိသေးလျှင် မိမိလိုအပ်သည်ထင်သည့် သက်သေခံချက်ကို ထပ်မံယူရမည်။ ဖြစ်နိုင်လျှင် အငြင်းပွားသည့် ပစ္စည်းသည် အမှုသည်တစ်ဦးဦး၏ လက်ရှိဟုတ်မဟုတ်နှင့် ဟုတ်ခဲ့လျှင်လည်း အထက်တွင်ဖော်ပြခဲ့သည့် အမိန့်ချမှတ်သည့်နေ့ရက်က မည်သည့်အမှုသည်၏ လက်ရှိဖြစ်ကြောင်း အဆုံးအဖြတ်ပေးရမည်။

မည်သူ့လက်ရှိဖြစ်ကြောင်း စုံစမ်းစစ်ဆေးခြင်း။

သို့ရာတွင် အမှုသည်တစ်ဦးဦးသည် အဆိုပါ အမိန့်ထုတ်ပြန်သည့်နေ့ရက်မတိုင်မီ နှစ်လအတွင်းက အတင်းအကြပ်နှင့် မတရားပြုမှုခြင်းခံရ၍ ပစ္စည်းလက်လွှတ်ဖြစ်ခဲ့ရသည်ဟု ရာဇဝတ်တရားသူကြီးက ထင်မြင်ယူဆလျှင် ထိုသို့လက်လွှတ်ဖြစ်ရသူကို အဆိုပါနေ့ရက်၌ ၎င်းပစ္စည်းလက်ရှိဖြစ်ခဲ့သူအဖြစ်ဖြင့် မှတ်ယူဆောင်ရွက်နိုင်သည်။

ထို့ပြင်လည်း ရာဇဝတ်တရားသူကြီးက ထိုအမှုကို အရေးပေါ်ကိစ္စတစ်ရပ်အဖြစ် ထင်မြင်ယူဆလျှင် ဤပုဒ်မအရ အဆုံးအဖြတ်မပေးမီ အငြင်းပွားနေသည့်ပစ္စည်းကို အချိန်မရွေး ဝရမ်းကပ်နိုင်သည်။

(၅) ဆိုခဲ့သည့်အတိုင်း လာရောက်ရန် ဆင့်ဆိုခြင်းခံရသော အမှုသည်တစ်ဦးဦး၊ သို့မဟုတ် အခြားသူတစ်ဦးဦးက အဆိုပါ အငြင်းပွားမှုမျိုးမရှိကြောင်း၊ သို့မဟုတ် မရှိခဲ့ဘူးကြောင်း မတင်ပြရဟူ၍ ဤပုဒ်မပါ မည်သည့်အချက်ကမျှ မတားဆီးစေရ။ အကယ်၍ တင်ပြနိုင်လျှင် ရာဇဝတ်တရားသူကြီးသည် ၎င်း၏ ဆိုခဲ့သော်အမိန့်ကို ပယ်ဖျက်ပေးရမည်။ ထို့ပြင် ယင်းအမှုနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ခြင်းအားလုံးကို ဆိုင်းငံ့ရမည်။ သို့သော် အဆိုပါအမိန့်ကို ပယ်ဖျက်ခြင်းမပြုလျှင် ပုဒ်မခွဲ (၁)အရ ချမှတ်ခဲ့သော ရာဇဝတ်တရားသူကြီး၏ အမိန့်သည် အပြီးသတ်အတည်ဖြစ်စေရမည်။

(၆) အကယ်၍ ရာဇဝတ်တရားသူကြီးက အမှုသည်တစ်ဦးဦးမှာ အငြင်းပွားသည့် ပစ္စည်း လက်ရှိဖြစ်ခဲ့သည်၊ သို့မဟုတ် ပုဒ်မခွဲ (၄)၏ ပထမခြွင်းချက်အရ အဆိုပါ အငြင်းပွားပစ္စည်းကို လက်ရှိဖြစ်ခဲ့သူအဖြစ် မှတ်ယူဆောင်ရွက်သင့်သည်ဟု ဆုံးဖြတ်လျှင် ထိုအမှုသည်မှာ တရားဥပဒေနည်းလမ်းနှင့်အညီ ထိုပစ္စည်းမှ နှင်ထုတ်ခြင်းမခံရသရွေ့ ယင်းပစ္စည်းလက်ရှိဖြစ်ထိုက်သူဖြစ်ကြောင်း ကြေညာပြီး ယင်းကဲ့သို့ နှင်ထုတ်ခြင်းမခံရသရွေ့ ၎င်း၏ လက်ရှိဖြစ်မှုကို မည်သို့မျှ မနှောင့်ယှက်ရန် တားမြစ်ပိတ်ပင်သော အမိန့်တစ်ရပ် ထုတ်ဆင့်ရမည့်အပြင် ပုဒ်မခွဲ (၄)၏ ပထမခြွင်းချက်အရ ဆောင်ရွက်သည့်အခါ အတင်းအကြပ်နှင့် မတရားပြုမှုခံရ၍ လက်လွှတ်ဖြစ်ခဲ့ရသည့် အမှုသည်ကို လက်ရှိအဖြစ်သို့ ပြန်ပေးနိုင်သည်။

လက်ရှိဖြစ်နေသောအမှုသည်သည် တရားဥပဒေအရ နှင်ထုတ်ခြင်းမခံရမချင်း ဆက်၍ လက်ရှိဖြစ်ရခြင်း။

(၇) ဤအမှုမျိုးမှ အမှုသည်တစ်ဦးဦး သေဆုံးသွားသောအခါတွင် ရာဇဝတ်တရားသူကြီးသည် သေဆုံးသော အမှုသည်၏ တရားဝင်ကိုယ်စားလှယ်ကို အမှုတွင် အမှုသည်တစ်ဦးအဖြစ် ထည့်သွင်းပြီး စုံစမ်းစစ်ဆေးမှုကို ဆက်လက်ပြုလုပ်ရမည်။ ၎င်းပြင် ထိုသို့ဆက်လက်ဆောင်ရွက်ရန်အတွက် သေဆုံးသူအမှုသည်၏ တရားဝင်ကိုယ်စားလှယ်မှာ မည်သူဖြစ်သည်ဟု ပြဿနာပေါ်ပေါက်ခဲ့လျှင် သေဆုံးသူအမှုသည်၏ တရားဝင်ကိုယ်စားလှယ်များဖြစ်ကြောင်း အရေးဆိုသူအားလုံးကို အမှုသည်များအဖြစ် ထည့်သွင်းပေးရမည်။

(၈) ရာဇဝတ်တရားသူကြီးက မိမိရှေ့မှောက်တွင် ဤပုဒ်မအရ ဆောင်ရွက်နေသည့်အမှုမှ အငြင်းပွားပစ္စည်းပေါ်ရှိ ကောက်ပဲသီးနှံများ၊ သို့မဟုတ် အခြားထွက်ကုန်များသည် သဘာဝအလျောက် ပျက်စီးလွယ်သည်ဟု ထင်မြင်လျှင် ယင်းပစ္စည်းကို စနစ်တကျ သိမ်းဆည်း ထားရန်၊ သို့မဟုတ် ရောင်းချရန် အမိန့်ချမှတ်နိုင်သည်။ စုံစမ်းစစ်ဆေးမှုပြီးစီးသည့်အခါ အဆိုပါ ပစ္စည်းများ၊ သို့မဟုတ် ၎င်းတို့ကို ရောင်းချ၍ ရရှိသည့်ငွေများကို စီမံရန် မိမိသင့်သည်ထင်မြင်သည့် အတိုင်း အမိန့်ချမှတ်ပေးရမည်။

(၉) ရာဇဝတ်တရားသူကြီးသည် ဤပုဒ်မအရ ဆောင်ရွက်သည့် မှုခင်း၏ မည်သည့်အဆင့်၌မဆို အမှုသည်တစ်ဦးဦးက လျှောက်ထားလာလျှင် သက်သေတစ်ဦးတစ်ယောက်အား တရားရုံးသို့ လာရောက်ရန်ဖြစ်စေ၊ စာတမ်းအမှတ်အသား၊ သို့မဟုတ် အရာဝတ္ထု တစ်စုံတစ်ရာကို တင်ပြစေရန်ဖြစ်စေ မိမိသင့်သည်ထင်မြင်သည့်အတိုင်း သမ္မန်စာထုတ်ဆင့်နိုင်သည်။

(၁၀) ဤပုဒ်မပါ မည်သည့်အချက်ကမျှ ပုဒ်မ ၁၀၇ အရ ဆက်လက်ဆောင်ရွက်ရန် ရာဇဝတ်တရားသူကြီး၏ အာဏာများကို ယုတ်လျော့သွားစေသည်ဟု မမှတ်ယူရ။

၁၄၆။ (၁) ရာဇဝတ်တရားသူကြီးက မည်သည့်အမှုသည်မျှ ဆိုခဲ့သည့်အချိန်၌ လက်ရှိမဟုတ်ကြောင်း ဆုံးဖြတ်လျှင်၊ သို့မဟုတ် အငြင်းပွားပစ္စည်းသည် ဆိုခဲ့သည့်အချိန်တွင် မည်သည့်အမှုသည်၏ လက်ရှိဖြစ်ကြောင်း ကျေနပ်လက်ခံခြင်းမပြုနိုင်လျှင် ထိုပစ္စည်းအပေါ် အမှုသည်များ၏ ရပိုင်ခွင့်များကိုဖြစ်စေ၊ ထိုပစ္စည်းလက်ရှိဖြစ်ထိုက်သူကိုဖြစ်စေ အခွင့်အာဏာရ တရားရုံးတစ်ရုံးက သတ်မှတ်မပေးမီ ရာဇဝတ်တရားသူကြီးက ထိုပစ္စည်းကို ဝရမ်းကပ်နိုင်သည်။ အငြင်းပွားသည့် ပစ္စည်းကို ဝရမ်းကပ်ရန် အာဏာ။

သို့ရာတွင် ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် အငြင်းပွားပစ္စည်းကို ဝရမ်းကပ်ခဲ့သည့် ရာဇဝတ်တရားသူကြီးက အငြင်းပွားပစ္စည်းနှင့် စပ်လျဉ်း၍ ငြိမ်ဝပ်ရေးပျက်ပြားစေနိုင်သည့် အခြေအနေမရှိတော့ဟု ကျေနပ်လက်ခံလျှင် ကပ်ထားသည့် ဝရမ်းကို အချိန်မရွေး ပြန်ခွာနိုင်သည်။

(၂) ရာဇဝတ်တရားသူကြီးသည် အငြင်းပွားပစ္စည်းကို ဝရမ်းကပ်ထားသည့်အခါ မိမိသင့်သည်ထင်မြင်လျှင်၊ ထို့ပြင် တရားမတရားရုံးတစ်ရုံးက အငြင်းပွားပစ္စည်းအတွက် ပစ္စည်းထိန်း မခန့်အပ်ရသေးလျှင် ယင်းအတွက် ပစ္စည်းထိန်းခန့်နိုင်သည်။ ထိုပစ္စည်းထိန်းသည် ရာဇဝတ်တရားသူကြီး၏ ကြီးကြပ်မှုဖြင့် တရားမကျင့်ထုံးဥပဒေအရ ခန့်ထားသောပစ္စည်းထိန်းတစ်ဦး၏ လုပ်ပိုင်ခွင့် အားလုံးကို ရရှိစေရမည်။

သို့ရာတွင် နောက်ပိုင်းတွင် အငြင်းပွားပစ္စည်းအတွက် တရားမရုံးတစ်ရုံးက ပစ္စည်းထိန်းတစ်ဦးခန့်လျှင် ထိုပစ္စည်းထိန်းထံသို့ ရာဇဝတ်တရားသူကြီးက ခန့်ထားခဲ့သည့် ပစ္စည်းထိန်းက ပစ္စည်းကို လက်ရောက်လွှဲပေးရမည်။ ထိုအခါ ရာဇဝတ်တရားသူကြီး ခန့်ထားခဲ့သောသူသည် ပစ္စည်းထိန်းတာဝန်မှ ရပ်စဲရမည်။

၁၄၇။ (၁) မည်သည့်အခါတွင်မဆို ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦးဦးက မိမိ၏စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း ပုဒ်မ ၁၄၅၊ ပုဒ်မခွဲ (၂) တွင် ရှင်းလင်းဖွင့်ဆိုထားသည့် မြေ၊ သို့မဟုတ် ရေ တစ်စုံတစ်ရာကို အသုံးပြုခွင့်ရထားသည်ဆိုသော (အဆိုပါအခွင့်အရေးကို သက်သာခွင့်တစ်ရပ်အနေဖြင့် တောင်းဆိုသည်ဖြစ်စေ၊ အခြားနည်းဖြင့် အရေးဆိုသည်ဖြစ်စေ) အချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ငြိမ်ဝပ်ရေးပျက်ပြားစေနိုင်သည့် အငြင်းပွားမှုတစ်စုံတစ်ရာရှိနေကြောင်း ရဲအစီရင်ခံစာအရဖြစ်စေ၊ အခြားသတင်းပေးချက်အရဖြစ်စေ ကျေနပ်လက်ခံလျှင် မည်သည့်အကြောင်းများကြောင့် ထိုကဲ့သို့ ကျေနပ်လက်ခံကြောင်း ဖော်ပြရေးသားလျက် အငြင်းပွားမှုတွင် ပါဝင်ပတ်သက်နေသူများအား ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်အတွင်း တရားရုံးသို့လာရောက်၍ မိမိတို့၏ တောင်းဆိုချက်အသီးသီးကို ဖော်ပြလျက် စာဖြင့်ရေးသားတင်သွင်းကြရန် ဆင့်ဆိုသည့် အမိန့်တစ်ရပ်ကို ချမှတ်ရမည်။ ထို့ပြင်နောက်တွင် ပုဒ်မ ၁၄၅ ၌ ပြဋ္ဌာန်းပါရှိသည့် နည်းလမ်း အတိုင်း စုံစမ်းစစ်ဆေးရမည်။ ယင်းကဲ့သို့ စုံစမ်းစစ်ဆေးမှုတွင် ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်နိုင်သမျှ သက်ဆိုင်စေရမည်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်း စသည်တို့၏ သုံးစွဲပိုင်ခွင့်များနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများ။

(၂) အဆိုပါ အခွင့်အရေးတည်ရှိနေသည်ဟု ယင်းရာဇဝတ်တရားသူကြီးက ယူဆလျှင် အဆိုပါအခွင့်အရေးသုံးစွဲမှုအား နှောင့်ယှက်မှုမှန်သမျှကို ပိတ်ပင်သည့် အမိန့်တစ်ရပ်ထုတ်ဆင့်ရမည်။

သို့ရာတွင် အခွင့်အရေးမှာ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်သည့် အခွင့်အရေးဖြစ်ပြီး စုံစမ်းစစ်ဆေးမှု မပြုလုပ်မီ သုံးလအတွင်း ယင်းအခွင့်အရေးကို အသုံးပြုခဲ့ခြင်းမရှိလျှင်၊ သို့မဟုတ် ထိုအခွင့်အရေးမှာ သတ်မှတ်ထားသော ရာသီများ၊ သို့မဟုတ် သတ်မှတ်ထားသော အခါသမယများ၌သာ အသုံးပြုနိုင်သည့် အခွင့်အရေးဖြစ်ပြီး ယင်းအခွင့်အရေးကို စုံစမ်းစစ်ဆေးမှု မပြုလုပ်မီ အဆိုပါ ရာသီများ၏ နောက်ဆုံးရာသီတွင်၊ သို့မဟုတ် အဆိုပါ အခါသမယများ၏ နောက်ဆုံး အခါသမယတွင် အသုံးပြုခြင်းမရှိလျှင် ဆိုခဲ့သည့် အမိန့်ကို မထုတ်ဆင့်ရ။

(၃) အဆိုပါအခွင့်အရေး မတည်ရှိကြောင်း ဆိုခဲ့သည့် ရာဇဝတ်တရားသူကြီးက ယူဆလျှင် ယင်းသို့တည်ရှိသည်ဆိုသော အခွင့်အရေးကို မည်သို့မျှ သုံးစွဲခြင်းမပြုရန် တားမြစ်သည့် အမိန့်တစ်ရပ် ထုတ်ဆင့်ရမည်။

(၄) ဤပုဒ်မအရ ချမှတ်သည့် အမိန့်တစ်ရပ်ကို ၎င်းထက်နောက်ကျသော စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားမတရားရုံးတစ်ရုံး၏ ဆုံးဖြတ်ချက်က လွှမ်းမိုးစေရမည်။

၁၄၈။ (၁) ဤအခန်းပါကိစ္စအလို့ငှာ ဆိုင်ရာဒေသတွင် စုံစမ်းစစ်ဆေးမှုလိုအပ်သည့် အခါတိုင်း မည်သည့်ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးမဆို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် မိမိလက်အောက်ရှိ ရာဇဝတ်တရားသူကြီးတစ်ဦးဦးအား လွှဲအပ်နိုင်သည်။ ၎င်းအပြင် ထိုရာဇဝတ်တရားသူကြီးအတွက် လိုအပ်မည်ထင်မြင်သည့် ညွှန်ကြားချက်များကို စာဖြင့်ရေးသားပေးအပ်နိုင်သည်။ ထို့ပြင် ၎င်းစုံစမ်းစစ်ဆေးမှုအတွက် လိုအပ်သော ကုန်ကျစရိတ်အားလုံးကိုဖြစ်စေ၊ တချို့တစ်ဝက်ကိုဖြစ်စေ မည်သူကပေးရမည်ဟု ဖော်ပြပေးနိုင်သည်။ ဆိုင်ရာဒေသတွင် စုံစမ်းစစ်ဆေးမှု။

(၂) ထိုကဲ့သို့ တာဝန်ပေးအပ်ခြင်းခံရသူ၏ အစီရင်ခံစာကို အမှုတွင် သက်သေခံချက်အဖြစ် ဖတ်ရှုနိုင်သည်။

(၃) ဤအခန်းပါ ပြဋ္ဌာန်းချက်အရ အမှုစစ်ဆေးရာတွင် အမှုသည်တစ်ဦးဦးက စရိတ်ကျခံထားရသည့်အခါ ပုဒ်မ ၁၄၅၊ ပုဒ်မ ၁၄၆၊ သို့မဟုတ် ပုဒ်မ ၁၄၇ အရ ဆုံးဖြတ်ချက်ချမှတ်သည့် ရာဇဝတ်တရားသူကြီးသည် ၎င်းစရိတ်ငွေများကို မည်သူက ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ဆိုခဲ့သည့် အမှုသည်ကပင် ပေးဆောင်ရမည်၊ သို့မဟုတ် အခြားအမှုသည်တစ်ဦးဦးက ပေးဆောင်ရမည်၊ ထို့ပြင် တစ်လုံးတစ်ခဲတည်းဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ အချိုးကျဖြစ်စေ ပေးဆောင်ရမည်ဖြစ်ကြောင်း စသည်ဖြင့် ညွှန်ကြားနိုင်သည်။ အဆိုပါ စရိတ်များတွင် သက်သေများအတွက် ကျခံခဲ့ရသည့် စရိတ်များနှင့် တရားရုံးက သင့်တော်သည်ဟု ယူဆသော ရှေ့နေခများ ပါဝင်နိုင်သည်။ စရိတ်များနှင့် စပ်လျဉ်းသော အမိန့်။

## အခန်း ၁၃

လ-၁၆၁၃၊ ဒုတိယရဲမှူးကြီး ဝင်းခေါင်
ဒုတိယညွှန်ကြားရေးမှူး (တာဝန်/စီမံ)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

## ရဲတို့၏ ကြိုတင်ကာကွယ်သော ဆောင်ရွက်ချက်

ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများကို ရဲတို့က ကြိုတင်ကာကွယ်ရန်။

၁၄၉။ ရဲအရာရှိတိုင်းသည် ကြိုတင်ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် ကြားဝင်ဆောင်ရွက်နိုင်သည့်အပြင် ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်မည့်အရေးကို မိမိစွမ်းဆောင်နိုင်သမျှ ကြိုတင်ကာကွယ်ရမည်။

ထိုကဲ့သို့သော ပြစ်မှုများကို ကျူးလွန်ရန် အကြံအစည်နှင့် စပ်လျဉ်းသည့် သတင်း။

၁၅၀။ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ရန် အကြံအစည်တစ်ခုနှင့် စပ်လျဉ်း၍ သတင်းရရှိသော ရဲအရာရှိတိုင်းသည် မိမိ၏အထက်ဖြစ်သော အနီးဆုံးရဲအရာရှိထံ ထိုသတင်းကို အကြောင်းကြားရမည်။

ထိုကဲ့သို့သော ပြစ်မှုများကို ကြိုတင်တားဆီးရန် ဖမ်းဆီးခြင်း။

၁၅၁။ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ရန် အကြံအစည်တစ်ခုကို သိရှိသော ရဲအရာရှိတစ်ဦးသည် အဆိုပါပြစ်မှုကျူးလွန်ခြင်းကို ကြိုတင်ကာကွယ်ရန် အခြားနည်းဆောင်ရွက်နိုင်ခြင်းမရှိဟု ယူဆလျှင် ကြံစည်သူအား ရာဇဝတ်တရားသူကြီးတစ်ဦးထံမှ အမိန့်များနှင့် ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။

ပြည်သူပိုင်ပစ္စည်း ဖျက်ဆီးခြင်းကို ကြိုတင်ကာကွယ်ခြင်း။

၁၅၂။ ရဲအရာရှိတစ်ဦးသည် ကြိုတင်ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် မိမိ၏အခွင့်အာဏာအရ ကြားဝင်ဆောင်ရွက်နိုင်သည့်အပြင် မိမိမြင်ကွင်းတွင် ရွှေ့ပြောင်းနိုင်သော၊ သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပြည်သူပိုင်ပစ္စည်းတစ်စုံတစ်ရာကို ဖျက်ဆီးရန် အားထုတ်ခြင်းကိုသော်လည်းကောင်း၊ အများပြည်သူနှင့် သက်ဆိုင်သော နယ်နိမိတ်အမှတ်အသားကိုဖြစ်စေ၊ ဘော၊ သို့မဟုတ် ရေကြောင်းသွားလာမှုအတွက် အသုံးပြုသော အခြားအမှတ်အသားကိုဖြစ်စေ ဖယ်ရှားရန်၊ သို့မဟုတ် ဖျက်ဆီးရန် အားထုတ်ခြင်းကိုသော်လည်းကောင်း မိမိစွမ်းဆောင်နိုင်သမျှ အစွမ်းကုန် ကြိုတင်ကာကွယ်ရမည်။

အလေးတင်းတောင်းများကို ကြည့်ရှုစစ်ဆေးခြင်း။

၁၅၃။ (၁) မည်သည့် ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးမဆို ထိုရဲစခန်း၏ နယ်မြေအတွင်းရှိ မည်သည့်နေရာ၌ဖြစ်စေ မမှန်သော အလေးဘင်းတောင်း၊ သို့မဟုတ် အလေးချိန် ချိန်တွယ်သည့် ကိရိယာများ ရှိနေသည်ဟု ယုံကြည်ရန် အကြောင်းပေါ်ပေါက်လာသည့်အခါ ထိုနေရာတွင် အသုံးပြုသော၊ သို့မဟုတ် ထားရှိသော အလေးတင်းတောင်း၊ သို့မဟုတ် ချိန်တွယ်သည့် ကိရိယာများကို ကြည့်ရှုစစ်ဆေးရန်၊ သို့မဟုတ် ရှာဖွေရန်ကိစ္စအလို့ငှာ ဝရမ်းမပါဘဲ ဝင်ရောက်နိုင်သည်။

(၂) အဆိုပါနေရာတွင် မမှန်သော အလေးများ၊ တင်းတောင်းများ၊ ချိန်တွယ်ရန် ကိရိယာများကို ရှာဖွေတွေ့ရှိလျှင် ထိုရဲအရာရှိသည် ထိုပစ္စည်းကို သိမ်းယူပြီးနောက် ထိုသို့ သိမ်းယူခဲ့ကြောင်းကို စီရင်ပိုင်ခွင့်အာဏာရှိသည့် ရာဇဝတ်တရားသူကြီးတစ်ဦးထံသို့ ချက်ချင်း သတင်းပို့ရမည်။

# အပိုင်း ၅

## ရဲထံ သတင်းပေးခြင်းနှင့် ရဲတို့၏ စုံစမ်းထောက်လှမ်းရန်အာဏာများ

### အခန်း ၁၄

၁၅၄။ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတစ်ရပ်ကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းပေးချက်တိုင်းကို ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူး တစ်ဦးထံ နှုတ်ဖြင့် ပေးခဲ့လျှင် ထိုအရာရှိကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ ညွှန်ကြားချက်အရဖြစ်စေ စာဖြင့်ရေးမှတ်ရမည့်အပြင် သတင်းပေးသူအား ပြန်ဖတ်ပြရမည်။ ထို့ပြင် စာဖြင့်ရေးသားပေးသည်ဖြစ်စေ၊ အထက်တွင် ဆိုခဲ့သည့်အတိုင်း စာဖြင့်ရေးမှတ်ယူရသည်ဖြစ်စေ အဆိုပါသတင်းပေးချက်တိုင်းတွင် သတင်းပေးသူက လက်မှတ်ရေးထိုးရမည်။ ထို့ပြင် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက သတ်မှတ်ထားသည့် ပုံစံအတိုင်း အဆိုပါရဲအရာရှိက ထားရှိရမည့်စာအုပ်တွင် ထိုသတင်း၏ အကျဉ်းချုပ်ကို ထည့်သွင်းရေးမှတ်ထားရမည်။ ရဲအရေးယူပိုင်ခွင့်ရှိသော အမှုများတွင် သတင်းပေးခြင်း

၁၅၅။ (၁) ရဲစခန်းတစ်ခု၏ နယ်မြေအတွင်း၌ ရဲအရေးယူပိုင်ခွင့်မရှိသော ပြစ်မှုတစ်ရပ်ကျူးလွန်သည့်အကြောင်း ၎င်းပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးထံ သတင်းပေးလာလျှင် ရဲအရာရှိသည် ထိုသတင်းပေးချက်၏ အကျဉ်းချုပ်ကို အထက်တွင်ဆိုခဲ့သည့်အတိုင်း ထားရှိသည့်စာအုပ်တွင် ရေးသွင်း၍ ထိုသတင်းပေးသူကို ရာဇဝတ်တရားသူကြီးထံ သွားရောက်ရန် လမ်းညွှန်ပေးရမည်။ ရဲအရေးယူပိုင်ခွင့်မရှိသော အမှုများတွင် သတင်းပေးခြင်း

(၂) အဆိုပါအမှုကို စစ်ဆေးစီရင်ရန်၊ သို့မဟုတ် စစ်ဆေးစီရင်ရန်အတွက် အဆိုပါအမှုကို တင်ပြရန် အာဏာရှိသော ပထမတန်း၊ သို့မဟုတ် ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦး၏ အမိန့်မရရှိဘဲ မည်သည့်ရဲအရာရှိကမျှ ရဲအရေးယူပိုင်ခွင့်မရှိသော အမှုကို စုံစမ်းထောက်လှမ်းခြင်း မပြုရ။ ရဲအရေးယူပိုင်ခွင့်မရှိသော အမှုများတွင် စုံစမ်းထောက်လှမ်းခြင်း။

(၃) အဆိုပါ အမိန့်မျိုးရရှိသော မည်သည့်ရဲအရာရှိကမဆို ရဲအရေးယူပိုင်ခွင့်ရှိသောအမှု၌ သုံးစွဲနိုင်သော ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးတစ်ဦးရရှိသော အာဏာများကို သုံးစွဲလျက် စုံစမ်းထောက်လှမ်းနိုင်သည်။ သို့သော် ဝရမ်းမပါဘဲ ဖမ်းဆီးရန် အာဏာမရှိပေ

၁၅၆။ (၁) မည်သည့် ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးမဆို ၎င်းရဲစခန်းနယ်မြေအတွင်းရှိ နေရာဒေသကို စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးက စုံစမ်းစစ်ဆေးရန်၊ သို့မဟုတ် စစ်ဆေးစီရင်ရန်နေရာနှင့် စပ်လျဉ်းသော အခန်း ၁၅ပါ ပြဋ္ဌာန်းချက်များအရ စုံစမ်းစစ်ဆေးပိုင်ခွင့် သို့မဟုတ် စစ်ဆေးစီရင်ပိုင်ခွင့်ရှိသော မည်သည့်ရဲအရေးယူပိုင်ခွင့်ရှိသော အမှုမျိုးကိုမဆို ရာဇဝတ်ရားသူကြီးတစ်ဦး၏ အမိန့်မရရှိဘဲ စုံစမ်းထောက်လှမ်းနိုင်သည်။ ရဲအရေးယူပိုင်ခွင့်ရှိသော အမှုများကို စုံစမ်းထောက်လှမ်းခြင်း။

(၂) ဤအမှုမျိုးတွင် ရဲအရာရှိတစ်ဦး၏ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ ဤပုဒ်မအရ စုံစမ်းထောက်လှမ်းရန် ယင်းအရာရှိတွင် အာဏာမရှိသောအမှုဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် မည်သည့်အဆင့်တွင်မျှ မခိုင်လုံဟု ငြင်းဆိုခြင်းမပြုရ။

(၃) ပုဒ်မ ၁၉၀ အရ အာဏာအပ်နှင်းထားသော မည်သည့် ရာဇဝတ်တရားသူကြီးမဆို အထက်တွင် ဖော်ပြထားသော စုံစမ်းထောက်လှမ်းခြင်းမျိုးကို ပြုလုပ်စေရန် အမိန့်ထုတ်ဆင့်နိုင်သည်။

၁၅၇။ (၁) ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးသည် ပုဒ်မ ၁၅၆ အရ မိမိစုံစမ်းထောက်လှမ်းပိုင်ခွင့်ရှိသော ပြစ်မှုတစ်စုံတစ်ရာဖြစ်ပွားခဲ့ကြောင်း ရရှိသောသတင်းအရဖြစ်စေ၊ အခြားနည်းအရဖြစ်စေ သင်္ကာမကင်းရန် အကြောင်းရှိသောအခါ ရဲအစီရင်ခံစာအရ အဆိုပါပြစ်မှုကို အရေးယူပေးရန် အာဏာရှိသည့် ရာဇဝတ်တရားသူကြီးတစ်ဦးထံသို့ ထိုအကြောင်းအရာကို ချက်ချင်းအစီရင်ခံရမည်။ ထို့ပြင် ဖြစ်ပွားအရပ်သို့ မိမိကိုယ်တိုင် သွားရောက်၍ဖြစ်စေ၊ ဤကိစ္စအတွက် နိုင်ငံတော်သမ္မတက ယေဘုယျ၊ သို့မဟုတ် အထူးအမိန့်ဖြင့် သတ်မှတ်ထားသည့် အဆင့်ထက်မနိမ့်သော မိမိလက်အောက်ခံ ရဲအရာရှိတစ်ဦးဦးကို ထိုနေရာသို့ စေလွှတ်၍ဖြစ်စေ အမှု၏ အကြောင်းခြင်းရာများကို စုံစမ်းထောက်လှမ်းပြီး လိုအပ်ပါက ကျူးလွန်သူကို ရှာဖွေဖမ်းဆီးရန် စေလွှတ်ရမည်။

ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုကျူးလွန်ကြောင်းသင်္ကာမကင်းရန် ရှိသည့်အခါ လိုက်နာရန် ကျင့်ထုံး။

သို့ရာတွင်

(က) အဆိုပါပြစ်မှုကို မည်သူကျူးလွန်ကြောင်း နာမည်ဖော်ပြလျက် သတင်းတစ်စုံတစ်ရာရရှိသောအခါ၊ ထို့ပြင်အမှုမှာ ကြီးလေးသည့်သဘောမဟုတ်သောအခါ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးသည် ကိုယ်တိုင်သွားရောက်ရန်၊ သို့မဟုတ် လက်အောက်အရာရှိတစ်ဦးအား ဖြစ်ပွားရာအရပ်သို့ သွားရောက်ထောက်လှမ်းစုံစမ်းရန် အတွက် စေလွှတ်ရန်မလို။

ဒေသဆိုင်ရာ စုံစမ်းထောက်လှမ်းမှု မလိုခြင်း။

(ခ) စုံစမ်းထောက်လှမ်းရန် လုံလောက်သော အကြောင်းမရှိဟု ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးက ယူဆလျှင် အမှုကို စုံစမ်းထောက်လှမ်းခြင်းမပြုရ။

ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးက စုံစမ်းထောက်လှမ်းရန် လုံလောက်သော အကြောင်းမမြင်ခြင်း။

(၂) ပုဒ်မခွဲ (၁)၏ ခြွင်းချက် အပိုဒ် (က) နှင့် (ခ) တို့တွင် ဖော်ပြထားသော အမှုအသီးသီး၌ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးသည် သူ၏အစီရင်ခံစာ၌ ထိုပုဒ်မခွဲ၏ လိုအပ်ချက်များအတိုင်း အပြည့်အဝမဆောင်ရွက်ခြင်းအတွက် သူ၏အကြောင်းပြချက်များကို ဖော်ပြရမည်။ ထို့ပြင် အပိုဒ် (ခ) ၌ ဖော်ပြထားသော အမှုတွင် အဆိုပါအရာရှိသည် သတင်းပေးသူရှိပါက ထိုသူအား နိုင်ငံတော်သမ္မတက သတ်မှတ်သည့်နည်းလမ်းအတိုင်း မိမိသည် အဆိုပါအမှုကို ထောက်လှမ်းခြင်း၊ သို့မဟုတ် ထောက်လှမ်းခြင်း ပြုမည်မဟုတ်ကြောင်း ချက်ချင်းအသိပေးရမည်။

၁၅၈။ (၁) နိုင်ငံတော်သမ္မတက ထိုကဲ့သို့ ညွှန်ကြားလျှင် ပုဒ်မ ၁၅၇ အရ ရာဇဝတ်တရားသူကြီးတစ်ဦးထံသို့ တင်ပို့သော အစီရင်ခံစာတိုင်းကို ထိုကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ယေဘုယျ၊ သို့မဟုတ် အထူးအမိန့်ဖြင့် ခန့်အပ်သော အထက်ရဲအရာရှိမှတစ်ဆင့် တင်ပြရမည်။

ပုဒ်မ ၁၅၇ အရ အစီရင်ခံစာများကို မည်ကဲ့သို့ တင်ပြရခြင်း။

(၂) အဆိုပါရဲအရာရှိသည် မိမိသင့်သည်ထင်မြင်သည့်အတိုင်း ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးအား ညွှန်ကြားချက်များ ပေးနိုင်သည်။ ၎င်းပြင် အဆိုပါ အစီရင်ခံစာ အပေါ်တွင် ညွှန်ကြားချက်များ ရေးမှတ်ပြီးနောက် အဆိုပါအစီရင်ခံစာကို ရာဇဝတ်တရားသူကြီးထံ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ပေးပို့ရမည်။

၁၅၉။ အဆိုပါ ရာဇဝတ်တရားသူကြီးသည် အဆိုပါအစီရင်ခံစာမျိုးကို ရရှိသောအခါ စုံစမ်းထောက်လှမ်းမှုတစ်ရပ် ပြုလုပ်ရန် ညွှန်ကြားနိုင်သည်။ သို့မဟုတ် မိမိသင့်သည်ထင်မြင်လျှင် အမှုကို ဤဥပဒေတွင် ပြဋ္ဌာန်းထားသော နည်းလမ်းအတိုင်း ပဏာမစုံစမ်းစစ်ဆေးရန်ဖြစ်စေ၊ အခြားနည်းဆောင်ရွက်ရန်ဖြစ်စေ မိမိကိုယ်တိုင်ချက်ချင်းဆောင်ရွက်နိုင်သည်။ သို့မဟုတ် မိမိလက်အောက်ရှိ ရာဇဝတ်တရားသူကြီးတစ်ဦးကို တာဝန်ပေးနိုင်သည်။

စုံစမ်းထောက်လှမ်းခြင်း၊ သို့မဟုတ် ပဏာမစုံစမ်းစစ်ဆေးခြင်း ပြုနိုင်သည့် အာဏာ။

**သက်သေများ ရောက်ရှိစေရန် ရဲအရာရှိက ဆင့်ဆိုနိုင်သည့်အာဏာ။**

၁၆၀။ ဤအခန်းအရ စုံစမ်းထောက်လှမ်းခြင်းပြုသော မည်သည့်ရဲအရာရှိမဆို ပေးသော သတင်းအရဖြစ်စေ၊ အခြားနည်းအရဖြစ်စေ အမှုအဖြစ်အပျက်အကြောင်းအရာများကို သိကျွမ်းပုံပေါ်သော မိမိရဲစခန်းနယ်မြေအတွင်း၊ သို့မဟုတ် ဆက်စပ်နေသော ရဲစခန်းနယ်မြေအတွင်းရှိ မည်သူ့ကိုမဆို မိမိရှေ့သို့ ရောက်ရှိစေရန် အမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။

**ရဲအရာရှိက သက်သေများကို စစ်မေးခြင်း။**

၁၆၁။ (၁) ဤအခန်းအရ စုံစမ်းထောက်လှမ်းခြင်းပြုသော မည်သည့်ရဲအရာရှိမဆို၊ သို့မဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ယေဘုယျ၊ သို့မဟုတ် အထူးအမိန့်ဖြင့် သတ်မှတ်သည့်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးသည် အဆိုပါအရာရှိ၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်လျက် အမှု၏အကြောင်းခြင်းရာနှင့် အဖြစ်အပျက် အကြောင်းခြင်းရာများကို သိကျွမ်းသည်ဟု ထင်မြင်ယူဆရသော မည်သူ့ကိုမဆို နှုတ်ဖြင့် စစ်မေးနိုင်သည်။

(၂) ထိုကဲ့သို့ စစ်မေးခြင်းခံရသူသည် အမှုနှင့်စပ်လျဉ်း၍ မိမိအပေါ် ပြစ်မှုကြောင်းအရ စွဲဆိုခြင်း၊ ပြစ်ဒဏ်စီရင်ခြင်း၊ သို့မဟုတ် ခံဝန်အရ ပေးလျော်စေခြင်း ဖြစ်စေမည့် မေးခွန်းများမှတစ်ပါး အဆိုပါအရာရှိက မေးမြန်းသော မေးခွန်းအားလုံးကို ဖြေဆိုရန် တာဝန်ရှိစေရမည်။

**ရဲထံထွက်ဆိုချက်များကို လက်မှတ်မရေးထိုးရခြင်း၊ အဆိုပါထွက်ဆိုချက်များကို သက်သေခံချက်အဖြစ် အသုံးပြုရခြင်း။**

၁၆၂။ (၁) ဤအခန်းအရ စုံစမ်းထောက်လှမ်းနေစဉ်တွင် ရဲအရာရှိတစ်ဦးထံ ပေးသော မည်သူတစ်ဦးတစ်ယောက်၏ အစစ်ခံချက်ကိုမျှ စာဖြင့်ရေးယူလျှင် အစစ်ခံသူက လက်မှတ်ရေးထိုးခြင်းမပြုရ။ အဆိုပါအစစ်ခံချက်ကိုဖြစ်စေ၊ ရဲနေ့စဉ်မှတ်တမ်း၌ ရေးမှတ်ထားချက်၊ သို့မဟုတ် အခြားနည်းဖြင့် ရေးမှတ်ထားချက်ကိုဖြစ်စေ၊ အဆိုပါ အစစ်ခံချက်၊ သို့မဟုတ် ရေးမှတ်ထားချက်၏ အစိတ်အပိုင်းကိုဖြစ်စေ အောက်တွင် ပြဋ္ဌာန်းထားသည်မှလွဲ၍ ယင်းအစစ်ခံချက်ပေးသည့်အချိန်က မေးမြန်းစုံထောက်နေသော ပြစ်မှုတစ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှု၌ သက်သေခံချက်အဖြစ် အသုံးမပြုစေရ။ သို့ရာတွင် အထက်တွင် ဖော်ပြပါရှိသည့်အတိုင်း အစစ်ခံချက်ကို စာဖြင့် ရေးမှတ်ထားသော မည်သည့်သက်သေခံကိုမဆို အဆိုပါ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှုတွင် တရားလိုဘက်မှဖြစ်စေ၊ တရားခံဘက်မှဖြစ်စေ ခေါ်ယူသောအခါ ထိုသက်သေ၏ အစစ်ခံချက်ဖြစ်ကြောင်း နည်းလမ်းတကျ ထင်ရှားဖြစ်ခဲ့လျှင် တရားခံဘက်ကဖြစ်စေ၊ တရားလိုဘက်ကဖြစ်စေ သက်သေခံ အက်ဥပဒေပုဒ်မ ၁၄၅အရ ပြဋ္ဌာန်းထားသော နည်းလမ်းအတိုင်း အဆိုပါသက်သေကို ဆန့်ကျင်ရန်အတွက်၊ သို့မဟုတ် သက်သေခံအက်ဥပဒေပုဒ်မ ၁၅၅ အရ ပြဋ္ဌာန်းထားသော နည်းလမ်းအတိုင်း အဆိုပါသက်သေကို မယုံကြည်ထိုက်ကြောင်း ပြဆိုရန်အတွက် အသုံးပြုနိုင်သည်။ ၎င်းအပြင် အဆိုပါအစစ်ခံချက်၏ အစိတ်အပိုင်းကို ထိုကဲ့သို့ အသုံး ပြုသောအခါ ထိုအစိတ်အပိုင်းကို ပြန်လှန်စစ်မေးရာ၌ ဖြစ်ပေါ်ခဲ့သော အကြောင်းအရာ တစ်စုံတစ်ရာကို ရှင်းလင်းရန်အတွက် ထိုသက်သေအား ပြန်လည်စစ်မေးရာ၌ အသုံးပြုနိုင်သည်။

(၂) အထက်တွင်ဆိုခဲ့သည့်အတိုင်း အဆိုပါအစစ်ခံချက်ကို စာဖြင့်ရေးမှတ်ထားပြီးသောအခါ တရားရုံးသည် တရားခံတောင်းဆိုချက်အရ တရားခံအား အဆိုပါအစစ်ခံချက်၏ မိတ္တူတစ်စောင်ကို ပေးရန်ညွှန်ကြားရမည်။ သို့ရာတွင် အဆိုပါထွက်ချက်၏ အစိတ်အပိုင်းတစ်ရပ်ရပ်သည် စုံစမ်းစစ်ဆေးမှု၏၊ သို့မဟုတ် စစ်ဆေးစီရင်မှု၏ မှုဖြစ်ကြောင်းခြင်းရာနှင့် မစပ်ဆိုင်ဟု ထင်မြင်လျှင်၊ သို့မဟုတ် အဆိုပါထွက်ဆိုချက်၏ အစိတ်အပိုင်းကို တရားခံသို့ ထုတ်ပြခြင်းမှာ တရားမျှတမှုအတွက် မလိုအပ်သည့်အပြင် အများပြည်သူအကျိုးအတွက်လည်း မသင့်လျော်ဟု တရားရုံးက ထင်မြင်လျှင်၊ ထိုကဲ့သို့ ထင်မြင်ချက်ကို (အကျိုးအကြောင်း ဖော်ပြချက်မပါဘဲ) ရေးမှတ်၍ အဆိုပါ ထွက်ဆိုချက်၏ အစိတ်အပိုင်းကို တရားခံအား ပေးသည့် အစစ်ခံချက်မိတ္တူမှ ချန် လှပ်ထားရမည်။

(၃) ဤပုဒ်မပါ မည်သည့်အချက်ကိုမျှ သက်သေခံအက်ဥပဒေပုဒ်မ ၂၇၊ သို့မဟုတ် ပုဒ်မ ၃၂ ၏ ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်တို့အတွင်း ကျရောက်သော မည်သည့်ထွက်ဆို ချက်နှင့်မျှ သက်ဆိုင်သည်ဟု မမှတ်ယူစေရ။

သွေးဆောင်မှု စသည်တို့ကို မကမ်းလှမ်းရခြင်း

၁၆၃။ (၁) မည်သည့်ရဲအရာရှိ၊ သို့မဟုတ် အခွင့်အာဏာရှိသူ အခြားသူတစ်ဦးတစ်ယောက်ကမျှ သက်သေခံအက်ဥပဒေပုဒ်မ ၂၄ တွင် ဖော်ပြထားသည့်အတိုင်း သွေးဆောင်မှု၊ ခြိမ်းခြောက်မှု၊ သို့မဟုတ် ကတိထားမှု တစ်စုံတစ်ရာကို ကမ်းလှမ်းခြင်း၊ သို့မဟုတ် ပြုလုပ်ခြင်း၊ သို့မဟုတ် ကမ်းလှမ်းစေခြင်း၊ သို့မဟုတ် ပြုလုပ်စေခြင်း မရှိစေရ။

(၂) သို့ရာတွင် မည်သည့်ရဲအရာရှိ၊ သို့မဟုတ် အခြားသူကမျှ ဤအခန်းအရ ပြုလုပ်သော စုံစမ်းထောက်လှမ်းမှု တစ်စုံတစ်ရာ အတောအတွင်း မည်သူမဆို မိမိ၏လွတ်လပ်သော သဘောဆန္ဒအလျောက် ထုတ်ဖော်ထွက်ဆိုချက် တစ်စုံတစ်ရာကို မပြုလုပ်ရန် သတိပေးချက် တစ်စုံတစ်ရာဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မတားမြစ်ရ။

ထွက်ဆိုချက်များနှင့် ဖြောင့်ချက်များကို ရေးမှတ်ရန် အာဏာ။

၁၆၄။ (၁) မည်သည့် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး၊ ၎င်းပြင် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက အထူးအားဖြင့် အာဏာအပ်နှင်းထားသော မည်သည့် ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီးမဆို (အကယ်၍ ၎င်းသည် ရဲအရာရှိတစ်ဦးမဟုတ်လျှင်) ဤအခန်း အရ မေးမြန်းထောက်လှမ်းနေသည့် ကာလအတောအတွင်း၌ဖြစ်စေ၊ ထို့နောက်ပိုင်း စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှု မစတင်မီ မည်သည့်အချိန်တွင်ဖြစ်စေ မိမိထံ ထွက်ဆိုသည့် မည်သည့် ထွက်ဆိုချက်၊ သို့မဟုတ် ဖြောင့်ချက်ကိုမဆို ရေးမှတ်ယူနိုင်သည်။

(၂) အောက်တွင် ဖော်ပြပါရှိသော သက်သေခံချက်ကို ရေးမှတ်ယူရန်အတွက် ပြဋ္ဌာန်းထားသော နည်းလမ်းများအနက် အမှု၏ အကြောင်းခြင်းရာနှင့် အသင့်ဆုံးဖြစ်သည်ဟု မိမိ ထင်မြင်ယူဆသည့်နည်းလမ်းအတိုင်း အဆိုပါထွက်ချက်များကို ရေးမှတ်ယူရမည်။ အဆိုပါဖြောင့် ချက်များကို ပုဒ်မ ၃၆၄ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ရေးမှတ်၍ လက်မှတ်ရေးထိုး ရမည်။ ထို့နောက် အဆိုပါထွက်ချက်များ၊ သို့မဟုတ် ဖြောင့်ချက်များကို အမှုကို စုံစမ်းစစ်ဆေးရ မည့်၊ သို့မဟုတ် ဖြောင့်ချက်များ စစ်ဆေးစီရင်ရမည့် ရာဇဝတ်တရားသူကြီးထံ ပေးပို့ရမည်။

(၃) အဆိုပါဖြောင့်ချက်တစ်ရပ်ရပ်ကို မရေးမှတ်မီ ရာဇဝတ်တရားသူကြီးသည် ဖြောင့်ချက်ပေးမည့်သူကို ၎င်း၌ ဖြောင့်ချက်ပေးရန် တာဝန်မရှိကြောင်း၊ အကယ်၍ ဖြောင့်ချက် ပေးလျှင် ထိုဖြောင့်ချက်ကို ၎င်းအပေါ် ဆန့်ကျင်သည့် သက်သေခံအဖြစ် အသုံးပြုနိုင်ကြောင်း ရှင်းပြရမည်။ ၎င်းပြင် ဖြောင့်ဆိုမည့်သူကို မေးမြန်းသည့်အခါ ဖြောင့်ချက်ကို အလိုအလျောက် ပေးခြင်းဖြစ်သည်ဟု ယုံကြည်ရန်အကြောင်းမရှိလျှင် အဆိုပါဖြောင့်ချက်မျိုးကို မည်သည့်ရာဇဝတ် တရားသူကြီးကမျှ မရေးမှတ်ရ။ ဖြောင့်ချက်တစ်ခုကို ရေးမှတ်သောအခါ ၎င်းဖြောင့်ချက်အောက်ခြေ တွင် အောက်ပါအတိုင်း မှတ်တမ်းရေးရမည် –

"အကျွန်ုပ်သည် (အမည်) အား ၎င်းတွင် ဖြောင့်ချက်ပေးရန် တာဝန်မရှိကြောင်းနှင့် အကယ် ၍ ဖြောင့်ချက်ပေးခဲ့လျှင် ယင်းဖြောင့်ချက်ကို ၎င်းအပေါ်ဆန့်ကျင်သည့် သက်သေခံချက်အဖြစ် အသုံးပြုနိုင်ကြောင်း ရှင်းပြခဲ့ပြီးဖြစ်သည်။ ၎င်းပြင် ဤဖြောင့်ချက်သည် အလိုအလျောက် ပေးခဲ့ သည်ဟု ကျွန်ုပ်ယုံကြည်သည်။ ဤဖြောင့်ချက်ကို ကျွန်ုပ်ရှေ့မှောက်၌ ကျွန်ုပ်နားကြားဖြင့် ရေးယူခဲ့ ပြီး ဖြောင့်ချက်ပေးသူကို ပြန်ဖတ်ပြခဲ့သည့်အပြင် ၎င်းက မှန်ကန်ကြောင်း ဝန်ခံခဲ့သည်။ ဤဖြောင့် ချက်တွင် ၎င်းပေးသည့် ထွက်ဆိုချက်များ အပြည့်အစုံ အမှန်အကန်ပါရှိသည်။

ပုံ ...............................

ရာဇဝတ်တရားသူကြီး"

**အဓိပ္ပာယ်ရှင်းလင်းချက်** – ဖြောင့်ချက်တစ်ခု၊ သို့မဟုတ် ထွက်ဆိုချက်တစ်ခုကို လက်ခံရေးမှတ်ယူသော ရာဇဝတ်တရားသူကြီးသည် ထိုအမှုကို စီရင်ပိုင်ခွင့်အာဏာရှိသော ရာဇဝတ်တရားသူကြီးဖြစ်ရန်မလို။

၁၆၅။ (၁) ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူး၊ သို့မဟုတ် စုံစမ်းထောက်လှမ်းခြင်းပြုသော ရဲအရာရှိတစ်ဦးက မိမိစုံစမ်းထောက်လှမ်းပိုင်သည့် ပြစ်မှုတစ်ခုခုကို စုံစမ်းထောက်လှမ်းရန်အတွက် လိုအပ်သည့် ပစ္စည်းတစ်စုံတစ်ရာကို ၎င်းတာဝန်ယူရသော ရဲစခန်းပိုင်နယ်မြေအတွင်း၊ သို့မဟုတ် ၎င်းအား တွဲဖက်တာဝန်ပေးထားသည့် ရဲစခန်းနယ်မြေအတွင်း မည်သည့်နေရာ၌မဆို တွေ့ရှိနိုင်သည်ဟု ထင်မြင်လျှင် ၎င်းပြင် ထိုပစ္စည်းကို ထုတ်ပေးရန်အတွက် ပုဒ်မ ၉၄ အရ သမ္မန်စာနှင့်ဖြစ်စေ၊ အမိန့်နှင့်ဖြစ်စေ လူတစ်ဦးအား ဆင့်ဆိုထားသည့်တိုင်အောင် ထိုသူက ယင်းသမ္မန်စာ၊ သို့မဟုတ် အမိန့်ပါ ညွှန်ကြားချက်များအတိုင်း ထုတ်ပေးလိမ့်မည်မဟုတ်၊ သို့မဟုတ် ထုတ်ပေးလိုမည်မဟုတ်ဟု ယုံကြည်ရန် အကြောင်းရှိလျှင်၊ သို့မဟုတ် အဆိုပါပစ္စည်းသည် မည်သူ့လက်ဝယ်တွင်ရှိသည်ဟု မသိရသည့်အခါ အဆိုပါရဲအရာရှိသည် ဖော်ပြပါရဲစခန်း၏နယ်မြေအတွင်း မည်သည့်နေရာ၌မဆို ယင်းပစ္စည်းကို ကိုယ်တိုင်ရှာဖွေနိုင်သည်၊ သို့မဟုတ် ရှာဖွေစေနိုင်သည်။ ရဲအရာရှိက ရှာဖွေခြင်း။

(၂) အဆိုပါရဲအရာရှိသည် ဖြစ်နိုင်လျှင် ကိုယ်တိုင်ရှာဖွေရမည်။ သို့ရာတွင် ၎င်းကိုယ်တိုင် မရှာဖွေနိုင်လျှင် ၎င်း၏ လက်အောက်ရဲအရာရှိတစ်ဦးအား ရှာဖွေစေနိုင်သည်။ ထို့ပြင် ရှာဖွေရမည့်နေရာနှင့် ဖြစ်နိုင်လျှင် ရှာဖွေရမည့်ပစ္စည်းတို့ကိုပါ ဖော်ပြသည့် အမိန့်စာတစ်စောင်ကို အဆိုပါ လက်အောက်အရာရှိအား ပေးအပ်ရမည်။ ထိုအခါ အဆိုပါလက်အောက်အရာရှိသည် ထိုနေရာတွင် အဆိုပါပစ္စည်းကို ရှာဖွေရမည်။

(၃) ရှာဖွေဝရမ်းများနှင့် စပ်လျဉ်းသော ဤကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပုဒ်မ ၁၀၂ နှင့် ပုဒ်မ ၁၀၃ တို့တွင် ပါရှိသော ရှာဖွေခြင်းဆိုင်ရာ ယေဘုယျပြဋ္ဌာန်းချက်များသည် ဤပုဒ်မအရ ပြုလုပ်သည့် ရှာဖွေခြင်းနှင့် ဖြစ်နိုင်သမျှ သက်ဆိုင်စေရမည်။

၁၆၆။ (၁) ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူး၊ သို့မဟုတ် စုံစမ်းထောက်လှမ်းခြင်းပြုသော ရဲအရာရှိတစ်ဦးသည် မိမိ၏ရဲစခန်းပိုင်နယ်မြေအတွင်း၌ ရှာဖွေရန် ဆင့်ဆိုနိုင်သည့် မည်သည့်အမှုတွင်မဆို တစ်ခရိုင်တည်း၌ရှိသော၊ သို့မဟုတ် အခြားခရိုင်တစ်ခု၌ရှိသော အခြားပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးအား တစ်စုံတစ်ခုသော နေရာတွင် ရှာဖွေစေနိုင်သည်။ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးက အခြားတစ်ဦးအား မည်သည့်အခါ ရှာဖွေစေနိုင်ခြင်း။

(၂) အဆိုပါအရာရှိသည် ယင်းကို တာဝန်ပေးခြင်းခံရသောအခါ ပုဒ်မ ၁၆၅ ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်၍ တွေ့ရှိရသော ပစ္စည်းတစ်စုံတစ်ရာကို ရှာဖွေရန် တာဝန်ပေးသည့် အရာရှိထံ ပေးပို့ရမည်။

(၃) အခြားပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးအား ပုဒ်မခွဲ (၁) အရ ရှာဖွေစေခြင်းအားဖြင့် နှောင့်နှေးကြန့်ကြာရခြင်းကြောင့် ပြစ်မှုတစ်ရပ်ကျူးလွန်ကြောင်း သက်သေခံအထောက်အထားမှာ ကွယ်ဝှက်ခံရလိမ့်မည်၊ သို့မဟုတ် ဖျက်ဆီးခံရလိမ့်မည်ဟု ယုံကြည်ရန် အကြောင်းရှိသည့်အခါ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးအနေဖြင့်၊ သို့မဟုတ် ဤအခန်းအရ စုံစမ်းထောက်လှမ်းခြင်း ပြုလုပ်နေသည့် ရဲအရာရှိတစ်ဦးအနေဖြင့် မိမိစခန်းပိုင်နယ်မြေအတွင်း၌ အဆိုပါနေရာ တည်ရှိဘိသကဲ့သို့ အခြားရဲစခန်းပိုင်နယ်မြေအတွင်းရှိ မည်သည့်နေရာ၌မဆို ပုဒ်မ ၁၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရှာဖွေခြင်း၊ သို့မဟုတ် ရှာဖွေစေခြင်းသည် တရားဝင်ဖြစ်စေရမည်။

(၄) ပုဒ်မခွဲ (၃) အရ ရှာဖွေမှုပြုလုပ်နေသော မည်သည့်အရာရှိမဆို ရှာဖွေသည့်နေရာ တည်ရှိရာနယ်မြေကိုပိုင်သည့် ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးထံသို့ ရှာဖွေသည့် အကြောင်းကြားစာ ချက်ချင်း ပေးပို့ရမည်။ ၎င်းပြင် အကယ်၍ ပုဒ်မ ၁၀၃ အရ ပစ္စည်းစာရင်း ပြုလုပ်ခဲ့လျှင် ယင်းစာရင်း မိတ္တူ တစ်စောင်ကို အဆိုပါအကြောင်းကြားစာနှင့် တစ်ပါတည်း ပေးပို့ရမည်။

စုံစမ်းထောက်လှမ်းခြင်း နှစ်ဆယ့်လေးနာရီအတွင်း မပြီးဆုံးသည့်အခါ လိုက်နာရန် ကျင့်ထုံး။

၁၆၇။ (၁) မည်သည့်အခါမဆို တစ်စုံတစ်ယောက်သောသူအား ဖမ်းဆီး၍ ချုပ်နှောင် ထားပြီးနောက် ပုဒ်မ ၆၁ အရ သတ်မှတ်ထားသော နှစ်ဆယ်လေးနာရီ ကာလအတွင်း၌ စုံစမ်း ထောက်လှမ်းခြင်းကို အပြီးသတ်နိုင်ရန် လက္ခဏာမရှိသည့်အပြင် စွပ်စွဲချက်၊ သို့မဟုတ် သတင်း ပေးချက်သည် ခိုင်လုံသည်ဟု ယုံကြည်ရန် အကြောင်းများရှိသည့်အခါ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူး ဖြစ်စေ၊ စုံစမ်းထောက်လှမ်းခြင်းပြုသော၊ ရဲအရာရှိကဖြစ်စေ အောက်တွင်ပြဋ္ဌာန်းပါရှိသည့် အမှုနှင့် စပ်လျဉ်း၍ နေ့စဉ်မှတ်တမ်းတွင် ရေးသွင်းချက်များ၏ မိတ္တူတစ်စောင်ကို အနီးဆုံး ရာဇဝတ်တရား သူကြီးထံ ချက်ချင်း တင်ပို့ပေးရမည်။ ၎င်းပြင် တစ်ချိန်တည်း တရားခံကို အဆိုပါ ရာဇဝတ်တရား သူကြီးထံသို့ တင်ပို့ရမည်။

(၂) ဤပုဒ်မအရ တရားခံကို လက်ခံရရှိသော ရာဇဝတ်တရားသူကြီးသည် ထိုအမှုကို စစ်ဆေးစီရင်ပိုင်ခွင့်အာဏာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အခါအားလျော်စွာ မိမိသင့် သည်ထင်မြင်သည့်အတိုင်း တရားခံအား ချုပ်နှောင်ထားခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသူမှာ ခုနစ်နှစ် အောက်မနည်းသော ကာလအပိုင်းအခြားအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ချမှတ်နိုင်သည့် ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲခံရလျှင် ထိုသူကို ချုပ်နှောင်ထားခြင်းသည် စုစုပေါင်း ရက်သုံးဆယ်ထက် မပိုစေရ။ ၎င်းပြင် ခုနစ်နှစ်အောက်ကာလအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ချမှတ်နိုင်သော ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲခြင်းခံရသောသူဖြစ်လျှင် ထိုသူကို ချုပ်နှောင်ထားခြင်းသည် စုစုပေါင်း တစ်ဆယ့်ငါးရက်ထက် မပိုစေရ။ အဆိုပါ ရာဇဝတ်တရားသူကြီးမှာ အမှုကို စစ်ဆေးစီရင်ရန်ဖြစ်စေ၊ စစ်ဆေးစီရင်ရန်အတွက် လွှဲအပ်တင်ပို့ရန်ဖြစ်စေ စီရင်ပိုင်ခွင့်မရှိသည့်အပြင် ဆက်လက် ချုပ်နှောင် ထားရန် မလိုအပ်ဟု ထင်မြင်လျှင် ထိုရာဇဝတ်တရားသူကြီးသည် တရားခံကို စစ်ဆေးစီရင်ပိုင်ခွင့် အာဏာရှိသည့် ရာဇဝတ်တရားသူကြီးတစ်ဦးထံ တင်ပို့ရန် အမိန့်ချမှတ်နိုင်သည်။

သို့ရာတွင် မည်သည့် တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးကမျှ တရားခံကို ရဲအချုပ် တွင် ချုပ်နှောင်ထားခွင့်မပြုစေရ။

(၃) တရားခံကို ရဲအချုပ်တွင် ထိန်းသိမ်းထားရန် ဤပုဒ်မအရ ခွင့်ပြုသည့် ရာဇဝတ်တရားသူကြီးတစ်ဦးသည် ထိုသို့ပြုလုပ်ခြင်းအတွက် မိမိ၏အကြောင်းပြချက်များကို ရေးမှတ် ထားရမည်။

(၄) အဆိုပါအမိန့်ကို ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ် တရားသူကြီးမှတစ်ပါး အခြားရာဇဝတ်တရားသူကြီးတစ်ဦးက ချမှတ်လျှင် ထိုရာဇဝတ်တရားသူကြီး သည် မိမိ၏အမိန့်မိတ္တူတစ်စောင်ကို ထိုအမိန့်ချမှတ်ရခြင်းအတွက် အကြောင်းပြချက်များနှင့်တကွ မိမိအထက်ရာဇဝတ်တရားသူကြီးထံ တင်ပို့ရမည်။

လက်အောက် ရဲအရာရှိ၏ စုံစမ်းထောက်လှမ်းမှုအစီရင်ခံစာ။

၁၆၈။ မည်သည့် လက်အောက်ရဲအရာရှိမဆို ဤအခန်းအရ စုံစမ်းထောက်လှမ်းခြင်း တစ်စုံတစ်ရာ ပြုလုပ်ပြီးသည့်အခါ ထိုသို့စုံစမ်းထောက်လှမ်းခြင်းမှ ရရှိသည့် အချက်များကို ပြည်သူ့ ရဲတပ်ဖွဲ့စခန်းမှူးထံ အစီရင်ခံရမည်။

သက်သေခံအထောက်အထားမလုံလောက်သောအခါ တရားခံကို လွှတ်ရခြင်း

၁၆၉။ ဤအခန်းပါ ပြဋ္ဌာန်းချက်အရ စုံစမ်းထောက်လှမ်းသောအခါ တရားခံကို ရာဇဝတ်တရားသူကြီးတစ်ဦးထံ တင်ပို့လောက်အောင် လုံလောက်သော သက်သေခံချက် မရှိဟူ၍လည်းကောင်း၊ သင်္ကာမကင်းဖြစ်စရာ ယုတ္တိတန်သော အကြောင်းမရှိဟူ၍လည်းကောင်း ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူး၊ သို့မဟုတ် စုံစမ်းထောက်လှမ်းခြင်းပြုသော ရဲအရာရှိက ယူဆလျှင် အဆိုပါအရာရှိသည် အချုပ်တွင်ရှိနေသော ထိုသူကို အာမခံသူများနှင့်ဖြစ်စေ၊ အာမခံသူများမပါဘဲနှင့်ဖြစ်စေ ခံဝန်ချုပ်ဆိုစေ၍ လွှတ်လိုက်ရမည်။ ယင်းခံဝန်ချုပ်မှာ ရဲအစီရင်ခံစာအရ ပြစ်မှုကို အရေးယူရန်နှင့် တရားခံကို စစ်ဆေးစီရင်ရန်၊ သို့မဟုတ် စစ်ဆေးစီရင်မှုအတွက် လွှဲအပ်တင်ပို့ရန် အာဏာရှိသော ရာဇဝတ်တရားသူကြီးရှေ့မှောက်သို့ လိုအပ်လျှင်၊ သို့မဟုတ် လိုအပ်သည့်အခါ ၎င်းကို ရောက်ရှိစေရန်ဖြစ်သည်။

သက်သေခံအထောက်အထား လုံလောက်သောအခါ ရာဇဝတ်တရားသူကြီးထံ အမှုတင်ပို့ရခြင်း။

၁၇၀။ (၁) ဤအခန်းအရ စုံစမ်းထောက်လှမ်းရာ၌ လုံလောက်သည့် သက်သေခံချက်ရှိကြောင်း၊ သို့မဟုတ် အထက်တွင် ဆိုခဲ့သည့်အတိုင်း အကြောင်းယုတ္တိရှိကြောင်း ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးက၊ သို့မဟုတ် စုံစမ်းထောက်လှမ်းသည့် ရဲအရာရှိက ယူဆလျှင် အဆိုပါအရာရှိသည် ရဲအစီရင်ခံစာအရ ပြစ်မှုကို အရေးယူပိုင်ခွင့်နှင့် တရားခံကို စစ်ဆေးစီရင်ပိုင်ခွင့်အာဏာရှိသော၊ သို့မဟုတ် တရားခံကို စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့ပိုင်ခွင့်ရှိသော ရာဇဝတ်တရားသူကြီးတစ်ဦးထံ တရားခံကို အချုပ်နှင့် တင်ပို့ရမည်၊ သို့မဟုတ် ပြစ်မှုမှာ အာမခံပေးရမည့်ပြစ်မှုဖြစ်ပြီး တရားခံက အာမခံပေးနိုင်လျှင် သတ်မှတ်သောနေ့၌ အဆိုပါ ရာဇဝတ်တရားသူကြီးရှေ့မှောက်သို့ ထိုသူရောက်ရှိစေရန်နှင့် အခြားနည်းမည္ညွှန်ကြားမီ အဆိုပါရာဇဝတ်တရားသူကြီးရှေ့မှောက်သို့ နေ့စဉ် ရောက်ရှိစေရန်အတွက် ၎င်းထံမှ အာမခံယူရမည်။

(၂) ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးက၊ သို့မဟုတ် စုံစမ်းထောက်လှမ်းခြင်းပြုသည့် ရဲအရာရှိက တရားခံတစ်ဦးကို ရာဇဝတ်တရားသူကြီးရှေ့မှောက်သို့ တင်ပို့သည့်အခါ၊ သို့မဟုတ် အဆိုပါရာဇဝတ်တရားသူကြီးရှေ့မှောက်သို့ ထိုသူရောက်ရှိစေရန်အတွက် ဤပုဒ်မအရ အာမခံယူသည့်အခါ ထိုအရာရှိသည် ယင်းရာဇဝတ်တရားသူကြီးထံ တင်ပြရန် လိုအပ်မည်ဖြစ်သည့် လက်နက်၊ သို့မဟုတ် အခြားဝတ္ထုပစ္စည်း တစ်စုံတစ်ရာကို တင်ပို့ရမည်။ ထို့ပြင် တိုင်တန်းသူရှိခဲ့လျှင် ယင်းတိုင်တန်းသူနှင့် အမှုအဖြစ်အပျက်အကြောင်းအရာများကို သိရှိသည့် အဆိုပါအရာရှိက ထင်မြင်သူများ အနက်မှ လိုအပ်သည်ဟုယူဆသူများကို ရာဇဝတ်တရားသူကြီးရှေ့မှောက်သို့ ရောက်ရှိ၍ တရားလိုပြုလုပ်စွဲဆိုရန် ဖြစ်စေ၊ သက်သေခံရန်ဖြစ်စေ ခံဝန်ချုပ်ရန် ဆင့်ဆိုနိုင်သည်။

(၃) ခံဝန်ချုပ်တွင် ခရိုင်ရာဇဝတ်တရားသူကြီးရုံးဖြစ်စေ၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံးဖြစ်စေ ဖော်ပြပါရှိလျှင် အဆိုပါရုံးတွင် ယင်းအမှုကို စုံစမ်းစစ်ဆေးရန်ဖြစ်စေ၊ စစ်ဆေးစီရင်ရန်ဖြစ်စေ အဆိုပါခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးက လွှဲအပ်နိုင်သော မည်သည့်တရားရုံးမဆို ပါဝင်သည်ဟု မှတ်ယူရမည်။ သို့သော် ထိုသို့လွှဲအပ်သည့်အကြောင်းကို အဆိုပါတိုင်တန်းသူ၊ သို့မဟုတ် သက်သေများကို အကြောင်းအားလျော်စွာ တင်ကြို၍ အကြောင်းကြားရမည်။

(၄) × × × ×

(၅) မိမိရှေ့မှောက်တွင် ခံဝန်ချုပ်ဆိုသောအရာရှိသည် ခံဝန်ချုပ်မိတ္တူတစ်စောင်ကို ခံဝန်ချုပ်ဆိုသူအား ပေးရမည်။ ထို့ပြင် ခံဝန်ချုပ်မူရင်းကို မိမိ၏ အစီရင်ခံစာနှင့်အတူ ရာဇဝတ်တရားသူကြီးထံ ပို့ရမည်။

တိုင်တန်းသူများနှင့် သက်သေများအား ရဲအရာရှိနှင့်အတူ လိုက်ပါစေရန် မဆင့်ဆိုရခြင်း။

၁၇၁။ မည်သည့်တိုင်တန်းသူ၊ သို့မဟုတ် သက်သေမဆို ရာဇဝတ်တရားသူကြီး၏ တရားရုံးသို့ သွားရောက်ရာ၌ ရဲအရာရှိတစ်ဦးနှင့်အတူ လိုက်သွားရမည်ဟု မဆင့်ဆိုစေရ၊ သို့မဟုတ် ၎င်းအား မလိုအပ်သော ချုပ်ချယ်မှုဖြစ်စေ၊ နှောင့်ယှက်မှုကိုဖြစ်စေ မပြုလုပ်ရ၊ သို့မဟုတ် တရားရုံးသို့ ရောက်ရှိစေရန်အတွက် မိမိကိုယ်တိုင်ခံဝန်ချုပ်မှတစ်ပါး အခြားအာမခံပေးရန် မဆင့်ဆိုစေရ။

သို့ရာတွင် တိုင်တန်းသူတစ်ဦးဦးသည်၊ သို့မဟုတ် သက်သေတစ်ဦးဦးသည် ပုဒ်မ ၁၇၀ တွင် ညွှန်ကြားသည့်အတိုင်း ရောက်ရှိရန်၊ သို့မဟုတ် ခံဝန်ချုပ်ဆိုရန် ငြင်းဆိုလျှင် ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးသည် ထိုသူကို ရာဇဝတ်တရားသူကြီးထံ အချုပ်နှင့် တင်ပို့နိုင်သည်။ ရာဇဝတ်တရားသူကြီးသည် အဆိုပါခံဝန်ချုပ်ကို မချုပ်ဆိုသေးသမျှ၊ သို့မဟုတ် အမှုကြားနာစစ်ဆေးခြင်း မပြီးဆုံးသေးသမျှ ထိုသူကို ချုပ်ထားစေနိုင်သည်။

စုံစမ်းထောက်လှမ်းမှုများ၌ ဆောင်ရွက်ချက်များကို နေ့စဉ်မှတ်တမ်း ရေးမှတ်စေခြင်း။

၁၇၂။ (၁) ဤအခန်းအရ စုံစမ်းထောက်လှမ်းခြင်း ပြုလုပ်သည့် ရဲအရာရှိတိုင်းသည် စုံစမ်းထောက်လှမ်းရာ၌ မိမိ၏ ဆောင်ရွက်ချက်များကို နေ့စဉ်မှတ်တမ်း၌ ထည့်သွင်းရေးမှတ်ရမည်။ မိမိထံ သတင်းရောက်သည့်အချိန်၊ မိမိစုံစမ်းထောက်ခြင်းကို စတင်ပြုလုပ်သည့်အချိန်နှင့် ပိတ်သိမ်းသည့်**အချိန်**၊ မိမိသွားရောက်သည့်နေရာ၊ သို့မဟုတ် နေရာများနှင့် မိမိစုံစမ်းထောက်လှမ်းခြင်းမှ သိရှိရသောကြောင်းခြင်းရာများကို နေ့စဉ်မှတ်တမ်း၌ ဖော်ပြရမည်။

(၂) မည်သည့်ရာဇဝတ်တရားရုံးမဆို မိမိရုံး၌ စုံစမ်းစစ်ဆေးနေသော၊ သို့မဟုတ် စစ်ဆေးစီရင်နေသော အမှုနှင့်သက်ဆိုင်သည့် ရဲအမှုနေ့စဉ်မှတ်တမ်းများကို တောင်းခေါ်နိုင်သည်။ ယင်းရဲနေ့စဉ်မှတ်တမ်းများကို အမှုတွင် သက်သေခံချက်အဖြစ်မဟုတ်ဘဲ အဆိုပါ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှု၌ အထောက်အကူအဖြစ် အသုံးပြုနိုင်သည်။ တရားခံကဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်များကဖြစ်စေ အဆိုပါနေ့စဉ်မှတ်တမ်းများကို တောင်းခေါ်ပိုင်ခွင့် မရှိစေရ။ အဆိုပါ နေ့စဉ်မှတ်တမ်းများကို တရားရုံးက ရည်ညွှန်းကြည့်ရှုရုံမျှဖြင့် တရားခံ၊ သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်များတွင် ကြည့်ပိုင်ခွင့်မရှိစေရ။ သို့သော် ရေးမှတ်ခဲ့သည့် ရဲအရာရှိက မိမိပြန်လည်သတိရအောင် ယင်းနေ့စဉ်မှတ်တမ်းများကို အသုံးပြုလျှင်ဖြစ်စေ၊ အဆိုပါရဲအရာရှိအား ဆန့်ကျင်မေးမြန်းရန်အတွက် တရားရုံးက ထိုနေ့စဉ်မှတ်တမ်းများကို အသုံးပြုလျှင်ဖြစ်စေ သက်သေခံအက်ဥပဒေ ပုဒ်မ ၁၆၁၊ သို့မဟုတ် ပုဒ်မ ၁၄၅ ပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

ရဲအရာရှိ၏ အစီရင်ခံစာ။

၁၇၃။ (၁) ဤအခန်းအရ စုံစမ်းထောက်လှမ်းမှုတိုင်းသည် အကြောင်းမဲ့ မကြန့်ကြာစေဘဲ ပြီးပြတ်စေရမည်။ ထို့ပြင် ယင်းစုံစမ်းထောက်လှမ်းမှု ပြီးပြတ်လျှင် ပြီးပြတ်ခြင်း ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးသည် -

(က) ရဲအစီရင်ခံစာအရ ပြစ်မှုကို အရေးယူပိုင်ခွင့်ရှိသော ရာဇဝတ်တရားသူကြီးတစ်ဦးထံသို့ နိုင်ငံတော်သမ္မတက သတ်မှတ်ထားသည့် ပုံစံဖြင့် အမှုသည်များ၏ အမည်များ၊ မည်သည့်သတင်းမျိုးဖြစ်ကြောင်း၊ ၎င်းပြင် အမှုအဖြစ်အပျက်အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိကျွမ်းပုံရသူများ၏ အမည်များကို ထည့်သွင်းရေးသားပြီး ဖမ်းမိသော တရားခံကို အချုပ်နှင့်တင်ပို့ထားပြီးဖြစ်ကြောင်း၊ သို့မဟုတ် အာမခံသူများနှင့်၊ သို့မဟုတ် အာမခံသူများမပါဘဲ ကိုယ်ပိုင်ခံဝန်ချုပ်ဖြင့် လွှတ်ထားပြီးဖြစ်ကြောင်း ဖော်ပြလျက် အစီရင်ခံစာတစ်စောင် ပေးပို့ရမည်။ ၎င်းပြင်

(ခ) ပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်း၍ ပထမ သတင်းပေး တိုင်တန်းသူရှိခဲ့လျှင် မည်သို့ အရေးယူကြောင်းကို ထိုသူအား နိုင်ငံတော်သမ္မတက သတ်မှတ်သည့် နည်းလမ်းအတိုင်း အကြောင်းကြားရမည်။

(၂) ပုဒ်မ ၁၅၈ အရ အထက်ရဲအရာရှိတစ်ဦး ခန့်ထားပြီးဖြစ်လျှင် မည်သည့်အမှု၌မဆို နိုင်ငံတော်သမ္မတက ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ အထူးအမိန့်ဖြင့်ဖြစ်စေ ညွှန်ကြားလျှင် အစီရင်ခံစာကို ထိုအရာရှိမှတစ်ဆင့် တင်သွင်းရမည်။ ထို့ပြင် ၎င်းအရာရှိသည် ရာဇဝတ်တရားသူကြီးက အမိန့်များ မချမီ နောက်ထပ်စုံစမ်းထောက်လှမ်းခြင်း ပြုလုပ်ရန် ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးအား ညွှန်ကြားနိုင်သည်။

(၃) တရားခံအား ကိုယ်တိုင်ခံဝန်ချုပ်ဖြင့် လွှတ်ထားကြောင်းကို ဤပုဒ်မအရ တင်ပြသည့် အစီရင်ခံစာ၌ ပေါ်ပေါက်သည့်အခါတိုင်း၊ ရာဇဝတ်တရားသူကြီးသည် အဆိုပါခံဝန်ချုပ်အတိုင်း ဆောင်ရွက်ရန်ဖြစ်စေ၊ အခြားနည်း ဆောင်ရွက်ရန်ဖြစ်စေ မိမိသင့်သည်ထင်မြင်သည့်အမိန့် ချမှတ်ရမည်။

မိမိကိုယ်မိမိ သတ်သေခြင်း စသည်တို့ အပေါ် ရဲက စုံစမ်း၍ အစီရင်ခံခြင်း။

၁၇၄။ (၁) ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူး၊ သို့မဟုတ် ထိုကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက အထူးအားဖြင့် အာဏာအပ်နှင်းထားသော အခြားရဲအရာရှိက တစ်ဦးတစ်ယောက်သည် –

(က) မိမိကိုယ်ကို သတ်သေခဲ့ကြောင်း၊ သို့မဟုတ်

(ခ) အခြားသူတစ်ဦးဦးက၊ သို့မဟုတ် တိရစ္ဆာန်တစ်ကောင်ကောင်က သတ်ခြင်းခံရသဖြင့် သေဆုံးခဲ့ကြောင်း၊ သို့မဟုတ် စက်ကိရိယာကြောင့် သေဆုံးခဲ့ကြောင်း၊ သို့မဟုတ် မတော်တဆ ဖြစ်ပွားသော အကြောင်းကြောင့် သေဆုံးခဲ့ကြောင်း၊ သို့မဟုတ်

(ဂ) အခြားလူတစ်ယောက်က ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့သည်ဟု ယုတ္တိတန်သော သံသယရှိလောက်သည့် အခြေအနေတွင် သေဆုံးခဲ့ကြောင်း

သတင်းရရှိသောအခါ သေမှုသေခင်း စစ်ဆေးပိုင်ခွင့်အာဏာရှိသော အနီးဆုံး ရာဇဝတ်တရားသူကြီးထံသို့ သတင်းကို ချက်ချင်းအစီရင်ခံရမည်။ ထို့ပြင် အဆိုပါသေဆုံးသူ၏ အလောင်းရှိသည့်နေရာသို့ သွားရောက်ရမည်။ ထို့ပြင် ထိုနေရာ၌ အနီးပတ်ဝန်းကျင်တွင် နေထိုင်သူနှစ်ဦး၊ သို့မဟုတ် နှစ်ဦးထက်ပိုသော သူများ၏ ရှေ့မှောက်တွင် စုံစမ်းထောက်လှမ်းမှု ပြုလုပ်ရမည့်အပြင်၊ ၎င်းအလောင်းပေါ်တွင် တွေ့ရှိရသည့် ဒဏ်ရာများ၊ ကျိုးပဲ့ခြင်းများ၊ ပွန်းပဲ့ခြင်းများနှင့် အခြားသော ဒဏ်ရာအမှတ်အသားများကို ဖော်ပြလျက် မည်သည့်အကြောင်းကြောင့် သေဆုံးရသည့် လက္ခဏာရှိကြောင်း၊ ၎င်းပြင် မည်သည့်နည်းဖြင့်၊ သို့မဟုတ် မည်သည့်လက်နက်၊ သို့မဟုတ် ကိရိယာဖြင့် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဖော်ပြလျက် အစီရင်ခံစာ ရေးရမည်။

(၂) ယင်းအစီရင်ခံစာကို အဆိုပါရဲအရာရှိနှင့် အခြားသူများ၊ သို့မဟုတ် အဆိုပါ အစီရင်ခံစာတွင် ပါရှိသည့်အချက်ကို သဘောတူသမျှ သူများက လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး၊ ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးထံ ချက်ချင်း တင်ပို့ရမည်။

(၃) မည်သည့်အကြောင်းကြောင့် သေဆုံးသည်ဟူသောအချက်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ သံသယဖြစ်သည့်အခါ၊ သို့မဟုတ် ရဲအရာရှိက အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ထိုသို့ပြုလုပ်ရန် သင့်သည်ဟု ထင်မြင်သောအခါ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ပြဋ္ဌာန်းထားသည့် နည်းဥပဒေများကို လိုက်နာလျက် သေသူ၏ အလောင်းကို စစ်ဆေးရန်မှာ အကယ်၍ ရာသီဥတုအခြေအနေနှင့် ခရီးကွာဝေးမှုတို့ကြောင့် အဆိုပါစစ်ဆေးမှုများမှာ အကျိုးမရှိ ဖြစ်ပွားစေမည့် လမ်းခရီး၌ အလောင်းပုပ်သိုးပျက်စီးခြင်း ဖြစ်မသွားနိုင်လျှင် အနီးဆုံးဆရာဝန်ကြီးထံ၊ သို့မဟုတ် ဤကိစ္စအတွက် နိုင်ငံတော်သမ္မတက ခန့်အပ်ထားသည့် အခြားအရည်အချင်းရှိသော ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်ထံ စစ်ဆေးကြည့်ရှုရန်အလို့ငှာ ပေးပို့ရမည်။

(၄) × × × ×

(၅) အောက်ပါ ရာဇဝတ်တရားသူကြီးများသည် သေမှုသေခင်းများကို စစ်ဆေးပိုင်ခွင့်ရှိကြသည်။ ၎င်းတို့မှာ မည်သည့်ခရိုင်ရာဇဝတ်တရားသူကြီးမဆို၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပထမတန်းအာဏာရရာဇဝတ်တရားသူကြီးနှင့် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတကဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီးကဖြစ်စေ အထူးအားဖြင့် အာဏာအပ်နှင်းထားသော ရာဇဝတ်တရားသူကြီးတစ်ဦးဦးတို့ ဖြစ်ကြသည်။

လူများကို ဆင့်ခေါ်ရန် အာဏာ။

၁၇၅။ (၁) ပုဒ်မ ၁၇၄ အရ ဆောင်ရွက်သည့် ရဲအရာရှိတစ်ဦးဦးသည် အဆိုပါစုံစမ်းထောက်လှမ်းမှုအတွက် အထက်တွင်ဆိုခဲ့သည့်အတိုင်း နှစ်ဦး၊ သို့မဟုတ် နှစ်ဦးထက်ပိုသော လူများအပြင် အမှုအကြောင်းခြင်းရာများ သိရှိပုံရသည့် အခြားမည်သူ့ကိုမဆို အမိန့်စာဖြင့် ဆင့်ခေါ်နိုင်သည်။ ထိုကဲ့သို့ ဆင့်ခေါ်ခြင်းခံရသော လူတိုင်းသည် ရောက်ရှိရန်နှင့် အကယ်၍ အဖြေပေးရပါက မိမိအပေါ် ရာဇဝတ်ကြောင်းအရ စွဲဆိုနိုင်မည့်၊ သို့မဟုတ် ပြစ်ဒဏ်ချမှတ်စီရင်နိုင်မည့်၊ သို့မဟုတ် ပေးလျော်ဒဏ်ချမှတ်နိုင်မည့် အဖြေများကို ပေးရသော မေးခွန်းမျိုးမှတစ်ပါး မည်သည့်မေးခွန်းကိုမဆို အမှန်အတိုင်း ဖြေကြားရန် တာဝန်ရှိစေရမည်။

(၂) ပုဒ်မ ၁၇၀ နှင့် သက်ဆိုင်သည့် ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတစ်ရပ်ဖြစ်ကြောင်း အကြောင်းအရာများအရ မထင်ရှားလျှင် အဆိုပါသူများကို ရာဇဝတ်တရားသူကြီး၏ တရားရုံးသို့ ရောက်ရှိစေရန် ရဲအရာရှိက မဆင့်ခေါ်စေရ။

မည်သည့်အကြောင်းကြောင့် သေဆုံးကြောင်း ရာဇဝတ်တရားသူကြီးက စုံစမ်းစစ်ဆေးခြင်း။

၁၇၆။ (၁) လူတစ်ဦးတစ်ယောက်သည် ရဲအချုပ်၌ရှိနေစဉ် သေဆုံးသောအခါ ၎င်းပြင် ပုဒ်မ ၁၇၄၊ ပုဒ်မခွဲ (၁) အပိုဒ်ငယ် (က)၊ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြထားသော အခြားအမှုတစ်စုံတစ်ရာတွင် ပုဒ်မ ၁၅၄ ၏ ပြဋ္ဌာန်းချက်များအရ ပထမသတင်းပေး တိုင်တန်းချက်ကို ရေးမှတ်ခြင်းမပြုခဲ့လျှင် သေမှုသေခင်းများကို စစ်ဆေးပိုင်ခွင့်အာဏာရှိသော အနီးဆုံး ရာဇဝတ်တရားသူကြီးသည် ရဲအရာရှိ၏ စုံစမ်းထောက်လှမ်းမှုပြုလုပ်ပြီး ဖြစ်စေကာမူ မည်သည့်အတွက် သေဆုံးရကြောင်းကို စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ရမည်။ ထို့ပြင် အဆိုပါ စုံစမ်းစစ်ဆေးခြင်းပြုရာတွင် ပြစ်မှုတစ်ရပ်ကို စုံစမ်းစစ်ဆေးရာ၌ ရရှိသော အာဏာများကို ရရှိစေရမည်။ အဆိုပါ စုံစမ်းစစ်ဆေးမှုကိုပြုလုပ်သော ရာဇဝတ်တရားသူကြီးသည် ယင်းစုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်း၍ သက်သေခံချက်ကို ရယူရာ၌ သမ္မန်မှု များအတွက် နောက်တွင် သတ်မှတ်ထားသော နည်းလမ်းအတိုင်း ရေးမှတ်ယူရမည်။ ၎င်းပြင် မည်သည့်အကြောင်းကြောင့် သေဆုံးရကြောင်း ဆုံးဖြတ်ချက်ချမှတ်ရမည်။

လူသေအလောင်းများကို တူးဖော်နိုင်ခွင့်အာဏာ။

(၂) မည်သည့်အကြောင်းကြောင့် သေဆုံးရကြောင်း သိရှိနိုင်ရန်အတွက် မြှုပ်နှံပြီးဖြစ်သော လူတစ်ယောက်၏အလောင်းကို စစ်ဆေးကြည့်ရှုသင့်သည်ဟု အဆိုပါ ရာဇဝတ်တရားသူကြီးက ထင်မြင်သည့်အခါ ၎င်းအနေဖြင့် အလောင်းကိုတူးဖော်၍ စစ်ဆေးကြည့်ရှုစေနိုင်သည်။

ဒုတိယညွှန်ကြားရေးမှူး (ဟ၁၀န်/စီမံ)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

# အပိုင်း ၆

## အမှုများ စွဲဆိုရာတွင် ဆောင်ရွက်ချက်များ

## အခန်း ၁၅

### စုံစမ်းစစ်ဆေးမှုများနှင့် စစ်ဆေးစီရင်မှုများတွင် ရာဇဝတ်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာ

**က။ စုံစမ်းစစ်ဆေးရန်၊ သို့မဟုတ် စစ်ဆေးစီရင်ရန်နေရာ**

၁၇၇။ ပြစ်မှုတိုင်းကို သာမာန်အားဖြင့် ပြစ်မှုကျူးလွန်ရာနယ်မြေအတွင်း စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးက စုံစမ်းစစ်ဆေးစီရင်စေရမည်။ (စုံစမ်းစစ်ဆေးရန်နှင့် စစ်ဆေးစီရင်ရန် သာမန်နေရာ။)

၁၇၈။ ပုဒ်မ ၁၇၇ တွင် မည်သို့ပင် ပါရှိစေကာမူ ခရိုင်တစ်ခုခုတွင် စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့သော မည်သည့်အမှုများ၊ သို့မဟုတ် အမှုအမျိုးအစားများကိုမဆို စက်ရှင်တိုင်း တစ်ခုခုတွင် စစ်ဆေးစီရင်ရန် နိုင်ငံတော်သမ္မတက ညွှန်ကြားနိုင်သည်။ သို့ရာတွင် အဆိုပါ ညွှန်ကြားချက်သည် ဤကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ ယခင်က ကြိုတင်ထုတ်ပြန်ထားသော တရားလွှတ်တော်ချုပ် ညွှန်ကြားချက် တစ်စုံတစ်ရာနှင့် ဆန့်ကျင့်ခြင်းမရှိစေရ။ (အမှုများကို သီးခြား စက်ရှင်တိုင်းများတွင် စစ်ဆေး စီရင်ရန် အမိန့်ထုတ်ဆင့်နိုင်သည့် အာဏာ။)

၁၇၉။ လူတစ်ယောက်သည် တစ်စုံတစ်ခုကို ပြုလုပ်ခဲ့ခြင်းကြောင့်ဖြစ်စေ၊ ယင်းသို့ပြုလုပ်ရာမှ ပေါ်ပေါက်လာသော အကျိုးဆက်တစ်ခုခုကြောင့်ဖြစ်စေ ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခြင်းခံရသောအခါ အဆိုပါအမှုကို ပြုလုပ်သည့်အရပ်တွင် စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးကသော်လည်းကောင်း၊ အကျိုးဆက်ဖြစ်ပေါ်ရာအရပ်တွင် စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးကသော်လည်းကောင်း၊ ယင်းပြစ်မှုကို စုံစမ်းစစ်ဆေးနိုင်သည်၊ သို့မဟုတ် စစ်ဆေးစီရင်နိုင်သည်။ (ပြစ်မှုကျူးလွန်ရာ၊ သို့မဟုတ် အကျိုးဆက်များဖြစ်ပေါ်ရာ ခရိုင်တွင် တရားခံကို စစ်ဆေးစီရင်နိုင်ခြင်း။)

ဥပမာများ

(က) **A** သည် **X** တရားရုံး၏ စီရင်ပိုင်ခွင့်နယ်မြေအတွင်း ထိခိုက်ဒဏ်ရာရရှိပြီးနောက် **Z** တရားရုံး၏ စီရင်ပိုင်ခွင့်နယ်နိမိတ်အတွင်း သေဆုံးသည်။ လူသတ်မှုမမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုကို **X** တရားရုံးကဖြစ်စေ၊ **Z** တရားရုံးကဖြစ်စေ စုံစမ်းစစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။

(ခ) **A** သည် **X** တရားရုံး၏ စီရင်ပိုင်ခွင့်နယ်မြေအတွင်း ထိခိုက်ဒဏ်ရာရရှိပြီးနောက် **Y** တရားရုံး၏ စီရင်ပိုင်ခွင့်နယ်မြေအတွင်း တစ်ဆယ်ရက်၊ **Z** တရားရုံး၏ စီရင်ပိုင်ခွင့်နယ်မြေအတွင်းတွင် တစ်ဆယ်ရက်၊ ၎င်းတရားရုံးနှစ်ရုံး၏ စီရင်ပိုင်ခွင့်နယ်မြေ နှစ်ရပ်အတွင်း မိမိလုပ်ဆောင်မြဲ အလုပ်အကိုင်တို့ကို မလုပ်မကိုင်နိုင်ဖြစ်ခဲ့ရသည်။ **A** ကို ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေသည့်ပြစ်မှုကို **X** တရားရုံးကဖြစ်စေ၊ **Y** တရားရုံးကဖြစ်စေ၊ **Z** တရားရုံးကဖြစ်စေ၊ စုံစမ်းစစ်ဆေး၊ သို့မဟုတ် စစ်ဆေးစီရင်နိုင်သည်။

(ဂ) **A** သည် **X** တရားရုံး၏ စီရင်ပိုင်ခွင့်နယ်မြေအတွင်း နာကျင်အောင် ပြုလုပ်မည်ဟု ခြိမ်းခြောက်ခြင်းခံရပြီးနောက် **Y** တရားရုံး၏ စီရင်ပိုင်ခွင့်နယ်မြေအတွင်း ခြိမ်းခြောက်သူကို ပစ္စည်းပေးအပ်ရန် တိုက်တွန်းခြင်းခံရသည်။ **A** အပေါ် ခြောက်လှန့်တောင်းယူသည့် ပြစ်မှုကို **X** တရားရုံးကဖြစ်စေ၊ **Y** တရားရုံးကဖြစ်စေ စုံစမ်းစစ်ဆေး၊ သို့မဟုတ် စစ်ဆေးစီရင်နိုင်သည်

၁၈၀။ ပြစ်မှုတစ်ခုခုသည် ပြစ်မှုမြောက်သော အခြားပြုလုပ်မှု တစ်ရပ်ရပ်နှင့် ဆက်စပ်နေခြင်းကြောင့် ပြစ်မှုမြောက်သောအခါ၊ သို့မဟုတ် ပြုလုပ်သူသည် ပြစ်မှုကျူးလွန်နိုင်သူဖြစ်ခြင်းကြောင့် ပြစ်မှုမြောက်သည့်အခါ၊ ပထမပြစ်မှုအတွက် စွဲချက်ကို ဆိုခဲ့သည့် ပြုလုပ်မှုနှစ်ရပ်အနက် တစ်ရပ်ရပ်ကို ပြုလုပ်ခဲ့ရာနေရာတွင် စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးက စုံစမ်းစစ်ဆေး၊ သို့မဟုတ် စစ်ဆေးစီရင်နိုင်သည်။ ပြုလုပ်မှုသည် အခြားပြစ်မှုနှင့် ဆက်စပ်နေခြင်းကြောင့် ပြစ်မှုမြောက်သောအခါ စစ်ဆေးစီရင်ရန် နေရာဌာန။

ဥပမာများ

(က) အားပေးကူညီမှုဖြင့် စွဲဆိုမှုတစ်ရပ်ကို အားပေးကူညီမှု ကျူးလွန်ခဲ့သော နယ်မြေအတွင်း စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးက စုံစမ်းစစ်ဆေးခြင်း၊ သို့မဟုတ် စစ်ဆေးစီရင်ခြင်းသော်လည်းကောင်း၊ အားပေးကူညီသည့် ပြစ်မှုကို ကျူးလွန်ရာနယ်မြေအတွင်း စစ်ဆေးစီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးက စုံစမ်းစစ်ဆေးခြင်း၊ သို့မဟုတ် စစ်ဆေးစီရင်ခြင်းသော်လည်းကောင်း ပြုနိုင်သည်။

(ခ) ခိုးရာပါပစ္စည်းများ လက်ခံမှု၊ သို့မဟုတ် လက်ဝယ်ထားသိုမှုကို ၎င်းခိုးရာပါပစ္စည်းများ ခိုးရာအရပ်တွင် စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးကဖြစ်စေ၊ ၎င်းပစ္စည်းများကို မည်သည့်အချိန်အခါမဆို မရိုးမဖြောင့်သော သဘောဖြင့် လက်ခံခြင်း၊ သို့မဟုတ် ဆက်လက်ထားရှိခြင်းပြုရာအရပ်ဒေသတွင် စီရင်ပိုင်ခွင့် အာဏာရှိသည့် တရားရုံးကဖြစ်စေ စုံစမ်းစစ်ဆေး၊ သို့မဟုတ် စစ်ဆေးစီရင်နိုင်သည်။

(ဂ) လူကို ခိုးမှန်းသိလျက် ၎င်းလူကို မတရားသဖြင့် ဝှက်သိမ်းထားမှုကို မတရားသဖြင့် ဝှက်သိမ်းထားရာနယ်မြေအတွင်း စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးကဖြစ်စေ၊ လူခိုးရာနယ်မြေအတွင်း စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးကဖြစ်စေ၊ စုံစမ်းစစ်ဆေး၊ သို့မဟုတ် စစ်ဆေးစီရင်နိုင်သည်။

လူသတ် ဓားပြဖြစ်ခြင်း၊ ဓားပြဂိုဏ်းတစ်ခုတွင် ပါဝင်ခြင်း၊ အချုပ်မှ ထွက်ပြေးခြင်း စသည်များ

၁၈၁။ (၁) လူသတ်ဓားပြဖြစ်ခြင်း၊ လူသတ်ဓားပြဖြစ်ပြီး လူသတ်မှုကို ကျူးလွန်သည့် ပြစ်မှု၊ ဓားပြတိုက်မှုကို ကျူးလွန်သည့်ပြစ်မှု၊ လူသတ်မှုပါသော ဓားပြတိုက်မှုကို ကျူးလွန်သည့် ပြစ်မှု၊ ဓားပြဂိုဏ်းတစ်ခုတွင် ပါဝင်ခဲ့သည့်ပြစ်မှု၊ သို့မဟုတ် အချုပ်မှ ထွက်ပြေးခဲ့သည့် ပြစ်မှုကို ယင်းပြစ်မှုကျူးလွန်ခဲ့သည်ဟု စွဲဆိုခြင်းခံရသူ ရောက်ရှိသော နယ်မြေအတွင်း စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးက စုံစမ်းစစ်ဆေး၊ သို့မဟုတ် စစ်ဆေးစီရင်နိုင်သည်။

(၂) ပြစ်မှုမကင်းသော ပစ္စည်းအလွဲသုံးစားမှု သို့မဟုတ် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ယင်းပြစ်မှုဖြစ်ရသည့် ပစ္စည်းအနက် မည်သည့်အစိတ်အပိုင်းကိုမဆို ခွပ်ခွဲခံရသူလက်ခံရာ၊ သို့မဟုတ် ဆက်လက်ထားရှိရာ နယ်မြေအတွင်း စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးကဖြစ်စေ၊ ယင်းပြစ်မှုကျူးလွန်ရာ နယ်မြေအတွင်း စီရင်ပိုင်ခွင့် အာဏာရှိသည့် တရားရုံးကဖြစ်စေ စုံစမ်းစစ်ဆေး၊ သို့မဟုတ် စစ်ဆေးစီရင်နိုင်သည်။

ပြစ်မှု မကင်းသော ပစ္စည်း အလွဲသုံးစားမှုနှင့် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု ခိုးမှု။

(၃) ခိုးမှု၊ သို့မဟုတ် ခိုးမှုပါဝင်သော ပြစ်မှု၊ သို့မဟုတ် ခိုးရာပါပစ္စည်းလက်ဝယ်ထားရှိခြင်း ပါဝင်သောပြစ်မှုကို ယင်းပြစ်မှုကျူးလွန်ရာနယ်မြေအတွင်း စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးကဖြစ်စေ၊ ခိုးသူ၊ သို့မဟုတ် ခိုးရာပါပစ္စည်းဖြစ်မှန်းသိရှိသူ၊ သို့မဟုတ် သိရှိရန်အကြောင်းရှိသူတစ်ဦးတစ်ယောက်က ယင်းခိုးရာပါပစ္စည်းကို လက်ဝယ်ထားရာ၊ သို့မဟုတ် လက်ခံရရှိရာ၊ သို့မဟုတ် ဆက်လက်ထားရှိရာ နယ်မြေအတွင်း စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးကဖြစ်စေ စုံစမ်းစစ်ဆေး၊ သို့မဟုတ် စစ်ဆေးစီရင်နိုင်သည်။

(၄) လူခိုးမှု၊ သို့မဟုတ် လူကိုသွေးဆောင်ဆွဲခေါ်မှုကို ခိုးယူခြင်းခံရသူ၊ သို့မဟုတ် သွေးဆောင်ဆွဲခေါ်ခြင်းခံရသူ အခိုးခံရသည့် နယ်မြေ၊ သို့မဟုတ် သွေးဆောင်ဆွဲခေါ်ခြင်းခံရသည့် နယ်မြေ သို့မဟုတ် ဆောင်ယူသွားခြင်း ခံရသည့်နယ်မြေ၊ သို့မဟုတ် ဖုံးကွယ်သိမ်းရာနယ်မြေ၊ သို့မဟုတ် ထိန်းသိမ်းထားရာ နယ်မြေတွင် စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးက စုံစမ်းစစ်ဆေး၊ သို့မဟုတ် စစ်ဆေးစီရင်နိုင်သည်။

လူခိုးမှုနှင့် လူကို သွေးဆောင်ဆွဲခေါ်မှု။

၁၈၂။ အရပ်ဒေသ အများအပြားအနက် မည်သည့်အရပ်ဒေသတွင် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့ကြောင်း မသေချာသည့်အခါ၊ သို့မဟုတ်

ပြစ်မှုတစ်ရပ်ရပ်ကို အရပ်ဒေသတစ်ခုတွင် တစ်စိတ်တစ်ပိုင်း ကျူးလွန်ခဲ့ပြီး၊ အခြားအရပ်ဒေသတစ်ခုတွင် တစ်စိတ်တစ်ပိုင်း ကျူးလွန်သည့်အခါ၊ သို့မဟုတ်

ပြစ်မှုတစ်ရပ်ကို ဆက်လက်ကျူးလွန်နေသည့် ပြစ်မှုဖြစ်သည့်အပြင် တစ်ခုထက်ပိုသော အရပ်ဒေသများတွင် ဆက်လက်ကျူးလွန်သောအခါ၊ သို့မဟုတ်

ပြစ်မှုမှာ အရပ်ဒေသအများအပြားတွင် ပြုလုပ်ခဲ့သည့် ပြုလုပ်မှုအမြောက်အမြား ပါဝင်နေသည့်အခါ

အဆိုပါ အရပ်ဒေသများအနက်မှ အရပ်ဒေသတစ်ခုခုတွင် စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးက စုံစမ်းစစ်ဆေး၊ သို့မဟုတ် စစ်ဆေးစီရင်နိုင်သည်။

ပြစ်မှုကျူးလွန်ရာနေရာကိုသေချာစွာ မသိသည့်အခါ၊ သို့မဟုတ် တစ်ခုရိုင်အတွင်းသာ ကျရောက်ခြင်း မရှိသည့်အခါ၊ သို့မဟုတ် ဆက်လက်ကျူးလွန်သည့် ပြစ်မှုဖြစ်သည့်အခါ၊ သို့မဟုတ် ပြုလုပ်မှု အများအပြားပါဝင်သည့်အခါ စုံစမ်းစစ်ဆေးရန်၊ သို့မဟုတ် စစ်ဆေးစီရင်ရန်နေရာ။

၁၈၃။ ကုန်းလမ်းဖြစ်စေ၊ ရေလမ်းဖြစ်စေ၊ ခရီးသွားလာနေစဉ် ကျူးလွန်သည့် ပြစ်မှုတစ်ရပ်ကို ကျူးလွန်သူ၊ သို့မဟုတ် ကျူးလွန်ခြင်းခံရသူအား၊ သို့မဟုတ် ပြစ်မှုကျူးလွန်ရာပါဝတ္ထုပစ္စည်း ဖြတ်သန်းသွားသည့် နယ်မြေအတွင်း စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးက စုံစမ်းစစ်ဆေး၊ သို့မဟုတ် စစ်ဆေးစီရင်နိုင်သည်။

ခရီးသွားစဉ် ကျူးလွန်သော ပြစ်မှု။

၁၈၄။ × × × ×

မည်သည့် ခရိုင်တွင် စုံစမ်းစစ်ဆေးမှုသို့မဟုတ် စစ်ဆေး စီရင်မှုပြုလုပ်ရန် သံသယဖြစ်သောအခါ တရားလွှတ်တော်ကဆုံးဖြတ်ရခြင်း။

၁၈၅။ (၁) တရားလွှတ်တော်၏ လက်အောက်ခံ တရားရုံးနှစ်ရုံး အနက်၊ သို့မဟုတ် ထို့ထက်ပိုသော တရားရုံးများအနက် မည်သည့်တရားရုံးက ပြစ်မှုတစ်ရပ်ကို စစ်ဆေးစီရင်သင့်ကြောင်း ပြဿနာတစ်ရပ် ပေါ်ပေါက်လာသောအခါတိုင်း ထိုပြဿနာကို တရားလွှတ်တော်က ဆုံးဖြတ်ပေးရမည်။

(၂) × × × ×

စီရင်ပိုင်ခွင့် နယ်မြေပြင်ပတွင် ကျူးလွန်သည့် ပြစ်မှုအတွက် သမ္မန်စာ၊ သို့မဟုတ် ဝရမ်း ထုတ်ဆင့်ရန် အာဏာ။

၁၈၆။ (၁) ခရိုင်ရာဇဝတ်တရားသူကြီးတစ်ဦး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးတစ်ဦး၊ သို့မဟုတ် ဤကိစ္စအတွက် နိုင်ငံတော်သမ္မတက အထူးအားဖြင့် အာဏာအပ်နှင်းထားသည့် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦးက မိမိ၏ စီရင်ပိုင်ခွင့်နယ်မြေအတွင်းရှိ တစ်ဦးတစ်ယောက်သည် အဆိုပါနယ်မြေပြင်ပတွင် (ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင်ဖြစ်စေ၊ ပြည်ထောင်စုမြန်မာ နိုင်ငံပြင်ပတွင်ဖြစ်စေ) ပြစ်မှုတစ်ရပ်ကျူးလွန်ခဲ့သည်ဟု ယုံကြည်ရန် အကြောင်းရှိကြောင်း ထင်မြင်သည့်အပြင် ယင်းပြစ်မှုမှာ ပုဒ်မ ၁၇၇ မှ ပုဒ်မ ၁၈၄ အထိ (ယင်းပုဒ်မ နှစ်ခုစလုံးအပါအဝင်) ပုဒ်မတို့၏ ပြဋ္ဌာန်းချက်များအရဖြစ်စေ၊ အခြား တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ အဆိုပါစီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း စုံစမ်းစစ်ဆေးခြင်း၊ သို့မဟုတ် စစ်ဆေးစီရင်ခြင်း မပြုနိုင်သော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတွင် တည်ဆဲဖြစ်သော အခြားဥပဒေအရ အဆိုပါ ရာဇဝတ်တရားသူကြီးသည် မိမိစီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း ကျူးလွန်ဘိသကဲ့သို့ ထိုပြစ်မှုကို စုံစမ်းစစ်ဆေး၍ အထက်တွင် ဖော်ပြထားသည့် နည်းလမ်းအတိုင်း ထိုသူကို မိမိ ရှေ့မှောက်သို့ ရောက်ရှိရန် အတင်းအကြပ်ပြုနိုင်သည်။ ထို့ပြင် ထိုသူအပေါ် အဆိုပါ ပြစ်မှုမျိုးကို စုံစမ်းစစ်ဆေးရန်၊ သို့မဟုတ် စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာရှိသော ရာဇဝတ်တရားသူကြီးထံ ပေးပို့နိုင်သည်၊ သို့မဟုတ် အဆိုပါပြစ်မှုသည် အာမခံပေးရမည့်ပြစ်မှုမျိုးဖြစ်ပါက ထိုသူကို အဆိုပါ တရားသူကြီးရှေ့မှောက် ရောက်ရှိစေရန်အတွက် အာမခံသူများနှင့်ဖြစ်စေ၊ အာမခံသူများ မပါဘဲဖြစ်စေ ခံဝန်ချုပ်ကို ချုပ်ဆိုရန် တောင်းဆိုနိုင်သည်။

(၂) ထိုကဲ့သို့ စီရင်ပိုင်ခွင့်အာဏာရှိသော ရာဇဝတ်တရားသူကြီးမှာ တစ်ဦးထက်ပို၍ များနေသောအခါ၊ ထို့ပြင် ဤပုဒ်မအရ ဆောင်ရွက်သည့် ရာဇဝတ်တရားသူကြီးက ထိုသူကို မည်သည့်ရာဇဝတ်တရားသူကြီးထံသို့ ပေးပို့ရမည်၊ မည်သည့်ရာဇဝတ်တရားသူကြီး ရှေ့တွင် ရောက်ရှိစေရမည်ဖြစ်ကြောင်း မဝေခွဲနိုင်လျှင် ထိုအမှုအတွက် အမိန့်နာခံရန် တရားလွှတ်တော်သို့ အစီရင်ခံရမည်။

လက်အောက်ခံ ရာဇဝတ်တရားသူကြီးက ဝရမ်းထုတ်ဆင့်ရာ၌ လိုက်နာရန် ကျင့်ထုံး။

၁၈၇။ (၁) ခရိုင်ရာဇဝတ်တရားသူကြီးမှတစ်ပါး အခြားရာဇဝတ်တရားသူကြီးတစ်ဦးဦးက ပုဒ်မ ၁၈၆ အရ ထိုက်သင့်သည့် ဝရမ်းဖြင့် ထိုသူကို ဖမ်းဆီးရမိလျှင် အဆိုပါ ရာဇဝတ်တရားသူကြီးသည် ထိုသူကို မိမိအထက်ရှိ ခရိုင်ရာဇဝတ်တရားသူကြီးထံဖြစ်စေ၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးထံဖြစ်စေ ပို့ပေးရမည်။ သို့သော် ထိုပြစ်မှုကို စုံစမ်းစစ်ဆေးစီရင်ပိုင်ခွင့်အာဏာရှိသော ရာဇဝတ်တရားသူကြီးက ထိုသူကို ဖမ်းဆီးရန် ဝရမ်းထုတ်ဆင့်သည့်အခါ ထိုဖမ်းဆီးရမိသူကို ဝရမ်းအတည်ပြုသည့် ရဲအရာရှိထံသို့ လွှဲအပ်ရမည်၊ သို့မဟုတ် ဝရမ်းထုတ်ဆင့်ခဲ့သည့် ရာဇဝတ်တရားသူကြီးထံ ပို့ပေးရမည်။

(၂) ဖမ်းဆီးရမိသူ ကျူးလွန်ခဲ့သည်ဟု အဆိုရှိသော ပြစ်မှု၊ သို့မဟုတ် ကျူးလွန်ခဲ့သည်ဟု သင်္ကာမကင်းသည့်ပြစ်မှုမှာ ပုဒ်မ ၁၈၆အရ ဆောင်ရွက်သည့် ရာဇဝတ်တရားသူကြီး၏ တရားရုံးမှတစ်ပါး ယင်းခရိုင်အတွင်းရှိ မည်သည့်ရာဇဝတ်တရားရုံးကမဆို စုံစမ်းစစ်ဆေး၊ သို့မဟုတ် စစ်ဆေးစီရင်နိုင်သည့် ပြစ်မှုဖြစ်လျှင် အဆိုပါရာဇဝတ်တရားသူကြီးသည် ထိုသူကို အဆိုပါတရားရုံးသို့ ပို့ပေးရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံသားများ ပြည်ထောင်စုမြန်မာနိုင်ငံပြင်ပတွင် ကျူးလွန်သော ပြစ်မှုများ အတွက် တာဝန်၊

၁၈၈။ ပြည်ထောင်စုမြန်မာနိုင်ငံသားတစ်ယောက်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏နယ်မြေပြင်ပတွင် ပြစ်မှုတစ်ရပ်ကို ကျူးလွန်သည့်အခါ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မည်သည့်နေရာ၌မဆို ၎င်းအား တွေ့ရှိရာနေရာတွင် အဆိုပါပြစ်မှုကို ကျူးလွန်ဘိသကဲ့သို့ ၎င်းအား အရေးယူနိုင်သည်။

သို့ရာတွင် တစ်ဦးတစ်ယောက်သောသူအား ဤပုဒ်မအရ အရေးယူဆောင်ရွက်ခဲ့လျှင် (အကယ်၍ အဆိုပါပြစ်မှုကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ကျူးလွန်ခဲ့ပါက ယင်းပြစ်မှုအတွက် အဆိုပါပုဂ္ဂိုလ်အား နောက်ထပ်အရေးယူဆောင်ရွက်ခြင်း မပြုနိုင်သကဲ့သို့) ပြည်ထောင်စုမြန်မာနိုင်ငံ နယ်မြေပြင်ပ မည်သည့်နေရာဒေသ၌မဆို ထိုပြစ်မှုနှင့် စပ်လျဉ်း၍ 'မြန်မာနိုင်ငံ ပြစ်မှုကျူးလွန်သူအား ဆိုင်ရာနိုင်ငံသို့ ပေးအပ်ခြင်းအက်ဥပဒေ' အရ ထိုသူကို ထပ်မံအရေးမယူစေရ။

အစစ်ခံချက်မိတ္တူများနှင့် သက်သေခံပစ္စည်းများကို သက်သေခံချက်အဖြစ် လက်ခံရန် ညွှန်ကြားနိုင်သည့်အာဏာ။

၁၈၉။ မည်သည့်အချိန်အခါတွင်မဆို ပုဒ်မ ၁၈၈ တွင် ရည်ညွှန်းထားသော ပြစ်မှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးနေစဉ်၊ သို့မဟုတ် စစ်ဆေးစီရင်နေစဉ် နိုင်ငံတော်သမ္မတက မိမိသင့်သည် ထင်မြင်လျှင် အဆိုပါပြစ်မှုကျူးလွန်ခဲ့သည်ဟု အဆိုရှိသော နယ်မြေတွင်၊ သို့မဟုတ် နယ်မြေအတွက် ဆိုင်ရာတရားရေးဝန်ထမ်းတစ်ဦး၏ရှေ့မှောက်တွင် ပြုလုပ်ခဲ့သော ထွက်ဆိုချက်များ၊ သို့မဟုတ် ၎င်းရှေ့မှောက် တင်ပြခဲ့သော သက်သေခံပစ္စည်းများကို အဆိုပါ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှုပြုလုပ်ခဲ့သော တရားရုံးက ဆိုခဲ့သည့် ထွက်ဆိုချက်များ၊ သို့မဟုတ် သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ သက်သေခံချက်ရယူရန်အလို့ငှာ ကော်မရှင်ထုတ်နိုင်သည့် မည်သည့်အမှု၌မဆို သက်သေခံချက်အဖြစ် လက်ခံရန် ညွှန်ကြားနိုင်သည်။

## ခ။ အမှုစတင်ဆောင်ရွက်ရန်အတွက် လိုအပ်သည့် စည်းကမ်းချက်များ

ရာဇဝတ်တရားသူကြီးများက ပြစ်မှုများကို အရေးယူခြင်း၊

၁၉၀။ (၁) နောက်တွင် ပြဋ္ဌာန်းပါရှိသည်မှတစ်ပါး မည်သည့်ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ ထို့ပြင် ဤကိစ္စအလို့ငှာ အထူးအားဖြင့် အာဏာအပ်နှင်းထားသည့် မည်သည့်အခြားရာဇဝတ်တရားသူကြီးမဆို ပြစ်မှုတစ်စုံတစ်ရာကို –

(က) အဆိုပါပြစ်မှုဖြစ်မြောက်စေသည့် အကြောင်းခြင်းရာများ ပါရှိသည့် တိုင်တန်းချက်ကို ရရှိသည့်အခါ၊

(ခ) အဆိုပါ အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ ရဲအရာရှိတစ်ဦးက စာဖြင့်ရေးသားအစီရင်ခံသည့်အခါ၊

(ဂ) အဆိုပါပြစ်မှု ကျူးလွန်ခဲ့ကြောင်း ရဲအရာရှိမဟုတ်သူ တစ်ဦးတစ်ယောက်ထံမှ သတင်းရရှိသည့်အခါ၊ သို့မဟုတ် မိမိကိုယ်တိုင် သိရှိသည့်အခါ၊ သို့မဟုတ် မိမိကိုယ်တိုင် သံသယဖြစ်သည့်အခါ

အဆိုပါပြစ်မှုကို အရေးယူနိုင်သည်။

(၂) နိုင်ငံတော်သမ္မတကဖြစ်စေ၊ နိုင်ငံတော်သမ္မတ၏ ယေဘုယျ၊ သို့မဟုတ် အထူးအမိန့်များကို လိုက်နာရန် ခရိုင်ရာဇဝတ်တရားသူကြီးကဖြစ်စေ မည်သည့်တရားသူကြီးကိုမဆို ၎င်းရာဇဝတ်တရားသူကြီး စစ်ဆေးစီရင်နိုင်သော၊ သို့မဟုတ် စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့ပေးနိုင်သော ပြစ်မှုများကို ပုဒ်မခွဲ (၁)၊ အပိုဒ် (က)၊ သို့မဟုတ် အပိုဒ် (ခ) အရ အရေးယူဆောင်ရွက်နိုင်စေရန် အာဏာအပ်နှင်းနိုင်သည်။

(၃) နိုင်ငံတော်သမ္မတသည် မည်သည့် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးကိုမဆို ၎င်းအနေဖြင့် စစ်ဆေးစီရင်နိုင်သော၊ သို့မဟုတ် စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့နိုင်သော ပြစ်မှုများကို ပုဒ်မခွဲ (၁) အပိုဒ် (ဂ) အရ အရေးယူဆောင်ရွက်နိုင်စေရန် အာဏာအပ်နှင်းနိုင်သည်။

*တရားခံ၏ လျှောက်ထားချက်အရ အမှုကို လွှဲပြောင်းပေးခြင်း၊ သို့မဟုတ် လွှဲအပ်တင်ပို့ခြင်း။*

၁၉၁။ ရာဇဝတ်တရားသူကြီးတစ်ဦးက အထက်ပါပုဒ်မ၏ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဂ) အရ ပြစ်မှုတစ်စုံတစ်ရာကို အရေးယူသည့်အခါ အမှုကို အခြားတရားရုံးတစ်ရုံးက စစ်ဆေးပေးရန် တရားခံအနေဖြင့် လျှောက်ထားပိုင်ခွင့်ရှိကြောင်းကို သက်သေခံချက်တစ်စုံတစ်ရာ မရယူမီ ၎င်းတရားခံအား ပြောကြားရမည်။ အကယ်၍ တရားခံက၊ သို့မဟုတ် တရားခံတစ်ဦးထက် ပိုလျှင် မည်သည့်တရားခံကမဆို ဖော်ပြပါရာဇဝတ်တရားသူကြီး၏ စစ်ဆေးမှုကို ကန့်ကွက်လျှင် ယင်းရာဇဝတ်တရားသူကြီးက စစ်ဆေးစီရင်မည့်အစား အဆိုပါအမှုကို စက်ရှင်တရားရုံးသို့ လွှဲအပ်တင်ပို့ရမည်၊ သို့မဟုတ် အခြား ရာဇဝတ်တရားသူကြီးထံ လွှဲအပ်ရမည်။

*ရာဇဝတ်တရားသူကြီးများက အမှုများကို လွှဲပြောင်းပေးခြင်း။*

၁၉၂။ (၁) မည်သည့် ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးကမဆို မိမိအရေးယူပြီးသောအမှုကို မိမိလက်အောက်ခံ ရာဇဝတ်တရားသူကြီးတစ်ဦးဦးထံသို့ စုံစမ်းစစ်ဆေးရန်ဖြစ်စေ၊ စစ်ဆေးစီရင်ရန်ဖြစ်စေ လွှဲပြောင်းပေးနိုင်သည်။

(၂) မည်သည့် ခရိုင်ရာဇဝတ်တရားသူကြီးကမဆို အမှုတစ်စုံတစ်ရာကို အရေးယူပြီးသော ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦးဦးအား စွပ်စွဲခြင်းခံရသူ တရားခံကို ယခုဥပဒေအရ စစ်ဆေးစီရင်ပိုင်သည့်၊ သို့မဟုတ် စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့နိုင်သည့် မိမိခရိုင်အတွင်းရှိ အမျိုးအမည် သီးခြားဖော်ပြထားသော အခြားရာဇဝတ်တရားသူကြီးတစ်ဦးဦးထံ ၎င်းအမှုကို စုံစမ်းစစ်ဆေးရန်၊ သို့မဟုတ် စစ်ဆေးစီရင်ရန်အလို့ငှာ လွှဲပြောင်းပေးနိုင်ရန် အာဏာအပ်နှင်းနိုင်သည်။ ယင်းကဲ့သို့ အမှုလွှဲပြောင်းပေးခြင်းခံရသော ရာဇဝတ်တရားသူကြီးကလည်း လွှဲပြောင်းသည့်အတိုင်း ၎င်းအမှုကို စစ်ဆေးစီရင်နိုင်သည်။

*စက်ရှင်တရားရုံးများက ပြစ်မှုများကို အရေးယူခြင်း။*

၁၉၃။ (၁) ဤဥပဒေအရဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ အခြားနည်း အတိအလင်း ပြဋ္ဌာန်းထားသည်မှတစ်ပါး ထိုကိစ္စအလို့ငှာ နည်းလမ်းတကျ အာဏာအပ်နှင်းထားသည့် ရာဇဝတ်တရားသူကြီးတစ်ဦးဦးက တရားခံကို လွှဲအပ်တင်ပို့ခြင်းမဟုတ်လျှင် မည်သည့်စက်ရှင်တရားရုံးကမျှ မူလစီရင်ပိုင်ခွင့်အာဏာရရှိသည့် တရားရုံးအဖြစ် မည်သည့်ပြစ်မှု တစ်စုံတစ်ရာကိုမျှ အရေးမယူစေရ။

(၂) တွဲဖက်စက်ရှင်တရားသူကြီးများနှင့် လက်ထောက်စက်ရှင်တရားသူကြီးများသည် နိုင်ငံတော်သမ္မတက ယေဘုယျ၊ သို့မဟုတ် အထူးအမိန့်ဖြင့် စစ်ဆေးစီရင်ရန် ညွှန်ကြားသောအမှုများကိုသာ စစ်ဆေးစီရင်ရမည်၊ သို့မဟုတ် စက်ရှင်တရားသူကြီးက ယေဘုယျ၊ သို့မဟုတ် အထူးအမိန့်ဖြင့် လွှဲပြောင်းပေးသော အမှုများကိုသာ စစ်ဆေးစီရင်နိုင်သည်။

*တရားလွှတ်တော်က ပြစ်မှုများကို အရေးယူခြင်း။*

၁၉၄။ (၁) နောက်တွင် ပြဋ္ဌာန်းပါရှိသည့် နည်းလမ်းအတိုင်း လွှဲအပ်တင်ပို့သည့် မည်သည့်ပြစ်မှုကိုမဆို တရားလွှတ်တော်က အရေးယူနိုင်သည်။ ဤပုဒ်မပါ မည်သည့်အချက်ကမျှ တည်ဆဲဥပဒေတစ်စုံတစ်ရာပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ ဤကျင့်ထုံးဥပဒေပါ အခြားပြဋ္ဌာန်းချက် တစ်စုံတစ်ရာကိုဖြစ်စေ ထိခိုက်ခြင်းမရှိစေရ။

*ရှေ့နေချုပ်က သတင်းပေးပို့ခြင်း။*

(၂) (က) ဤကျင့်ထုံးဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ရှေ့နေချုပ်က နိုင်ငံတော်သမ္မတ၏ အခွင့်အမိန့်ကို ကြိုတင်ရရှိပြီးလျှင် အင်္ဂလန်နိုင်ငံရှိ တရားလွှတ်တော်တွင် ဘုရင်၏ ရှေ့နေချုပ်က တရားလွှတ်တော် စီရင်ပိုင်ခွင့်အာဏာအောက်ရှိသူတို့အပေါ်တွင် သတင်းအချက်များကို တင်ပြခွင့်ရသကဲ့သို့ သတင်းအချက်များ တင်ပြခွင့်ရှိသည်။

(ခ) ဗြိတိသျှဘုရင်၏ ရှေ့နေချုပ်ကတင်ပြသည့် အလားတူသတင်းပေးချက်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သကဲ့သို့ တရားလွှတ်တော်က မိမိ၏ ကျင့်ထုံးနှင့်ဆိုင်ရာ အကြောင်းခြင်းရာတို့က ခွင့်ပြုသမျှ ဆောင်ရွက်နိုင်သည်။

(ဂ) ဆိုခဲ့သည့် သတင်းပေးချက် တစ်စုံတစ်ရာအရ ပြန်လည်ရရှိသော၊ သို့မဟုတ် ကောက်ခံသောဒဏ်ငွေများ၊ ဒဏ်ကြေးများ၊ လျော်ဒဏ်၊ ကြွေးမြီများနှင့် ငွေကြေးများအားလုံးကို နိုင်ငံတော်ပိုင်ဖြစ်စေရမည်။

(ဃ) တရားလွှတ်တော်က ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို အတည်ပြုလုပ်ရန် နည်းဥပဒေများ ပြုနိုင်သည်။

၁၉၅။ (၁) မည်သည့်တရားရုံးကမျှ – ပြည်သူ့ဝန်ထမ်းတို့၏ ဥပဒေအရ အခွင့်အာဏာကို မထီလေးစားပြုမှုအတွက် ရာဇဝတ်မှုစွဲဆိုခြင်း။

(က) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၂ မှ ၁၈၈ အထိ ပြစ်ဒဏ်စီရင်ထိုက်သော ပြစ်မှုတစ်စုံ တစ်ရာကို သက်ဆိုင်ရာပြည်သူ့ဝန်ထမ်း၏၊ သို့မဟုတ် ၎င်း၏အထက် ပြည်သူ့ဝန်ထမ်း၏ စာဖြင့် ရေးသားတိုင်တန်းချက်အရ မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်း မပြုရ၊ သို့မဟုတ်

(ခ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃၊ ၁၉၄၊ ၁၉၅၊ ၁၉၆၊ ၁၉၉၊ ၂၀၀၊ ၂၀၅၊ ၂၀၆၊ ၂၀၇၊ ၂၀၈၊ ၂၀၉၊ ၂၁၀၊ ၂၁၁ နှင့် ၂၂၈ တို့အရ ပြစ်ဒဏ်စီရင်ထိုက်သော ပြစ်မှုတစ်စုံတစ်ရာကို တရားရုံးတစ်ရုံးက ဆောင်ရွက်သည့် မှုခင်းတစ်စုံတစ်ရာတွင်၊ သို့မဟုတ် ထိုမှုခင်းနှင့်စပ်လျဉ်း၍ ကျူးလွန်သည်ဟု စွပ်စွဲချက်ရှိသောအခါ အဆိုပါတရားရုံး၏၊ သို့မဟုတ် အဆိုပါတရားရုံး ၏ အထက် တရားရုံး၏ စာဖြင့်ရေးသားတိုင်တန်းချက်အရမဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်း မပြုရ၊ သို့မဟုတ် ဖြောင့်မှန်စွာတရားစီရင်ရေးကို ထိပါးသည့်အချို့သောပြစ်မှုများ အတွက် တရားစွဲဆိုခြင်း။

(ဂ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၃ တွင် ဖော်ပြသော၊ သို့မဟုတ် ပုဒ်မ ၄၇၁၊ ပုဒ်မ ၄၇၅၊ ပုဒ်မ ၄၇၆ အရ ပြစ်ဒဏ်စီရင်ထိုက်သော ပြစ်မှုတစ်စုံတစ်ရာကို တရားရုံးတစ်ရုံးတွင်အမှုဆိုင်နေရသည့် အမှုသည်တစ်ဦးဦးက အဆိုပါအမှုတွင် တင်ပြသော၊ သို့မဟုတ် သက်သေခံချက်ပေးသော စာတမ်းအမှတ်အသားတစ်ခုနှင့် စပ်လျဉ်း၍ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲသည့်အခါ အဆိုပါတရားရုံးက၊ သို့မဟုတ် ယင်းတရားရုံး၏ အထက်တရားရုံးက စာဖြင့်ရေးသားတိုင်တန်းချက်အရ မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရ။ သက်သေခံအဖြစ် တင်ပြသည့် စာတမ်းအမှတ်အသားများနှင့်စပ်လျဉ်း၍ ကျူးလွန်သည့် ပြစ်မှုအချို့ အတွက် ရာဇဝတ်မှု စွဲဆိုခြင်း။

(၂) ပုဒ်မခွဲ(၁)၏ အပိုဒ် (ခ) နှင့် (ဂ) တို့မှ "တရားရုံး" ဆိုသည့်စကားရပ်တွင်၊ တရားမတရားရုံး၊ အခွန်ရုံး၊ သို့မဟုတ် ရာဇဝတ်တရားရုံးတို့ ပါဝင်သည်။ သို့ရာတွင် မှတ်ပုံတင်အက်ဥပဒေအရ မှတ်ပုံတင်အရာရှိ၊ သို့မဟုတ် လက်ထောက်မှတ်ပုံတင်အရာရှိတို့ ပါဝင်ခြင်းမရှိ။

(၃) ဤပုဒ်မပါကိစ္စများအလို့ငှာ တရားရုံးတစ်ရုံးသည် မိမိချမှတ်ခဲ့သည့် ဒီကရီများ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ချက်များမှာ သာမန်အားဖြင့် အယူခံတက်ရောက်နိုင်သော တရားရုံး၏ လက်အောက်ခံဖြစ်သည်ဟူ၍လည်းကောင်း၊ သို့မဟုတ် မိမိချမှတ်ခဲ့သည့် ဒီကရီများမှာ သာမန်အားဖြင့် အယူခံတက်ရောက်ခွင့်မရှိသော တရားမတရားရုံးတစ်ရုံးအတွက်မှာမူ အဆိုပါတရားမတရားရုံးတည်ရှိရာ စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း သာမန် မူလတရားမစီရင်ပိုင်ခွင့်အာဏာရှိသော အကြီးအကဲတရားရုံး၏ လက်အောက်ခံတရားရုံး ဖြစ်သည်ဟူ၍လည်းကောင်း မှတ်ယူရမည်။

သို့ရာတွင် –

(က) အယူခံတက်ရောက်နိုင်သည့် တရားရုံးမှာ တစ်ရုံးထက်ပိုလျှင် မူလတရားရုံးသည် ယင်းအယူခံတရားများအနက် အနိမ့်ဆုံးစီရင်ပိုင်ခွင့်အာဏာရှိသည့် အယူခံတရားရုံး၏ လက်အောက်ခံဖြစ်သည်ဟု မှတ်ယူရမည်။ ၎င်းအပြင်

(ခ) တရားမတရားရုံးနှင့် အခွန်ရုံးကိုပါ အယူခံတက်ရောက်နိုင်သည့်ကိစ္စတွင် မူလတရားရုံးသည် ကျူးလွန်ခဲ့ကြောင်း စွပ်စွဲသည့်ပြစ်မှု၏ သဘာဝအရဖြစ်စေ၊ ယင်းပြစ်မှုနှင့်ဆက်စပ်သော အမှုဆောင်ရွက်ချက်အရဖြစ်စေ ယင်းအယူခံတရားမတရားရုံး၊ သို့မဟုတ် အခွန်အယူခံရုံး၏ လက်အောက်ခံဖြစ်သည်ဟု မှတ်ယူရမည်။

(၄) ပုဒ်မခွဲ (၁) ၏ ပြဋ္ဌာန်းချက်များသည် ၎င်းပုဒ်မခွဲတွင် ဖော်ပြပါရှိသော ပြစ်မှုများနှင့်စပ်လျဉ်း၍ အဆိုပါပြစ်မှုများကို ကျူးလွန်ရန် ပြစ်မှုမကင်းသော ပူးပေါင်းကြံစည်မှုများ၊ အဆိုပါပြစ်မှုများကို အားပေးကူညီမှုများနှင့် ထိုပြစ်မှုများကို ကျူးလွန်ရန် အားထုတ်မှုများနှင့်လည်း သက်ဆိုင်သည်။

(၅) ပုဒ်မခွဲ (၁)၊ အပိုဒ် (က) အရ ပြည်သူ့ဝန်ထမ်းတစ်ဦးက တိုင်တန်းသည့်အမှုတွင် အဆိုပါပြည်သူ့ဝန်ထမ်း၏ အထက်အာဏာပိုင်တစ်ဦးဦးက ယင်းတိုင်တန်းချက်ကို ပြန်လည်ရုပ်သိမ်းရန် အမိန့်ပေးနိုင်သည်။ ယင်းကဲ့သို့ အမိန့်ပေးလျှင် အဆိုပါအမိန့်၏ မိတ္တူတစ်စောင်ကို တရားရုံးသို့ ပေးပို့ရမည်။ တရားရုံးက ထိုအမိန့်မိတ္တူကိုရရှိသောအခါ တိုင်တန်းချက်ကို ဆက်လက်မဆောင်ရွက်ရ။

နိုင်ငံတော်ကို ဆန့်ကျင့် ကျူးလွန်သော ပြစ်မှုများနှင့် ငါ… ကောက်ပွဲ ချ… ဆိုင်ရာပြစ်မှုမျ… အတွက် တရ… စွဲဆိုခြင်း။

၁၉၆။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၇၊ ပုဒ်မ ၁၇၁ စ၊ သူတစ်ပါးအယောင်ဆောင်မှုနှင့် စပ်လျဉ်းသမျှနှင့် ပုဒ်မ ၁၇၁ ည) တို့မှအပ ၎င်းဥပဒေ အခန်း ၆၊ သို့မဟုတ် ၆ ခ၊ သို့မဟုတ် ၉ က၊ သို့မဟုတ် ပုဒ်မ ၁၀၈ က၊ သို့မဟုတ် ပုဒ်မ ၁၅၃ က၊ သို့မဟုတ် ၂၉၄ က အရ ပြစ်ဒဏ်စီရင်ထိုက်သော ပြစ်မှုတစ်စုံတစ်ရာကို နိုင်ငံတော်သမ္မတ၏ အမိန့်အရဖြစ်စေ၊ နိုင်ငံတော်သမ္မတထံမှ အခွင့်အမိန့်အရဖြစ်စေ၊ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက အာဏာအပ်နှင်းထားသော အရာရှိကဖြစ်စေ တိုင်တန်းချက်မပြုဘဲ မည်သည့်တရားရုံးကမျှ အရေးမယူရ။

ပြစ်မှုမကင်းသော ပူးပေါင်းကြံစည်မှုအခွ… အတွက် တရ… စွဲဆိုခြင်း။

၁၉၆ က။ မည်သည့်တရားရုံးကမျှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၀ ခအရ ပြစ်ဒဏ်စီရင်ထိုက်သည့် ပြစ်မှုမကင်းသော ပူးပေါင်းကြံစည်မှုကို အောက်ပါအချက်များ၌ အရေးမယူရ။

(၁) ပူးပေါင်းကြံစည်ခြင်း၏ ရည်ရွယ်ချက်မှာ ပြစ်မှုမှတစ်ပါး ဥပဒေနှင့်မညီသော ပြုလုပ်မှုတစ်ရပ်ကိုဖြစ်စေ၊ ဥပဒေနှင့်ညီသော ပြုလုပ်မှုတစ်ရပ်ကို ဥပဒေနှင့်မညီသော နည်းလမ်းများဖြင့် ပြုလုပ်မှုတစ်ရပ်ကိုဖြစ်စေ၊ ပုဒ်မ ၁၉၆ ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ကိုဖြစ်စေ ကျူးလွန်ရန်ဖြစ်လျှင် နိုင်ငံတော်သမ္မတ၏ အမိန့်အရဖြစ်စေ၊ နိုင်ငံတော်သမ္မတ၏ အခွင့်အမိန့်အရဖြစ်စေ၊ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက အာဏာအပ်နှင်းထားသည့် အရာရှိတစ်ဦးတစ်ယောက်ကဖြစ်စေ ပြုလုပ်တိုင်တန်းချက်မရှိသည့်အမှု၊ သို့မဟုတ်

(၂) ပူးပေါင်းကြံစည်ခြင်း၏ ရည်ရွယ်ချက်မှာ ရဲအရေးယူပိုင်ခွင့်မရှိသော ပြစ်မှုတစ်စုံတစ်ရာကို၊ သို့မဟုတ် သေဒဏ်တစ်ကျွန်းပို့ဒဏ်၊ သို့မဟုတ် နှစ်နှစ်နှင့်အထက် အလုပ်နှင့် ထောင်ဒဏ်မချမှတ်ထိုက်သော ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုကို ကျူးလွန်ရန်ဖြစ်လျှင် နိုင်ငံတော်သမ္မတ၏၊ သို့မဟုတ် နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ အာဏာအပ်နှင်းထားသော ခရိုင်ရာဇဝတ်တရားသူကြီးတစ်ဦး၏ မှုခင်းစတင်ဆောင်ရွက်ခြင်းကို သဘောတူကြောင်း အမိန့်စာမပါရှိသောအမှု။

သို့ရာတွင် ပုဒ်မ ၁၉၅ ပုဒ်မခွဲ (၄) ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် ပြစ်မှုမကင်းသော ပူးပေါင်းကြံစည်မှုမျိုးဖြစ်လျှင် အဆိုပါသဘောတူညီချက်ရှိရန် လိုအပ်ခြင်းမရှိ။

*အမှုအချို့တွင် ပဏာမ စုံစမ်းစစ်ဆေးခြင်း။*

၁၉၆ ခ။ ပုဒ်မ ၁၉၆၊ သို့မဟုတ် ၁၉၆ ကပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်စုံတစ်ရာတွင် ခရိုင်ရာဇဝတ်တရားသူကြီးတစ်ဦးသည် ထိုပုဒ်မများ၌ဖြစ်စေ၊ ဤကျင့်ထုံးဥပဒေ၏ အခြားနေရာတွင်ဖြစ်စေ မည်သို့ပါရှိစေကာမူ ရဲအင်စပိတ်တော်အောက် အဆင့်မနိမ့်သော ရဲအရာရှိတစ်ဦးကို ပဏာမစုံစမ်းထောက်လှမ်းခြင်းပြုလုပ်ရန် အမိန့်ထုတ်နိုင်သည်။ ထိုအခါ အဆိုပါရဲအရာရှိသည် ပုဒ်မ ၁၅၅ ၏ ပုဒ်မခွဲ (၃) တွင် ရည်ညွှန်းထားသော အာဏာများကိုရရှိစေရမည်။

*တရားသူကြီးများနှင့် ပြည်သူ့ဝန်ထမ်းများကို တရားစွဲဆိုခြင်း။*

၁၉၇။ (၁) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉ ၏ အဓိပ္ပါယ်အရ တရားသူကြီးဖြစ်သူ၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးတစ်ဦး၊ သို့မဟုတ် နိုင်ငံတော်သမ္မတ၊ သို့မဟုတ် အခြားအဆင့်မြင့်သော အာဏာပိုင်၏ အခွင့်အမိန့်မရရှိဘဲ ရာထူးမှထုတ်ပယ်ခြင်းမပြုနိုင်သော ပြည်သူ့ဝန်ထမ်းတစ်ဦးသည် မိမိရာထူးအလျောက် တာဝန်ထမ်းဆောင်စဉ်ပြုလုပ်သော၊ သို့မဟုတ် ပြုလုပ်သည်ဟု သဘောသက်ရောက်သော ပြစ်မှုတစ်စုံတစ်ရာနှင့် စွပ်စွဲခြင်းခံရသောအခါ နိုင်ငံတော်သမ္မတ၏ ကြိုတင်အခွင့်အမိန့်မရရှိဘဲ အဆိုပါပြစ်မှုကို မည်သည့်တရားရုံးကမျှ အရေးမယူရ။

*တရားစွဲဆိုခြင်းနှင့် စပ်လျဉ်း၍ သမ္မတ၏ အာဏာ။*

(၂) အဆိုပါ တရားသူကြီး၊ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပြည်သူ့ဝန်ထမ်းကို မည်သူက မည်သည့်နည်းဖြင့် မည်သည့်ပြစ်မှု၊ သို့မဟုတ် ပြစ်မှုများအတွက် တရားစွဲရမည်ဖြစ်ကြောင်းကို နိုင်ငံတော်သမ္မတက ဆုံးဖြတ်နိုင်သည်။ ၎င်းအပြင် မည်သည့်တရားရုံးတွင် ကြားနာစစ်ဆေးရမည်ဖြစ်ကြောင်း သီးခြားဖော်ပြနိုင်သည်။

*ပဋိညာဉ်ဖောက်ဖျက်မှု၊ အသရေဖျက်မှုနှင့် ထိမ်းမြားလက်ထပ်ခြင်းနှင့် စပ်လျဉ်းသော ပြစ်မှုများအတွက် တရားစွဲဆိုခြင်း။*

၁၉၈။ ပြစ်မှုဆိုင်ရာဥပဒေ အခန်း ၁၉၊ သို့မဟုတ် အခန်း ၂၁၊ သို့မဟုတ် ယင်းဥပဒေ၏ ပုဒ်မ ၄၉၃ မှ ၄၉၆ (ယင်းပုဒ်မ နှစ်ခုလုံးအပါအဝင်) တို့တွင် အကျုံးဝင်သည့် ပြစ်မှုတစ်ရပ်ကို အဆိုပါပြစ်မှုအရ နစ်နာခြင်းခံရသူက တိုင်တန်းချက်အရမဟုတ်လျှင် မည်သည့်တရားရုံးကမျှ အရေးမယူရ။ သို့ရာတွင် ထိုသို့နစ်နာခံရသူမှာ အမျိုးသမီးတစ်ဦးဖြစ်၍ ၎င်း၏တိုင်းပြည်ဓလေ့ထုံးတမ်းနှင့် အပြုအမူအလေ့အထတို့အရ လူအများရှေ့သို့ ရောက်ရှိရန် အတင်းအကြပ်မပြုသင့်သူဖြစ်ခြင်း၊ သို့မဟုတ် အသက်တစ်ဆယ့်ရှစ်နှစ်အောက်ဖြစ်ခြင်း၊ သို့မဟုတ် ဝမ်းတွင်းရူး၊ သို့မဟုတ် ရူးသွပ်သူတစ်ယောက်ဖြစ်ခြင်း၊ သို့မဟုတ် ဖျားနာခြင်းကြောင့်ဖြစ်စေ၊ မစွမ်းမသန်ခြင်းကြောင့်ဖြစ်စေ တိုင်တန်းချက်မပြုနိုင်သောအခါ အခြားသူတစ်ဦးက တရားရုံး၏ခွင့်ပြုချက်ဖြင့် ထိုသူ၏၊ သို့မဟုတ် ထိုသူမ၏ကိုယ်စား တိုင်တန်းချက်ပြုလုပ်နိုင်သည်။

မယားခိုးမှု၊ သို့မဟုတ် လင်ရှိမယားကို သွေးဆောင်မှုအတွက် တရားစွဲဆိုခြင်း။

၁၉၉။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇၊ သို့မဟုတ် ၄၉၈ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုတစ်ရပ်ကို သက်ဆိုင်ရာအမျိုးသမီး၏ လင်ယောကျ်ားကတိုင်တန်းချက်အရမဟုတ်လျှင်၊ သို့မဟုတ် လင်ယောကျ်ားမရှိခိုက် ပြစ်မှုကျူးလွန်ချိန်တွင် အဆိုပါအမျိုးသမီးကို ထိုလင်ယောကျ်ားကိုယ်စားစောင့်ရှောက်သူတစ်ဦးဦးက တရားရုံးတော်ခွင့်ပြုချက်ဖြင့် တိုင်တန်းချက်အရမဟုတ်လျှင် မည်သည့်တရားရုံးကမျှ အခရေးမယူရ။

သို့ရာတွင် အဆိုပါ လင်ယောကျ်ားသည် အသက် တစ်ဆယ့်ရှစ်နှစ်အောက်ဖြစ်လျှင်၊ သို့မဟုတ် ဝမ်းတွင်းရူး၊ သို့မဟုတ် ရူးသွပ်သူဖြစ်လျှင်၊ သို့မဟုတ် ဖျားနာခြင်းကြောင့်ဖြစ်စေ၊ မစွမ်းမသန်ခြင်းကြောင့်ဖြစ်စေ တိုင်တန်းချက်မပြုလုပ်နိုင်လျှင် အခြားသူတစ်ဦးက တရားရုံး၏ခွင့်ပြုချက်ဖြင့် ထိုသူ၏ကိုယ်စား တိုင်တန်းချက်ပြုလုပ်နိုင်သည်။

နစ်နာခြင်းခံရသူမှတစ်ပါး အခြားသူက တိုင်တန်းချက်ကို တရားဝင်အုပ်ထိန်းသူက ကန့်ကွက်ခြင်း။

၁၉၉ က။ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၈၊ သို့မဟုတ် ၁၉၉ တို့တွင် အကျုံးဝင်သည့် မည်သည့်အမှုတွင်မဆို ကိုယ်စားပြု၍ တိုင်တန်းချက်ကို တင်သွင်းခွင့်တောင်းဆိုခြင်းခံရသူမှာ အသက်တစ်ဆယ့်ရှစ်နှစ်အောက်ဖြစ်လျှင်၊ သို့မဟုတ် ရူးသွပ်သူတစ်ယောက်ဖြစ်လျှင်၊ ၎င်းပြင် တိုင်တန်းခွင့်ရရန် လျှောက်ထားသူကို အဆိုပါအရွယ်မရောက်သေးသူ၊ သို့မဟုတ် ရူးသွပ်သူတစ်ယောက်၏ အုပ်ထိန်းသူအဖြစ် အခွင့်အာဏာပိုင်က ခန့်ထားခြင်း၊ သို့မဟုတ် ကြေညာခြင်းမရှိသေးလျှင်၊ ၎င်းပြင် ယင်းကဲ့သို့ခန့်ထားသော၊ သို့မဟုတ် ကြေညာထားသော အုပ်ထိန်းသူတစ်ဦးရှိနေသည်ဟု တရားရုံးက ကျေနပ်လက်ခံလျှင် တရားရုံးက လျှောက်လွှာကို ခွင့်မပြုမီ လျှောက်လွှာခွင့်ပြုခြင်းကို ကန့်ကွက်နိုင်ရန် အုပ်ထိန်းသူအား သင့်လျော်သောအခွင့်အလမ်း ပေးရမည်။

## အခန်း (၁၆)

### ရာဇဝတ်တရားသူကြီးများထံ တိုင်တန်းချက်များ

တိုင်တန်းသူအား စစ်ဆေးခြင်း။

၂၀၀။ တိုင်တန်းချက်တစ်စုံတစ်ရာကို အရေးယူသည့် ရာဇဝတ်တရားသူကြီးသည် တိုင်တန်းသူကို ကျမ်းသစ္စာဖြင့် ချက်ချင်းစစ်ဆေးရမည်။ ၎င်းပြင် ထွက်ဆိုချက်များကိုလည်း ရေးမှတ်ရမည့်အပြင် တိုင်တန်းသူနှင့် ရာဇဝတ်တရားသူကြီးတို့ကပါ လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် –

(က) တိုင်တန်းချက်ကို ရေးသားလျှောက်ထားသည့်အခါ ထိုအမှုကို ပုဒ်မ ၁၉၂ အရ မလွှဲအပ်မီ တိုင်တန်းသူအား ရာဇဝတ်တရားသူကြီးက စစ်ဆေးရန်လိုကြောင်း ဤပုဒ်မပါ မည်သည့်အချက်အရမျှ မှတ်ယူခြင်းမရှိစေရ။

(ကက) တိုင်တန်းချက်ကို ရေးသားလျှောက်ထားသည့်အခါ တရားရုံးတစ်ရုံးက တိုင်တန်းချက်၊ သို့မဟုတ် မိမိ၏တာဝန်ဝတ္တရားထမ်းဆောင်သည့်အနေဖြင့်၊ သို့မဟုတ် ထမ်းဆောင်ရန်ပြုလုပ်သည့်အနေဖြင့် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးက တိုင်တန်းချက်ဖြစ်လျှင် ဤပုဒ်မပါ မည်သည့်အချက်အရမျှ တိုင်တန်းသူအား စစ်ဆေးရန်မလိုအပ်စေရ။

(ခ) × × × ×

(ဂ) အမှုကို ပုဒ်မ ၁၉၂ အရ လွှဲအပ်၍ ထိုသို့လွှဲအပ်သည့် ရာဇဝတ်တရားသူကြီးက တိုင်တန်းသူကို စစ်ဆေးထားပြီးဖြစ်လျှင် လွှဲအပ်သည့်အမှုကို လက်ခံရရှိသည့် ရာဇဝတ်တရားသူကြီးသည် တိုင်တန်းသူကို ထပ်မံ၍စစ်ဆေးရန် တာဝန်မရှိစေရ။

၂၀၁။ (၁) တိုင်တန်းချက်ကိုရေးသား၍ အရေးယူရန်လျှောက်ထားရာတွင် ထိုအမှုကို အရေးယူခွင့်မရှိသည့် ရာဇဝတ်တရားသူကြီးသည် ထိုတိုင်တန်းချက်ကို ဆိုင်ရာတရားရုံးသို့ တင်သွင်းရန် ထပ်ဆင့်ရေးသား၍ လက်မှတ်ရေးထိုးပြီးလျှင် တိုင်တန်းချက်ကို တိုင်တန်းသူသို့ ပြန်လည်ပေးအပ်ရမည်။ အမှုကို အရေးယူပိုင်ခွင့် မရှိသည့် ရာဇဝတ်တရားသူကြီး လိုက်နာရန်ကျင့်ထုံး။

(၂) တိုင်တန်းချက်ကို ရေးသားတင်သွင်းလျှောက်ထားခြင်း မဟုတ်လျှင် အဆိုပါ ရာဇဝတ်တရားသူကြီးသည် တိုင်တန်းသူကို ဆိုင်ရာတရားရုံးသို့ ညွှန်ပြရမည်။

၂၀၂။ (၁) ရာဇဝတ်တရားသူကြီးတစ်ဦးဦးသည် မိမိအရေးယူပိုင်ခွင့်ရှိသည့်၊ သို့မဟုတ် ပုဒ်မ ၁၉၂ အရ မိမိထံလွှဲပို့သည့် ပြစ်မှုတစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ တိုင်တန်းချက်ရရှိသည့်အခါ တိုင်တန်းခံရသူအား အတင်းအကြပ်ရောက်ရှိစေရန်အတွက် အမိန့်ဆင့်စာမထုတ်သေးဘဲ အကြောင်းပြချက်များရေးမှတ်၍ ရွှေ့ဆိုင်းထားသင့်သည်ထင်မြင်လျှင် ရွှေ့ဆိုင်းနိုင်ခွင့်ရှိသည့်အပြင် အမှုကို မိမိကိုယ်တိုင် စုံစမ်းစစ်ဆေးနိုင်သည်။ မိမိသည် တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီး မဟုတ်ဘဲ အခြားအဆင့်အတန်းရှိသည့် ရာဇဝတ်တရားသူကြီးဖြစ်ခဲ့လျှင် မိမိ၏လက်အောက် ရာဇဝတ်တရားသူကြီးတစ်ဦးဦးကိုဖြစ်စေ၊ ရဲအရာရှိတစ်ဦးဦးကိုဖြစ်စေ၊ သင့်သည်ထင်မြင်သည့် အခြားသူတစ်ဦးတစ်ယောက်ကိုဖြစ်စေ တိုင်တန်းချက်မှန်မမှန် သိသာရန်ကိစ္စ အလို့ငှာ စုံစမ်းထောက်လှမ်းခြင်း၊ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းပြုလုပ်ရမည့်အကြောင်း ညွှန်ကြားနိုင်သည်။ အမိန့် ဆင့်စာ ထုတ်ခြင်းကို ရွှေ့ဆိုင်းခြင်း။

သို့ရာတွင် တိုင်တန်းချက်ကို တရားရုံးတစ်ရုံးက ပြုလုပ်ခြင်းမဟုတ်လျှင် ပုဒ်မ ၂၀၀ ပါ ပြဋ္ဌာန်းချက်အရ တိုင်တန်းသူကို ကျမ်းသစ္စာဖြင့် စစ်ဆေးထားခြင်းမရှိသေးပါက ဆိုခဲ့သည့်ညွှန်ကြားချက်မျိုး မပြုလုပ်ရ။

(၂) အကယ်၍ ဤပုဒ်မအရ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စုံစမ်းထောက်လှမ်းမှုတစ်စုံတစ်ရာကို ပြုလုပ်ရာတွင် ရာဇဝတ်တရားသူကြီးမဟုတ်သူကဖြစ်စေ၊ ရဲအရာရှိတစ်ဦးမဟုတ်သူကဖြစ်စေ ပြုလုပ်ခဲ့လျှင် ၎င်းသူမှာ ဝရမ်းမပါဘဲ ဖမ်းဆီးပိုင်ခွင့်မှတစ်ပါး၊ ဤဥပဒေအရ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးသို့ အပ်နှင်းသည့်အာဏာများကို သုံးစွဲရမည်။

(၂ က) ဤပုဒ်မအရ အမှုတစ်ခုလုံးကို စုံစမ်းစစ်ဆေးသည့် မည်သည့်ရာဇဝတ်တရားသူကြီးမဆို သင့်သည်ထင်မြင်လျှင် သက်သေများကို ကျမ်းသစ္စာဖြင့်စစ်ဆေး၍ သက်သေခံချက်များရယူနိုင်သည်။

၂၀၃။ တိုင်တန်းချက်ကို တင်သွင်းရာ၌ လက်ခံရသည့် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် လွှဲအပ်ရာ၌ လက်ခံရသူ ရာဇဝတ်တရားသူကြီးသည် တိုင်တန်းသူ၏ ကျမ်းသစ္စာဖြင့် ထွက်ဆိုချက် (အကယ်၍ရှိခဲ့လျှင်) နှင့် ပုဒ်မ ၂၀၂ အရ စုံစမ်းထောက်လှမ်းခြင်း၊ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းဖြင့် ရရှိသည့်အချက်များ (အကယ်၍ရှိခဲ့လျှင်) အပေါ် စဉ်းစားဆင်ခြင်ပြီးနောက် ဆက်လက်စစ်ဆေးရန် လုံလောက်သည့်အခြေအမြစ် မရှိကြောင်းထင်မြင်လျှင် ထိုတိုင်တန်းချက်ကို ပလပ်နိုင်သည်။ ထိုကဲ့သို့ ပလပ်သည့်အမှုမျိုးတွင် မည်သည့်အတွက် ထိုကဲ့သို့ပလပ်ခဲ့ရကြောင်းကို အကျဉ်းချုပ်ရေးမှတ်ထားရမည်။ တိုင်တန်းချက်ကို ပလပ်ခြင်း။

ဆာ-၀၆၁၀ ဒုရဲမှူးကြီး ဝင်းမောင်နိုင်
ညွှန်ကြားရေးမှူး (စီမံ/လေ့ကျင့်)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်။

# အခန်း ၁၇

## ရာဇဝတ်တရားသူကြီးတို့ ရှေ့မှောက်၌ မှုခင်းကိစ္စများ စတင်ဆောင်ရွက်ခြင်း

၂၀၄။ (၁) ပြစ်မှုတစ်စုံတစ်ရာကို အရေးယူသည့် ရာဇဝတ်တရားသူကြီးတစ်ဦးသည် အမှုကိုအရေးယူဆောင်ရွက်ရန် လုံလောက်သည့်အကြောင်းရှိသည်ဟု ထင်မြင်လျှင်၊ ထို့ပြင် အမှုမှာလည်း ဒုတိယဇယား စတုတ္ထစာတိုင်အရ ရှေးဦးစွာ သမ္မန်စာထုတ်သင့်ကြောင်း ပေါ်ပေါက်နေလျှင် စွပ်စွဲခံရသူကို ခေါ်ဆောင်လာစေရန်အတွက် သမ္မန်စာထုတ်ရမည်။ အကယ်၍ အမှုမှာ အဆိုပါဇယားအရ ဦးစွာပထမ ဝရမ်းစာထုတ်သင့်ကြောင်း ပေါ်ပေါက်နေလျှင်၊ ယင်းရာဇဝတ်တရားသူကြီး၏ ရှေ့မှောက်သို့ သို့မဟုတ် (မိမိတွင် စီရင်ပိုင်ခွင့်အာဏာမရှိလျှင်) စီရင်ပိုင်ခွင့်အာဏာရှိသည့် အခြားရာဇဝတ်တရားသူကြီး၏ ရှေ့မှောက်သို့ စွပ်စွဲခံရသူကို ခေါ်ဆောင်လာစေရန်အတွက် ဝရမ်းစာထုတ်နိုင်သည်။ သို့မဟုတ် မိမိသင့်သည်ထင်မြင်လျှင် သတ်မှတ်သည့်အချိန်တွင် စွပ်စွဲခံရသူလာ ရောက်စေရန် သမ္မန်စာထုတ်နိုင်သည်။ အမိန့် ဆင့်စာ ထုတ်ခြင်း။

(၂) ဤပုဒ်မပါ မည်သည့်အချက်အရမျှ ပုဒ်မ ၉၀၏ ပြဋ္ဌာန်းချက်များကို ပြုပြင်သည်ဟု မမှတ်ယူစေရ။

(၃) တည်ဆဲဥပဒေတစ်ရပ်အရ အမိန့်ဆင့်စာ၊ ဝရမ်းစာ၊ စရိတ်ဖြစ်စေ၊ အခြားစရိတ်ဖြစ်စေ ပေးဆောင်ရန်ရှိသည့်အခါ ထိုစရိတ်ငွေများမပေးဆောင်မီ မည်သည့်အမိန့်စာ၊ သမ္မန်စာ၊ ဝရမ်းစာမျှ မထုတ်ဆင့်ရ၊ အကယ်၍ သင့်လျော်သည့်အချိန်အတွင်း အဆိုပါစရိတ်များကို မပေးဆောင်လျှင် ရာဇဝတ်တရားသူကြီးသည် တိုင်တန်းချက်ကို ပလပ်နိုင်သည်။

၂၀၅။ (၁) ရာဇဝတ်တရားသူကြီးတစ်ယောက်သည် သမ္မန်စာထုတ်ဆင့်သည့်အခါတိုင်း စွပ်စွဲခံရသူတို့ကိုယ်တိုင် လာရောက်ခြင်းမှ ကင်းလွတ်စေရန် ခွင့်ပြုသင့်သည် ထင်မြင်လျှင် ထိုသို့ခွင့်ပြုပြီး ၎င်း၏ရှေ့နေကိုသာ ရောက်ရှိစေရန်ခွင့်ပြုနိုင်သည်။ တရားခံ ကိုယ်တိုင် လာရောက်ခြင်းမှ ကင်းလွတ် စေရန် ရာဇဝတ်တရားသူကြီးက ခွင့်ပြုနိုင်ခြင်း။

(၂) သို့သော်လည်း စုံစမ်းစစ်ဆေးနေသော၊ သို့မဟုတ် စစ်ဆေးစီရင်နေသော ရာဇဝတ်တရားသူကြီးသည် မိမိသဘောအတိုင်း မှုခင်းကိစ္စများ၏ မည်သည့်အဆင့်၌မဆို စွပ်စွဲခံရသူကို တရားရုံးသို့ ကိုယ်တိုင်လာရောက်စေရန် ညွှန်ကြားနိုင်သည်။ ထို့အပြင် အကယ်၍ ထိုကဲ့သို့ ကိုယ်တိုင်လာရောက်စေရန် အတင်းအကြပ်ပြုလုပ်သင့်လျှင်လည်း အထက်တွင်ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ပြုလုပ်နိုင်သည်။

## အခန်း ၁၈

### စက်ရှင်ရုံးကဖြစ်စေ၊ တရားလွှတ်တော်ကဖြစ်စေ၊ စစ်ဆေးစီရင်ခွင့် ရှိသော အမှုများကို စုံစမ်းစစ်ဆေးခြင်း

၂၀၆။ (၁) မည်သည့် ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် အမှုတွင် သမ္မတက ဤကိစ္စအလို့ငှာ အာဏာအပ်နှင်းသည့် (တတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီးမဟုတ်သူ) မည်သည့် ရာဇဝတ်တရားသူကြီးကမဆို စက်ရှင်ရုံး၊ သို့မဟုတ် တရားလွှတ်တော်၌ စစ်ဆေးစီရင်ပိုင်သည့် ပြစ်မှုကျူးလွန်သူကို စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့နိုင်သည်။ စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့ပိုင်ခွင့် အာဏာ။

(၂) သို့သော်လည်း ဤဥပဒေ၌ အခြားနည်း ပြဋ္ဌာန်းပါရှိသည်မှတစ်ပါး စက်ရှင်ရုံးက စစ်ဆေးစီရင်ပိုင်သူ မည်သူကိုမျှ စစ်ဆေးစီရင်ရန်အတွက် တရားလွှတ်တော်သို့ လွှဲအပ်တင်ပို့ခြင်းမရှိစေရ။

၂၀၇။ ရာဇဝတ်တရားသူကြီးများရှေ့ စစ်ဆေးသည့်အမှုများတွင် ထိုအမှုကို စက်ရှင်ရုံး၊ သို့မဟုတ် တရားလွှတ်တော်ကသာ စစ်ဆေးစီရင်ပိုင်သည့်အခါ၊ သို့မဟုတ် ၎င်းတရားရုံးတော်က စစ်ဆေးစီရင်သင့်ကြောင်း ၎င်းရာဇဝတ်တရားသူကြီးက ထင်မြင်လျှင် အောက်ပါကျင့်ထုံးအတိုင်း လိုက်နာဆောင်ရွက်ရမည်။ အမှုကိုမလွှဲအပ်မီ စစ်ဆေးရာတွင် လိုက်နာရန် ကျင့်ထုံး။

၂၀၈။ (၁) တရားခံရောက်ရှိသည့်အခါ၊ သို့မဟုတ် ၎င်းကိုခေါ်ဆောင်လာသည့်အခါ တိုင်တန်းသူက ဆန္ဒရှိလျှင် ၎င်းလျှောက်လိုသည့်အချက်ကို ကြားနာရန် ဆောင်ရွက်ရမည်။ ထို့ပြင် တရားလိုသက်သေ၊ သို့မဟုတ် တရားခံဘက်သက်သေ၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးက တောင်းခေါ်သည့် သက်သေထွက်ချက်အရပ်ရပ်ကို အောက်တွင်ပြဋ္ဌာန်းပါရှိသည့် နည်းလမ်းအတိုင်း ရယူရမည်။ သက်သေခံချက်များရယူခြင်း။

(၂) တရားခံမှာ တရားလိုဘက်သက်သေများကို ပြန်လှန်စစ်မေးခွင့်ရှိစေရမည်။ ထိုသို့ စစ်မေးသည့်အချက်တွင် အမှုလိုက်ရှေ့နေက ၎င်းတို့ကို ထပ်မံစစ်မေးနိုင်သည်။

(၃) တိုင်တန်းသူ၊ သို့မဟုတ် အမှုလိုက်ရှေ့နေ၊ သို့မဟုတ် တရားခံက သက်သေတစ်ဦးတစ်ယောက် အတင်းအကြပ်လာရောက်စေရန်၊ သို့မဟုတ် စာတမ်းအမှတ်အသား၊ သို့မဟုတ် အရာဝတ္ထုတင်ပြစေရန် အမိန့်ဆင့်စာထုတ်ပေးရေးအတွက် ရာဇဝတ်တရားသူကြီးထံ လျှောက်ထားလျှင် ၎င်းရာဇဝတ်တရားသူကြီးက ထိုသို့ထုတ်ဆင့်ရန် လိုအပ်ခြင်းမရှိဟု ထင်မြင်သည့်အကြောင်းများကို ရေးမှတ်ထားခြင်းမရှိပါက အဆိုပါအမိန့်ဆင့်စာကို ထုတ်ဆင့်ပေးရမည်။ နောက်ထပ် သက်သေခံချက်များ တင်ပြရန် ထုတ်ဆင့်သည့် အမိန့် ဆင့်စာများ။

၂၀၉။ (၁) ပုဒ်မ ၂၀၈ ပုဒ်မခွဲ (၁) နှင့် (၃) များတွင်လည်း ရည်ညွှန်းသည့် သက်သေထွက်ချက်များကို ရယူပြီးနောက် ထိုသို့ သက်သေထွက်ချက်များတွင် တရားခံအပေါ်၌ အမှုအဖြစ်အပျက်အကြောင်းအရာ တစ်စုံတစ်ရာပေါ်ပေါက်သည်ဟု ထုချေရှင်းလင်းနိုင်ရန် ထိုတရားခံကို စစ်ဆေးသင့်သည်ဟု ယူဆ၍ ထိုသို့စစ်ဆေးပြီးသည့်အခါ ၎င်းကို စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့လောက်သည့် အခြေအမြစ်မရှိဟု ရာဇဝတ်တရားသူကြီးက ထင်မြင်လျှင် ယင်းအကြောင်းများကို ရေးမှတ်ပြီး ထိုတရားခံကို စွဲချက်မတင်မီလွှတ်ရမည်။ သို့သော်လည်း တရားခံကို ကိုယ်တိုင်ဖြစ်စေ၊ အခြားရာဇဝတ်တရားသူကြီးကဖြစ်စေ ဆက်လက်စစ်ဆေးစီရင်သင့်သည်ဟု ရာဇဝတ်တရားသူကြီးက ထင်မြင်လျှင် ထိုသို့ထင်မြင် [illegible] တရားခံကို မည်သည့်အခါ စွဲချက် မတင်မီ လွှတ်ရခြင်း။

(၂) ရာဇဝတ်တရားသူကြီးက တရားခံနှင့်တရားခံသက်သေများရှိလျှင် ထွက်ချက်များကို ကြားနာပြီးနောက် တရားခံကို အထက်ရုံးသို့တင်ပို့ရန် အကြောင်းလုံလောက်စွာမရှိကြောင်း ကျေနပ်လျှင် စွဲချက်ကိုပယ်ဖျက်၍ တရားခံကို စွဲချက်မတင်မီ လွှတ်နိုင်သည်။ ထို့ပြင် အဆိုပါအမှု၌ ရာဇဝတ်တရားသူကြီးသည် တရားခံကို စွဲချက်မတင်မီ လွှတ်ရသည့်အကြောင်းများကို ရေးမှတ်ရမည်။

၂၁၄။ × × × ×

၂၁၅။ ပုဒ်မ ၂၁၃ အရ အခွင့်အာဏာရှိသည့် ရာဇဝတ်တရားသူကြီးတစ်ဦးဦး၊ သို့မဟုတ် ပုဒ်မ ၄၇၈ အရ တရားမရုံး၊ သို့မဟုတ် အခွန်တော်ရုံးက တစ်ကြိမ်လွှဲအပ်တင်ပို့ပြီးသည့်အချက်ကို တရားလွှတ်တော်ကသာ ပယ်ဖျက်ခွင့်ရှိသည်။ ထိုသို့ပယ်ဖျက်ခွင့်ရှိသည်မှာလည်း ဥပဒေအကြောင်းအရသာလျှင်ဖြစ်သည်။

ပုဒ်မ ၂၁၃ အရ လွှဲအပ် တင်ပို့သည့်အချက်များကို ပယ်ဖျက်ခြင်း။

၂၁၆။ တရားခံက ပုဒ်မ ၂၁၁ အရ သက်သေစာရင်းကို တင်သွင်းပြီးဖြစ်၍ ၎င်းကို စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့သည့်အခါ ရာဇဝတ်တရားသူကြီးသည် တရားခံကို လွှဲအပ်တင်ပို့ရာ တရားရုံးသို့ သွားရောက်မည့်အကြောင်းနှင့် ၎င်း၏ရှေ့သို့ မရောက်ရှိသေးသည့် စာရင်းပါသက်သေများကို သမ္မန်စာဖြင့် ထုတ်ဆင့်ခေါ်ယူရမည်။

တရားခံကို လွှဲအပ် တင်ပို့ပြီးနောက် ၎င်း၏ သက်သေများကို သမ္မန်စာဖြင့် ဆင့်ခေါ်ခြင်း။

သို့ရာတွင် ရာဇဝတ်တရားသူကြီးက မိမိသဘောအတိုင်း သမ္မန်စာမထုတ်ဆင့်ဘဲ ချန်လှပ်ထားခဲ့သော အဆိုပါသက်သေများကို တရားရုံးအရာရှိက သမ္မန်စာထုတ်ဆင့်နိုင်ခွင့်ရှိသည်။

ထို့ပြင်လည်း အနှောင့်အယှက်ဖြစ်စေခြင်း၊ သို့မဟုတ် နှောင့်နှေးကြန့်ကြာစေခြင်း၊ သို့မဟုတ် တရားမျှတမှုပျက်ပြားစေခြင်း ဖြစ်ပေါ်စေရန်ကိုစွအလို့ငှာ စာရင်း၌ သက်သေတစ်ဦးတစ်ယောက်ကို ထည့်သွင်းထားကြောင်း ရာဇဝတ်တရားသူကြီးက ထင်မြင်လျှင် ထိုအစစ်ခံမည့် သက်သေထွက်ချက်များသည် အရေးပါသည်ဟု ယုံကြည်ကျေနပ်အောင် လျှောက်ထားတင်ပြရမည့်အကြောင်းကို တရားခံအား ၎င်းရာဇဝတ်တရားသူကြီးက ဆင့်ဆိုခွင့်ရသည်။ ထို့ပြင် ကျေနပ်အောင် မလျှောက်ထားနိုင်လျှင် မည်သည့်အကြောင်းများကြောင့် ငြင်းပယ်သည့်အကြောင်းများကို မှတ်တမ်းတင်ပြီးနောက် ၎င်းသက်သေကို သမ္မန်စာမထုတ်ဆင့်ဘဲ ငြင်းပယ်ခွင့်ရှိသည်၊ သို့မဟုတ် ထိုသက်သေကို မဆင့်ခေါ်မီ အဆိုပါသက်သေရောက်ရှိစေရန်အတွက် ကုန်ကျရန်ရှိသောစရိတ်၊ အခြားသင့်ရာစရိတ်များအတွက် လိုအပ်သည်ဟု ထင်မြင်သည့်ငွေကို တင်သွင်းထားရမည် ဟူ၍လည်း ဆင့်ဆိုနိုင်ခွင့်ရှိသည်။

စရိတ်မတင်သွင်းသည့် သက်သေများကို မဆင့်ခေါ်ရန် ငြင်းပယ်ခြင်း။

၂၁၇။ (၁) စက်ရှင်ရုံး၊ သို့မဟုတ် တရားလွှတ်တော်ရှေ့ရောက်ရှိရန် အကြောင်းရှိသော တိုင်တန်းသူနှင့် တရားလိုဘက်သက်သေများ၊ တရားခံဘက်သက်သေများသည် စွဲဆိုရန်ဖြစ်စေ၊ သက်သေခံရန်ဖြစ်စေ ရာဇဝတ်တရားသူကြီးရှေ့ ရောက်ရှိကြသည့်အခါ စက်ရှင်ရုံး၊ သို့မဟုတ် တရားလွှတ်တော်ရှေ့သို့ သွားရောက်ပါမည့်အကြောင်း ရာဇဝတ်တရားသူကြီးထံ ခံဝန်ချုပ် ချုပ်ဆိုရမည်။

တိုင်တန်းသူများနှင့် သက်သေများ ချုပ်ဆိုရန် ခံဝန်ချုပ်။

(၂) မည်သည့်တိုင်တန်းသူ၊ သို့မဟုတ် မည်သည့်သက်သေကမဆို စက်ရှင်ရုံး၊ သို့မဟုတ် တရားလွှတ်တော်ရှေ့သို့ မသွားရောက်လိုကြောင်း ငြင်းဆိုလျှင်၊ သို့မဟုတ် ညွှန်ကြားထားသည့်အတိုင်း ခံဝန်ချုပ်ကိုလည်း မချုပ်ဆိုလိုကြောင်း ငြင်းဆိုလျှင် ၎င်းခံဝန်ချုပ်ကို မချုပ်ဆိုသည့်အတွင်း၊ သို့မဟုတ် စက်ရှင်ရုံး၊ သို့မဟုတ် တရားလွှတ်တော်ရှေ့သို့ သွားရောက်ရန် အလိုမရှိသည့်အတွင်း ၎င်းသူကို ရာဇဝတ်တရားသူကြီးက အချုပ်ဖြင့်ထားခွင့်ရှိသည်။ သွားရောက်ရန် အချိန်ကာလရောက်သည့်တိုင်အောင် ထိုသူကို စက်ရှင်ရုံး၊ သို့မဟုတ် တရားလွှတ်တော်ရှေ့သို့ ၎င်းရာဇဝတ်တရားသူကြီးက အချုပ်နှင့်တင်ပို့ရမည်။

မသွားရောက်လိုကြောင်း၊ သို့မဟုတ် ခံဝန်ချုပ် မချုပ်ဆိုလိုကြောင်း ငြင်းပယ်သည့်အခါ အချုပ်ဖြင့်ထားခြင်း။

၂၁၈။ (၁) တရားခံကို စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့သည့်အခါ ထိုသို့လွှဲအပ်တင်ပို့သည့် အကြောင်းအရာများနှင့် စွဲချက်ပါ စကားရပ်များကို တရားခံသိရှိပြီးဖြစ်ကြောင်း ရာဇဝတ်တရားသူကြီးက ကျေနပ်မှုမရှိလျှင် ထိုသို့လွှဲအပ်တင်ပို့သည့် အကြောင်းနှင့်တကွ မည်သည့်ပြစ်မှုနှင့် တင်ပို့ကြောင်းများကို စွဲချက်ပါစကားရပ်များအတိုင်း ရာဇဝတ်တရားသူကြီးက အမိန့်ချမှတ်၍ ထို အမိန့်ကို နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ ခန့်ထားသူကို ထုတ်ဆင့်ရမည်။

လွှဲအပ် တင်ပို့ကြောင်းကို မည်သည့်အခါ ကြေညာရခြင်း။

ထို့ပြင် စွဲချက်၊ စုံစမ်းစစ်ဆေးမှုနှင့် လက်နက်ကိရိယာတစ်စုံတစ်ရာ၊ သို့မဟုတ် အခြားအရာဝတ္ထု စသည်များကို သက်သေခံအဖြစ် တင်ပြရန် တရားရုံးအရာရှိ၊ သို့မဟုတ် ဤကိစ္စအလို့ငှာ ခန့်အပ်ထားသည့် အခြားအရာရှိသို့ ပေးပို့ရမည်။

စွဲချက် စသည်များကို တရားလွှတ်တော်၊ သို့မဟုတ် စက်ရှင်တရားရုံးသို့ တင်ပို့ရခြင်း။

(၂) × × × ×

၂၁၉။ (၁) လွှဲအပ်တင်ပို့သည့် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ၎င်းရာဇဝတ်တရားသူကြီးမရှိခဲ့လျှင် ပုဒ်မ ၂၀၆ အရ အာဏာအပ်နှင်းခြင်းခံရသည့် အခြားရာဇဝတ်တရားသူကြီးတစ်ဦးဦးက သင့်သည်ထင်မြင်လျှင် အမှုကို လွှဲအပ်တင်ပို့ပြီးနောက် စတင်စစ်ဆေးစီရင်ခြင်းမပြုမီ နောက်ထပ်တင်ပြသည့် သက်သေများကို သမ္မန်စာဖြင့် ဆင့်ခေါ်စစ်ဆေးခွင့်ရသည့်အပြင် ၎င်းတို့ လာရောက်သက်သေခံစေခြင်းငှာ အထက်ပြဋ္ဌာန်းပါရှိသည့် နည်းလမ်းအတိုင်း ခံဝန်ချုပ်ကို ချုပ်ဆိုစေရန်လည်း ပြုလုပ်ခွင့်ရှိသည်။

နောက်ထပ်တင်ပြသည့် သက်သေများကို သမ္မန်စာဖြင့် ဆင့်ခေါ်နိုင်ခွင့်အာဏာ။

(၂) ထိုကဲ့သို့ စစ်ဆေးစီရင်သည့်အခါ တရားခံရှေ့ စစ်ဆေးစီရင်နိုင်လျှင် ၎င်းရှေ့၌ စစ်ဆေးရမည်။ ထို့ပြင် စစ်ဆေးသည့်သက်သေများ၏ ထွက်ဆိုချက် မိတ္တူတစ်စောင်ကို အခမဲ့ ၎င်းတရားခံသို့ ပေးအပ်ရမည်။

၂၂၀။ အမှုကို စစ်ဆေးစီရင်ခြင်းမရှိမီ၊ ထို့ပြင် စစ်ဆေးစီရင်ဆဲအတွင်း ရာဇဝတ်တရားသူကြီးသည် အာမခံယူရန်အကြောင်းနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ တရားခံကို ဝရမ်းအမိန့်ဖြင့် အချုပ်တွင်ချုပ်ထားရမည်။

အမှုအတော်အတွင်း တရားခံကို အချုပ်နှင့်ထားခြင်း။

လ-၁၆၁၃၊ ဒုတိယရဲမှူးကြီး ဝင်းခေါင်
ဒုတိယညွှန်ကြားရေးမှူး (တာဝန်/စီမံ)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

## စွဲချက်

### စွဲချက်များပုံစံ

၂၂၁။ (၁) ဤဥပဒေအရ စွဲချက်တိုင်းတွင် တရားခံကို မည်သည့်ပြစ်မှုနှင့်စွဲဆိုကြောင်း ဖော်ပြပါရှိစေရမည်။

*စွဲချက်တွင် ပြစ်မှုကို ဖော်ပြ၍ ပါစေရခြင်း။*

(၂) ပြစ်မှုကို ပြဋ္ဌာန်းသည့်ဥပဒေတွင် ထိုပြစ်မှုကို အမည်တစ်စုံတစ်ရာ သီးခြား ခေါ်ဝေါ်လျှင် ၎င်းပြစ်မှုကို ၎င်းအမည်နှင့်သာ ဖော်ပြရမည်။

*ပြစ်မှုအမည်ကို ခွဲခြားပြဆိုလျှင် လုံလောက်သည့် ဖော်ပြရာမြောက်ခြင်း။*

(၃) ပြစ်မှုကို ပြဋ္ဌာန်းသည့်ဥပဒေတွင် ၎င်းပြစ်မှုကို အမည်တစ်စုံတစ်ရာ သီးခြား ခေါ်ဝေါ်ခြင်းမရှိခဲ့လျှင် တရားခံအဖြစ်ဖြင့် ၎င်းအပေါ် မည်သည့်အချက်နှင့် စွဲဆိုထားကြောင်း သိသာနိုင်ရန် ထိုပြစ်မှု၏ သဘောအဓိပ္ပါယ် ပိုင်းခြားချက်ကိုသာ ဖော်ပြရမည်။

*ပြစ်မှုကို အမည်တစ်စုံတစ်ရာဖြင့် ခွဲခြားထားခြင်း မရှိလျှင် မည်သို့ ပိုင်းခြားဖော်ပြရခြင်း။*

(၄) စွဲချက်တွင် ကျူးလွန်သည်ဆိုသော ပြစ်မှုမှာ မည်သည့်ဥပဒေနှင့် ထိုဥပဒေပါ မည်သည့်ပုဒ်မကို ကျူးလွန်ခဲ့ကြောင်း ဖော်ပြပါရှိစေရမည်။

(၅) စွဲချက်တင်သည်ဆိုသည့် အခြင်းအရာသည် စွဲဆိုထားသည့်အမှု၌ စွဲဆိုထားသော ပြစ်မှုမြောက်အောင် ဥပဒေအရ လိုအပ်သည့်အချက် အရပ်ရပ်ပြည့်စုံသည်ဟု ဆိုရာရောက်သည်။

*စွဲချက်တွင် မည်သို့ဆိုရာရောက်ခြင်း။*

(၆) စွဲချက်ကို တရားရုံး၌ သုံးစွဲသည့်ဘာသာစကားနှင့် ရေးသားရမည်။

*စွဲချက်ကို မည်သည့်ဘာသာဖြင့် ရေးသားရခြင်း။*

(၇) အကယ်၍ တရားခံသည် ပြစ်မှုတစ်ရပ်ဖြင့် ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်း ခံခဲ့ရဖူးပြီး ယင်းကဲ့သို့ ယခင်က ပြစ်မှုထင်ရှားစီရင်ခံခဲ့ရသောကြောင့် နောက်ထပ်ကျူးလွန်သည့် ပြစ်မှုအတွက် ပြစ်ဒဏ်တိုးပေးထိုက်သည့်အခါ၊ သို့မဟုတ် အခြားပြစ်ဒဏ်တစ်မျိုးမျိုး ပေးထိုက်သည့်အခါ၊ ထိုပြင် နောက်ထပ်ကျူးလွန်သည့်ပြစ်မှုအတွက် တရားရုံးက သင့်သည်ထင်မြင်သည့် ပြစ်ဒဏ်ကိုပေးရန် ယခင်က ပြစ်မှုထင်ရှားစီရင်ခဲ့ဖူးခြင်းကို ထင်ရှားအောင်လုပ်ရန် ရည်ရွယ်သည့်အခါ ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည့်အကြောင်း ပြစ်မှုထင်ရှားစီရင်ခဲ့သည့် နေ့စွဲနှင့် နေရာတို့ကို စွဲချက်တွင်ဖော်ပြရမည်။ အဆိုပါအချက်အလက်များကို မဖော်ပြမိလျှင် တရားရုံးသည် စီရင်ချက်မချမီ မည်သည့်အချိန်တွင်မဆို ဖြည့်စွက်ဖော်ပြနိုင်သည်။

*ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်း ခံခဲ့ရဖူးကြောင်းကို မည်သည့်အခါတွင် ဖော်ပြရခြင်း။*

(က) **B** အားသတ်မှုဖြင့် **A** အပေါ် လူသတ်မှုစွဲချက်တင်ခဲ့သည်။ ထိုသို့စွဲချက်တင်ခြင်းမှာ **A** ၏ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၉ နှင့် ပုဒ်မ ၃၀၀ တို့တွင် အကျုံးဝင်သည့် လူသတ်မှုများအနက် အဓိပ္ပါယ်ကောက်ယူချက်အတွင်း ပါဝင်လျက်ရှိသည်။ ထိုဥပဒေပါ ကင်းလွတ်ရမြဲအချက်များ၌ မည်သည့်အချက်တွင်မျှ ပါဝင်ခြင်းမရှိကြောင်း၊ ထို့ပြင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၀ ၏ ခြွင်းချက်ငါးရပ်အနက် ခြွင်းချက်တစ်စုံတစ်ရာတွင် မပါဝင်ကြောင်း၊ သို့မဟုတ် ခြွင်းချက် ၁ ၌ အကျုံးဝင်လျှင်လည်း ထိုခြွင်းချက် ၁ ပါ ကန့်သတ်ချက်သုံးရပ်အနက် တစ်ရပ်ရပ်နှင့်မျှ မသက်ဆိုင်ကြောင်း ဆိုရာရောက်သည်။

(ခ) ပစ်ခတ်ရန်ကိရိယာတစ်ခုခုဖြင့် **B** ကို အပြင်းအထန် နာကျင်စေရန် မိမိအလိုအလျောက်ပြုမှုဖြင့် **A** အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရ စွဲချက်တင်ခဲ့သည်။ ထိုကဲ့သို့ စွဲချက်တင်ခြင်းမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၅ အရ ထိုအမှုနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်မရှိကြောင်း၊ ထို့ပြင် ထိုအမှုမှာ ကင်းလွတ်ရမြဲအချက်များနှင့်လည်း မသက်ဆိုင်ကြောင်း ဆိုရာရောက်သည်။

(ဂ) **A** အပေါ် လူသတ်မှု၊ လိမ်လည်မှု၊ ခိုးမှု၊ ခြောက်လှန့်တောင်းယူမှု၊ မယားခိုးမှု၊ သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်မှု၊ မမှန်သောတံဆိပ် သုံးစွဲမှုတစ်စုံတစ်ရာနှင့် စွပ်စွဲထားရာ၊ စွဲချက်တွင် ပြစ်မှုဆိုင်ရာဥပဒေပါ ထိုပြစ်မှုများအနက် သက်ဆိုင်ရာပြစ်မှု၏ အနက်အဓိပ္ပါယ်ကို ရည်ညွှန်းခြင်းမပြုဘဲ၊ **A** သည် လူသတ်မှု၊ သို့မဟုတ် လိမ်လည်မှု၊ သို့မဟုတ် ခိုးမှု၊ သို့မဟုတ် ခြောက်လှန့်တောင်းယူမှု၊ သို့မဟုတ် မယားခိုးမှု၊ သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်မှု၊ သို့မဟုတ် မမှန်သောတံဆိပ် သုံးစွဲမှုတစ်စုံတစ်ရာကို ကျူးလွန်ကြောင်း စသည်ဖြင့် ဖော်ပြနိုင်သည်။ သို့သော် အမှုအသီးသီးတွင် ၎င်းပြစ်မှုအတွက် ပြစ်ဒဏ်စီရင်ရန် ပြဋ္ဌာန်းထားသော ပုဒ်မများကို စွဲချက်၌ ရည်ညွှန်းဖော်ပြရမည်။

(ဃ) ပြည်သူ့ဝန်ထမ်းက ဥပဒေနှင့်အညီ အခွင့်အာဏာဖြင့်ရောင်းရန် တင်ပြသောပစ္စည်းကို မရောင်းရအောင် တမင်ပိတ်ပင်မှုဖြင့် **A** အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၄ အရ စွဲချက်တင်ရာတွင် စွဲချက်၌ ထိုစကားအတိုင်း ပါစေရမည်။

ကျူးလွန်သည့်အချိန်၊ နေရာ၊ ကျူးလွန် ခံရသည့်လူနှင့်ဆိုင်သည့်အကြောင်းအရာများ။

၂၂၂။ (၁) စွပ်စွဲထားသည့် ပြစ်မှုကို မည်သည့်အချိန်အခါနှင့် မည်သည့်နေရာတွင် ကျူးလွန်ခဲ့ကြောင်း၊ ၎င်းပြင် လူတစ်ဦးတစ်ယောက်ကို ကျူးလွန်ခဲ့လျှင် မည်သူ့ကိုကျူးလွန်ခဲ့ကြောင်း၊ သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ ကျူးလွန်ခဲ့လျှင် မည်သည့်အရာဝတ္ထုနှင့်စပ်လျဉ်းပြီး ကျူးလွန်ခဲ့ကြောင်းများကို တရားခံက ၎င်းအပေါ် မည်သည့်အချက်များနှင့် စွဲချက်တင်သည့်အကြောင်းအရာများကို လျော်ကန်စွာသိသာနိုင်အောင် စွဲချက်တွင် ဖော်ပြပါရှိစေရမည်။

(၂) တရားခံအပေါ် ပြစ်မှုမကင်းသည့် ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု၊ သို့မဟုတ် ငွေကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားမှုနှင့် စွဲချက်တင်သည့်အခါ တစ်ခုချင်းသီးခြားအရေအတွက်၊ သို့မဟုတ် ရက်စွဲများအတိအကျကို ဖော်ပြခြင်းမပြုဘဲ ကျူးလွန်သည်ဟု စွပ်စွဲထားသောပြစ်မှုတွင် အကျုံးဝင်သည်ဆိုသည့် ငွေကြေးစုစုပေါင်းအရေအတွက်နှင့်တကွ မည်သည့်နေ့ရက်မှ မည်သည့်နေ့ရက်များအတွင်း ကျူးလွန်ခဲ့သည်ဟု ဖော်ပြလျှင် လုံလောက်စေရမည်။ ၎င်းပြင် ထိုသို့တင်ထားသည့်စွဲချက်မှာ ပုဒ်မ ၂၃၄ ၏အဓိပ္ပါယ်အရ ပြစ်မှုတစ်ရပ်ရပ်နှင့်တင်သော စွဲချက်ဖြစ်သည်ဟု မှတ်ယူရမည်။

သို့ရာတွင် ဆိုခဲ့သည့်ပထမနေ့စွဲနှင့် နောက်ဆုံးနေ့စွဲတို့အကြားကာလမှာ တစ်နှစ်ထက်မပိုစေရ။

၂၂၃။ အမှု၏သဘောမှာ မည်သည့်အကြောင်းများနှင့် စွဲချက်တင်ကြောင်းကို တရားခံက ပုဒ်မ ၂၂၁ နှင့် ပုဒ်မ ၂၂၂ များတွင် ဖော်ပြထားသည့်အကြောင်းအရာများဖြင့် သိနိုင်ရန် မလုံလောက်သည့်အမှုမျိုးဖြစ်လျှင် ၎င်းပြစ်မှုကို မည်သည့်နည်းဖြင့် ကျူးလွန်ခဲ့ကြောင်းကိုလည်း တရားခံသိသာနိုင်လောက်အောင် စွဲချက်တွင် ဖော်ပြပါရှိစေရမည်။

မည်သည့်အခါ မည်သည့်နည်းလမ်းဖြင့် ပြစ်မှုကျူးလွန်ကြောင်းကို ဖော်ပြရခြင်း။

## ဥပမာများ

(က) A သည် မည်သည့်ပစ္စည်းကို မည်သည့်အချိန်၊ မည်သည့်နေရာ၌ ခိုးယူကြောင်း စွပ်စွဲထားခြင်းခံရသည်တွင် ၎င်းခိုးမှုကို မည်သည့်နည်းဖြင့် ကျူးလွန်ကြောင်းကို စွဲချက်တွင် ဖော်ပြရန်မလို။

(ခ) A သည် မည်သည့်အချိန် မည်သည့်နေရာ၌ B ကို လိမ်လည်ကြောင်းနှင့် စွပ်စွဲခံရသည်တွင်၊ A သည် B ကို မည်သည့်နည်းဖြင့် လိမ်လည်ခဲ့ကြောင်းကို စွဲချက်တွင်ဖော်ပြရမည်။

(ဂ) A သည် မည်သည့်အချိန် မည်သည့်နေရာ၌ မမှန်သက်သေခံချက်ပေးခဲ့သည်ဟု စွပ်စွဲခြင်းခံရသည်တွင်၊ A ၏သက်သေခံချက်များအနက် မမှန်ဟုအဆိုရှိသည့် သက်သေခံချက်အစိတ်အပိုင်းကို စွဲချက်တွင် ဖော်ပြရမည်။

(ဃ) ပြည်သူ့ဝန်ထမ်းတစ်ဦးဖြစ်သော B သည် မိမိ၏တာဝန်ဝတ္တရားများ ဆောင်ရွက်နေဆဲအတွင်း မည်သည့်အချိန် မည်သည့်နေရာ၌ ၎င်းအား A က ဟန့်တားကြောင်းဖြင့် A မှာ စွပ်စွဲခံရသည်တွင် B ဆောင်ရွက်နေသည့် ဝတ္တရားများကို A သည် မည်သည့်နည်းလမ်းဖြင့် ဟန့်တားကြောင်း ထိုစွဲချက်တွင် ဖော်ပြရမည်။

(င) A သည် B ကို မည်သည့်အချိန် မည်သည့်နေရာ၌ သတ်ခဲ့ကြောင်းနှင့် စွပ်စွဲခြင်းခံရသည်တွင်၊ A သည် B ကို မည်သည့်နည်းလမ်းဖြင့်သတ်ခဲ့ကြောင်းကို စွဲချက်တွင် ဖော်ပြရန်မလို။

(စ) A သည် B ပြစ်ဒဏ်ချမှတ်ခံရခြင်းမှာ ကယ်တင်ရန်ကြံရွယ်ချက်ဖြင့် ဥပဒေပြဋ္ဌာန်းချက်များကို မလိုက်နာကြောင်းဖြင့် စွပ်စွဲခြင်းခံရသည်တွင်၊ မည်သည့်အချက်ကို မလိုက်နာကြောင်းနှင့် မည်သည့်ဥပဒေအချက်ကို ချိုးဖောက်ကြောင်းများကို စွဲချက်တွင် ဖော်ပြရမည်။

၂၂၄။ စွဲချက်တိုင်းတွင် ပြစ်မှုတစ်ရပ်ရပ်ကို ရေးသားဖော်ပြရာ၌ အသုံးပြုသည့်စကားများကို အဆိုပါပြစ်မှုအရ ပြစ်ဒဏ်ထိုက်သင့်စေသည့် ဥပဒေ၌ ၎င်းပြစ်မှုအသီးသီးနှင့်စပ်လျဉ်း၍ အနက်အဓိပ္ပါယ်သဘောအတိုင်း သုံးစွဲခြင်းဖြစ်ကြောင်း မှတ်ယူရမည်။

စွဲချက်တွင် ပါရှိသည့်စကားများကို ပြစ်မှုအရ ပြစ်ဒဏ်စီရင်သည့်ဥပဒေတွင် သုံးစွဲသည်

၂၂၅။ စွဲချက်တွင် ထည့်သွင်းဖော်ပြရန် လိုအပ်သည့်ပြစ်မှုကိုဖြစ်စေ၊ အကြောင်းအရာများကိုဖြစ်စေ မှားယွင်းဖော်ပြခြင်း၊ ထိုပြင် ပြစ်မှုကိုဖြစ်စေ၊ ထိုအကြောင်းအရာများကိုဖြစ်စေ မထည့်မသွင်း ချန်လှပ်ထားမိခြင်းတို့ကြောင့် စွပ်စွဲခံရသူတရားခံမှာ အထင်အမြင်မလွဲမှားသည့်အပြင် တရားမျှတမှန်ကန်ရာသို့လည်း မရောက်ကြောင်း မပေါ်ပေါက်လျှင် အဆိုပါမှားယွင်းမှု၊ သို့မဟုတ် မဖော်ပြဘဲ ချန်လှပ်ထားခြင်းတို့မှာ အမှုစစ်ဆေးစီရင်ဆဲ မည်သည့်အဆင့်တွင်မဆို အရေးပါသည်ဟု မမှတ်ယူရ။ မှားယွင်းသည့် အချက်အလက်များမှာ မည်သို့ဖြစ်ရခြင်း။

### ဥပမာများ

(က) A အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၄၂ အရ "ဒင်္ဂါးအတု လက်ဝယ်ရရှိစဉ်က ဒင်္ဂါးအတုမှန်းသိလျက်နှင့် လက်ရှိထားမှု" ဖြင့် စွဲချက်တင်ရာတွင် "လိမ်လည်လှည့်ဖြားခြင်း" ဆိုသောစကားကို မထည့်သွင်းဘဲ ချန်လှပ်ခဲ့ရာ ထိုသို့ချန်လှပ်ခဲ့ခြင်းကြောင့် A သည် အထင်အမြင်လွဲမှားမှုမဖြစ်လျှင် ထိုလွဲမှားမှုသည် အရေးပါသည်ဟု မမှတ်ယူရ။

(ခ) B ကို လိမ်လည်မှုဖြင့် A အပေါ် စွဲချက်တင်စဉ်က စွဲချက်တွင် B ကို A က မည်ကဲ့သို့လိမ်လည်ခဲ့ကြောင်းကို စွဲချက်တွင် မထည့်သွင်း၊ သို့မဟုတ် ထည့်သွင်းခဲ့သောလည်း မှားယွင်းစွာဖော်ပြခဲ့သည်။ A က ကိုယ်တိုင် ခုခံထုချေပြီး သက်သေများကိုတင်ပြကာ ပြစ်မှုမည်သို့ဖြစ်ပွားကြောင်းကို လျှောက်လဲခဲ့သည်။ ဤသို့ပြုလုပ်ခဲ့သည့် အချက်အလက်များကို ထောက်ရှု၍ မည်ကဲ့သို့ လိမ်လည်ခဲ့ကြောင်းကို စွဲချက်၌မထည့်သွင်းဘဲ ချန်လှပ်ထားခဲ့ခြင်းမှာ အရေးမပါဟု တရားရုံးက ကောက်ယူနိုင်သည်။

(ဂ) B ကို လိမ်လည်မှုဖြင့် A အပေါ် စွဲချက်တင်စဉ်က B ကို A က မည်ကဲ့သို့လိမ်လည်ခဲ့ကြောင်းကို စွဲချက်၌ ဖော်ပြထားခြင်းမရှိပေ။ A နှင့် B တို့သည် တစ်ဆက်တည်းသော ပြုလုပ်ချက်အမြောက်အမြားရှိကြပြီး ထိုသို့ပြုလုပ်ချက်များအနက် A အနေဖြင့် မည်သည့်ပြုလုပ်ချက်ကို ရည်ရွယ်၍ စွဲချက်တင်ခံရသည့်အကြောင်းကို သိနိုင်ခွင့်မရ၍ ခုခံထုချေခြင်းမပြုဘဲနေလျှင် ထိုအချက်အလက်များကို ထောက်ရှု၍ မည်သို့လိမ်လည်ခဲ့ကြောင်းကို စွဲချက်၌ မထည့်သွင်းဘဲ ချန်လှပ်ထားခဲ့ခြင်းမှာ အမှုတွင် အရေးပါသော မှားယွင်းချက်ဖြစ်သည်ဟု တရားရုံးက ကောက်ယူနိုင်သည်။

(ဃ) A အပေါ် ခိုဒါဘတ်ကို ၁၈၈၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် သတ်ဖြင့် စွဲချက်တင်ခဲ့သည်။ အမှန်အားဖြင့် အသတ်ခံရသူ၏အမည်မှာ ဟိုင်ဒါဘတ်ဖြစ်ပြီး၊ သတ်သည့်နေ့မှာ ၁၈၈၂ ခု၊ ဇန်နဝါရီလ ၂၀ ရက်နေ့ဖြစ်သည်။ A မှာ ထိုလူသတ်မှုအပြင် အခြားမည်သည့်လူသတ်မှုနှင့်မျှ စွဲဆိုခြင်းမခံခဲ့ရသည့်အပြင် ရာဇဝတ်တရားသူကြီး၏ ရှေ့မှောက်၌ စုံစမ်းစစ်ဆေးကြားနာရာတွင် ဟိုင်ဒါဘတ်ကို သတ်ခြင်းနှင့် သက်ဆိုင်သည့်အမှုကိုသာ စစ်ဆေးကြားနာခဲ့သည်။ တရားရုံးအနေဖြင့် ထိုအချက်အလက်များကိုထောက်ရှု၍ A မှာ အထင်အမြင်မလွဲကြောင်းနှင့် စွဲချက်တွင် မှားယွင်းမှုမှာလည်း အရေးပါသည့်အချက်မဟုတ်ကြောင်း ကောက်ယူနိုင်သည်။

(င) A သည် ၁၈၈၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဟိုင်ဒါဘတ်ကို သတ်ပြီး "ထိုအမှုကြောင့် ၎င်းကိုဖမ်းဆီးရန်ကြိုးစားခဲ့သူ" ခိုဒါဘတ်အားလည်း ၁၈၈၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ထပ်မံ၍ သတ်သည်။ ဟိုင်ဒါဘတ်ကိုသတ်မှုဖြင့် A အပေါ်စွဲဆိုမှု၌ ခိုဒါဘတ်ကိုသတ်မှုဖြင့် A ကိုစစ်ဆေးကြားနာသည်။ A ဘက်မှရောက်ရှိနေကြသည့် တရားခံပြသက်သေများမှာ ဟိုင်ဒါဘတ်အမှုမှ သက်သေများဖြစ်သည်။ ထိုအကြောင်းများကို ထောက်ချင့်၍ A မှာ အထင်အမြင်မှားယွင်းကြောင်းနှင့် ထိုမှားယွင်းချက်မှာ အရေးပါသည့်မှားယွင်းမှုဖြစ်သည်ဟု တရားရုံးက ကောက်ယူနိုင်သည်။

၂၂၆။ မည်သူ့ကိုမဆို စစ်ဆေးစီရင်စေရန် စွဲချက်မပါဘဲ၊ သို့မဟုတ် မစုံလင်သည့်၊ သို့မဟုတ်၊ မှားယွင်းသည့်စွဲချက်ဖြင့် လွှဲအပ်တင်ပို့သည့်အခါ စွဲချက်များနှင့်စပ်လျဉ်းသည့် နည်းဥပဒေများကို ထောက်ချင့်၍ တရားရုံး၊ သို့မဟုတ် တရားရုံးအရာရှိက စွဲချက်တင်ခြင်း၊ သို့မဟုတ် စွဲချက်ဖြည့်သွင်းခြင်း၊ သို့မဟုတ် စွဲချက်၌ ပြင်ဆင်ပြောင်းလဲခြင်းများ ပြုလုပ်နိုင်သည်။

စွဲချက် မပါဘဲဖြစ်စေ၊ မစုံလင်သည့်စွဲချက်နှင့်ဖြစ်စေ လွှဲအပ်တင်ပို့ ရာတွင် လိုက်နာရန်ကျင့်ထုံး။

### ဥပမာများ

(၁) A သည် C ကိုသတ်မှုဖြင့် စွဲချက်တင်ခံရသည်။ C ကိုသတ်ရန် အားပေးကူညီမှုနှင့်လည်း စွဲချက်ကို ထပ်မံ၍ဖြည့်သွင်းခြင်း၊ သို့မဟုတ် အစားထိုးခြင်းများ ပြုလုပ်နိုင်သည်။

(၂) A သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၇ အရ အဖိုးတန်စာတမ်းအမှတ်အသားကို လိမ်လည်အတုပြုမှုဖြင့် စွဲချက်တင်ခံရသည်။ ပုဒ်မ ၁၉၃ အရ မမှန်သက်သေခံမှုနှင့်လည်း ထပ်မံစွဲချက်ကို ဖြည့်စွက်တင်နိုင်သည်။

(၃) A သည် ခိုးရာပါပစ္စည်းဖြစ်ကြောင်းသိလျက်နှင့် ခိုးရာပါပစ္စည်းကို လက်ခံမှုဖြင့် စွဲချက်တင်ခံရသည်။ အမှုစစ်ဆေးကြားနာစဉ် A လက်ဝယ်၌ ဒင်္ဂါးအတုပြုရာတွင် သုံးစွဲရန် ကိရိယာတန်ဆာပလာများထားရှိကြောင်း ပေါ်ပေါက်လျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၃၅ အရ စွဲချက်ကို ထပ်မံမဖြည့်သွင်းနိုင်။

၂၂၇။ (၁) တရားရုံးတစ်ရုံးရုံးသည် စီရင်ချက်မချမီ မည်သည့်အချိန်၌မဆို စွဲချက်တစ်ခုခုသို့ ပြောင်းလဲနိုင်သည်။ သို့မဟုတ် ဖြည့်သွင်းနိုင်သည်။ သို့မဟုတ် စက်ရှင်တရားရုံး၊ သို့မဟုတ် တရားလွှတ်တော်ရှေ့ ဂျူရီဖြင့် စစ်ဆေးကြားနာရသည့်အမှုများတွင် ထိုဂျူရီလူကြီးများ၏ ဆုံးဖြတ်ချက်ကိုမတင်မီ စွဲချက်ကို ပြောင်းလဲနိုင်သည်။ သို့မဟုတ် ဖြည့်သွင်းနိုင်သည်။

(၂) ယင်းသို့ပြောင်းလဲ၊ သို့မဟုတ် ဖြည့်သွင်းထားသည့် စွဲချက်တစ်ရပ်ရပ်ကို တရားခံအား ဖတ်ပြောရမည့်အပြင် ရှင်းလင်းပြရမည်။

တရားရုံးက စွဲချက်ကို ပြောင်းလဲခွင့်ရခြင်း။

၂၂၈။ (၁) တရားရုံးသည် အမှုစတင်စစ်ဆေးပြီးနောက် စွဲချက်ကို ပြောင်းလဲခြင်း၊ သို့မဟုတ် ထပ်မံဖြည့်သွင်းခြင်းပြုသည့်အခါတိုင်း မိမိသဘောအတိုင်း –

(က) စွဲချက်အသစ်၊ သို့မဟုတ် ပြောင်းလဲထားသောစွဲချက်ကို မူလစွဲချက်ကဲ့သို့ သတ်မှတ်၍ အမှုကို ဆက်လက်ဆောင်ရွက်နိုင်သည်။ သို့မဟုတ်

(ခ) တရားမျှတမှုကို ရှေးရှု၍ လိုအပ်သည်ဟုထင်မြင်သည့်ကာလအတွက် အမှုကို ရွှေ့ဆိုင်းနိုင်သည်။ သို့မဟုတ်

(ဂ) အသစ်ပြန်စစ်ဆေးရန် ညွှန်ကြားနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အပိုဒ် (က)၊ သို့မဟုတ် အပိုဒ် (ခ) အရ တရားရုံးက အမှုကို ဆက်လက်စစ်ဆေးလျှင်၊ သို့မဟုတ် ထပ်မံရက်ရွှေ့ဆိုင်းလျှင် တရားလိုနှင့်တရားခံတို့ကို ထိုပြောင်းလဲပြင်ဆင်သည့်၊ သို့မဟုတ် ထပ်မံထည့်သွင်းသည့်စွဲချက်နှင့်စပ်လျဉ်း၍ စစ်ဆေးခဲ့သော မည်သည့်သက်သေကိုမဆို ထပ်မံခေါ်ယူစစ်ဆေးခွင့်ပေးရမည်။ ထို့ပြင် အရေးပါသည်ဟု တရားရုံးက ထင်မြင်သည့် နောက်ထပ်မည်သည့်သက်သေကိုမဆို ခေါ်ယူစစ်ဆေးနိုင်ရန်အတွက် တရားလိုနှင့် တရားခံဘက်တို့အား ခွင့်ပြုရမည်။

ပြောင်းလဲပြီးနောက် မည်သည့်အခါ စွဲချက်များကို ချက်ချင်း ဆက်လက်ဆောင်ရွက်နိုင်ခြင်း။

၂၂၉။ × × × × ×

၂၃၀။ အသစ်တင်ထားသည့် စွဲချက်၊ သို့မဟုတ် ပြောင်းလဲထားသော စွဲချက်၊ သို့မဟုတ် ဖြည့်သွင်းထားသောစွဲချက်တွင် ဖော်ပြထားသည့်ပြစ်မှုမှာ အမှုစွဲရန်အတွက် ကြိုတင်အခွင့်အမိန့် တောင်းခံရန် လိုအပ်သည့် ပြစ်မှုတစ်မှုဖြစ်နေလျှင် အသစ်တင်သောစွဲချက်၊ သို့မဟုတ် ပြောင်းလဲထားသည့်စွဲချက်အပေါ် အခြေခံသည့် အလားတူအကြောင်းအရာမျိုးနှင့် တရားစွဲဆိုရန် ကြိုတင်အခွင့်အမိန့်ရရှိထားပြီးမဟုတ်လျှင် ယင်းအခွင့်အမိန့်မရမီ အမှုကို ဆက်လက်စစ်ဆေးခြင်းမပြုရ။

ပြောင်းလဲ ပြင်ဆင်ထားသည့် စွဲချက်ပါ ပြစ်မှုနှင့် စွဲဆိုရန် ကြိုတင် အခွင့်အမိန့်လိုအပ်လာလျှင် အမှုကို ဆိုင်းငံ့ထားခြင်း။

၂၃၁။ × × × ×

၂၃၂။ (၁) မည်သည့်အယူခံတရားရုံး၊ သို့မဟုတ် ပြင်ဆင်မှုအာဏာကို သုံးစွဲရသည့်၊ သို့မဟုတ် အခန်း ၂၇ အရ အာဏာများကို သုံးစွဲရသည့် တရားလွှတ်တော်ကမဆို၊ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူတစ်ဦးတစ်ယောက်သည် စွဲချက်တစ်စုံတစ်ရာမရှိခြင်း၊ သို့မဟုတ် စွဲချက်တွင် မှားယွင်းသည့်အချက်ကြောင့် ၎င်း၏ခုခံထုချေမှုတွင် လွဲမှားခဲ့သည်ဟု ထင်မြင်ယူဆလျှင် တရားရုံးသည် မိမိသင့်သည်ထင်မြင်သော နည်းလမ်းအတိုင်း ပြုလုပ်ပေးသည့် စွဲချက်တစ်ရပ်ဖြင့် အမှုကို အသစ်ထပ်မံစစ်ဆေးစီရင်ရန် ညွှန်ကြားရမည်။

အရေးပါသော မှားယွင်းချက်မှာ မည်သို့ ဖြစ်ရခြင်း။

(၂) အကယ်၍ အမှုဖြစ်အကြောင်းခြင်းရာများမှာ သက်သေထင်ရှားသည့် အကြောင်းခြင်းရာများကို ထောက်ရှု၍ တရားခံအပေါ်တွင် ခိုင်မာလုံလောက်သည့် စွဲချက်တစ်စုံတစ်ရာ မတင်နိုင်သည့် အကြောင်းအရာများဖြစ်ကြောင်းဖြင့် တရားရုံးက ထင်မြင်ယူဆလျှင် ပြစ်မှုထင်ရှားစီရင်ထားခြင်းကို ပယ်ဖျက်ရမည်။

ဥပမာ

**A** မှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၆ အရ ပြစ်မှုတစ်ရပ်နှင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်တွင် စွဲချက်၌ **A** သည် လာဘ်ယူ၍ ဟုတ်မှန်သည့်အနေဖြင့် အသုံးပြုခဲ့သည့် သက်သေခံချက်၊ သို့မဟုတ် အသုံးပြုမည်ဟုအားထုတ်ခဲ့သည့် သက်သေခံချက်သည် မမှန်ကြောင်း၊ သို့မဟုတ် ဖန်တီးထားသည့် သက်သေခံချက်ဖြစ်ကြောင်း **A** သိခဲ့သည်ဟု ဖော်ပြရန် ကျန်ရစ်ခဲ့သည်။ **A** သည် ယင်းကဲ့သို့ သိတန်ရာသည့်လက္ခဏာရှိကြောင်း၊ ထို့ပြင် ယင်းကဲ့သို့သိရှိခဲ့ကြောင်း စွဲချက်၌ မဖော်ပြဘဲ ချန်လှပ်ထားခဲ့ခြင်းကြောင့် **A** က ခုခံထုချေရာတွင် လွဲမှားခဲ့သည်မှာ ဖြစ်နိုင်သည်ဟု တရားရုံးက ထင်မြင်လျှင် စွဲချက်ကိုပြင်ဆင်၍ ၎င်းစွဲချက်အရ ၎င်းအမှုကို အသစ်ပြန်လည်စစ်ဆေးစီရင်ရန် ညွှန်ကြားရမည်။ သို့သော် **A** သည် အမှုအခြင်းအရာများကို သိမည့်လက္ခဏာမရှိကြောင်း အမှု၌ ပေါ်ပေါက်လျှင် ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ရမည်။

## စွဲချက်များကို ပေါင်းစပ်ခြင်း

၂၃၃။ လူတစ်ဦးတစ်ယောက်အပေါ် စွပ်စွဲသော သီးခြားပြစ်မှုအရပ်ရပ်အတွက် စွဲချက်သီးခြားရှိစေရမည်။ ထို့ပြင် အဆိုပါစွဲချက်အရပ်ရပ်ကိုလည်း ပုဒ်မ ၂၃၄၊ ၂၃၅၊ ၂၃၆ နှင့် ၂၃၉ တို့တွင် ဖော်ပြထားသည့် အမှုများမှတစ်ပါး ခွဲခြား၍ စစ်ဆေးစီရင်ရမည်။

သီးခြားပြစ်မှုများအတွက် သီးခြားစွဲချက်များ။

ဥပမာ

**A** သည် တစ်ကြိမ်တွင် ခိုးမှု၊ အခြားတစ်ကြိမ်တွင် အပြင်းအထန်နာကျင်စေမှုဖြင့် အစွပ်စွဲခံရသည်တွင် **A** ကို ခိုးမှုနှင့် အပြင်းအထန်နာကျင်စေမှုတို့အတွက် သီးခြားစီစွဲချက်တင်ပြီး သီးခြားစီ စစ်ဆေးစီရင်ရမည်။

၂၃၄။ (၁) လူတစ်ဦးတစ်ယောက်သည် တစ်မှုထက်ပိုပြီး မျိုးတူဖြစ်သောပြစ်မှုများကို ကျူးလွန်ခဲ့သည်မှာ ပထမပြစ်မှုမှာ နောက်ဆုံးကျူးလွန်သည့်ပြစ်မှုအထိ လူတစ်ဦးတစ်ယောက် တည်းနှင့်ပတ်သက်၍ဖြစ်စေ၊ ထိုသို့ပတ်သက်ခြင်းမရှိဘဲဖြစ်စေ တစ်ဆယ့်နှစ်လအတွင်း ကျူးလွန်ခဲ့ကြောင်း စွပ်စွဲခံရသည့်အခါ ထိုသို့ကျူးလွန်သည့်ပြစ်မှုများအနက် သုံးမှုထက်မပိုသည့် ပြစ်မှုများအတွက် စွဲချက်တင်၍ အမှုတစ်ခုတည်းတွင် စစ်ဆေးစီရင်နိုင်သည်။

တစ်နှစ်အတွင်း ကျူးလွန်သည့် မျိုးတူပြစ်မှုသုံးမှုကို ပေါင်းစပ်၍ စွဲချက်တင်နိုင်ခြင်း။

(၂) ပြစ်မှုဆိုင်ရာဥပဒေ၊ သို့မဟုတ် အထူးဥပဒေ၊ သို့မဟုတ် ဒေသန္တရဥပဒေ၏ တူညီသောပုဒ်မများအရ တူညီသောပြစ်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှုများသည် မျိုးတူပြစ်မှုများဖြစ်သည်။

သို့ရာတွင် ဤပုဒ်မပါကိစ္စအလို့ငှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ အရ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုတစ်ရပ်မှာ အဆိုပါဥပဒေပုဒ်မ ၃၈၀ အရ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုတစ်ရပ်နှင့် မျိုးတူဖြစ်သည်ဟု မှတ်ယူရမည်။ ထို့ပြင် ပြစ်မှုဆိုင်ရာဥပဒေ၊ သို့မဟုတ် အထူးဥပဒေ၊ သို့မဟုတ် ဒေသန္တရဥပဒေဆိုင်ရာ ပုဒ်မတစ်ခုခုတစ်ရာအရ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုတစ်ရပ်သည် အဆိုပါပြစ်မှုကို ကျူးလွန်ရန်အားထုတ်မှုမှာ ပြစ်မှုမြောက်သည့်အခါ ဆိုခဲ့သည့် ပြစ်မှုကျူးလွန်ရန် အားထုတ်မှုနှင့် မျိုးတူပြစ်မှုဟု မှတ်ယူရမည်။

၂၃၅။ (၁) အမှုတစ်မှုတည်းဖြစ်အောင် ဆက်စပ်နေသည့် တစ်ဆက်တည်းဖြစ်ပြီး တစ်ခုတည်းသောပြုလုပ်ဆောင်ရွက်မှုမှ ပေါ်ပေါက်လာသော ပြုလုပ်မှုများ၌ လူတစ်ယောက်တည်းက တစ်မှုထက်များသော ပြစ်မှုများကို ကျူးလွန်လျှင် ယင်းသို့ကျူးလွန်သော ပြစ်မှုများကို ယင်းလူအား စစ်ဆေးစီရင်သည့် အမှုတစ်မှုတည်းတွင် အဆိုပါပြစ်မှုတိုင်းအတွက် စွဲချက်တင်၍ စစ်ဆေးစီရင်နိုင်သည်။

တစ်မှုထက်များသည့် ပြစ်မှုများကို စစ်ဆေးစီရင်ခြင်း။

(၂) စွပ်စွဲထားသည့်ပြုလုပ်မှုများသည် ပြစ်မှုများကို အနက်အဓိပ္ပါယ်ဖော်ပြဖွင့်ဆိုသော၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ရန် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေတစ်ရပ်ရပ်၏ သီးခြားအနက်အဓိပ္ပါယ်ဖွင့်ဆိုချက်နှစ်ရပ်အတွင်း၊ သို့မဟုတ် နှစ်ရပ်ထက်ပိုသည့် အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်အတွင်း ကျရောက်သော ပြစ်မှုဖြစ်နေလျှင် ယင်းပြစ်မှုများအတွက် စွပ်စွဲခြင်းခံရသူကို စစ်ဆေးစီရင်သည့် အမှုတစ်မှုတည်းတွင် ၎င်းပြစ်မှုအသီးသီးအတွက် စွဲချက်တင်၍ စစ်ဆေးစီရင်နိုင်သည်။

အနက်အဓိပ္ပါယ်ဖွင့်ဆိုချက် နှစ်ရပ်တွင် ပါဝင်သည့်ပြစ်မှု။

(၃) ပြုလုပ်မှုများအနက် ပြုလုပ်မှုတစ်ရပ်ကသော်လည်းကောင်း၊ တစ်ရပ်ထက်ပိုသော ပြုလုပ်မှုများကသော်လည်းကောင်း ယင်းပြုလုပ်မှုအနေဖြင့်၊ သို့မဟုတ် ယင်းပြုလုပ်မှုများအနေဖြင့် ပြစ်မှုတစ်ရပ်မြောက်၍ ယင်းပြုလုပ်မှုများကို ပေါင်းစပ်လိုက်သည့်အခါတွင်လည်း ကွဲပြားခြားနားသည့် အခြားပြစ်မှုတစ်ရပ်မြောက်နေလျှင် ယင်းပြုလုပ်မှုများကြောင့် တရားခံကို စစ်ဆေးစီရင်သည့် အမှုတစ်မှုတည်းတွင် အဆိုပါပြုလုပ်မှုများကို ပေါင်းစပ်၍ ပြစ်မှုမြောက်သည့် ပြစ်မှုအတွက် စွဲချက်တင်ကာ စစ်ဆေးစီရင်နိုင်သည့်အပြင် အဆိုပါပြစ်မှုတစ်ရပ်၊ သို့မဟုတ် တစ်ခုထက်ပိုသော ပြုလုပ်မှုများကြောင့် ပြစ်မှုမြောက်သည့် မည်သည့်ပြစ်မှုအတွက်မဆို စွဲချက်တင်၍ စစ်ဆေးစီရင်နိုင်သည်။

ပြစ်မှု တစ်မျိုးတည်းသာ မြောက်သော်လည်း ပေါင်းစပ်လိုက်သည့်အခါ အခြားပြစ်မှုတစ်မျိုးမြောက်သည့် ပြုလုပ်ချက်များ။

(၄) ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ ကို မထိခိုက်စေရ။

### ဥပမာများ

ပုဒ်မခွဲ (၁) နှင့်ဆိုင်ရာ ဥပမာများ –

(က) **A** သည် ဥပဒေနှင့်အညီ အချုပ်တွင် ချုပ်နှောင်ခံရသူ **B** ကို ကယ်ဆယ်ခဲ့သည်။ ထို့ပြင် ထိုသို့ကယ်ဆယ်ရာတွင် **B** အားချုပ်ထားသူ ရဲတပ်သား **C** ကို အပြင်းအထန်နာကျင်အောင် ပြုလုပ်ခဲ့ရာ၊ **A** ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၅ နှင့် ပုဒ်မ ၃၃၃ တို့အရ ပြစ်မှုများဖြင့် စွဲချက်တင်၍ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

(ခ) **A** သည် မယားခိုးမှုကျူးလွန်ရန်အကြံဖြင့် နေ့အခါတွင် အိမ်ဖောက်ထွင်းမှုကျူးလွန်ပြီးနောက်၊ ဖောက်ထွင်းဝင်ရောက်ခဲ့သည့် အိမ်အတွင်း၌ **B** ၏မယားနှင့် မယားခိုးမှုကျူးလွန်ခဲ့ရာတွင် **A** ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၄ နှင့် ပုဒ်မ ၄၉၇ တို့အရ ပြစ်မှုများအတွက် သီးခြားစီစွဲချက်တင်၍ သီးခြားစီ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

(ဂ) **A** သည် **C** ၏မယား **B** နှင့် မယားခိုးမှုကျူးလွန်ရန်အကြံဖြင့် **B** ကို **C** ထံမှ သွေးဆောင်ခေါ်ယူခဲ့ပြီးနောက် **B** နှင့် မယားခိုးမှုကျူးလွန်ရာတွင် **A** ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၈ နှင့် ပုဒ်မ ၄၉၇ တို့အရ ပြစ်မှုများအတွက် သီးခြားစီစွဲချက်တင်၍ သီးခြားစီ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

(ဃ) **A** သည် လိမ်လည်၍ အတုပြုလုပ်ထားသော တံဆိပ်ဖြစ်ကြောင်း သိလျက်နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၆ အရ ပြစ်ဒဏ်ထိုက်သည့် တံဆိပ်လိမ်လည်အတုပြုလုပ်မှုများကို သုံးစွဲရန်အကြံဖြင့် ၎င်းတံဆိပ်တုများကို လက်ဝယ်ထားရှိရာတွင် **A** ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၇၃ အရ တံဆိပ်တုတစ်ခုစီ လက်ဝယ်ထားရှိမှုအတွက် သီးခြားစီစွဲချက်တင်၍ သီးခြားစီ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

(င) **A** သည် **B** ကို ပြစ်မှုကြောင်းအရ စွဲဆိုရန်အတွက် တရားဖြောင့်မှန်သော၊ သို့မဟုတ် ဥပဒေနှင့်လျော်ညီသော အကြောင်းမရှိမှန်းသိလျက်နှင့် **B** ကို နစ်နာစေရန်အကြံဖြင့် ၎င်းအပေါ် ပြစ်မှုကြောင်းအရ စွဲဆိုခဲ့သည်။ ထို့ပြင် **B** ကို ပြစ်မှုတစ်ရပ်ကျူးလွန်ခဲ့သည်ဟု စွပ်စွဲရန် အတွက် တရားဖြောင့်မှန်သော၊ သို့မဟုတ် ဥပဒေနှင့်လျော်ညီသော အကြောင်းမရှိမှန်းသိလျက်နှင့် **B** သည် ဆိုခဲ့သည့်ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့သည်ဟုလည်း မမှန်မကန်စွပ်စွဲခဲ့ရာတွင် **A** ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁၁ အရ ပြစ်မှုနှစ်ရပ်ဖြင့် သီးခြားစီစွဲချက်တင်ပြီး သီးခြားစီ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

(စ) **A** သည် **B** ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲရန် တရားမျှတသော၊ သို့မဟုတ် ဥပဒေနှင့်လျော်ညီသောအကြောင်း မရှိမှန်းသိလျက်နှင့် **B** နစ်နာစေရန်အကြံဖြင့် **B** ကို ပြစ်မှုတစ်ရပ်ကျူးလွန်ခဲ့ကြောင်း မဟုတ်မမှန်စွပ်စွဲပြီး အမှုစစ်ဆေးသည့်အခါ **A** သည် **B** အပေါ် သေဒဏ်ထိုက်သည့်ပြစ်မှုတစ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်စေရန် အကြံဖြင့် **B** အပေါ် မုသားသက်သေခံလျှင်၊ ၎င်း **A** ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁၁ နှင့် ပုဒ်မ ၁၉၄ တို့အရ ပြစ်မှုများဖြင့် သီးခြားစီ စွဲချက်များတင်ပြီး သီးခြားစီ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

(ဆ) **A** သည် အပေါင်းပါ အခြားလူခြောက်ယောက်တို့နှင့်အတူ ရန်းရင်းဆန်ခတ်ပြုလုပ်မှု၊ အပြင်းအထန်နာကျင်စေမှုနှင့် ရန်းရင်းဆန်ခတ်ပြုလုပ်မှုကို နှိမ်နင်းရန် တာဝန်ဝတ္တရားအရ အားထုတ်သော ပြည်သူ့ဝန်ထမ်းတစ်ဦးအား လက်ရောက်မှုကျူးလွန်ရာတွင်၊ ၎င်း **A** ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၃၂၅ နှင့် ပုဒ်မ ၁၅၂ တို့အရ ပြစ်မှုများဖြင့် သီးခြားစွဲချက်များတင်ပြီး သီးခြားစီ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

(ဇ) **A** သည် **B,C** နှင့် **D** တို့ကို ကြောက်ရွံ့ထိတ်လန့်စေရန် အကြံဖြင့် ၎င်းတို့၏ကိုယ်ကို နာကျင်အောင်ပြုလုပ်မည်ဟု တစ်ပြိုင်နက်တည်း ပြစ်မှုမကင်းသော ခြောက်လှန့်မှုပြုခဲ့ရာတွင် **A** ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၆ အရ ပြစ်မှုသုံးခုအနက် ပြစ်မှုတစ်ခုစီဖြင့် သီးခြားစီစွဲချက်တင်ပြီး သီးခြားစီ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

ဥပမာ (က) မှ (ဇ) တို့တွင် အသီးသီးရည်ညွှန်းထားသည့် သီးခြားစွဲချက်များကို တစ်ကြိမ်တစ်ခါတည်း စစ်ဆေးစီရင်နိုင်သည်။

ပုဒ်မခွဲ (၂) နှင့်ဆိုင်ရာ ဥပမာများ –

(ဈ) **A** သည် **B** ကို ကြိမ်ဖြင့် မတရားရိုက်နက်ရာတွင် **A** ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၂ နှင့် ပုဒ်မ ၃၂၃ တို့အရ ပြစ်မှုများအတွက် သီးခြားစီစွဲချက်တင်ပြီး သီးခြားစီ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

(ည) ခိုးရာပါစပါးအိတ်အများအပြားကို ခိုးရာပါပစ္စည်းဖြစ်ကြောင်း သိရှိသူ **A** နှင့် **B** တို့အား ဝှက်သိမ်းထားရန်ကိစ္စအလို့ငှာ အပ်နှံခဲ့သည်။ **A** နှင့် **B** တို့ကလည်း ၎င်းစပါးအိတ်များကို စပါးကျီ၏အောက်ဆုံးထပ်၌ ဝှက်သိမ်းထားရန် မိမိတို့အလိုအလျောက် တစ်ဦးကိုတစ်ဦး အချင်းချင်းကူညီကြသည်တွင် **A** နှင့် **B** တို့ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၁ နှင့် ပုဒ်မ ၄၁၄ တို့အရ ပြစ်မှုများဖြင့် သီးခြားစီစွဲချက်တင်၍ သီးခြားစီ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

(ဋ) **A** သည် ကလေးကိုစွန့်ပစ်ထားလျှင် သေဆုံးတန်ရာသည်ကို သိလျက်နှင့် ၎င်းကလေးကို စွန့်ပစ်ထားရာ၊ ကလေးမှာ ထိုကဲ့သို့ စွန့်ပစ်ထားခြင်းကြောင့် သေဆုံးသွားသည်။ **A** ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၁၇ နှင့် ပုဒ်မ ၃၀၄ တို့အရ ပြစ်မှုများဖြင့် သီးခြားစီစွဲချက်တင်ပြီး သီးခြားစီ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

(ဌ) **A** သည် ပြည်သူ့ဝန်ထမ်းဖြစ်သူ **B** ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၆၇ အရ ပြစ်မှုတစ်ရပ်နှင့် ပြစ်မှုထင်ရှားစီရင်ရန်အတွက် လိမ်လည်အတုပြုလုပ်ထားသော စာတမ်းအမှတ်အသားတစ်ခုကို အစစ်အမှန်ကဲ့သို့ မရိုးမဖြောင့်သောသဘောဖြင့် အသုံးပြုရာတွင် **A** ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၇၁ (ပုဒ်မ ၄၆၆ နှင့်တွဲဖက်၍) နှင့် ပုဒ်မ ၁၉၆ တို့အရ ပြစ်မှုများဖြင့် သီးခြားစီစွဲချက်တင်ပြီး သီးခြားစီ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

ပုဒ်မခွဲ (၃) နှင့်ဆိုင်ရာ ဥပမာများ -

( ဒ ) **A** သည် **B** အပေါ် လုယက်မှုကျူးလွန်ရာတွင် မိမိအလိုအလျောက် **B** အား ထိခိုက်နာကျင်စေရာတွင် **A** ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃၊ ပုဒ်မ ၃၉၂ နှင့် ပုဒ်မ ၃၉၄ တို့အရ ပြစ်မှုများဖြင့် သီးခြားစီ စွဲချက်တင်ပြီး သီးခြားစီ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

၂၃၆။ ပြုလုပ်မှုတစ်ခု၊ သို့မဟုတ် ဆက်လက်၍ တစ်ဆက်တည်းပြုလုပ်မှုသည် ထင်ရှားအောင်ပြုလုပ်နိုင်သည့် အကြောင်းခြင်းရာများကို ထောက်ရှု၍ ပြစ်မှုအမြောက်အမြားအနက် မည်သည့်ပြစ်မှု မြောက်မည်ကို မဝေခွဲနိုင်သည့်အခါမျိုးတွင် ၎င်းပြစ်မှုအရပ်ရပ်ကိုဖြစ်စေ၊ ၎င်းပြစ်မှုများအနက် ပြစ်မှုတစ်ရပ်ရပ်ကိုဖြစ်စေ ကျူးလွန်ကြောင်းဖြင့် တရားခံကို စွဲချက်တင်နိုင်သည်။ ထို့ပြင် စွဲချက်များအနက် စွဲချက်အရေအတွက် မည်မျှကိုမဆို တစ်ပြိုင်နက်တည်း စစ်ဆေးစီရင်နိုင်သည်၊ သို့မဟုတ် ဆိုခဲ့သည့်ပြစ်မှုများအနက် တစ်ခုခုကို ကျူးလွန်ကြောင်း ၎င်းတရားခံကို စွဲချက်တင်နိုင်သည်။ မည်သည့်ပြစ်မှုကို ကျူးလွန်ကြောင်း မဝေခွဲနိုင်သည့်အမှု။

ဥပမာများ

( က ) **A** သည် ခိုးမှု၊ သို့မဟုတ် ခိုးရာပါပစ္စည်းလက်ခံမှု၊ သို့မဟုတ် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု၊ သို့မဟုတ် လိမ်လည်မှုဖြစ်မြောက်နိုင်သည့် ပြုလုပ်မှုတစ်ရပ်ကျူးလွန်ခဲ့ကြောင်း စွပ်စွဲခြင်းခံရသည်။ ၎င်းအပေါ် ခိုးမှု၊ ခိုးရာပါပစ္စည်းလက်ခံမှု၊ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု၊ လိမ်လည်မှုဖြင့် စွဲချက်တင်နိုင်သည်၊ သို့မဟုတ် ၎င်းအပေါ် ခိုးမှု၊ သို့မဟုတ် ခိုးရာပါပစ္စည်းလက်ခံမှု၊ သို့မဟုတ် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု၊ သို့မဟုတ် လိမ်လည်မှုတို့ဖြင့် စွဲချက်တင်နိုင်သည်။

( ခ ) **A** သည် ရာဇဝတ်တရားသူကြီးရှေ့တွင် **C** အား **B** က တုတ်နှင့်ရိုက်သည်ကို မိမိမြင်ပါသည်ဟု ကျမ်းသစ္စာဖြင့် ထွက်ဆိုပြီးနောက် **C** ကို **B** က မည်သည့်အခါကမျှ တုတ်နှင့်မရိုက်ပါဟု စက်ရှင်တရားရုံးတွင် ကျမ်းသစ္စာဖြင့် ထွက်ဆိုပြန်သည်။ ဆန့်ကျင်သော ထွက်ဆိုချက် (၂) ရပ်အနက် မည်သည့်ထွက်ဆိုချက်သည် မမှန်ကြောင်း ထင်ရှားအောင် သက်သေမတင်ပြနိုင်သော်လည်း ၎င်းထွက်ဆိုချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တမင်ကြံရွယ်လျက် မမှန်သက်သေခံမှုဖြင့် **A** အပေါ်တွင် စွဲချက်တင်နိုင်သည်။

၂၃၇။ ပုဒ်မ ၂၃၆ တွင် ဖော်ပြထားသည့်အချက်၌ တရားခံအပေါ် ပြစ်မှုတစ်ရပ်ဖြင့် စွဲချက်တင်ထားပြီးနောက် သက်သေခံချက်တွင် ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များအရ စွဲချက်တင်နိုင်သည့် အခြားကွဲပြားခြားနားသည့် ပြစ်မှုတစ်ရပ်ကို တရားခံက ကျူးလွန်ထားကြောင်း ပေါ်ပေါက်လျှင် ၎င်းကျူးလွန်သည့်ပြစ်မှုဖြင့် ၎င်းအပေါ် စွဲချက်မတင်သော်လည်း ပေါ်ပေါက်သည့် ပြစ်မှုဖြင့်ပင် ပြစ်မှုထင်ရှား စီရင်နိုင်သည်။ တစ်ခုဦး တစ်ယောက်သောသူကို ပြစ်မှုတစ်ရပ်ရပ်နှင့် စွဲချက်တင်ပြီးနောက် အခြားပြစ်မှုတစ်ရပ်ဖြင့် ပြစ်မှု ထင်ရှားစီရင်နိုင်ခြင်း။

ဥပမာ

**A** အပေါ် ခိုးမှုဖြင့် စွဲချက်တင်သည်။ **A** သည် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု၊ သို့မဟုတ် ခိုးရာပါပစ္စည်းလက်ခံမှုကျူးလွန်ကြောင်း ပေါ်ပေါက်သည်တွင် ၎င်းအပေါ် အဆိုပါပြစ်မှုဖြင့် စွဲချက်မတင်ခဲ့သော်လည်း ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု၊ သို့မဟုတ် ခိုးရာပါပစ္စည်းလက်ခံမှုဖြင့် အမှုကိုလိုက်၍ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

၂၃၈။ (၁) တစ်ဦးတစ်ယောက်အပေါ် ပြစ်မှုတစ်ရပ်ဖြင့် စွဲချက်တင်ထားရာ ၎င်းပြစ်မှုတွင် အကြောင်းအရာများစွာပါရှိ၍ ၎င်းအကြောင်းအရာအချို့ကို စုပေါင်းလျှင် စွဲချက်တင်ထားသည့်ပြစ်မှုထက် လျော့သည့် ပြစ်မှုငယ်တစ်ရပ်မြောက်သဖြင့် စုပေါင်းပါဝင်သည့် အကြောင်းအရာများသာ ထင်ရှား၍ ကျန်အကြောင်းအရာများ မထင်ရှားသည့်အခါ ထိုသူအပေါ် ပြစ်မှုငယ်ဖြင့် စွဲချက်တင်မထားစေကာမူ ၎င်းပြစ်မှုငယ်ဖြင့်ပင် ပြစ်မှုထင်ရှားစီရင်နိုင်သည်။ စွဲချက်တင်ထားသည့်ပြစ်မှုတွင်ထင်ရှားသည့်ပြစ်မှုမှာ မည်သည့်အခါ ပါရှိခြင်း။

(၂) တစ်ဦးတစ်ယောက်အပေါ် စွဲချက်တစ်ရပ်ဖြင့် စွဲချက်တင်ထားရာ ၎င်းပြစ်မှုထက် လျော့သည့် ပြစ်မှုငယ်မြောက်သည့် အကြောင်းခြင်းရာများသာ ထင်ရှားလျှင် ထိုသူကို ၎င်းပြစ်မှုငယ်ဖြင့် စွဲချက်တင်မထားစေကာမူ ၎င်းပြစ်မှုငယ်ဖြင့်ပင် ပြစ်မှုထင်ရှားစီရင်နိုင်သည်။

(၂က) တစ်ဦးတစ်ယောက်အပေါ် ပြစ်မှုတစ်ရပ်ဖြင့် စွဲချက်တင်ထားရာ ၎င်းတရားခံကို ၎င်းပြစ်မှုကျူးလွန်ရန် အားထုတ်မှုဖြင့် သီးခြားစွဲချက်မတင်သော်လည်း ဆိုခဲ့သည့် ပြစ်မှုကျူးလွန်ရန် အားထုတ်မှုဖြင့်ပင် ပြစ်မှုထင်ရှားစီရင်နိုင်သည်။

(၃) ပုဒ်မ ၁၉၈၊ သို့မဟုတ် ၁၉၉ တွင် ရည်ညွှန်းထားသော ပြစ်မှုတစ်စုံတစ်ရာကို ယင်းပုဒ်မအရ လိုအပ်သည့်တိုင်တန်းချက်မပါရှိဘဲ ပြစ်မှုထင်ရှားစီရင်နိုင်ရေးအတွက် ဤပုဒ်မပါ မည်သည့်အချက်ကမျှ ထိုအခွင့်အာဏာကို အပ်နှင်းထားသည်ဟု မမှတ်ယူရ။

## ဥပမာများ

(က) **A** အပေါ်တွင် သယ်ဆောင်သူအဖြစ် ၎င်းထံအပ်နှံထားသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၇ အရ စွဲချက်တင်ရာ **A** သည် အဆိုပါပစ္စည်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၄၀၆ အရ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်သော်လည်း ၎င်းအား သယ်ဆောင်သူအဖြစ် ၎င်းပစ္စည်းကို မအပ်နှံခဲ့ကြောင်း ထင်ရှားသည်တွင် **A** ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုဖြင့် ပြစ်မှုထင်ရှားစီရင်နိုင်သည်။

(ခ) **A** အပေါ်တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅ အရ အပြင်းအထန်နာကျင်စေမှုဖြင့် စွဲချက်တင်ရာ မိမိသည် ရုတ်တရက် အကြီးအကျယ်ဒေါသထွက်အောင် ရန်စခြင်းခံရသောကြောင့် ကျူးလွန်မိကြောင်း **A** က ထင်ရှားအောင်ပြလျှင် ၎င်းကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၅ အရ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

၂၃၉။ အောက်ဖော်ပြပါ သူတို့အား အတူတကွစွဲချက်တင်၍ စစ်ဆေးစီရင်နိုင်သည်။ မည်သူတို့ ကို ပူးပေါင်းစွဲဆိုနိုင်ခြင်း။

(က) မှုခင်းတစ်ရပ်တည်းတွင် ကျူးလွန်သော ပြစ်မှုတစ်မျိုးတည်းနှင့် စွပ်စွဲခံရသူများ၊

(ခ) ပြစ်မှုတစ်ရပ်နှင့် စွပ်စွဲခံရသူများနှင့် အဆိုပါပြစ်မှုကို အားပေးကူညီမှု၊ သို့မဟုတ် ကျူးလွန်ရန်အားထုတ်မှုနှင့် စွပ်စွဲခံရသူများ၊

(ဂ) တစ်ဆယ့်နှစ်လကာလအတွင်း ပုဒ်မ ၂၃၄ ၏ အနက်အဓိပ္ပာယ်အရ တစ်ခုထက်များသော မျိုးတူပြစ်မှုများကို အတူတကွကျူးလွန်ခဲ့ကြောင်းဖြင့် စွပ်စွဲခံရသူများ၊

(ဃ) မှုခင်းတစ်ရပ်တည်းတွင် အမျိုးအစားမတူ ကွဲပြားခြားနားသည့် ပြစ်မှုများကို ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသူများ၊

(င) ခိုးမှု၊ ခြောက်လှန့်တောင်းယူမှု၊ သို့မဟုတ် ပြစ်မှုမကင်းသော အလွဲသုံးစားမှုဖြင့် စွပ်စွဲခံရသူများနှင့် အထက်တွင်ဖော်ပြပါရှိသူတို့ ကျူးလွန်သည့် အဆိုပါပြစ်မှုတစ်စုံတစ်ရာကြောင့် ပိုင်ရှင်လွှဲပြောင်းရသည်ဆိုသည့် ပစ္စည်းလက်ခံမှု၊ သို့မဟုတ် လက်ဝယ်ထားရှိမှု၊ သို့မဟုတ် ပစ္စည်းထုခွဲရာတွင်၊ သို့မဟုတ် သိုဝှက်ထားရာတွင်ကူညီမှု၊ သို့မဟုတ် နောက်ဆုံး ဖော်ပြပါ ပြစ်မှုတစ်စုံတစ်ရာကို အားပေးကူညီမှု၊ သို့မဟုတ် ကျူးလွန်ရန် အားထုတ်မှုဖြင့် စွပ်စွဲခံရသူများ၊

(စ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၁ နှင့် ၄၁၄ တို့အရ၊ သို့မဟုတ် ပြစ်မှုတစ်ရပ်ကြောင့် ပိုင်ရှင်လွှဲပြောင်းရသည့် ခိုးရာပါပစ္စည်းနှင့် စပ်လျဉ်း၍ ဆိုခဲ့သည့် ပုဒ်မတစ်ရပ်ရပ်ဖြင့် စွပ်စွဲခံရသူများနှင့်

(ဆ) ပြစ်မှုဆိုင်ရာဥပဒေအခန်း ၁၂ အရ ဒင်္ဂါးအတုနှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်စုံတစ်ရာဖြင့် စွပ်စွဲခံရသူများ၊ ထို့ပြင် အဆိုပါအခန်းအရ ဆိုခဲ့သည့် ဒင်္ဂါးအတုနှင့်စပ်လျဉ်းသည့် အခြားပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်မှုနှင့်ဖြစ်စေ၊ ၎င်းပြစ်မှုကို အားပေးကူညီမှုဖြင့်ဖြစ်စေ၊ ၎င်းပြစ်မှုကို ကျူးလွန်ရန် အားထုတ်မှုဖြင့်ဖြစ်စေ စွပ်စွဲခြင်းခံရသူများ၊ ထို့ပြင် ဤအခန်း၏ အထက်ပိုင်းတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များ

သည် ဆိုခဲ့သည့် စွဲချက်အားလုံးနှင့်သက်ဆိုင်နိုင်သမျှ သက်ဆိုင်စေရမည်။

၂၄၀။ စစ်ဆေးစီရင်မှုတစ်ခုတည်းတွင် လူတစ်ဦးတည်းအပေါ် စွဲချက်အများအပြားတင်သည့်အခါနှင့် အဆိုပါစွဲချက်များအနက်မှ စွဲချက်တစ်ခု၊ သို့မဟုတ် တစ်ခုထက်ပိုသောစွဲချက်များဖြင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ တိုင်တန်းသူကဖြစ်စေ၊ တရားလိုဘက် အမှုလိုက်ကဖြစ်စေ၊ စီရင်ချက်မချမီ၊ သို့မဟုတ် ဂျူရီလူကြီး၏ ဆုံးဖြတ်ချက်မရမီ မည်သည့်အချိန်တွင်မဆို ကျန်စွဲချက် သို့မဟုတ် ကျန်စွဲချက်များကို တရားရုံး၏ခွင့်ပြုချက်ဖြင့် ရုပ်သိမ်းနိုင်သည်၊ သို့မဟုတ် အဆိုပါစွဲချက်၊ သို့မဟုတ် စွဲချက်များဖြင့် စစ်ဆေးစီရင်မှုကို တရားရုံးက မိမိသဘောဖြင့် ရပ်ဆိုင်းနိုင်သည်။ ပြစ်မှုထင်ရှားစီရင်ခြင်းကို မပယ်ဖျက်လျှင် အဆိုပါရုပ်သိမ်းမှု၊ သို့မဟုတ် ဆိုင်းငံ့မှုသည် ဆိုခဲ့သည့်စွဲချက်၊ သို့မဟုတ် စွဲချက်များနှင့်စပ်လျဉ်း၍ အမှုမှ အပြီးအပြတ်လွှတ်ရာရောက်စေရမည်။ ဆိုခဲ့သည့် ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်လျှင် တရားရုံးသည် (ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ပေးသော တရားရုံး၏အမိန့်ကို လိုက်နာ၍) ထိုသို့ရုပ်သိမ်းထားသော၊ သို့မဟုတ် ဆိုင်းငံ့ထားသောစွဲချက်၊ သို့မဟုတ် စွဲချက်များကို ဆက်လက်စစ်ဆေးစီရင်နိုင်သည်။

စွဲချက်အများရှိသည့်အနက် စွဲချက်တစ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ရာ ကျန်စွဲချက်များကို ရုပ်သိမ်းခြင်း။

## အခန်း ၂၀

## သမ္မန်မှုများကို ရာဇဝတ်တရားသူကြီးတို့က စစ်ဆေးစီရင်ခြင်း

၂၄၁။ ရာဇဝတ်တရားသူကြီးတို့က သမ္မန်မှုများကို စစ်ဆေးစီရင်ရာ၌ အောက်ပါကျင့်ထုံးအတိုင်း လိုက်နာဆောင်ရွက်ရမည်။

သမ္မန်မှုများတွင် လိုက်နာရန်ကျင့်ထုံး။

၂၄၂။ ရာဇဝတ်တရားသူကြီးရှေ့သို့ တရားခံရောက်ရှိသောအခါ၊ သို့မဟုတ် ၎င်းတို့တင်ပို့လာသည့်အခါ ၎င်းအပေါ် စွပ်စွဲသည့်ပြစ်မှုနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ပြောပြရမည့်အပြင် မည်သည့်အတွက်ကြောင့် မိမိအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းမပြုထိုက်ကြောင်းဖြင့် ထုချေရန် အကြောင်းရှိ မရှိကို မေးမြန်းရမည်။ သို့သော်လည်း နည်းလမ်းတကျ စွဲချက်တင်ရန်မလို။

စွပ်စွဲသည့်အချက်ပါ အချုပ်စကားကိုပြောပြရခြင်း။

၂၄၃။ အကယ်၍ တရားခံက ၎င်းအပေါ် စွပ်စွဲထားသည့် ပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း ဝန်ခံလျှင် ၎င်းဝန်ခံချက်ကို ၎င်းပြောဆိုသုံးနှုန်းသည့် စကားလုံးနှင့် နီးစပ်နိုင်သမျှ ရေးမှတ်ရမည်။ မည်သည့်အတွက်ကြောင့် ၎င်းအပေါ် ပြစ်မှုထင်ရှားမစီရင်ထိုက်ကြောင်း ၎င်းက လုံလောက်စွာ အကြောင်းပြ ထုချေခြင်းမပြုနိုင်လျှင် ယင်းသို့မထုချေနိုင်သည့်အလျောက် ရာဇဝတ်တရားသူကြီးသည် ၎င်းတရားခံကို ပြစ်မှုထင်ရှားစီရင်နိုင်သည်။

စွပ်စွဲချက်အတိုင်း မှန်ကြောင်းဝန်ခံသည့်အခါ ပြစ်မှုထင်ရှား စီရင်ခြင်း။

၂၄၄။ (၁) ရာဇဝတ်တရားသူကြီးသည် ပုဒ်မ ၂၄၃ အရ တရားခံအပေါ် ပြစ်မှုထင်ရှား စီရင်ခြင်းမပြုလျှင်၊ သို့မဟုတ် တရားခံက ယင်းသို့ဝန်ခံခြင်းမပြုလျှင် တိုင်တန်းသူအား (ရှိခဲ့လျှင်) ဆက်လက်စစ်ဆေးကြားနာရမည်။ ထို့ပြင် တရားလိုဘက်မှတင်ပြသော သက်သေခံချက်များကို ရယူပြီးနောက်၊ အကယ်၍ တရားခံကိုယ်တိုင် သက်သေအဖြစ် အစစ်ခံရန်ဆန္ဒရှိပါက ၎င်းအား စစ်ဆေးကြားနာရမည်။ သို့မဟုတ် တရားခံက သက်သေအဖြစ် အစစ်မခံလိုလျှင် ၎င်းအား တရားခံအဖြစ် စစ်မေးရမည်။ ထို့ပြင် တရားခံက ထုချေဖြေရှင်းရန်တင်ပြသည့် သက်သေခံချက်များကို ရယူရမည်။ သို့ရာတွင် တရားရုံးတစ်ရုံးက တရားလိုပြုလုပ်တိုင်တန်းသော မည်သည့်အမှုမျိုး၌မဆို တစ်ဦးတစ်ယောက်ကို တိုင်တန်းသူအဖြစ် စစ်ဆေးကြားနာရန် တာဝန်မရှိစေရ။

ဆိုခဲ့သည့်အတိုင်း ဝန်မခံသည့်အခါ လိုက်နာရန်ကျင့်ထုံး။

(၂) ရာဇဝတ်တရားသူကြီးသည် မိမိသင့်သည်ထင်မြင်လျှင် တိုင်တန်းသူ၊ သို့မဟုတ် တရားခံက လျှောက်ထားလျှင် သက်သေတစ်ဦးတစ်ယောက်အား လာရောက်အစစ်ခံရန်ဖြစ်စေ၊ စာတမ်းအမှတ်အသားတစ်စုံတစ်ရာ၊ သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာကို တင်ပြရန်ဖြစ်စေ သမ္မန်စာထုတ်ဆင့်နိုင်သည်။

(၃) ရာဇဝတ်တရားသူကြီးက ဆိုခဲ့သည့်အတိုင်း လျှောက်ထားချက်အရ သက်သေတစ်ဦးတစ်ယောက်ကို သမ္မန်စာမထုတ်ဆင့်မီ စစ်ဆေးစီရင်မှုအတွက် လာရောက်ရခြင်းကြောင့် သက်သေကကုန်ကျမည့် သင့်လျော်သည့်ကုန်ကျစရိတ်များကို တရားရုံးတွင် တင်သွင်းထားစေရန် ဆင့်ဆိုနိုင်သည်။

၂၄၅။ (၁) ရာဇဝတ်တရားသူကြီးသည် ပုဒ်မ ၂၄၄ တွင် ရည်ညွှန်းသော သက်သေခံချက်များအပြင် မိမိသဘောဖြင့် ထပ်မံတင်ပြစေသည့် သက်သေခံချက် (ရှိခဲ့လျှင်) ရယူပြီး (အကယ်၍ တရားခံက သက်သေခံချက်မပေးလျှင်) ၎င်းအား စစ်ဆေးပြီးနောက် တရားခံအပေါ် အပြစ်မရှိကြောင်း တွေ့ရှိလျှင် အမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ရေးသားချမှတ်ရမည်။

အမှုမှ အပြီးအပြတ်လွှတ်ခြင်း။

(၂) ရာဇဝတ်တရားသူကြီးသည် ပုဒ်မ ၃၄၉၊ သို့မဟုတ် ပုဒ်မ ၅၆၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်းမပြုသည့်အခါ အကယ်၍ တရားခံ၌ အပြစ်ရှိကြောင်းတွေ့ရှိလျှင် တရားခံအပေါ် ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ရမည်။

ပြစ်ဒဏ်၊

၂၄၆။ တိုင်တန်းချက်၊ သို့မဟုတ် သမ္မန်စာမှာ မည်သို့ပင်ရှိစေကာမူ တရားခံ၏ ဝန်ခံချက်အရဖြစ်စေ၊ သက်သေထင်ရှားသည့် အကြောင်းခြင်းရာအရဖြစ်စေ တရားခံပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်လျှင် ဤအခန်းအရ စစ်ဆေးနိုင်သော မည်သည့်ပြစ်မှုနှင့်မဆို တရားခံအပေါ် ပုဒ်မ ၂၄၃ အရ၊ သို့မဟုတ် ၂၄၅ အရ ရာဇဝတ်တရားသူကြီးက ပြစ်မှုထင်ရှားစီရင်နိုင်သည်။

တိုင်တန်းချက်၊ သို့မဟုတ် သမ္မန်စာကြောင့် တွေ့ရှိချက်ကို ကန့်သတ်မထားခြင်း။

၂၄၇။ တိုင်တန်းချက်အရ သမ္မန်စာထုတ်ပြီးနောက် ရုံးသို့ တရားခံလာရောက်ရန် ချိန်းဆိုသည့်နေ့တွင်ဖြစ်စေ၊ ထိုနေ့ရက်လွန်ပြီးနောက် အမှုကိုကြားနာရန် ရွှေ့ဆိုင်းသည့်နေ့တွင်ဖြစ်စေ တိုင်တန်းသူမရောက်ရှိခဲ့လျှင် ရာဇဝတ်တရားသူကြီးသည် အကြောင်းတစ်စုံတစ်ရာကြောင့် အခြားနေ့ရက်တစ်ရက်ရက်သို့ ရွှေ့ဆိုင်းရန်သင့်သည်ဟု မထင်မြင်ပါက အထက်တွင် မည်သို့ပင်ပါရှိစေကာမူ တရားခံအား အမှုမှ အပြီးအပြတ်လွှတ်ရမည်။

တိုင်တန်းသူ မရောက်ရှိခြင်း။

သို့ရာတွင် တိုင်တန်းသူမှာ ပြည်သူ့ဝန်ထမ်းတစ်ဦးဖြစ်ပြီး၊ ၎င်းကိုယ်တိုင် ရုံးသို့လာရောက်ရန်လည်း မလိုအပ်သည့်အခါ ရာဇဝတ်တရားသူကြီးက ၎င်းကို ရုံးသို့မလာရောက်စေဘဲ အမှုကို ဆက်လက်ဆောင်ရွက်နိုင်သည်။

၂၄၈။ တိုင်တန်းသူတစ်ဦးတစ်ယောက်သည် ဤအခန်းအရ အမှုတစ်စုံတစ်ရာကို အပြီး သတ်အမိန့်မချမှတ်မီ မည်သည့်အခါတွင်မဆို တိုင်တန်းချက်ကို ရုပ်သိမ်းခွင့်ပြုရန် လုံလောက်သည့်အကြောင်းကို ရာဇဝတ်တရားသူကြီး ကျေနပ်လက်ခံအောင် တင်ပြနိုင်လျှင် ရာဇဝတ်တရားသူကြီးသည် ထိုတိုင်တန်းချက်ကို ရုပ်သိမ်းခွင့်ပြုနိုင်ပြီး၊ ယင်းသို့ ရုပ်သိမ်းခွင့်ပြုသည်နှင့်တစ်ပြိုင်နက် တရားခံကို အမှုမှ အပြီးအပြတ်လွှတ်ရမည်။ တိုင်တန်းချက်ကို ရုပ်သိမ်းခြင်း။

၂၄၉။ တိုင်တန်းမှုမှတစ်ပါး အခြားနည်းဖြင့်စွဲဆိုသော မည်သည့်အမှုတွင်မဆို ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီး၏ ကြိုတင်အခွင့်အမိန့်ရရှိသည့် အခြားရာဇဝတ်တရားသူကြီးကဖြစ်စေ၊ အမှု၏မည်သည့်အဆင့်တွင်မဆို အမှုမှအပြီးအပြတ်လွှတ်ကြောင်း၊ သို့မဟုတ် ပြစ်မှုထင်ရှားစီရင်ကြောင်း စီရင်ချက်တစ်စုံတစ်ရာမချမှတ်ဘဲ အကြောင်းပြချက်ရေးသား၍ ဤမှုကို ရပ်ဆိုင်းထားနိုင်သည်။ ယင်းသို့ရပ်ဆိုင်းထားပြီးနောက် တရားခံကို အချုပ်မှလွှတ်နိုင်သည်။ တိုင်တန်းသူမရှိသည့်အခါ အမှုကိုရပ်ဆိုင်းထားရန် အခွင့်အာဏာ။

**သမ္မန်မှုနှင့် ဝရမ်းမှုများတွင် အရေးမယူထိုက်သော**

**စွပ်စွဲချက်များ**

၂၅၀။ (၁) တိုင်တန်းချက်အရဖြစ်စေ၊ ရဲအရာရှိတစ်ဦးထံ၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးထံ သတင်းပေးချက်အရဖြစ်စေ စွဲဆိုသည့် မည်သည့်အမှု၌မဆို ရာဇဝတ်တရားသူကြီးက စစ်ဆေးစီရင်နိုင်သော ပြစ်မှုတစ်ရပ်ဖြင့် လူတစ်ဦးတစ်ယောက်၊ သို့မဟုတ် လူအများမှာ ရာဇဝတ်တရားသူကြီးရှေ့မှောက်၌ စွပ်စွဲခြင်းခံရသည့်အခါ အမှုကို ကြားနာစစ်ဆေးသည့် ရာဇဝတ်တရားသူကြီးက တရားခံအားလုံးကိုဖြစ်စေ၊ ၎င်းတို့အနက် တစ်ဦးတစ်ယောက်ကိုဖြစ်စေ စွဲချက်မတင်မီသော်လည်းကောင်း၊ အမှုမှ အပြီးအပြတ်သော်လည်းကောင်း၊ လွှတ်ပြီးနောက် ၎င်းတို့အားလုံးအပေါ်၊ သို့မဟုတ် ၎င်းတို့အနက် တစ်ဦးတစ်ယောက်အပေါ် စွပ်စွဲသည့်စွပ်စွဲချက်များသည် မဟုတ်မမှန်ဖြစ်ပြီး အရေးမယူထိုက်ကြောင်း၊ သို့မဟုတ် အနှောင့်အယှက်ဖြစ်ကြောင်း ထင်မြင်ယူဆပါက အကယ်၍ တိုင်တန်းချက်ဖြင့်စွပ်စွဲသူ၊ သို့မဟုတ် သတင်းပေးခြင်းဖြင့် စွပ်စွဲသူ တရားရုံးရှေ့ရောက်ရှိနေလျှင် ၎င်းကို အဆိုပါတရားခံ၊ သို့မဟုတ် တရားခံတစ်ဦးထက်ပိုလျှင် တရားခံတစ်ဦး၊ သို့မဟုတ် တရားခံအသီးသီးအား မိမိက အဘယ်ကြောင့် လျော်ကြေးမပေးထိုက်ကြောင်းကို ချက်ခြင်းအကြောင်းပြထုချေစေရန် ထိုရာဇဝတ်တရားသူကြီးက မိမိ၏စွဲချက်မတင်မီ လွှတ်မိန့်၊ သို့မဟုတ် အမှုမှအပြီးအပြတ်လွှတ်မိန့်ဖြင့် ဆင့်ဆိုနိုင်သည်။ အကယ်၍ ၎င်းတိုင်တန်းသူ၊ သို့မဟုတ် သတင်းပေးသူ ရောက်ရှိမနေလျှင် ၎င်းအား တရားရုံးသို့လာရောက်ပြီး အထက်ကဆိုခဲ့သည့်အတိုင်း အကြောင်းပြထုချေစေရန် သမ္မန်စာထုတ်ဆင့်ရန် ညွှန်ကြားနိုင်သည်။ လိမ်လည်သော၊ အရေးမယူထိုက်သော၊ သို့မဟုတ် အနှောင့်အယှက်ဖြစ်သော စွပ်စွဲချက်များ။

(၂) ရာဇဝတ်တရားသူကြီးသည် အဆိုပါတိုင်တန်းသူ၊ သို့မဟုတ် သတင်းပေးသူ၏ တင်ပြသည့်အကြောင်းပြချက်ကို ရေးမှတ်၍ စဉ်းစားဆင်ခြင်ပြီး အကယ်၍ ၎င်းစွပ်စွဲချက်သည် လိမ်လည်ခြင်းဖြစ်၍ အရေးမယူထိုက်ကြောင်း၊ သို့မဟုတ် အနှောင့်အယှက်ဖြစ်ကြောင်း ကျေနပ်လက်ခံလျှင် အကြောင်းပြချက်များကို ရေးမှတ်လျက် အဆိုပါတိုင်တန်းသူ၊ သို့မဟုတ် သတင်းပေးသူက တရားခံအား၊ သို့မဟုတ် တရားခံအသီးသီးအား၊ သို့မဟုတ် တရားခံတစ်ဦးတစ်ယောက်အား ကျပ်တစ်ရာထက်မပိုသောငွေကို၊ သို့မဟုတ် ထိုရာဇဝတ်တရားသူကြီးသည် တတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီးဖြစ်လျှင် ကျပ်ငါးဆယ်ထက်မပိုသောငွေကို ပေးလျော်စေရန် သတ်မှတ်ပြီး ညွှန်ကြားနိုင်သည်။

(၂ က)။ ရာဇဝတ်တရားသူကြီးသည် ပုဒ်မခွဲ (၂) အရ လျော်ကြေးပေးစေရန် ညွှန်ကြားသည့်အမိန့်ဖြစ်လျှင်၊ အဆိုပါလျော်ကြေးပေးရန် ညွှန်ကြားခြင်းခံရသူက လျော်ကြေးပေးရန် ပျက်ကွက်ခဲ့ပါက ရက်ပေါင်းသုံးဆယ်ထက်မပိုသော အလုပ်မဲ့ထောင်ဒဏ်ကျခံစေရမည်ဟု ထပ်မံအမိန့်ချမှတ်နိုင်သည်။

(၂ ခ)။ တစ်ဦးဦးတစ်ယောက်သောသူမှာ ပုဒ်မခွဲ (၂ က) အရ ထောင်ဒဏ်ကျခံရလျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၆၈ နှင့် ၆၉ တို့ပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သမျှ သက်ဆိုင်စေရမည်။

(၂ ဂ)။ ဤပုဒ်မအရ လျော်ကြေးပေးရန် ညွှန်ကြားခြင်းခံရသူ မည်သူမဆို ယင်းသို့ အမိန့်ချမှတ်ခြင်းခံရရှုမှုဖြင့် ၎င်း၏တိုင်တန်းချက်၊ သို့မဟုတ် သတင်းပေးချက်နှင့်စပ်လျဉ်း၍ တရားမကြောင်း၊ သို့မဟုတ် ရာဇဝတ်ကြောင်းဖြင့် စွဲဆိုခံထိုက်ခြင်းမှ ကင်းလွတ်ခွင့်မရှိစေရ။

သို့ရာတွင် ဤပုဒ်မအရ တရားခံအား ပေးလျော်ခဲ့ရသည့်ငွေကို ယင်းအမှုကိစ္စနှင့်စပ်လျဉ်း၍ နောက်ထပ်စွဲဆိုသော တရားမမှု၌ ထိုသူအား လျော်ကြေးပေးစေရန် ဆုံးဖြတ်သည့်ငွေတွင် ပါဝင်ရေတွက်ရမည်။

(၃) လျော်ကြေးပေးရန် ဒုတိယတန်း၊ သို့မဟုတ် တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးက ပုဒ်မခွဲ (၂) အရ အမိန့်ချမှတ်ခြင်းခံရသည့် တိုင်တန်းသူ၊ သို့မဟုတ် သတင်းပေးသူသည် အဆိုပါရာဇဝတ်တရားသူကြီးက ပြုလုပ်သည့် စစ်ဆေးစီရင်မှုတစ်ခုခု၌ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသကဲ့သို့ လျော်ကြေးပေးစေရန် အမိန့်နှင့်စပ်လျဉ်း၍ ယင်းအမိန့်ပေါ် အယူခံနိုင်ခွင့်ရှိသည်။

(၄) ပုဒ်မခွဲ (၃) အရ အယူခံနိုင်ခွင့်ရှိသော အမှုတစ်မှုတွင် တရားခံတစ်ဦးဦးအား လျော်ကြေးပေးစေရန် အမိန့်ချမှတ်ခဲ့လျှင် အယူခံလွှာတင်ရန် ခွင့်ပြုသည့်ကာလမကုန်ဆုံးမီ သို့မဟုတ် အယူခံလွှာတင်သွင်းခဲ့လျှင် ယင်းအယူခံလွှာအပေါ် စီရင်ဆုံးဖြတ်ခြင်းမပြုမီ လျော်ကြေးငွေကို တရားခံအား မပေးရ။ ထို့ပြင် ယင်းကဲ့သို့ အယူခံဝင်ခွင့်မရှိသည့် အမှုတစ်မှု၌ အဆိုပါအမိန့်မျိုးချမှတ်ခဲ့လျှင် အမိန့်ချမှတ်သည့်နေ့မှ တစ်လမကုန်မီ ယင်းလျော်ကြေးငွေကို မပေးရ။

## အခန်း ၂၁

### ဝရမ်းမှုများကို ရာဇဝတ်တရားသူကြီးတို့က စစ်ဆေးစီရင်ခြင်း

ဝရမ်းမှုများတွင် လိုက်နာရန်ကျင့်ထုံး။

၂၅၁။ ရာဇဝတ်တရားသူကြီးတို့က ဝရမ်းမှုများကို စစ်ဆေးစီရင်ရာ၌ အောက်ပါကျင့်ထုံးအတိုင်း လိုက်နာဆောင်ရွက်ရမည်။

တရားလိုဘက် သက်သေခံချက်။

၂၅၂။ (၁) ရာဇဝတ်တရားသူကြီးရှေ့သို့ တရားခံရောက်ရှိသည့်အခါ၊ သို့မဟုတ် တရားခံကို တင်ပို့သည့်အခါ ရာဇဝတ်တရားသူကြီးသည် တိုင်တန်းသူအား (ရှိခဲ့လျှင်) အကျိုးအကြောင်း စစ်ဆေးကြားနာရမည်။ ထို့ပြင် တရားလိုဘက်မှ တင်ပြသော သက်သေခံချက်ကို ရယူရမည်။ တရားခံက တိုင်တန်းသူ (ရှိခဲ့လျှင်) နှင့် တရားလိုပြသက်သေများကို ပြန်လှန်စစ်မေးခွင့် ရရှိစေရမည်။

သို့ရာတွင် တရားရုံးတစ်ရုံးက တရားလိုပြုလုပ်တိုင်တန်းသော မည်သည့်အမှုမျိုး၌မဆို လူတစ်ဦးတစ်ယောက်ကို တိုင်တန်းသူအဖြစ် စစ်ဆေးကြားနာရန် ရာဇဝတ်တရားသူကြီး၌ တာဝန်မရှိစေရ။

(၂) ရာဇဝတ်တရားသူကြီးသည် အမှုဖြစ်အကြောင်းခြင်းရာကို သိရှိပြီး တရားလိုဘက်မှ သက်သေခံနိုင်မည့်သူများကို တိုင်တန်းသူထံမှဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ သိရှိအောင်လုပ်ရမည့်အပြင် ၎င်းတို့အနက်မှ လိုအပ်သည်ဟု မိမိထင်မြင်သူများကို မိမိရှေ့မှောက်သို့လာရောက်သက်သေခံစေရန် သမ္မန်စာထုတ်ဆင့်ရမည်။ ထို့ပြင် တရားလိုဘက်အတွက် သက်သေခံရန် သမ္မန်စာဖြင့် ဆင့်ခေါ်ခြင်းခံရသူကို တရားခံဘက်မှ ပြန်လှန်စစ်မေးခွင့်ရရှိစေရမည်။

၂၅၃။ (၁) ပုဒ်မ ၂၅၂ တွင် ရည်ညွှန်းထားသော သက်သေခံချက်အားလုံးကို ရယူပြီးနောက်၊ ထို့ပြင် ရာဇဝတ်တရားသူကြီးက လိုအပ်သည်ဟုထင်မြင်၍ တရားခံကို စစ်ဆေးမေးမြန်းခြင်း (ရှိခဲ့လျှင်) ပြုပြီးနောက် ပြေလည်အောင် မချေဖျက်နိုင်ပါက ပြစ်မှုထင်ရှားစီရင်ခြင်းခံထိုက်သည့် အမှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိကြောင်း ရာဇဝတ်တရားသူကြီးက တွေ့ရှိလျှင် ယင်းတရားခံကို စွဲချက်မတင်မီ လွှတ်ရမည်။ တရားခံအား စွဲချက်မတင်မီ လွှတ်ခြင်း။

(၂) စွဲဆိုချက်သည် အခြေအမြစ်မရှိကြောင်း ရာဇဝတ်တရားသူကြီးက ယူဆလျှင် ယင်းသို့ယူဆသည့်အကြောင်း ရေးမှတ်၍ အမှု၏ရှေ့ပိုင်း မည်သည့်အဆင့်၌မဆို တရားခံအား စွဲချက်မတင်မီလွှတ်ခြင်းကို ဤပုဒ်မပါ မည်သည့်အချက်ကမျှ တားမြစ်သည်ဟု မမှတ်ယူရ။

၂၅၄။ ဆိုခဲ့သည့်အတိုင်း သက်သေခံချက်ကို ရယူခြင်း၊ တရားခံကို စစ်ဆေးခြင်းများပြုလုပ်ပြီးသည့်အခါတွင်ဖြစ်စေ၊ အမှု၏ရှေ့ပိုင်း မည်သည့်အဆင့်၌ဖြစ်စေ အကယ်၍ ရာဇဝတ်တရားသူကြီးက တရားခံမှာ ဤအခန်းအရ စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့်ပြစ်မှုကို ကျူးလွန်ခဲ့သည်ဟု ယူဆရန်အကြောင်းရှိနေသည်ဟု ထင်မြင်ပြီး မိမိက စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့်အပြင် ပြစ်ဒဏ်ကိုလည်း လုံလောက်စွာချမှတ်နိုင်သည်ဟု ထင်မြင်လျှင် ၎င်းတရားခံအပေါ် စွဲချက်တင်ရမည်။ ပြစ်မှု ထင်ရှားသည်ဟု ပေါ်ပေါက်လာလျှင် စွဲချက်တင်ရန်လိုခြင်း။

၂၅၅။ (၁) ထို့နောက် စွဲချက်ကို တရားခံအားဖတ်ပြပြီး ရှင်းပြရမည်။ ထို့ပြင် တရားခံအား အပြစ်ရှိ မရှိ၊ သို့မဟုတ် တစ်စုံတစ်ရာ ခုခံချေပရှင်းလင်းရန် ရှိ မရှိတို့ကို မေးမြန်းရမည်။ ဖြေကြားချက်။

(၂) တရားခံက ၎င်း၌အပြစ်ရှိကြောင်း ဖြေကြားလျှင် ယင်းဖြေကြားချက်ကို ရာဇဝတ်တရားသူကြီးက ရေးမှတ်ရမည်။ ထို့ပြင် ရာဇဝတ်တရားသူကြီးက မိမိသဘောအတိုင်း ၎င်းဖြေကြားချက်အရ တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်နိုင်သည်။

၂၅၅ က။ ပုဒ်မ ၂၂၁ ပုဒ်မခွဲ (၇) ပါ ပြဋ္ဌာန်းချက်အရ ပြစ်ချက်ဟောင်းရှိခဲ့ကြောင်း စွဲချက်တင်သည့်အမှုတွင် တရားခံက စွဲချက်၌စွပ်စွဲထားသည့်အတိုင်း မိမိတွင် ပြစ်ချက်ဟောင်းရှိခဲ့သည်ဟု ဝန်မခံသည့်အခါ ရာဇဝတ်တရားသူကြီးသည် တရားခံအပေါ် ပုဒ်မ ၂၅၅ ပုဒ်မခွဲ (၂) အရဖြစ်စေ၊ ပုဒ်မ (၂၅၈) အရဖြစ်စေ ပြစ်မှုထင်ရှားပြီးနောက် စွပ်စွဲထားသော ပြစ်ချက်ဟောင်းနှင့်စပ်လျဉ်း၍ သက်သေခံချက်ရယူနိုင်သည်။ ထို့နောက် ရရှိသည့်သက်သေခံချက်ကို ရေးမှတ်ထားရမည်။ ပြစ်ချက်ဟောင်းရှိသည့်အမှုတွင် လိုက်နာရန် ကျင့်ထုံး။

**ခုခံချေပခြင်း။**

၂၅၆။ အကယ်၍ တရားခံက ဖြေကြားရန် ငြင်းဆိုလျှင်၊ သို့မဟုတ် ဖြေကြားလျှင်၊ သို့မဟုတ် စစ်ဆေးစီရင်ရန် တောင်းဆိုလျှင် သက်သေခံချက်ရယူပြီးဖြစ်သည့် တရားလိုဘက်သက်သေ တစ်ဦးတစ်ယောက်ကို ပြန်လှန်စစ်မေးရန် ၎င်းတွင်ဆန္ဒ ရှိ မရှိ အကယ်၍ ပြန်လှန်စစ်မေးရန် ဆန္ဒရှိလျှင် မည်သည့်သက်သေကို ပြန်လှန်စစ်မေးလိုကြောင်း တရားခံအား ချက်ချင်းတင်ပြစေရမည်။ အကယ်၍ တရားခံက ယင်းကဲ့သို့ဆန္ဒရှိကြောင်း တင်ပြလာလျှင် ၎င်းက အမည်စာရင်းပေးထားသည့် သက်သေများကို ပြန်ခေါ်ပေးရမည်။ ပြန်လှန်စစ်မေးခြင်းနှင့် ထပ်မံစစ်မေးခြင်း (ရှိခဲ့လျှင်) များပြီးဆုံးသည့်အခါ ယင်းသက်သေများကို ပြန်လွှတ်လိုက်ရမည်။ ထို့နောက် ကျန်ရှိနေသေးသည့် တရားလိုဘက်သက်သေများ၏ သက်သေခံချက်များကို ရယူမည်။ ပြန်လှန်စစ်မေးခြင်းနှင့် ထပ်မံစစ်မေးခြင်း (ရှိခဲ့လျှင်) များ ပြီးဆုံးသည့်အခါ ၎င်းသက်သေများကို ရယူမည်။ ပြန်လှန်စစ်မေးခြင်းနှင့် ထပ်မံစစ်မေး ခြင်း (ရှိခဲ့လျှင်) များပြီးဆုံးသည့်အခါ ၎င်းသက်သေတို့ကိုလည်း ပြန်လွှတ်လိုက်ရမည်။ ထို့နောက် တရားခံကို ခုခံချေပစေရန် ဆင့်ဆိုရမည်။ အကယ်၍ တရားခံက ရေးသားလျှောက်ထားချက် တစ်စုံတစ်ရာတင်သွင်းလျှင် ယင်းတင်သွင်းသည့် ရေးသားလျှောက်ထားချက်ကို အမှုတွဲတွင် တွဲထားရမည်။

(၂) တရားခံက ခုခံချေပသည့်အခါ ၎င်းအတွက် ကိုယ်တိုင် သက်သေအဖြစ် အစစ်ခံရန်ဆန္ဒ ရှိ မရှိ မေးမြန်းရမည်။ ထို့ပြင် ရာဇဝတ်တရားသူကြီးက ပုဒ်မ ၃၄၂၊ ပုဒ်မခွဲ (၁) ပါ လိုအပ်ချက်များအတိုင်း တရားခံကို သတိပေးရမည်။ အကယ်၍ တရားခံက သက်သေခံချက်ပေးရန် တင်ပြလျှင် ၎င်း၏သက်သေခံချက်ကို ရယူမည်။ ပြန်လှန်စစ်မေးခြင်းနှင့်၊ ထပ်မံစစ်မေးခြင်း (ရှိခဲ့လျှင်) များပြီးဆုံးသည့်အခါ တရားခံဘက်သက်သေများ (ရှိခဲ့လျှင်) ၏ သက်သေခံချက်များကို ရယူရမည်။ အကယ်၍ တရားခံက သက်သေခံချက်ပေးရန်ငြင်းဆိုလျှင် တရားခံဘက်သက်သေများ၏ သက်သေခံချက်များကို ရယူပြီး ပုဒ်မ ၃၄၂၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ၎င်းကိုစစ်မေးရမည်။

**တရားခံလျှောက်ထားချက် အရ သက်သေခံချက် တင်ပြ စေရန် အတင်းအကြပ် ပြုလုပ်ခြင်း။**

၂၅၇။ (၁) တရားခံအနေဖြင့် မိမိဘက်မှ ချေပရမည့်အဆင့်သို့ ရောက်ရှိ၍ သက်သေတစ်ဦးတစ်ယောက်ကိုစစ်ဆေးရန်၊ သို့မဟုတ် ပြန်လှန်စစ်ဆေးရန်အတွက် ဆင့်ခေါ်ပေးရန်လည်းကောင်း၊ စာတမ်းအမှတ်အသားတစ်ခုခုကိုဖြစ်စေ၊ အခြားပစ္စည်းကိုဖြစ်စေ တင်ပြစေရန်အတွက် ဆင့်ဆိုပေးရန်လည်းကောင်း လျှောက်ထားခဲ့လျှင် ရာဇဝတ်တရားသူကြီးက ဆင့်စာထုတ်ပေးရမည်။ အကယ်၍ တရားခံက ယင်းသို့ဆင့်ဆိုပေးရန် လျှောက်ထားခြင်းမှာ အနှောင့်အယှက်ပြုရန်၊ သို့မဟုတ် ကြန့်ကြာစေရန်၊ သို့မဟုတ် တရားမျှတစွာဆုံးဖြတ်နိုင်ရေးကို ထိခိုက်စေရန်ကိစ္စအလို့ငှာ ပြုလုပ်သည်ဟု ယုံကြည်ပါက ယင်းလျှောက်ထားချက်ကို ရာဇဝတ်တရားသူကြီးက ငြင်းဆိုနိုင်သည်။ ထိုသို့ငြင်းဆိုသည့်အခါ မည်သည့်အတွက် ငြင်းဆိုရကြောင်းကို ရေးသားမှတ်တမ်းတင်ထားရမည်။

သို့ရာတွင် ယင်းသို့ဆင့်ခေါ်ပေးရမည့် သက်သေကို တရားခံက ပြန်လှန်မေးမြန်းပြီးဖြစ်လျှင်၊ သို့မဟုတ် စွဲချက်တင်ပြီးသည့်နောက်ပိုင်းကာလ၌ ယင်းသက်သေအား တရားခံက ပြန်လှန်မေးမြန်းရန် အခွင့်အရေးရခဲ့ပြီးဖြစ်လျှင် တရားမျှတစွာဆုံးဖြတ်နိုင်ရေးအတွက် ဆင့်ခေါ်စစ်ဆေးရန်လိုအပ်သည်ဟု ရာဇဝတတ်တရားသူကြီးက ယုံကြည်သည့်အခါမှတစ်ပါး ထိုသက်သေကို ဤပုဒ်မအရ ဆင့်ခေါ်ခြင်းမပြုရ။

(၂) ဆိုခဲ့သည့်လျှောက်ထားချက်အရ သက်သေတစ်စုံတစ်ယောက်ကို မဆင့်ခေါ်မီ စစ်ဆေးရန်ကိစ္စများအလို့ငှာ ၎င်းသက်သေလာရောက်ရသည့်အတွက် သင့်လျော်သည့်ကုန်ကျမည့်စရိတ်များကို တရားရုံးသို့တင်ထားစေရန် ရာဇဝတ်တရားသူကြီးက ဆင့်ဆိုနိုင်သည်။

**အမှုမှ အပြီးအပြတ်လွှတ်ခြင်း။**

၂၅၈။ (၁) ဤအခန်းအရ စွဲချက်တင်ပြီးဖြစ်သည့် မည်သည့်အမှုတွင်မဆို တရားခံ၌ အပြစ်မရှိကြောင်း ရာဇဝတ်တရားသူကြီးကတွေ့ရှိလျှင် ၎င်းတရားခံအား အမှုမှအပြီးအပြတ်လွှတ်သည့်အမိန့်ကို ရေးသားချမှတ်ရမည်။

(၂) ဤအခန်းအရ မည်သည့်အမှု၌မဆို ရာဇဝတ်တရားသူကြီးက ပုဒ်မ ၃၄၉၊ သို့မဟုတ် ပုဒ်မ ၅၆၂ ပါပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်းမပြုသည့်အခါ အကယ်၍ တရားခံ၌အပြစ်ရှိကြောင်း တွေ့ရှိလျှင် တရားခံအပေါ် ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ရမည်။ ပြစ်မှုထင်ရှားစီရင်ခြင်း။

၂၅၉။ တိုင်တန်းချက်အရ အမှုစွဲဆိုခြင်းဖြစ်ပြီး အမှုကြားနာရန် ချိန်းဆိုသည့်နေ့တွင် တိုင်တန်းသူမလာရောက်သည့်အပြင် ပြစ်မှုမှာလည်း တရားဥပဒေအရ ကျေအေးခွင့်ရနိုင်သည့် ပြစ်မှုဖြစ်နေလျှင်၊ သို့မဟုတ် ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုမဟုတ်လျှင် အထက်တွင် မည်သို့ပင်ပါရှိစေကာမူ စွဲချက်မတင်မီ မည်သည့်အချိန်တွင်မဆို ရာဇဝတ်တရားသူကြီးသည် မိမိသဘောအတိုင်း တရားခံကို စွဲချက်မတင်မီ လွှတ်နိုင်သည်။ တိုင်တန်းသူမလာရောက်ခြင်း။

## အခန်း ၂၂

## အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ခြင်းများ

၂၆၀။ (၁) ဤဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ – အကျဉ်းစစ်ဆေးစီရင်ခွင့်အာဏာ။

(က) ခရိုင်ရာဇဝတ်တရားသူကြီး၊

(ခ) ဤကိစ္စအတွက် နိုင်ငံတော်သမ္မတက အထူးအားဖြင့် အာဏာအပ်နှင်းခြင်းခံရသော ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦးဦးနှင့်

(ဂ) ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး၏ အာဏာရရှိပြီး နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ အထူးအားဖြင့် အာဏာအပ်နှင်းခြင်းခံရသော ခုံရုံးထိုင် ရာဇဝတ်တရားသူကြီးများ

သည် မိမိ၊ သို့မဟုတ် မိမိတို့သင့်သည်ထင်မြင်လျှင် အောက်ပါပြစ်မှုများအနက် အားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည် –

(က) သေဒဏ်ဖြစ်စေ၊ တစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်ပိုသော ထောင်ဒဏ်ဖြစ်စေ ပြစ်ဒဏ်စီရင်ခွင့်မရှိသော ပြစ်မှုများ၊

(ခ) ခိုးယူသည့်ပစ္စည်း၏ တန်ဖိုးသည် ကျပ်တစ်ရာထက်မပိုသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉၊ ၃၈၀၊ သို့မဟုတ် ၃၈၁ အရ ခိုးမှုများ၊

(ဂ) အလွဲသုံးစားပြုသည့်ပစ္စည်း၊ သို့မဟုတ် ပြောင်းလဲလိုက်သည့် ပစ္စည်း၏တန်ဖိုးသည် ကျပ်တစ်ရာထက်မပိုသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၃ အရ မရိုးမဖြောင့်သောသဘောဖြင့် ပစ္စည်းအလွဲသုံးစားပြုမှုနှင့် ယင်းဥပဒေပုဒ်မ ၄၀၆ အရ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုများ၊

(ဃ) ပစ္စည်းတန်ဖိုး ကျပ်တစ်ရာထက်မပိုသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၁ အရ ခိုးရာပါပစ္စည်းလက်ခံမှုနှင့် ယင်းဥပဒေပုဒ်မ ၄၁၄ အရ ခိုးရာပါပစ္စည်းကိုဝှက်သိမ်းရာတွင် ကူညီမှု၊ သို့မဟုတ် ယင်းပစ္စည်းကိုထုခွဲရာတွင် ကူညီမှုများ၊

(င) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ အရ အကျိုးဖျက်ဆီးမှုများ၊

(စ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၁၊ ၄၅၃၊ ၄၅၄၊ ၄၅၆ နှင့် ၄၅၇ အရ ပြစ်မှုများ၊

(ဆ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၄ အရ ငြိမ်ဝပ်ရေးပျက်ပြားစေရန်အကြံဖြင့် စော်ကားမှုနှင့် ပုဒ်မ ၅၀၆ အရ ပြစ်မှုမကင်းသောခြောက်လှန့်မှုများ၊

(ဇ) အထက်ကဆိုခဲ့သည့်ပြစ်မှုများအနက် ပြစ်မှုတစ်စုံတစ်ရာကို အားပေးကူညီမှုများ၊

(ဈ) အထက်ဆိုခဲ့သည့်ပြစ်မှုများအနက် ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ရန်အားထုတ်မှုသည် ပြစ်မှုမြောက်သောအခါ ယင်းပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ရန် အားထုတ်မှုများ၊

(ည) ကျွဲ၊ နွား တိရစ္ဆာန်ကျော်နင်းဝင်ရောက်ခြင်း အက်ဥပဒေပုဒ်မ ၂၀ အရ ပြစ်မှုများ၊

သို့ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄ အရ အပ်နှင်းထားသော အထူးအာဏာများကို ရာဇဝတ်တရားသူကြီးက သုံးစွဲသည့် မည်သည့်အမှုတွင်မဆို အကျဉ်းနည်းဖြင့် မစစ်ဆေးရ။

(၂) အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နေစဉ်အတွင်း အမှုမှာ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ရန်မသင့်သည့် အမှုဟု ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ ခုံရုံးကဖြစ်စေ ယူဆလျှင် ၎င်းရာဇဝတ်တရားသူကြီးသည်၊ သို့မဟုတ် ခုံရုံးသည် စစ်ဆေးပြီးသော မည်သည့်သက်သေကိုမဆို ပြန်ခေါ်ရမည့်အပြင် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ပြန်လည်စစ်ဆေးရမည်။

၂၆၁။ ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီး အာဏာများအပ်နှင်းခံရသည့် မည်သည့်ခုံရုံးထိုင် ရာဇဝတ်တရားသူကြီးကိုမဆို အောက်ပါပြစ်မှုများကိုဖြစ်စေ၊ ၎င်းတို့အနက် တစ်စုံတစ်ရာကိုဖြစ်စေ အကျဉ်းနည်းစစ်ဆေးစီရင်နိုင်ရန် နိုင်ငံတော်သမ္မတက အာဏာအပ်နှင်းနိုင်သည် - (အာဏာအနည်းငယ်မျှသာ အပ်နှင်းခဲ့ရသော ခုံရုံးထိုင် ရာဇဝတ်တရားသူကြီးများသို့အပ်နှင်းသည့် အာဏာ။)

(က) သေဒဏ်ဖြစ်စေ၊ တစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ သုံးလထက်ပိုသော ထောင်ဒဏ်ဖြစ်စေ ပြစ်ဒဏ်စီရင်ခွင့်မရှိသောပြစ်မှုများ၊

(ခ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၆၄၊ ၂၆၅၊ ၂၆၆၊ ၂၆၉၊ ၂၇၁၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ ၂၇၅၊ ၂၇၆၊ ၂၇၉၊ ၂၈၀၊ ၂၈၂၊ ၂၈၄၊ ၂၈၅၊ ၂၈၆၊ ၂၈၉၊ ၂၉၀၊ ၂၉၁၊ ၂၉၂၊ ၂၉၃၊ ၂၉၄၊ ၃၂၃၊ ၃၃၇၊ ၃၄၂၊ ၃၅၂၊ ၄၂၆၊ ၄၄၈ နှင့် ၅၀၄ အရ ကျူးလွန်သည့်ပြစ်မှုများ၊

(ဂ) ခိုးယူသည့်ပစ္စည်း၏တန်ဖိုးသည် ကျပ်ငါးဆယ်ထက်မပိုသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉၊ သို့မဟုတ် ၃၈၀ အရ ခိုးမှုများ၊

( ဃ ) အလွဲသုံးစားပြုသည့် ပစ္စည်း၏တန်ဖိုးသည် ကျပ်ငါးဆယ်ထက်မပိုသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၃ အရ မရိုးမဖြောင့်သောသဘောဖြင့် ပစ္စည်းအလွဲသုံးစားပြုမှု၊

( င ) ပစ္စည်းတန်ဖိုး ကျပ်ငါးဆယ်ထက်မပိုသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၁ အရ ခိုးရာပါပစ္စည်းလက်ခံမှု၊ သို့မဟုတ် ဆက်လက်ထားရှိမှုနှင့် ယင်းဥပဒေပုဒ်မ ၄၁၄ အရ ခိုးရာပါပစ္စည်းဝှက်သိမ်းရာတွင် ကူညီမှု၊ သို့မဟုတ် ယင်းပစ္စည်းကိုထုခွဲရာတွင် ကူညီမှုများ၊

( စ ) အထက်ဆိုခဲ့သည့် ပြစ်မှုများအနက် ပြစ်မှုတစ်စုံတစ်ရာကို အားပေးကူညီမှုများ၊

( ဆ ) အထက်ဆိုခဲ့သည့်ပြစ်မှုများအနက် ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်အားထုတ်မှုသည် ပြစ်မှုမြောက်သောအခါ ယင်းပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ရန်အားထုတ်မှုများ။

၂၆၂။ (၁) အောက်တွင်ဖော်ပြပါရှိသည့် အချက်မှတစ်ပါး ဤအခန်းအရ စစ်ဆေးစီရင်မှုများတွင် သမ္မန်မှုများအတွက် သတ်မှတ်ထားသောကျင့်ထုံးကို သမ္မန်မှုများတွင် လိုက်နာရမည်ဖြစ်ပြီး ဝရမ်းမှုများအတွက် သတ်မှတ်ထားသော ကျင့်ထုံးကို ဝရမ်းမှုများတွင် လိုက်နာရမည်။ သမ္မန်မှုနှင့်ဝရမ်းမှုများတွင် လိုက်နာရန် ကျင့်ထုံးနှင့်သက်ဆိုင်စေခြင်း။

(၂) ဤအခန်းအရ ချမှတ်သည့် မည်သည့် ပြစ်မှုထင်ရှားစီရင်ခြင်းတွင်မဆို ခြောက်လထက်ပိုသော မည်သည့်ထောင်ဒဏ်စီရင်ချက်ကိုမျှ မချမှတ်ရ။ ထောင်ဒဏ်ကို ကန့်သတ်ခြင်း။

၂၆၃။ အယူခံဝင်ခွင့်မရှိသော အမှုများတွင် ရာဇဝတ်တရားသူကြီးများသည်၊ သို့မဟုတ် ခုံရုံးထိုင်ရာ ရာဇဝတ်တရားသူကြီးများသည် သက်သေခံချက်များကို ရေးမှတ်ရန်၊ သို့မဟုတ် နည်းလမ်းတကျစွဲချက်တင်ရန်မလို။ သို့သော်လည်း နိုင်ငံတော်သမ္မတက ညွှန်ကြားသည့်အတိုင်း သတ်မှတ်ထားသည့်ပုံစံတွင် အောက်ပါအကြောင်းအရာများကို ဖြည့်သွင်းရမည် – အယူခံခွင့် မရှိသော အမှုများတွင် မှတ်တမ်းတင်ခြင်း။

( က ) အမှုနံပါတ်၊

( ခ ) ပြစ်မှုကျူးလွန်သည့်နေ့ရက်၊

( ဂ ) အစီရင်ခံသည့်နေ့ရက်၊ သို့မဟုတ် တိုင်တန်းသည့်နေ့ရက်၊

( ဃ ) တိုင်တန်းသူ၏အမည် (ရှိခဲ့လျှင်)

( င ) တရားခံ၏အမည်၊ မိဘအမည်နှင့် နေရပ်လိပ်စာ

( စ ) တိုင်တန်းသည့်ပြစ်မှုနှင့် ပြစ်မှုတစ်စုံတစ်ရာထင်ရှားလျှင်လည်း ထင်ရှားသည့်ပြစ်မှု၏အမည်၊ ပုဒ်မ ၂၆၀၊ ပုဒ်မခွဲ (၁) ၏ အပိုဒ် (ခ)၊ အပိုဒ် (ဂ)၊ သို့မဟုတ် အပိုဒ် (ဃ) နှင့်စပ်လျဉ်းသော အမှုများဖြစ်လျှင်၊ သို့မဟုတ် ပုဒ်မ ၂၆၁ ၏ အပိုဒ် (ဂ)၊ အပိုဒ် (ဃ)၊ သို့မဟုတ် အပိုဒ် (င) နှင့်သက်ဆိုင်သောပြစ်မှုဖြစ်လျှင် ကျူးလွန်သည့်အမှုနှင့်သက်ဆိုင်သည့် ပစ္စည်း၏တန်ဖိုး၊

( ဆ ) တရားခံ၏ ထုချေချက်နှင့် ၎င်းအားစစ်မေးချက် (ရှိခဲ့လျှင်)

( ဓ ) တွေ့ရှိချက်နှင့် ပြစ်မှုထင်ရှားစီရင်ခဲ့လျှင် ယင်းကဲ့သို့ စီရင်ရသည့် အကျဉ်းဖော်ပြသည့်မှတ်ချက်။

( ဈ ) ပြစ်ဒဏ်၊ သို့မဟုတ် အပြီးသတ်ချမှတ်သည့် အခြားအမိန့်နှင့်၊

( ည ) အမှုဆုံးခန်းတိုင်ရောက်သည့်နေ့ရက်။

၂၆၄။ (၁) ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ ခုံရုံးကဖြစ်စေ အကျဉ်းနည်းဖြင့် စစ်ဆေး စီရင်သည့် အယူခံခွင့်ရှိသောအမှုတိုင်းတွင် အဆိုပါရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ခုံရုံးသည် ပြစ်ဒဏ်မချမှတ်မီ သက်သေခံချက်အကျဉ်းချုပ်နှင့်တကွ ပုဒ်မ ၂၆၃ ပါအကြောင်းအရာများကို ထည့်သွင်း၍ စီရင်ချက်ရေးမှတ်ရမည်။ အယူခံခွင့် ရှိသော အမှုများတွင် မှတ်တမ်းတင်ခြင်း။

(၂) ဤပုဒ်မနှင့်သက်ဆိုင်သောအမှုတွင် အဆိုပါ စီရင်ချက်တစ်ခုတည်းသာ အမှုမှတ်တမ်းဖြစ်စေရမည်။

၂၆၅။ (၁) ပုဒ်မ ၂၆၃ အရ ပြုလုပ်သည့် အမှုမှတ်တမ်းများနှင့် ပုဒ်မ ၂၆၄ အရ ရေးမှတ်သည့် စီရင်ချက်များကို ရာဇဝတ်တရားသူကြီးက ရုံးသုံးဘာသာစကားဖြင့် ရေးသားပြီး ၎င်းကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။ အမှုမှတ်တမ်းနှင့် စီရင်ချက်များအတွက် ဘာသာစကား။

(၂) ပြစ်မှုများကို အကျဉ်းနည်းစစ်ဆေးစီရင်ရန် အာဏာရသည့် မည်သည့် ခုံရုံးထိုင် ရာဇဝတ်တရားသူကြီးများကိုမဆို အမှုမှတ်တမ်းကိုဖြစ်စေ၊ စီရင်ချက်ကိုဖြစ်စေ ခရိုင်ရာဇဝတ်တရားသူကြီးက ဤကိစ္စအလို့ငှာ ခန့်ထားသူ စာရေးဝန်ထမ်းကရေးသားနိုင်ရန် နိုင်ငံတော်သမ္မတက အာဏာအပ်နှင်းနိုင်သည်။ ထိုကဲ့သို့ ရေးသားသည့် အမှုမှတ်တမ်း၊ သို့မဟုတ် စီရင်ချက်တို့ကို အမှုစစ်ဆေးစီရင်ရာတွင် ပါဝင်သူ ခုံရုံးအဖွဲ့ဝင်တို့က လက်မှတ်ရေးထိုးကြရမည်။ ခုံရုံးများက စာရေးဝန်ထမ်း ခန့်ထားရန် အာဏာအပ်နှင်းခြင်း။

(၃) ဆိုခဲ့သည့်အတိုင်း အခွင့်အာဏာအပ်နှင်းခြင်း မရှိလျှင် ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးက အမှုမှတ်တမ်းရေးသားပြီး လက်မှတ်ထိုးထားသည့် မှတ်တမ်းများမှာ သင့်လျော်သောမှတ်တမ်းဖြစ်စေရမည်။

(၄) ခုံရုံးအဖွဲ့ဝင်များ သဘောမညီညွတ် ကွဲပြားကြလျှင် သဘောမတူသည့် အဖွဲ့ဝင်မည်သူကမဆို သီးခြားစီရင်ချက်ရေးသားခွင့်ရသည်။

လ-ခ ၆၁၃၊ ဒုတိယရဲမှူးကြီး ဝင်းဖေခိုင်
ဒုတိယညွှန်ကြားရေးမှူး (တာဝန်/စီမံ)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

## အခန်း (၂၃)

## တရားလွှတ်တော်နှင့် စက်ရှင်တရားရုံးများ၌ စစ်ဆေးစီရင်သည့် အမှုများ

### က။ နိဒါန်း

၂၆၆။ × × × ×
× × × ×

၂၆၇။ တရားလွှတ်တော်၌ ဤအခန်းအရ စစ်ဆေးစီရင်မှုများကို ဂျူရီလူကြီးများဖြင့် စစ်ဆေးစီရင်ရမည်။ ထို့ပြင် ဤဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ တရားလွှတ်တော်သို့ လွှဲအပ်သည့် ရာဇဝတ်မှုအားလုံးကို တရားလွှတ်တော်က ညွှန်ကြားလျှင် ဂျူရီလူကြီးများဖြင့် စစ်ဆေးစီရင်နိုင်သည်။

တရားလွှတ်တော်၌ စစ်ဆေးစီရင်သည့် အမှုများကို ဂျူရီဖြင့် စစ်ဆေးစီရင်ရခြင်း။

၂၆၈။ × × × ×
× × × ×

၂၆၉။ (၁) မည်သည့် ခရိုင်အတွင်းရှိသည့် စက်ရှင်တရားရုံးတစ်ရုံးကမဆို ပြစ်မှုအားလုံးကိုဖြစ်စေ၊ သတ်မှတ်ထားသည့် ပြစ်မှုအမျိုးအစားကိုဖြစ်စေ စစ်ဆေးစီရင်ရာတွင် ဂျူရီလူကြီးများဖြင့် စစ်ဆေးရမည်ဟူ၍ နိုင်ငံတော်သမ္မတက ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ညွှန်ကြားနိုင်သည်။ ထို့ပြင် ယင်းအမိန့်ကို ပြန်လည်ရုပ်သိမ်း၊ သို့မဟုတ် ပြင်ဆင်နိုင်သည်။

(၂) မည်သည့်ခရိုင်အတွင်း မည်သည့်ပြစ်မှုကိုမဆို ဂျူရီလူကြီးဖြင့် စစ်ဆေးစီရင်ရသည့်ကိစ္စတွင် တရားသူကြီးက လျှောက်ထားလျှင်ဖြစ်စေ၊ မိမိအလိုအလျောက်ဖြစ်စေ နိုင်ငံတော်သမ္မတသည် အလားတူအမိန့်မျိုးဖြင့် အဆိုပါပြစ်မှုများကို အထူးဂျူရီစာရင်းမှ ဆင့်ဆိုသည့် ဂျူရီလူကြီးများဖြင့် စစ်ဆေးစီရင်ရန် ညွှန်ကြားနိုင်သည်။ ထို့ပြင် ယင်းအမိန့်ကို ပြန်လည်ရုပ်သိမ်း၊ သို့မဟုတ် ပြင်ဆင်နိုင်သည်။

(၃) စစ်ဆေးစီရင်မှုတစ်ခုတည်းတွင် တရားခံအပေါ်၌ ပြစ်မှုအများဖြင့် စွဲချက်တင်ရာတွင် ၎င်းပြစ်မှုများအနက် အချို့ ထိုဂျူရီလူကြီးများဖြင့် စစ်ဆေးစီရင်ခွင့်ရှိပြီး အချို့ကို စစ်ဆေးစီရင်ခွင့်မရှိလျှင် ၎င်းတရားခံကို ဂျူရီလူကြီးများဖြင့် စစ်ဆေးစီရင်ခွင့်ရှိသည့် ပြစ်မှုများအတွက် ဂျူရီလူကြီးများဖြင့် စစ်ဆေးစီရင်၍ ဂျူရီလူကြီးများဖြင့် စစ်ဆေးစီရင်ခွင့်မရှိသည့် ပြစ်မှုများအတွက် စက်ရှင်တရားရုံးက စစ်ဆေးစီရင်ရမည်။

စက်ရှင်တရားရုံး၌ စစ်ဆေးစီရင်သည့်အမှုများကို ဂျူရီဖြင့် စစ်ဆေး စီရင်ရန် သမ္မတက ညွှန်ကြားနိုင်ခြင်း။

၂၇၀။ စက်ရှင်တရားရုံး၌ စစ်ဆေးစီရင်မှုအားလုံးတွင် တရားလိုအတွက် အစိုးရရှေ့နေက လိုက်ပါဆောင်ရွက်ရမည်။

စက်ရှင်တရားရုံး၌ စစ်ဆေးစီရင်သော အမှုများတွင် အစိုးရရှေ့နေက လိုက်ပါဆောင်ရွက်ရခြင်း။

### ခ။ အမှုများစတင်ဆောင်ရွက်ခြင်း

*စစ်ဆေးစီရင်မှုစတင်ခြင်း။*

၂၇၁။ (၁) စစ်ဆေးစီရင်မှုစတင်ရန် တရားရုံးက အဆင့်သင့်ဖြစ်သည့်အခါ တရားရုံးရှေ့သို့ တရားခံရောက်ရှိရမည်၊ သို့မဟုတ် ၎င်းကိုတင်ပို့ရမည်။ ထို့နောက် စွဲချက်ကို တရားရုံးရှေ့တွင် ဖတ်ပြပြီး တရားခံအား ရှင်းပြရမည့်အပြင် စွဲချက်တင်ထားသည့်ပြစ်မှုနှင့်စပ်လျဉ်း၍ အပြစ်ရှိ မရှိ၊ သို့မဟုတ် စစ်ဆေးစီရင်ခံရန် တောင်းဆိုလိုသည် မလိုသည်ကို တရားခံအား မေးမြန်းရမည်။

*အပြစ်ရှိကြောင်းဖြေကြားခြင်း။*

(၂) တရားခံက အပြစ်ရှိသည်ဟု ဖြေကြားလျှင် ထိုဖြေကြားချက်ကို မှတ်တမ်းတင်ပြီး တရားခံအပေါ် ၎င်းဖြေကြားချက်အရ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

*ဖြေကြားရန်ငြင်းဆိုလျှင်၊ သို့မဟုတ် စစ်ဆေးစီရင်ခံရန်တောင်းဆိုလျှင် ဂျူရီတစ်ခုတည်းနှင့်ပင် တရားခံဦးရေမည်မျှကိုမဆို စစ်ဆေးစီရင်ခြင်း။*

၂၇၂။ တရားခံက အပြစ်ရှိသည်ဟု ဖြေကြားရန်ငြင်းဆိုလျှင်၊ သို့မဟုတ် မဖြေကြားလျှင်၊ သို့မဟုတ် စစ်ဆေးစီရင်ရန်တောင်းဆိုလျှင် တရားရုံးက (ဂျူရီနှင့်စစ်ဆေးထိုက်သည့်အမှုဖြစ်လျှင်) ဤမှနောက်တွင် ညွှန်ကြားထားသည့်အတိုင်း ဂျူရီလူကြီးများကိုရွေးချယ်ပြီး အမှုကိုစစ်ဆေးစီရင်ရမည်။ သို့ရာတွင် အောက်တွင်ဖော်ပြပါရှိသည့်အတိုင်း သဘောမတူကြောင်း ငြင်းဆိုပိုင်ခွင့်ကို အထောက်အထားပြု၍ တရားရုံးက ထင်မြင်သည့်အတိုင်း တရားခံဦးရေ မည်မျှကိုမဆို ဂျူရီလူကြီးဘစ်ခုတည်းနှင့်ပင် ဆက်လက်စစ်ဆေးနိုင်သည်။

*အတည်မပြုနိုင်သည့်စွဲချက်များအပေါ် မှတ်ချက်ရေးသားခြင်း။*

၂၇၃။ (၁) တရားလွှတ်တော်၌ စစ်ဆေးစီရင်မှုတွင် စွဲချက်တင်ခံရသူကို စ၍စစ်ဆေးခြင်း မပြုမီ မည်သည့်အခါတွင်မဆို၊ စွဲချက်၊ သို့မဟုတ် စွဲချက်ပါ မည်သည့်အစိတ်အပိုင်းကိုမဆို အတည်မပြုနိုင်ကြောင်း ထင်ရှားသည်ဟု တရားလွှတ်တော်က ယူဆသည့်အခါ ထိုစွဲချက်ပေါ်တွင် အတည်မပြုနိုင်သည့်အကြောင်း တရားသူကြီးက မှတ်ချက်ရေးသားရမည်။

*မှတ်ချက်ရေးသားခြင်း၏အကျိုး။*

(၂) ထိုကဲ့သို့ မှတ်ချက်ရေးသားခြင်းကြောင့် စွဲချက်ကို အကြောင်းပြု၍ဖြစ်စေ၊ စွဲချက်ပါ မည်သည့်အစိတ်အပိုင်းကိုမဆို အကြောင်းပြု၍ဖြစ်စေ မှုခင်းကိစ္စများကို ဆိုင်းငံ့စေရာရောက်သည်။

### ဂ။ ဂျူရီရွေးချယ်ခြင်း

*ဂျူရီ အရေအတွက်။*

၂၇၄။ (၁) တရားလွှတ်တော်တွင် စစ်ဆေးစီရင်မှုများ၌ ဂျူရီတွင် ပုဂ္ဂိုလ်ကိုးဦးပါဝင်စေရမည်။

(၂) နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသည့် မည်သည့်ခရိုင်တွင်မဆို၊ သို့မဟုတ် ထိုခရိုင်အတွင်း သတ်မှတ်ထားသည့် မည်သည့်ပြစ်မှုအမျိုးအစားများကိုမဆို စက်ရှင်တရားရုံး၌ ဂျူရီနှင့်စစ်ဆေးစီရင်သည့် အမှုများတွင် ငါးဦးထက်မနည်း ကိုးဦးထက်မပိုသော မဂဏန်းအရေအတွက် ရှိစေရမည်ဟု နိုင်ငံတော်သမ္မတက ညွှန်ကြားနိုင်သည်။

သို့ရာတွင် တရားခံကို သေဒဏ်ထိုက်သောပြစ်မှုနှင့် စွဲချက်တင်ထားလျှင် ဂျူရီတွင် ပုဂ္ဂိုလ်ခုနစ်ဦးထက်မနည်း ပါဝင်စေရမည်။

၂၇၅။ × × × ×

× × × ×

၂၇၆။ တရားလွှတ်တော်က အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေနှင့် ညွှန်ကြားသည့်နည်းလမ်းများအရ ဂျူရီလူကြီးများကို ဂျူရီလူကြီးများအဖြစ် ဆောင်ရွက်ရန် ဆင့်ဆိုထားသည့် ပုဂ္ဂိုလ်များအနက်မှ မဲဖြင့်ရွေးချယ်ရမည်။ ဂျူရီလူကြီးများကို မဲဖြင့်ရွေးချယ်ရခြင်း။

သို့ရာတွင်

ပထမ ဤပုဒ်မအရ မည်သည့်တရားရုံးအတွက်မဆို နည်းဥပဒေများ ထုတ်ပြန်ခြင်းမရှိသေးမီ ဂျူရီရွေးချယ်ခြင်းနှင့်ပတ်သက်၍ ထိုတရားရုံးက လောလောဆယ် လုပ်ဆောင်ချက်များအတိုင်း လိုက်နာရမည်။ လက်ရှိ ဆောင်ရွက်ချက်များကို ဆက်လက်ထားရှိခြင်း။

ဒုတိယ ဆင့်ဆိုထားသော ပုဂ္ဂိုလ်များ နည်းပါးနေသည့်ကိစ္စတွင် ရောက်ရှိနေသော ပုဂ္ဂိုလ်များအနက်မှ လိုအပ်သည့် ဂျူရီလူကြီးအရေအတွက်ကို တရားရုံး၏ခွင့်ပြုချက်ခြင်း ရွေးချယ်နိုင်သည်။ ဆင့်ဆိုထားခြင်းမခံရသည့်ပုဂ္ဂိုလ်များ မည်သည့်အခါ ပါဝင်နိုင်ခြင်း။

တတိယ ရန်ကုန်မြို့တော်ရှိ တရားလွှတ်တော်၌ စစ်ဆေးစီရင်မှုများတွင် – အထူး ဂျူရီလူကြီးများရှေ့တွင် စစ်ဆေးစီရင်မှု။

(က) တရားခံကို သေဒဏ်ထိုက်သောပြစ်မှုဖြင့် စွဲချက်တင်ထားလျှင်၊ သို့မဟုတ်

(ခ) အခြားကိစ္စများတွင် တရားလွှတ်တော် တရားသူကြီးတစ်ဦးက ညွှန်ကြားခဲ့လျှင် အောက်တွင်သတ်မှတ်ထားသည့်အတိုင်း ဂျူရီလူကြီးများကို အထူးဂျူရီစာရင်းမှ ရွေးချယ်ရမည်။ ထို့ပြင်

စတုတ္ထ အထူးဂျူရီဖြင့် သီးခြားအမှုများကို စစ်ဆေးစီရင်ရန် နိုင်ငံတော်သမ္မတက သတ်မှတ်ထားသည့် မည်သည့်ခရိုင်တွင်မဆို တရားသူကြီးက ညွှန်ကြားသည့်အခါ ဂျူရီလူကြီးများကို ပုဒ်မ ၃၂၅ တွင် သတ်မှတ်ထားသည့် အထူးဂျူရီစာရင်းမှ ရွေးချယ်ရမည်။

၂၇၇။ (၁) ဂျူရီလူကြီးတစ်ဦးချင်းရွေးချယ်ရာတွင် ၎င်း၏အမည်ကို ကျယ်လောင်စွာခေါ်ရမည့်အပြင် ၎င်းရောက်ရှိလာပါက ထိုဂျူရီလူကြီးဖြင့် စစ်ဆေးစီရင်ခြင်းကို ကန့်ကွက်ရန် ရှိ မရှိ တရားခံအား မေးမြန်းရမည်။ ဂျူရီလူကြီးများ၏ အမည်များကို ခေါ်ရခြင်း။

(၂) အဆိုပါဂျူရီလူကြီးကို ကန့်ကွက်ကြောင်း တရားခံ၊ သို့မဟုတ် တရားလိုဘက် အမှုလိုက်အရာရှိမှ တင်ပြလာလျှင် ကန့်ကွက်သည့်အကြောင်းပြချက်များကို ဖော်ပြစေရမည်။ ဂျူရီလူကြီးများကို ကန့်ကွက်ခြင်း။

သို့ရာတွင် တရားလွှတ်တော်တွင် အစိုးရအတွက် ရှစ်ဦးအထိလည်းကောင်း၊ တရားခံ၊ သို့မဟုတ် စွဲချက်တင်ထားခံရသည့် တရားခံအားလုံးအတွက် ရှစ်ဦးအထိလည်းကောင်း အကြောင်းပြချက်များမဖော်ပြသည့် ကန့်ကွက်ချက်ကို လက်ခံနိုင်သည်။ အကြောင်း ပြချက်များ မဖော်ပြဘဲ ကန့်ကွက်ခြင်း။

၂၇၈။ ဂျူရီလူကြီးတစ်ဦးအပေါ် အောက်ဖော်ပြပါ အကြောင်းပြချက်များဖြင့် ကန့်ကွက်ခဲ့ပြီး တရားရုံးက ထိုကန့်ကွက်ချက်များကို ကျေနပ်ခဲ့လျှင် ကန့်ကွက်ချက်ကို ခွင့်ပြုရမည် – ကန့်ကွက်ရန် အကြောင်း ပြချက်များ။

(က) ဂျူရီလူကြီးတစ်ဦးအပေါ် ဘက်လိုက်မှုရှိကြောင်း ထင်မြင်ယူဆခြင်း၊ သို့မဟုတ် အမှန်တကယ်ဘက်လိုက်မှုရှိခြင်း၊

(ခ) နိုင်ငံခြားသားဖြစ်ခြင်း၊ တည်ဆဲဥပဒေ၊ သို့မဟုတ် ဥပဒေကဲ့သို့ အာဏာရှိသော နည်းဥပဒေတစ်ရပ်ရပ်အရ လိုအပ်သည့် အရည်အချင်း ချို့တဲ့ခြင်း၊ သို့မဟုတ် အသက်နှစ်ဆယ့်တစ်နှစ်အောက်ဖြစ်ခြင်း၊ သို့မဟုတ် အသက်ခြောက်ဆယ်အထက်ဖြစ်ခြင်း စသည့် ပုဂ္ဂိုလ်ရေး အကြောင်းပြချက်များ၊

(ဂ) ၎င်း၏အလေ့အထအရဖြစ်စေ၊ ဘာသာရေးကတိသစ္စာပြုချက်အရ ဖြစ်စေ လူမှုရေးကိစ္စရပ်များကို စွန့်လွှတ်ထားခြင်း၊

(ဃ) တရားရုံး၊ သို့မဟုတ် ထိုတရားရုံး၏လက်အောက် ရုံးတစ်ရုံးတွင် အလုပ်လုပ်ကိုင်လျက်ရှိခြင်း၊

(င) ပြည်သူ့ရဲတာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်း၊ သို့မဟုတ် ပြည်သူ့ ရဲတာဝန်ဝတ္တရားများ အပ်နှင်းခံထားရခြင်း၊

(စ) ၎င်းကျူးလွန်ခဲ့သော ပြစ်မှုတစ်စုံတစ်ရာကြောင့် ဂျူရီအဖြစ် ဆောင် ရွက်ရန်မသင့်တော်ကြောင်း တရားရုံးကထင်မြင်ယူဆခြင်း၊

(ဆ) သက်သေခံချက်ရယူသည့်ဘာသာစကားကို၊ သို့မဟုတ် ထိုသက်သေခံ ချက်ကို ဘာသာပြန်ဆိုပေးသည့် ဘာသာပြန်ဆိုချက်ဘာသာစကား ကို နားလည်နိုင်စွမ်းမရှိခြင်း၊

(ဇ) အခြားအမှုအဖြစ်အပျက်အကြောင်းအရာ တစ်စုံတစ်ရာအရ ဂျူရီ လူကြီးအဖြစ် မသင့်တော်ကြောင်း တရားရုံးက ထင်မြင်ယူဆခြင်း။

၂၇၉။ (၁) ဂျူရီလူကြီးတစ်ဦးနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်အားလုံးကို တရားရုံးက ဆုံးဖြတ်ရမည်။ ထို့ပြင် ထိုဆုံးဖြတ်ချက်ကို မှတ်တမ်းတင်ရမည့်အပြင် ထိုဆုံးဖြတ်ချက်သည် အပြီးသတ်အတည်ဖြစ်စေရမည်။ ကန့်ကွက်ချက်ကိုဆုံးဖြတ်ခြင်း။

(၂) ကန့်ကွက်ချက်ကို ခွင့်ပြုခဲ့လျှင် ထိုဂျူရီလူကြီး၏နေရာအတွက် ရုံးခေါ်စာကိုနာခံ၍ ရုံးသို့ရောက်ရှိနေပြီး ပုဒ်မ ၂၇၆ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးချယ်ထားသည့် ဂျူရီလူကြီးကိုဖြစ်စေ၊ ထိုသူမရှိခဲ့လျှင် ဂျူရီလူကြီးစာရင်းတွင် အမည်ပါရှိပြီး တရားရုံးရှေ့တွင် ရှိနေသူမည်သူကိုမဆိုဖြစ်စေ၊ ဂျူရီအဖြစ်ဆောင်ရွက်ရန် တရားရုံးက သင့်တော်သည်ဟု ထင်မြင် ယူဆသူကိုဖြစ်စေ အစားထိုးရမည်။ ကန့်ကွက်ချက်ကို ခွင့်ပြုခံရသော ဂျူရီလူကြီးနေရာ အတွက် အစားထိုးခြင်း။

သို့ရာတွင် ထိုဂျူရီလူကြီး၊ သို့မဟုတ် အခြားပုဂ္ဂိုလ်သည် ပုဒ်မ ၂၇၈ အရ ကန့်ကွက်ချက် လက်ခံထားခြင်းခံရသူ မဖြစ်စေရ။

၂၈၀။ (၁) ဂျူရီလူကြီးများကို ရွေးချယ်ပြီးသောအခါ ၎င်းတို့က ၎င်းတို့ထဲမှ တစ်ဦးကို ခေါင်းဆောင်အဖြစ် ခန့်ထားရမည်။ ဂျူရီခေါင်းဆောင်။

(၂) ဂျူရီခေါင်းဆောင်သည် ဂျူရီအဖွဲ့ဆွေးနွေးရာတွင် သဘာပတိလုပ်ရမည့် အပြင် ဂျူရီ၏ဆုံးဖြတ်ချက်ကို ထုတ်ပြန်ရမည်။ ထို့ပြင် ဂျူရီ၊ သို့မဟုတ် ဂျူရီလူကြီးတစ်ဦးဦး က အလိုရှိသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို တရားရုံးသို့ မေးမြန်းရမည်။

(၃) တရားသူကြီးက သင့်တော်သည်ဟု ထင်မြင်ယူဆသည့်အချိန်အတွင်း ဂျူရီအများစုက ခေါင်းဆောင်ခန့်ထားရန် သဘောတူညီမှုမရရှိလျှင် တရားရုံးက ခေါင်းဆောင်ကို ခန့်ထားရမည်။

၂၀၁။ ဂျူရီခေါင်းဆောင်ကို ခန့်ထားပြီးဖြစ်သည့်အခါ ဂျူရီလူကြီးများသည် ကျမ်းသစ္စာအက်ဥပဒေအရ ကျမ်းကျိန်ဆိုရမည်။ ဂျူရီလူကြီးများ ကျမ်းကျိန်ခြင်း။

၂၀၂။ (၁) ဂျူရီနှင့်စစ်ဆေးစီရင်နေစဉ်အတောအတွင်း ဆုံးဖြတ်ချက်မပေးမီ မည်သည့်အချိန်တွင်မဆို ဂျူရီလူကြီးတစ်ဦးတစ်ယောက်သည် လုံလောက်သည့်အကြောင်းတစ်စုံတစ်ရာကြောင့် စစ်ဆေးစီရင်မှုတစ်လျှောက်လုံး တက်ရောက်နိုင်ခြင်းမရှိလျှင်၊ သို့မဟုတ် ဂျူရီလူကြီးတစ်ဦးတစ်ယောက်သည် မိမိအလိုအလျောက်တက်ရောက်ရန် ပျက်ကွက်ပြီး တက်ရောက်ရန်လည်း အတင်းအကြပ်လုပ်ဆောင်နိုင်စွမ်းမရှိလျှင်၊ သို့မဟုတ် ဂျူရီလူကြီးတစ်ဦးတစ်ယောက်သည် သက်သေခံချက်ရယူသည့် ဘာသာစကား၊ သို့မဟုတ် ထိုသက်သေခံချက်ကို ဘာသာပြန်ဆိုပေးသည့် ဘာသာပြန်ဆိုချက်စကားကို နားလည်နိုင်စွမ်းမရှိလျှင် ဂျူရီလူကြီးအသစ်တစ်ဦး ထည့်သွင်းပေးရမည်၊ သို့မဟုတ် ဂျူရီကိုဖျက်သိမ်းပြီးနောက် ဂျူရီအသစ်ရွေးချယ်ရမည်။ ဂျူရီလူကြီးများ တက်ရောက်ခြင်း မပြုသည့်အခါ လိုက်နာရန်ကျင့်ထုံး။

(၂) ထိုကဲ့သို့ ကိစ္စရပ်အသီးသီးတွင် စစ်ဆေးစီရင်မှုကို အသစ်တစ်ဖန် စတင်ဆောင်ရွက်ရမည်။

၂၀၃။ အကျဉ်းသားသည် တရားခွင်တွင် ဆက်လက်နေနိုင်စွမ်းမရှိသည့်အခါတွင်လည်း တရားသူကြီးက ဂျူရီကိုဖျက်သိမ်းနိုင်သည်။ အကျဉ်းသားဖျားနာသည့်ကိစ္စတွင် ဂျူရီကို ဖျက်သိမ်းခြင်း။

**ဃ။ အဆက်ဆာလူကြီးများရွေးချယ်ခြင်း**

၂၀၄။ × × × × ×

× × × × × ×

၂၀၄ က။ × × × ×

× × × × ×

၂၀၅။ × × × × ×

× × × × × ×

**ဃဃ။ ပွဲတွဲစစ်ဆေးစီရင်မှုများ**

၂၀၅ က။ × × × ×

× × × × ×

**င။ တရားလိုဘက်နှင့် တရားခံဘက်အတွက် အမှုဆုံးခန်းတိုင်သည်အထိစစ်ဆေးစီရင်မှု**

၂၀၆။ (၁) ဂျူရီဖြင့် စစ်ဆေးစီရင်မှုတွင် ဂျူရီလူကြီးများ ရွေးချယ်ပြီးသောအခါ၊ သို့မဟုတ် ဂျူရီမပါဘဲ စစ်ဆေးစီရင်မှုတွင် တရားခံက ဖြေကြားရန်ငြင်းဆိုသောအခါ၊ သို့မဟုတ် စစ်ဆေးစီရင်ရန် တောင်းဆိုသောအခါ တရားလိုဘက်အမှုလိုက်အရာရှိက စွဲချက်တင်ထားသောပြစ်မှုနှင့်စပ်လျဉ်းသည့် ပြစ်မှုဆိုင်ရာဥပဒေနှင့်၊ သို့မဟုတ် အခြားဥပဒေပါဖော်ပြချက်များကို ဖတ်ပြခြင်းဖြင့်လည်းကောင်း၊ မည်သည့်သက်သေခံချက်များဖြင့် တရားခံအပြစ်ရှိကြောင်း သက်သေထင်ရှားပြသနိုင်မည့်အချက်များကို အကျဉ်းချုပ်၍တင်ပြခြင်းဖြင့်လည်းကောင်း အမှုကိုစတင်ရမည်။ တရားလိုဘက်မှ အမှုစတင်ခြင်း။

(၂) ထို့နောက် တရားလိုဘက်အမှုလိုက်အရာရှိက ၎င်း၏ သက်သေများကို စစ်မေးရမည်။ သက်သေများကိုစစ်မေးခြင်း။

၂၈၇။ စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့သည့် ရာဇဝတ်တရားသူကြီးကိုယ်တိုင် ဖြစ်စေ၊ ၎င်း၏ရှေ့တွင်ဖြစ်စေ နည်းလမ်းတကျ မှတ်တမ်းတင်ထားသည့် တရားခံအား စစ်မေးချက် (ရှိခဲ့လျှင်) ကို တရားလိုဘက်အမှုလိုက်အရာရှိက တင်သွင်းရမည့်အပြင် သက်သေခံချက်အဖြစ် ဖတ်ပြရမည်။ ရာဇဝတ်တရားသူကြီးရှေ့တွင် တရားခံအားစစ်မေးထားချက်သည် သက်သေခံချက်ဖြစ်ခြင်း။

၂၈၈။ အခန်း ၁၈ အရ တရားခံရှေ့မှောက်တွင် နည်းလမ်းတကျ ရယူခဲ့သော သက်သေ တစ်ဦးတစ်ယောက်၏ သက်သေခံချက်ကို ထိုသက်သေအားတင်ပြပြီး စစ်မေးခဲ့လျှင် သက်သေခံ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ရုံးထိုင်တရားသူကြီး၏ သဘော အတိုင်း အမှုတွင် သက်သေခံချက်အဖြစ် အသုံးပြုနိုင်သည်။ ပဏာမစုံစမ်းစစ်ဆေးမှုတွင် ပေးခဲ့သည့် သက်သေခံချက် သက်သေခံဝင်ခြင်း။

၂၈၉။ (၁) တရားလိုဘက်သက်သေများ စစ်မေးခြင်းပြီးဆုံးသောအခါ တရားခံအား မိမိအတွက် ကိုယ်တိုင်သက်သေအဖြစ် အစစ်ခံရန် ဆန္ဒ ရှိ မရှိနှင့် သက်သေပြလိုခြင်း ရှိ မရှိ မေးမြန်းပြီး ရုံးထိုင်တရားသူကြီးက ပုဒ်မ ၃၄၂၊ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းထားသည့် နည်းလမ်း အတိုင်း တရားခံအား သတိပေးရမည်။ တရားလိုဘက်သက်သေများစစ်ဆေးပြီးနောက် လိုက်နာရန် ကျင့်ထုံး။

(၂) အကယ်၍ တရားခံက သက်သေခံချက်ပေးရန် ငြင်းဆိုလျှင် ၎င်းအား တစ်စုံတစ်ရာ စစ်မေးရန် မလိုအပ်ဟု ရုံးထိုင်တရားသူကြီးက ယူဆခြင်းမရှိလျှင် တရားခံအနေဖြင့် မိမိအပေါ်ဆန့်ကျင်သည့် သက်သေခံချက်ပေါ်ပေါက်လာသော အမှုအဖြစ်အပျက်အကြောင်းအရာတစ်စုံတစ်ရာကို ဖြေရှင်းနိုင်စေရန်ကိစ္စအလို့ငှာ တရားခံအား စစ်မေးရမည်။

(၃) အကယ်၍ တရားခံက သက်သေခံချက်ပေးရန် ငြင်းဆိုပြီး သက်သေပြလိုခြင်း မရှိကြောင်း၊ တင်ပြပြီးနောက် တရားခံအားစစ်မေးခြင်း (ရှိခဲ့လျှင်) ပြီးဆုံးသောအခါ တရားလိုဘက် အမှုလိုက်အရာရှိက ၎င်း၏အမှုအတွက် ပေါင်းချုပ်ဖော်ပြနိုင်သည်။ ထို့နောက် တရားရုံးက တရားခံပြစ်မှုကျူးလွန်ကြောင်း သက်သေခံချက်မရှိဟူ၍ ထင်မြင်ယူဆလျှင် တရားရုံးက တရားခံအား အမှုမှ အပြီးအပြတ်လွှတ်သည့် ဆုံးဖြတ်ချက်ကို ရေးမှတ်နိုင်သည်၊ သို့မဟုတ် ဂျူရီနှင့် စစ်ဆေးသောအမှုတွင် တရားခံအပြစ်မရှိကြောင်း ဆုံးဖြတ်ချက်တင်သွင်းရန် ဂျူရီအား ညွှန်ကြားနိုင်သည်။

(၄) တရားခံ၊ သို့မဟုတ် တရားခံများအနက်မှ တစ်ဦးတစ်ယောက်က မိမိအတွက် ကိုယ်တိုင်သက်သေအဖြစ် အစစ်ခံရန် ဆန္ဒရှိသော်လည်း၊ သို့မဟုတ် သက်သေပြလိုကြောင်း ပြောကြားသော်လည်း တရားရုံးက တရားခံပြစ်မှုကျူးလွန်ကြောင်း သက်သေခံချက်မရှိဟူ၍ ထင်မြင်ယူဆလျှင် တရားရုံးက အမှုမှ အပြီးအပြတ်လွှတ်သည့် ဆုံးဖြတ်ချက်ကို ရေးမှတ်နိုင်သည်၊ သို့မဟုတ် ဂျူရီဖြင့် စစ်ဆေးသောအမှုတွင် တရားခံအပြစ်မရှိကြောင်း ဆုံးဖြတ်ချက်တင်သွင်းရန် ဂျူရီအား ညွှန်ကြားနိုင်သည်။

(၅) တရားခံ၊ သို့မဟုတ် တရားခံများအနက်မှ တစ်ဦးတစ်ယောက်က သက်သေပြလိုကြောင်း ပြောကြားသည့်အပြင် တရားရုံးက တရားခံပြစ်မှုကျူးလွန်ကြောင်း သက်သေခံချက်ရှိသည်ဟု ယူဆလျှင်၊ သို့မဟုတ် သက်သေမတင်ပြလိုကြောင်း ပြောကြားသည့်အပြင် ပြစ်မှုတွင် တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သူက ၎င်း၏အမှုအတွက် ပေါင်းချုပ်ဖော်ပြပြီးသည့်အခါ တရားရုံးက တရားခံပြစ်မှုကျူးလွန်ကြောင်း သက်သေခံချက်ရှိသည်ဟု ထင်မြင်ယူဆလျှင် တရားရုံးက တရားခံအား အမှုအတွက် ခုခံချေပရန် ဆင့်ဆိုရမည်။

ခုခံချေပချက်။

၂၉၀။ ထို့နောက် တရားခံ၊ သို့မဟုတ် ၎င်း၏ရှေ့နေက ၎င်းအားကိုးအားထားပြုမည့်အကြောင်းအချက်များ၊ သို့မဟုတ် ဥပဒေကိုဖော်ပြလျက် မိမိလိုအပ်မည်ဟု ယူဆသော တရားလိုဘက်က တင်ပြသည့် သက်သေခံချက်အပေါ် ဝေဖန်သုံးသပ်ပြီး မိမိအမှုကို စတင်ဆောင်ရွက်နိုင်သည်။ ထိုသို့ဆောင်ရွက်ပြီးသောအခါ တရားခံက သက်သေခံချက်ပေးလိုပါက မိမိအတွက် ကိုယ်တိုင်သက်သေအဖြစ် သက်သေခံရမည်။ ထို့ပြင် တရားခံ၏စစ်မေးချက်၊ ပြန်လှန်စစ်မေးချက်နှင့် ထပ်မံစစ်မေးချက် (ရှိခဲ့လျှင်) ပြီးဆုံးသောအခါ တရားခံက ၎င်း၏သက်သေများ (ရှိခဲ့လျှင်) အားစစ်မေးရမည်။ ထို့ပြင် သက်သေများ၏ ပြန်လှန်စစ်မေးချက်နှင့် ထပ်မံစစ်မေးချက် (ရှိခဲ့လျှင်) ပြီးဆုံးသောအခါ တရားခံက ၎င်း၏အမှုကို ပေါင်းချုပ်ဖော်ပြနိုင်သည်။

သက်သေများအားစစ်မေးခြင်း၊ ဆင့်ခေါ်ခြင်းတို့နှင့်စပ်လျဉ်းသည့် တရားခံ၏ရပိုင်ခွင့်။

၂၉၁။ တရားခံက ကြိုတင်ဖော်ပြထားသည့် သက်သေမဟုတ်သော်လည်း ထိုသက်သေတရားရုံးရှေ့ရောက်ရှိနေပါက တရားခံကို ထိုသက်သေအား စစ်ဆေးခွင့်ပေးရမည်။ သို့သော် ပုဒ်မ ၂၁၁ နှင့် ၂၂၈ တို့ပါ ပြဋ္ဌာန်းထားရှိသည်မှတစ်ပါး ၎င်းကို စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့သည့် ရာဇဝတ်တရားသူကြီးထံ တင်သွင်းသော စာရင်းပါသက်သေများမှအပ အခြားသက်သေတစ်စုံတစ်ယောက်ကို သမ္မန်စာဖြင့် ခေါ်ခွင့်မရှိစေရ။

တရားလိုဘက်အမှုလိုက်အရာရှိ၏ ပြန်လည်လျှောက်လဲခွင့်။

၂၉၂။ တရားလိုဘက်အမှုလိုက်အရာရှိက –

(က) တရားခံကသော်လည်းကောင်း၊ တရားခံတစ်ဦးတစ်ယောက်ကသော်လည်းကောင်း သက်သေတစ်ဦးတစ်ယောက်ကို စစ်မေးခဲ့လျှင်၊ သို့မဟုတ်

(ခ) တရားရုံး၏ ခွင့်ပြုချက်အရ ဥပဒေအချက်အလက် တစ်စုံတစ်ရာအပေါ်တွင်၊ သို့မဟုတ်

(ဂ) တရားရုံး၏ခွင့်ပြုချက်အရ တရားခံက ခုခံချေပရာတွင် သက်သေထင်ရှားရန်မလိုသည့် စာတမ်းအမှတ်အသား တစ်စုံတစ်ရာကို ဟင်ပြသည့်အခါ

ပြန်လည်လျှောက်လဲခွင့်ရှိသည်။

သို့ရာတွင် အထက်စာပိုဒ် (ဂ) နှင့်စပ်လျဉ်းသည့်ကိစ္စတွင် တရားရုံးက အခြားနည်းခွင့်ပြုထားခြင်းမရှိလျှင် တင်ပြသည့်စာတမ်းအမှတ်အသားနှင့် စပ်လျဉ်း၍သာ ပြန်လည်လျှောက်လဲခွင့်ရှိကြောင်း ကန့်သတ်ထားသည်။

ဂျူရီကကြည့်ရှုခြင်း။

၂၉၃။ (၁) စွဲချက်တင်ထားသည့် ပြစ်မှုကျူးလွန်ကြောင်း အဆိုရှိသည့်နေရာကိုဖြစ်စေ၊ စစ်ဆေးစီရင်မှုတွင် အရေးပါသည့် အခြားပြစ်မှုဖြစ်ပွားကြောင်း အဆိုရှိသည့်အခြားနေရာကိုဖြစ်စေ ဂျူရီက ကြည့်ရှုသင့်ကြောင်း တရားရုံးကထင်မြင်လျှင် ထိုကဲ့သို့ထင်မြင်ကြောင်းကို တရားရုံးက အမိန့်ချမှတ်ရမည်။ ထို့နောက် ဂျူရီကို တရားရုံးအရာရှိတစ်ဦးနှင့်တကွ အဆိုပါနေရာသို့ ခေါ်ဆောင်သွားရမည်။ အဆိုပါနေရာကို တရားရုံးကခန့်အပ်သူတစ်ဦးက ပြသရမည်။

(၂) ထိုအရာရှိက တရားရုံး၏ခွင့်ပြုချက်မရှိလျှင် အခြားမည်သူကိုမဆို ဂျူရီနှင့် စကားပြောခြင်း၊ သို့မဟုတ် အဆက်အသွယ်ပြုလုပ်ခြင်းကို ခွင့်မပြုရ။ ထို့ပြင် တရားရုံးက အခြားနည်းညွှန်ကြားထားခြင်းမရှိလျှင် ကြည့်ရှုမှုပြီးလျှင်ပြီးခြင်း ဂျူရီအား တရားရုံးသို့ ပြန်လည်ခေါ်ဆောင်လာရမည်။

၂၉၄။ ဂျူရီလူကြီးတစ်ဦးတစ်ယောက်က အမှုနှင့်စပ်ဆိုင်သည့် အကြောင်းခြင်းရာတစ်စုံတစ်ရာကို ကိုယ်တိုင်သိရှိလျှင် ထိုသို့သိရှိကြောင်းကို တရားသူကြီးထံအသိပေးရန် တာဝန်ဝတ္တရားရှိသည်။ ထိုသို့အသိပေးသောအခါ အခြားသက်သေတစ်ဦးတစ်ယောက်အား စစ်မေးသည့်နည်းလမ်းအတိုင်း ၎င်းကို ကျမ်းကျိန်ဆိုစေ၍ စစ်မေးပြီးနောက် ပြန်လှန်စစ်မေးခြင်း၊ ထပ်မံစစ်မေးခြင်းများ ပြုလုပ်နိုင်သည်။ ဂျူရီလူကြီးကို မည်သည့်အခါ စစ်မေးနိုင်ခြင်း။

၂၉၅။ စစ်ဆေးစီရင်မှုတစ်စုံတစ်ရာကို ရွှေ့ဆိုင်းလျှင် ဂျူရီလူကြီးသည် ထိုရွှေ့ဆိုင်းသော ရုံးထိုင်ရက်နှင့် ထိုနေ့နောက်ပိုင်း ရွှေ့ဆိုင်းသောရုံးထိုင်ရက်များတွင် စစ်ဆေးစီရင်မှုဆုံးခန်းတိုင် ရောက်သည့်အထိ လာရောက်ကြရမည်။ ရုံးထိုင်ရန် ရွှေ့ဆိုင်းသော နေ့တွင် ဂျူရီလာရောက်ရခြင်း။

၂၉၆။ တရားလွှတ်တော်သည် အမှုကို တစ်နေ့ထက်ပို၍ စစ်ဆေးစီရင်သည့်ကာလအတွင်း ဂျူရီကို တစ်စုတစ်ဝေးတည်းထားရှိခြင်းနှင့် စပ်လျဉ်းသည့်နည်းဥပဒေများကို အခါအားလျော်စွာ ပြုနိုင်သည်။ ရုံးထိုင်တရားသူကြီးက အဆိုပါနည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ တရားရုံးအရာရှိတစ်ဦးတစ်ယောက်ကို စောင့်ရှောက်စေပြီးလျှင် ဂျူရီလူကြီးတို့ကို တစ်စုတစ်ဝေးတည်းထားရမည်။ ထားလျှင် မည်ကဲ့သို့ထားရမည့်အကြောင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ၎င်းလူကြီးတို့ကို နေအိမ်အသီးသီးသို့ ပြန်ခွင့်ပြုရမည့်အကြောင်းနှင့် စပ်လျဉ်း၍လည်းကောင်း အမိန့်ချမှတ်နိုင်သည်။ ဂျူရီကို အစောင့်အရှောက်ဖြင့် ထားရခြင်း။

### စ။ ဂျူရီဖြင့်စစ်ဆေးစီရင်သောအမှုများ ဆုံးခန်းတိုင်ရောက်ခြင်း

၂၉၇။ ဂျူရီဖြင့်စစ်ဆေးစီရင်သောအမှုများတွင် တရားခံဘက်မှ ခုခံချေပချက်နှင့် တရားလိုဘက်အမှုလိုက်အရာရှိက ပြန်လှန်လျှောက်လဲချက် (ရှိခဲ့လျှင်) များ ပြီးဆုံးသည့်အခါ တရားရုံးက အမှုနှင့်ပတ်သက်၍ တရားလိုဘက်သက်သေခံချက်၊ တရားခံဘက်သက်သေခံချက်တို့ကို ပေါင်းချုပ်ပြီး ဂျူရီသို့တာဝန်ပေးအပ်၍ ၎င်းတို့လိုက်နာကျင့်သုံးရမည့် ဥပဒေကို ချမှတ်ပေးရမည်။ ဂျူရီအားတာဝန်ပေးအပ်ခြင်း။

၂၉၈။ (၁) ထိုကဲ့သို့သောအမှုများတွင် တရားသူကြီး၏ တာဝန်ဝတ္တရားမှာ - တရားသူကြီး၏ တာဝန်ဝတ္တရား။

(က) စစ်ဆေးစီရင်စဉ်အတွင်း ပေါ်ပေါက်လာသော ဥပဒေဆိုင်ရာပြဿနာများ၊ အထူးသဖြင့် သက်သေထင်ရှားပြရန် ရည်ရွယ်သော စပ်ဆိုင်သည့်အကြောင်းခြင်းရာနှင့် စပ်လျဉ်းသောပြဿနာများ၊ သက်သေခံချက်မှာ သက်သေခံဝင်-မဝင်၊ သို့မဟုတ် အမှုသည်များက၊ သို့မဟုတ် အမှုသည်များအတွက် မေးမြန်းသည့် မေးခွန်းများမှာ သင့်လျော်မှုရှိ-မရှိ၊ ထို့ပြင် အမှုသည်များက ကန့်ကွက်သည်ဖြစ်စေ၊ မကန့်ကွက်သည်ဖြစ်စေ သက်သေခံမဝင်သော သက်သေခံချက်များ တင်သွင်းခြင်းကို မိမိ၏ဆင်ခြင်တုံတရားဖြင့် တားဆီးခြင်း စသည်တို့ကို ဆုံးဖြတ်ရန်ဖြစ်သည်။

(က) စစ်ဆေးစီရင်မှုတွင် သက်သေခံချက်အဖြစ် တင်သွင်းသော စာတမ်းအမှတ်အသားများ၏ အဓိပ္ပါယ်နှင့် အဓိပ္ပါယ်ကောက်ယူခြင်းအပေါ် ဆုံးဖြတ်ရန်ဖြစ်သည်၊

(ခ) သီးခြားအကြောင်းအရာများနှင့် စပ်လျဉ်းသော သက်သေခံချက်တင်သွင်းရန်အလို့ငှာ သက်သေထင်ရှားပြရန် လိုအပ်သည့်အကြောင်းအရာအားလုံးအပေါ် ဆုံးဖြတ်ရန်ဖြစ်သည်၊

(ဂ) ပေါ်ပေါက်လာသည့် ပြဿနာတစ်စုံတစ်ရာသည် မိမိနှင့်သက်ဆိုင်သည်၊ သို့မဟုတ် ဂျူရီနှင့်သက်ဆိုင်သည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။ ထိုအချက်အပေါ် မိမိဆုံးဖြတ်ချက်သည် ဂျူရီလူကြီးများအပေါ် သက်ရောက်မှုရှိသည်။

(၂) ဘရားသူကြီးက အမှုအတွက် ပေါင်းချုပ်တင်ပြစဉ် ၎င်းက သင့်တော်သည်ထင်မြင်လျှင် မှုခင်းကိစ္စနှင့်စပ်ဆိုင်သည့် အကြောင်းခြင်းရာပြဿနာ၊ သို့မဟုတ် ရောနှောနေသည့် ဥပဒေနှင့် အကြောင်းခြင်းရာပြဿနာများနှင့်စပ်လျဉ်းသည့် ၎င်း၏ထင်မြင်ယူဆချက်ကို ဂျူရီအား ပြောကြားနိုင်သည်။

ဥပမာများ

(က) ပတ်ဝန်းကျင် အကြောင်းခြင်းရာများအရ သက်သေထင်ရှားပြခွင့်ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် အမှုတွင် သက်သေအဖြစ် ပါဝင်ခြင်းမရှိသူတစ်ဦး၏ ထွက်ဆိုချက်ကို သက်သေထင်ရှားပြရန်အတွက် အဆိုပြုထားသည်။

အဆိုပါ ပတ်ဝန်းကျင်အကြောင်းခြင်းရာများသည် သက်သေထင်ရှားပြပြီးကြောင်း အထောက်အထား ရှိ–မရှိကို တရားသူကြီးကသာ ဆုံးဖြတ်ရမည်။

(ခ) မူရင်းစာတမ်းအမှတ်အသား ပျောက်ဆုံးသည်၊ သို့မဟုတ် ပျက်စီးသည်ဟူ၍ အဆိုပြုပြီး ထိုစာတမ်းအမှတ်အသား၏ ဒုတိယဆင့်သက်သေခံချက်ပေးရန်အတွက် အဆိုပြုထားသည်။

မူရင်းသည် ပျောက်ဆုံးကြောင်း၊ သို့မဟုတ် ပျက်စီးကြောင်း ဟုတ်မဟုတ်ကို ဆုံးဖြတ်ရန်မှာ တရားသူကြီး၏တာဝန်ဝတ္တရားဖြစ်သည်။

၂၉၉။ ဂျူရီ၏တာဝန်ဝတ္တရားများမှာ –

(က) အကြောင်းခြင်းရာများအပေါ် မည်သည့်ထင်မြင်ယူဆချက်သည် မှန်ကန်ကြောင်း ဆုံးဖြတ်ပြီးလျှင် ထို ထင်မြင်ယူဆချက်နှင့်အညီ တရားသူကြီး၏ ညွှန်ကြားချက်အရ ဆုံးဖြတ်ရမည့်အတိုင်း ဆုံးဖြတ်ချက်ပေးပို့ရမည်။

(ခ) (ဥပဒေစကားရပ်များမှအပ) သီးခြားအဓိပ္ပါယ်ရှိသော စကားရပ်များ၏ အဓိပ္ပါယ်နှင့်ဆုံးဖြတ်သတ်မှတ်ရန်လိုအပ်သော ထူးခြားသော အဓိပ္ပါယ်နှင့် သုံးထားသည့်စကားလုံးများသည် စာတမ်းအမှတ်အသားများတွင် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ထိုစကားလုံးများကို ဆုံးဖြတ်သတ်မှတ်ရန်ဖြစ်သည်။

(ဂ) အကြောင်းခြင်းရာပြဿနာဟူ၍ ဥပဒေအရ မှတ်ယူရမည့်ပြဿနာများကို ဆုံးဖြတ်ရန်ဖြစ်သည်။

(ဃ) မသေချာသောဖော်ပြချက်များသည် ဥပဒေနှင့်ဆိုင်သည့် ကျင့်ထုံးကို ကိုးကားခြင်း၊ သို့မဟုတ် မသေချာသောဖော်ပြချက်များ၏ အဓိပ္ပါယ်သည် ဥပဒေအရ ထင်ရှားပြီးဖြစ်ခြင်းစသည့် ကိစ္စရပ်များမှတစ်ပါး အခြားသော မသေချာသောဖော်ပြချက်များသည် သီးခြားသတ်မှတ်ထားသော အမှုများနှင့်သက်ဆိုင်သည်၊ မသက်ဆိုင်သည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။ ထိုမသေချာသောဖော်ပြချက်များသည် လုပ်ထုံးလုပ်နည်းဖြစ်ခြင်း၊ မသေချာသော ဖော်ပြချက်များ၏ အဓိပ္ပါယ်သည် ဥပဒေအရ ထင်ရှားပြီးဖြစ်ခြင်း စသည့် ကိစ္စရပ်များ၏အဓိပ္ပါယ်များကို တရားသူကြီးက ဆုံးဖြတ်ရန်ဖြစ်သည်။

ဥပမာများ

(က) A သည် B ကိုသတ်မှုအတွက် စစ်ဆေးခြင်းခံရသည်။ တရားသူကြီးသည် လူသတ်မှုနှင့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သည့် လူသေမှုတို့၏ခြားနားချက်ကို ဂျူရီအား ရှင်းလင်းပြရမည့်အပြင် မည်သည့်အကြောင်းခြင်းရာ ထင်မြင်ချက်အရ A အား လူသတ်မှုနှင့် ပြစ်မှုထင်ရှားစီရင်ရန်၊ သို့မဟုတ် ရာဇဝတ်ပြစ်ဒဏ်ထိုက်သည့် လူသေမှုနှင့် ပြစ်မှုထင်ရှားစီရင်ရန်၊ သို့မဟုတ် အမှုမှအပြီးအပြတ်လွတ်ရန် ဂျူရီအားပြောကြားရန် တာဝန်ဝတ္တရားရှိသည်။

အကြောင်းခြင်းရာများအပေါ် မည်သည့်ထင်မြင်ယူဆချက်များသည် မှန်ကန်ကြောင်းဆုံးဖြတ်ပြီးလျှင် တရားသူကြီး၏ညွှန်ကြားချက်နှင့်အညီ ထိုညွှန်ကြားချက် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ ဂျူရီများက ထိုညွှန်ကြားချက်ကို သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ဆုံးဖြတ်ချက်ပေးပို့ရန်မှာ ဂျူရီ၏တာဝန်ဝတ္တရားဖြစ်သည်။

(ခ) လူတစ်ဦးတစ်ယောက်သည် သီးခြားအချက်တစ်ခုနှင့်စပ်လျဉ်း၍ လုံလောက်သည့်ယုံကြည်မှုထားရှိခြင်း ရှိမရှိဆိုသည့်ပြဿနာ၊ အလုပ်တစ်ခုကို လုံလောက်သည့်ကျွမ်းကျင်မှု၊ သို့မဟုတ် ထိုက်သင့်သောသတိဝီရိယဖြင့် ဆောင်ရွက်ခြင်းဟုတ်မဟုတ် ဆိုသည့်ပြဿနာ၊

ထိုပြဿနာတစ်ခုချင်းကို ဂျူရီကဆုံးဖြတ်ရန်ဖြစ်သည်။

၃၀၀။ ဂျူရီနှင့်စစ်ဆေးသောအမှုများတွင် တရားသူကြီးက အမှုနှင့်ပတ်သက်၍ ဂျူရီအားပြောကြားပြီးသောအခါ ၎င်းတို့၏ဆုံးဖြတ်ချက်ကို စဉ်းစားရန်အတွက် ဂျူရီကနားယူနိုင်သည်။ — စဉ်းစားရန်အနားယူခြင်း။

ဂျူရီလူကြီးတစ်ဦးတစ်ယောက်မှအပ အခြားမည်သူမျှ တရားရုံး၏ခွင့်ပြုချက်နှင့်မှတစ်ပါး အဆိုပါဂျူရီအဖွဲ့ဝင်မည်သူ့ကိုမဆို စကားပြောခြင်း၊ သို့မဟုတ် အဆက်အသွယ်ပြုလုပ်ခြင်းမရှိစေရ။

၃၀၁။ ဂျူရီကဆုံးဖြတ်ချက်ကို စဉ်းစားပြီးသောအခါ ဂျူရီခေါင်းဆောင်က ၎င်းတို့၏ဆုံးဖြတ်ချက်ကိုသော်လည်းကောင်း၊ များရာ၏ဆုံးဖြတ်ချက်ကိုသော်လည်းကောင်း တရားသူကြီးသို့အကြောင်းကြားရမည်။ — ဆုံးဖြတ်ချက်ထုတ်ပြန်ခြင်း

၃၀၂။ ဂျူရီများ တညီတညွတ်တည်းမဖြစ်သောအခါ ထပ်မံစဉ်းစားနိုင်ရန် တရားသူကြီးက ဂျူရီတို့အား အနားယူစဉ်းစားစေနိုင်သည်။ တရားသူကြီးက သင့်တော်သည်ထင်မြင်ယူဆသည့် အချိန်ကာလကုန်ဆုံးသောအခါ ၎င်းတို့တညီတညွတ်တည်းမဖြစ်သော်လည်း ဂျူရီက ဆုံးဖြတ်ချက်ကို ထုတ်ပြန်နိုင်သည်။ ဂျူရီအချင်းချင်း သဘော ကွဲလွဲသောအခါ လိုက်နာရန်ကျင့်ထုံး။

၃၀၃။ (၁) တရားရုံးက အခြားနည်းဖြင့် ညွှန်ကြားထားသည်မှတစ်ပါး တရားခံအား စစ်ဆေးစီရင်သည့် စွဲချက်အားလုံးနှင့်စပ်လျဉ်း၍ ဂျူရီ၏ဆုံးဖြတ်ချက်ကို ပေးပို့ရမည်။ ထို့ပြင် ၎င်းတို့၏ ဆုံးဖြတ်ချက်ကွဲပြားသိရှိရန်အတွက် လိုအပ်သည့်မေးခွန်းများကို တရားသူကြီးက မေးမြန်းနိုင်သည်။ စွဲချက်တစ်ခုချင်း အပေါ် ဆုံးဖြတ်ချက်ပေးခြင်း။ တရားသူကြီးက ဂျူရီကိုမေးမြန်းနိုင်ခြင်း။

(၂) အဆိုပါမေးခွန်းများနှင့် အဖြေများကို မှတ်တမ်းတင်ထားရမည်။ မေးခွန်းများနှင့် အဖြေများကို မှတ်တမ်း တင်ခြင်း။

၃၀၄။ မတော်တဆသော်လည်းကောင်း၊ မှားယွင်း၍သော်လည်းကောင်း လွဲချော်သောဆုံးဖြတ်ချက်ကို ထုတ်ပြန်မိခဲ့လျှင် မှတ်တမ်းမတင်မီဖြစ်စေ၊ မှတ်တမ်းတင်ပြီးနောက် ချက်ချင်းဖြစ်စေ ဂျူရီက ဆုံးဖြတ်ချက်ကိုပြင်ဆင်နိုင်သည်။ ထိုသို့ပြင်ဆင်ခြင်းသည် အပြီးသတ်ပြင်ဆင်ခြင်းဖြစ်ရမည်။ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း။

၃၀၅။ (၁) တရားလွှတ်တော်၌ စစ်ဆေးစီရင်သောအမှုတစ်မှုတွင် ဂျူရီများ၏သဘောထား တညီတညွတ်တည်းဖြစ်သောအခါ၊ သို့မဟုတ် အများစုဖြစ်သောခြောက်ဦးက တစ်သဘောတည်းဖြစ်ပြီး တရားသူကြီးက ထိုသူများနှင့်သဘောတူညီလျှင် ထိုသဘောထားအတိုင်း တရားသူကြီးက စီရင်ချက်ချမှတ်ရမည်။ တရားလွှတ်တော်၏ ဆုံးဖြတ်ချက် မည်သည့်အခါ အရေးသာခြင်း။

(၂) အလားတူအမှုမျိုးတွင် ဂျူရီများက ၎င်းတို့တညီတညွတ်တည်းရှိလိမ့်မည်မဟုတ်ကြောင်း ယုံကြည်သော်လည်း ၎င်းတို့အနက် ခြောက်ဦးက တစ်သဘောတည်းရှိခဲ့လျှင် ထိုအကြောင်းကို တရားသူကြီးထံ ဂျူရီခေါင်းဆောင်က အကြောင်းကြားရမည်။

(၃) တရားသူကြီးက အများစုနှင့်သဘောမတူလျှင် ၎င်းက ဂျူရီကိုချက်ချင်းဖျက်သိမ်းနိုင်သည်။ အခြားအမှုများတွင် ဂျူရီကို ဖျက်သိမ်းခြင်း။

(၄) သဘောထားတူညီသူခြောက်ဦးမျှမရှိလျှင် တရားသူကြီးက သင့်တော်သည်ယူဆသော အချိန်ကုန်ဆုံးသည့်အခါ ဂျူရီကိုဖျက်သိမ်းရမည်။

၃၀၆။ (၁) စက်ရှင်တရားရုံး၌ စစ်ဆေးစီရင်သောအမှုတစ်မှုတွင် ဂျူရီလူကြီးများ၏ဆုံးဖြတ်ချက်၊ သို့မဟုတ် ဂျူရီလူကြီးများရာ၏ဆုံးဖြတ်ချက်ကို တရားသူကြီးကသဘောမတူကြောင်း ဖော်ပြရန်လိုအပ်မည်ဟုမထင်လျှင် ဂျူရီလူကြီးများ၏ဆုံးဖြတ်ချက်အတိုင်း တရားသူကြီးကစီရင်ချက်ချမှတ်ရမည်။ စက်ရှင်တရားရုံး၏ဆုံးဖြတ်ချက် မည်သည့်အခါ အရေးသာခြင်း။

(၂) တရားခံကို အမှုမှအပြီးအပြတ်လွှတ်လျှင် တရားသူကြီးက အပြီးအပြတ်လွှတ်သည့် စီရင်ချက်ကို ရေးသားရမည်။ တရားခံကို ပြစ်မှုထင်ရှားစီရင်သော် ပုဒ်မ ၅၆၂ ပါ ပြဋ္ဌာန်းချက်များအတိုင်း တရားသူကြီးက လိုက်နာဆောင်ရွက်ခြင်း မပြုလျှင် ဥပဒေနှင့်အညီ တရားခံအပေါ် ပြစ်ဒဏ်သတ်မှတ်ရမည်။

၃၀၇။ (၁) အလားတူအမှုမျိုးတွင် တရားခံတစ်ဦးတစ်ယောက်အား စစ်ဆေးစီရင်လျက်ရှိသော စွဲချက်အားလုံးအပေါ်တွင်ဖြစ်စေ၊ စွဲချက်တစ်စုံတစ်ရာအပေါ်တွင်ဖြစ်စေ ဂျူရီလူကြီးအများ၏ ဆုံးဖြတ်ချက်၊ သို့မဟုတ် ဂျူရီလူကြီးများရာ၏ဆုံးဖြတ်ချက်ကို တရားသူကြီးက သဘောမတူလျှင်၊ ထို့ပြင် ထိုတရားခံနှင့်သက်ဆိုင်သောအမှုကို တရားဖြောင့်မှန်ရေးအတွက် တရားလွှတ်တော်သို့ အမှုတွဲတင်ပို့ရန်လိုအပ်သည်ဟု ထင်မြင်လျှင် ထိုသို့ထင်မြင်သည့်အကြောင်းကို ရေးမှတ်၍ အမှုတွဲကို တရားလွှတ်တော်သို့ တင်ပို့ရမည်။ ထို့ပြင် အကယ်၍ တရားခံအား အမှုမှအပြီးအပြတ်လွှတ်ခဲ့သည့် ဆုံးဖြတ်ချက်ဖြစ်လျှင် တရားခံ မည်သည့်ပြစ်မှုကိုကျူးလွန်ခဲ့သည်ဟု ၎င်းယုံကြည်သည့်အကြောင်းကို ဖော်ပြရမည်။ ထိုကဲ့သို့သောကိစ္စတွင် ပုဒ်မ ၃၁၀ ပါ ပြဋ္ဌာန်းချက်များအရ တရားခံအပေါ် ထပ်မံစွဲချက်တင်ခဲ့လျှင် ထိုတရားခံအား ပြစ်မှုထင်ရှားစီရင်သည့် ဆုံးဖြတ်ချက်ဖြစ်သည်ဟု သဘောထားပြီး အဆိုပါစွဲချက်နှင့်စပ်လျဉ်း၍ အမှုကို စစ်ဆေးစီရင်ရန် ဆက်လက်ဆောင်ရွက်ရမည်။ — စက်ရှင်တရားသူကြီးက ဆုံးဖြတ်ချက်ကိုသဘောမတူလျှင် လိုက်နာရန်ကျင့်ထုံး။

(၂) ဤပုဒ်မအရ တရားသူကြီးက အမှုတွဲကို တင်ပို့သည့်အခါတိုင်း တရားခံအား စစ်ဆေးစီရင်လျက်ရှိသော မည်သည့်စွဲချက်နှင့် စပ်လျဉ်း၍မဆို တရားခံအား အမှုမှအပြီးအပြတ်လွှတ်သည်၊ သို့မဟုတ် ပြစ်မှုထင်ရှားစီရင်သည် စသည့်စီရင်ချက်များကို ရေးမှတ်ခြင်းမပြုရ။ သို့သော် ထိုတရားခံကို အချုပ်တွင်ထားရန် ရမန်ပေးနိုင်သည်၊ သို့မဟုတ် အာမခံပေးနိုင်သည်။

(၃) ထိုကဲ့သို့ တင်ပို့သောအမှုနှင့်စပ်လျဉ်း၍ တရားလွှတ်တော်သည် အယူခံတွင် သုံးစွဲသည့် အာဏာများကို သုံးစွဲနိုင်သည့်အပြင် ထိုအချက်ကို အထောက်အထားပြု၍ စက်ရှင်တရားသူကြီးနှင့် ဂျူရီတို့၏သဘောထားကို အလေးထား၍ သက်သေခံချက်အားလုံးကို စဉ်းစားပြီး တရားခံအား အမှုမှအပြီးအပြတ်လွှတ်ရမည်။ သို့မဟုတ် တရားခံအပေါ် စွဲချက်တင်ပြီး ဂျူရီရှေ့သို့ တင်ပို့သည့်အမှုတွင် ဂျူရီတို့က တရားခံအား ပြစ်မှုထင်ရှားစီရင်နိုင်သည့် ပြစ်မှုအတွက် တရားလွှတ်တော်က ပြစ်မှုထင်ရှားစီရင်ရမည့် တရားခံအပေါ် ထိုသို့ပြစ်မှုထင်ရှားစီရင်လျှင် စက်ရှင်တရားရုံးက ချမှတ်မည်ဟု ယူဆရသည့်ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။

## ဆ။ ဂျူရီဖျက်သိမ်းပြီးနောက် တရားခံအပေါ် ပြန်လည်စစ်ဆေးစီရင်ခြင်း

ဂျူရီ ဖျက်သိမ်းပြီးနောက် တရားခံ အပေါ် ပြန်လည်စစ်ဆေးစီရင်ခြင်း။

၃၀၈။ ဂျူရီကိုဖျက်သိမ်းသည့်အခါတိုင်း ကိစ္စရပ်အပေါ်မူတည်၍ တရားခံကို အချုပ်နှင့်ထားရမည်၊ သို့မဟုတ် အာမခံနှင့်ထားရမည်။ ထို့ပြင် အမှုကိုပြန်လည်စစ်ဆေးစီရင်ခြင်းမပြုရန် တရားသူကြီးက ထင်မြင်ယူဆသောအခါတွင်မှတစ်ပါး အခြားဂျူရီဖြင့် စစ်ဆေးစီရင်ရမည်။ ထိုသို့ဆောင်ရွက်ကြောင်း တရားသူကြီးက စွဲချက်တွင် ရေးသွင်းရမည်။ အဆိုပါရေးသွင်းချက်သည် အမှုမှအပြီးအပြတ်လွှတ်သကဲ့သို့ အကျိုးသက်ရောက်သည်။

## ဓ။ ဂျူရီမပါသည့်အမှုများ စစ်ဆေးစီရင်မှု ဆုံးခန်းတိုင်ရောက်ခြင်း

၃၀၉။ ဂျူရီမပါဘဲ စစ်ဆေးစီရင်သော အမှုတွင် တရားခံဘက်မှ လျှောက်လဲချက်နှင့် တရားလိုဘက် အမှုလိုက်အရာရှိက ပြန်လှန်လျှောက်လဲချက် (ရှိခဲ့လျှင်) များ ပြီးဆုံးသည့်အခါ တရားသူကြီးက စီရင်ချက်ချမှတ်ရမည်။ တရားခံကို ပြစ်မှုထင်ရှားစီရင်သော် ပုဒ်မ ၅၆၂ ပါ ပြဋ္ဌာန်းချက်များအတိုင်း တရားသူကြီးက လိုက်နာဆောင်ရွက်ခြင်းမပြုလျှင် ဥပဒေနှင့်အညီ တရားခံ အပေါ် ပြစ်ဒဏ်သတ်မှတ်ရမည်။ စီရင်ချက်။

## န။ ပြစ်ချက်ဟောင်းနှင့်စပ်လျဉ်းသောကိစ္စတွင် လိုက်နာရန်ကျင့်ထုံး

၃၁၀။ ဂျူရီနှင့်စစ်ဆေးစီရင်မှုတွင် တရားခံအပေါ် ပြစ်မှုတစ်ရပ်အတွက် စွဲချက်တင်ပြီး နောက်ပြစ်ချက်ဟောင်းရှိခြင်းကြောင့် ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ကျခံစေနိုင်သော၊ သို့မဟုတ် နောက်ထပ်ကျူးလွန်သည့်ပြစ်မှုအတွက် အခြားကွဲပြားသောပြစ်ဒဏ်ကျခံစေနိုင်သော ပြစ်မှုအတွက် ထပ်မံ၍ စွဲချက်တင်သည့်အခါ – ပြစ်ချက်ဟောင်းနှင့်စပ်လျဉ်းသော ကိစ္စတွင် လိုက်နာရန်ကျင့်ထုံး။

(၁) တရားခံကို နောက်ထပ်ကျူးလွန်သည့်ပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည့်အခါတွင်မှတစ်ပါး၊ သို့မဟုတ်

(၂) နောက်ထပ်ကျူးလွန်သည့်ပြစ်မှုနှင့် စပ်လျဉ်းသော စွဲချက်အပေါ် ဂျူရီ၏ ဆုံးဖြတ်ချက် ထုတ်ပြန်ပြီးသည့်အခါတွင်မှတစ်ပါး

ထိုစွဲချက်ကို တရားရုံးတွင်ဖတ်ပြခြင်းမပြုရ။ ထို့ပြင် တရားခံကိုလည်း ထုချေလိုခြင်း ရှိမရှိမေးမြန်းခြင်း မပြုရသည့်အပြင် ထိုကိစ္စနှင့်စပ်လျဉ်းပြီး တရားလိုဘက်က ရည်ညွှန်းခြင်း၊ သို့မဟုတ် သက်သေခံချက်တစ်စုံတစ်ရာပြခြင်းလည်း မပြုရ။

၃၁၁။ အထက်ဆိုခဲ့သည့် နောက်ဆုံးပုဒ်မတွင် မည်သို့ပင်ပါရှိစေကာမူ ပြစ်ချက်ဟောင်းနှင့်စပ်လျဉ်းသည့် အကြောင်းခြင်းရာသည် သက်သေခံအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ စပ်ဆိုင်လျှင် နောက်ထပ်ကျူးလွန်သည့် ပြစ်မှုအတွက် စစ်ဆေးစီရင်မှုတွင် ထိုပြစ်ချက်ဟောင်းအတွက် သက်သေခံချက်ပေးခွင့်ရသည်။ ပြစ်ချက်ဟောင်းအတွက် မည်သည့်အခါသက်သေခံချက် ပေးခွင့်ရခြင်း။

## ည။ တရားလွှတ်တော်အတွက် ဂျူရီလူကြီးများစာရင်းနှင့် ထိုတရားရုံးအတွက် ဂျူရီလူကြီးများဆင့်ခေါ်ခြင်း

၃၁၂။ တရားလွှတ်တော်သည် အထူးဂျူရီလူကြီးများစာရင်းတွင် တစ်ကြိမ်၊ တစ်ကြိမ်တွင် ပါဝင်ရမည့် ပုဂ္ဂိုလ်အရေအတွက်၏ အမည်စာရင်းကို သတ်မှတ်နိုင်သည်။ အထူးဂျူရီ လူကြီးများ အရေအတွက်

× × × × ×

ရိုးရိုးနှင့် အထူးဂျူရီလူကြီးများစာရင်း။

၁၁၃။ (၁) တရားရုံးအရာရှိသည် နှစ်စဉ် ဧပြီလ ၁ ရက်နေ့မတိုင်မီ တရားလွှတ်တော်က အခါအားလျော်စွာ သတ်မှတ်သည့် နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ အောက်ပါစာရင်းများကို ပြုစုရမည် –

(က) ရိုးရိုးဂျူရီလူကြီးများအဖြစ် ဆောင်ရွက်ရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်အားလုံး၏စာရင်း၊

(ခ) အထူးဂျူရီလူကြီးများအဖြစ်သာ ဆောင်ရွက်ရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်များစာရင်း။

(၂) အထူးဂျူရီလူကြီးများစာရင်းပြုစုသောအခါ စာရင်းတွင်ထည့်သွင်းသည့် ပုဂ္ဂိုလ်တို့၏ ပစ္စည်းပိုင်ဆိုင်မှု၊ အကျင့်စာရိတ္တနှင့် ပညာအရည်အချင်းတို့ကို ထောက်ထားရန်လိုသည်။

(၃) ယခင်နှစ်က အထူးဂျူရီလူကြီးများစာရင်းတွင် ထည့်သွင်းခံရခြင်းရှိရုံမျှဖြင့် အထူးဂျူရီလူကြီးစာရင်းတွင် ၎င်း၏အမည် ထည့်သွင်းပေးရမည်ဟု တောင်းဆိုရန် မည်သူမျှ အခွင့်အရေးမရှိစေရ။

(၃ က) ပြည်ထောင်စုပါလီမန်၏ လွှတ်တော်နှစ်ရပ်မှအမတ်များသည် ဂျူရီလူကြီးအဖြစ် ဆောင်ရွက်ရန် တာဝန်မှကင်းလွတ်ခွင့်ရသည်။

(၄) မည်သည့်အစိုးရလစာရ ဝန်ထမ်းမဆို ဂျူရီလူကြီးအဖြစ်ဆောင်ရွက်ရန် တာဝန်မှ နိုင်ငံတော်သမ္မတက ကင်းလွတ်ခွင့်ပေးနိုင်သည်။

စာရင်း ပြုစုသူအရာရှိ၏ သဘောအတိုင်း ဆောင်ရွက်ခွင့်။

(၅) တရားရုံးအရာရှိသည် အထက်တွင်ဆိုခဲ့သည့်အတိုင်း နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ ၎င်းအနေနှင့် သင့်တော်မည်ဟုထင်မြင်ပါက မိမိသဘောအတိုင်း အဆိုပါစာရင်းကို ပြုစုနိုင်သည်။ ၎င်း၏ဆုံးဖြတ်ချက်ကို အယူခံခြင်း၊ ပြန်လည်သုံးသပ်ခြင်းမရှိစေရ။

ပဏာမနှင့် ပြုပြင်ပြီးစာရင်းများကို ထုတ်ပြန် ကြေညာခြင်း

၁၁၄။ (၁) ရိုးရိုးဂျူရီလူကြီးများနှင့် အထူးဂျူရီလူကြီးများအဖြစ် ဆောင်ရွက်ရန် တာဝန်ရှိသူများ၏ ပဏာမစာရင်းအသီးသီးကို တရားရုံးအရာရှိက လက်မှတ်ရေးထိုး၍ ထိုစာရင်းများပြုစုပြီးနောက် ဧပြီလ တစ်ဆယ့်ငါးရက်နေ့မတိုင်မီ နိုင်ငံတော်ပြန်တမ်းတွင် တစ်ကြိမ်ထုတ်ပြန်ကြေညာရမည်။

(၂) ရိုးရိုးဂျူရီလူကြီးများနှင့် အထူးဂျူရီလူကြီးများအဖြစ် ဆောင်ရွက်ရန် တာဝန်ရှိသူများ၏ ပြုပြင်ပြီးစာရင်းအသီးသီးကို တရားရုံးအရာရှိက လက်မှတ်ရေးထိုး၍ ထိုစာရင်းများပြုစုပြီးနောက် မေလ တစ်ရက်နေ့မတိုင်မီ နိုင်ငံတော်ပြန်တမ်းတွင် တစ်ကြိမ်ထုတ်ပြန်ကြေညာရမည်။

(၃) ဆိုခဲ့သည့်စာရင်း၏ မိတ္တူများကို တရားရုံးရှိ ထင်ရှားမြင်သာသော နေရာအချို့တွင် ကပ်ထားရမည်။

ဂျူရီလူကြီးများအဖြစ် ဆင့်ခေါ်ရမည့် အရေးအတွက်။

၁၁၅။ (၁) အထက်အဆိုပါ ပြင်ဆင်ချက်စာရင်းတွင် အမည်ပါရှိသူများအနက်မှ တရားရုံးအရာရှိက လိုအပ်သည်ဟု ထင်မြင်ယူဆသည့် အရေအတွက်ရှိ အထူး၊ သို့မဟုတ် ရိုးရိုးဂျူရီလူကြီးများအဖြစ် ဆောင်ရွက်ရန် တာဝန်ရှိသူများကို ရန်ကုန်မြို့တွင် ရုံးထိုင်ခြင်း အသီးအသီးအတွက် ဆင့်ခေါ်ရမည်။

(၂) တစ်ဦးတစ်ယောက်မပါလျှင် အရေအတွက်ပြည့်မီခြင်း မရှိသည့်အခါတွင်မှ တစ်ပါး ထိုသူအား ခြောက်လအတွင်း တစ်ကြိမ်ထက်ပို၍ ဆင့်ခေါ်ခြင်းမပြုရ။

(၃) အကယ်၍ မည်သည့်ရုံးထိုင်ခြင်းကိုမဆို ဆက်လက်ဆောင်ရွက်နေစဉ်အတွင်း ဆင့်ခေါ်ခြင်းခံရသူများ၏ အရေအတွက်နှင့် လုံလောက်မှုမရှိကြောင်း တွေ့ရှိသည့်အခါ လိုအပ်သည့်အရေအတွက်ကို အထက်တွင်ဆိုခဲ့သည့်အတိုင်း ဆောင်ရွက်ရန် တာဝန်ရှိအခြားသူများအား အဆိုပါရုံးထိုင်ခြင်းအတွက် ဆင့်ခေါ်ရမည်။

နောက်ဆက်တွဲ ဆင့်ခေါ်ခြင်းများ။

၃၁၆။ တရားလွှတ်တော်က ရန်ကုန်မြို့ပြင်ပ မည်သည့်နေရာတွင်မဆို မိမိ၏ပြစ်မှုဆိုင်ရာ မူလစီရင်ပိုင်ခွင့်အာဏာကိုသုံးစွဲ၍ ရုံးထိုင်ရန် ရည်ရွယ်သည့်အကြောင်းကို ကြေညာသည့်အခါတိုင်း အဆိုပါနေရာရှိ စက်ရှင်တရားရုံးသည် တရားလွှတ်တော်ကသတ်မှတ်သည့် ညွှန်ကြားချက်တစ်စုံတစ်ရာနှင့် မဆန့်ကျင်စေဘဲ မိမိ၏စာရင်းမှ လုံလောက်သောဂျူရီလူကြီးများကို စက်ရှင်တရားရုံးမှ ဂျူရီလူကြီးများဆင့်ခေါ်ခြင်းနှင့်စပ်လျဉ်း၍ အောက်တွင်ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ဆင့်ခေါ်ရမည်။

တရားလွှတ်တော်ပြင်မရွှေ့ ရုံးထိုင်ခြင်း အတွက် ဂျူရီလူကြီးများကို ဆင့်ခေါ်ခြင်း။

၃၁၇။ (၁) ဆိုခဲ့သည့်အတိုင်း ဂျူရီလူကြီးများကို ဆင့်ခေါ်သည့်အပြင် ထပ်မံ၍ အဆိုပါ စက်ရှင်တရားရုံးက လိုအပ်သည်ဟုထင်မြင်လျှင် တပ်ရင်းမှူးနှင့်ဆက်သွယ်ဆောင်ရွက်ပြီးနောက် အထက်တွင်ဆိုခဲ့သည့်အတိုင်း တရားလွှတ်တော်၌ ပြစ်မှုများဖြင့်စွဲဆိုခြင်းခံရသူများ စစ်ဆေးစီရင်သည့်အမှုအတွက် ဂျူရီလူကြီးများပြည့်မီရန် လိုအပ်သည်ဟု စက်ရှင်တရားရုံးကထင်မြင်ယူဆသောအခါ လိုအပ်သည်ဦးရေအတွက် မိမိရုံးထိုင်နေရာမှတစ်ဆယ်မိုင်အတွင်းရှိ မြန်မာ့တပ်မတော် ကြည်းတပ်နှင့်လေတပ်မှ ပြန်တမ်းဝင်တပ်မတော်အရာရှိနှင့်အကြပ်များကို ထပ်မံ၍ဆင့်ခေါ်ရမည်။

စစ်ဘက်ဆိုင်ရာ ဂျူရီလူကြီးများ။

(၂) ဆိုခဲ့သည့်အတိုင်း ဆင့်ခေါ်ခြင်းခံရသည့် အရာရှိအားလုံးသည် ဤဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ဂျူရီလူကြီးများအဖြစ် ဆောင်ရွက်ရန်တာဝန်ရှိသည်။ သို့သော် တပ်ရင်းမှူးက အရေးကြီးသောအစိုးရတာဝန်ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ကင်းလွတ်ခွင့်ပြုရန်လိုလားသည့်အခါ၊ သို့မဟုတ် အခြားအထူးအကြောင်းပြချက်ရှိခဲ့လျှင် ဆိုခဲ့သည့်အရာရှိကို ဆင့်ခေါ်ခြင်းမပြုရ။

၃၁၈။ ပုဒ်မ ၃၁၅၊ ပုဒ်မ ၃၁၆၊ သို့မဟုတ် ၃၁၇ အရဆင့်ခေါ်ခြင်းခံရသူ မည်သူမဆို တရားသောအကြောင်းပြချက်မရှိဘဲ သမ္မန်စာအရ လိုအပ်သည့်အတိုင်း တက်ရောက်ရန်ပျက်ကွက်လျှင်၊ သို့မဟုတ် တက်ရောက်သော်လည်း တရားသူကြီး၏ခွင့်ပြုချက်မရရှိဘဲ ထွက်ခွါသွားလျှင်၊ သို့မဟုတ် ရက်ချိန်းတွင်လာရောက်ရမည်ဟူ၍ တရားရုံးကအမိန့်ချမှတ်သည့်အတိုင်း တက်ရောက်ရန် ပျက်ကွက်လျှင် တရားရုံးကို မထီမဲ့မြင်ပြုမှု ကျူးလွန်ရာရောက်ပြီး တရားသူကြီးကချမှတ်သည့်အမိန့်အတိုင်း တရားသူကြီးက သင့်တော်သည်ဟုထင်မြင်သည့်ဒဏ်ငွေကို ပေးဆောင်ရန်တာဝန်ရှိသည့် အပြင် ဒဏ်ငွေပေးဆောင်ရန်ပျက်ကွက်ပါက တရားမအကျဉ်းထောင်တွင် ဒဏ်ငွေပေးဆောင်သည်အထိ ခြောက်လထက်မပိုသော ထောင်ဒဏ် ကျခံစေရမည်။

ဂျူရီလူကြီးတက်ရောက်ရန်ပျက်ကွက်ခြင်း။

သို့ရာတွင် တရားရုံးက မိမိသဘောအတိုင်း ချမှတ်ထားသော ဒဏ်ငွေနှင့်ထောင်ဒဏ်တို့ကို ကင်းလွတ်ခွင့်ပေးနိုင်သည်။

## ၄။ စက်ရှင်တရားရုံးအတွက် ဂျူရီလူကြီးများစာရင်းနှင့် ထိုတရားရုံးအတွက် ဂျူရီလူကြီးဆင့်ခေါ်ခြင်း

၃၁၉။ အောက်တွင်ဖော်ပြပါရှိသည့်အတိုင်းမှတစ်ပါး အသက်နှစ်ဆယ့်တစ်နှစ်မှ ခြောက်ဆယ်နှစ်အတွင်းရှိ အမျိုးသားအားလုံးသည် ၎င်းတို့နေထိုင်ရာ ခရိုင်အတွင်းဖြစ်စေ၊ နိုင်ငံတော်သမ္မတက ဒေသန္တရပတ်ဝန်းကျင်အကြောင်းခြင်းရာကို ထောက်ထား၍ ဤကိစ္စအလို့ငှာ နယ်မြေ၏ တစ်စုံတစ်ရာကို သတ်မှတ်ခဲ့လျှင်၊ ထိုသတ်မှတ်ခဲ့သောနယ်မြေအတွင်းဖြစ်စေ စစ်ဆေးစီရင်သည့် မှုခင်းတစ်စုံတစ်ရာတွင် ဂျူရီလူကြီးများအဖြစ် ဆောင်ရွက်ရန် တာဝန်ရှိစေရမည်။ ဂျူရီလူကြီး အဖြစ် ဆောင်ရွက်ရန် တာဝန်ရှိခြင်း။

၃၂၀။ အောက်တွင်ဖော်ပြပါရှိသူများသည် ဂျူရီလူကြီးများအဖြစ် ဆောင်ရွက်ရန် တာဝန်မှကင်းလွတ်ခွင့်ရှိသည် – ကင်းလွတ် ခွင့်များ။

(က) ခရိုင်ရာဇဝတ်တရားသူကြီးထက် ရာထူးကြီးမြင့်သော နိုင်ငံဝန်ထမ်းအရာရှိများ၊

(ကက) ပြည်ထောင်စုပါလီမန်၏ လွှတ်တော်နှစ်ရပ်မှ အမတ်များ၊

(ခ) လစာရတရားသူကြီးများ၊

(ဂ) အခွန်၊ သို့မဟုတ် အကောက်ခွန်ဘက်ဆိုင်ရာ မင်းကြီးများနှင့် ကော်လိတ္တော်အရာရှိများ၊

(ဃ) အကောက်ခွန်ဦးစီးဌာနကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သူများနှင့် ရဲအရာရှိများ၊

(င) ကော်လိတ္တော်အရာရှိက အခွန်ကောက်ခံရေးတာဝန်များ ထမ်းဆောင်သူဖြစ်သဖြင့် ကင်းလွတ်ခွင့်ပြုသင့်သည်ဟု ထင်မြင်သူများ၊

(စ) ဘာသာရေးအရ တရားဟောဆရာများ၊ ဘုန်းကြီးများအဖြစ်ဆောင်ရွက်လျက်ရှိနေသူများ၊

(ဆ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဂျူရီလူကြီးများအဖြစ် ဆောင်ရွက်ရန်တာဝန်အထူးသတ်မှတ်ခြင်းခံရသည့် မြန်မာနိုင်ငံ ကြည်းတပ်၊ ရေတပ်၊ သို့မဟုတ် လေတပ်တွင် တာဝန်ထမ်းဆောင်သူများ၊

(ဇ) ဆရာဝန်များနှင့် ဆေးပညာဖြင့်ထင်ရှားစွာ အမြဲကုသနေသူများ၊

(ဈ) ရှေ့နေများ အက်ဥပဒေတွင် အဓိပ္ပါယ်ဖော်ပြထားသည့်အတိုင်း အမှန်တကယ်အမှုလိုက်လျှက်ရှိသော ရှေ့နေများ၊

(ည) စာတိုက်နှင့်ကြေးနန်းဌာနတွင် တာဝန်ထမ်းဆောင်နေသူများ၊

(ဋ) တရားမကျင့်ထုံးဥပဒေအရ တရားရုံးသို့ ကိုယ်တိုင်ရောက်ရှိရန် ကင်းလွတ်ခွင့်ရထားသူများ၊

(ဌ) ဂျူရီလူကြီးများအဖြစ်ဆောင်ရွက်ခြင်းမှ နိုင်ငံတော်သမ္မတက ကင်းလွတ်ခွင့်ပေးထားသည့် အခြားသူများ။

၃၂၁။ (၁) တရားရုံးအရာရှိက ၎င်း၏သဘောတွင် အရည်အချင်းနှင့်ပြည့်စုံပြီး ပုဒ်မ ၂၇၈၊ အပိုဒ် (ခ) မှ (တ) အရ သဘောမတူကြောင်းနှင့် ကန့်ကွက်လျှင် ခွင့်ပြုနိုင်ဖွယ်ရာမရှိသည့် ဂျူရီလူကြီးများအဖြစ် ဆောင်ရွက်ရန် တာဝန်ရှိသူများ၏ အမည်စာရင်းကို အက္ခရာစဉ်အလိုက် ပြုစုရမည်။ ဂျူရီလူကြီးများ၏စာရင်း။

(၂) ထိုစာရင်းတွင် အဆိုပါသူများ၏ အမည်၊ နေရပ်နှင့် အရည်အချင်း သို့မဟုတ် အလုပ်အကိုင်များ ပါရှိရမည်။

၃၂၂။ အဆိုပါမိတ္တူများကို ခရိုင်ရာဇဝတ်တရားသူကြီးနှင့် ခရိုင်တရားမရုံးများတွင် စွဲကပ်ထားရမည်။ ထို့ပြင် အဆိုပါစာရင်းမှ ကောက်နုတ်ချက်များကို အဆိုပါကောက်နုတ်ချက်စာရင်းတွင် အမည်ပါရှိသူများနေထိုင်ရာ မြို့များတွင်ဖြစ်စေ၊ ၎င်းမြို့အနီးရှိ မြို့များတွင်ဖြစ်စေ ထင်ရှားသည့်နေရာများတွင် စွဲကပ်ထားရမည်။ စာရင်းထုတ်ပြန်ကြေညာခြင်း။

၃၂၃။ အဆိုပါမိတ္တူ၊ သို့မဟုတ် ကောက်နုတ်ချက်အသီးသီး၏ အောက်ခြေတွင် စာရင်းကို ကန့်ကွက်လျှင် ကန့်ကွက်ချက်ကို စက်ရှင်တရားရုံးတွင် စက်ရှင်တရားသူကြီးနှင့် ခရိုင်ရာဇဝတ်တရားသူကြီးတို့က အကြောင်းကြားစာတွင်ပါရှိသည့် မည်သည့်နေ့ရက်အချိန်တွင် ကြားနာဆုံးဖြတ်မည့် အကြောင်းကြားစာ ပါရှိစေရမည်။ စာရင်းကို ကန့်ကွက်ခြင်း။

၃၂၄။ (၁) ဆိုခဲ့သည့်အတိုင်း ကန့်ကွက်ချက်ကို ကြားနာရန်အလို့ငှာ စက်ရှင်တရားသူကြီးသည် ခရိုင်ရာဇဝတ်တရားသူကြီးနှင့်အတူ အကြောင်းကြားစာတွင်ပါရှိသည့် နေ့ရက်အချိန်တွင် ရုံးထိုင်၍ စာရင်းကို ထပ်မံသုံးသပ်ပြီး ၎င်းစာရင်းကို ပြင်ဆင်ရန်နှင့်စပ်လျဉ်း၍ သက်ဆိုင်သူတို့၏ ကန့်ကွက်ချက် (ရှိခဲ့လျှင်) ကြားနာပြီးနောက် ၎င်းတို့၏သဘောတွင် ဂျူရီလူကြီးအဖြစ် ဆောင်ရွက်ရန် သင့်တော်ခြင်းမရှိသူ၊ သို့မဟုတ် ပုဒ်မ ၃၂၀ အရ ဆောင်ရွက်ရန် တာဝန်ကင်းလွတ်ခွင့်ရှိကြောင်း အထင်အရှားတင်ပြနိုင်သူတို့၏ အမည်ကို စာရင်းမှထုတ်ပယ်ရမည်။ ထို့နောက် ၎င်းတို့က ဂျူရီလူကြီးအဖြစ်ဆောင်ရွက်ရန် သင့်တော်သည်ဟု ယူဆသည့်စာရင်းတွင် ချန်လှပ်ထားသူ၏ အမည်ကို ထည့်သွင်းရမည်။ စာရင်းကို ပြင်ဆင်ခြင်း။

(၂) စက်ရှင်တရားသူကြီးနှင့် ခရိုင်ရာဇဝတ်တရားသူကြီးတို့ သဘောထားကွဲလွဲလျှင် ဂျူရီလူကြီးအဖြစ် ရည်ရွယ်သူ၏အမည်ကို စာရင်းမှချန်လှပ်ထားရမည်။

(၃) ပြင်ဆင်ထားသောစာရင်းကို စက်ရှင်တရားသူကြီးနှင့် ခရိုင်ရာဇဝတ်တရားသူကြီးတို့က လက်မှတ်ရေးထိုးပြီး တရားရုံးအရာရှိထံ ပေးပို့ရမည်။

(၄) စာရင်းပြုစုရာတွင်လည်းကောင်း၊ ပြင်ဆင်ရာတွင်လည်းကောင်း စက်ရှင်တရားသူကြီးနှင့် ခရိုင်ရာဇဝတ်တရားသူကြီးတို့က ချမှတ်သည့်အမိန့်သည် အပြီးသတ်အတည်ဖြစ်စေရမည်။

(၅) ဤပုဒ်မအရ ကင်းလွတ်ခွင့်တစ်စုံတစ်ရာကို တောင်းခံခြင်းမပြုလျှင် ထိုစာရင်းကို နောက်တစ်ကြိမ် ထပ်မံပြင်ဆင်သည့်တိုင်အောင် ကင်းလွတ်ခွင့်ကို စွန့်လွှတ်သည်ဟု မှတ်ယူရမည်။

(၆) ထိုကဲ့သို့ပြုစုသည့်၊ ပြင်ဆင်သည့်စာရင်းကို တစ်နှစ်တစ်ကြိမ် ထပ်မံပြင်ဆင်ရမည်။ နှစ်စဉ် ပြင်ဆင်ချက်စာရင်း။

(၇) ဆိုခဲ့သည့်အတိုင်း ထပ်မံပြင်ဆင်ပြီး စာရင်းကို စာရင်းသစ်ဖြစ်ကြောင်း မှတ်ယူရမည်။ ၎င်းစာရင်းသစ်မှာလည်း မူလပြုစုထားသည့် စာရင်းနှင့်စပ်လျဉ်း၍ အထက်တွင်ပါရှိသည့် နည်းဥပဒေအသီးသီးနှင့် သက်ဆိုင်စေရမည်။

၃၂၅။ အကယ်၍ တရားသူကြီးက ညွှန်ကြားလျှင် အချို့သောပြစ်မှုများကို အထူးဂျူရီဖြင့် စစ်ဆေးစီရင်ရမည်ဟူ၍ နိုင်ငံတော်သမ္မတက ကြေညာထားသည့် မည်သည့်ခရိုင်တွင်မဆို တရားရုံး အရာရှိသည် အထက်တွင်သတ်မှတ်ထားသည့်အတိုင်း ပြင်ဆင်ထားသော စာရင်းအပြင် အဆိုပါ စာရင်းတွင်ပါရှိသည့် ဂျူရီလူကြီးများ၏ အမည်များနှင့် ၎င်း၏သဘောအရ ပစ္စည်း၊ အကျင့်စာရိတ္တ၊ သို့မဟုတ် ပညာအရည်အချင်းနှင့်စပ်လျဉ်း၍ အရည်အချင်းပြည့်စုံပြီး အထူးဂျူရီလူကြီး များအဖြစ် ဆောင်ရွက်ရန် သင့်တော်သူများ၏ အထူးစာရင်းကို ပြုစုရမည်။ သို့ရာတွင် အဆိုပါ အထူးစာရင်းတွင် တစ်ဦးတစ်ယောက်၏ အမည်ပါရှိခြင်းကြောင့် ထိုသူ၏အမည်ကို ပြင်ဆင်ထား သည့်စာရင်းမှ ထုတ်ပယ်သည့်သဘော သက်ရောက်ခြင်းမရှိစေရ။ ထို့ပြင် အထူးဂျူရီဖြင့် စစ်ဆေး စီရင်ခြင်းမပြုသည့်အမှုများတွင် ထိုသူကို ရိုးရိုးဂျူရီလူကြီးအဖြစ် ထမ်းဆောင်ရန် တာဝန်ရှိခြင်းမှ လွတ်ကင်းခြင်းမရှိစေရ။ အထူး ဂျူရီလူကြီးများစာရင်းကို ပြုစုခြင်း။

၃၂၆။ (၁) တရားရုံးအရာရှိသည် ရုံးထိုင်ခြင်းများအတွက် သတ်မှတ်သည့်ရက်မတိုင်မီ အနည်းဆုံး ခုနစ်ရက်ကြိုတင်၍ အဆိုပါ ရုံးထိုင်ခြင်းများအတွက် ဂျူရီဖြင့်စစ်ဆေးစီရင်ရာတွင် လိုအပ်သည်ဟု ထင်မြင်သောအရေအတွက်ကို ပြင်ဆင်ထားသည့်အတိုင်း၊ သို့မဟုတ် အထူးစာရင်းတွင် ဖော်ပြထားသည့် အမည်များထဲမှ သမ္မန်စာဖြင့်ဆင့်ခေါ်ရမည်။ ထိုသို့သမ္မန်စာဖြင့် ဆင့်ခေါ်ရမည့် အရေအတွက်သည် အဆိုပါစစ်ဆေးမှုတွင် လိုအပ်သည့်အရေအတွက်၏ နှစ်ဆအောက် မလျော့ စေရ။ တရားရုံးအရာရှိက ဂျူရီလူကြီး များကို ဆင့်ခေါ်ခြင်း။

(၂) ခြောက်လအတွင်း ဆောင်ရွက်ဖူးသူတို့ကို နုတ်ပယ်ပြီးလျှင် ဆင့်ခေါ်ခြင်းခံရ မည့်သူတို့အမည်များကို ရုံးရှေ့တွင် မဲနှိုက်ရွေးချယ်ရမည်။ ၎င်းခြောက်လအတွင်း ဆောင်ရွက်ဖူးသူ တို့၏အမည်မပါဘဲ လူဦးရေမပြည့်စုံလျှင် ၎င်းတို့ကိုမနုတ်ပယ်ရ။ ဆိုခဲ့သည့်အတိုင်း မဲနှိုက်ရွေးချယ် ရသူတို့အမည် များကို ဆိုခဲ့သည့်သမ္မန်စာတွင် သီးခြားဖော်ပြရမည်။

(၃) (၄) × × × ×

၃၂၇။ တရားရုံးရှေ့ စစ်ဆေးစီရင်ရသည့် အမှုဦးရေကို ထောက်ထား၍ ဂျူရီလူကြီးတစ်စု သည် တစ်ချိန်လုံး ရုံးထိုင်ရခြင်းကြောင့်၊ တက်ရောက်ရသည့်အကြောင်းကြောင့် ပင်ပန်းရာရောက် မည့်အတွက်ကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ ထိုအကြောင်းများကြောင့် လိုအပ် မည်ဟုတွေ့ရှိရလျှင် တရားရုံးအရာရှိသည် ပုဒ်မ ၃၂၆ တွင် သီးခြားဖော်ပြထားသည့် နေ့ရက် အချိန်မှတစ်ပါး အခြားနေ့ရက်အချိန်အခါများအတွက် ဂျူရီလူကြီးများအား ဆင့်ခေါ်ရန်ညွှန်ကြား နိုင်သည်။ အခြားဂျူရီလူ ကြီးတစ်စု ဆင့် ခေါ်ခွင့်အာဏာ။

၃၂၈။ ဂျူရီလူကြီးထံ ထုတ်ဆင့်သည့်သမ္မန်စာတိုင်း စာဖြင့်ဖြစ်စေရမည့်အပြင် ထိုသမ္မန် စာတွင် သီးခြားဖော်ပြထားသည့်အချိန်နှင့်နေရာသို့ ဂျူရီလူကြီးအဖြစ် တက်ရောက်ရန် ဖော်ပြ ပါရှိစေရမည်။ သမ္မန်စာပုံစံ၌ ပါ ရှိရမည့် အချက် များ။

၃၂၉။ ဂျူရီလူကြီးအဖြစ် ထမ်းဆောင်ရန် ဆင့်ခေါ်ခြင်းခံရသူတစ်စုံတစ်ယောက်သည် အစိုးရဝန်ထမ်း၊ သို့မဟုတ် မီးရထားဝန်ထမ်းဖြစ်ခဲ့သော် ထိုသူသည် အများပြည်သူတို့ ကသိက အောက်မဖြစ်စေဘဲ ဂျူရီလူကြီးအဖြစ်မဆောင်ရွက်နိုင်ကြောင်း ထိုသူတာဝန်ထမ်းဆောင်းရာ ရုံး အကြီးအကဲ၏တင်ပြချက်အရ ထင်မြင်လျှင် ထိုသူတက်ရောက်ခြင်းကို တရားရုံးကခွင့်လွှတ်နိုင် သည်။ အစိုးရအမှုထမ်း၊ သို့မဟုတ် မီး ရထားအမှုထမ်း များ မည်သည့် အခါခွင့်လွှတ်နိုင် ခြင်း။

ဂျူရီလူကြီးတက်ရောက်ခြင်းကို တရားရုံးက ခွင့်လွှတ်နိုင်ခြင်း။

၃၃၀။ (၁) စက်ရှင်တရားရုံးသည် သင့်တော်သည့်အကြောင်းကြောင့် ဂျူရီလူကြီးတစ်ဦးတစ်ယောက်ကို မည်သည့်စစ်ဆေးစီရင်မှုတစ်ခုအတွက်မဆို တက်ရောက်ခြင်းမှ ခွင့်လွှတ်နိုင်သည်။

တစ်ဆယ့်နှစ်လအတွင်း ဂျူရီလူကြီး အဖြစ်ဆောင်ရွက်ရန်တာဝန်မှ ကင်းလွတ်စေရန် အထူး ဂျူရီလူကြီးတို့ကို တရားရုံးက ခွင့်ပြုနိုင်ခြင်း။

(၂) အထူးဂျူရီဖြင့် စစ်ဆေးစီရင်သည့် အမှုတစ်စုံတစ်ရာ ဆုံးခန်းတိုင်ရောက်သည့်အခါ စက်ရှင်တရားရုံးက သင့်သည်ထင်မြင်လျှင် အဆိုပါဂျူရီတွင် တာဝန်ထမ်းဆောင်သည့် ဂျူရီလူကြီးများကို တစ်ဆယ့်နှစ်လအတွင်း ဂျူရီလူကြီးများအဖြစ် တာဝန်ထမ်းဆောင်ရန် ထပ်မံ၍မဆင့်ခေါ်ရ။

တက်ရောက်သည့်ဂျူရီလူကြီးများ၏ စာရင်း။

[၄] ၃၃၁။ (၁) ရုံးထိုင်ခြင်းတစ်ခုချင်းအလိုက် အဆိုပါရုံးထိုင်ခြင်းများတွင် တက်ရောက်သောဂျူရီလူကြီးများ၏အမည်ကို တရားရုံးအရာရှိက စာရင်းပြုစုထားရမည်။

(၂) ထိုစာရင်းကို ပုဒ်မ ၃၂၄ အရ ပြင်ဆင်ထားသောစာရင်းနှင့် အတူထားရမည်။

(၃) ဆိုခဲ့သည့် ပြင်ဆင်ထားသည့်စာရင်း ဘေးကွက်လပ်တွင် ယခုပုဒ်မအရ ပြုစုသည့်စာရင်းပါ အမည်အသီးသီးကို ကိုးကားရေးမှတ်ထားရမည်။

တက်ရောက်ခြင်းမပြုသည့် ဂျူရီလူကြီးအတွက် ပြစ်ဒဏ်။

၃၃၂။ (၁) ဂျူရီလူကြီးအဖြစ်တက်ရောက်ရန် ဆင့်ဆိုခြင်းခံရသူ မည်သူမဆို တရားသောအကြောင်းပြချက်မရှိဘဲ သမ္မန်စာအရ လိုအပ်သည့်အတိုင်းတက်ရောက်ရန် ပျက်ကွက်လျှင်၊ သို့မဟုတ် တက်ရောက်သော်လည်း တရားရုံး၏ခွင့်ပြုချက်မရရှိဘဲ ထွက်ခွါသွားလျှင်၊ သို့မဟုတ် ရက်ချိန်းရက်တွင် လာရောက်ရမည်ဟူ၍ တရားရုံးကအမိန့်ချမှတ်သည့်အတိုင်း တက်ရောက်ရန်ပျက်ကွက်လျှင် စက်ရှင်တရားရုံး၏အမိန့်အရ ကျပ်တစ်ရာထက်မပိုသောဒဏ်ငွေ ထမ်းဆောင်ထိုက်စေရမည်။

(၂) ထိုဒဏ်ငွေကို အမိန့်ချမှတ်သည့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်းရှိ အဆိုပါဂျူရီလူကြီးပိုင် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းတစ်စုံတစ်ရာကို ခရိုင်ရာဇဝတ်တရားသူကြီးက ဝရမ်းကပ်၍ရောင်းချပြီး ရယူရမည်။

(၃) အကြောင်းလုံလောက်စွာတင်ပြနိုင်လျှင် ဆိုခဲ့သည့်အတိုင်း ချမှတ်သည့်ဒဏ်ငွေကို တရားရုံးက ကင်းလွတ်ခွင့်သော်လည်းကောင်း၊ လျှော့ပေါ့ခွင့်သော်လည်းကောင်း ပေးနိုင်သည်။

(၄) ထိုဒဏ်ငွေကို ဆိုခဲ့သည့်အတိုင်း ဝရမ်းစွဲကပ်ရောင်းချ၍မရနိုင်သည့်အခါ စက်ရှင်တရားရုံး၏အမိန့်အရ ထိုဂျူရီလူကြီးကို တရားမအကျဉ်းထောင်တွင် တစ်ဆယ့်ငါးရက် ချုပ်ထားနိုင်သည်။ သို့သော် ၎င်းငွေကို တစ်ဆယ့်ငါးရက်မကုန်ဆုံးမီ ပေးဆောင်လျှင် ဂျူရီလူကြီးအား အချုပ်မှလွှတ်ရမည်။

### ၃။ တရားလွှတ်တော်အတွက် အထူးပြဋ္ဌာန်းချက်များ

၃၃၃။ ဤဥပဒေအရ တရားလွှတ်တော်၌စစ်ဆေးစီရင်သည့် အမှုတစ်စုံတစ်ရာ၏ မည်သည့်အဆင့်တွင်မဆို ဆုံးဖြတ်ချက်မပေးမီ ရှေ့နေချုပ်က သင့်သည်ဟုထင်မြင်လျှင် အစိုးရကိုယ်စား တရားခံအပေါ် စွပ်စွဲထားသည့်အမှုကို ဆက်လက်မဆောင်ရွက်လိုကြောင်း တရားရုံးသို့ အကြောင်းကြားနိုင်သည်။ ထိုကဲ့သို့အကြောင်းကြားသည့်အခါ တရားခံအပေါ် စွပ်စွဲထားသည့် အဆိုပါစွပ်စွဲချက်နှင့်စပ်လျဉ်းသည့် အမှုများကို ဆိုင်းငံ့ရမည်။ ထို့ပြင် တရားခံအား စွပ်စွဲထားသည့်အမှု မှ စွဲချက်မတင်မီ လွှတ်ရမည်။ သို့သော် ရုံးထိုင်တရားသူကြီးက အခြားနည်းညွှန်ကြားခြင်းမရှိလျှင် အဆိုပါစွဲချက်မတင်မီ လွှတ်ခြင်းသည် အမှုမှအပြီးအပြတ်လွှတ်သည့်သဘော မသက်ရောက်စေရ။ — တရားစွဲဆိုခြင်းကို ဆိုင်းငံ့နိုင်သည့်ရှေ့နေချုပ်၏အာဏာ။

၃၃၄။ ပြစ်မှုဆိုင်ရာမူလစီရင်ပိုင်ခွင့်အာဏာသုံးစွဲသည့်အခါ တရားလွှတ်တော်သည် ထို တရားရုံး တရားသူကြီးချုပ်က အခါအားလျော်စွာသတ်မှတ်သည့်နေ့များနှင့် သင့်တော်မည့်ရက်ခြားသောနေ့များတွင် ရုံးထိုင်ရမည်။ — ရုံးထိုင်ချိန်များ။

၃၃၅။ (၁) တရားလွှတ်တော်သည် လက်ရှိရုံးထိုင်သည့်နေရာတွင် ရုံးထိုင်ရမည်၊ သို့မဟုတ် နိုင်ငံတော်သမ္မတကညွှန်ကြားသည့် အခြားတစ်နေရာ (ရှိခဲ့လျှင်) တွင် ရုံးထိုင်ရမည်။ — ရုံးထိုင်ရာနေရာ

(၂) သို့သော်လည်း နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် တရားလွှတ်တော်က သတ်မှတ်သည့် မိမိအယူခံစီရင်ပိုင်ခွင့်အာဏာရှိသည့် နယ်မြေအတွင်းရှိ အခြားနေရာများတွင် အခါအားလျော်စွာ ရုံးထိုင်ခြင်းများ ပြုနိုင်သည်။

(၃) တရားလွှတ်တော်က ပြစ်မှုဆိုင်ရာ မူလစီရင်ပိုင်ခွင့်အာဏာ သုံးစွဲရန်အတွက် ရည်ရွယ်သည့် ရုံးထိုင်ရက်များကို တရားရုံးအရာရှိက နိုင်ငံတော်ပြန်တမ်းတွင် ကြိုတင်၍ကြေညာရမည်။ — ရုံးထိုင်ရန် ကြေညာခြင်း။

၃၃၆။ × × × ×

## အခန်း (၂၄)

### စုံစမ်းစစ်ဆေးမှုများ၊ စစ်ဆေးစီရင်မှုများနှင့်စပ်လျဉ်းသည့် ယေဘုယျပြဋ္ဌာန်းချက်များ

၃၃၇။ (၁) တရားလွှတ်တော်၊ သို့မဟုတ် စက်ရှင်တရားရုံးကသာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိသော ပြစ်မှုတစ်စုံတစ်ရာတွင်ဖြစ်စေ၊ ဆယ်နှစ်ထိထောင်ဒဏ်စီရင်နိုင်သော ပြစ်မှုတစ်စုံတစ်ရာ တွင်ဖြစ်စေ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်စီရင်နိုင်သော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁၁ အရ ပြစ်ဒဏ် ထိုက်သင့်သည့် ပြစ်မှုတစ်စုံတစ်ရာတွင်ဖြစ်စေ၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁၆ က၊ ၃၆၉၊ ၄၀၁၊ ၄၃၅ နှင့် ၄၇၇ က တို့အနက် ပုဒ်မတစ်ခုခုအရ ပြစ်မှုတစ်စုံတစ်ရာတွင်ဖြစ်စေ ခရိုင်ရာဇဝတ် တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး သို့မဟုတ် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး တစ်ဦးဦးသည် ပြစ်မှုကို စုံစမ်းထောက်လှမ်းခြင်း၊ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်း၊ သို့မဟုတ် စစ်ဆေး စီရင်ခြင်းတို့၏ မည်သည့်အဆင့်၌မဆို ပြစ်မှုတွင်တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ပါဝင်ပတ်သက်ခဲ့သည်ဟု ယူဆရသူ၊ သို့မဟုတ် ကြံရာပါဟု ယူဆရသူတစ်ဦး တစ်ယောက်ထံမှ သက်သေခံချက် ရရှိနိုင်ရန်အလို့ငှာ အဆိုပါပြစ်မှုနှင့်တကွ ယင်းပြစ်မှု ကျူးလွန်ရာ ၌ အရင်းခံကျူးလွန်သူအဖြစ်ဖြင့်သော်လည်းကောင်း၊ အားပေးကူညီသူအဖြစ်ဖြင့်သော်လည်းကောင်း ပါဝင်ပတ်သက်သူတို့နှင့်စပ်လျဉ်း၍ ထိုသူသိသမျှအကြောင်းခြင်းရာအလုံးစုံကို မခြွင်းမချန် အမှန် အတိုင်းဖော်ထုတ်ပြောဆိုစေရမည်ဟူသော စည်းကမ်းချက်ဖြင့် ထိုသူကို ပြစ်ဒဏ်လွတ်ငြိမ်း ချမ်းသာ ခွင့်ပေးနိုင်သည်။ — ကြံရာပါကို ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း။

သို့ရာတွင် ပြစ်မှုမှာ စုံစမ်းစစ်ဆေးဆဲ၊ သို့မဟုတ် စစ်ဆေးစီရင်ဆဲဖြစ်လျှင် ခရိုင်ရာဇဝတ်တရားသူကြီးမှတစ်ပါး မည်သည့်ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးကမျှ မိမိကိုယ်တိုင်စုံစမ်းစစ်ဆေးနေသော၊ သို့မဟုတ် စစ်ဆေးစီရင်နေသော ရာဇဝတ်တရားသူကြီးမဟုတ်လျှင် ဤပုဒ်မအရ အပ်နှင်းသည့်အာဏာကိုမသုံးစွဲရ။ ၎င်းပြင် ပြစ်မှုကိုစုံစမ်းထောက်လှမ်းဆဲဖြစ်လျှင် ပြစ်မှုကိုစုံစမ်းစစ်ဆေးရမည့်၊ သို့မဟုတ် စစ်ဆေးစီရင်ရမည့်နေရာဒေသတွင် စီရင်ပိုင်ခွင့်အာဏာရှိသော ရာဇဝတ်တရားသူကြီးတစ်ဦးဦးမဟုတ်သည့်ပြင် ခရိုင်ရာဇဝတ်တရားသူကြီး၏ အခွင့်အမိန့်ကိုရရှိပြီးမဟုတ်ပါက ဆိုခဲ့သော မည်သည့်ရာဇဝတ်တရားသူကြီးကမျှ အဆိုပါအာဏာကို မသုံးစွဲစေရ။

( ၁ က ) ပုဒ်မခွဲ (၁) အရ ပြစ်ဒဏ်လွတ်ငြိမ်းလျှမ်းသာခွင့်ပေးသော ရာဇဝတ်တရားသူကြီးတိုင်းသည် မည်သည့်အတွက် လွတ်ငြိမ်းချမ်းသာခွင့်ပေးကြောင်း မိမိ၏အကြောင်းပြချက်များကို ရေးမှတ်ထားရမည်။

(၂) ဤပုဒ်မအရ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို လက်ခံရသူတိုင်းအား ယင်းပြစ်မှုကို အရေးယူသည့် ရာဇဝတ်တရားသူကြီး၏ တရားရုံးတွင် နောက်ထပ်စစ်ဆေးစီရင်မှုရှိခဲ့လျှင် ယင်းစစ်ဆေးစီရင်မှုတွင် သက်သေတစ်ဦးအဖြစ် စစ်မေးရမည်။

(၂ က) လူတစ်ဦးတစ်ယောက်သည် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို လက်ခံခဲ့ပြီးဖြစ်သည့်အပြင် ၎င်းအား ပုဒ်မခွဲ (၂) အရ စစ်ဆေးခဲ့ပြီးသောအမှုတိုင်း၌ မိမိရှေ့မှောက်၌ မှုခင်းအားစစ်ဆေးနေသော ရာဇဝတ်တရားသူကြီးက တရားခံသည် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့ကြောင်း လုံလောက်သည့်ယုံကြည်ထိုက်သော အကြောင်းပြချက်များရှိလျှင် ၎င်းတရားခံကို သက်ဆိုင်ရာရာစက်ရှင်တရားရုံးသို့ဖြစ်စေ၊ တရားလွှတ်တော်သို့ဖြစ်စေ စစ်ဆေးစီရင်ရန်အတွက် တင်ပို့ရမည်။

(၃) ထိုသူကို အာမခံဖြင့်လွှတ်မထားလျှင် ၎င်းကိုစစ်ဆေးစီရင်မှုပြီးဆုံးသည်အထိ အချုပ်နှင့်ထားရမည်။

၃၃၈။ လွှဲအပ်တင်ပို့ပြီးနောက် စီရင်ချက်မချမီ မည်သည့်အခါမဆို လွှဲအပ်တင်ပို့ခြင်းခံရသည့် တရားရုံးက ၎င်းပြစ်မှုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပါဝင်ပတ်သက်ခဲ့သည်ဟု ယူဆရသူ၊ သို့မဟုတ် ကြံရာပါဟုယူဆရသူတစ်ဦးတစ်ယောက်၏ သက်သေခံချက်ကို စစ်ဆေးစီရင်မှုတွင်ရရှိရန်အလို့ငှာ ၎င်းထံ စည်းကမ်းချက်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည်၊ သို့မဟုတ် ၎င်းစည်းကမ်းချက်မျိုးနှင့် ဆိုခဲ့သည့်အတိုင်း ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် အမှုလွှဲအပ်တင်ပို့သည့် ရာဇဝတ်တရားသူကြီးအားဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီးအားဖြစ်စေ အမိန့်ထုတ်ဆင့်နိုင်သည်။ ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့် ပေးရန်ညွှန်ကြားနိုင်သည့် အာဏာ။

၃၃၉။ (၁) ပုဒ်မ ၃၃၇၊ သို့မဟုတ် ၃၃၈ အရ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီးနောက် ယင်းပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ကို လက်ခံရယူပြီးသူသည် အဓိကအရေးကြီးသည့် အချက်တစ်စုံတစ်ရာကို ၎င်း၏စိတ်အလိုအလျောက် ဖုံးကွယ်ခြင်းဖြင့်သော်လည်းကောင်း၊ မမှန်သက်သေခံခြင်းဖြင့်သော်လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့် စည်းကမ်းချက်များကို လိုက်နာခြင်းမပြုဟု မိမိထင်မြင်ကြောင်းဖြင့် အစိုးရရှေ့နေက စာဖြင့်အခိုင်အမာတင်ပြလာလျှင် ထိုသူကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့်ပြစ်မှုအတွက် စစ်ဆေးစီရင်နိုင်သည်၊ သို့မဟုတ် ယင်းအကြောင်းအရာနှင့်စပ်လျဉ်း၍ ထိုသူကျူးလွန်ခဲ့ပုံပေါ်သည့် အခြားပြစ်မှုတစ်စုံတစ်ရာအတွက် စစ်ဆေးစီရင်နိုင်သည်။ ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့် ပေးထားပြီးဖြစ်သူကို တင်ပို့ခြင်း။

သို့ရာတွင် ထိုသူကို ကျန်မည်သည့်တရားခံနှင့်မျှ ပူးတွဲစစ်ဆေးစီရင်ခြင်း မပြုရ။ ထို့ပြင် ယင်းကဲ့သို့ စစ်ဆေးစီရင်မှုတွင် ထိုသူက မိမိသည် လွတ်ငြိမ်းခွင့်ပေးသော စည်းကမ်းချက်များကို လိုက်နာခဲ့ကြောင်း လျှောက်လဲပြောဆိုခွင့် ရှိစေရမည်။ ယင်းသို့ လျှောက်လဲပြောဆိုသောအခါ အဆိုပါစည်းကမ်းချက်များကို ထိုသူမလိုက်နာခဲ့ကြောင်း ထင်ရှားအောင် တရားလိုဘက်က သက်သေပြရမည်။

(၂) ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် လက်ခံခဲ့သူ တစ်ဦးက ယခင်ကပေးခဲ့သည့် အစစ်ခံချက်ကို ၎င်းအပေါ်ဆန့်ကျင်သည့် သက်သေခံချက်အဖြစ် အဆိုပါစစ်ဆေးစီရင်မှုတွင် တင်သွင်းနိုင်သည်။

(၃) ဆိုခဲ့သည့် အစစ်ခံချက်နှင့် စပ်လျဉ်း၍ မမှန်သက်သေခံမှုဖြင့် ပြစ်မှုကြောင်း အရ တရားစွဲဆိုခြင်းကို တရားလွှတ်တော်၏အခွင့်အမိန့်မပါဘဲ လက်မခံရ။

၃၃၉က။ (၁) ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် လက်ခံခဲ့ပြီးသူတစ်ဦးကို ပုဒ်မ ၃၃၉ အရ စစ်ဆေးစီရင်သော တရားရုံးသည်– (ပုဒ်မ ၃၃၉အရ စစ်ဆေး စီရင်မှုတွင် လိုက်နာရန်ကျင့်ထုံး။)

(က) တရားလွှတ်တော်၊ သို့မဟုတ် စက်ရှင်တရားရုံးဖြစ်လျှင် ပုဒ်မ ၂၇၁ ပုဒ်မခွဲ(၁)အရ တရားခံအား စွဲချက်ကို ဖတ်ကြားရှင်းလင်းပြခြင်း မပြုမီ၊ ၎င်းပြင်

(ခ) ရာဇဝတ်တရားသူကြီး တစ်ဦး၏ တရားရုံးဖြစ်လျှင် တရားလိုဘက် သက်သေများ၏ သက်သေခံချက်ကိုမရယူမီ

ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့် စည်းကမ်းချက်များကို မိမိလိုက်နာခဲ့ကြောင်း လျှောက်လဲပြောဆိုမည် မပြောဆိုမည်ကို တရားခံအား မေးမြန်းရမည်။

(၂) တရားခံက ထိုကဲ့သို့ လျှောက်လဲပြောဆိုလျှင် တရားရုံးသည် ယင်းထုချေချက်ကို မှတ်တမ်းတင်ရမည်။ ထို့နောက် စစ်ဆေးစီရင်မှုကို ဆက်လက်ဆောင်ရွက်ရမည်။ ၎င်းပြင် သက်ဆိုင်ရာ ရာဇဝတ်ဝန်ကြီးကဖြစ်စေ၊ တရားရုံးကဖြစ်စေ၊ ရာဇဝတ်တရားသူကြီးကဖြစ်စေ အမှုတွင် စီရင်ချက်မချမီ တရားခံသည် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့် စည်းကမ်းချက်များကို လိုက်နာမှုရှိ မရှိ ဆုံးဖြတ်ရမည်။ တရားခံသည် စည်းကမ်းချက်များကိုလိုက်နာခဲ့ကြောင်း တွေ့ရှိရလျှင် တရားရုံးက ကျင့်ထုံးဥပဒေ၌ မည်သို့ပါရှိစေကာမူ အမှုမှအပြီးအပြတ်လွတ်ကြောင်း စီရင်ချက်မှတ်ရမည်။

၃၄၀။ (၁) ရာဇဝတ်တရားရုံးတစ်ရုံးတွင် ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲခံရသူ မည်သူမဆို သို့မဟုတ် ဆိုခဲ့သည့် တရားရုံးတစ်ရုံးတွင် ဤကျင့်ထုံးဥပဒေအရ အမှုစွဲဆိုခြင်းခံရသူ မည်သူမဆို ရှေ့နေဖြင့် ခုခံချေပပိုင်ခွင့်ရှိသည်။ (အရေးစွဲဆိုခြင်း ခံရသူအား ချေပခွင့် ရှိခြင်းနှင့် သက်သေ တစ်ဦးအဖြစ် စစ်ဆေးခံခွင့်ရှိခြင်း။)

(၂) အထက်တွင် ဆိုခဲ့သည့်အတိုင်း အဆိုပါ သူသည် ဆိုခဲ့သည့် ပြစ်မှုအတွက် စုံစမ်းစစ်ဆေးခြင်း၊ သို့မဟုတ် စစ်ဆေးစီရင်ခြင်း၊ သို့မဟုတ် အမှုစွဲဆိုခြင်းခံရသည့်အခါ မိမိအတွက် သက်သေတစ်ဦးအဖြစ် မိမိကိုယ်ကို စာရင်းပေးနိုင်သည်။

၃၄၁။ အကယ်၍ တရားခံသည် စိတ်မနှံ့သူ မဟုတ်သော်လည်း မှုခင်းကိစ္စများကို နားလည်အောင်ပြုလုပ်၍ မရသူဖြစ်လျှင် တရားရုံးသည် စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှုကို ဆက်လက်ဆောင်ရွက်နိုင်သည်။ ထို့ပြင်တရားလွှတ်တော်မှတစ်ပါး အခြားတရားရုံးတစ်ရုံး၌ ဆိုခဲ့သည့် စုံစမ်းစစ်ဆေးမှုသည် အထက်ရုံးတစ်ရုံးသို့ လွှဲအပ်တင်ပို့သည့်အခြေအနေသို့ဆိုက်ရောက်လျှင်၊ သို့မဟုတ် ဆိုခဲ့သည့်စစ်ဆေးစီရင်မှုသည် ပြစ်မှုထင်ရှားစီရင်သည့် အခြေသို့ ဆိုက်ရောက်လျှင် အမှုအဖြစ်အပျက် အကြောင်းခြင်းရာအစီရင်ခံချက်နှင့်တကွ အမှုတွဲကို တရားလွှတ်တော်သို့ တင်ပို့ရမည်။ တရားလွှတ်တော်က မိမိသင့်သည်ထင်မြင်သော အမိန့်တစ်ရပ်ချမှတ်ရမည်။ (မှုခင်း ကိစ္စများကို တရားခံက နားမလည်သည့်အခါ လိုက်နာရန်ကျင့်ထုံး။)

၃၄၂။ (၁) ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲခြင်းခံရသူတိုင်းသည် ၎င်းတစ်ဦးတည်း အနေဖြင့် စွပ်စွဲခံရသူဖြစ်စေ၊ အခြားသူများနှင့် ပူးတွဲ၍၊ အစွပ်စွဲခံရသည်ဖြစ်စေ အဆိုပါပြစ်မှုနှင့်သက်ဆိုင်သည့် မည်သည့်စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှုတွင်မဆို မိမိအတွက်အရည်အချင်းရှိသော သက်သေတစ်ဦးဖြစ်စေရမည်။ တရားခံကို စစ်မေးရန် အာဏာ။

ထို့ပြင် ၎င်း၏သက်သေခံချက်ကို ၎င်းနှင့်အတူ ပူးတွဲစစ်ဆေး စီရင်ခြင်းခံရသူ၊ သို့မဟုတ် ခံရသူများအပေါ် ဆန့်ကျင်ပြီး အသုံးပြုနိုင်သည်။ သို့ရာတွင် အောက်ပါအတိုင်း ခြွင်းချက်ပြုထားသည်–

(က) တရားခံကို ၎င်း၏ဆန္ဒမရှိဘဲ သက်သေတစ်ဦးအဖြစ် မစစ်မေးရ၊

(ခ) သက်သေမခံမီ တရားခံ သက်သေခံရန် တာဝန် မရှိကြောင်းနှင့် အကယ်၍ သက်သေခံလျှင် ၎င်း၏သက်သေခံချက်ကို ၎င်းနှင့်အတူ ပူးတွဲစစ်ဆေးစီရင်ခြင်းခံရသူ မည်သူ့အပေါ်မဆို ဆန့်ကျင် အသုံးပြုနိုင်ကြောင်းကို တရားရုံးက သတိပေးရမည်၊

(ဂ) သက်သေခံရန် တရားခံ၏ ပျက်ကွက်မှုကို တရားလိုဘက်ကမည်သို့မျှ ဝေဖန်ခြင်းမပြုစေရ။ သို့သော်လည်း ယင်းပျက်ကွက်မှုနှင့် စပ်လျဉ်း၍ တရားရုံးနှင့် ဂျူရီလူကြီးများ(ရှိလျှင်)က တရားမျှတသည် မိမိတို့ထင်မြင်သည့်အတိုင်းကောက်ယူနိုင်သည်။

(ဃ) တရားခံသည် ထိုအချိန်က စွဲချက်တင်ခံရသော ပြစ်မှုမှတစ်ပါး အခြား ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ခဲ့ကြောင်း၊ သို့မဟုတ် ထိုပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရကြောင်း၊ သို့မဟုတ် ထိုပြစ်မှုဖြင့်စွဲချက်တင်ခြင်းခံခဲ့ရကြောင်း၊ သို့မဟုတ် တရားခံသည် အကျင့်စာရိတ္တမကောင်းကြောင်း ပြဆိုရာရောက်သည့် မည်သည့် မေးခွန်းကိုမျှ ပြန်လှန်စစ်မေးရာ၌ မမေးရ။ ၎င်းပြင် မေးမြန်းပါက တရားခံမှ ဖြေဆိုရန် မလိုအပ်စေရ။ သို့ရာတွင် အောက်ပါ အချက်များကိုမူ မေးမြန်းနိုင်သည်၊ တရားခံကလည်း ဖြေကြားရမည်–

(ကက) အဆိုပါ အခြားပြစ်မှုကို ၎င်းသည် ကျူးလွန်ခဲ့ကြောင်း၊ သို့မဟုတ် ထိုပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံခဲ့ရဖူးကြောင်း သက်သေခံ အထောက်အထားသည် ၎င်းအပေါ် နောက်စွဲဆိုသည့်ပြစ်မှုကို ၎င်းကျူးလွန်ကြောင်း ပြသရန်အတွက် သက်သေခံဝင်ခြင်း၊ သို့မဟုတ်

(ခခ) ၎င်းမှာ အကျင့်စာရိတ္တကောင်းကြောင်းပေါ်လွင်စေရန် ရည်ရွယ်ချက်ဖြင့် တရားလိုသက်သေများကို ၎င်းကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ ရှေ့နေဖြင့် ဖြစ်စေ မေးခွန်းများ မေးမြန်းခဲ့ခြင်း၊ သို့မဟုတ် ၎င်းမှာအကျင့်စာရိတ္တကောင်းကြောင်း ထွက်ဆိုအစစ်ခံခဲ့ခြင်း၊ သို့မဟုတ် ၎င်း၏ စွပ်စွဲချက်သဘောသဘာဝတွင် တရားလိုဘက်သက်သေများ၏ အကျင့်စာရိတ္တအပေါ် စွပ်စွဲချက်များ ပါဝင်နေခြင်း၊ သို့မဟုတ်

(ဂဂ) ၎င်း၏ထွက်ဆိုချက်၌ ၎င်းနှင့်အတူ ပူးတွဲ၍ စစ်ဆေးစီရင်ခြင်းခံရသည့် အခြားသူတစ်ဦးအပေါ်ဆန့်ကျင်ထွက်ဆိုခဲ့ခြင်း။

(င) တရားလွှတ်တော်၏ အခွင့်အမိန့်မရဘဲ တရားခံကိုမမှန်သက်သေခံမှုဖြင့် တရားမစွဲစေရ။

(၂) (က) ပုဒ်မခွဲ(၁)၌ မည်သို့ပင်ရှိစေကာမူ တရားခံအနေဖြင့် မိမိအပေါ်ဆန့်ကျင်သည့် သက်သေခံချက်မှ ပေါ်ပေါက်လာသော အကြောင်းကိစ္စတစ်စုံတစ်ရာကို ဖြေရှင်းနိုင်စေရန် ကိစ္စအလို့ငှာ တရားရုံးသည် စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှု၏ မည်သည့် အဆင့်၌မဆို တရားခံကို ကြိုတင်သတိမပေးဘဲ မိမိလိုအပ်သည်ထင်သော မေးခွန်းများကို တရားခံအားမေးမြန်းနိုင်သည်။ ထို့ပြင် တရားခံက ၎င်းအတွက် ကိုယ်တိုင်သက်သေခံရန် ငြင်းဆန်သည့်အခါ တရားလိုသက်သေများကို စစ်ဆေးပြီးနောက် တရားခံအား ခုခံချေပဖြေရှင်းစေရန် ဆင့်ဆိုခြင်းမပြုမီ အထက်တွင် ဆိုခဲ့သော ရည်ရွယ်ချက်အတွက် တရားခံကိုအမှုနှင့် စပ်လျဉ်း၍ ယေဘုယျအားဖြင့်မေးမြန်းရမည်။

(ခ) အပိုဒ်(၁)ပါ ပြဋ္ဌာန်းချက်များအရ မေးမြန်းသော မေးခွန်းများအပေါ် တရားခံ၏ဖြေကြားချက်များကို အဆိုပါ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှုတွင် ထည့်သွင်းစဉ်းစားနိုင်သည်။

(ဂ) အပိုဒ်(၁)အရ မေးမြန်းသောမေးခွန်းတစ်စုံတစ်ရာကို ဖြေကြားရန် ငြင်းဆိုခြင်း၊ သို့မဟုတ် ယင်းမေးခွန်းများကို မမှန်မကန်ဖြေကြားခြင်းအတွက် တရားခံအား ပြစ်ဒဏ်စီရင်ခြင်း မခံထိုက်စေရ။ သို့သော်လည်း တရားရုံးနှင့် ဂျူရီလူကြီးများ(ရှိခဲ့လျှင်)က ယင်းကဲ့သို့ ငြင်းဆိုခြင်း၊ သို့မဟုတ် မမှန်မကန် ဖြေကြားခြင်းတို့မှ မိမိသင့်သည် ထင်သည့်အတိုင်း ကောက်ယူနိုင်သည်။

(ဃ) ဤပုဒ်မခွဲအရ စစ်မေးမှု တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ တရားခံအား ကျမ်းသစ္စာ ကျိန်ဆိုစေခြင်းမပြုရ။

(၃) ပုဒ်မခွဲ(၁)အရ ရေးမှတ်ထားသော တရားခံ၏ အစစ်ခံချက်(ရှိခဲ့လျှင်)နှင့် ပုဒ်မခွဲ(၂)အပိုဒ်(ကက)အရ မေးမြန်းသည့် မေးခွန်းများကို တရားခံ၏ ဖြေကြားချက်များကို ယင်းထွက်ဆိုချက်၊ သို့မဟုတ် ဖြေကြားချက်များက တရားခံကျူးလွန်ခဲ့ကြောင်း ညွှန်ပြရာ ရောက်နိုင်သည့် အခြား ပြစ်မှုတစ်စုံတစ်ရာအတွက် အခြားသော စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှု တစ်စုံတစ်ရာတွင် တရားခံအား ထောက်ခံသော၊ သို့မဟုတ် ဆန့်ကျင်သော သက်သေခံချက်အဖြစ် တင်သွင်းနိုင်သည်။

၃၄၃။ ပုဒ်မ ၃၃၇နှင့် ၃၃၈တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး တရားခံတစ်ဦးအား ၎င်းသိရှိသည့်အချက်ကို ထုတ်ဖော်ပြောဆိုရန်၊ သို့မဟုတ် ထိမ်ချန်ထားရန်အလို့ငှာ ကတိတစ်စုံတစ်ရာထားခြင်း၊ သို့မဟုတ်ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် အခြားနည်း ပြုလုပ်ခြင်းအားဖြင့် မလျော်ဩဇာ မသုံးရ။ ထုတ်ဖော်ပြောဆိုခြင်းများကို သွေးဆောင်ရယူရန် မလျော်ဩဇာမသုံးရခြင်း။

၃၄၄။ (၁) သက်သေတစ်ဦး ပျက်ကွက်သောကြောင့် ဖြစ်စေ၊ အခြားသင့်လျော်သော အကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှု တစ်စုံတစ်ရာကို စတင်ဆောင်ရွက်ခြင်းကို ရွှေ့ဆိုင်းရန်၊ သို့မဟုတ် ရက်ချိန်းပေးရန် လိုအပ်လာလျှင်၊ သို့မဟုတ် လုပ်သင့်လုပ်ထိုက်ကြောင်း တွေ့ရလျှင် တရားရုံးသည် မိမိ သင့်လျော်သည် ထင်မြင်ပါက မည်သည့်အတွက် ထိုကဲ့သို့ ဆောင်ရွက်ရကြောင်း အကြောင်းပြချက်များ ဖော်ပြချက်အမိန့်စာ ရေး၍ မိမိသင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် မိမိ သင့်လျော်သည်ထင်သည့်နေ့ရက်သို့ အခါအားလျော်စွာ ရွှေ့ဆိုင်းနိုင်သည်၊ သို့မဟုတ် ရက်ချိန်းပေးနိုင်သည်။ ထို့ပြင် တရားခံမှာ အချုပ်တွင်ရှိနေလျှင် ၎င်းအား ဝရမ်းစာဖြင့် ချုပ်မိန့်ပေးနိုင်သည်။ မှုခင်းကိစ္စများကို ရွှေ့ဆိုင်းရန်၊ သို့မဟုတ် ရက်ချိန်းပေးရန် အာဏာ။

သို့ရာတွင် မည်သည့် ရာဇဝတ်တရားသူကြီးကမျှ ထိုပုဒ်မအရ တရားခံတစ်ဦးကို တစ်ကြိမ်လျှင် တစ်ဆယ့်ငါးရက်ထက်ပိုသော အချိန်ကာလအတွက် ချုပ်မိန့်ပေးခြင်းမပြုရ။ ချုပ်မိန့်ပေးခြင်း

(၂) တရားလွှတ်တော်မှအပ အခြားတရားရုံးတစ်ရုံးက ထိုအမိန့်အရ ချမှတ်သည့် အမိန့်တိုင်းကို အကြီးအကဲတရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးက စာဖြင့်ရေးပြီး လက်မှတ်ရေးထိုးရမည်။

**ရှင်းလင်းချက်။** တရားခံသည် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့တန်ရာသည်ဟု သံသယကင်းလောက်အောင် သက်သေထွက်ချက် အလုံအလောက် ရရှိပြီးဖြစ်လျှင်၊ ထို့ပြင် ချုပ်မိန့်ပေးခြင်းဖြင့် သက်သေခံချက် ထပ်မံရရှိနိုင်သည့်အခြေအနေ ပေါ်ပေါက်လျှင် ဤအချက်မှာ ချုပ်မိန့်ပေးရန်အတွက် သင့်လျော်သော အကြောင်းတစ်ရပ် ဖြစ်သည်။ ချုပ်မိန့်ပေးခြင်းအတွက် သင့်လျော်သော အကြောင်း

၃၄၅။ (၁) အောက်ဖော်ပြပါ စာရင်းဇယား၏ ပထမစာတိုင်နှစ်ခုတွင် သတ်မှတ်ဖော်ပြထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မများအရ ပြစ်ဒဏ်စီရင်ထိုက်သော ပြစ်မှုများကို ထိုစာရင်းဇယား၏ တတိယစာတိုင်တွင် ဖော်ပြပါရှိသူများက ကျေအေးနိုင်သည်။ ပြစ်မှုများကို ကျေအေးခြင်း။

| ပြစ်မှု | သက်ဆိုင်သည့် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မများ | ပြစ်မှုကိုကျေအေး နိုင်သူများ |
|---|---|---|
| တစ်ဦးတစ်ယောက်သောသူ၏ ဘာသာရေး စိတ်ကို နာစေရန် တမင်ကြံရွယ်၍ စကားစသည်များ ပြောဆိုမှု။ | ၂၉၈ | ဘာသာရေးစိတ်ကို နာစေရန် တမင် ကြံရွယ်ခြင်းခံရသူ။ |
| ရုတ်တရက် အကြီးအကျယ်ဒေါသထွက်အောင် ပြုမှုကြောင့် နာကျင်စေမှု။ | ၃၃၄ | နာကျင်စေမှု ပြုခြင်းခံရသူ။ |
| လူတစ်ဦးကို မတရားတားဆီးကန့်ကွက်မှု၊ သို့မဟုတ် မတရားချုပ်နှောင်ထားမှု။ | ၃၄၁/၃၄၂ | မတရား တားဆီး ကန့်ကွက်ခြင်း ခံရသူ၊ သို့မဟုတ် မတရားချုပ်နှောင်ထားခြင်းခံရသူ။ |
| လက်ရောက်မှု၊ သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု။ | ၃၅၂/၃၅၅/၃၅၈ | လက်ရောက်မှု၊ သို့မဟုတ် ပြစ်မှုကင်းသော အနိုင်အထက် ပြုမှု ကျူးလွန်ခြင်း ခံရသူ။ |

| ပြစ်မှု | သက်ဆိုင်သည့် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မများ | ပြစ်မှုကိုကျေအေး နိုင်သူများ |
|---|---|---|
| ဥပဒေနှင့်ဆန့်ကျင်သော အတင်း အဓမ္မ ခိုင်းစေမှု။ | ၃၇၄ | အတင်းအဓမ္မ ခိုင်းစေခြင်း ခံရသူ။ |
| ဆုံးရှုံးမှု၊ သို့မဟုတ် ပျက်စီးမှုမှာ လူတစ်ဦးကိုသာ ဆုံးရှုံးခြင်း၊ သို့မဟုတ် အကျိုးပျက်စီးခြင်းဖြစ်စေသောအကျိုးပျက်စီးမှု။ | ၄၂၆/၄၂၇ | ဆုံးရှုံးခြင်း၊ သို့မဟုတ် အကျိုးပျက်စီးခြင်း ခံရသူ။ |
| ပြစ်မှုမကင်းသောကျော်နင်းမှု။ | ၄၄၇ | ကျော်နင်းခြင်းခံရသော ပစ္စည်းကိုလက်ရှိဖြစ်သူ။ |
| အိမ်ကျော်နင်းမှု။ | ၄၄၈ | |
| ပြုစုကြည့်ရှု၍ အလိုဖြည့်စွမ်းရန် ပဋိညာဉ်ကို ပြစ်မှုမကင်းသော ဖောက်ဖျက်မှု။ | ၄၉၁ | ပြစ်မှုကျူးလွန်သူက ပဋိညာဉ် ပေးထားသူ။ |
| မယားခိုးမှု။ | ၄၉၇ | အမျိုးသမီး၏ လင်ယောကျ်ား။ |
| ပြစ်မှုမကင်းသော အကြံနှင့် တရားဝင် မယားကိုဖြားယောင်းခြင်းဖြင့် ထွက်သွားစေမှု၊ သို့မဟုတ် ဆောင်ယူသွားမှု၊ သို့မဟုတ် တားဆီးမှု။ | ၄၉၈ | |
| အသရေဖျက်မှု။ | ၅၀၀ | အသရေဖျက်ခြင်း ခံရသူ။ |
| အသရေပျက်စေမည်ဟုသိသော အကြောင်းအရာကိုပုံနှိပ်မှု၊ သို့မဟုတ် ထုထွင်းမှု။ | ၅၀၁ | |
| အသရေပျက်စေသော အကြောင်း ပါရှိသည့် ပုံနှိပ်ထားသော အရာကို ဖြစ်စေ၊ ထုထွင်းထားသောအရာကို ဖြစ်စေ ရောင်းချမှု။ | ၅၀၂ | |
| ငြိမ်ဝပ်ရေး ပျက်ပြားစေရန် အကြံဖြင့် တမင်စော်ကားမှု | ၅၀၄ | စော်ကားခြင်းခံရသူ။ |
| ခုနစ်နှစ်ထိ ထောင်ဒဏ်ထိုက်သင့်သော ပြစ်မှုမှုတစ်ပါးပြစ်မှုမကင်းသော ခြောက်လှန့်မှု။ | ၅၀၆ | ခြောက်လှန့်ခြင်းခံရသူ။ |
| သက်ဆိုင်ရာ ဘာသာ အယူဝါဒ အရ အပြစ်ရောက်မည်ဟု ယုံကြည်စေရန် တစ်ဦးတစ်ယောက်သောသူအား သွေးဆောင်ခြင်းဖြင့် ပြုလုပ်မှု။ | ၅၀၈ | ပြစ်မှုကျူးလွန်ခြင်း ခံရသူ။ |

၃၄၅။ (၂) အောက် ဖော်ပြပါ စာရင်းဇယား၏ ပထမစာတိုင်နှစ်ခုတွင် သီးခြား ဖော်ပြထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မများအရ ပြစ်ဒဏ်စီရင်ထိုက်သောပြစ်မှုများကို ၎င်းပြစ်မှု အတွက် တရားစွဲဆိုမှုရှိနေသည့် တရားရုံး၏ ခွင့်ပြုချက်ဖြင့် ထိုစာရင်းဇယား၏ တတိယစာတိုင်တွင် ဖော်ပြပါရှိသူများက ကျေအေးနိုင်သည်။

| ပြစ်မှု | သက်ဆိုင်သည့် ပြစ်မှုဆိုင်ရာဥပဒေပါ ပုဒ်မများ | ပြစ်မှုကိုကျေအေး နိုင်သူများ |
|---|---|---|
| နာကျင်စေမှု။ | ၃၂၃ | နာကျင်စေမှု ပြုလုပ်ခြင်း ခံရသူ။ |
| ရုတ်တရက်အကြီးအကျယ် ဒေါသထွက်အောင် ပြုမှုကြောင့် မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေမှု။ | ၃၃၅ | နာကျင်မှု ပြုလုပ်ခြင်း ခံရသူ။ |
| သုံးရက်၊ သို့မဟုတ် သုံးရက်ထက် ပို၍ လူတစ်ဦးအား မတရားချုပ်နှောင်ထားမှု။ | ၃၄၃ | ချုပ်နှောင်ထားခြင်း ခံရသူ။ |
| လူတစ်ဦးကို လျှို့ဝှက်စွာ မတရား ချုပ်နှောင်ထားမှု။ | ၃၄၆ | ချုပ်နှောင်ထားခြင်း ခံရသူ။ |
| လူတစ်ဦးကို မတရားချုပ်နှောင်ထားရန် အားထုတ်ရာတွင် ကျူးလွန်သည့် လက်ရောက်မှု၊ သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု။ | ၃၅၇ | လက်ရောက်မှု၊ သို့မဟုတ် အနိုင်အထက်ပြုမှု ကျူးလွန်ခြင်းခံရသူ။ |
| ပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားမှု။ | ၄၀၃ | အလွဲသုံးစားပြု ခံရသည့် ပစ္စည်းပိုင်ရှင်။ |
| လိမ်လည်မှု။ | ၄၁၇ | လိမ်လည်ခြင်း ခံရသူ။ |
| ပြစ်မှု ကျူးလွန်သူ၊ တရားဥပဒေအရ ဖြစ်စေ၊ တရားဝင် ပဋိညာဉ်အရဖြစ်စေ မိမိကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသူအား လိမ်လည်မှု။ | ၄၁၈ | လိမ်လည်ခြင်း ခံရသူ။ |
| သူတစ်ပါးယောင်ဆောင်၍ လိမ်လည်မှု။ | ၄၁၉ | လိမ်လည်ခြင်း ခံရသူ။ |
| ရေကြောင်းကို မတရားလွှဲဖယ်ခြင်းဖြင့် သော်လည်းကောင်း၊ ရေသွယ် လုပ်ငန်းကို ဖျက်ဆီးခြင်းဖြင့်သော်လည်းကောင်း လူတစ်ဦးအား ဆုံးရှုံးခြင်း၊ သို့မဟုတ် အကျိုးပျက်စီးခြင်းသာ ဖြစ်စေသော အကျိုးဖျက်ဆီးမှု။ | ၄၃၀ | ဆုံးရှုံးခြင်း၊ သို့မဟုတ် အကျိုးပျက်စီးခြင်း ခံရသူ။ |

| ပြစ်မှု | သက်ဆိုင်သည့် ပြစ်မှုဆိုင်ရာဥပဒေပါ ပုဒ်မများ | ပြစ်မှုကိုကျေအေး နိုင်သူများ |
|---|---|---|
| ခိုးမှုမှတစ်ပါး ထောင်ဒဏ် ထိုက်သည့် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရန် အိမ်ကျော်နင်းမှု။ | ၄၅၁ | ကျော်နင်းခြင်းခံရသည့် အိမ်ကို လက်ရှိဖြစ်သူ။ |
| လင်၊ သို့မဟုတ် မယားအသက်ထင်ရှား ရှိနေစဉ်အတွင်း ထပ်မံထိမ်းမြားမှု။ | ၄၉၄ | ထိုကဲ့သို့ ထိမ်းမြားသူ၏ လင်၊ သို့မဟုတ် မယား။ |
| မိန်းမတစ်ယောက်၏ ကာယိန္ဒြေကိုစော်ကားရန် ကြံရွယ်သောစကားများ ပြောဆိုမှု၊ သို့မဟုတ် အသံများပြုလုပ်မှု၊ သို့မဟုတ် ကိုယ်အမူအရာအမျိုးများပြုမှု၊ သို့မဟုတ် အရာဝတ္ထု တစ်ခုကို ပြမှု၊ သို့မဟုတ် မိန်းမတစ်ယောက်၏ ဆိတ်ကွယ်ရာသို့ ကျူးကျော်မှု။ | ၅၀၉ | စော်ကားရန် ကြံရွယ်ခြင်းခံရသည့်၊သို့မဟုတ် မိမိ၏ ဆိတ်ကွယ်ရာကို ကျူးကျော်ခြင်းခံရသည့် အမျိုးသမီး။ |

၃၄၅။ (၃) ပြစ်မှုတစ်ရပ်ရပ်သည် ဤပုဒ်မအရကျေအေးနိုင်လျှင် အဆိုပါပြစ်မှုကို အားပေးကူညီမှု၊ သို့မဟုတ် အဆိုပါပြစ်မှုကို ကျူးလွန်ရန် အားထုတ်မှု (ယင်းအားထုတ်မှုသည် ပြစ်မှုမြောက်သည့်အခါ) ကိုလည်း အလားတူ ကျေအေးနိုင်သည်။

(၄) ပြစ်မှုတစ်ရပ်ကို ဤပုဒ်မအရ အခြားနည်းအားဖြင့် ကျေအေးနိုင်သူမှာ အသက်တစ်ဆယ့်ရှစ်နှစ်အောက်၊ သို့မဟုတ် ဝမ်းတွင်းရူးသူ၊ သို့မဟုတ် ရူးသွပ်သူ ဖြစ်နေသောအခါ ၎င်းကိုယ်စား ပဋိညာဉ်ပြုရန် အရည်အချင်းရှိသူ မည်သူမဆို တရားရုံး၏ခွင့်ပြုချက်ဖြင့် အဆိုပါပြစ်မှုကို ကျေအေးနိုင်သည်။

(၅) တရားခံအား စစ်ဆေးစီရင်ရန်အတွက် လွှဲအပ်တင်ပို့ပြီးသောအခါ၌ဖြစ်စေ၊ တရားခံအား ပြစ်မှုထင်ရှားစီရင်ပြီး၍ အယူခံမှု တင်သွင်းသောအခါ၌ဖြစ်စေ ၎င်းအား တင်ပို့သဖြင့် လက်ခံရရှိသည့် တရားရုံး၏၊ သို့မဟုတ် အယူခံမှုကိုကြားနာမည့် တရားရုံး၏ ခွင့်ပြုချက်မရဘဲ ယင်းပြစ်မှုကို ကျေအေးခွင့်ပြုနိုင်သည်။

(၅က) တရားလွှတ်တော်သည် ပုဒ်မ ၄၃၉ အရ မိမိ၏ ပြင်ဆင်မှုအာဏာများကို သုံးစွဲလျက် ဤပုဒ်မအရ ကျေအေးနိုင်သည့် မည်သည့်ပြစ်မှုကိုမဆို ကျေအေးခွင့်ပြုနိုင်သည့် အရည်အချင်းရှိသူအား ကျေအေးခွင့်ပြုနိုင်သည်။

(၆) ပြစ်မှုတစ်ရပ်ကို ဤပုဒ်မအရကျေအေးခြင်းသည် ကျေအေးပေးလိုက်သည့် ပြစ်မှုနှင့် စပ်လျဉ်းသည့် တရားခံအား အမှုမှ အပြီးအပြတ်လွှတ်သည့်အကျိုးသက်ရောက်စေရမည်။

(၇) ဤပုဒ်မပါ ပြဋ္ဌာန်းထားသည့် အတိုင်းမှတစ်ပါး မည်သည့် ပြစ်မှုကိုမျှမကျေအေးစေရ။

မိမိ စစ်ဆေးစီရင်ခြင်းမပြုနိုင်သောအမှုများတွင် ရာဇဝတ်တရားသူကြီးက လိုက်နာရန် ကျင့်ထုံး။

၃၄၆။ (၁) မည်သည့် ခရိုင်တွင်မဆို ရာဇဝတ်တရားသူကြီးတစ်ဦး၏ ရှေ့မှောက်၌ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှုတစ်ရပ် ပြုလုပ်နေစဉ်အတွင်း သက်သေခံချက်များအရ အဆိုပါအမှုကို အဆိုပါခရိုင်အတွင်းရှိ အခြားရာဇဝတ်တရားသူကြီးတစ်ဦးဦးက စစ်ဆေးစီရင်ခြင်း၊ သို့မဟုတ် စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့ခြင်း ပြုလုပ်သင့်သည်ဟု ထင်မြင်လျှင် စစ်ဆေးစီရင်မှုကို ဆိုင်းငံ့၍ အမှုသဘောရှင်းလင်းဖော်ပြသည့် အစီရင်ခံစာအကျဉ်းချုပ်နှင့် တကွ မိမိအထက် အဆင့်မြင့် ရာဇဝတ်တရားသူကြီးထံ၊ သို့မဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးက ညွှန်ကြားသော စစ်ဆေးစီရင်ပိုင်ခွင့်အာဏာရှိသည့် အခြားရာဇဝတ်တရားသူကြီးထံသို့ အမှုတွဲ တင်ပို့ရမည်။

(၂) တင်ပို့လိုက်သော အမှုတွဲကို လက်ခံရရှိသည့် ရာဇဝတ်တရားသူကြီးက စီရင်ပိုင်ခွင့်အာဏာရှိလျှင် မိမိကိုယ်တိုင် ထိုအမှုကို စစ်ဆေးစီရင်နိုင်သည်၊ သို့မဟုတ် မိမိလက်အောက်ရှိ စီရင်ပိုင်ခွင့်အာဏာရှိသော ရာဇဝတ်တရားသူကြီးတစ်ဦးဦးထံ လွှဲပြောင်းပေးပို့နိုင်သည်၊ သို့မဟုတ် စစ်ဆေးစီရင်ရန်အတွက် တရားခံကို လွှဲအပ်တင်ပို့နိုင်သည်။

စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှု စတင်ပြီးနောက် ရာဇဝတ် တရားသူကြီးက ထိုအမှုကို လွှဲအပ်တင်ပို့သင့်ကြောင်း တွေ့ရှိသောအခါ လိုက်နာရန် ကျင့်ထုံး။

၃၄၇။ (၁) ရာဇဝတ်တရားသူကြီးတစ်ဦး၏ ရှေ့မှောက်၌ပြုလုပ်သည့် စုံစမ်းစစ်ဆေးမှု တစ်စုံတစ်ရာတွင်ဖြစ်စေ၊ စစ်ဆေးစီရင်မှု တစ်စုံတစ်ရာတွင်ဖြစ်စေ စီရင်ချက်ကို လက်မှတ်မရေးထိုးမီ စစ်ဆေးစီရင်မှု၏ မည်သည့်အဆင့်၌မဆို ထိုအမှုကို စက်ရှင်တရားရုံး၊ သို့မဟုတ် တရားလွှတ်တော်က စစ်ဆေးစီရင်သင့်သည်ဟု ပေါ်ပေါက်လာလျှင် ၎င်းအပြင် စုံစမ်းစစ်ဆေးမှုအတွက် လွှဲအပ်တင်ပို့ရန် မိမိတွင် အာဏာရှိလျှင် အထက်ကဖော်ပြပါရှိခဲ့သော ပြဋ္ဌာန်းချက်များအရ တရားခံကို လွှဲအပ်တင်ပို့ရမည်။

(၂) အဆိုပါရာဇဝတ်တရားသူကြီးမှာ စစ်ဆေးစီရင်မှုအတွက် လွှဲအပ်တင်ပို့ရန် အာဏာမရှိလျှင် ပုဒ်မ ၃၄၆ အရ လိုက်နာဆောင်ရွက်ရမည်။

ဒင်္ဂါးများ၊ အစိုးရတံဆိပ်ခေါင်းများနှင့် သက်ဆိုင်သောပြစ်မှုများ၊ သို့မဟုတ် ပစ္စည်းကို ထိခိုက်သည့် ပြစ်မှုများဖြင့် ပြစ်ချက် ဟောင်းရှိသူများအား စစ်ဆေးစီရင်မှု။

၃၄၈။ (၁) မည်သူမဆို ပြစ်မှုဆိုင်ရာဥပဒေ အခန်း ၁၂ အရဖြစ်စေ၊ အခန်း ၁၇အရဖြစ်စေ ထောင်ဒဏ် သုံးနှစ်၊ သို့မဟုတ် သုံးနှစ်ထက်ပို၍ ထိုက်သင့်သည့်ပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ထိုအခန်းတစ်ရပ်ရပ်အရ ထောင်ဒဏ် သုံးနှစ်၊ သို့မဟုတ် သုံးနှစ်ထက်ပို၍ ထိုက်သင့်သည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် ထပ်မံစွပ်စွဲခြင်းခံရသူ၏ အမှုကို စစ်ဆေးစီရင်လျက်ရှိသည့် ရာဇဝတ်တရားသူကြီးက တရားခံကိုလွှဲအပ်တင်ပို့ရန် လုံလောက်သောအကြောင်းများရှိသည်ဟု ကျေနပ်လျှင်၊ ထို့ပြင် ရာဇဝတ်တရားသူကြီးက မိမိကိုယ်တိုင် အဆိုပါအမှုကို စစ်ဆေးစီရင်ရန် အရည်အချင်းရှိသူမဟုတ်သည့်အပြင် တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်ပါက လုံလောက်သော ပြစ်ဒဏ်စီရင်ချက် ချမှတ်နိုင်မည်မဟုတ်ဟု ထင်မြင်လျှင် တရားခံကို စက်ရှင်တရားရုံးသို့ဖြစ်စေ၊ တရားလွှတ်တော်သို့ဖြစ်စေ လွှဲအပ်တင်ပို့ရမည်။

သို့ရာတွင် ခရိုင်အတွင်းရှိ ရာဇဝတ်တရားသူကြီးတစ်ဦးဦးအား ပုဒ်မ ၃၀အရ အာဏာများအပ်နှင်းထားပြီးဖြစ်လျှင် အမှုကို စက်ရှင်တရားရုံးသို့ လွှဲအပ် တင်ပို့မည့်အစား ထိုရာဇဝတ်တရားသူကြီးထံသို့ အမှုကို လွှဲပြောင်းပေးနိုင်သည်။

(၂) ပုဒ်မခွဲ(၁)အရ လူတစ်ဦးအား စက်ရှင်တရားရုံး၊ သို့မဟုတ် တရားလွှတ်တော်သို့ လွှဲအပ်တင်ပို့ခြင်း ပြုသောအခါ ထိုသူနှင့်အတူ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှုတစ်ခုတည်း၌ ပူးတွဲစွပ်စွဲခြင်းခံရသော အခြားမည်သူမဆိုကိုလည်း ရာဇဝတ်တရားသူကြီးက ပုဒ်မ ၂၀၉အရ အဆိုပါအခြားသူကို စွဲချက်မတင်မီ လွှတ်ခြင်းမပြုပါက အလားတူ လွှဲအပ်တင်ပို့ရမည်။

၃၄၉။ (၁) မည်သည့်အခါမဆို စစ်ဆေးစီရင်ပိုင်ခွင့်အာဏာရှိသော ဒုတိယတန်း၊ သို့မဟုတ် တတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီးတစ်ဦးသည် တရားလိုဘက်နှင့် တရားခံဘက်သက်သေခံချက်များကို ကြားနာပြီးနောက် တရားခံသည် အပြစ်ရှိကြောင်း၊ ထို့ပြင် ၄င်းသည် အဆိုပါရာဇဝတ်တရားသူကြီးချမှတ်ရန် အာဏာရှိသည့် ပြစ်ဒဏ်နှင့်မတူ ခြားနားသည့်၊ သို့မဟုတ် ပို၍ ပြင်းထန်သည့် ပြစ်ဒဏ်မျိုးကို ခံယူသင့်ကြောင်း၊ သို့မဟုတ် ၄င်းတရားခံကို ပုဒ်မ ၁၀၆ အရ ခံဝန်ချုပ်ချုပ်ဆိုစေရန် ဆင့်ဆိုသင့်ကြောင်း သဘောရသည့်အခါ ၄င်းရာဇဝတ် တရားသူကြီးသည်မိမိ၏သဘောကိုရေးမှတ်ပြီးနောက် စစ်ဆေးစီရင်မည့်အမှုတွဲများကိုတရားခံနှင့် အတူ ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးထံသို့ တင်ပို့ရမည်။

ရာဇဝတ် တရားသူကြီး က လုံလောက်စွာ ပြင်းထန်ထိ ရောက်သော ပြစ်ဒဏ်စီရင် ချက် မချမှတ် နိုင်သည့်အခါ လိုက်နာရန် ကျင့်ထုံး။

(၁က) တစ်ဦးထက်များသော တရားခံတို့ကို ပူးတွဲ စစ်ဆေးစီရင်သည့်အခါ ၄င်းအပြင် ရာဇဝတ်တရားသူကြီးက အဆိုပါ တရားခံတစ်ဦးဦးနှင့်ပတ်သက်၍ ပုဒ်မခွဲ(၁)အရ ဆောင်ရွက်ရန် လိုအပ်သည်ဟု ထင်မြင်သည့်အခါ အဆိုပါ ရာဇဝတ်တရားသူကြီးသည် မိမိ၏ သဘောအရ အပြစ်ရှိသည်ဟု ယူဆသော တရားခံအားလုံးကို ခရိုင်ရာဇဝတ်တရားသူကြီးထံ ဖြစ်စေ၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးထံဖြစ်စေ တင်ပို့ရမည်။

(၂) တင်ပို့သည့် အမှုတွဲများကို လက်ခံရရှိသည့် ရာဇဝတ်တရားသူကြီးသည် မိမိ သင့်သည် ထင်မြင်လျှင် အမှုသည်များကို စစ်မေးခြင်း၊ အမှုတွင် သက်သေခံချက်ပေးပြီး သော မည်သည့် သက်သေကိုမဆို ပြန်လည်ခေါ်ယူ၍ စစ်မေးခြင်း၊ ၄င်းအပြင် နောက်ထပ် သက်သေခံချက်တစ်စုံတစ်ရာကို တောင်းဆိုရယူခြင်းတို့ကို ပြုလုပ်နိုင်သည်။ ၄င်းအပြင် အမှုနှင့် သင့်သည် ထင်မြင်သည့်အတိုင်း ဥပဒေနှင့်အညီ စီရင်ချက်၊ ပြစ်ဒဏ်၊ သို့မဟုတ် အမိန့်ကို ချမှတ်ရမည်။

သို့ရာတွင် ပုဒ်မ ၃၂ နှင့် ၃၃ တို့အရ မိမိ စီရင်နိုင်သည့် ပြစ်ဒဏ်ထက် ပို၍ ပြင်းထန် သော ပြစ်ဒဏ်ကို ချမှတ်ခြင်း မပြုရ။

၃၅၀။ (၁) ရာဇဝတ်တရားသူကြီးတစ်ဦးသည် စုံစမ်းစစ်ဆေးမှု တစ်ရပ်တွင်ဖြစ်စေ၊ စစ်ဆေးစီရင်မှုတစ်ရပ်တွင်ဖြစ်စေ ကြားနာ၍ သက်သေခံချက်အားလုံးကိုဖြစ်စေ၊ အချို့တဝက်ကို ဖြစ်စေ ရေးမှတ်ပြီးနောက် ထိုအမှုတွင် စစ်ဆေးစီရင်ပိုင်ခွင့်အာဏာသုံးစွဲရန် အဆုံးသတ်သွား၍ ယင်းအမှုအတွက် စစ်ဆေးစီရင်ပိုင်ခွင့်အာဏာရှိသူ အခြား ရာဇဝတ်တရားသူကြီးက ဆက်ခံသည့်အခါ ထိုဆက်ခံသော ရာဇဝတ်တရားသူကြီးသည် မိမိဆက်ခံသည့် ရာဇဝတ်တရား သူကြီး ရေးမှတ်ခဲ့သည့် သက်သေခံချက်များအရဖြစ်စေ၊ ၄င်းရာဇဝတ်တရားသူကြီးက တစ်ပိုင်း တစ်စ၊ မိမိက တစ်ပိုင်းတစ်စ ရေးမှတ်သည့် သက်သေခံချက်များအရဖြစ်စေ ဆောင်ရွက်နိုင် သည်၊ သို့မဟုတ် သက်သေများကို ပြန်လည်ဆင့်ခေါ်၍ စုံစမ်းစစ်ဆေးမှုကိုဖြစ်စေ၊ စစ်ဆေး စီရင်မှုကိုဖြစ်စေ အစမှ ပြန်လည်၍ စစ်ဆေးစီရင်နိုင်သည်။ သို့ရာတွင်–

(က) မည်သည့်စစ်ဆေးစီရင်မှုတွင်မဆို ဒုတိယရာဇဝတ်တရားသူကြီးက မှုခင်း ကိစ္စများ ဆောင်ရွက်ခြင်း အစပြုသည့်အခါ တရားခံသည် သက်သေ အားလုံးကိုဖြစ်စေ၊ ၄င်းတို့အနက် တစ်ဦးတစ်ယောက်ကိုဖြစ်စေ ပြန်လည် ဆင့်ခေါ်၍ ပြန်လည်ကြားနာပေးရန် တောင်းဆိုနိုင်သည်၊

ရာဇဝတ် တရားသူကြီး တစ်ဦးက တစ်ပိုင်းတစ်စ နှင့် အခြား ရာဇဝတ် တရားသူကြီး တစ်ဦးက တစ်ပိုင်းတစ်စ ရေးမှတ်သည့် သက်သေခံ ချက်အရ ပြစ်မှုထင်ရှား စီရင်ခြင်း၊ သို့မဟုတ် လွှဲအပ်တင်ပို့ ခြင်း။

(ခ) တရားလွှတ်တော်သည်၊ သို့မဟုတ် ခရိုင်ရာဇဝတ်တရားသူကြီး၏ လက်အောက်ရှိ ရာဇဝတ်တရားသူကြီးများက စစ်ဆေးစီရင်သောအမှုများ၌ ခရိုင်ရာဇဝတ်တရားသူကြီးသည် အယူခံမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်သည့် ရာဇဝတ်တရားသူကြီးက အစမှအဆုံးရေးမှတ်ခဲ့သည် မဟုတ်သော သက်သေခံချက်အရ ပြစ်မှုထင်ရှား စီရင်ခြင်းကြောင့် တရားခံအား အဓိကအားဖြင့် ထိခိုက်စေသည်ဟုယူဆလျှင် ယင်းပြစ်မှုထင်ရှား စီရင်ခြင်းကို ပယ်ဖျက်၍ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှုကို အသစ်ထပ်မံပြုလုပ်ရန် အမိန့်ချမှတ်နိုင်သည်။

(၂) ပုဒ်မ ၃၄၆ အရ မှုခင်းကိုစွဲဆောင်ရွက်ခြင်းများကို ဆိုင်းငံ့ထားသည့် အမှုများ၊သို့မဟုတ် ပုဒ်မ ၃၄၉ အရ အထက်ရာဇဝတ်တရားသူကြီးထံသို့ တင်ပို့သည့် အမှုများနှင့် ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ မသက်ဆိုင်စေရ။

(၃) ဤကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအရ အမှုတစ်ခုကို ရာဇဝတ်တရားသူကြီးတစ်ဦးထံမှ အခြားရာဇဝတ်တရားသူကြီးတစ်ဦးထံသို့ လွှဲပြောင်းပေးသည့်အခါ ယခင်ရာဇဝတ်တရားသူကြီး၏ စီရင်ပိုင်ခွင့်အာဏာသုံးစွဲခြင်းသည် ရပ်စဲသွား၍ ပုဒ်မခွဲ(၁)၏ အဓိပ္ပာယ်အရ နောက်ရာဇဝတ်တရားသူကြီးက ဆက်ခံသည်ဟု မှတ်ယူရမည်။

**ခုံအဖွဲ့များ ဖွဲ့စည်းရာ၌ ပြောင်းခဲ့ခြင်းများ။**

၃၅၀ က။ သက်ဆိုင်ရာအမိန့်၊ သို့မဟုတ် စီရင်ချက်ကိုချမှတ်သည့် ခုံရုံးအဖွဲ့ကို ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ အရ ပြဋ္ဌာန်းထားသည့်နည်းဥပဒေတို့အရ စနစ်တကျဖွဲ့စည်းခဲ့ခြင်းနှင့် ထိုခုံအဖွဲ့ဖွဲ့စည်းရာတွင် ပါဝင်သော ရာဇဝတ်တရားသူကြီးများသည် မှုခင်းဆောင်ရွက်သည့် ကာလတစ်လျှောက်လုံး၌ ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါက စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှု၏ မည်သည့်အဆင့်၌မဆို ခုံအဖွဲ့တွင်ထိုင်သော ရာဇဝတ်တရားသူကြီးများ၏ အရေအတွက် ပြောင်းလဲမှုအကြောင်းသက်သက်ကြောင့် ရာဇဝတ်တရားသူကြီးများ၏ ခုံအဖွဲ့က ချမှတ်သည့် မည်သည့်အမိန့်၊ သို့မဟုတ် စီရင်ချက်မျှ ပျက်ပြယ်ခြင်းမရှိစေရ။

**တရားရုံးသို့ လာရောက်သောပြစ်မှုကျူးလွန်သူများအား ချုပ်နှောင်ထားခြင်း။**

၃၅၁။ (၁) ဖမ်းဆီးခြင်း၊သို့မဟုတ် သမ္မန်စာဖြင့် ဆင့်ခေါ်ခြင်းခံရသူမဟုတ်သော်လည်း ရာဇဝတ်တရားရုံးသို့ လာရောက်သည့် မည်သူ့ကိုမဆို သက်သေခံချက်များအရ ၎င်းကျူးလွန်ခဲ့ပုံပေါ်ပြီး ယင်းတရားရုံးက စစ်ဆေးစီရင်ပိုင်သည့် ပြစ်မှုတစ်စုံတစ်ရာအတွက် စုံစမ်းစစ်ဆေးရန်၊ သို့မဟုတ် စစ်ဆေးစီရင်ရန် ကိစ္စအလို့ငှာ ထိုသူကို အဆိုပါတရားရုံးက ချုပ်ထားနိုင်သည်။ ၎င်းအပြင် ထိုသူကိုဖမ်းဆီးခြင်း၊ သို့မဟုတ် သမ္မာန်စာဖြင့်ဆင့်ခေါ်ခြင်းဖြစ်သကဲ့သို့ ထိုအမှုကို ဆက်လက်ဆောင်ရွက်သွားနိုင်သည်။

(၂) အခန်း ၁၈ အရ စုံစမ်းစစ်ဆေးဆဲအခါတွင်ဖြစ်စေ၊ စစ်ဆေးစီရင်မှုစတင်ပြီးနောက်ဖြစ်စေ ချုပ်ထားခြင်းကို ပြုလုပ်သောအခါ ထိုသူနှင့်စပ်လျဉ်းသည် မှုခင်းကိစ္စဆောင်ရွက်ချက်များကို အသစ်ပြန်လည်ဆောင်ရွက်၍ သက်သေများကို ပြန်လည်ကြားနာရမည်။

**တရားခွင်။**

၃၅၂။ ပြစ်မှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးရန်၊ သို့မဟုတ် စစ်ဆေးစီရင်ရန်ကိစ္စများအလို့ငှာ မည်သည့်ရာဇဝတ်တရားရုံးမဆို ရုံးထိုင်သည့်နေရာကို နေရာဆန့်သလောက် လူအများသွားလာဝင်ထွက်နိုင်သော လူသိရှင်ကြားတရားခွင်ဖြစ်ကြောင်း မှတ်ယူရမည်။

သို့ရာတွင် အကြီးအကဲတရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးက မိမိသင့်သည်ထင်မြင်လျှင် ထူးခြားသည့် အမှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးခြင်း၊ သို့မဟုတ် စစ်ဆေးစီရင်ခြင်းပြုနေဆဲ မည်သည့်အဆင့်၌မဆို တရားရုံးကအသုံးပြုနေသော အခန်း၊ သို့မဟုတ် အဆောက်အအုံအတွင်းသို့ ဝင်ထွက်သွားလာခြင်း၊ သို့မဟုတ် ရှိနေခြင်းမပြုလုပ်ရဟု အမိန့်ချမှတ်နိုင်သည်။

လ-၁၆၁၃၊ ဒုတိယရဲမှူးကြီး ဝင်းခေါင်
ဒုတိယညွှန်ကြားရေးမှူး (တာဝန်/စီမံ)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

## အခန်း ၂၅

## စုံစမ်းစစ်ဆေးမှုများနှင့် စစ်ဆေးစီရင်မှုများ၌ သက်သေခံချက်များကို ရယူရေးမှတ်နည်း

၃၅၃။ အခြားနည်း အတိအလင်း ပြဋ္ဌာန်းထားသည်မှ တစ်ပါး အခန်း ၁၈၊၂၀၊၂၁၊၂၂ နှင့် ၂၃ တို့အရ ရယူသော သက်သေခံချက်အားလုံးကို တရားခံ၏ရှေ့တွင်၊ သို့မဟုတ် ၎င်း ကိုယ်တိုင် လာရောက်ခြင်းကို ကင်းလွတ်ခွင့်ပြုထားသောအခါ ၎င်း၏ရှေ့နေရှေ့တွင် ရယူရမည်။ သက်သေခံချက်ကို တရားခံ၏ ရှေ့တွင် ယူရခြင်း။

၃၅၄။ × × × ×

၃၅၅။ (၁) ရာဇဝတ်တရားသူကြီးတစ်ဦး စစ်ဆေးစီရင်သော သမ္မန်မှုများတွင် ထို့ပြင် ပထမတန်း၊ သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦးက စစ်ဆေး စီရင်သော ပုဒ်မ ၂၆၀၏ ပုဒ်မခွဲ(၁) အပိုဒ်(ခ)မှ (ဍ)အထိ (ယင်းအပိုဒ်နှစ်ခုစလုံး အပါ အဝင်) ဖော်ပြထားသောပြစ်မှုများကို စစ်ဆေးသောအမှုများ၌၊ ထို့ပြင် ပုဒ်မ ၅၁၄ အရ ဆောင်ရွက်သည့် မှုခင်းအားလုံးတွင်(စုံစမ်းစစ်ဆေးမှု ပြုလုပ်နေဆဲကာလအတွင်း မဟုတ်လျှင်) ရာဇဝတ်တရားသူကြီးသည် သက်သေစစ်မေးခြင်းပြုလုပ်စဉ်၌ သက်သေတစ်ဦးစီ၏ သက်သေခံချက် အကျဉ်းချုပ်ကို ရေးမှတ်ရမည်။ သမ္မန်မှုများနှင့် ပထမတန်းနှင့် ဒုတိယတန်း အာဏာရ ရာဇဝတ်တရား သူကြီးတို့က အချို့သော ပြစ်မှုများကို စစ်ဆေးစီရင်မှု များတွင် ရေး မှတ်ခြင်း။

(၂) အဆိုပါရေးမှတ်ချက်ကို ရာဇဝတ်တရားသူကြီး ကိုယ်တိုင်ဖြစ်စေ၊ ၎င်းတ နှုတ်တိုက်ချပေး၍ဖြစ်စေ လူသိရှင်ကြား တရားခွင်တွင် တရားရုံးသုံးဘာသာစကားဖြင့် ရေးမှတ် ရမည်။ ထို့ပြင် ရာဇဝတ်တရားသူကြီးက လက်မှတ်ရေးထိုး၍ အမှုတွဲမှတ်တမ်း၏ အစိတ်အပိုင်း ဖြစ်စေရမည်။

(၃) × × × ×

၃၅၆။ စက်ရှင်တရားရုံးများနှင့် ရာဇဝတ်တရားသူကြီးများက ပြုလုပ်သော အခြား စစ်ဆေးစီရင်မှုအားလုံးတွင်၊ ထို့ပြင် အခန်း ၁၂ နှင့် ၁၈ တို့အရ စုံစမ်းစစ်ဆေးမှုအားလုံးတွင် သက်သေတစ်ဦး၏ သက်သေခံချက်ကို လူသိရှင်ကြား တရားခွင်တွင် တရားရုံးသုံး ဘာသာ စကားဖြင့် တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီး ကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ နှုတ်တိုက် ချပေးမှုနှင့် ၎င်းကိုယ်တိုင် ညွှန်ကြားကြီးကြပ်မှုတို့ဖြင့်ဖြစ်စေ ရေးမှတ်၍ တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးက လက်မှတ်ရေးထိုးရမည်။ အခြားအမှု များတွင် ရေး မှတ်ခြင်း။

၃၅၇။ × × × ×

၃၅၈။ ပုဒ်မ ၃၅၅ တွင်ဖော်ပြထားသော အမှုအမျိုးအစားများတွင် ရာဇဝတ်တရား သူကြီးသည် မိမိသင့်သည် ထင်မြင်လျှင် သက်သေတစ်ဦးဦး၏ သက်သေခံချက်ကို ပုဒ်မ ၃၅၆ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ရေးမှတ်နိုင်သည်။ ပုဒ်မ၃၅၅အရ ဆောင်ရွက် သော အမှုများ တွင် ရာဇဝတ် တရားသူကြီး၏ သဘောအရ ဆောင်ရွက်နိုင် ခြင်း။

၃၅၉။ (၁) ပုဒ်မ ၃၅၆ အရ ရယူသော သက်သေခံချက်ကို သာမန်အားဖြင့် အမေးအဖြေပုံစံဖြင့် မရေးမှတ်ရ။ ပြောပြသည့် ပုံစံမျိုးဖြင့် ရေးမှတ်ရမည်။

ပုဒ်မ၃၅၆အရ သက်သေခံချက်ကို ရေးမှတ်နည်း။

(၂) ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် စက်ရှင်တရားသူကြီးသည် တစ်စုံတစ်ရာသော မေးခွန်းနှင့် အဖြေကို မိမိသဘောအတိုင်း ရေးမှတ်နိုင်သည်၊ သို့မဟုတ် ရေးမှတ်စေနိုင်သည်။

၃၆၀။ (၁) သက်သေတစ်ဦးစီ၏ သက်သေခံချက်ကို ပုဒ်မ ၃၅၆ အရ ရေးမှတ်ခြင်းပြီးဆုံးသောအခါ ထိုသက်သေခံချက်ကို ရောက်ရှိနေသော တရားခံ၏ရှေ့တွင်၊ သို့မဟုတ် တရားခံမှာရှေ့နေပါလျှင် ထိုရှေ့နေ၏ရှေ့တွင် သက်သေအား ပြန်ဖတ်ပြရမည်။ ထို့ပြင် လိုအပ်လျှင် ပြင်ရမည်။

ယင်းသက်သေခံချက် ရေးမှတ်ခြင်း ပြီးဆုံးသောအခါ လိုက်နာရန်ကျင့်ထုံး။

(၂) သက်သေခံချက်ကို ၎င်းအား ပြန်ဖတ်ပြသောအခါ မည်သည့် သက်သေခံချက်၏ အစိတ်အပိုင်းကိုမဆို မှန်ကန်မှုမရှိဟု သက်သေကငြင်းလျှင် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် စက်ရှင်တရားသူကြီးသည် သက်သေခံချက်ကို ပြင်မည့်အစား ၎င်းသက်သေ၏ ကန့်ကွက်ချက်ကို အကျဉ်းချုပ်မှတ်တမ်း ရေးသားနိုင်သည်။ ၎င်းအပြင် မိမိလိုအပ်သည်ဟု ထင်မြင်သည့် မှတ်ချက်များကို ဖြည့်စွက် ရေးသားရမည်။

(၃) သက်သေခံချက်ကို သက်သေထွက်ဆိုသည့် ဘာသာစကားနှင့်မတူသော ဘာသာစကားတစ်ရပ်ဖြင့် ရေးမှတ်ယူလျှင်၊ ထို့ပြင် သက်သေက ထိုကဲ့သို့ရေးမှတ်သည့် ဘာသာစကားကို နားလည်လျှင် ထိုကဲ့သို့ရေးမှတ်ထားသော သက်သေခံချက်ကို သက်သေထွက်ဆိုသော ဘာသာစကားဖြင့်၊ သို့မဟုတ် ၎င်းသက်သေနားလည်သော ဘာသာစကားတစ်ရပ်ဖြင့် သက်သေအား ဘာသာပြန်ဆိုပေးရမည်။

၃၆၁။ (၁) သက်သေခံချက်တစ်ရပ်ကို တရားခံနားလည်သော ဘာသာစကားတစ်ခုဖြင့် ပေးသောအခါတိုင်း၊ ထို့ပြင် တရားခံကိုယ်တိုင်ရှိနေလျှင် ထိုသက်သေခံချက်ကို တရားခံနားလည်သည့် ဘာသာစကားဖြင့် လူသိရှင်ကြား တရားခွင်တွင် တရားခံအား ဘာသာပြန်ဆိုပြရမည်။

သက်သေခံချက်ကို တရားခံအား သို့မဟုတ် ၎င်း၏ရှေ့နေအား ဘာသာပြန်ဆိုပြခြင်း။

(၂) တရားခံသည် ရှေ့နေဖြင့်လာရောက်လျှင်၊ ထို့ပြင် သက်သေက တရားရုံးသုံးမဟုတ်သည့် ဘာသာစကားဖြင့် သက်သေခံချက်ပေး၍ ထိုဘာသာစကားကို ရှေ့နေကနားမလည်လျှင် ယင်းသက်သေခံချက်ကို ရှေ့နေအား တရားရုံးဘာသာစကားဖြင့် ပြန်ဆိုပေးရမည်။

(၃) စာတမ်းအမှတ်အသားများကို နည်းလမ်းကျ သက်သေထင်ရှားအောင် ပြရန်ကိစ္စအလို့ငှာ တင်သွင်းသည့်အခါ ၎င်းစာတမ်းအမှတ်အသားများတွင် အဓိပ္ပာယ် ပြန်ဆို ပေးရန် လိုသည်ဟု ထင်မြင်သမျှကို တရားရုံး၏ သဘောအတိုင်း ဘာသာပြန်ဆိုပေးရမည်။

၃၆၂။ × × × ×

၃၆၃။ စက်ရှင်တရားသူကြီး တစ်ဦး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီး တစ်ဦးသည် သက်သေတစ်ဦး၏ သက်သေခံချက်ကို ရေးမှတ်ပြီးသောအခါ စစ်မေးစဉ်က အဆိုပါသက်သေ၏ အမူအရာနှင့် စပ်လျဉ်း၍ အရေးပါသည်ဟု မိမိထင်မြင်သည့်မှတ်ချက်များ(ရှိခဲ့လျှင်)လည်း ရေးမှတ်ရမည်။

သက်သေ၏ အမူအရာနှင့် စပ်လျဉ်းသော မှတ်ချက်များ။

**တရားခံ၏ အစစ်ခံချက်ကို မည်သို့ရေးမှတ်ခြင်း။**

၃၆၄။ (၁) ပုဒ်မ ၃၄၂ ၏ ပုဒ်မခွဲ (၂)အရ မည်သည့် ရာဇဝတ်တရားသူကြီးက မဆို၊ သို့မဟုတ် တရားလွှတ်တော်မှတစ်ပါး မည်သည့်တရားရုံးကမဆို တရားခံကို စစ်မေးသည့်အခါတိုင်း၊ တရားခံကိုမေးသည့် မေးခွန်းတိုင်းနှင့် တရားခံကပေးသည့်အဖြေတိုင်းကို ထည့်သွင်းလျက် စစ်မေးချက်တစ်ရပ်လုံးကို တရားခံအားစစ်မေးသည့် ဘာသာစကားဖြင့်၊ သို့မဟုတ် ဖတ်ပြရမည်၊ သို့မဟုတ် ထိုစစ်မေးချက်ကို ရေးမှတ်ထားသည့် ဘာသာစကားကို တရားခံ နားမလည်လျှင် တရားခံနားလည်သည့် ဘာသာစကားတစ်ရပ်ဖြင့် ဘာသာပြန်ဆိုပြရမည်။ ထို့ပြင် တရားခံအား ၎င်း၏အဖြေများကို ရှင်းပြရန်ဖြစ်စေ၊ ဖြည့်စွက်ရန်ဖြစ်စေ အခွင့်အလမ်းပေးရမည်။

(၂) တရားခံ၏ ဖြေကြားချက်အားလုံးကို ဟုတ်မှန်ကြောင်း ၎င်းအဆိုရှိသည့် အချက်နှင့် ကိုက်ညီအောင် ပြုလုပ်ပြီးသည့်အခါ ထိုရေးမှတ်ချက်ကို တရားခံနှင့် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားသူကြီး၊ သို့မဟုတ် အဆိုပါတရားရုံးတို့က လက်မှတ်ရေးထိုးရမည်။ ထို့ပြင် ယင်းစစ်မေးချက်ကို မိမိရှေ့မှောက်နှင့် မိမိအကြားတွင် ပြုလုပ်ခဲ့ကြောင်းနှင့် ရေးမှတ်ချက်တွင် တရားခံ၏ထွက်ဆိုချက် အပြည့်အစုံ အမှန်အကန်ပါရှိကြောင်း ဆိုခဲ့သည့် ရာဇဝတ်ရားသူကြီး၊ သို့မဟုတ် တရားသူကြီးက ကိုယ်တိုင် သက်သေခံလက်မှတ် ရေးသား၍ လက်မှတ်ရေးထိုးရမည်။

(၃) တရားခံ၏စစ်မေးချက်ကို ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားသူကြီး ကိုယ်တိုင် မရေးမှတ်သည့် အမှုများ၌ စစ်မေးစဉ်အတွင်း စစ်မေးချက်အကျဉ်းချုပ်ကို တရားရုံးသုံးဘာသာစကားဖြင့် ရေးမှတ်ရန် ၎င်းရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားသူကြီးတွင် တာဝန်ရှိစေရမည်။ အဆိုပါ အကျဉ်းချုပ်ရေးမှတ်ချက်ကို ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားသူကြီးကိုယ်တိုင် ရေးသားပြီး လက်မှတ်ရေးထိုးရမည့်အပြင် အမှုမှတ်တမ်း၌ တွဲထားရမည်။ အထက်ပါအတိုင်း လိုအပ်သလို အကျဉ်းချုပ်မှတ်တမ်းရေးမှတ်ရန် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားသူကြီးက မပြုလုပ်နိုင်လျှင် ယင်းသို့ မပြုလုပ်နိုင်ခြင်း၏ အကြောင်းပြချက်ကို ရေးမှတ်ရမည်။

(၄) ထိုပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပုဒ်မ ၂၆၃ အရ တရားခံတစ်ဦးအား စစ်မေးမှုနှင့် သက်ဆိုင်သည်ဟု မမှတ်ယူရ။

**တရားလွှတ်တော်တွင် သက်သေခံချက်များကို ရေးမှတ်ခြင်း။**

၃၆၅။ တရားလွှတ်တော်ရှေ့ရောက်လာသည့် အမှုများတွင် သက်သေခံချက် ရေးမှတ်ရန်နည်းလမ်းကို အခါအားလျော်စွာ ယေဘုယျ နည်းဥပဒေဖြင့် သတ်မှတ်ရမည်။ ထို့ပြင် သက်သေခံချက်ကို အဆိုပါနည်းဥပဒေနှင့်အညီ ရေးမှတ်ရမည်။

လ-၁၆၁ ဦးရဲမွန်ကြီး ဝင်းဝေဝါ
ညွှန်ကြားရေးမှူး (စီမံ/လေ့ကျင့်)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်။

## အခန်း ၂၆

## စီရင်ချက်

စီရင်ချက်ချမှတ်ရန် နည်းလမ်း။

၃၆၆။ (၁) မူလစီရင်ပိုင်ခွင့် အာဏာရှိသည့် မည်သည့် ရာဇဝတ်တရားရုံးတွင်မဆို စစ်ဆေးစီရင်သော အမှုတိုင်း၌ စီရင်ချက်ကို ချမှတ်ရမည်၊ သို့မဟုတ် အဆိုပါ စီရင်ချက်၏ အကျဉ်းချုပ်ကို ရှင်းပြရမည်–

(က) စီရင်မှုပြီးဆုံးပြီးနောက် ချက်ချင်းဖြစ်စေ၊ အမှုသည်များ၊ သို့မဟုတ် ၎င်းတို့၏ရှေ့နေများအား ကြိုတင်အသိပေးထားသော နောက်ပိုင်းရက်တွင်ဖြစ်စေ လူသိရှင်ကြား တရားခွင်၌ချမှတ်ရမည်။ ၎င်းအပြင်

(ခ) တရားရုံး၏ ဘာသာစကားဖြင့်၊ သို့မဟုတ် တရားခံဖြစ်စေ၊ ၎င်း၏ ရှေ့နေဖြစ်စေ နားလည်သော အခြားဘာသာစကားဖြင့် ရှင်းပြရမည်။

သို့ရာတွင် တရားလိုဘက်မှဖြစ်စေ၊ တရားခံဘက်မှဖြစ်စေ တောင်းဆိုလာလျှင် ရုံးထိုင်တရားသူကြီးက စီရင်ချက်တစ်ခုလုံးကို ဖတ်ပြရမည်။

(၂) တရားခံသည် အချုပ်နှင့်ရှိနေလျှင် ၎င်းအား ချမှတ်သည့် စီရင်ချက်ကို ကြားနာရန်အတွက် တင်ပို့ပေးစေရမည်။ တရားခံသည် အချုပ်နှင့်မရှိလျှင် တရားခံ လာရောက်၍ စီရင်ချက်ကို ကြားနာရန် တရားရုံးက ဆင့်ဆိုရမည်။ သို့သော် အမှု ကြားနာစစ်ဆေးစဉ်အတွင်း တရားခံကိုယ်တိုင်လာရောက်ခြင်းကို ကင်းလွတ်ခွင့်ပြုထားခဲ့ပြီး ပြစ်ဒဏ်စီရင်ချက်မှာ ငွေဒဏ်မျှသာဖြစ်လျှင်၊ သို့မဟုတ် တရားခံအား အမှုမှ အပြီးအပြတ်လွှတ်လျှင် စီရင်ချက်ကို တရားခံ၏ရှေ့နေရှေ့တွင် ချမှတ်နိုင်သည်။

(၃) စီရင်ချက်ချမှတ်ရန် ချိန်းဆိုထားသည့် နေ့ရက်နှင့် နေရာတွင် အမှုသည် တစ်ဦးဦးဖြစ်စေ၊ ၎င်း၏ ရှေ့နေဖြစ်စေ ပျက်ကွက်ခြင်းအကြောင်း သက်သက်ကြောင့်သော်လည်းကောင်း၊ အဆိုပါ နေ့ရက်နှင့် နေရာ ထုတ်ပြန်ကြေညာသည့် အကြောင်းကြားစာကို အမှုသည်များ၊ သို့မဟုတ် ၎င်းတို့၏ရှေ့နေများ၊ သို့မဟုတ် ၎င်းတို့အနက် တစ်ဦးဦးအပေါ် ချအပ်ရန် ပျက်ကွက်ခြင်းအကြောင်းသက်သက်ကြောင့်သော်လည်းကောင်း မည်သည့်ပြစ်မှုဆိုင်ရာ တရားရုံးကမဆို ချမှတ်သော စီရင်ချက်သည် ပျက်ပြယ်သည်ဟု မမှတ်ယူရ။

(၄) ပုဒ်မ ၅၃၇ပါ ပြဋ္ဌာန်းချက်များ၏ သက်ဆိုင်မှုကို မည်သည့်နည်းနှင့်မဆို ဤပုဒ်မပါ မည်သည့်အချက်ကမျှ ကန့်သတ်သည်ဟု အဓိပ္ပာယ်မကောက်ယူရ။

စီရင်ချက်ရေးထားသည့် ဘာသာစကား၊ စီရင်ချက်တွင် ပါရှိရမည့်အချက်များ။

၃၆၇။ (၁) ဤကျင့်ထုံးဥပဒေပါ အခြားနည်းအတိအလင်းပြဋ္ဌာန်းထားသည်မှတစ်ပါး အဆိုပါစီရင်ချက်တိုင်းကို ရုံးထိုင်တရားသူကြီးကိုယ်တိုင်၊ သို့မဟုတ် အဆိုပါရုံးထိုင်တရားသူကြီး၏ နှုတ်တိုက်ချပေးချက်အရ တရားရုံး၏ ဘာသာစကားဖြင့် ရေးသားရမည်။ ထို့ပြင် ယင်းစီရင်ချက်တိုင်းတွင် ဆုံးဖြတ်ရမည့်အချက်၊ သို့မဟုတ် အချက်များ၊ ၎င်းတို့အပေါ်တွင် ဆုံးဖြတ်ချက်နှင့် ယင်းဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်များ ပါရှိရမည်။ ထို့ပြင် ယင်းစီရင်ချက်ကို ချမှတ်သည့်အချိန်တွင် လူသိရှင်ကြား တရားခွင်၌ ရုံးထိုင်တရားသူကြီးက ရက်စွဲတပ်၍ လက်မှတ်ရေးထိုးရမည်။ ထို့ပြင် ရုံးထိုင်တရားသူကြီးကိုယ်တိုင် မရေးလျှင် အဆိုပါ စီရင်ချက်၏စာမျက်နှာတိုင်းတွင် ရုံးထိုင်တရားသူကြီးက လက်မှတ်ရေးထိုးရမည်။

(၂) ပြစ်မှုတစ်ရပ်ထက် ပိုရှိလျှင် မည်သည့် ပြစ်မှုအတွက်၊ ထို့ပြင် ပြစ်မှုဆိုင်ရာ ဥပဒေ၊ သို့မဟုတ် အခြားဥပဒေ၏ မည်သည့် ပုဒ်မအရ တရားခံအား ပြစ်မှု ထင်ရှား စီရင်ကြောင်းနှင့် ချမှတ်သည့် ပြစ်ဒဏ်တို့ကို စီရင်ချက်၌ တိတိကျကျဖော်ပြရမည်။

*ပုဒ်မတစ်ရပ်၊ သို့မဟုတ် အခြား ပုဒ်မ တစ်ရပ် အရ စီရင်ချက် ချမှတ်ခြင်း။*

(၃) ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုထင်ရှားစီရင်သည့်အခါ၊ ထို့ပြင် ပြစ်မှုသည် ပြစ်မှုဆိုင်ရာဥပဒေ၏ ပုဒ်မနှစ်ရပ်အနက် မည်သည့်ပုဒ်မနှင့်သက်ဆိုင်ကြောင်း၊ သို့မဟုတ် ပုဒ်မတစ်ခုတည်း၏ အစိတ်အပိုင်း နှစ်ရပ်အနက် မည်သည့် အစိတ်အပိုင်းနှင့် သက်ဆိုင်ကြောင်း သံသယရှိသည့်အခါ တရားရုံးသည် ထိုအချက်ကို အတိအလင်းဖော်ပြလျက် ပုဒ်မတစ်ရပ်အရ မဟုတ်လျှင် အခြားတစ်ရပ်အရ၊ သို့မဟုတ် ပုဒ်မတစ်ခုတည်း၏ အစိတ်အပိုင်းတစ်ရပ်အရ မဟုတ်လျှင် အခြားအစိတ်အပိုင်းတစ်ရပ်အရ စီရင်ချမှတ်နိုင်သည်။

(၄) အမှုမှ အပြီးအပြတ်လွတ်သည့် စီရင်ချက်ဖြစ်လျှင် မည်သည့် ပြစ်မှုအတွက် တရားခံကို အမှုမှ အပြီးအပြတ်လွတ်ကြောင်း ဖော်ပြရမည်။ ထို့ပြင် ၎င်းတရားခံကို အချုပ်မှ လွတ်ရန် ညွှန်ကြားရမည်။

(၅) ဂျူရီလူကြီးများနှင့် စစ်ဆေးစီရင်မှုများတွင် တရားရုံးသည် စီရင်ချက် ရေးရန်မလို။ သို့သော်လည်း စက်ရှင်တရားရုံးသည် ဂျူရီလူကြီးများအား တင်ပြသည့် စွဲချက်ခေါင်းစဉ်များကို ရေးမှတ်ထားရမည်။

(၆) ဤပုဒ်မ၏ ကိစ္စများအလို့ငှာ ပုဒ်မ ၁၁၈၊ သို့မဟုတ် ပုဒ်မ ၁၂၃ ပုဒ်မခွဲ(၃)အရ ချမှတ်သောအမိန့်တစ်ရပ်ကို စီရင်ချက်တစ်ရပ်အဖြစ် မှတ်ယူရမည်။

၃၆၈။ (၁) တစ်ဦးတစ်ယောက်သောသူကို သေဒဏ်ပြစ်ဒဏ်ချမှတ်သည့်အခါ ၎င်းကို မသေမချင်း လည်ပင်းကြိုးကွင်းစွပ်၍ သတ်ရမည်ဟု ညွှန်ကြားရမည်။

*သေဒဏ် ပြစ်ဒဏ်။*

(၂) မည်သည့် တစ်ကျွန်းပို့ဒဏ်ပြစ်ဒဏ်တွင်မျှ ယင်းသို့ စီရင်ခြင်းခံရသူတို့ မည်သည့်အရပ်ဒေသကို ပို့ရမည်ဟူ၍ သီးခြားဖော်ပြခြင်းမပြုရ။

*တစ်ကျွန်း ပို့ဒဏ် ပြစ်ဒဏ်။*

၃၆၉။ ဤကျင့်ထုံးဥပဒေတွင်သော်လည်းကောင်း၊ အခြား တည်ဆဲတရားဥပဒေတစ်ရပ်ရပ်တွင်သော်လည်းကောင်း အခြားနည်း ပြဋ္ဌာန်းထားသည်မှတစ်ပါး မည်သည့် တရားရုံးကမျှ ၎င်း၏စီရင်ချက်ကို လက်မှတ်ရေးထိုးပြီးပါက စာအရေးအသား မှားယွင်းချက်ကို ပြင်ရန်မှ တစ်ပါး ထိုစီရင်ချက်ကို ပြောင်းလဲခြင်း၊ သို့မဟုတ် ပြန်လည်သုံးသပ်ခြင်း မပြုရ။

*တရားရုံးသည် စီရင်ချက်ကို မပြင်ရခြင်း။*

၃၇၀။ × × × × —

၃၇၁။ (၁) တရားခံက လျှောက်ထားတောင်းဆိုလျှင် စီရင်ချက် မိတ္တူတစ်စောင်ကို ၎င်းအား နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ပေးရမည်။ သမ္မန်မှုမှလွဲ၍ မည်သည့်အမှုတွင်မဆို အဆိုပါ မိတ္တူကို အခမဲ့ပေးရမည်။

(၂) စက်ရှင်တရားရုံးတစ်ရုံး၌ ဂျူရီလူကြီးများဖြင့် စစ်ဆေးစီရင်သောအမှုများတွင် ဂျူရီလူကြီးများအား တင်ပြသည့် စွဲချက်ခေါင်းစဉ်များ၏ မိတ္တူတစ်စောင်ကို တရားခံက လျှောက်ထားတောင်းဆိုလျှင် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အခမဲ့ပေးရမည်။

*စီရင်ချက် အစ ရှိသည်တို့၏ မိတ္တူကို တရားခံက လျှောက်ထားတောင်း ဆိုပါက ပေးရခြင်း။*

(၃) တရားခံကို စက်ရှင်တရားသူကြီးတစ်ဦးက သေဒဏ်ပြစ်ဒဏ် ချမှတ်သည့်အခါ ၎င်းတရားခံအနေဖြင့် အယူခံလိုလျှင် ရက်ပေါင်း မည်မျှအတွင်း အယူခံလွှာတင်သွင်းသင့်ကြောင်း အဆိုပါတရားသူကြီးက တရားခံအား ဆက်လက်ပြောပြရမည်။

*သေဒဏ်ချမှတ်ခြင်းခံရသူ၏ အမှု။*

၃၂၇။ စီရင်ချက်မှုရင်းကို အမှုတွဲ၍ တွဲထားရမည်။

စီရင်ချက်ကို မည်သည့်နေရာတွင် တွဲထားရခြင်း။

၃၇၃။ စက်ရှင်တရားရုံးက စစ်ဆေးစီရင်သည့် အမှုများတွင် ပြစ်မှု ထင်ရှားတွေ့ရှိချက် ပြစ်ဒဏ် (တစ်စုံတစ်ရာရှိလျှင်) မိတ္တူတစ်စောင်ကို စစ်ဆေးစီရင်မှုပြုလုပ်သည့် နယ်မြေအတွင်း စီရင်ပိုင်ခွင့်အာဏာရ ခရိုင်ရာဇဝတ်တရားသူကြီးထံ ပေးပို့ရမည်။

စက်ရှင်တရားရုံးက ပြစ်မှုထင်ရှားတွေ့ရှိချက်နှင့် ပြစ်ဒဏ်စီရင်ချက်မိတ္တူကို ခရိုင်ရာဇဝတ်တရားသူကြီးထံ ပေးပို့ရခြင်း။

## အခန်း ၂၇

## ပြစ်ဒဏ်များကို အတည်ပြုပေးရန် တင်ပြရခြင်း

၃၇၄။ စက်ရှင်တရားရုံးက သေဒဏ်ပြစ်ဒဏ်ချမှတ်သည့်အခါ စစ်ဆေးစီရင်သည့် အမှုတွဲကို တရားလွှတ်တော်သို့ တင်ပြရမည်။ တရားလွှတ်တော်က အတည်ပြုခြင်းမရှိဘဲ ၄င်းပြစ်ဒဏ်ကို အကျိုးသက်ရောက်အောင် ဆောင်ရွက်ခြင်းမပြုရ။

သေဒဏ်ပြစ်ဒဏ်ကို စက်ရှင်တရားရုံးက တင်ပြရခြင်း။

၃၇၅။ (၁) အဆိုပါ စစ်ဆေးစီရင်သည့် အမှုတွဲကို တင်ပြလာသည့်အခါ တရားလွှတ်တော်က ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူတွင် အပြစ်ရှိခြင်း၊ သို့မဟုတ် အပြစ်ကင်းခြင်းတို့နှင့် စပ်လျဉ်းသည့် အချက်တစ်ရပ်ရပ်အပေါ် ထပ်မံ၍စုံစမ်းစစ်ဆေးခြင်းပြုရန်၊ သို့မဟုတ် နောက်ထပ် သက်သေခံချက် ရယူသင့်သည်ဟု ထင်မြင်လျှင် တရားလွှတ်တော်ကိုယ်တိုင် အဆိုပါ စုံစမ်းစစ်ဆေးမှုကို ပြုလုပ်နိုင်သည်၊ သို့မဟုတ် အဆိုပါသက်သေခံချက်ကို ရယူနိုင်သည်၊ သို့မဟုတ် စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်ဖြစ်စေ၊ သက်သေခံချက်ကို ရယူရန်ဖြစ်စေ စက်ရှင်တရားရုံးသို့ ညွှန်ကြားနိုင်သည်။

ထပ်မံ စုံစမ်းစစ်ဆေးခြင်းပြုရန် သို့မဟုတ် နောက်ထပ်သက်သေခံချက် ရယူရန် ညွှန်ကြားနိုင်သည့်အာဏာ။

(၂) အဆိုပါ စုံစမ်းစစ်ဆေးခြင်းကိုဖြစ်စေ၊ သက်သေခံချက် ရယူမှုကိုဖြစ်စေ ဂျူရီလူကြီးများ၊ သို့မဟုတ် အဆက်ဆာလူကြီးများရှေ့တွင် မပြုလုပ်ရ။ ထို့ပြင် တရားလွှတ်တော်က အခြားနည်း ညွှန်ကြားခြင်းမရှိပါက ယင်းစုံစမ်းစစ်ဆေးခြင်း၊ သို့မဟုတ် သက်သေခံချက် ရယူခြင်း ပြုလုပ်သောအခါ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ လာရောက်ခြင်းကို ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၃) စုံစမ်းစစ်ဆေးခြင်းနှင့် သက်သေခံချက်ရယူခြင်း (တစ်စုံတစ်ရာ ရှိလျှင်) တို့ကို တရားလွှတ်တော်က မပြုလုပ်သည့်အခါ အဆိုပါ စုံစမ်းစစ်ဆေးခြင်းနှင့် သက်သေခံချက် ရယူခြင်းတို့၏ အကျိုးရလဒ်ကို တရားလွှတ်တော်သို့ သက်သေခံချက် ရေးသားပေးပို့ရမည်။

၃၇၆။ ပုဒ်မ ၃၇၄ အရ တင်ပြလာသည့် မည်သည့်အမှု၌မဆို တရားလွှတ်တော်သည်–

ပြစ်ဒဏ်ကို အတည်ပြုရန်၊ သို့မဟုတ်ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ရန် တရားလွှတ်တော်၏ အာဏာ။

(က) ပြစ်ဒဏ်ကို အတည်ပြုနိုင်သည်၊ သို့မဟုတ် ဥပဒေအရပြဋ္ဌာန်းထားသော အခြားပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်၊ သို့မဟုတ်

(ခ) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်နိုင်သည်။ ထို့ပြင် တရားခံကို စက်ရှင်တရားရုံးက ပြစ်မှုထင်ရှားစီရင်နိုင်မည့် မည်သည့် ပြစ်မှုတစ်စုံတစ်ရာနှင့် တရားခံအား ပြစ်မှုထင်ရှားစီရင်နိုင်သည်၊ သို့မဟုတ် ၎င်းစွဲချက်အရဖြစ်စေ၊ ပြင်ဆင်သည့် စွဲချက်အရဖြစ်စေ အမှုကို အသစ်ကြားနာစစ်ဆေးရန် အမိန့်ချမှတ်နိုင်သည်၊ သို့မဟုတ်

(ဂ) တရားခံကို အမှုမှ အပြီးအပြတ် လွှတ်နိုင်သည်။

သို့ရာတွင် အယူခံတင်သွင်းခွင့်ရှိသည့် ကာလအပိုင်းအခြား မကုန်ဆုံးမီဖြစ်စေ၊ အဆိုပါကာလအတွင်း အယူခံမှုကို တင်သွင်းလျှင် ယင်းအယူခံမှု မပြီးပြတ်မီဖြစ်စေ ဤပုဒ်မအရ အတည်ပြုသည့် အမိန့်တစ်စုံတစ်ရာကို မချမှတ်ရ။

အတည်ပြုခြင်း၊ သို့မဟုတ် ပြစ်ဒဏ်အသစ်ကိုတရားသူကြီး နှစ်ဦးက လက်မှတ်ရေး ထိုးရခြင်း။

၃၇၇။ ထိုကဲ့သို့ တင်ပြလာသောအမှုတိုင်းတွင် တရားလွှတ်တော်က ပြစ်ဒဏ်ကို အတည် ပြုခြင်း၊ သို့မဟုတ် ပြစ်ဒဏ်အသစ် တစ်စုံတစ်ရာချမှတ်ခြင်း၊ သို့မဟုတ် အမိန့်တစ်စုံတစ်ရာ ချမှတ်ခြင်းကို တရားလွှတ်တော်၏ အနည်းဆုံး တရားသူကြီးနှစ်ဦးက ပြုလုပ်ချမှတ်၍ လက်မှတ်ရေးထိုးရမည်။

သဘောထားအယူအဆ ကွဲလွဲသည့်အခါ လိုက်နာရန် ကျင့်ထုံး။

၃၇၈။ ဆိုခဲ့သည့် အမှုတစ်စုံတစ်ရာကို တရားသူကြီးများ ခုံအဖွဲ့တစ်ခုရှေ့တွင် စစ်ဆေး ကြားနာ၍ အဆိုပါ တရားသူကြီးများမှာ သဘောထားအယူအဆ နှစ်ဘက်ဦးရေ အညီအမျှ ကွဲလွဲကြသည့်အခါ ၎င်းအမှုအပေါ် ၎င်းတရားသူကြီးတို့၏ သဘောထားအယူအဆများနှင့်အတူ အမှုတွဲကို အခြားတရားသူကြီးတစ်ဦးရှေ့သို့ တင်ပြစေရမည်။ ၎င်းအမှုကို လက်ခံရရှိသည့် တရား သူကြီးက မိမိသင့်သည် ထင်မြင်သည့်အတိုင်း ကြားနာပြီးနောက် ၎င်း၏ သဘောထား အယူအဆကို ပေးရမည်။ ထို့နောက် အဆိုပါသဘောထားအယူအဆကို လိုက်နာလျက် စီရင်ချက်၊ သို့မဟုတ် အမိန့် ချမှတ်ရမည်။

အတည်ပြုရန်အတွက် တရားလွှတ်တော်သို့ တင်ပြသည့် အမှုများ၌ လိုက်နာရန် ကျင့်ထုံး။

၃၇၉။ သေဒဏ်စီရင်ချက်တစ်ရပ်ကို အတည်ပြုပေးရန်အတွက် စက်ရှင်တရားရုံးက တရား လွှတ်တော်သို့ တင်ပို့သည့် အမှုများတွင် တရားလွှတ်တော်၏ သက်ဆိုင်ရာအရာရှိက တရား လွှတ်တော်၏ အတည်ပြုအမိန့်၊ သို့မဟုတ် အခြားအမိန့်ချမှတ်ပြီးသောအခါ နှောင့်နှေးခြင်းမရှိဘဲ အမိန့်မိတ္တူတစ်စောင်ကို တရားလွှတ်တော်၏ ရုံးတံဆိပ်ခတ်နှိပ်၍ မှန်ကန်ကြောင်း မိမိ၏ရာထူး အမည်လက်မှတ်ရေးထိုးပြီး စက်ရှင်တရားရုံးသို့ ပေးပို့ရမည်။

၃၈၀။ × × × ×

× × × ×

## အခန်း ၂၈

## ပြစ်ဒဏ်ကို အတည်ပြုလုပ်ခြင်း

၃၈၁။ စက်ရှင်တရားရုံးက ချမှတ်သည့် သေဒဏ်အမိန့်ကို အတည်ပြုရန် တရားလွှတ်တော်သို့ တင်သွင်းရာ ၎င်းအမိန့်ကို အတည်ပြုသည့်အမိန့်၊ သို့မဟုတ် အခြားအမိန့်ကို တရားလွှတ်တော်မှ ရရှိသည့်အခါ စက်ရှင်တရားရုံးက ဝရမ်းထုတ်ဆင့်ခြင်း၊ သို့မဟုတ် လိုအပ်သလို အခြား သင့်လျော်ရာများကို ဆောင်ရွက်ခြင်းဖြင့် ၎င်းအမိန့်ကို အတည်ပြုလုပ်ရမည်။

*ပုဒ်မ ၃၇၆အရ ချမှတ်သည့် အမိန့်ကို အတည်ပြုလုပ်ခြင်း။*

၃၈၂။ သေဒဏ်စီရင်ခြင်းခံရသည့် မိန်းမတစ်ဦးတစ်ယောက်မှာ ကိုယ်ဝန်ဆောင်မိန်းမ ဖြစ်ကြောင်း သိရလျှင် တရားလွှတ်တော်သည် ၎င်းသေဒဏ်စီရင်ချက် အတည်ပြုလုပ်ခြင်းကို ရွှေ့ဆိုင်းထားရန် အမိန့်ချမှတ်ရမည်။ ထို့ပြင် သင့်သည်ထင်မြင်ပါက ၎င်းသေဒဏ်ကို တစ်သက်တစ်ကျွန်းဒဏ်အဖြစ် လျော့ပေါ့ ပြောင်းလဲနိုင်သည်။

*ကိုယ်ဝန် ဆောင် မိန်းမ အပေါ် စီရင်သည့် သေဒဏ်ကို ရွှေ့ဆိုင်းခြင်း။*

၃၈၃။ ပုဒ်မ ၃၈၁ အရ ပြဋ္ဌာန်းထားသည့်အမှုများမှတစ်ပါးအခြားအမှုများတွင် တရားခံအပေါ် တစ်ကျွန်းပို့ဒဏ်၊ သို့မဟုတ် ထောင်ဒဏ်စီရင်သည့်အခါ ၎င်းပြစ်ဒဏ်စီရင်ချက် ချမှတ်သည့်တရားရုံးသည် ၎င်းတရားခံကို အကျဉ်းချထားသည်၊ သို့မဟုတ် ချုပ်ထားသည်ဟူ၍ အကျဉ်းထောင်သို့ ဝရမ်းကို ချက်ချင်းပေးပို့ရမည်။ တရားခံကို အဆိုပါအကျဉ်းထောင်၌ ချုပ်ထားပြီး မဟုတ်လျှင် ၎င်းကို အဆိုပါထောင်သို့ ဝရမ်းနှင့်အတူ ပို့ရမည်။

*အခြားအမှုများတွင် တစ်ကျွန်းပို့ဒဏ်၊ သို့မဟုတ် ထောင်ဒဏ် ပြစ်ဒဏ်များကို အတည်ပြုလုပ်ခြင်း။*

၃၈၄။ ထောင်ဒဏ်ပြစ်ဒဏ်ကို အတည်ပြုရန်ထုတ်ပေးသည့် ဝရမ်းမှန်သမျှကို ၎င်းအကျဉ်း သား အကျဉ်းခံရသည့်၊ သို့မဟုတ် အကျဉ်းခံရမည့်အကျဉ်းထောင်၊ သို့မဟုတ် အခြားနေရာကို ကြီးကြပ်အုပ်ချုပ်ရသည့်အရာရှိထံ ထုတ်ဆင့် ညွှန်ကြားရမည်။

*ဝရမ်းအတည် ပြုလုပ်ရန် အတွက် ညွှန် ကြားခြင်း။*

၃၈၅။ အကျဉ်းသားကို အကျဉ်းထောင်တစ်ခုတွင် အကျဉ်းချထားရမည်ဖြစ်လျှင် ဝရမ်းကို ထောင်မှူးလက်တွင် ထားရမည်။

*ဝရမ်းကို မည်သူ့ လက်ဝယ်တွင် ထားရခြင်း။*

၃၈၆။ (၁) ပြစ်မှုကျူးလွန်သူတစ်ဦးအပေါ် ငွေဒဏ်ပေးဆောင်ရန် စီရင်ချက် ချမှတ်သည့်အခါတိုင်း ယင်းသို့ စီရင်ချက်ချမှတ်သည့် တရားရုံးသည် အောက်ပါနည်းလမ်းများအနက် တစ်နည်းနည်း၊ သို့မဟုတ် နှစ်နည်းစလုံးဖြင့် ငွေဒဏ်ကို အရတောင်းခံနိုင်ရန်အတွက် အရေးယူ ဆောင်ရွက်နိုင်သည်။ ဆိုလိုသည်မှာ ယင်းတရားရုံးသည်—

*ဒဏ်ငွေ တောင်းခံရန် ဝရမ်း။*

(က) ပြစ်မှုကျူးလွန်သူပိုင် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းစွဲကပ် ရောင်းချခြင်းအားဖြင့် ငွေကိုကောက်ခံရယူရန်အတွက် ဝရမ်းထုတ်ဆင့် နိုင်သည်။

(ခ) ငွေဒဏ် မပေးမဆောင် ပျက်ကွက်သူပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ သို့မဟုတ် မရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ သို့မဟုတ် ပစ္စည်းနှစ်မျိုးစလုံးပေါ်တွင် တရားမကြောင်း လုပ်ငန်းစဉ်အတိုင်း အတည်ပြုခြင်းအားဖြင့် ၄င်းငွေကိုရယူရန် မြို့နယ်စုကော်လိတ္တော်အရာရှိအား အခွင့်အာဏာအပ်နှင်းသည့် ဝရမ်းထုတ်ဆင့်နိုင်သည်။

သို့ရာတွင် ၄င်းငွေဒဏ်ကို ပေးဆောင်ရန်ပျက်ကွက်ပါက ပြစ်မှုကျူးလွန်သူအား အကျဉ်းထောင်တွင် အကျဉ်းချထားရန် စီရင်ချက်၌ ညွှန်ကြားထားလျှင်၊ ထို့ပြင် ၄င်းမှာလည်း ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်သည့်အတွက် ထောင်ဒဏ်အပြည့်ကို ကျခံခဲ့ပြီးဖြစ်သည့်အခါ ပြစ်မှုကျူးလွန်သူသည် ငွေဒဏ်အားလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ပေးဆောင်နိုင်စွမ်းရှိသည်ဟု တရားရုံးက ရေးမှတ်ထားရမည်။ အထူးအကြောင်းပြချက်များအရ သဘောထင်မြင် သည်မဟုတ်လျှင် မည်သည့်တရားရုံးကမျှ ဆိုခဲ့သည့်ဝရမ်းမျိုးကို မထုတ်ဆင့်စေရ။

(၂) ပုဒ်မခွဲ(၁)၊ အပိုဒ်(က)အရ ဝရမ်းအတည်ပြုရန် နည်းဥပဒေကို စည်းမျဉ်းကန့်သတ်ပြုလုပ်ပေးရန်မှစ၍ ထိုဝရမ်းအတည်ပြုရာ၌ ဝရမ်းစွဲကပ်သည့် ပစ္စည်းတစ်စုံတစ်ရာနှင့် စပ်လျဉ်းပြီး ပြစ်မှုကျူးလွန်သူမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်က ပိုင်ဆိုင်သည်ဟု အဆိုရှိသောအရာကို အကျဉ်းနည်းဖြင့်ဆုံးဖြတ်ရန်အတွက် နိုင်ငံတော်သမ္မတက နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

(၃) တရားရုံးများက ပုဒ်မခွဲ(၁)၊ အပိုဒ်(ခ)အရ ကော်လိတ္တော်အရာရှိထံ ဝရမ်းထုတ်ဆင့်ရာတွင် တရားမကျင့်ထုံးဥပဒေ၏အဓိပ္ပာယ်အရ အဆိုပါဝရမ်းမျိုးကို ဒီကရီဟု မှတ်ယူရမည့်အပြင် ကော်လိတ္တော်အရာရှိကိုလည်း ဒီကရီရသူဟု မှတ်ယူရမည်။ ထို့ပြင် တူညီသောငွေပမာဏအတွက် ဒီကရီတစ်ခုံတစ်ရာကို အတည်ပြုနိုင်သည့် အနီးဆုံးတရားမရုံးတော်ကို ဆိုခဲ့သည့်ကျင့်ထုံးဥပဒေပါကိစ္စများအလို့ငှာ ၄င်းဒီကရီကိုချမှတ်သည့်တရားရုံးဟု မှတ်ယူရမည်။ ထို့ပြင် ယင်းကျင့်ထုံးဥပဒေပါဒီကရီများ အတည်ပြုခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များမှာလည်း အကြောင်းအားလျော်စွာ သက်ဆိုင်စေရမည်။

သို့ရာတွင် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးခြင်း၊ သို့မဟုတ် အကျဉ်းချထားခြင်းအားဖြင့် မည်သည့်ဝရမ်းကိုမျှ အတည်မပြုရ။

(၄) ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပုဒ်မ ၃၈၈ ပါပြဋ္ဌာန်းချက်များကို မထိခိုက်စေရ။

အဆိုပါဝရမ်းမျိုးမှာ မည်သို့အကျိုး သက်ရောက်ခြင်း။

၃၈၇။ ပုဒ်မ ၃၈၆ ပုဒ်မခွဲ(၁) အပိုဒ်(က)အရ တရားရုံးတစ်ရုံးက ထုတ်ဆင့်သည့် ဝရမ်းကို ဆိုခဲ့သည့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း အတည်ပြုနိုင်သည်။ ထို့ပြင် ထိုစီရင်ပိုင်ခွင့်အာဏာနယ်မြေ ပြင်ပတွင် အဆိုပါပစ္စည်းကိုတွေ့ရှိလျှင်လည်း တွေ့ရှိရာအရပ်တွင် စီရင်ပိုင်ခွင့်ရှိသော ခရိုင်ရာဇဝတ်တရားသူကြီးက ထပ်ဆင့်ရေးသား၍ လက်မှတ်ရေးထိုးပါက ဆိုခဲ့သည့်ပစ္စည်းကို ဝရမ်းကပ်ရောင်းချပိုင်ခွင့်ရှိစေရမည်။

၃၈၈။ (၁) ပြစ်မှုကျူးလွန်သူတစ်ဦးအပေါ် ငွေဒဏ်သက်သက်သာ ချမှတ်သည့်အခါ၊ (သို့မဟုတ် ရုံးတက်ရုံးဆင်း ထောင်ဒဏ်တစ်ရက်အပြင် ငွေဒဏ်ပါ ချမှတ်သည့်အခါ)၊ ထို့ပြင် ဒဏ်ငွေမပေးဆောင်နိုင် ပျက်ကွက်၍ ထောင်ဒဏ်ချမှတ်သည့်အခါ၊ ထို့ပြင် ထိုဒဏ်ငွေကို ချက်ချင်း မပေးဆောင် ပျက်ကွက်သည့်အခါတွင် တရားရုံးက–

ထောင်ဒဏ် ပြစ်ဒဏ်ကို အတည် ပြုလုပ်ရန် ဆိုင်းငံ့ထားခြင်း။

(က) ငွေဒဏ်အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်ထက် မကျော်လွန်သောနေ့တစ်နေ့၊ သို့မဟုတ် ထိုနေ့မတိုင်မီ တစ်လုံးတစ်ခဲတည်းဖြစ်စေ၊ နှစ်ရစ်၊ သို့မဟုတ် သုံးရစ်ခွဲ၍ဖြစ်စေ ပေးဆောင်ရမည်ဟု အမိန့်ချမှတ်ရမည်။ အရစ်ကျပေးဆောင်လျှင်လည်း ပထမအရစ်ကို အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်မကျော်လွန်မီနေ့တစ်နေ့ သို့မဟုတ် ထိုနေ့မတိုင်မီ ပေးဆောင်စေရန်နှင့် အခြားအရစ်၊ သို့မဟုတ် အရစ်များကို တစ်ရစ်နှင့်တစ်ရစ် ရက်ပေါင်းသုံးဆယ်ထက်မပိုသော ကြားကာလ၊ သို့မဟုတ် ကြားကာလများတွင် သက်ဆိုင်ရာရာအရ ပေးဆောင်ရမည်ဟု အမိန့်ချမှတ်နိုင်သည်။

(ခ) ငွေဒဏ်၊ သို့မဟုတ် ယင်းငွေဒဏ်၏ အရစ်ကျငွေများကို ပေးဆောင်ရန် နေ့ရက်၊ သို့မဟုတ် နေ့ရက်များတွင်၊ သို့မဟုတ် နေ့များမတိုင်မီ တရားရုံးသို့ ရောက်ရှိရန်အတွက် အာမခံသူနှင့်ဖြစ်စေ၊ အာမခံသူ မပါဘဲဖြစ်စေ တရားရုံးက သင့်သည်ထင်မြင်သည့် စည်းကမ်းချက်အတိုင်း ပြစ်မှုကျူးလွန်ထားသူက ခံဝန်ချုပ် ချုပ်ဆိုလျှင် ထောင်ဒဏ်စီရင်ချက် အတည်ပြုခြင်းကို ဆိုင်းငံ့၍ ပြစ်မှုကျူးလွန်သူအား လွှတ်ထားနိုင်သည်။ ငွေဒဏ်တစ်ရပ်ကိုဖြစ်စေ၊ ၎င်းငွေဒဏ်၏ အရစ်ကျတစ်ရစ်ရစ်ကိုဖြစ်စေ အမိန့်အရ ပေးဆောင်ရမည့် နောက်ဆုံးနေ့ရက်၌သော်လည်းကောင်း၊ ၎င်းနေ့ရက်မတိုင်မီသော်လည်းကောင်း မရလျှင် ထောင်ဒဏ်ပြစ်ဒဏ်ကို ချက်ချင်းအတည်ပြုစေရန် တရားရုံးက ညွှန်ကြားနိုင်သည်။

(၂) ငွေဒဏ်ပေးဆောင်ရန် အချိန်ချမှတ်၍ ၎င်းငွေဒဏ်ကို တောင်းခံမရလျှင် ထောင်ဒဏ်စီရင်နိုင်သည့်ကိစ္စနှင့် ငွေဒဏ်ချက်ချင်းမပေးဆောင်နိုင်သည့်ကိစ္စတွင်မဆို ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။ ထို့ပြင် ထိုသို့ အမိန့်ချမှတ်ခြင်းခံရသူသည် ၎င်းပုဒ်မခွဲတွင် ရည်ညွှန်းထားသည့်အတိုင်း ခံဝန်ချုပ်ကို ချုပ်ဆိုရန် ဆင့်ဆိုခြင်းခံရသည်တွင် ထိုသို့ချုပ်ဆိုရန်ပျက်ကွက်ပါက တရားရုံးသည် ထောင်ဒဏ်ပြစ်ဒဏ်ကို ချက်ချင်းချမှတ်နိုင်သည်။

၃၈၉။ ပြစ်ဒဏ်တစ်ရပ်ရပ်ကို အတည်ပြုရန်အတွက် ထိုက်သင့်သည် ဝရမ်းအရပ်ရပ်ကို ပြစ်ဒဏ်ချမှတ်သည့်တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ၎င်းရာထူးကို ဆက်ခံသူအရာရှိက ထုတ်နိုင်သည်။

ဝရမ်းကို မည်သူက ထုတ်နိုင်ခွင့်ရှိခြင်း။

၃၉၀။ တရားခံအား ကြိမ်ဒဏ်သာစီရင်လျှင် ပုဒ်မ ၃၉၁ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ တရားရုံးက ညွှန်ပြသည့်နေရာနှင့် အချိန်တွင် ၎င်းပြစ်ဒဏ်ကို အတည်ပြုရမည်။

ကြိမ်ဒဏ် သက်သက် စီရင်ခြင်းကို အတည်ပြုခြင်း။

၃၉၁။ (၁) တရားခံကို

ထောင်ဒဏ်အပြင် ကြိမ်ဒဏ်ပါ ချမှတ်သည့် ပြစ်ဒဏ်ကို အတည်ပြုခြင်း။

(က) ကြိမ်ဒဏ်သာစီရင်ပြီး တရားရုံးကညွှန်ကြားသည့်အချိန်နှင့် နေရာသို့ ရောက်ရှိရန်အတွက် တရားရုံးက ကျေနပ်လောက်အောင် ခံဝန်ချုပ်ဆိုသည့်အခါ၊ သို့မဟုတ်

(ခ) ထောင်ဒဏ်အပြင် ကြိမ်ဒဏ်လည်းစီရင်သည့်အခါ

၄င်းတရားခံအား စီရင်ချက်ချမှတ်သည့်နေ့မှ တစ်ဆယ့်ငါးရက်မစေ့ရောက်မီ ကြိမ်ဒဏ်မရိုက်ရ၊ သို့မဟုတ် ထိုကာလအတွင်း အယူခံဝင်လျှင်လည်း အယူခံတရားရုံးက ၄င်းပြစ်ဒဏ်ကို အတည်မပြုမချင်း ကြိမ်ဒဏ်အတည်မပြုလုပ်ရ။ သို့သော်လည်း ၄င်းတစ်ဆယ့်ငါးရက် ကုန်ဆုံးပြီးနောက်၊ သို့မဟုတ် အယူခံဝင်၍ အယူခံတရားရုံး၏ ပြစ်ဒဏ်အတည်ပြုသည့်အမိန့် ရရှိသည့်အခါ လျင်မြန်နိုင်သမျှလျင်မြန်စွာ ကြိမ်ဒဏ်ကို အတည်ပြုလုပ်ရမည်။

(၂) တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးက ၄င်း၏ရှေ့မှောက်၌ ကြိမ်ဒဏ်ကို အတည်ပြုလုပ်ရမည်ဟု အမိန့်ချမှတ်မထားပါက ထောင်တာဝန်ခံအရာရှိရှေ့တွင် အတည်ပြုရမည်။

(၃) × × × ×

၃၉၂။ (၁) အသက်တစ်ဆယ့်ခြောက်နှစ်ရှိသူနှင့် ၄င်းထက် ကျော်လွန်သူတစ်ဦး၏ အမှုတွင် နိုင်ငံတော်သမ္မတက ညွှန်ကြားသည့် နေရာ၌ ညွှန်ကြားသည့် နည်းအတိုင်း အချင်းလက်မဝက်အောက်မနည်း ပေါ့သည့် ကြိမ်လုံးနှင့်ရိုက်ရမည်။ ထို့ပြင် အသက်တစ်ဆယ့်ခြောက်နှစ်အောက်ရှိသူကို နိုင်ငံတော်သမ္မတက ညွှန်ကြားသည့် နေရာ၌ ညွှန်ကြားသည့် နည်းအတိုင်း ထိုသူ၏ ကိုယ်အစိတ်အပိုင်းပေါ်တွင် အဆိုပါ ညွှန်ကြားထားသည့် ကိရိယာမျိုးနှင့် ရိုက်ရမည်။

ကြိမ်ဒဏ်ကို အတည်ပြုလုပ်ရန် နည်းလမ်း။

(၂) မည်သည့်အခါမျှ ၄င်းပြစ်ဒဏ်မှာ အချက်ရေ သုံးဆယ်ထက် မပိုစေရ။ ထို့ပြင်အသက် တစ်ဆယ့်ခြောက်နှစ်အောက် ရှိသူဖြစ်သည့်ကိစ္စတွင် တစ်ဆယ့်ငါးချက်ထက် မပိုစေရ။

ရိုက်သည့် အချက်အရေအတွက်ကို သတ်မှတ်ခြင်း။

၃၉၃။ မည်သည့် ကြိမ်ဒဏ်ကိုမျှ အလီလီ အတည်မပြုလုပ်ရ။ ထို့ပြင် အောက်တွင်ပါရှိသူတို့အနက် မည်သူမျှ ကြိမ်ဒဏ်ရိုက်ခံရန် ပြစ်ဒဏ်မထိုက်သင့်စေရ–

ကြိမ်ဒဏ်ကို အလီလီ အတည်မပြုလုပ်ရခြင်း။

ကင်းလွတ်ခွင့်ရသူများ။

(က) မိန်းမများ၊

(ခ) သေဒဏ်၊ သို့မဟုတ် တစ်ကျွန်းပို့ဒဏ်၊ သို့မဟုတ် ထောင်ဒဏ် ငါးနှစ်ထက်ပိုသည့် ထောင်ဒဏ်ကျခံရသည့် ယောကျ်ားများ၊ သို့ရာတွင် ထောင်ဒဏ်ငါးနှစ်ထက်ပိုပြီး ခုနစ်နှစ်ထက် မပိုသောပြစ်ဒဏ်ချမှတ်ခံရသူ ယောကျ်ားတစ်ဦးအား ကြိမ်ဒဏ်အက်ဥပဒေအရ ကြိမ်ဒဏ်ချမှတ်နိုင်စေရမည်၊

(ဂ) အသက် လေးဆယ့်ငါးနှစ်ထက် ကျော်လွန်ကြောင်း တရားရုံးက ထင်မြင်သည့် ယောကျ်ားများ။

ပြစ်မှုကျူးလွန်သူသည်မကျန်းမမာလျှင် ၎င်းအား ကြိမ်ဒဏ်မရိုက်ရခြင်း။

၃၉၄။ (၁) ဆေးဘက်အရာရှိ လာရောက်သည့်အခါ ပြစ်မှုကျူးလွန်သူသည် ကျန်းမာကြောင်းဖြင့် ၎င်းဆေးဘက်အရာရှိက သက်သေမခံလျှင်လည်းကောင်း၊ ဆေးဘက်အရာရှိ မလာရောက်သည့်အခါ လာရောက်သည့် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် အခြားအရာရှိက ပြစ်မှုကျူးလွန်သူသည် ကျန်းမာသည့် အခြေအနေမရှိကြောင်း ထင်မြင်လျှင်လည်းကောင်း ကြိမ်ဒဏ်မစီရင်ရ။

(၂) ကြိမ်ဒဏ်စီရင်ချက်ကို အတည်ပြုလုပ်ဆဲအတွင်း ပြစ်မှုကျူးလွန်သူသည် ကျန်ပြစ်ဒဏ်စီရင်ကိုခံရန် မကျန်းမမာကြောင်းဖြင့် ဆေးဘက်အရာရှိက သက်သေခံလျှင်၊ သို့မဟုတ် လာရောက်လျက်ရှိသည့် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် အရာရှိက ထင်မြင်လျှင် ကြိမ်ရိုက်ဒဏ်ကို အပြီးသတ်ရပ်စဲစေရမည်။

ပုဒ်မ ၃၉၄ အရ ပြစ်ဒဏ်အတည်မပြုလုပ်နိုင်သည့်အခါ လိုက်နာရန် ကျင့်ထုံး။

၃၉၅။ (၁) မည်သည့်ပြစ်မှုတွင်မဆို ကြိမ်ဒဏ်လုံးလုံးလျားလျား၊ သို့မဟုတ် အချို့အဝက်ကို ပုဒ်မ ၃၉၄ အရ အတည်မပြုလုပ်ရလျှင် ထိုပြစ်ဒဏ်ချမှတ်ပေးသည့် တရားရုံးက ပြင်ဆင်ခြင်းမပြုလုပ်နိုင်မီ ပြစ်မှုကျူးလွန်သူကို အချုပ်တွင် ချုပ်ထားရမည်။ ၎င်းတရားရုံးကလည်း မိမိသဘောအတိုင်း အဆိုပါပြစ်ဒဏ်ကို လွတ်ငြိမ်းခွင့်ပေးနိုင်သည်၊ သို့မဟုတ် ကြိမ်ဒဏ်လုံးလုံးလျားလျားဖြစ်စေ၊ အတည်မပြုရသေးသည့်ကျန်ကြိမ်ဒဏ်အစားဖြစ်စေ တစ်ဆယ့်နှစ်လထက်မပိုသည့် ထောင်ဒဏ်၊ သို့မဟုတ် ကျပ်ငွေ ငါးရာထက်မပိုသည့် ငွေဒဏ်စီရင်ခွင့်ရသည်။ ၎င်းပြစ်ဒဏ်မှာလည်း ၎င်းပြစ်မှုအတွက် စီရင်သည့် အခြားတစ်စုံတစ်ရာပြစ်ဒဏ်ပင် ဖြစ်စေရမည်။

(၂) ဤပုဒ်မပါ မည်သည့်အချက်အရမျှ ဥပဒေအရ တရားခံအပေါ် ထိုက်သင့်သော ထောင်ဒဏ် ကာလအပိုင်းအခြား၊ သို့မဟုတ် ငွေဒဏ်အရေအတွက်ထက် ပို၍ဖြစ်စေ၊ တရားရုံးက စီရင်နိုင်သည့် ထောင်ဒဏ်ကာလအပိုင်းအခြား၊ သို့မဟုတ် ငွေဒဏ်အရေအတွက်ထက်ပို၍ဖြစ်စေ စီရင်နိုင်ရန် တရားရုံး တစ်စုံတစ်ရာကို အခွင့်အာဏာအပ်နှင်းကြောင်း မမှတ်ယူရ။

ထွက်ပြေးတိမ်းရှောင်သည့် အကျဉ်းသားများအပေါ် စီရင်သည့် ပြစ်ဒဏ်များကို အတည်ပြုခြင်း၊

၃၉၆။ ထွက်ပြေးတိမ်းရှောင်နေသည့် အကျဉ်းသားတစ်ဦးအပေါ် ဤဥပဒေအရ ပြစ်ဒဏ်ချမှတ်သည့်အခါ အဆိုပါ ပြစ်ဒဏ်သည် သေဒဏ်၊ ငွေဒဏ်၊ သို့မဟုတ် ကြိမ်ဒဏ်ဖြစ်လျှင် အထက်က ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ၎င်းပြစ်ဒဏ်များမှာ ချက်ချင်းအတည်ဖြစ်စေရမည်။ ထို့ပြင် ၎င်းပြစ်ဒဏ်မှာ ထောင်ဒဏ်၊ သို့မဟုတ် တစ်ကျွန်းပို့ဒဏ်ဖြစ်လျှင် အမှုကိုလိုက်၍ ၎င်းအကျဉ်းသားထွက်ပြေးသည့်အချိန်က ၎င်း၏ ယခင်ပြစ်ဒဏ်စီရင်ချက်မှ ကျခံရန်ကျန်ရှိနေသေးသည့် ကာလအပိုင်းအခြားနှင့်ညီမျှသည့်ကာလတစ်ရပ်အတွက် ထောင်ဒဏ်ဖြစ်စေ၊ တစ်ကျွန်းပို့ဒဏ်ဖြစ်စေ ဆက်လက်ကျခံပြီးသည့် နောက်တွင်မှ ယင်းပြစ်ဒဏ်မှာ အတည်ဖြစ်စေရမည်။

အခြားပြစ်မှုနှင့် ပြစ်ဒဏ်စီရင်ခြင်း ခံရသူအပေါ် ချမှတ်ပေးသည့် ပြစ်ဒဏ်။

၃၉၇။ ထောင်ဒဏ်၊ သို့မဟုတ် တစ်ကျွန်းပို့ဒဏ်ကို ကျခံနေဆဲ ဖြစ်သူ တစ်ဦးအပေါ် ထောင်ဒဏ်ဖြစ်စေ၊ တစ်ကျွန်းပို့ဒဏ်ဖြစ်စေ အကယ်၍ ထိုတရားရုံးက နောက်ထပ်ချမှတ်သည့် ပြစ်ဒဏ်ကို ဆိုခဲ့သည့် ယခင်ပြစ်ဒဏ်နှင့် တစ်ပြိုင်တည်းကျခံစေရမည်ဟု ဆင့်ဆိုထားခြင်းမရှိလျှင် အဆိုပါ နောက်ထပ်စီရင်သည့် ထောင်ဒဏ်၊ သို့မဟုတ် တစ်ကျွန်းပို့ဒဏ်သည် ထိုသူ ယခင်စီရင်ခြင်းခံထားရပြီးဖြစ်သော ထောင်ဒဏ်၊ သို့မဟုတ် တစ်ကျွန်းပို့ဒဏ်ကို ဆုံးခန်းတိုင်အောင် ကျခံပြီးနောက်မှ အစပြုရမည်။

**ရှင်းလင်းချက်** – လူတစ်ဦးတစ်ယောက်အား ပုဒ်မ ၁၂၃အရ အကျဉ်းချထားသည့် အမိန့်တစ်ရပ်မှာ ထောင်ဒဏ်စီရင်ချက် မဟုတ်ချေ။

လ-ခ၆၁၃၊ ဒုတိယသုံ့ရုံးကြီး ဝင်းဒေါင်
ဒုတိယညွှန်ကြားရေးမှူး (တာဝန်/စီမံ)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

၃၉၈။ (၁) ပုဒ်မ ၃၉၆၊ သို့မဟုတ် ၃၉၇ ပါ မည်သည့်အချက်အရမျှ တစ်ဦးတစ်ယောက်သောသူကို ယခင်၊ သို့မဟုတ် နောက်ပိုင်းတွင် ပြစ်မှုထင်ရှား စီရင်ခံရခြင်းကြောင့် ထိုသူကျခံရမည့် ပြစ်ဒဏ်၏ အစိတ်အပိုင်း တစ်စုံတစ်ရာမျှ လွတ်ငြိမ်းစေသည်ဟု မမှတ်ယူရ။ ပုဒ်မ ၃၉၆နှင့် ပုဒ်မ ၃၉၇ တို့နှင့် စပ်လျဉ်းသည့်ခြွင်းချက်။

(၂) ဒဏ်ငွေမပေးဆောင် ပျက်ကွက်သောကြောင့် ချမှတ်သည့် ထောင်ဒဏ်ကို မူရင်းထောင်ဒဏ်၊ သို့မဟုတ်တစ်ကျွန်းပို့ဒဏ်နှင့်တွဲ၍ချမှတ်သည့်အခါထို့ပြင်ပြစ်ဒဏ်ကျခံရသူမှာ ၎င်းပြစ်ဒဏ်ကို အတည်ပြုခံရပြီးနောက် နောက်ထပ်စီရင်ရင်း ထောင်ဒဏ်၊ သို့မဟုတ် ထောင်ဒဏ်များ၊ သို့မဟုတ် တစ်ကျွန်းပို့ဒဏ်ကို ကျခံရဦးမည်ဖြစ်လျှင် ထိုသူအနေဖြင့် နောက်ထပ်ပြစ်ဒဏ်၊ သို့မဟုတ် ပြစ်ဒဏ်များကို ကျခံမပြီးမချင်း ဒဏ်ငွေမဆောင် ပျက်ကွက်သောကြောင့် ချမှတ်သည့် ထောင်ဒဏ်ကို အတည်ပြုလုပ်ခွင့် မရှိစေရ။

၃၉၉။ × × × ×

၄၀၀။ ပြစ်ဒဏ်တစ်ခုကို ပြည့်စုံစွာ အတည်ပြုလုပ်ပြီးသည့်အခါ အတည်ပြုလုပ်သည့် အရာရှိသည် ၎င်းပြစ်ဒဏ်ကို မည်သည့်နည်းလမ်းဖြင့် အတည်ပြုလုပ်ခဲ့ကြောင်း ဝရမ်းတွင် သက်သေခံလက်မှတ် ရေးထိုးထားသည့် မှတ်ချက်ဖြင့် ဝရမ်းထုတ်ဆင့်ခဲ့သည့် တရားရုံးသို့ ၎င်းဝရမ်းကို ပြန်သွင်းရမည်။ ပြစ်ဒဏ်အတည်ပြုလုပ်ပြီးသည့်အခါ ဝရမ်းကို ပြန်သွင်းခြင်း။

## အခန်း ၂၉

## ပြစ်ဒဏ်များကို ဆိုင်းငံ့ထားခြင်း၊ လွတ်ငြိမ်းသက်သာခွင့်ပေးခြင်းနှင့် လျှော့ပေါ့ ပြောင်းလဲခြင်း။

၄၀၁။ (၁) ပြစ်မှုတစ်ရပ်တစ်ရာအတွက် တစ်ဦးတစ်ယောက်အား ပြစ်ဒဏ် ချမှတ်ပြီးသည့်အခါ နိုင်ငံတော်သမ္မတသည် မည်သည့်အခါမဆို စည်းကမ်းချက်မထားဘဲဖြစ်စေ၊ ပြစ်ဒဏ်စီရင်ခြင်းခံရသူ သဘောတူသည့် စည်းကမ်းချက် တစ်ခုခုထား၍ဖြစ်စေ ၎င်းအပေါ်ချမှတ်သည့် ပြစ်ဒဏ်အတည်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားနိုင်သည်၊ သို့မဟုတ် ၎င်းကိုစီရင်သည့် ပြစ်ဒဏ်အားလုံး၊ သို့မဟုတ် အစိတ်အပိုင်းတစ်စုံတစ်ရာကို လွတ်ငြိမ်းသက်သာခွင့် ပေးနိုင်သည်။ ပြစ်ဒဏ် ဆိုင်းငံ့ထားရန်၊ သို့မဟုတ် လွတ်ငြိမ်းသက်သာခွင့်ပေးရန် အာဏာ။

(၂) မည်သည့်အခါမဆို ပြစ်ဒဏ်တစ်ခုကိုဆိုင်းငံ့ထားရန်၊ သို့မဟုတ် လွတ်ငြိမ်းသက်သာခွင့်ပေးရန်အတွက် နိုင်ငံတော်သမ္မတထံ လျှောက်ထားသည့်အခါ ယင်းလျှောက်ထား ချက်ကို ခွင့်ပြုသင့်သည်၊ သို့မဟုတ် ငြင်းပယ်သင့်သည်ကို မည်သို့ ထင်မြင်သဘောရကြောင်း၊ မည်သည့်အတွက် ထိုသို့သဘောရကြောင်းကို အကြောင်းပြချက်များ ဖော်ပြရန်အပြင် အဆိုပါ ထင်မြင်ချက်စာတမ်းနှင့်အတူ အမှုတွဲမှတ်တမ်း၏တာဝန်ခံမိတ္တူ၊ သို့မဟုတ် အဆိုပါ အမှုတွဲကို ပေးပို့စေရန် ၎င်းပြစ်မှုထင်ရှားစီရင်သည့်၊ သို့မဟုတ် အတည်ပြုသည့်တရားရုံး၏ ရုံးထိုင်တရားသူကြီးအား နိုင်ငံတော်သမ္မတက ညွှန်ကြားနိုင်သည်။

(၃) ပြစ်ဒဏ်တစ်ရပ်ကို ဆိုင်းငံ့ထားရန်၊ သို့မဟုတ် လွတ်ငြိမ်းသက်သာခွင့်ပေးရန် ထားရှိသည့် စည်းကမ်းချက် တစ်စုံတစ်ရာနှင့် ပြည့်စုံခြင်းမရှိဟု နိုင်ငံတော်သမ္မတက သဘောရရှိလျှင် နိုင်ငံတော်သမ္မတသည် ဆိုင်းငံ့ထားသည့်အမိန့်၊ သို့မဟုတ် လွတ်ငြိမ်းသက်သာ ခွင့် ပေးသည့်အမိန့်ကို ဖျက်သိမ်းနိုင်သည်။ ယင်းကဲ့သို့ ဖျက်သိမ်းလိုက်သည့်အခါ ပြစ်ဒဏ်ကို ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် လွတ်ငြိမ်းသက်သာခွင့်ပေးခြင်းခံရသူသည် လွတ်နေပါက မည်သည့် ရဲအရာရှိကမဆို ဝရမ်းမပါဘဲ ဖမ်းဆီးပြီး၊ ပြစ်ဒဏ်မှမစေ့မကုန်သေးသည့် ကျန်ရှိသေးသော ပြစ်ဒဏ်အပိုင်းကို ကျခံစေရန်အတွက် အကျဉ်းချထားခွင့်ရှိသည်။

(၄) ဤပုဒ်မအရ ပြစ်ဒဏ်တစ်ရပ်ကို ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် လွတ်ငြိမ်းသက်သာခွင့်ပြုရာတွင် ထားရှိသည့် စည်းကမ်းချက်သည် ထိုသို့ ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းခံရသူက ပြည့်စုံစွာဆောင်ရွက်ရမည့် စည်းကမ်းချက် ဖြစ်နိုင်သည်၊ သို့မဟုတ် ၎င်း၏သဘောဆန္ဒနှင့် လွတ်ကင်းသည့် စည်းကမ်းချက် ဖြစ်နိုင်သည်။

(၄က) အထက်ပါ ပုဒ်မခွဲများတွင် ပါရှိသော ပြဋ္ဌာန်းချက်များမှာ တစ်ဦး တစ်ယောက်အား လွတ်လပ်မှုကို ကန့်သတ်စေသည့်၊ သို့မဟုတ် ၎င်းအပေါ်၊ သို့မဟုတ် ၎င်း၏ ပစ္စည်းအပေါ် တာဝန်တစ်စုံတစ်ရာ သက်ရောက်စေသည့် ဤကျင့်ထုံးဥပဒေ၊ သို့မဟုတ် အခြား ဥပဒေတစ်ရပ်ရပ်အရ ရာဇဝတ်တရားရုံး တစ်ရုံးရုံးက ချမှတ်သည့် အမိန့်တစ်စုံတစ်ရာနှင့်လည်း သက်ဆိုင်စေရမည်။

(၅) နိုင်ငံတော်သမ္မတက ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်၊ ပြစ်ဒဏ်ရွှေ့ဆိုင်းခွင့်၊ ဆိုင်းငံ့ခွင့်၊ လွတ်ငြိမ်းသက်သာခွင့်ပေးနိုင်သည့်အခွင့်ကို ဤပုဒ်မပါ မည်သည့်အချက်အရမျှ စွက်ဖက်သည်ဟု မမှတ်ယူရ။

(၅က) နိုင်ငံတော်သမ္မတက စည်းကမ်းချက်တစ်ရပ်ထား၍ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပြုရာတွင် သတ်မှတ်ထားသည့် မည်သည့် စည်းကမ်းချက်မျိုးမဆို ဤကျင့်ထုံးဥပဒေအရ အခွင့်အာဏာရ တရားရုံးတစ်ရုံး၏ ပြစ်ဒဏ်တစ်ရပ်အရ သတ်မှတ်ကြောင်း မှတ်ယူရမည့်အပြင် ယင်းသို့မှတ်ယူသည့်အတိုင်းလည်း အတည်ပြုလုပ်စေရမည်။

(၆) နိုင်ငံတော်သမ္မတသည် ယေဘုယျ နည်းဥပဒေများ၊ သို့မဟုတ် အထူးအမိန့် များအရ ပြစ်ဒဏ်ဆိုင်းငံ့ထားရန်နှင့် လျှောက်လွှာများ တင်သွင်းခြင်းဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်များ ပေးနိုင်သည်။

၄၀၂။ (၁) နိုင်ငံတော်သမ္မတသည် ပြစ်ဒဏ်စီရင်ခြင်းခံရသူ သဘောမတူဘဲ အောက်ပါ မည်သည့် ပြစ်ဒဏ်ကိုမဆို ၎င်းစီရင်ချက်နောက်၌ ဆက်လက်ဖော်ပြသည့် စီရင်ချက်တစ်စုံတစ်ရာနှင့် လျှော့ပေါ့ပြောင်းလဲနိုင်သည်- ပြစ်ဒဏ်ကို လျှော့ပေါ့ ပြောင်းလဲနိုင်ခွင့် အာဏာ။

သေဒဏ်၊ တစ်ကျွန်းပို့ဒဏ်၊ ပြစ်ဒဏ် စီရင်ရန်ရှိသည့် ကာလအပိုင်းအခြားထက် မပိုသည့်ကာလအတွက် အလုပ်ကြမ်းနှင့်ထောင်ဒဏ်၊ ၎င်းကာလအပိုင်းအခြားအတွက် အလုပ်မဲ့ ထောင်ဒဏ်၊ ငွေဒဏ်။

(၂) ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၄၊ သို့မဟုတ် ပုဒ်မ ၅၅ ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေရ။

## အခန်း ၃၀

## ယခင်အမှုမှ အပြီးအပြတ်လွှတ်ခြင်း၊ သို့မဟုတ် ပြစ်မှုထင်ရှား စီရင်ခံရခြင်း

၄၀၃။ (၁) စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတစ်ရုံးက ပြစ်မှုတစ်ရပ်အတွက် တစ်ကြိမ် စစ်ဆေး၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ၊ သို့မဟုတ် အဆိုပါအမှုမှ အပြီးအပြတ်လွှတ်ခြင်းခံရသူတစ်ဦးမှာ ဤကဲ့သို့ အဆိုပါ ပြစ်မှုထင်ရှားစီရင်သည့် စီရင်ချက်၊ သို့မဟုတ် အမှုမှ အပြီးအပြတ်လွှတ်လိုက်သည့် စီရင်ချက်သည် အတည်ဖြစ်လျက်ရှိနေချိန်တွင် ၎င်းပြစ်မှုနှင့် ထပ်တူပြစ်မှုဖြင့် ထပ်မံစစ်ဆေးစီရင်ခြင်း မခံထိုက်စေရ။ ထို့ပြင် ထိုသူအပေါ် ၎င်းအမှုအကြောင်းခြင်းရာများကို အကြောင်းပြု၍ ပုဒ်မ ၂၃၆ အရ အခြားကွဲလွဲသည့်စွဲချက်တစ်ရပ် တင်နိုင်သော အခြားပြစ်မှုအတွက်ဖြစ်စေ၊ ပုဒ်မ ၂၃၇ အရ ပြစ်မှုထင်ရှားစီရင်နိုင်သည့် ပြစ်မှုအတွက်ဖြစ်စေ ထပ်မံစစ်ဆေးစီရင်ခြင်းလည်း မခံထိုက်စေရ။

တစ်ကြိမ်ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးသူကိုဖြစ်စေ၊ ပြစ်မှုမှ အပြီးအပြတ်လွှတ်ခြင်းခံရပြီးသူကို ဖြစ်စေ ၎င်းပြစ်မှုနှင့်ပင် မစစ်ဆေးရခြင်း။

(၂) ပြစ်မှုတစ်စုံတစ်ရာအတွက် အမှုမှအပြီးအပြတ်လွှတ်ခြင်းခံရသူ၊ သို့မဟုတ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူကို ယခင်က စစ်ဆေးစီရင်ရာတွင် ပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(၁)အရ သီးခြားစွဲဆိုချက်တစ်ရပ် တင်နိုင်သည့် အခြား သီးခြားပြစ်မှုတစ်ရပ်အတွက် နောင်တွင် ထပ်မံ စစ်ဆေး စီရင်နိုင်သည်။

(၃) နောက်ဖြစ်ရပ်များ ဖြစ်ပေါ်စေသည့် ပြုလုပ်မှုတစ်စုံတစ်ရာကို ပြုလုပ်ရာ၌ ကျူးလွန်ခဲ့သည့် ပြစ်မှုတစ်ခုအတွက် တစ်စုံတစ်ယောက်ကို ပြစ်မှုထင်ရှားစီရင်ရာတွင် ၎င်းပြုလုပ်ရင်း အမှုနှင့်တကွ ၎င်းအမှုမှဖြစ်ပွားလာသည့် အကြောင်းအရာများမှာလည်း ၎င်းကို ပြစ်မှုထင်ရှားစီရင်သည့် ပြစ်မှုနှင့်မတူဘဲ အခြားကွဲလွဲသည့်ပြစ်မှုတစ်ရပ် ဖြစ်မြောက်လာသည့်အခါ ထိုသူကို ပြစ်မှုထင်ရှားစီရင်စဉ် ၎င်းဖြစ်ရပ်များ မဖြစ်ပွားသေးလျှင်၊ သို့မဟုတ် ဖြစ်ပွားသည့် အကြောင်းကို တရားရုံးက မသိသေးလျှင် ဆိုခဲ့သော နောက်ဆုံးဖော်ပြသည့်ပြစ်မှုအတွက် ၎င်းကို နောင်တွင် စစ်ဆေး စီရင်နိုင်သည်။

(၄) ပြုလုပ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ရပ်ရပ်အတွက် အမှုမှ အပြီးအပြတ်လွှတ်ခြင်း၊ သို့မဟုတ် ပြစ်မှုထင်ရှားခြင်းခံရသူတစ်ဦးကို ယင်းသို့ အမှုမှ အပြီးအပြတ်လွှတ်ခြင်း၊ သို့မဟုတ် ပြစ်မှုထင်ရှားစီရင်ခြင်း ပြုလုပ်ခဲ့စေကာမူ ၎င်းအမှုများပြုလုပ်ရာ၌ ဖြစ်မြောက်သည့် အခြားပြစ်မှုအတွက် ၎င်းအပေါ်၌ နောက်ထပ်စွဲချက်တင်၍ စစ်ဆေးစီရင်နိုင်ရန်မှာ အကယ်၍ ပထမစစ်ဆေးစီရင်ခဲ့သည့် တရားရုံးက နောက်စွဲချက်တင်သည့်ပြစ်မှုကို စစ်ဆေး စီရင်ပိုင်ခွင့်မရှိလျှင် ၎င်းကို နောက်ထပ်စွဲချက်တင်၍ စစ်ဆေး စီရင်နိုင်သည်။

(၅) ဤပုဒ်မပါ မည်သည့်အချက်ကမျှ မြန်မာနိုင်ငံ ယေဘုယျ စကားရပ်များ အက်ဥပဒေ၊ သို့မဟုတ် ဤကျင့်ထုံးဥပဒေပုဒ်မ ၁၈၈ကို မထိခိုက်စေရ။

**အဓိပ္ပာယ်ရှင်းလင်းချက်**–တိုင်တန်းချက်ကို ပလပ်ခြင်း၊ ပုဒ်မ ၂၄၉ အရ စစ်ဆေးစီရင်သည့်အမှုကို ပိတ်သိမ်းခြင်း၊ တရားခံကို စွဲချက်မတင်မီ လွှတ်ထားခြင်း၊ သို့မဟုတ် စွဲချက်ပေါ်တွင် ပုဒ်မ ၂၇၃အရ ရေးသွင်းချက် တစ်စုံတစ်ရာသည် ဤပုဒ်မပါကိစ္စများအလို့ငှာ အမှုမှ အပြီးအပြတ်လွှတ်[illegible]း မဟုတ်ပေ။

## ဥပမာများ

(က) **A** ကို အစေခံအဖြစ်ဖြင့် ခိုးမှုကျူးလွန်ကြောင်းဖြင့် စွဲချက်တင်၍ စစ်ဆေးပြီး အမှုမှ အပြီးအပြတ်လွှတ်သည့်အချက် တည်မြဲနေချိန်၌ အစေခံအဖြစ် ခိုးမှုကျူးလွန်ကြောင်း၊ သို့မဟုတ် တူညီသည့်အမှု အကြောင်းခြင်းရာများအပေါ် အခြေခံပြီး ခိုးမှုကျူးလွန်ကြောင်း၊ သို့မဟုတ် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံ ရေးဖောက်ဖျက်မှုကျူးလွန်ကြောင်းဖြင့် **A** အပေါ် နောက်ထပ်စွဲချက်မတင်နိုင်။

(ခ) **A** ကို လုယက်မှုဖြင့် စွဲချက်တင် စစ်ဆေးပြီး အမှုမှ အပြီးအပြတ်လွှတ်ရာတွင် လူသတ်မှု ကျူးလွန်ကြောင်းဖြင့် စွဲချက်မရှိသော်လည်း လုယက်မှုကျူးလွန်စဉ်က **A** သည် လုယက်မှုကျူးလွန်ခဲ့သည်ဟု အမှုအကြောင်းခြင်းရာများအရ ပေါ်ပေါက်နေလျှင် ၎င်းကိုလုယက်မှုဖြင့် နောက်ထပ်စွဲချက်တင်၍ စစ်ဆေးနိုင်သည်။

(ဂ) အပြင်းအထန်နာကျင်စေမှုဖြင့် ဗ ကို စစ်ဆေးပြီး ပြစ်မှုထင်ရှား စီရင်ခဲ့သည်။ ထို့နောက် နာကျင်သူ သေဆုံးလျှင် **A** ကို လူသတ်မှု မမြောက်သည့် ပြစ်ဒဏ် ထိုက်သော လူသေမှုဖြင့် ထပ်မံ၍ စစ်ဆေးစီရင်နိုင်သည်။

(ဃ) **B** အား အလိုအလျောက် နာကျင်စေမှုဖြင့် **A** ကို ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးက စွဲချက်တင်၍ ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ ထို့နောက် ၎င်းအမှုသည် ဤပုဒ်မ၏ စာပိုဒ်၃နှင့် သက်ဆိုင်သည့် အမှုမဟုတ်လျှင် တူညီသော အမှုအကြောင်းခြင်းရာ များအရ **B** အား အလိုအလျောက် အပြင်းအထန်နာကျင်စေမှုဖြင့် **A** ကို စစ်ဆေး စီရင်ခြင်း မပြုနိုင်။

(င) **B** အား အလိုအလျောက် နာကျင်စေမှုဖြင့် **A** ကို ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီးက စွဲချက်တင်၍ ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ ထို့နောက် ၎င်းအမှုသည် ဤပုဒ်မ၏ စာပိုဒ် ၃နှင့် သက်ဆိုင်သည့် အမှုမဟုတ်လျှင် တူညီသော အမှုအကြောင်းခြင်းရာ များအရ အြား အလိုအလျောက် အပြင်းအထန်နာကျင်စေမှုဖြင့် **A** ကို စစ်ဆေး စီရင်ခြင်း မပြုနိုင်။

(စ) **A** ကို **B** ၏ ကိုယ်ပေါ်မှ ပစ္စည်းခိုးယူမှုဖြင့် ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးက စွဲချက်တင်ပြီး ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ ထို့နောက် တူညီသော အမှုအကြောင်းခြင်းရာများအရ **A** ကို လုယက်မှုဖြင့် စွဲဆို၍ စစ်ဆေးစီရင်နိုင်သည်။

(ဆ) **A**၊ **B** နှင့် **C** တို့အပေါ် **D** ကို လုယက်မှုဖြင့် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးက စွဲချက်တင်ပြီး ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ ထို့နောက် တူညီသော အမှုအကြောင်းခြင်းရာများကို အခြေခံပြီး **A**၊ **B** နှင့် **C** တို့အား ဓားပြမှုဖြင့် စွဲဆို၍ စစ်ဆေးစီရင်နိုင်သည်။

# အပိုင်း ၇

# အယူခံမှု၊ ဒေဝကမှုနှင့် ပြင်ဆင်မှု

## အခန်း ၃၁

### အယူခံမှုများ

၄၀၄။ ဤကျင့်ထုံးဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင်ဖြစ်စေ ပြဋ္ဌာန်းပါရှိချက်မှတစ်ပါး ပြစ်မှုဆိုင်ရာ တရားရုံးက ချမှတ်သည့် စီရင်ချက်၊ သို့မဟုတ် အမိန့် တစ်စုံတစ်ရာကို အယူခံခွင့်မရှိစေရ။

အခြားနည်းပြဋ္ဌာန်းချက်မရှိလျှင်အယူခံမဝင်နိုင်ခြင်း။

၄၀၅။ မည်သူမဆို ပစ္စည်း၊ သို့မဟုတ် ပစ္စည်းရောင်းရငွေကို ပေးအပ်စေရန်အတွက် ပုဒ်မ ၈၉အရ လျှောက်ထားရာတွင် တရားရုံးတစ်ရုံးက ပယ်သည့်အခါ ယင်းတရားရုံး၏ စီရင်ချက်များကို အယူခံရုံးဖြစ်သော တရားရုံးတွင် အယူခံခွင့်ရှိသည်။

ဝရမ်းစွဲကပ်သည့် ပစ္စည်းများကိုပြန်ရရန် လျှောက်ထားရာ ပယ်ချသည့် အမိန့်ကို အယူခံခြင်း။

၄၀၆။ ပုဒ်မ ၁၁၈ အရ ငြိမ်ဝပ်စွာနေထိုင်ရေး၊ သို့မဟုတ် ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်ချုပ်ဆိုရန် အမိန့်ချမှတ်ခြင်းခံရသူ တစ်ဦးတစ်ယောက်သည် အဆိုပါ အမိန့်နှင့်စပ်လျဉ်း၍ စက်ရှင်တရားရုံးသို့ အယူခံဝင်နိုင်သည်။

သို့ရာတွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံပြန်တမ်း၌ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြသည့် ခရိုင်တစ်ခုခုမှ ထိုအမိန့်မျိုးကို ခရိုင်ရာဇဝတ်တရားသူကြီးမှတစ်ပါး အခြားရာဇဝတ်တရားသူကြီးတစ်ဦးက ချမှတ်သော အမိန့်ကို စက်ရှင်တရားရုံးသို့အယူမခံဘဲ ခရိုင်ရာဇဝတ်တရားသူကြီးထံသို့ အယူခံနိုင်ကြောင်း ညွှန်ကြားနိုင်သည်။

ထို့ပြင် ဤပုဒ်မပါ မည်သည့်အချက်ကမျှ ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ(၂)၊ သို့မဟုတ် ပုဒ်မခွဲ(၃က)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိအပေါ်တွင် ပြုလုပ်သည့် မှုခင်းကိစ္စများကို စက်ရှင်တရားရုံးရှေ့တွင် အမှုတင်ပို့ခံရသူတို့နှင့် မသက်ဆိုင်စေရ။

ငြိမ်ဝပ်စွာနေထိုင်ရေး၊ သို့မဟုတ် ကောင်းမွန်စွာကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်ချုပ် ချုပ်ဆိုရန် တောင်းဆိုသည့် အမိန့်ကို အယူခံဝင်ခြင်း။

၄၀၆။ (က) ကျင့်ထုံးပုဒ်မ ၄၈၈ အရ မယား၊ သို့မဟုတ် ကလေးစရိတ်ပေးရန်၊ သို့မဟုတ် မယား၊ သို့မဟုတ် ကလေးစရိတ်ပေးရန် လျှောက်လွှာတစ်စောင်ကို ပယ်သည့်အမိန့်၊ သို့မဟုတ် ပုဒ်မ ၄၈၉ အရ စရိတ်ပြောင်းလဲပြင်ဆင်ပေးရန် လျှောက်လွှာကို ခွင့်ပြုသည့်အမိန့်၊ သို့မဟုတ် ပယ်သည့်အမိန့်တစ်ရပ်တွင် နစ်နာသူတစ်ဦးတစ်ယောက်သည် အဆိုပါအမိန့်ကို စက်ရှင်တရားရုံးသို့ အယူခံဝင်နိုင်သည်။

ပုဒ်မ ၄၈၈၊ သို့မဟုတ် ၄၈၉ အရ ချမှတ်သည့် အမိန့်ကို အယူခံခြင်း။

၄၀၇။ (၁) ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးက စစ်ဆေးစီရင်ရာတွင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ တစ်ဦးတစ်ယောက်၊ သို့မဟုတ် ပုဒ်မ ၃၄၉အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူ တစ်ဦးတစ်ယောက်၊ သို့မဟုတ် ဒုတိယတန်းအာဏာရ နယ်ပိုင်ရာဇဝတ်တရားသူကြီးက ပုဒ်မ ၅၆၊ ပုဒ်မခွဲ(၅) အရ ချမှတ်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူတစ်ဦးတစ်ယောက်သည် ခရိုင်ရာဇဝတ်တရားသူကြီးထံ အယူခံဝင်နိုင်သည်။

ဒုတိယတန်း သို့မဟုတ် တတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး တစ်ဦးဦး၏ ပြစ်ဒဏ်ကို အယူခံခြင်း။

(၂) ဤပုဒ်မအရ တင်သွင်းသည့်အယူခံမှု၊ သို့မဟုတ် မည်သည့်အယူခံမှုမျိုးကို မဆို ခရိုင်ရာဇဝတ်တရားသူကြီးက ၎င်းအယူခံမှုများကို ကြားနာနိုင်ရန် နိုင်ငံတော်သမ္မတထံမှ အခွင့်အာဏာအပ်နှင်းခြင်းခံရသူ လက်အောက် မည်သည့် ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီးမဆို စစ်ဆေးရန် ညွှန်ကြားနိုင်သည်။ ယင်းကဲ့သို့ ညွှန်ကြားသည့်အခါ အဆိုပါ အယူခံမှု၊ သို့မဟုတ် အယူခံမှုမျိုးကို အဆိုပါ လက်အောက် ရာဇဝတ်တရားသူကြီးထံ တင်သွင်းနိုင်သည်၊ သို့မဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးထံ တင်သွင်းပြီးဖြစ်လျှင် အဆိုပါလက်အောက် ရာဇဝတ်တရားသူကြီးထံသို့ လွှဲပြောင်းပေးနိုင်သည်။ ဤကဲ့သို့ တင်သွင်းသော၊ သို့မဟုတ် လွှဲပြောင်းပေးသော အယူခံမှုတစ်စုံတစ်ရာ၊ သို့မဟုတ် အယူခံမှုများကို ခရိုင်ရာဇဝတ်တရားသူကြီး သည် ဆိုခဲ့သည့် ရာဇဝတ်တရားသူကြီးထံမှ ရုပ်သိမ်းနိုင်သည်။

အယူခံမှုများကို ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီးထံ လွှဲအပ်ခြင်း။

၄၀၈။ လက်ထောက် စက်ရှင်တရားသူကြီး၊ သို့မဟုတ် ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် အခြား ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးက စစ်ဆေးစီရင်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ တစ်ဦးဦး၊ သို့မဟုတ် ပုဒ်မ ၃၄၉အရ ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦးက ပြစ်ဒဏ်ချမှတ်ထားသူတစ်ဦးဦး၊ သို့မဟုတ် ပုဒ်မ ၅၆၂၊ ပုဒ်မခွဲ (၅) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် စက်ရှင်တရားရုံးသို့ အယူခံဝင်နိုင်သည်။

လက်ထောက် စက်ရှင် တရားသူကြီး၊ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး တို့၏စီရင်ချက် ကို အယူခံဝင် ခြင်း။

၄၀၉။ စက်ရှင်တရားရုံး၊ သို့မဟုတ် စက်ရှင်တရားသူကြီးထံ အယူခံဝင်သည့် အယူခံမှု တစ်မှုကို စက်ရှင်တရားသူကြီး၊ သို့မဟုတ် တွဲဖက်စက်ရှင် တရားသူကြီးတစ်ဦးက ကြားနာရမည်။

သို့ရာတွင် တွဲဖက်စက်ရှင်တရားသူကြီးသည် နိုင်ငံတော်သမ္မတက ယေဘုယျ၊ သို့မဟုတ် အထူးအမိန့်ဖြင့် ညွှန်ကြား၍ဖြစ်စေ၊ စက်ရှင်တိုင်းဆိုင်ရာ စက်ရှင်တရားသူကြီးက ဖြစ်စေ လွှဲအပ်သည့် အဆိုပါ အယူခံမှုများကိုသာ စစ်ဆေးကြားနာရမည်။

စက်ရှင် တရားရုံးသို့ အယူခံဝင် သည့် အမှုများ ကို မည်သို့ ကြားနာခြင်း။

၄၁၀။ စက်ရှင်တရားသူကြီး၊ သို့မဟုတ် တွဲဖက်စက်ရှင်တရားသူကြီးက စစ်ဆေးစီရင်သည့် အမှုတွင် ပြစ်မှုထင်ရှားခြင်းခံရသူ မည်သူမဆို တရားလွှတ်တော်သို့ အယူခံဝင်နိုင်သည်။

စက်ရှင် တရားရုံးက ချမှတ်သည့် ပြစ်ဒဏ်ကို အယူခံခြင်း။

၄၁၁။ × × × ×

အချို့အမှုများတွင်ပြစ်မှုကျူးလွန်မိကြောင်းတရားခံကလျှောက်ထားသည့်အခါ အယူခံဝင်ခွင့်မရှိခြင်း။

၄၁၂။ အထက်က မည်သို့ပင်ပါရှိစေကာမူ တရားခံက ပြစ်မှုကျူးလွန်၍ အပြစ်ရှိကြောင်း ဖြေကြားပြီး ၎င်းထုချေချက်အရ စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးက ထိုသူအား ပြစ်မှုထင်ရှားစီရင်သည့်အခါတွင် ပြစ်ဒဏ် အတိုင်းအတာ ပြင်းထန်ခြင်း၊ သို့မဟုတ် တရားဥပဒေနှင့် မညီခြင်းအချက်များမှတစ်ပါး အခြားအချက်များနှင့် စပ်လျဉ်း၍ အယူခံဝင်ခွင့် မရှိစေရ။

အမှုအသေးအဖွဲ့များတွင် အယူခံမဝင်ရခြင်း။

၄၁၃။ အထက်က မည်သို့ပင်ပါရှိသော်လည်း စက်ရှင်တရားရုံးက သုံးလထက်မပိုသည့် ထောင်ဒဏ်ကိုသာဖြစ်စေ၊ ကျပ်ငွေ နှစ်ရာထက်မပိုသည့် ငွေဒဏ်ကိုသာဖြစ်စေ၊ ကြိမ်ဒဏ်ကိုသာ ဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် အခြား ပထမတန်းအာဏာရ ရာဇဝတ်တရား သူကြီးက တစ်လထက်မပိုသည့် ထောင်ဒဏ်ကိုသာဖြစ်စေ၊ ကျပ်ငွေတစ်ရာထိ ငွေဒဏ်ကိုသာ ဖြစ်စေ စီရင်သည့်အချက်တွင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် အယူခံဝင်ခွင့်မရှိစေရ။

**ရှင်းလင်းချက်**– ငွေဒဏ်မဆောင် ပျက်ကွက်သောကြောင့် ဆိုခဲ့သည့် တရားရုံး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးက ချမှတ်သော ထောင်ဒဏ်စီရင်ချက်တစ်ရပ်အပေါ် အယူခံ ဝင်ခွင့်မရှိစေရ။

အကျဉ်းနည်းဖြင့် ပြစ်မှုထင်ရှားစီရင်သည့် စီရင်ချက်အချို့ကို အယူမခံရခြင်း။

၄၁၄။ အထက်က မည်သို့ပင်ပါရှိစေကာမူ ပုဒ်မ ၂၆၀ အရ ဆောင်ရွက်ရန် အခွင့်အာဏာ ရရှိသည့် ရာဇဝတ်တရားသူကြီးတစ်ဦးက အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်သောအမှု တစ်စုံ တစ်ရာတွင် တစ်လထက်မပိုသော ထောင်ဒဏ်၊ သို့မဟုတ် ကျပ်ငွေ နှစ်ရာထက်မပိုသော ငွေဒဏ်ကို ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူက အယူခံဝင်ခွင့်မရှိစေရ။

ပုဒ်မ ၄၁၃ နှင့် ပုဒ်မ ၄၁၄ တို့တွင် ခြွင်းချက်။

၄၁၅။ ပုဒ်မ ၄၁၃ တွင် ဖြစ်စေ၊ ပုဒ်မ ၄၁၄တွင် ဖြစ်စေ ဖော်ပြပါရှိသော ပြစ်ဒဏ်နှစ်ရပ်ကို သော်လည်းကောင်း၊ ထိုထက်ပိုသော ပြစ်ဒဏ်များကိုသော်လည်းကောင်း စုပေါင်း၍ စီရင်သည့် ၎င်းပုဒ်မတွင် ရည်ညွှန်းပါရှိသော မည်သည့် ပြစ်ဒဏ်ကိုမဆို အယူခံနိုင်သည်။ သို့သော်လည်း အခြားအချက်ကြောင့် ပြစ်ဒဏ်ကို အယူခံမဝင်နိုင်လျှင် ပြစ်ဒဏ်စီရင်ခြင်းခံရသူသည် ငြိမ်ဝပ်ပိပြားစွာနေထိုင်ရေးအတွက် အာမခံပေးရန် ဆင့်ဆိုခြင်းခံရရုံမျှနှင့် ၎င်းပြစ်ဒဏ်ကို အယူခံ ဝင်ခွင့်မရှိစေရ။

**ရှင်းလင်းချက်**– ငွေဒဏ်ပျက်ကွက်သည့်အတွက် ချမှတ်သည့် ထောင်ဒဏ်စီရင်ချက်မှာ ဤပုဒ်မအဓိပ္ပါယ်အရပြစ်ဒဏ်နှစ်ရပ်ကိုဖြစ်စေ၊ အများကိုဖြစ်စေ ပူးပေါင်း၍ စီရင်သည့် ပြစ်ဒဏ် စီရင်ချက်မဟုတ်။

အချို့အမှုများတွင် အထူး အယူခံနိုင်ခွင့်ရှိခြင်း။

၄၁၅က။ ဤအခန်းတွင် မည်သို့ပင်ပါရှိစေကာမူ တစ်ဦးထက်ပိုသောသူများကို စစ်ဆေး စီရင်မှု တစ်ခုတည်းတွင် ပြစ်မှုထင်ရှားစီရင်သောအခါ၊ ထို့ပြင် ဆိုခဲ့သည့်သူများအနက် တစ်ဦး တစ်ယောက်နှင့် ပတ်သက်၍ အယူခံဝင်နိုင်သော စီရင်ချက်၊ သို့မဟုတ် အမိန့်ကို ချမှတ်သောအခါ အဆိုပါ စစ်ဆေးစီရင်မှုတွင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအားလုံး၊ သို့မဟုတ် တစ်ဦး တစ်ယောက်သည် အယူခံခွင့်ရှိစေရမည်။

၄၁၆။ × × × ×

၄၁၇။ တရားလွှတ်တော်မှတစ်ပါး အခြားမည်သည့်တရားရုံးကမဆို အမှုမှ အပြီးအပြတ်လွှတ်ကြောင်းဖြင့် မူလမှု၊ သို့မဟုတ် အယူခံမှုတွင် ချမှတ်သည့်အမိန့်ကို တရားလွှတ်တော်သို့ အယူခံရမည့်အကြောင်း နိုင်ငံတော်သမ္မတက အစိုးရရှေ့နေသို့ ညွှန်ကြားနိုင်သည်။

အမှုမှ အပြီးအပြတ်လွှတ်သည့်အခါ အစိုးရကိုယ်စား အယူခံခြင်း

၄၁၈။ (၁) အမှုအကြောင်းခြင်းရာအချက်အလက်နှင့် ဥပဒေကြောင်းဆိုင်ရာ အချက်အလက်များအပေါ် အယူခံနိုင်သော်လည်း အမှုကို ဂျူရီလူကြီးများဖြင့် စစ်ဆေးစီရင်မှုတွင် ဥပဒေကြောင်း အချက်အလက်အပေါ်သာ အယူခံခွင့်ရှိသည်။

(၂) ပုဒ်မခွဲ(၁)၊ သို့မဟုတ် ပုဒ်မ ၄၂၃၊ ပုဒ်မခွဲ(၂)တွင် မည်သို့ပင် ပါရှိစေကာမူ ဂျူရီလူကြီးများဖြင့် စစ်ဆေးစီရင်သည့်အမှုတွင် တစ်ဦးတစ်ယောက်ကို သေဒဏ်စီရင်သည့်အခါ ထိုကဲ့သို့ စီရင်ခြင်းခံရသူနှင့်အတူ တစ်မှုတည်းတွင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် အခြားတစ်ဦးတစ်ယောက်မှာလည်း အမှုအကြောင်းခြင်းရာ အချက်အလက်နှင့် ဥပဒေအကြောင်း ဆိုင်ရာ အချက်အလက်များကိုပါ အကြောင်းပြု၍ အယူခံနိုင်သည်။

**ရှင်းလင်းချက်**- ပြစ်ဒဏ်ပြင်းထန်သည်ဟူသော အချက်ကို ဤပုဒ်မပါကိစ္စများအလို့ငှာ ဥပဒေကြောင်းဆိုင်ရာအချက် ဖြစ်သည်ဟု မှတ်ယူရမည်။

မည်သည့်အချက်ကို အကြောင်းပြု၍ အယူခံခွင့်ရှိခြင်း။

၄၁၉။ အယူခံမှုတိုင်းကို အယူခံတရားလို၊ သို့မဟုတ် ၎င်း၏ရှေ့နေက လျှောက်လွှာကဲ့သို့ အယူခံလွှာရေးသား၍ တင်သွင်းစေရမည်။ ထို့ပြင် အဆိုပါလျှောက်လွှာနှင့်အတူ (လက်ခံရရှိသည့် တရားရုံးက အခြားနည်းဆင့်ဆိုခြင်းမရှိလျှင်)စီရင်ချက်မိတ္တူတစ်စောင်၊ သို့မဟုတ် အယူခံသည့်အမိန့်၏ မိတ္တူတစ်စောင်ကိုပါ ပူးတွဲပါရှိစေရမည်။ ထို့ပြင် ဂျူရီလူကြီးဖြင့် စစ်ဆေးစီရင်သည့်အမှုတွင် ပုဒ်မ ၃၆၇ အရ ရေးမှတ်ထားသည့် အချက်အလက်များကိုလည်း ပူးတွဲပါရှိစေ ရမည်။

အယူခံလွှာ။

၄၂၀။ အယူခံတရားလိုသည် ထောင်ကွင် အကျဉ်းခံနေရလျှင် ၎င်း၏အယူခံလွှာနှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းမိတ္တူများကို ထောင်တာဝန်ခံအရာရှိထံ ပေးအပ်နိုင်သည်။ ၎င်းအရာရှိကလည်း အဆိုပါအယူခံလွှာနှင့် မိတ္တူများကို သက်ဆိုင်ရာ အယူခံတရားရုံးသို့ ပေးပို့ ရမည်။

ထောင်တွင် အကျဉ်းခံနေရသည့်အယူခံတရားလိုက လိုက်နာရန် ကျင့်ထုံး။

၄၂၁။ (၁) အယူခံတရားရုံးသည် ပုဒ်မ ၄၁၉၊ သို့မဟုတ် ၄၂၀ အရ အယူခံလွှာနှင့် စာရွက်စာတမ်းမိတ္တူများ လက်ခံရရှိသည့်အခါ ၎င်းတို့ကို ကြည့်ရှုစစ်ဆေးရမည်။ ထို့ပြင် စွက် ဖက်ရန်လုံလောက်သောအကြောင်းမရှိဟု ထင်မြင်လျှင် အယူခံကို အကျဉ်းနည်းပလပ်နိုင်သည်။

သို့ရာတွင် အယူခံတရားလို၊ သို့မဟုတ် ၎င်း၏ရှေ့နေကို ၎င်း၏အယူခံအတွက် အထောက်အကူဖြစ်စေရန် သင့်လျော်သော လျှောက်လဲခွင့်မပေးဘဲ ပုဒ်မ ၄၁၉ အရ တင်သွင်း သည့် အယူခံမှုကို မပလပ်ရ။

(၂) ဤပုဒ်မအရ အယူခံမှုကို မပလပ်မီ တရားရုံးသည် အမှုမှတ်တမ်းကို ဆောင်းခေါ်သည်။ သို့သော်လည်း ထိုသို့တောင်းခေါ်ရန် တာဝန်မရှိစေရ။

အယူခံကို အကျဉ်းနည်းပလပ်ခြင်း။

၄၂၂။ အယူခံတရားရုံးသည် အယူခံမှုကို အကျဉ်းနည်းဖြင့် မပလပ်လျှင် ၎င်းအယူခံမှုကို မည်သည့်အချိန်နှင့် နေရာတွင် ကြားနာမည်ဖြစ်ကြောင်း အယူခံတရားလို၊ သို့မဟုတ် ၎င်း၏ ရှေ့နေနှင့် နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ ခန့်ထားသည့် အရာရှိထံသို့ အကြောင်းကြား စေရမည်။ အဆိုပါအရာရှိ က လျှောက်ထားလာလျှင် ၎င်းအား အယူခံ အကြောင်းပြချက်ပါရှိသည့် အယူခံလွှာမိတ္တူတစ်စောင်ကို ပေးအပ်ရမည်။

အယူခံသည့်အကြောင်း အကြောင်းကြားခြင်း။

ထို့ပြင် ပုဒ်မ၄၁၇အရ အယူခံသောအမှုများ၌ ဆိုခဲ့သည့် အလားတူ အကြောင်းကြားစာကို တရားခံသို့ပေးစေရန် အယူခံတရားရုံးက ချအပ်ရမည်။

အယူခံ တရားရုံးက အယူခံမှု စီရင်ရာ၌ ရှိသည့် အာဏာများ။

၄၂၃။ (၁) ထို့နောက်တွင် တရားရုံးသို့ အမှုတွဲ မရောက်ရှိသေးလျှင် ထိုအမှုတွဲမှတ်တမ်းကို အယူခံတရားရုံးက တောင်းခေါ်ရမည်။ အဆိုပါအမှုတွဲမှတ်တမ်းကို ဖတ်ရှုလေ့လာပြီးနောက် အယူခံတရားလိုနှင့် ၄င်း၏ရှေ့နေတို့ ရောက်ရှိလျှင် ၄င်းတို့ကိုကြားနာ၍ အစိုးရရှေ့နေရောက်ရှိလျှင်လည်း ၄င်းအား ကြားနာပြီးနောက် ပုဒ်မ ၄၁၇ အရ အယူခံမှုတွင် အကယ်၍ တရားခံရောက်ရှိလျှင် ၄င်းအားကြားနာပြီး အမှုတွင် စွက်ဖက်ရန် လုံလောက်သော အကြောင်းမရှိဟု ထင်မြင်ပါက အယူခံမှုကို ပလပ်နိုင်သည်။ သို့မဟုတ်–

(က) အမှုမှ အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံသည့်အမှုတွင် ၄င်းအမိန့်ကို ပယ်ဖျက်၍ ထပ်မံ စုံစမ်းစစ်ဆေးရန်ဖြစ်စေ၊ ပြန်လည်စစ်ဆေးရန်ဖြစ်စေ၊ စစ်ဆေးစီရင်ရန်အတွက် လွှဲအပ်တင်ပို့ရန်ဖြစ်စေ ညွှန်ကြားနိုင်သည်၊ သို့မဟုတ် ၄င်းတွင်အပြစ်ရှိကြောင်း တွေ့ရှိပါက ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်နိုင်သည်။

(ခ) ပြစ်မှုထင်ရှားစီရင်ခြင်းအပေါ် အယူခံသည့်အမှုတွင်(၁)ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ကို ပယ်ဖျက်၍ တရားခံအား အမှုမှအပြီးအပြတ်ဖြစ်စေ၊ စွဲချက်မတင်မီဖြစ်စေ လွှတ်နိုင်သည်၊ သို့မဟုတ် အဆိုပါတရားရုံး၏ လက်အောက်ဖြစ်သော စီရင်ပိုင်ခွင့် အာဏာရှိသည့်တရားရုံး တစ်ရုံးက ပြန်လည်စစ်ဆေးစီရင်ရန်၊ သို့မဟုတ် စစ်ဆေးစီရင်ရန်အတွက် လွှဲအပ်တင်ပို့ရန် ညွှန်ကြားရမည်၊ သို့မဟုတ် (၂)ဆုံးဖြတ်ချက်ကို ပြောင်းလဲပြီး ပြစ်ဒဏ်ကို အတည်ပြုနိုင်သည်၊ သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြောင်းလဲခြင်း၊ သို့မဟုတ် ပြောင်းလဲခြင်းမပြုဘဲ ပြစ်ဒဏ်ကိုလျှော့ပေါ့နိုင်သည်၊ သို့မဟုတ်(၃)ပြစ်ဒဏ်ကို လျှော့ပေါ့၍ဖြစ်စေ၊ မလျှော့ပေါ့ဘဲဖြစ်စေ၊ ၄င်းပြင် ဆုံးဖြတ်ချက်ကို ပြောင်းလဲ၍ဖြစ်စေ၊ မပြောင်းလဲဘဲဖြစ်စေ ပြစ်ဒဏ်အမျိုးအစားကို ပြောင်းလဲနိုင်သည်။ သို့သော်လည်း ပုဒ်မ ၁၀၆ ပုဒ်မခွဲ (၃)ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြစ်ဒဏ်ကို တိုးမပေးနိုင်။

(ဂ) အခြား အမိန့်တစ်ရုံတစ်ရာအပေါ် တင်သွင်းသော အယူခံမှုတွင် အဆိုပါအမိန့်ကို ပြောင်းလဲနိုင်သည်၊ သို့မဟုတ် ပယ်ဖျက်ပေးနိုင်သည်။

(ဃ) ပြင်ဆင်ချက်တစ်ရပ်ရပ်၊ သို့မဟုတ် အကျိုးသက်ရောက်သော၊ သို့မဟုတ် ဖြစ်ပေါ်လာသော တရားမျှတသည့်၊ သို့မဟုတ် သင့်လျော်သည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(၂) ဤပုဒ်မပါ မည်သည့်အချက်အရမျှ ဂျူရီလူကြီး၏ဆုံးဖြတ်ချက်ကို ပြောင်းလဲရန်၊ သို့မဟုတ် ပယ်ဖျက်ရန် တရားရုံးအား ခွင့်မပြုစေရ။ တရားသူကြီးက မှားယွင်း၍ ညွှန်ပြခြင်းကြောင့်ဖြစ်စေ၊ ဥပဒေအရ တရားသူကြီးကရှင်းလင်းဖော်ပြရာတွင် ဂျူရီလူကြီးများဘက်က လွဲမှားခြင်းကြောင့်ဖြစ်စေ ၄င်းဆုံးဖြတ်ချက်မှားယွင်းသည်ဟု တရားရုံးကထင်မြင်လျှင်သာ ပြောင်းလဲပယ်ဖျက်ခွင့်ရှိသည်။

**အောက် အယူခံတရားရုံးများက ချမှတ်ပေးသည့် စီရင်ချက်များ။**

၄၂၄။ မူလစီရင်ပိုင်ခွင့်အာဏာရ ပြစ်မှုဆိုင်ရာတရားရုံးတစ်ရုံးက ချမှတ်သည့်စီရင်ချက်နှင့်စပ်လျဉ်း၍ အခန်း ၂၆ တွင် ပါရှိသည့် နည်းဥပဒေများသည် တရားလွှတ်တော်မှတစ်ပါး မည်သည့်အယူခံတရားရုံးကမဆို ချမှတ်ပေးသည့်စီရင်ချက်နှင့် သက်ဆိုင်နိုင်သမျှ သက်ဆိုင်စေရမည်။

သို့ရာတွင် အယူခံတရားရုံးက အခြားနည်းညွှန်ကြားခြင်းမရှိလျှင် စီရင်ချက်ချမှတ်ပေးသည်ကိုနာခံစေရန်အတွက် တရားခံကိုခေါ်ဆောင်လာခြင်း၊ သို့မဟုတ် လာရောက်စေခြင်း မရှိစေရ။

**အယူခံရာတရားလွှတ်တော်က ချမှတ်သည့် အမိန့်ကို အောက်ရုံး သို့ သက်သေခံလက်မှတ် ပေးပို့ရခြင်း။**

၄၂၅။ (၁) ဤအခန်းအရ အယူခံမှုကို တရားလွှတ်တော်က စီရင်ဆုံးဖြတ်ပြီးသည့်အခါတိုင်း ၎င်း၏စီရင်ချက်၊ သို့မဟုတ် အမိန့်ကို သက်သေခံလက်မှတ်ရေးထိုးလျက် အယူခံတက်ရောက်ခဲ့ရသည့် တွေ့ရှိချက်၊ ပြစ်ဒဏ်၊ သို့မဟုတ် အမိန့်ချမှတ်ရာ တရားရုံးသို့ ပေးပို့ရမည်။ ၎င်းတွေ့ရှိချက်၊ ပြစ်ဒဏ်၊ သို့မဟုတ် အမိန့်ကို ခရိုင်ရာဇဝတ်တရားသူကြီးမှတစ်ပါး အခြားရာဇဝတ်တရားသူကြီးတစ်ဦးဦးက ချမှတ်လျှင် ၎င်းသက်သေခံလက်မှတ်ကို ခရိုင်ရာဇဝတ်တရားသူကြီးမှတစ်ဆင့် ပေးပို့ရမည်။

(၂) တရားလွှတ်တော်က သက်သေခံလက်မှတ်ရေးသားပေးပို့သည့် စီရင်ချက်၊ သို့မဟုတ် အမိန့်ကိုရရှိသည့်တရားရုံးသည် ၎င်းတရားလွှတ်တော်၏စီရင်ချက်၊ သို့မဟုတ် အမိန့်နှင့် ညီညွတ်သော အမိန့်ကို ချမှတ်ရမည်။ ထို့ပြင် လိုအပ်ပါက အမှုမှတ်တမ်းကိုလည်း တရားလွှတ်တော်၏စီရင်ချက်၊ သို့မဟုတ် အမိန့်နှင့်ညီညွတ်အောင် ပြင်ဆင်ပေးရမည်။

**အယူခံအတွင်း ပြစ်ဒဏ်ကို ဆိုင်းငံ့ထားခြင်း။ အယူခံ တရားလိုကို အာမခံနှင့် အချုပ်မှ လွှတ်ထားခြင်း။**

၄၂၆။ (၁) ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ တစ်ဦးတစ်ယောက်သည် အယူခံဝင်နေဆဲအတွင်း ၎င်းအယူခံဝင်ရောက်သည့်ပြစ်ဒဏ်၊ သို့မဟုတ် အမိန့်အတည်ပြုခြင်းကို ဆိုင်းငံ့ထား စေရန် အယူခံတရားရုံးက အကြောင်းပြချက်များရေးမှတ်၍ အမိန့်ချမှတ်နိုင်သည်။ ထို့ပြင် အယူခံတရားလိုသည် အချုပ်တွင်ရှိနေလျှင် ၎င်းအား အာမခံနှင့်ဖြစ်စေ၊ ၎င်းကိုယ်တိုင် ခံဝန် ချုပ်ဆို၍ဖြစ်စေ အချုပ်မှလွှတ်ထားစေနိုင်သည်။

(၂) ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ တစ်ဦးတစ်ယောက်က တရားလွှတ်တော် လက်အောက်ရှိ တရားရုံးတစ်ရုံးသို့ အယူခံဝင်သည့်အမှုတွင် ဤပုဒ်မအရ အယူခံတရားရုံးအား အပ်နှင်းထားသည့်အာဏာကို တရားလွှတ်တော်ကလည်း သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။

(၃) နောက်ဆုံးတွင် အယူခံတရားလိုကို ထောင်ဒဏ်၊ သို့မဟုတ် တစ်ကျွန်းပို့ဒဏ်ချမှတ်သည့်အခါ ယင်းကဲ့သို့ ပြစ်ဒဏ်ချမှတ်ခဲ့သည့် ကာလအပိုင်းအခြားကို ရေတွက်ရာ၌ ၎င်းအား လွှတ်ပေးထားသည့်အချိန်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

**အမှုမှအပြီးအပြတ်လွှတ်သည့် စီရင်ချက်ကိုအယူခံသည့် အမှုတွင် တရားခံကို ဖမ်းဆီးခြင်း။**

၄၂၇။ ပုဒ်မ ၄၁၇ အရ အယူခံတင်သွင်းသည့်အခါ တရားခံကိုဖမ်းဆီးပြီးလျှင် တရားလွှတ်တော်ရှေ့ဖြစ်စေ၊ လက်အောက်ရှိ တရားရုံးတစ်ရုံးရှေ့ဖြစ်စေ ခေါ်ဆောင်လာစေရန် တရားလွှတ်တော်က ဝရမ်းထုတ်ဆင့်နိုင်သည်၊ ထို့ပြင် တရားခံကိုခေါ်ဆောင်လာ၍ လက်ခံရရှိသည့် တရားရုံးသည် အယူခံမှုမပြီးပြတ်မီအတွင်း ၎င်းတရားခံကို အကျဉ်းထောင်တွင် ချုပ်ထားနိုင်သည်၊ သို့မဟုတ် အာမခံပေးနိုင်သည်။

၄၂၈။ (၁) ဤအခန်းအရ အယူခံမှုတစ်မှုကို ကြားနာသည့်အခါ အယူခံတရားရုံးက နောက်ထပ်သက်သေခံချက် လိုအပ်ကြောင်းထင်မြင်လျှင် မိမိ၏အကြောင်းပြချက်များကို ရေးမှတ်ရမည်။ ထို့ပြင် အဆိုပါသက်သေခံချက်များကို ကိုယ်တိုင်ရယူနိုင်သည်၊ သို့မဟုတ် ရာဇဝတ် တရားသူကြီးတစ်ဦးက ရယူစေရန် ညွှန်ကြားနိုင်သည်၊ သို့မဟုတ် အယူခံတရားရုံးသည် တရားလွှတ်တော်ဖြစ်သည့်အခါ စက်ရှင်တရားရုံး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးတစ်ဦးက ရယူစေရန် ညွှန်ကြားနိုင်သည်။

အယူခံ တရားရုံးက နောက်ထပ် သက်သေထွက် ချက်များကို ရယူနိုင်ခြင်း၊ သို့မဟုတ် ရယူ စေရန် ညွှန် ကြားနိုင်ခြင်း။

(၂) နောက်ထပ်သက်သေခံချက်ကို စက်ရှင်တရားရုံး၊ သို့မဟုတ်ရာဇဝတ် တရားသူကြီးကရယူသည့်အခါ ထိုတရားရုံး၊ သို့မဟုတ် ထိုတရားသူကြီးသည် အဆိုပါသက်သေ ခံချက်များကို သက်သေခံလက်မှတ်ရေးထိုးလျက် အယူခံတရားရုံးသို့ ပေးပို့ရမည်။ ထို့ပြင် အဆိုပါ အယူခံ တရားရုံးသည် အယူခံမှုကို ဆက်လက်စီရင်ဆုံးဖြတ်ရမည်။

(၃) အယူခံတရားရုံးက အခြားနည်းမညွှန်ကြားလျှင် နောက်ထပ်သက်သေခံချက် ရယူသည့်အခါ တရားခံ၊ သို့မဟုတ် ၎င်း၏ရှေ့နေတို့ ရောက်ရှိနေစေရမည်။ သို့သော်လည်း အဆိုပါသက်သေခံချက်များကို ဂျူရီလူကြီးများ၏ရှေ့မှောက်၌ မယူစေရ။

(၄) ဤပုဒ်မအရ သက်သေခံချက်ရယူခြင်းတို့မှာ စုံစမ်းစစ်ဆေးမှုပြုလုပ်သကဲ့သို့ အခန်း ၂၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်စေရမည်။

၄၂၉။ အယူခံတရားရုံးတွင် ပါဝင်ကြသည့် တရားသူကြီးတို့ နှစ်ဖက်ဦးရေအညီအမျှ သဘောကွဲလွဲချက်များရှိကြလျှင် ၎င်းအမှုကို ၎င်းတို့၏ထင်မြင်ချက်နှင့်တကွ ၎င်းတရားရုံးဆိုင်ရာ အခြားတရားသူကြီးထံ တင်သွင်းစေရမည်။ ထို့ပြင် အဆိုပါတရားသူကြီးကလည်း သင့်သည် ထင်မြင်သည့်အတိုင်း ကြားနာပြီးလျှင် ၎င်း၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောကြားရမည်။ ထို့ပြင် စီရင်ချက်၊ သို့မဟုတ် အမိန့်ကိုလည်း အဆိုပါထင်မြင်ချက်နှင့်အညီ ချမှတ်ပေးရမည်။

အယူခံတရား သူကြီးများ နှစ်ဖက်ဦးရေ အညီအမျှစိ သဘောကွဲလွဲ သည့်အခါ လိုက်နာရန် ကျင့်ထုံး။

၄၃၀။ အယူခံမှုတွင် အယူခံတရားရုံးတစ်ရုံးကချမှတ်ပေးသည့် စီရင်ချက်နှင့်အမိန့်များမှာ ပုဒ်မ၄၁၇ နှင့် အခန်း ၃၂ တို့တွင် ပြဋ္ဌာန်းပါရှိသည့်အမှုများမှတစ်ပါး အပြီးသတ် အတည် ဖြစ်စေရမည်။

အယူခံမှုတွင် ချမှတ်ပေး သည့်အမိန့် များမှာ ပြီးပြတ်ခြင်း။

၄၃၁။ ပုဒ်မ ၄၁၇ အရ အယူခံမှုတိုင်းသည် တရားခံသေဆုံးသည့်အခါ အပြီးသတ် ရပ်စဲစေရမည်။ ထို့ပြင် အခြားအယူခံမှုတိုင်းသည် (ငွေဒဏ်ကို အယူခံဝင်သည့် အမှုမှတစ်ပါး) ဤအခန်းအရ အယူခံတရားလိုသေဆုံးချိန်တွင် အပြီးသတ် ရပ်စဲစေရမည်။

အယူခံမှုများ ဆုံးခန်းရောက် စေခြင်း။

လ-၁၆၁၃၊ ဒုတိယရဲမှူးကြီး စင်းဇော်ဝင်
ဒုတိယညွှန်ကြားရေးမှူး (ထာဝန်/စီမံ)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

## အခန်း ၃၂

## စောဒကမှုနှင့် ပြင်ဆင်မှု

၄၃၂-၄၃၃။ × × × ×

၄၃၄။ (၁) တရားလွှတ်တော်၏ တရားသူကြီးတစ်ဦးရှေ့ပြစ်မှုဆိုင်ရာ မူလစီရင်ပိုင်ခွင့်အာဏာကိုသုံးစွဲ၍ စစ်ဆေးစီရင်မှုတစ်မှုတွင် တစ်ဦးတစ်ယောက်အပေါ်ပြစ်မှု တစ်ရပ်နှင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ ထိုသူကို စစ်ဆေးစီရင်ရာတွင် ဥပဒေနှင့်သက်ဆိုင်သည့် ပြဿနာ ပေါ်ပေါက်ပြီး ထိုပြဿနာနှင့်စပ်လျဉ်းသော အဆုံးအဖြတ်သည် စစ်ဆေးစီရင်မှုကို တစ်စုံတစ်ရာ ထိခိုက်မည်ဟု တရားသူကြီးက သင့်သည်ထင်မြင်လျှင် ထိုပြဿနာကို သီးသန့်ထား၍ အဆိုပါ တရားရုံးမှ တရားသူကြီးနှစ်ဦး၊ သို့မဟုတ် နှစ်ဦးထက်ပိုသော တရားသူကြီးများ၏ ဆုံးဖြတ်ချက် ရယူရန် ထိုတရားသူကြီးက စောဒက တင်သွင်းနိုင်သည်။

တရားလွှတ်တော်က မူလစီရင်ပိုင်ခွင့် အာဏာကို သုံးစွဲလျက်ရှိစဉ် ပေါ်ပေါက်လာသော ပြဿနာများကို သီးသန့်ထားနိုင်ခွင့် အာဏာ။

(၂) တရားသူကြီးက အဆိုပါ ပြဿနာတစ်စုံတစ်ရာကို သီးသန့်ထားလျှင် ထိုပြဿနာကို ဆုံးဖြတ်ချက်မရမီ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူကို အကျဉ်းထောင်တွင် ပြန်၍ ချုပ်ထားစေရမည်၊ သို့မဟုတ် တရားသူကြီးက သင့်သည်ထင်မြင်လျှင် ထိုသူကို အာမခံ ပေးရမည်။ ထို့နောက် တရားလွှတ်တော်က ၎င်းအမှုကိုဖြစ်စေ၊ သင့်ရာအချက်အလက်ကိုဖြစ်စေ ထပ်မံသုံးသပ်ပြီး အဆိုပါပြဿနာနှင့်စပ်လျဉ်း၍ အပြီးသတ် ဆုံးဖြတ်ရမည့်အပြင် မူလစီရင်ပိုင်ခွင့်အာဏာသုံးစွဲသော တရားရုံးက ချမှတ်သည့်ပြစ်ဒဏ်ကို ပြောင်းလဲခြင်းမှအစ တရားလွှတ်တော်က သင့်သည် ထင်မြင်သည့်အတိုင်း စီရင်ချက်၊ သို့မဟုတ် အမိန့်ချမှတ်ရန်အာဏာရှိစေရမည်။

ပြဿနာ သီးသန့်ထားသည့်အခါ လိုက်နာရန် ကျင့်ထုံး။

၄၃၅။ (၁) တရားလွှတ်တော်ကဖြစ်စေ၊ စက်ရှင်တရားရုံးကဖြစ်စေ၊ ခရိုင်ရာဇဝတ် တရားသူကြီးကဖြစ်စေ၊ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက အာဏာအပ်နှင်းထားသူ နယ်ပိုင်ရာဇဝတ်တရားသူကြီးကဖြစ်စေ ၎င်း၏၊ သို့မဟုတ် မိမိ၏ စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်းရှိ လက်အောက်ခံ ပြစ်မှုဆိုင်ရာ တရားရုံးတစ်ရုံးရုံးက မှတ်တမ်းတင်သော၊ သို့မဟုတ် ချမှတ်သော ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်၊ သို့မဟုတ် အမိန့်မှန်မမှန်၊ ဥပဒေနှင့်ညီမညီ၊ သင့်မြတ်ခြင်းရှိမရှိ၊ ထို့ပြင်ယင်းလက်အောက်ခံတရားရုံး၏ မှုခင်းဆောင်ရွက်ချက်သည် နည်းလမ်းကျမကျ သိရှိရန် ကိစ္စအလို့ငှာ ယင်းတရားရုံးရှေ့ရှိ မည်သည့် မှုခင်းဆောင်ရွက်ချက်အမှုကိုမဆို ခေါ်ယူစီစစ်နိုင် သည်။ ယင်းသို့ အမှုတွဲကို ခေါ်ယူသည့်အခါ မည်သည့်ပြစ်ဒဏ်ကိုမဆို ဆိုင်းငံ့ထားရန်နှင့် တရားခံ အချုပ်တွင်ရှိနေလျှင် အာမခံနှင့်ဖြစ်စေ၊ ၎င်းကိုယ်တိုင်ခံဝန်ချုပ်ဆို၍ဖြစ်စေ အမှုတွဲကို စီစစ်နေဆဲတွင် လွှတ်ထားစေရန် ညွှန်ကြားနိုင်သည်။

အောက်တရားရုံး၏ အမှုတွဲများကိုထောင်းခေါ်နိုင်ခွင့် အာဏာ။

**ရှင်းလင်းချက်။** ခရိုင်ရာဇဝတ်တရားသူကြီးမှတစ်ပါး ရာဇဝတ်တရားသူကြီး အားလုံးသည် မူလစီရင်ပိုင်ခွင့်အာဏာကို သုံးစွဲသည်ဖြစ်စေ၊ အယူခံစီရင်ပိုင်ခွင့်အာဏာကို သုံးစွဲသည်ဖြစ်စေ ဤပုဒ်မခွဲနှင့် ပုဒ်မ ၄၃၇ပါ ကိစ္စများအလို့ငှာ စက်ရှင်တရားသူကြီး၏လက်အောက်ခံ ဖြစ်ကြောင်း မှတ်ယူစေရမည်။

(၂) ပုဒ်မခွဲ(၁)အရ ဆောင်ရွက်သည့် နယ်ပိုင်ရာဇဝတ်တရားသူကြီးက ဆိုခဲ့သည့် ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်၊ သို့မဟုတ် အမိန့်သည် ဥပဒေနှင့်မညီကြောင်း၊ သို့မဟုတ် သင့်မြတ်ခြင်းမရှိကြောင်း၊ သို့မဟုတ် အဆိုပါ မှုခင်းဆောင်ရွက်ချက်သည် နည်းလမ်းမကျကြောင်း ထင်မြင်လျှင် ထိုနယ်ပိုင်ရာဇဝတ်တရားသူကြီးက မိမိသင့်သည်ထင်မြင်သည့် မှတ်ချက်များ ရေးသားလျက် အမှုတွဲကို ခရိုင်ရာဇဝတ်တရားသူကြီးထံ တင်ပြရမည်။

(၃) × × × ×

(၄) ဤပုဒ်မအရ လျှောက်လွှာတစ်စုံတစ်ရာကို စက်ရှင်တရားသူကြီးထံဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီးထံဖြစ်စေ တင်သွင်းပြီးဖြစ်လျှင် ၎င်းတို့အနက် ကျန်မည်သူကမျှ နောက်ထပ် လျှောက်လွှာတစ်စုံတစ်ရာကို စဉ်းစားနိုင်ရန် လက်မခံရ။

စုံစမ်းစစ်ဆေးရန်အမိန့်ချမှတ်နိုင်ခွင့် အာဏာ။

၄၃၆။ အမှုမှတ်တမ်းတစ်ခုခုကို ပုဒ်မ ၄၃၅အရဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ကြည့်ရှုစစ်ဆေးသည့်အခါ တရားလွှတ်တော်၊ သို့မဟုတ် စက်ရှင်တရားသူကြီးသည် ပုဒ်မ ၂၀၃ အရ သော်လည်းကောင်း၊ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(၃)အရသော်လည်းကောင်း ပလပ်သည့် တိုင်တန်းချက်ကိုဖြစ်စေ၊ တရားခံအား စွဲချက်မတင်မီ လွှတ်ထားသည့်အမှုကိုဖြစ်စေ ခရိုင်ရာဇဝတ်တရားသူကြီးကိုယ်တိုင်၊ သို့မဟုတ် ၎င်း၏လက်အောက်ရှိ ရာဇဝတ်တရားသူကြီးတစ်ဦးဦးက ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားနိုင်သည်။ ခရိုင်ရာဇဝတ်တရားသူကြီးသည် ကိုယ်တိုင် ထပ်မံစုံစမ်းစစ်ဆေးနိုင်သည်၊ သို့မဟုတ် လက်အောက်ရှိ ရာဇဝတ်တရားသူကြီးတစ်ဦးဦးကို ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားနိုင်သည်။

သို့ရာတွင် စွဲချက်မတင်မီ လွှတ်လိုက်သော တရားခံသည် ထပ်မံ စုံစမ်းရန် ညွှန် ကြားခြင်းမပြုသင့်ကြောင်း အကြောင်းပြ ထုချေခွင့်မရရှိလျှင် မည်သည့်တရားရုံးကမျှ စုံစမ်းစစ်ဆေးရန် ဤပုဒ်မအရ ညွှန်ကြားခြင်းမပြုရ။

လွှဲအပ်တင်ပို့စေရန် အမိန့်ချမှတ်နိုင်ခွင့် အာဏာ။

၄၃၇။ ပုဒ်မ ၄၃၅ အရဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အမှုမှတ်တမ်း တစ်စုံတစ်ရာကို ကြည့်ရှုစစ်ဆေးသည့်အခါ အဆိုပါအမှုကို စက်ရှင်တရားရုံးကသာ စစ်ဆေးစီရင်နိုင်ကြောင်း၊ ထို့ပြင် လက်အောက်ခံ တရားရုံးကလည်း တရားခံတစ်စုံတစ်ယောက်ကို စွဲချက်မတင်မီ မလွှတ် သင့်ဘဲ လွှတ်လိုက်ကြောင်း စက်ရှင်တရားသူကြီးဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီးကဖြစ်စေ ထင်မြင်လျှင် ၎င်းစက်ရှင်တရားသူကြီးကဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီးကဖြစ်စေ ၎င်းတရားခံ ကို ဖမ်းဆီးစေပြီးလျှင် အမှုကို အသစ်ထပ်မံစုံစမ်းစစ်ဆေးရန် ဆင့်ဆိုမည့်အစား စွဲချက်မတင်မီ မလွှတ်သင့်ဘဲ လွှတ်လိုက်ကြောင်းနှင့် ၎င်းစက်ရှင်တရားသူကြီး၊ သို့မဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးက ထင်မြင်သည့်အချက်ကို စစ်ဆေးစီရင်ရန်အလို့ငှာ ၎င်းတရားခံကို လွှဲအပ်တင်ပို့စေရန် အမိန့်ချမှတ်နိုင်သည်။

သို့ရာတွင်—

(က) တရားခံမှာ ၎င်းကို မည်သည့်အကြောင်းကြောင့် လွှဲအပ် တင်ပို့ခြင်း မပြုသင့်ကြောင်း အဆိုပါတရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးထံ အကြောင်းပြထုချေခွင့် ရစေရမည်။

(ခ) သက်သေခံချက်များအရ အခြားပြစ်မှုတစ်စုံတစ်ရာကို ၎င်းတရားခံကျူးလွန်ကြောင်း အဆိုပါ တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးက ထင်မြင်လျှင် ထိုပြစ်မှုကို စုံစမ်းစစ်ဆေးရန် အဆိုပါ တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးက လက်အောက်ခံတရားရုံးကို ညွှန်ကြားနိုင်သည်။

၄၃၈။ × × × ×

၄၃၉။ (၁) စစ်ဆေးစီရင်သည့် အမှုတွဲကို တောင်းခေါ်သောအမှုတွင်ဖြစ်စေ၊ အခြားနည်းဖြင့် သိရှိရသော အမှုတွင်ဖြစ်စေ တရားလွှတ်တော်၊ ပြည်နယ်၊ သို့မဟုတ် တိုင်းတရားရုံး သည် ပုဒ်မ ၄၂၃၊ ၄၂၆၊ ၄၂၇ နှင့် ၄၂၈ တို့အရ အယူခံရုံးအား အပ်နှင်းထားသည့် အာဏာ တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဒ်မ ၃၃၈အရ တရားရုံးအား အပ်နှင်းထားသော အာဏာကိုဖြစ်စေ မိမိသဘောအတိုင်း သုံးစွဲခွင့်ရှိသည့်အပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။ ပြင်ဆင်တရားရုံးတွင် ပါဝင်သော တရားသူကြီးတို့သည် အညီအမျှ သဘောထားကွဲလွဲလျှင် ပုဒ်မ ၄၂၉တွင် ပြဋ္ဌာန်း ပါရှိသည့် နည်းလမ်းအတိုင်း အမှုကို စီရင်ဆုံးဖြတ်ရမည်။ — တရားလွှတ်တော်၏ ပြင်ဆင်မှု အာဏာများ။

(၂) တရားခံကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ထုချေခွင့်မရလျှင် ၎င်းတရားခံအား ထိခိုက်အောင် ဤပုဒ်မအရ မည်သည့်အမိန့်ကိုမျှ ချမှတ်ခြင်းမပြုရ။

(၃) ဤပုဒ်မအရ ချမှတ်သည့် ပြစ်ဒဏ်ကို ပုဒ်မ ၃၄ အရမှတစ်ပါး အခြားနည်းဖြင့် ဆောင်ရွက်သည့် ရာဇဝတ်တရားသူကြီးက ချမှတ်ခဲ့လျှင် ယင်းတရားရုံးသည် တရားခံ ကျူးလွန်ခဲ့သည်ဟု မိမိထင်မြင်သောပြစ်မှုအတွက် ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီးက ယင်းပြစ်မှုအတွက် ချမှတ်နိုင်သည့် ပြစ်ဒဏ်ထက် ပိုမိုကြီးလေးသောပြစ်ဒဏ်ကို တရားခံအပေါ် မချမှတ်ရ။

(၄) ဤပုဒ်မပါ မည်သည့်အချက်ကမျှ ပုဒ်မ ၂၇၃အရ ထည့်သွင်းရေးမှတ်သည့် အချက်နှင့် သက်ဆိုင်ခြင်းမရှိစေရ၊ သို့မဟုတ် ဤပုဒ်မပါ မည်သည့်အချက်ကမျှတရားလွှတ်တော်၊ ပြည်နယ်၊ သို့မဟုတ် တိုင်းတရားရုံးအား အမှုမှ အပြီးအပြတ်လွှတ်သော ကောက်ယူဆုံးဖြတ်ချက်ကို ပြစ်မှုထင်ရှားစီရင်သော ကောက်ယူချက်အဖြစ်သို့ ပြောင်းလဲရန် အခွင့်အာဏာပေးအပ်သည်ဟု မမှတ်ယူရ။

(၅) ဤဥပဒေအရ အယူခံဝင်ခွင့်ရှိပါလျက် အယူမခံသည့်အချက်တွင် အယူခံဝင်နိုင်သူက ပြင်ဆင်မှုအဖြစ်တင်သွင်းလာသည့် မှုခင်းကိစ္စများကို စဉ်းစားနိုင်ရန်လက်မခံရ။

(၆) ဤပုဒ်မတွင် မည်သို့ပင်ပါရှိစေကာမူ မိမိအပေါ် ပြစ်ဒဏ်ကို မတိုးမြှင့်သင့်ကြောင်း ပုဒ်မခွဲ(၂)အရ ထုချေခွင့်ရှိသည့် အပြစ်ကျတစ်ဦးဦးသည် ယင်းသို့ထုချေရာ၌ မိမိအား ပြစ်မှုထင်ရှားစီရင်ခြင်း မပြုထိုက်ကြောင်း အကြောင်းပြခွင့်လည်းရှိစေရမည်။

၄၄၀။ တရားရုံး တစ်ရုံးရုံးက မိမိ၏ပြင်ဆင်မှု အာဏာများကို သုံးစွဲသည့်အခါ ယင်း တရားရုံးရှေ့တွင် မည်သည့်အမှုသည်ကမျှ ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့် ဖြစ်စေ လျှောက်လဲပြောဆိုခွင့်မရှိစေရ။ — အမှုသည်များကို တရားရုံးက ကြားနာလိုလျှင် ကြားနာနိုင်ခြင်း။

သို့ရာတွင် အဆိုပါတရားရုံးက သင့်သည်ထင်မြင်လျှင်ဆိုခဲ့သည့်အခွင့်အာဏာများကို ကျင့်သုံးသည့်အခါ အမှုသည် တစ်ဦးဦးကို ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ကြားနာနိုင်သည်။ ထို့ပြင် ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပုဒ်မ ၄၃၉ပုဒ်မခွဲ(၂)ကိုထိခိုက်သည်ဟုမှတ်ယူခြင်းမပြုရ

၄၄၁။ × × × ×

၄၄၂။ အမှုတစ်မှုကို ဤအခန်းအရ တရားလွှတ်တော်ကဖြစ်စေ၊ ပြည်နယ်၊ သို့မဟုတ် တိုင်းတရားရုံးကဖြစ်စေ ပြန်လည်ပြင်ဆင်လိုက်သည့်အခါ ယင်းသို့ ပြန်လည်ပြင်ဆင်လိုက်သည့် ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်၊ သို့မဟုတ် အမိန့်ကိုရေးမှတ်ခဲ့သည့်၊ သို့မဟုတ် ချမှတ်ခဲ့သည့် တရားရုံးသို့ မိမိ၏ဆုံးဖြတ်ချက်၊ သို့မဟုတ် အမိန့်ကို ပုဒ်မ ၄၂၅ အရ အထက်တွင် ပြဋ္ဌာန်းခဲ့သည့် နည်းလမ်း အတိုင်း မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုး ပေးပို့ရမည်။ ထို့ပြင် ယင်းသို့ မှန်ကန် ကြောင်း သက်သေခံလက်မှတ်ရေးထိုးပေးပို့သည့် ဆုံးဖြတ်ချက်၊ သို့မဟုတ် အမိန့်ကို လက်ခံရရှိသည့်တရားရုံး၊ သို့မဟုတ်ရာဇဝတ်တရားသူကြီးသည်ယင်းကဲ့သို့မှန်ကန်ကြောင်းသက်သေခံ လက်မှတ်ရေးထိုးသော ဆုံးဖြတ်ချက်နှင့် ညီညွတ်သောအမိန့်များ ချမှတ်ရမည့်အပြင် လိုအပ်လျှင် အမှုတွဲကို ထိုအမိန့်များနှင့်အညီ ပြင်ဆင်ရမည်။ တရားလွှတ်တော်၏ အမိန့်ကို မှန်ကြောင်းသက်သေခံလက်မှတ် ရေးထိုး၍ အောက်တရားရုံး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးထံပေးပို့ခြင်း။

## အပိုင်း ၈

## အထူးစစ်ဆေးစီရင်သည့် အမှုများ

### အခန်း ၃၃

၄၄၃–၄၄၉။ × × × ×

၄၅၀–၄၆၃။ × × × ×

### အခန်း ၃၄

### ရူးသွပ်သူများ

၄၆၄။(၁) စုံစမ်း စစ်ဆေးမှုကိုဖြစ်စေ၊ စစ်ဆေးစီရင်မှုကိုဖြစ်စေ ပြုလုပ်နေသော ရာဇဝတ်တရားသူကြီးတစ်ဦးက တရားခံသည် စိတ်ပေါ့သွပ်ကြောင်း၊ ယင်းကဲ့သို့ဖြစ်ခြင်းကြောင့် ထုချေနိုင်စွမ်းရှိမည်မဟုတ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် စိတ်ပေါ့သွပ်ခြင်း ရှိမရှိ သိရှိရန် အဆိုပါ ရာဇဝတ်တရားသူကြီးက စုံစမ်းစစ်ဆေးရမည်။ ထို့ပြင် ထိုတရားခံကို ခရိုင်ဆရာဝန်ကြီးကဖြစ်စေ၊ နိုင်ငံတော်သမ္မတက ညွှန်ကြားသည့် အခြား ဆေးဘက်အရာရှိကဖြစ်စေ စမ်းသပ် ကြည့်ရှုစေရမည်။ ယင်းသို့ စစ်ဆေးပြီးသည့်အခါ အဆိုပါ ဆရာဝန်ကြီးကိုဖြစ်စေ၊ အခြား ဆေးဘက်အရာရှိကိုဖြစ်စေ သက်သေအဖြစ် စစ်ဆေးရမည့်အပြင် ထိုအစစ်ခံချက်ကို စာဖြင့် ရေးမှတ်ထားရမည်။ တရားခံ ရူးသွပ်သူဖြစ်သည့်အခါ လိုက်နာရန် ကျင့်ထုံး။

(၁က) ဆိုခဲ့သည့်အတိုင်း စစ်ဆေးမှုနှင့် စုံစမ်းစစ်ဆေးမှုမပြီးမီ ရာဇဝတ်တရားသူကြီးက တရားခံအပေါ် ပုဒ်မ ၄၆၆ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(၂) တရားခံသည် စိတ်ပေါ့သွပ်ကြောင်း၊ ယင်းကဲ့သို့ဖြစ်ခြင်းကြောင့် ခုခံချေပနိုင်စွမ်း ရှိမည်မဟုတ်ကြောင်း အဆိုပါရာဇဝတ်တရားသူကြီးက ထင်မြင်ယူဆလျှင် ထိုကဲ့သို့ ထင်မြင်ယူဆကြောင်း ဆုံးဖြတ်ချက်ကို မှတ်တမ်းတင်၍ မှုခင်းကိစ္စများကို ရွှေ့ဆိုင်းရမည်။

၄၆၅။ (၁) စက်ရှင်တရားရုံးရှေ့ဖြစ်စေ၊ တရားလွှတ်တော်ရှေ့ဖြစ်စေ စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့ခြင်းခံရသူမှာ၊ စစ်ဆေးစီရင်သည့်အခါ စိတ်ပေါ့သွပ်ကြောင်း၊ ယင်းကဲ့သို့ ဖြစ်ခြင်းကြောင့် ထုချေနိုင်စွမ်း ရှိမည်မဟုတ်ကြောင်း တရားရုံးက ယူဆလျှင် ယင်းကဲ့သို့ စိတ် ပေါ့သွပ်ခြင်း ရှိမရှိနှင့် ထုချေနိုင်စွမ်းရှိမရှိကို ဂျူရီကဖြစ်စေ၊ တရားရုံးကဖြစ်စေ ပထမဦးစွာ စစ်ဆေးရမည်။ စိတ်ပေါ့သွပ်ကြောင်းနှင့် ထုချေနိုင်စွမ်းမရှိကြောင်းများကို ဂျူရီ၊ သို့မဟုတ် တရား ရုံးက ကျေနပ်လျှင် ထိုကဲ့သို့ ကျေနပ်ကြောင်း ဆုံးဖြတ်ချက်ကို မှတ်တမ်းတင်၍ မှုခင်းကိစ္စများကို ရွှေ့ဆိုင်းရမည်။ ဂျူရီရှိခဲ့လျှင်လည်း ဖျက်သိမ်းရမည်။ စက်ရှင်တရားရုံးသို့ ဖြစ်စေ၊ တရားလွှတ်တော်သို့ ဖြစ်စေ လွှဲအပ်တင်ပို့ခြင်းခံရသူမှာ ရူးသွပ်သူ ဖြစ်သည့်အခါ လိုက်နာရန်ကျင့်ထုံး။

(၂) တရားခံ စိတ်ပေါ့သွပ်ကြောင်း၊ ခုခံချေပနိုင်စွမ်းမရှိကြောင်းနှင့် စပ်လျဉ်း၍ စစ်ဆေးစီရင်ခြင်းသည် တရားရုံးရှေ့ စစ်ဆေးစီရင်သည့်အမှုတွင် အပါအဝင်ဖြစ်ကြောင်း မှတ်ယူ ရမည်။

၄၆၆။ (၁) မည်သည့်အခါတွင်မဆို တရားခံမှာ စိတ်ပေါ့သွပ်၍ ခုခံချေပနိုင်စွမ်းရှိမည် မဟုတ်ကြောင်း တွေ့ရှိသောအခါ အမှုမှာ အာမခံ ပေးခွင့်ရသည့်အမှုဖြစ်စေ၊ အာမခံပေးခွင့် မရသည့်အမှုဖြစ်စေ ၎င်းတရားခံကို ကောင်းမွန်စွာ ထိန်းသိမ်းကြည့်ရှုထားပါမည်ဖြစ်ကြောင်း၊ ၎င်းကိုယ်ကိုဖြစ်စေ၊ အခြားသူ တစ်စုံတစ်ယောက်ကိုဖြစ်စေ နစ်နာစေခြင်းမဖြစ်အောင် ဟန့်တား ထားပါမည့်အကြောင်း၊ ၎င်းကို အလိုရှိသည့်အခါ ရာဇဝတ်တရားသူကြီးရှေ့ဖြစ်စေ၊ တရားရုံး ရှေ့ဖြစ်စေ၊ သို့မဟုတ် ဤကိစ္စအလို့ငှာ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးက ခန့်ထား သည့် အရာရှိရှေ့ဖြစ်စေ ရောက်ရှိစေပါမည့်အကြောင်းများနှင့် လုံလောက်သောအာမခံပေးလျှင် ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ တရားရုံးကဖြစ်စေ ၎င်းတရားခံကို လွှတ်ထားနိုင်သည်။ စုံစမ်း ထောက်လှမ်းနေစဉ်အတွင်း၊ သို့မဟုတ် စစ်ဆေးစီရင်နေစဉ်အတွင်း ရူးသွပ်သူကို လွှတ်ခြင်း။

(၂) အမှုမှာ အာမခံမပေးသင့်ကြောင်း ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးက ထင်မြင်သော အမှုမျိုးဖြစ်လျှင်၊ သို့မဟုတ် လုံလောက်သည့် အာမခံမပေးလျှင် သက်ဆိုင်ရာရာ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးက တရားခံကို မိမိသင့်သည် ထင်မြင်သည့်နေရာ၌ မိမိသင့်သည် ထင်မြင်သည့်နည်းလမ်းဖြင့် လုံခြုံစွာ အချုပ်နှင့် ထိန်းသိမ်းထားရန် အမိန့်ချမှတ်ရမည့်အပြင် မိမိဆောင်ရွက်ချက်ကို နိုင်ငံတော်သမ္မတထံ အစီရင်ခံရမည်။ ရူးသွပ်သူကို ချုပ်ထားခြင်း။

သို့ရာတွင် ရူးသွပ်ခြင်းအက်ဥပဒေအရ နိုင်ငံတော်သမ္မတက ထုတ်ပြန်ထားသော နည်းဥပဒေများနှင့်အညီ မဟုတ်ခဲ့လျှင် တရားခံကို စိတ္တဇဆေးရုံတွင် ထိန်းသိမ်းထားရန် အမိန့် မချမှတ်ရ။

၄၆၇။ (၁) မည်သည့်အခါမဆို စုံစမ်းစစ်ဆေးမှုတစ်ခုကိုဖြစ်စေ၊ စစ်ဆေးစီရင်မှုတစ်ခု ကိုဖြစ်စေ ပုဒ်မ ၄၆၄ အရ၊ သို့မဟုတ် ပုဒ်မ ၄၆၅ အရ ရွှေ့ဆိုင်းထားသည့်အခါ သက်ဆိုင်ရာရာ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးသည် မည်သည့်အချိန်တွင်မဆို စုံစမ်းစစ်ဆေးမှုကို ဖြစ်စေ၊ စစ်ဆေးစီရင်မှုကိုဖြစ်စေ ဆက်လက်ဆောင်ရွက်နိုင်သည်။ ထို့ပြင် တရားခံကို အဆိုပါ ရာဇဝတ်တရားသူကြီးရှေ့၊ သို့မဟုတ် တရားရုံးရှေ့ ရောက်ရှိစေရန်ဖြစ်စေ၊ တင်ပို့စေရန်ဖြစ်စေ ဆင့်ဆိုနိုင်သည်။ စုံစမ်းစစ်ဆေးခြင်း၊ သို့မဟုတ် စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ခြင်း။

(၂) တရားခံကို ပုဒ်မ ၄၆၆ အရလွှတ်ခဲ့ပြီးနောက် ၎င်းတရားခံကို တရားရုံးသို့ ရောက်ရှိစေရန် အာမခံခဲ့သူများက ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးက ဤကိစ္စ အလို့ငှာ ခန့်ထားသည့် အရာရှိထံသို့ တရားခံကို တင်ပို့သည့်အခါ တရားခံသည် ထုချေနိုင်စွမ်း ရှိပြီဟု အဆိုပါအရာရှိ၏ သက်သေခံလက်မှတ်ကို သက်သေခံအဖြစ် လက်ခံထိုက်စေရမည်။

၄၆၈။ (၁) သက်ဆိုင်ရာရာ ရာဇဝတ်တရားသူကြီးရှေ့၊ သို့မဟုတ် တရားရုံးရှေ့သို့ တရားခံ ရောက်ရှိလာသည့်အခါ၊ သို့မဟုတ် တရားခံကို ပြန်လည်တင်ပို့သည့်အခါ ၎င်းတရားခံသည် ခုခံချေပနိုင်စွမ်းရှိပြီဟု ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးက ထင်မြင်လျှင် စုံစမ်းစစ်ဆေးမှုကို၊ သို့မဟုတ် စစ်ဆေးစီရင်မှုကို ဆက်လက် ပြုလုပ်သွားရမည်။

*ရာဇဝတ်တရားသူကြီးရှေ့၊ သို့မဟုတ် တရားရုံးရှေ့ တရားခံရောက်ရှိသည့်အခါ လိုက်နာရန်ကျင့်ထုံး။*

(၂) တရားခံအနေဖြင့် ခုခံချေပနိုင်စွမ်းမရှိသေးကြောင်း ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးက ထင်မြင်ယူဆလျှင် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးသည် သက်ဆိုင်ရာပုဒ်မ ၄၆၄၊ သို့မဟုတ် ၄၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထပ်မံ ဆောင်ရွက်ရမည်။ တရားခံမှာ စိတ်ပေါ့သွပ်၍ ခုခံချေပနိုင်စွမ်းရှိမည်မဟုတ်ကြောင်း တွေ့ရှိရလျှင် အဆိုပါ တရားခံအပေါ် ပုဒ်မ ၄၆၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄၆၉။ အမှုကို စုံစမ်းစစ်ဆေးစဉ်၊ သို့မဟုတ် စစ်ဆေးစီရင်စဉ် တရားခံသည် စိတ်ကောင်းသည့်ပုံ ပေါ်နေလျှင်၊ ထို့ပြင် ၎င်းတရားခံသည် စိတ်ကောင်းမွန်လျက်ရှိနေစဉ် ပြစ်မှုကျူးလွန်ရာရောက်ရန်ရှိသည့် ပြုလုပ်မှုကို ၎င်းတရားခံ ပြုလုပ်ကြောင်း၊ ပြစ်မှုကျူးလွန်ရာရောက်နိုင်ရန်ရှိသည့် ပြုလုပ်မှုကို ပြုလုပ်စဉ်က စိတ်ပေါ့သွပ်ခြင်းကြောင့် မိမိ၏ပြုလုပ်မှုသည် မည်သို့သောသဘော ရှိသည်ကိုလည်းကောင်း၊ မတော်မမှန်သည်ကိုသော်လည်းကောင်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကိုသော်လည်းကောင်း မသိနိုင်ကြောင်းများနှင့် ရာဇဝတ်တရားသူကြီးက ၎င်းရှေ့ထွက်ဆိုသည့် သက်သေခံချက်များကို ထောက်ထား၍ ယုံကြည်ရန် အကြောင်းရှိလျှင် အဆိုပါ ရာဇဝတ်တရားသူကြီးက အမှုကို ဆက်လက်စစ်ဆေးပြီးနောက် တရားခံကို စက်ရှင်တရားရုံးသို့ဖြစ်စေ၊ တရားလွှတ်တော်သို့ဖြစ်စေ လွှဲအပ်တင်ပို့ရန်သင့်လျှင် သက်ဆိုင်ရာရာ စက်ရှင်တရားရုံး၊ သို့မဟုတ် တရားလွှတ်တော်သို့ စစ်ဆေးစီရင်ရန် တင်ပို့ရမည်။

*တရားခံစိတ်မနှံ့ဘူးသည့်ပုံ ပေါ်ခြင်း။*

၄၇၀။ မည်သည့်အခါမဆို တစ်စုံတစ်ယောက်သောသူသည် ပြစ်မှုကျူးလွန်ကြောင်း အဆိုရှိသည့်အချိန်တွင် စိတ်ပေါ့သွပ်ခြင်းကြောင့် ပြစ်မှုမြောက်ကြောင်း အဆိုရှိသည့် ပြုလုပ်မှု၏ သဘောကို မသိနိုင်ကြောင်း၊ သို့မဟုတ် ၎င်းပြုလုပ်မှုသည် မတော်မမှန်သည်ကိုဖြစ်စေ၊ ဥပဒေနှင့် ဆန့်ကျင်ကြောင်းကိုဖြစ်စေ မသိနိုင်ကြောင်းကိုအခြေပြု၍ ၎င်းတရားခံကို အမှုမှ အပြီးအပြတ် လွှတ်သည့်အခါ ၎င်းတရားခံသည် ပြုလုပ်မှုကို ပြုလုပ်ကြောင်း၊ သို့မဟုတ် မပြုလုပ်ကြောင်း ဆုံးဖြတ်ချက်တွင် သီးခြားဖော်ပြရမည်။

*ရူးသွပ်သည့်အကြောင်းကြောင့် အမှုမှအပြီးအပြတ်လွှတ်သည့်စီရင်ချက်။*

၄၇၁။ (၁) တရားရုံး၏ဆုံးဖြတ်ချက်၌ တရားခံသည် စွပ်စွဲသည့်ပြစ်မှုကို ကျူးလွန်ကြောင်း ဖော်ပြသည့်အခါတိုင်း စစ်ဆေးစီရင်မှုပြုလုပ်သည့် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးသည် အကယ်၍ အဆိုပါပြုလုပ်မှုမှာ ဆုံးဖြတ်ချက်တွင် ပေါ်လွင်သော သိနိုင်စွမ်းမရှိသည့် အကြောင်းကြောင့်မှတစ်ပါး ပြစ်မှုကျူးလွန်ရာရောက်မည်ဆိုပါက တရားခံကို မိမိသင့်သည် ထင်မြင်သည့်နေရာ၌ မိမိသင့်သည်ထင်မြင်သည့်နည်းလမ်းဖြင့် လုံခြုံမှုအချုပ်နှင့် ထိန်းသိမ်းထားရန် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးကအမိန့်ချမှတ်ရမည့်အပြင် မိမိဆောင်ရွက်ချက်ကို နိုင်ငံတော်သမ္မတထံ အစီရင်ခံရမည်။

*ဆိုခဲ့သည့်အကြောင်းကြောင့် အမှုမှအပြီးအပြတ်လွှတ်သူကို လုံခြုံစွာအချုပ်နှင့်ထိန်းသိမ်းခြင်း။*

သို့ရာတွင် ရူးသွပ်ခြင်းအက်ဥပဒေအရ နိုင်ငံတော်သမ္မတက ထုတ်ပြန်ထားသော နည်းဥပဒေများနှင့်အညီမဟုတ်ခဲ့လျှင် တရားခံကို စိတ္တဇဆေးရုံတွင် ထိန်းသိမ်းထားရန် အမိန့် မချမှတ်ရ။

(၂) တစ်ဦးတစ်ယောက်အား ပုဒ်မ ၄၆၆၊ သို့မဟုတ် ဤပုဒ်မပါပြဋ္ဌာန်းချက်အရ ချုပ်ထားရာ အကျဉ်းထောင်တာဝန်ခံအရာရှိကို ပုဒ်မ ၄၇၃၊ သို့မဟုတ် ပုဒ်မ ၄၇၄ အရ အကျဉ်းထောင်မင်းကြီးဆောင်ရွက်ရသည့်အလုပ်ဝတ္တရားများအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတက အာဏာအပ်နှင်းနိုင်သည်။

နိုင်ငံတော်သမ္မတက အကျဉ်းထောင်မင်းကြီး၏ တာဝန် အချို့ကို လွှတ်ငြိမ်းစေနိုင်ခွင့် အာဏာ။

၄၇၂။ × × × × ×

၄၇၃။ ဆိုခဲ့သည့်သူကို ပုဒ်မ ၄၆၆ ပါပြဋ္ဌာန်းချက်များအရ ထိန်းသိမ်းထားလျှင် ထို့ပြင် အကျဉ်းထောင်တွင် ထိန်းသိမ်းထားသူဖြစ်ပါက အကျဉ်းထောင်မင်းကြီးကဖြစ်စေ၊ စိတ္တဇဆေးရုံတွင် ထိန်းသိမ်းထားပါက စိတ္တဇဆေးရုံကြည့်ရှုရသူများ၊ သို့မဟုတ် ၎င်းအနက် နှစ်ဦးကဖြစ်စေ ဆိုခဲ့သူမှာ ခုခံချေပနိုင်စွမ်းရှိပြီဟု ထင်မြင်ယူဆသောကြောင့် ယင်းသို့ ထင်မြင်ယူဆကြောင်း သက်သေခံလက်မှတ်ထုတ်ပေးသည့်အခါ ဆိုခဲ့သည့်သူကို သက်ဆိုင်ရာ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးရှေ့သို့ အဆိုပါရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးက ချိန်းဆိုသည့်အချိန်တွင် တင်ပို့ရမည်။ ထို့ပြင် အဆိုပါရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးသည် ဆိုခဲ့သည့်သူအား ပုဒ်မ ၄၆၈ ပါပြဋ္ဌာန်းချက်များအရ အရေးယူဆောင်ရွက်ရမည်။ အဆိုပါအကျဉ်းထောင်မင်းကြီး၊ သို့မဟုတ် စိတ္တဇဆေးရုံကြည့်ရှုရသူများ၏ သက်သေခံလက်မှတ်ကို သက်သေခံအဖြစ် လက်ခံထိုက်စေရမည်။

ရူးသွပ်သူ အကျဉ်းသားမှာ အမှုကို ခုခံချေပနိုင်ကြောင်းနှင့် အစီရင်ခံသည့်အခါ လိုက်နာရန်ကျင့်ထုံး။

၄၇၄။ (၁) ဆိုခဲ့သည့်သူကို ပုဒ်မ ၄၆၆၊ သို့မဟုတ် ၄၇၁ ပါပြဋ္ဌာန်းချက်များအရထိန်းသိမ်းထားလျှင်သူ့ကိုယ်သူဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်ကိုဖြစ်စေ အန္တရာယ်ပြုလိမ့်မည်ဟု စိုးရိမ်ရန်မရှိဘဲ ဆိုခဲ့သည့်သူကို လွှတ်ပေးနိုင်ကြောင်း အကျဉ်းထောင်မင်းကြီးကဖြစ်စေ၊ စိတ္တဇဆေးရုံကြည့်ရှုရသူများကဖြစ်စေ သက်သေခံလက်မှတ်ထုတ်ပေးသည့်အခါ နိုင်ငံတော်သမ္မတသည် ထိုသို့ သက်သေခံလက်မှတ် ထုတ်ပေးသည်နှင့်တစ်ပြိုင်နက် ဆိုခဲ့သည့်သူကိုလွှတ်ရန်၊ သို့မဟုတ် အချုပ်နှင့်ထိန်းသိမ်းထားရန်၊ သို့မဟုတ် စိတ္တဇဆေးရုံသို့ မပို့ရသေးလျှင် စိတ္တဇဆေးရုံသို့ လွှဲအပ်တင်ပို့ရန် အမိန့်ချမှတ်ရမည်။ ထို့ပြင် နိုင်ငံတော်သမ္မတက ဆိုခဲ့သည့်သူကို စိတ္တဇဆေးရုံသို့ လွှဲအပ်တင်ပို့ရန် အမိန့်ချမှတ်လျှင် တရားရေးဝန်ထမ်းတစ်ဦးနှင့် ဆေးဘက်အရာရှိနှစ်ဦးပါဝင်သော ကော်မရှင်တစ်ရပ်ကို ခန့်အပ်နိုင်သည်။

ပုဒ်မ၄၆၆အရ ဖြစ်စေ၊ ပုဒ်မ ၄၇၁ အရ ဖြစ်စေ ထိန်းသိမ်းထားသည့်ရူးသွပ်သူကို လွှတ်ရန် သင့်တော်ပြီဟု အစီရင် ခံသည့်အခါ လိုက်နာရန် ကျင့်ထုံး။

(၂) အဆိုပါကော်မရှင်သည် လိုအပ်သည့် သက်သေခံချက်များကို ရယူပြီး ဆိုခဲ့သည့်သူ၏ စိတ်အခြေအနေကို စနစ်တကျစုံစမ်းစစ်ဆေးပြီး နိုင်ငံတော်သမ္မတထံ အစီရင်ခံရမည်။ နိုင်ငံတော်သမ္မတသည် ဆိုခဲ့သည့်သူကို လွှတ်ရန်သော်လည်းကောင်း၊ ဆက်လက် ထိန်းသိမ်းရန်သော်လည်းကောင်း မိမိသင့်သည်ထင်မြင်သည့်အတိုင်း အမိန့်ချမှတ်နိုင်သည်။

၄၇၅။ (၁) ပုဒ်မ ၄၆၆၊ သို့မဟုတ် ပုဒ်မ ၄၇၁ ပါပြဋ္ဌာန်းချက်များအရ ထိန်းသိမ်းထားခြင်းခံရသူ တစ်ဦးတစ်ယောက်၏ ဆွေမျိုးတစ်ဦးတစ်ယောက်က ဖြစ်စေ၊ မိတ်ဆွေ တစ်ဦးတစ်ယောက်ကဖြစ်စေ ဆိုခဲ့သည့်သူကို ထိန်းသိမ်းစောင့်ရှောက်ခွင့်ရလို၍ ယင်းကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ခွင့်ပြုရန် နိုင်ငံတော်သမ္မတထံ လျှောက်ထားလာသည့်အခါ ထို့ပြင် ဆိုခဲ့သည့်သူကို —

ရူးသွပ်သူကို ဆွေမျိုး၊ သို့မဟုတ် မိတ်ဆွေသို့ စောင့်ရှောက် ပေးအပ်ခြင်း။

(က) ကောင်းမွန်စွာကြည့်ရှုစောင့်ရှောက်ပါမည်၊ သူ့ကိုယ်သူဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်ကိုဖြစ်စေ အန္တရာယ်မပြုနိုင်အောင် ကာကွယ်တားဆီးပါမည်၊ ထို့ပြင်

( ခ ) နိုင်ငံတော်သမ္မတက ညွှန်ကြားသည့်အချိန်၊ ညွှန်ကြားသည့်နေရာတို့၌ သက်ဆိုင်ရာအရာရှိ၏ စမ်းသပ်မှုကိုခံယူစေရန်အတွက် ခေါ်ဆောင်ပြသပါမည်၊ ထို့ပြင်

( ဂ ) ပုဒ်မ ၄၆၆ အရ ထိန်းသိမ်းထားခြင်းခံရသူဖြစ်လျှင် သက်ဆိုင်ရာ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးသို့ လိုအပ်သည့်အခါ ခေါ်ဆောင်လာပါမည်ဟူ၍ နိုင်ငံတော်သမ္မတက ကျေနပ်လက်ခံလောက်အောင် အာမခံပေးလျှင် နိုင်ငံတော်သမ္မတက ထိုသူကို ၎င်း၏ဆွေမျိုး၊ သို့မဟုတ် မိတ်ဆွေထံပေးအပ်ရန် အမိန့်ချမှတ်နိုင်သည်။

( ၂ ) ဤသို့ပေးအပ်ခြင်းခံရသူသည် စိတ်ပေါ့သွပ်ခြင်းကြောင့် ခုခံချေပနိုင်စွမ်းမရှိသည့်အတွက် စစ်ဆေးစီရင်လျက်ရှိသောအမှုကို ရွှေ့ဆိုင်းထားရသည့်ပြစ်မှုဖြင့် စွပ်စွဲခြင်းခံရသူ တရားခံဖြစ်သည့်အပြင် ပုဒ်မခွဲ (၁) အပိုဒ်(ခ) ပါ စမ်းသပ်ကြည့်ရှုသည့်အရာရှိက ဆိုခဲ့သည့်သူသည် ခုခံချေပနိုင်စွမ်းရှိကြောင်း ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးသို့ သက်သေခံလက်မှတ်ထုတ်ပေးသည့်အခါ အဆိုပါရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးက ဆိုခဲ့သည့်တရားခံအားပေးအပ်ထားသည့် ဆွေမျိုး၊သို့မဟုတ် မိတ်ဆွေထံ တရားခံကို ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးရှေ့သို့ တင်ပို့ရန် ဆင့်ဆိုရမည်။ ထိုသို့ တင်ပို့လာသောအခါ ရာဇဝတ်တရားသူကြီး၊သို့မဟုတ် တရားရုံးက ပုဒ်မ ၄၆ဂ ပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။ ထို့ပြင် စမ်းသပ်ကြည့်ရှုသည့်အရာရှိ၏ သက်သေခံလက်မှတ်ကို သက်သေခံအဖြစ် လက်ခံထိုက်စေရမည်။

## အခန်း ၃၅

## တရားစီရင်ရေးကို ထိခိုက်စေသောအချို့ပြစ်မှုများ၌ စစ်ဆေးစီရင်ခြင်းများ

၄၇၆။ (၁) တရားမရုံး၊ သို့မဟုတ် အခွန်ရုံး၊ သို့မဟုတ် ရာဇဝတ်တရားရုံး၌ စစ်ဆေးစီရင်ရာတွင်ဖြစ်စေ၊ ၎င်းတို့နှင့်စပ်လျဉ်း၍ဖြစ်စေ ကျူးလွန်ခဲ့တန်လက္ခဏာရှိသော ပုဒ်မ ၁၉၅ ပုဒ်မခွဲ (၁)၏ အပိုဒ် (ခ)၊ သို့မဟုတ် အပိုဒ် (ဂ) တွင် ရည်ညွှန်းသည့် ပြစ်မှုတစ်စုံတစ်ရာနှင့်စပ်လျဉ်းပြီး အဆိုပါတရားရုံးအနေဖြင့် ဤကိစ္စအလို့ငှာ မိမိထံ လျှောက်ထားသည်ဖြစ်စေ၊ မလျှောက်ထားသည်ဖြစ်စေ တရားမျှတမှုအတွက် စုံစမ်းစစ်ဆေးမှု ပြုလုပ်သင့်သည်ဟု ထင်မြင်ယူဆလျှင် အကယ်၍ လိုအပ်သည်ထင်၍ ယင်းကဲ့သို့ ပဏာမစုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် စုံစမ်းစစ်ဆေးမှု၏ဆုံးဖြတ်ချက်ကို ရေးမှတ်နိုင်သည့်အပြင် ထိုပြစ်မှုနှင့်စပ်လျဉ်း၍ တိုင်တန်းချက်ရေးသားပြီး အဆိုပါတရားရုံး၏ ရုံးထိုင်အရာရှိက လက်မှတ်ထိုးကာ ထိုတိုင်တန်းချက်ကို စီရင်ပိုင်ခွင့်အာဏာရှိသော ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးထံ တင်ပို့ရမည်။ ထို့ပြင် တရားခံကို အဆိုပါရာဇဝတ်တရားသူကြီးရှေ့သို့ ရောက်ရှိစေရန်အတွက် လုံလောက်သည့်အာမခံ တောင်းယူနိုင်သည်၊ သို့မဟုတ် စွပ်စွဲထားသည့်ပြစ်မှုမှာ အာမခံမပေးနိုင်သော ပြစ်မှုဖြစ်နေလျှင် အဆိုပါရုံးအနေဖြင့် လိုအပ်သည်ဟုထင်မြင်ပါက တရားခံကို အဆိုပါရာဇဝတ်တရားသူကြီးထံ အချုပ်နှင့်ဘင်ပို့ခွင့်ရှိသည့်အပြင် အဆိုပါရာဇဝတ်တရားသူကြီးရှေ့ ရောက်ရှိ၍ သက်သေခံစေရန် မည်သူ့ကိုမဆို ခံဝန်ချုပ် ချုပ်ဆိုစေနိုင်သည်။ ပုဒ်မ ၁၉၅ တွင် ဖော်ပြပါရှိသည့် အမှုများတွင် လိုက်နာရန် ကျင့်ထုံး။

သို့ရာတွင် တိုင်တန်းချက်ပြုလုပ်သည့် တရားရုံးသည် တရားလွှတ်တော်ဖြစ်လျှင် ယင်းတိုင်တန်းချက်ကို တရားလွှတ်တော်က ခန့်အပ်သည့် တရားလွှတ်တော်၏အရာရှိက လက်မှတ်ထိုးခွင့်ရှိသည်။

(၂) ထိုအခါ အဆိုပါ ရာဇဝတ်တရားသူကြီးသည် ပုဒ်မ ၂၀၀ အရ တိုင်တန်းချက်အပေါ် အရေးယူသကဲ့သို့ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားရမည်။

(၃) ဤအမှုပေါ်ပေါက်ခဲ့သော တရားစီရင်သောမှုခင်းကိစ္စတွင် ချမှတ်သည့် ဆုံးဖြတ်ချက်အပေါ်အယူခံသည့်အမှု မပြီးမပြတ်ရှိနေကြောင်း၊အဆိုပါရာဇဝတ်တရားသူကြီးကဖြစ်စေ၊ ယင်းအမှုလွှဲပြောင်းပေးရာတွင် လက်ခံရရှိသည့် အခြားရာဇဝတ်တရားသူကြီး တစ်ဦးတစ်ယောက်ကဖြစ်စေ သိရှိခဲ့ရလျှင် အဆိုပါ ရာဇဝတ်တရားသူကြီးသည် မိမိသင့်သည်ထင်မြင်ပါက မည်သည့်အဆင့်တွင်မဆို အဆိုပါ အယူခံမှု မဆုံးဖြတ်မီ အမှုစစ်ဆေးခြင်းကို ရွှေ့ဆိုင်းထားနိုင်သည်။

၄၇၆ က။ တရားမ၊ အခွန်နှင့် ပြစ်မှုဆိုင်ရာ တရားရုံးများက ဆိုခဲ့သည့်ပြစ်မှုနှင့်စပ်လျဉ်း၍ ပုဒ်မ ၄၇၆၊ ပုဒ်မခွဲ (၁) အရ တိုင်တန်းခြင်းမပြုသော၊ သို့မဟုတ် ယင်းကဲ့သို့ တိုင်တန်းသည့် လျှောက်လွှာကို ပယ်သော မည်သည့်အမှုမျိုးတွင်မဆို ပုဒ်မ ၄၇၆ ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားခဲ့သည့် တရားရုံးတစ်ရုံး၌ဖြစ်စေ၊ အဆိုပါ တရားရုံးတစ်ရုံးမှ စစ်ဆေးစီရင်မှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော မည်သည့်ပြစ်မှုနှင့်မဆို စပ်လျဉ်းပြီး ထိုပုဒ်မခွဲက ဆိုခဲ့သည့်တရားရုံးများအား အပ်နှင်းသည့်အာဏာကို ပုဒ်မ ၁၉၅ ပုဒ်မခွဲ (၃) ၏ အဓိပ္ပာယ်အရ အဆိုပါရုံးများကို ကြီးကြပ်ကွပ်ကဲသည့် အထက်တရားရုံးက သုံးစွဲခွင့်ရှိသည်၊ ထိုအထက်တရားရုံးက ယင်းကဲ့သို့တိုင်တန်းလျှင် ပုဒ်မ ၄၇၆ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

လက်အောက်တရားရုံးမှ တိုင်တန်းရန် ပျက်ကွက်လျှင် အထက်တရားရုံးမှ တိုင်တန်းနိုင်ခြင်း။

၄၇၆ ခ။ မိမိလျှောက်ထားသည့်အတိုင်း တရားမ၊အခွန်၊သို့မဟုတ် ပြစ်မှုဆိုင်ရာတရားရုံးက ပုဒ်မ ၄၇၆၊ သို့မဟုတ် ပုဒ်မ ၄၇၆က အရ တိုင်တန်းပေးရန် ငြင်းပယ်ခြင်းခံရသူအနေဖြင့် သော်လည်းကောင်း၊ တိုင်တန်းခြင်းခံရသူအနေဖြင့် သော်လည်းကောင်း ပုဒ်မ ၁၉၅၊ပုဒ်မခွဲ(၃) ၏ အဓိပ္ပာယ်အရ အဆိုပါတရားရုံးတစ်ခုခုကို ကြီးကြပ်ကွပ်ကဲသည့် အထက်တရားရုံးသို့ အယူခံဝင်နိုင်သည်။ ထိုသို့အယူခံဝင်သည့်အခါ အထက်တရားရုံးသည် သက်ဆိုင်ရာ အမှုသည်များထံ အကြောင်းကြားပြီးနောက် တိုင်တန်းချက်ကို ရုပ်သိမ်းရန် ညွှန်ကြားနိုင်သည်၊ သို့မဟုတ် ပုဒ်မ ၄၇၆ အရ လက်အောက်ခံတရားရုံးက လုပ်ခဲ့သင့်သည့်အတိုင်း ထိုက်သင့်သလို ကိုယ်တိုင် တိုင်တန်းပေးနိုင်သည်၊ ထိုကဲ့သို့ တိုင်တန်းလျှင် ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

အယူခံခြင်းများ။

၄၇၇။ × × × ×

၄၇၈။ (၁) ဆိုခဲ့သည့်ပြစ်မှုမျိုးကို မည်သည့်တရားမ၊ သို့မဟုတ် အခွန်ရုံးရှေ့တွင်မဆို ကျူးလွန်သည့်အခါ၊ သို့မဟုတ် အမှုစစ်ဆေးစီရင်သည့်အတွင်း မည်သည့်တရားမ၊ သို့မဟုတ် အခွန်ရုံးကမဆို တွေ့ရှိလာသည့်အခါ ၎င်းအမှုများကို တရားလွှတ်တော်၊ သို့မဟုတ် စက်ရှင်တရားရုံးကသာ စစ်ဆေးနိုင်သည်ဖြစ်လျှင်၊ သို့မဟုတ် တရားလွှတ်တော်၊ သို့မဟုတ် စက်ရှင်တရားရုံးက စစ်ဆေးစီရင်သင့်သည်ဟု အဆိုပါ တရားမ၊ သို့မဟုတ် အခွန်ရုံးက ထင်မြင်လျှင် ၎င်းအမှုကို ပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးရန် ရာဇဝတ်တရားသူကြီးတစ်ဦးဦးထံ တင်ပို့ခြင်းမပြုဘဲ ၎င်းတရားမ၊ သို့မဟုတ် အခွန်ရုံးကပင် အမှုကို ပြည့်စုံအောင် စုံစမ်းစစ်ဆေး၍ တရားလွှတ်တော်သို့ဖြစ်စေ၊ စက်ရှင်တရားရုံးသို့ဖြစ်စေ စစ်ဆေးစီရင်ရန် လွှဲအပ် တင်ပို့ နိုင် သည်၊ သို့မဟုတ် အဆိုပါ တရားရုံးက တရားလွှတ်တော်၊ သို့မဟုတ် စက်ရှင်တရားရုံးရှေ့တွင် စစ်ဆေးခံနိုင်ရန်အတွက် တရားခံကို အာမခံဖြင့် လွှတ်ထားနိုင်သည်။

တရားမနှင့် အခွန်တရားရုံးများက ပြည့်စုံအောင် စုံစမ်းစစ်ဆေး၍ တရားလွှတ်တော်သို့မဟုတ် စက်ရှင်တရားရုံးသို့ လွှဲအပ်တင်ပို့နိုင်ခွင့်အာဏာ။

(၂) ဤပုဒ်မအရ အမှုကို စုံစမ်းစစ်ဆေးရန်ကိစ္စများအလို့ငှာ တရားမ၊ သို့မဟုတ် အခွန်ရုံးများက ရာဇဝတ်တရားသူကြီးတစ်ဦး ရရှိသည့် အာဏာအားလုံးကို သုံးစွဲနိုင်သည်။ ၎င်းအမှုကို စုံစမ်းစစ်ဆေးရာတွင် အခန်း ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်နိုင်သမျှ ညီညွတ်အောင် ဆောင်ရွက်ရမည်။ ၎င်းအမှုကို စုံစမ်းစစ်ဆေးခြင်းသည် ရာဇဝတ်တရားသူကြီးက ဆောင်ရွက်ပြုလုပ်ကြောင်း မှတ်ယူရမည်။

ဆိုခဲ့သည့်အမှုမျိုးများတွင် တရားမတရားရုံး၊ အခွန်ရုံးများက လိုက်နာရန် ကျင့်ထုံး။

၄၇၉။ တရားမ၊ သို့မဟုတ် အခွန်ရုံးက ဆိုခဲ့သည့်အတိုင်း လွှဲအပ်တင်ပို့သည့်အခါ လွှဲအပ်တင်ပို့ရန်အမိန့်၊ အမှုမှတ်တမ်းများနှင့်တကွ စွဲချက်ကို ခရိုင်ရာဇဝတ်တရားသူကြီးထံ ဖြစ်စေ၊ တရားခံကို စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့ခွင့်အာဏာရ အခြား ရာဇဝတ်တရားသူကြီး ထံဖြစ်စေ တင်ပို့ရမည်။ အဆိုပါ ရာဇဝတ်တရားသူကြီးသည် သက်ဆိုင်ရာရာ တရားလွှတ်တော်၊ သို့မဟုတ် စက်ရှင်တရားရုံးသို့ တရားလိုဘက်၊ တရားခံဘက် သက်သေများနှင့်တကွ အမှုကို တင်သွင်းရမည်။

မထီမဲ့မြင်ပြုလုပ်သည့် အမှုအချို့တွင် လိုက်နာရန် ကျင့်ထုံး။

၄၈၀။ (၁) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၅၊ ပုဒ်မ ၁၇၈၊ ပုဒ်မ ၁၇၉၊ ပုဒ်မ ၁၈၀၊ သို့မဟုတ် ပုဒ်မ ၂၂၈ တွင် ဖော်ပြထားသော ပြစ်မှုမျိုးကို တရားမ၊ ရာဇဝတ်၊ သို့မဟုတ် အခွန်ရုံးတစ်ရုံးရုံး၏ ရှေ့မှောက်တွင်ဖြစ်စေ၊ မြင်သာသည့်နေရာတွင်ဖြစ်စေ ကျူးလွန်ခဲ့လျှင် အဆိုပါ တရားရုံးသည် ပြစ်မှုကျူးလွန်သူကို အချုပ်နှင့် ထိန်းသိမ်းထားနိုင်သည်။ ထို့ပြင် မိမိ သင့်သည် ထင်မြင်လျှင် ထိုနေ့ရုံးမဆင်းမီ မည်သည့်အချိန်၌မဆို ပြစ်မှုကိုအရေးယူပြီး၊ ပြစ်မှုကျူးလွန်သူကို ကျပ်နှစ်ရာထက်မပိုသောငွေဒဏ် ထပ်ရိုက်နိုင်သည်။ ထို့ပြင် ငွေဒဏ်ဆောင်ရန် ပျက်ကွက်၍ ယင်းငွေဒဏ်မပေးဆောင်လျှင် တစ်လအထိ အလုပ်မဲ့ထောင်ဒဏ် ချမှတ်နိုင်သည်။

(၂) × × × ×

အဆိုပါအမှုများတွင် မှတ်တမ်းရေးမှတ်ခြင်း။

၄၈၁။ (၁) အဆိုပါအမှုတိုင်းတွင် တရားရုံးသည် ပြစ်မှုမြောက်စေသည့် အကြောင်းခြင်းရာများအပြင် ပြစ်မှုကျူးလွန်သူက တစ်စုံတစ်ရာ ထွက်ဆိုချက်ရှိလျှင် ၎င်းထွက်ဆိုချက်နှင့် တကွ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်တို့ကို ရေးမှတ်ရမည်။

(၂) ကျူးလွန်သည့်ပြစ်မှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၈ အရ ဖြစ်လျှင် တားဆီးနှောင့်ယှက်ခြင်းခံရသော၊ သို့မဟုတ် တမင်စော်ကားခြင်းခံရသော တရားရုံးက မည်သည့် အမှုမျိုးကို စစ်ဆေးနေစဉ် မည်သည့်တရားစီရင်သောမှုခင်းကိစ္စအဆင့်တွင် တားဆီးနှောင့်ယှက် ခြင်းခံရကြောင်း၊ သို့မဟုတ် တမင်စော်ကားခံရကြောင်း အမှုမှတ်တမ်းတွင် ဖော်ပြရမည်။

အမှုကို ပုဒ်မ ၄၈၀ အရ စီရင်ရန်မသင့်ကြောင်း တရားရုံးက ထင်မြင်သည့်အခါ လိုက်နာရန် ကျင့်ထုံး။

၄၈၂။ (၁) ပုဒ်မ ၄၈၀ တွင် ရည်ညွှန်းထားသော ပြစ်မှုတစ်စုံတစ်ရာကို ရုံးတော်မှမြင်သာ သည့် နေရာတွင်ဖြစ်စေ၊ ရုံးတော်၏ရှေ့မှောက်တွင်ဖြစ်စေ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသူကို ငွေဒဏ်မဆောင် ပျက်ကွက်သည့်အတွက်မဟုတ်ဘဲ ထောင်ဒဏ် ချမှတ်သင့်သည်၊ သို့မဟုတ် ကျပ်နှစ်ရာထက်ပိုသော ငွေဒဏ်ချမှတ်သင့်သည်ဟု တရားရုံးက မည်သည့်အမှုတွင်မဆို ထင်မြင် ယူဆလျှင်၊ သို့မဟုတ် အခြားအကြောင်းတစ်စုံတစ်ရာကြောင့် ၎င်းအမှုကို ပုဒ်မ ၄၈၀ အရ စီရင်ရန် မသင့်ကြောင်း အဆိုပါတရားရုံးက သဘောရရှိလျှင်၊ ပြစ်မှုမြောက်စေသည့်အကြောင်းခြင်းရာ များနှင့် အထက်က ပြဋ္ဌာန်းထားသည့်အတိုင်း တရားခံ၏ထွက်ဆိုချက်ကိုပါ အဆိုပါ တရားရုံးက ရေးမှတ်ပြီးနောက်၊ ယင်းအမှုကို စစ်ဆေးစီရင်ပိုင်ခွင့်အာဏာရှိသော ရာဇဝတ်တရားသူကြီးထံ တင်ပို့ပေးနိုင်သည်။ ထို့ပြင် အဆိုပါ ရာဇဝတ်တရားသူကြီးရှေ့သို့ တရားခံ ရောက်ရှိရန်အတွက် အာမခံပေးရန် ဆင့်ဆိုနိုင်သည်၊ သို့မဟုတ် လုံလောက်သောအာမခံ မပေးခဲ့လျှင် ထိုတရားခံကို ဆိုခဲ့သည့် ရာဇဝတ်တရားသူကြီးထံ အချုပ်နှင့်ပို့ရမည်။

လ-၁၆၁၃၊ ဗုဒ္ဓဘာသာရုံးကြီး ဝင်းပေါင်
ဒုတိယညွှန်ကြားရေးမှူး (တာဝန်/စီမံ)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၂) ဤပုဒ်မအရ အမှုတစ်စုံတစ်ရာကိုလက်ခံရရှိသည့် ရာဇဝတ်တရားသူကြီးသည် တရားခံအပေါ် တိုင်တန်းချက်ကို အထက်ကပြဋ္ဌာန်းပါရှိသည့်နည်းလမ်းအတိုင်း စစ်ဆေးရမည်။

၄၈၃။ မှတ်ပုံတင်အက်ဥပဒေအရ ခန့်ထားသော မည်သည့် မှတ်ပုံတင်အရာရှိကိုမဆို၊ သို့မဟုတ်မည်သည့်လက်ထောက်မှတ်ပုံတင်အရာရှိကိုမဆိုနိုင်ငံတော်သမ္မတက ညွှန်ကြားသည့်အခါ ပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏ အဓိပ္ပာယ်အရ တရားမတရားရုံးအဖြစ် မှတ်ယူရမည်။

မှတ်ပုံတင်အရာရှိ၊ သို့မဟုတ် လက်ထောက်မှတ်ပုံတင်အရာရှိတို့ကို ပုဒ်မ ၄၈၀နှင့် ၄၈၂တို့အရ မည်သည့်အခါ တရားမ တရားရုံးအဖြစ် မှတ်ယူရခြင်း။

၄၈၄။ တစ်စုံတစ်ရာကိုပြုလုပ်ရန် ဥပဒေအရ ဆင့်ဆိုခြင်းခံရသူက ငြင်းပယ်သည့်အတွက်၊ သို့မဟုတ် ပျက်ကွက်သည့်အတွက်ဖြစ်စေ၊ တရားရုံးကို တမင်ကြံရွယ်ပြီး စော်ကားခြင်းပြုသည့်အတွက်၊ သို့မဟုတ်နှောင့်ယှက်သည့်အတွက်ဖြစ်စေ ၎င်းပြစ်မှုကျူးလွန်သူကိုမည်သည့်တရားရုံးကမဆို ပုဒ်မ ၄၈၀၊ သို့မဟုတ် ၄၈၂ အရ စီရင်ဆုံးဖြတ်သည့် အခါ၊ သို့မဟုတ် ၎င်းအား စစ်ဆေးစီရင်ရန်အတွက် ရာဇဝတ်တရားသူကြီးတစ်ဦးထံ တင်ပို့သည့်အခါ ၎င်းတရားရုံး၏ ဆင့်ဆိုချက်အတိုင်းလိုက်နာ၍ ဝန်ခံလျှင်၊ သို့မဟုတ် တရားရုံးကျေနပ်လောက်အောင် ဝန်ချတောင်းပန်လျှင် အဆိုပါတရားရုံးသည် မိမိသဘောအတိုင်း ထိုသူကို လွှတ်နိုင်သည်၊ သို့မဟုတ် ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြုနိုင်သည်။

ဝန်ချ တောင်းပန်သော ပြစ်မှုကျူးလွန်သူကို လွှတ်ခြင်း။

၄၈၅။ ရာဇဝတ်တရားရုံးတစ်ရုံးရှေ့မှောက်တွင် စာတမ်းအမှတ်အသားတစ်စုံတစ်ရာကို၊ သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာကိုတင်ပြစေရန် ဆင့်ဆိုခြင်းခံရသည့် သက်သေတစ်ဦးတစ်ယောက်က ဖြစ်စေ၊ အခြားတစ်ဦးတစ်ယောက်ကဖြစ်စေ ၎င်းကို မေးမြန်းသည့်မေးခွန်းများကို ဖြေကြားရန်ငြင်းပယ်လျှင်၊ သို့မဟုတ် ၎င်းလက်ဝယ်တွင်ရှိသော၊ သို့မဟုတ် ၎င်းကယူပေးနိုင်သည့်နေရာတွင်ရှိသော စာတမ်းအမှတ်အသားတစ်စုံတစ်ရာ၊ သို့မဟုတ် အရာဝတ္ထုတစ်စုံတစ်ရာကိုတင်ပြရန် တရားရုံးက ဆင့်ဆိုသည့်အတိုင်း တင်ပြရန်ငြင်းပယ်လျှင်၊ ထို့ပြင် ယင်းကဲ့သို့ ငြင်းပယ်ရခြင်း အတွက် လုံလောက်သည့်အကြောင်းမပြနိုင်လျှင် အဆိုပါတရားရုံးသည် အကြောင်းပြချက်များကို ရေးမှတ်လျက် ထိုသူအပေါ် အလုပ်မဲ့ထောင်ဒဏ် ချမှတ်နိုင်သည်၊ သို့မဟုတ် ထိုသူက စစ်မေး ခြင်းခံယူပြီး ဖြေကြားရန်ဖြစ်စေ၊ စာတမ်းအမှတ်အသား၊ သို့မဟုတ် အရာဝတ္ထုကိုတင်ပြရန်ဖြစ်စေ သဘောမတူသမျှ ၎င်းကို ခုနစ်ရက်ထက်မပိုသောကာလအတွင်း ချုပ်ထားစေရန် ရုံးထိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားသူကြီးကိုယ်တိုင် လက်မှတ်ရေးထိုးသည့်ဝရမ်းဖြင့် တရားရုံးအရာရှိတစ်ဦးထံ လွှဲအပ်နိုင်သည်။ အကယ်၍ ထိုသူက ဆက်လက်၍ငြင်းပယ်မြဲ ငြင်းပယ်နေလျှင် ၎င်းကို ပုဒ်မ ၄၈၀၊ သို့မဟုတ် ပုဒ်မ ၄၈၂ပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ ထို့ပြင် တရားလွှတ်တော်ရှေ့မှောက်၌ဖြစ်လျှင် ထိုသူသည် တရားရုံးကို မထီမဲ့မြင်ပြုသည့်ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

အစစ်ခံရန်၊ သို့မဟုတ် စာတမ်းအမှတ်အသားကိုတင်ပြရန် ငြင်းပယ်သူကို ထောင်၊ သို့မဟုတ် အချုပ်တွင် ချထားခြင်း။

၄၈၆။ (၁) တရားရုံးက ပုဒ်မ ၄၈၀၊ သို့မဟုတ် ပုဒ်မ ၄၈၅ အရ ပြစ်ဒဏ် ချမှတ်ခြင်းခံရသူ မည်သူမဆို အထက်ကမည်သို့ပင်ပါရှိစေကာမူ အဆိုပါတရားရုံးကချမှတ်သည့် ဒီကရီများ၊ သို့မဟုတ် အမိန့်များအပေါ် သာမန်အားဖြင့် အယူခံရာဖြစ်သော တရားရုံးသို့ အယူခံနိုင်သည်။

မထီမဲ့မြင်ပြုသည့် အမှုများတွင် ပြစ်မှုထင်ရှားစီရင်ခြင်းများမှ အယူခံခြင်း။

(၂) အခန်း ၃၁ ပါပြဋ္ဌာန်းချက်များသည် ဤပုဒ်မအရ အယူခံသည့် အမှုများနှင့်သက်ဆိုင်နိုင်သရွေ့ သက်ဆိုင်စေရမည်။ ထို့ပြင် အယူခံသည့်ပြစ်ဒဏ်ကိုလည်း အယူခံရုံးက ပြောင်းလဲ၊ သို့မဟုတ် ပယ်ဖျက်နိုင်သည်၊ သို့မဟုတ် အယူခံသည့်ပြစ်ဒဏ်ကိုလျှော့ပေါ့၊သို့မဟုတ် ပယ်ဖျက်နိုင်သည်။

(၃) ရန်ကုန်မြို့တော် တရားမ တရားရုံးကဆိုခဲ့သည့်အတိုင်း ပြစ်မှုထင်ရှားစီရင် ခြင်းကို အယူခံလျှင် တရားလွှတ်တော်တွင် အယူခံရမည်။ ထို့ပြင် အခြားစမော်ကော်တရားရုံးက ဆိုခဲ့သည့်အတိုင်း ပြစ်မှုထင်ရှားစီရင်ခြင်းကို အယူခံလျှင် ၎င်းရုံးတည်ရှိရာ စက်ရှင်တိုင်းရှိ စက်ရှင် တရားရုံးတွင် အယူခံရမည်။

(၄) အထက်ကဆိုခဲ့သည့်အတိုင်း ခန့်ထားသည့်မှတ်ပုံတင်အရာရှိ၊ သို့မဟုတ် လက်ထောက်မှတ်ပုံတင်အရာရှိအဖြစ်ဖြင့် မည်သည့်အရာရှိကမဆို ချမှတ်သော ပြစ်မှုထင်ရှားစီရင် ခြင်းကို အကယ်၍ ထိုအရာရှိသည် တရားမတရားရုံးတွင် တရားသူကြီးလည်းဖြစ်သည့်အခါ အဆိုပါပြစ်မှုထင်ရှားစီရင်မှုသည် ထိုအရာရှိကဆိုခဲ့သည့် တရားသူကြီးအဖြစ်ဖြင့် ချမှတ်ခဲ့သော ဒီကရီတစ်ရပ်ဖြစ်လျှင် ဤပုဒ်မ၏ရှေ့ပိုင်း ပြဋ္ဌာန်းချက်များအရ အယူခံရာဖြစ်သော တရားရုံးသို့ အယူခံနိုင်သည်။ အခြားအမှုများတွင် ခရိုင်တရားမတရားသူကြီးထံ အယူခံနိုင်သည်။

၄၈၇။ (၁) ပုဒ်မ ၄၈၀ နှင့် ၄၈၅ တို့တွင် ပြဋ္ဌာန်းထားသည်မှ တစ်ပါး တရားလွှတ်တော် တရားဝန်ကြီးမှလွဲ၍ မည်သည့်ပြစ်မှုဆိုင်ရာတရားရုံး တရားသူကြီး၊ သို့မဟုတ်ရာဇဝတ် တရားသူကြီးကမှ ပုဒ်မ ၁၉၅ တွင် ရည်ညွှန်းထားသော ပြစ်မှုတစ်စုံတစ်ရာကို မိမိရှေ့တွင် ဖြစ်စေ၊ မိမိအခွင့်အာဏာကို မထီမဲ့မြင်ပြု၍ဖြစ်စေ ကျူးလွန်သည့်အခါ၊ သို့မဟုတ် အဆိုပါ တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးအဖြစ် အမှုစစ်ဆေးနေစဉ်အတွင်း ကျူးလွန်ခဲ့ ကြောင်းတွေ့ရှိရသူကို စစ်ဆေးစီရင်ခြင်းမပြုရ။

အချို့ တရားသူကြီးများနှင့် ရာဇဝတ် တရားသူကြီးများသည် ပုဒ်မ၁၉၅တွင် ရည်ညွှန်းသောပြစ်မှုများကို မိမိတို့ရှေ့တွင် ကျူးလွန်သည့်အခါ စစ်ဆေးစီရင်မှု မပြုရခြင်း။

(၂) စက်ရှင်တရားရုံးသို့ဖြစ်စေ၊တရားလွှတ်တော်သို့ဖြစ်စေ လွှဲအပ်တင်ပို့ရန် အာဏာအပ်နှင်းခြင်းခံရသည့် ရာဇဝတ်တရားသူကြီးတစ်ဦးအနေဖြင့် မည်သည့်အမှုကို အဆိုပါ တရားရုံးသို့ လွှဲအပ်တင်ပို့ခြင်းကို ပုဒ်မ ၄၇၆၊ သို့မဟုတ် ပုဒ်မ ၄၈၂ပါ မည်သည့် ပြဋ္ဌာန်း ချက်ကမျှ တားမြစ်ခြင်းမရှိစေရ။

## အခန်း ၃၆

### ဇနီးများနှင့် သားသမီးများကို စရိတ်ကောက်ပံ့ခြင်း

ဇနီးများနှင့် သားသမီးများအား စရိတ်ထောက်ပံ့ရန်အမိန့်။

၄၈၈။ (၁) မည်သူမဆို လုံလောက်သော ဥစ္စာအင်အားရှိလျက်နှင့် မိမိ၏ ဇနီးကိုဖြစ်စေ၊ ကိုယ်တိုင် ရှာဖွေစားသောက်နိုင်ခြင်း မပြုနိုင်သည့် တရားဝင်၊ သို့မဟုတ် တရားမဝင် သားသမီးကိုဖြစ်စေ ထောက်ပံ့ခြင်းမပြုဘဲ ပေါ့လျော့နေလျှင်၊ သို့မဟုတ် ထောက်ပံ့ရန်ငြင်းပယ်လျှင် ခရိုင် ရာဇဝတ် တရားသူကြီး၊ နယ်ပိုင် ရာဇဝတ် တရားသူကြီး၊ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦးဦးသည် ထိုကဲ့သို့ ပေါ့လျော့မှု၊ သို့မဟုတ် ငြင်းပယ်မှုအတွက် ခိုင်လုံသော အထောက်အထားရရှိသောအခါ အဆိုပါပျက်ကွက်သူသည် သူ၏ ဇနီး၊ သို့မဟုတ် သားသမီးကို တစ်လလျှင် မိမိသင့်သည် ထင်မြင်သည့်အတိုင်း ကျပ်တစ်ရာထက် မပိုသော လစဉ်ထောက်ပံ့ကြေးပေးရန်နှင့် ရာဇဝတ်တရားသူကြီးက အခါအားလျော်စွာ ညွှန်ကြားသည့်အတိုင်း အဆိုပါသူသို့ပေးရန် အမိန့်ချမှတ်နိုင်သည်။

(၂) အဆိုပါထောက်ပံ့ကြေးကို အမိန့်ချမှတ်သည့် နေ့မှစ၍ဖြစ်စေ၊ အမိန့်တွင် ထောက်ပံ့ကြေး လျှောက်လွှာတင်သည့်နေ့မှ စတင်ပေးရန် ပါရှိလျှင် ထိုအတိုင်းဖြစ်စေ ပေးစေရမည်။

အမိန့်ကို အကျိုးသက်ရောက်အောင် ဆောင်ရွက်ခြင်း။

(၃) ယင်းကဲ့သို့ အမိန့်ချမှတ်ခြင်းခံရသူ မည်သူမဆို အမိန့်ကို လိုက်နာရန် လုံလောက်သောအကြောင်းမရှိဘဲ ပျက်ကွက်ပါက ယင်းသို့အမိန့်ကို ဖောက်ဖျက်သည့်အခါတိုင်းအတွက် ကျသင့်သော ငွေကြေးကို ကောက်ခံရန် အထက်ကငွေဒဏ်များ ကောက်ခံရန် အတွက် ပြဋ္ဌာန်းထားသောနည်းလမ်းအတိုင်း ဝရမ်းထုတ်နိုင်သည်။ ထို့ပြင် ဝရမ်းအတည်ပြုပြီး နောက် ပေးသွင်းရန်ကျန်ရှိနေသည့် လစဉ်ထောက်ပံ့ကြေးအားလုံးအတွက်ဖြစ်စေ၊ အချို့အဝက် အတွက်ဖြစ်စေ ထိုသူကို တစ်လအထိ ထောင်ဒဏ်ဖြစ်စေ၊ တစ်လမတိုင်မီပေးလျှင် ထိုသို့ မပေးဘဲနေသည့်အချိန်ကာလအထိ ထောင်ဒဏ်ဖြစ်စေ ချမှတ်နိုင်သည်။

သို့ရာတွင် မိမိ၏ဇနီးသည် မိမိနှင့်အတူနေရန် စည်းကမ်းချက်ဖြင့် ကမ်းလှမ်းပါလျက်နှင့် ဇနီးဖြစ်သူက ၎င်းနှင့်အတူနေရန် ငြင်းပယ်လျှင် အဆိုပါ ရာဇဝတ်တရားသူကြီးသည် ထိုဇနီးက အတူမနေလိုကြောင်း ငြင်းပယ်ရသည့် အကြောင်းပြချက်များကို စဉ်းစား၍ ခင်ပွန်း ဖြစ်သူက အဆိုပါကမ်းလှမ်းချက်ကို ပြုလုပ်သည့်တိုင်အောင် ဇနီးဖြစ်သူမှာ အတူမနေနိုင်ခြင်း အတွက် တရားလမ်းမှန်ကျသော အကြောင်းပြချက်ရှိသည်ဟု ကျေနပ်ပါက ဤပုဒ်မအရ အမိန့် ချမှတ်နိုင်သည်။

ထို့ပြင်လည်း ဤပုဒ်မအရ ရသင့်သည့် ငွေကို ကောက်ခံပေးရန်၊ ငွေပေးရန် အချိန်ကာလစေ့ ရောက်သည့်နေ့မှ တစ်နှစ်အတွင်း သက်ဆိုင်ရာတရားရုံးတွင် လျှောက်ထားခြင်း မပြုပါက ယင်းငွေတောင်းခံရန်အတွက် ဝရမ်းစာမထုတ်ရ။

(၄) ဤပုဒ်မအရ ခင်ပွန်းဖြစ်သူထံမှ ထောက်ပံ့ကြေးရထိုက်သော မည်သည့် ဇနီးမဆို အခြားယောကျ်ားတစ်ဦးနှင့်ဖောက်ပြန်နေလျှင်၊ သို့မဟုတ် လုံလောက်သောအကြောင်း တစ်စုံတစ်ရာမရှိဘဲ သူမ၏ခင်ပွန်းဖြစ်သူနှင့် အတူနေထိုင်ရန် ငြင်းပယ်လျှင်၊ သို့မဟုတ် ၎င်းတို့သည် နှစ်ဦးသဘောတူညီချက်အရ တကွဲတပြား နေထိုင်ကြလျှင် ထောက်ပံ့ကြေး ရထိုက်ခွင့် မရှိစေရ။

(၅) ဤပုဒ်မအရ ရရန် အမိန့်တစ်ရပ်ချမှတ်ထားသော မည်သည့် ဇနီးမဆို အခြားယောကျ်ားတစ်ဦးနှင့် ဖောက်ပြန်နေကြောင်း၊ သို့မဟုတ် လုံလောက်သောအကြောင်းမရှိဘဲ သူမ၏ ခင်ပွန်းနှင့်အတူနေထိုင်ရန် ငြင်းပယ်ကြောင်း၊ သို့မဟုတ် သူတို့သည် နှစ်ဦးသဘောတူညီချက်အရ တကွဲတပြားနေထိုင်ကြကြောင်း သက်သေခံအထောက်အထား ပေါ်ပေါက်လျှင် ရာဇဝတ်တရားသူကြီးသည် အမိန့်ကို ပယ်ဖျက်ရမည်။

(၆) ဤအခန်းအရ သက်သေခံချက်အားလုံးကို သက်ဆိုင်ရာ ခင်ပွန်း၊ သို့မဟုတ် ဖခင်၏ရှေ့မှောက်တွင်၊ သို့မဟုတ် ထိုသူ၏ လာရောက်ခြင်းကို ခွင့်လွှတ်ထားပါက ၎င်း၏ရှေ့နေရှေ့မှောက်တွင် ရယူရမည်။ ၎င်းပြင် အဆိုပါ သက်သေခံချက်ကို သမ္မန်မှုများအတွက် သတ်မှတ်ထားသော နည်းလမ်းအတိုင်း ရေးမှတ်ရမည်။

သို့ရာတွင် ထိုသူသည် သမ္မန်စာကို လက်မခံရအောင် တမင် ရှောင်တိမ်းနေကြောင်း၊ သို့မဟုတ် တရားရုံးသို့လာရောက်ရန် တမင်ပေါ့လျော့ကြောင်း ရာဇဝတ်တရားသူကြီး သည် ကျေနပ်လက်ခံလျှင် ထိုရာဇဝတ်တရားသူကြီးသည် အမှုကို တစ်ဖက်သတ်ကြားနာဆုံးဖြတ် နိုင်သည်။ ထိုအမိန့်ချမှတ်သည့်နေ့ရက်မှ သုံးလအတွင်း လျှောက်ထားရန် ခိုင်လုံသော အကြောင်းပြချက် တင်ပြနိုင်ပါက ချမှတ်သော မည်သည့်အမိန့်ကိုမဆို ပယ်ဖျက်ပေးနိုင်သည်။

(၇) ဤပုဒ်မအရ လျှောက်လွှာများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာ၌ တရားရုံးသည် တရားမျှတသည့် တရားစရိတ်များကို ပေးစေရန် အမိန့်ချမှတ်နိုင်သည့် အာဏာ ရှိစေရမည်။

(၈) မည်သူ့ကိုမဆို ၎င်းနေထိုင်ရာ၊ သို့မဟုတ် ၎င်းသည်ဇနီးနှင့်အတူနောက်ဆုံးနေထိုင်ရာ၊ သို့မဟုတ် သက်ဆိုင်ရာ တရားမဝင်သော သားသမီး၏ မိခင်နှင့်အတူ နောက်ဆုံးနေထိုင်ခဲ့ရာ ခရိုင်အတွင်း၌ ဤပုဒ်မအရ မှုခင်းကိစ္စများကို အရေးယူ ဆောင်ရွက်နိုင်သည်။

၄၈၉။ (၁) ပုဒ်မ ၄၈၈အရ လစဉ်ထောက်ပံ့ငွေ ရရှိနေသူ တစ်ဦး၏ အခြေအနေ ဖြစ်စေ၊ ဤပုဒ်မအရ ဇနီးကိုဖြစ်စေ၊ သားသမီးကိုဖြစ်စေ၊ လစဉ်ထောက်ပံ့ရန် အမိန့်ချမှတ်ခြင်း ခံရသူတစ်ဦး၏ အခြေအနေဖြစ်စေ ပြောင်းလဲသွားကြောင်း သက်သေခံ အထောက်အထားပေါ်ပေါက်သည့်အခါ ရာဇဝတ်တရားသူကြီးသည် မိမိသင့်သည် ထင်မြင်သည့်အတိုင်း ထောက်ပံ့ကြေးကို ပြောင်းလဲရန် အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် ထောက်ပံ့ကြေးကို တိုးပေးလျှင် လစဉ်ထောက်ပံ့ကြေးသည် စုစုပေါင်း ကျပ်တစ်ရာထက် မပိုစေရ။ စရိတ်ငွေကို ပြောင်းလဲခြင်း။

(၂) အခွင့်အာဏာရ တရားမတရားရုံးတစ်ရုံး၏ ဆုံးဖြတ်ချက် တစ်စုံတစ်ရာကြောင့် ပုဒ်မ၄၈၈ အရ ချမှတ်ထားသည့်အမိန့်တစ်စုံတစ်ရာကို ပယ်ဖျက်သင့်ကြောင်း၊ သို့မဟုတ် ပြောင်းလဲသင့်ကြောင်း ရာဇဝတ်တရားသူကြီးက ယူဆပါက တရားမတရားရုံး၏ ဆုံးဖြတ်ချက်နှင့် လျော်ညီစွာ မိမိ၏အမိန့်ကို ပယ်ဖျက်နိုင်သည်၊ သို့မဟုတ် ပြောင်းလဲနိုင်သည်။

၄၉၀။ စရိတ်ထောက်ပံ့ကြေးပေးရန် အမိန့်မိတ္တူတစ်စောင်ကို ထောက်ပံ့ကြေးရမည့်သူ အားဖြစ်စေ၊ ၎င်း၌အုပ်ထိန်းသူရှိလျှင် ၎င်း၏အုပ်ထိန်းသူအားဖြစ်စေ၊ ထောက်ပံ့ကြေး ပေးအပ်ခြင်းခံရမည့်သူအား ဖြစ်စေ အခမဲ့ ထုတ်ပေးရမည်။ ၎င်းအပြင် အဆိုပါအမိန့်ကို ယင်းသို့ ထောက်ပံ့ကြေးပေးစေရန် အမိန့်ချမှတ်ခြင်းခံရသူ နေထိုင်ရာ မည်သည့်အရပ်ဒေသရှိ ရာဇဝတ်တရားသူကြီးမဆို အမှုသည်များ မှန်ကန်ကြောင်းနှင့် ပေးရန်ရှိသည့် ထောက်ပံ့ကြေးကို မပေးခြင်းမှာလည်း မှန်ကန်ကြောင်း ကျေနပ်လက်ခံလျှင် အဆိုပါအမိန့်ကို အတည်ပြုနိုင်သည်။ စရိတ်ထောက်ပံ့ကြေးပေးရန် အမိန့်ကို အကျိုးသက်ရောက်အောင် ဆောင်ရွက်ခြင်း

## အခန်း ၃၇

## ရှေ့တော်သွင်း စာချွန်တော် တစ်ရပ်ကဲ့သို့ သဘောသဘာဝရှိသော ညွှန်ကြားချက်များ

၄၉၁။ (၁) တရားလွှတ်တော်က မိမိသင့်သည် ထင်မြင်သည့်အတိုင်း ညွှန်ကြားနိုင်သည်မှာ— ရှေ့တော်သွင်း စာချွန်တော် တစ်ရပ်ကဲ့သို့ သဘော သဘာဝ ရှိသော ညွှန်ကြားချက်များ ထုတ်ဆင့်နိုင်သည့်အာဏာ။

(က) မိမိ၏ ပြစ်မှုဆိုင်ရာ အယူခံစီရင်ပိုင်ခွင့်အာဏာ နယ်မြေအတွင်း တစ်ဦးတစ်ယောက်ကို တရားဥပဒေနှင့်အညီဆောင်ရွက်ရေးအတွက် တရားရုံးရှေ့သို့ တင်ပို့ပေးရန်၊

(ခ) အဆိုပါ စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း၌ မတရားဖြစ်စေ၊ နည်းလမ်းမကျဘဲဖြစ်စေ အများပြည်သူဆိုင်ရာအချုပ်၊ သို့မဟုတ် ပုဂ္ဂလိကအချုပ်မှလွှတ်ရန်၊

(ဂ) အဆိုပါ စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း တည်ရှိသည့် အကျဉ်းထောင်တစ်ခုခုတွင် ချုပ်နှောင်ထိန်းသိမ်းထားသည့် အကျဉ်းသား တစ်ဦးကိုအဆိုပါတရားရုံး ဆောင်ရွက်ဆဲဖြစ်သည့် ကိစ္စတစ်ခုတွင်ဖြစ်စေ၊စုံစမ်းမှုတစ်ရပ်တွင်ဖြစ်စေ သက်သေ တစ်ဦးအဖြစ် စစ်မေးရန်အတွက် တရားရုံးရှေ့သို့ တင်ပို့စေရန်၊

(ဃ) အထက်တွင်ဆိုခဲ့သည့်အတိုင်း ချုပ်နှောင် ထိန်းသိမ်းထားသည့် အကျဉ်းသား တစ်ဦးကို စစ်ဘက်ဆိုင်ရာ တရားရုံးတစ်ရုံးသို့ဖြစ်စေ၊ နိုင်ငံတော်သမ္မတထံမှ လွှဲအပ်သည့် ကော်မရှင်တစ်ရပ်ရပ်၏ အခွင့်အာဏာဖြင့် ဆောင်ရွက်သည့် ကော်မရှင် နာလူကြီးများရှေ့သို့ဖြစ်စေ အဆိုပါစစ်ဘက်ဆိုင်ရာ တရားရုံး၊ သို့မဟုတ် ကော်မရှင်နာလူကြီးများရှေ့တွင် ဆောင်ရွက်ဆဲဖြစ်သည့် ကိစ္စတစ်ရပ် ရပ်နှင့် စပ်လျဉ်း၍ စစ်ဆေးကြားနာရန်အတွက်၊ သို့မဟုတ် မေးရန်အတွက် တရားရုံးရှေ့သို့ တင်ပို့စေရန်၊

(င) အဆိုပါ စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း အကျဉ်းသားတစ်ဦးအား စစ်ဆေး စီရင်ရန်ကိစ္စအလို့ငှာ အချုပ်တစ်ခုမှ အခြားတစ်ခုသို့ ရွှေ့ပြောင်းရန်၊

(၂) တရားလွှတ်တော်က ဤပုဒ်မအရဆောင်ရွက်သည့်အမှုများ၌ လိုက်နာရန် ကျင့်ထုံးကို အခါအားလျော်စွာ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

(၃) ဤပုဒ်မပါ မည်သည့်အချက်ကမျှ နိုင်ငံတော်အကျဉ်းသားများ စည်းမျဉ်း ဥပဒေအရ ချုပ်နှောင် ထိန်းသိမ်းထားသူများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၄၉၁ က။ × × × ×

## အပိုင်း ၉

## နောက်ဆက်တွဲ ပြဋ္ဌာန်းချက်များ

## အခန်း ၃၈

## အစိုးရရှေ့နေ

အစိုးရရှေ့နေများခန့်ထားနိုင်သည့် အာဏာ။

၄၉၂။ (၁) နိုင်ငံတော်သမ္မတသည်၊ သို့မဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက သီးခြားဖော်ပြထားသောအရာရှိ၊ သို့မဟုတ် အာဏာပိုင်သည် မည်သည့်ဒေသတွင်မဆို ယေဘုယျအားဖြင့်ဖြစ်စေ၊ အမှုတစ်ခုခုတွင်ဖြစ်စေ၊ သီးခြားဖော်ပြထားသည့် အမှုမျိုးအစားအတွက် ဖြစ်စေ အစိုးရရှေ့နေများဟု ခေါ်တွင်သော တစ်ဦး၊ သို့မဟုတ် တစ်ဦးထက်ပိုသော အရာရှိများကို ခန့်ထားနိုင်သည်။

(၂) ခရိုင်ရာဇဝတ်တရားသူကြီးသည်၊ သို့မဟုတ် ခရိုင်ရာဇဝတ်တရားသူကြီး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နယ်ပိုင်ရာဇဝတ်တရားသူကြီးသည် အစိုးရရှေ့နေ မရှိသည့်အခါဖြစ်စေ၊ အစိုးရရှေ့နေခန့်ထားပြီးမဟုတ်သည့်အခါဖြစ်စေ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက သတ်မှတ်သည့် ရာထူးအဆင့်အတန်းအောက်နိမ့်သော ရဲအရာရှိမဟုတ်သူ အခြားမည်သူကိုမဆို အမှုတစ်မှုမှု ကိစ္စအလို့ငှာ အစိုးရရှေ့နေအဖြစ် ခန့်ထားနိုင်သည်။

အစိုးရရှေ့နေသည် တရားရုံးအားလုံးတွင် မိမိတာဝန်ယူရမည့် အမှုများ၌ လျှောက်လဲနိုင်ခြင်း။

၄၉၃။ အစိုးရရှေ့နေသည် မိမိတာဝန်ယူရသည့် မည်သည့်အမှုတွင်မဆို ပြုလုပ်မှုသည် စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု၊ သို့မဟုတ် အယူခံအမှု၌ အမိန့်စာမပါဘဲ မည်သည့်တရားရုံး ရှေ့မဆို ရောက်ရှိ၍ အမှုလိုက်ပါဆောင်ရွက် လျှောက်လဲနိုင်သည်။

ပုဂ္ဂလိက ငှားရမ်းသော ရှေ့နေများသည် ၎င်းညွှန်ကြားမှုအောက်တွင် ရှိနေရခြင်း။

ထို့ပြင် အဆိုပါအမှုမျိုးတွင် တစ်ဦးတစ်ယောက်က အခြားတစ်ဦးကို မည်သည့် တရားရုံးတွင်မဆို အမှုစွဲဆိုရန် ရှေ့နေတစ်ဦးကို ငှားရမ်းလျှင်လည်း အစိုးရရှေ့နေကပင် တရားစွဲဆိုမှုကို ဆောင်ရွက်ရမည်။ ငှားရမ်းသည့်ရှေ့နေသည် ထိုအမှုတွင် အစိုးရရှေ့နေ၏ ညွှန်ကြားမှုများအရ ဆောင်ရွက်ရမည်။

စွဲဆိုမှုကို ရုပ်သိမ်းခြင်း၏ အကျိုးသက်ရောက်မှု။

၄၉၄။ မည်သည့် အစိုးရရှေ့နေမဆို ဂျူရီလူကြီးများနှင့် စစ်ဆေးစီရင်သော အမှုများတွင် ဂျူရီလူကြီးများ၏ ဆုံးဖြတ်ချက်မတင်ပြမီ၊ ၎င်းအပြင် အခြားအမှုများ၌ စီရင်ချက်မချမီ လူတစ်ယောက်ကို ၎င်းအပေါ်စွဲဆိုထားသောအမှုမှ ယေဘုယျအားဖြင့်ဖြစ်စေ၊ ၎င်းကိုကြားနာစစ်ဆေးနေသည့် ပြစ်မှုများအနက် ပြစ်မှုတစ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပြစ်မှုအများနှင့် စပ်လျဉ်း၍ ဖြစ်စေ တရားရုံး၏ သဘောတူညီချက်ဖြင့် ရုပ်သိမ်းနိုင်သည်။ ထိုကဲ့သို့ ရုပ်သိမ်းသောအခါ–

(က) စွဲချက်မတင်မီ ရုပ်သိမ်းခြင်းဖြစ်လျှင် တရားခံကို အဆိုပါပြစ်မှု၊ သို့မဟုတ် ပြစ်မှုများနှင့်စပ်လျဉ်း၍ စွဲချက်မတင်မီ လွှတ်ရမည်။

(ခ) စွဲချက်တင်ပြီးနောက်မှ ရုပ်သိမ်းခြင်းဖြစ်လျှင်၊ သို့မဟုတ် ကျင့်ထုံး ဥပဒေအရ စွဲချက်တင်ရန် မလိုအပ်သည့်အခါ အဆိုပါ ပြစ်မှု၊ သို့မဟုတ် ပြစ်မှုများနှင့်စပ်လျဉ်း၍ အမှုမှအပြီးအပြတ်လွတ်ရမည်။

၄၉၅။ (၁) မည်သည့်အမှုကိုမဆို စုံစမ်းစစ်ဆေးလျက်၊ သို့မဟုတ် စစ်ဆေးကြားနာလျက်ရှိသည့် ရာဇဝတ်တရားသူကြီးတစ်ဦးဦးသည် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက သတ်မှတ်သည့် ရာထူးအဆင့်အောက်နိမ့်သော ရဲအရာရှိတစ်ယောက်မှတစ်ပါး မည်သူကိုမဆို အမှုစွဲဆိုခြင်းကို ဆောင်ရွက်ခွင့်ပြုနိုင်သည်။ သို့ရာတွင် ရှေ့နေချုပ်၊ အစိုးရရှေ့နေ၊ သို့မဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ယေဘုယျအားဖြင့်ဖြစ်စေ၊ အထူးအားဖြင့်ဖြစ်စေ အာဏာအပ်နှင်းထားသည့် အခြားအရာရှိမှလွဲ၍ မည်သူမျှဆိုခဲ့သည့် ခွင့်ပြုချက်မရှိဘဲ ယင်းကဲ့သို့ စွဲဆိုဆောင်ရွက်ခွင့် မရှိစေရ။ အမှုစွဲဆိုခြင်းကို ဆောင်ရွက်ရန် ခွင့်ပြုချက်။

(၂) ဆိုခဲ့သည့် အရာရှိမျိုးတွင် ပုဒ်မ ၄၉၄၌ ပြဋ္ဌာန်းထားသည့်အတိုင်း အမှုကို ရုပ်သိမ်းနိုင်သော အလားတူ အာဏာရှိစေရမည်။ ထို့ပြင် ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဆိုခဲ့သည့် အရာရှိက ပြုလုပ်သည့် မည်သည့်အမှုရုပ်သိမ်းခြင်းနှင့်မဆို သက်ဆိုင်စေရမည်။

(၃) အမှုစွဲဆိုဆောင်ရွက်သည့် မည်သူမဆို ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေတစ်ဦးဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်သည်။

(၄) ရဲအရာရှိတစ်ဦးသည် တရားခံကို စွဲဆိုထားသည့် ပြစ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းရာ၌ ပါဝင်ခဲ့လျှင် ထိုရဲအရာရှိကို အမှုစွဲဆိုဆောင်ရွက်ခွင့်မပြုရ။

## အခန်း ၃၉

## အာမခံအကြောင်း

၄၉၆။ အာမခံမပေးနိုင်သော ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခံရသူမှတစ်ပါး အခြား မည်သူ တစ်ဦးတစ်ယောက်ကိုမဆို ဝရမ်းမပါဘဲ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူးကဖြစ်စေ၊ ရဲကြပ်ကြီးရာထူးထက် မနိမ့်သော စုံစမ်းထောက်လှမ်းသူ အရာရှိတစ်ဦးကဖြစ်စေ ဖမ်းဆီးခြင်း၊ သို့မဟုတ် ချုပ်နှောင်ထိန်းသိမ်းခြင်း ပြုသောအခါ၊ သို့မဟုတ် ထိုသူသည် တရားရုံးတစ်ရုံးရှေ့သို့ ရောက်ရှိခြင်း၊ သို့မဟုတ် ခေါ်ဆောင်လာခြင်းခံရသောအခါ၊ထို့အပြင် အဆိုပါ ရဲအရာရှိ၏ ထိန်းသိမ်းမှုအောက်တွင်ရှိစဉ် မည်သည့်အချိန်အခါမဆို၊ သို့မဟုတ် အဆိုပါ တရားရုံးရှေ့တွင် ဆောင်ရွက်သည့် မှုခင်းကိစ္စ၏ မည်သည့်အဆင့်၌မဆို အာမခံပေးရန် အသင့်ဖြစ်လျှင် ထိုသူကို အာမခံဖြင့် လွှတ်ထားရမည်။ သို့ရာတွင် အဆိုပါ အရာရှိ၊ သို့မဟုတ် တရားရုံးက သင့်သည်ထင်မြင်လျှင် ထိုသူထံမှ အာမခံယူမည့်အစား အောက်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ထိုသူရောက်ရှိရန်အတွက် အာမခံသူများမပါဘဲ ခံဝန်ချုပ် ချုပ်ဆိုစေလျက် ထိုသူအား လွှတ်ထားနိုင်သည်။ မည်သို့သော အမှုများတွင် အာမခံယူရခြင်း။

ထို့ပြင် ဤပုဒ်မပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ ပုဒ်မ ၁၀၇၊ ပုဒ်မခွဲ(၄)၊ သို့မဟုတ် ပုဒ်မ ၁၁၇၊ ပုဒ်မခွဲ(၃)ပါ ပြဋ္ဌာန်းချက်များကို ထိခိုက်စေသည်ဟု မမှတ်ယူရ။

၄၉၇။ (၁) အာမခံမပေးနိုင်သော ပြစ်မှုတစ်စုံတစ်ရာဖြင့် စွပ်စွဲခံရသူ တစ်ဦးသည် ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူးက ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းဖြစ်စေ၊ ချုပ်နှောင်ခြင်းဖြစ်စေ ခံရသည့်အခါ၊ သို့မဟုတ် တရားရုံးရှေ့သို့ ထိုသူရောက်ရှိသောအခါ၊ သို့မဟုတ် တရားရုံးရှေ့သို့ ခေါ်ဆောင်ခြင်းခံရသည့်အခါ၊ ထိုသူကို အာမခံဖြင့် လွှတ်ထားနိုင်သည်။ သို့သော်လည်း ထိုသူသည် သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ စီရင်ထိုက်သော ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့သည်ဟု ယုံကြည်ရန် သင့်လျော်သော အကြောင်းများရှိလျှင် ထိုသူကို ထိုကဲ့သို့ လွှတ်ထားခြင်းမပြုရ။

အာမခံမပေးနိုင်သော ပြစ်မှုတွင် မည်သည့်အခါ အာမခံယူနိုင်ခြင်း။

သို့ရာတွင် အဆိုပါပြစ်မှုမျိုးဖြင့် စွပ်စွဲခြင်းခံရသည့် အသက်တစ်ဆယ့်ခြောက်နှစ်အောက်ရှိသူ မည်သူကိုမဆို၊ သို့မဟုတ် မည်သည့်အမျိုးသမီးကိုမဆို၊ သို့မဟုတ် ဖျားနာနေသော၊ သို့မဟုတ် ချည့်နဲ့နေသော မည်သူ့ကိုမဆို အာမခံဖြင့် လွှတ်ထားရန် တရားရုံးက ညွှန်ကြားနိုင်သည်။

(၂) အဆိုပါ အရာရှိ၊ သို့မဟုတ် တရားရုံးက စုံစမ်းထောက်လှမ်းမှု၊ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှု၏ မည်သည့်အဆင့်၌မဆို စွပ်စွဲခံရသူသည် အာမခံမပေးနိုင်သည့် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့သည်ဟု ယုံကြည်ရန်သင့်လျော်သော အကြောင်းများမရှိသော်လည်း ထိုသူ၏ ပြစ်မှုကို ဆက်လက်စုံစမ်းစစ်ဆေးရန် လုံလောက်သော အကြောင်းများရှိသည်ဟု ထင်မြင်လျှင် စွပ်စွဲခံရသူကို အဆိုပါ စုံစမ်းဆေးမှုအတွင်း၌ အာမခံဖြင့်လွှတ်ထားစေရမည်၊ သို့မဟုတ် အဆိုပါ အရာရှိ၊ သို့မဟုတ် တရားရုံး၏ သဘောအတိုင်း အောက်တွင်ပြဋ္ဌာန်းချက်များနှင့်အညီ ထိုသူ ရောက်ရှိစေရန်အတွက် အာမခံသူများမပါဘဲ ခံဝန်ချုပ် ချုပ်ဆိုစေလျက် လွှတ်ထားရမည်။

(၃) ပုဒ်မခွဲ(၁)အရ၊ သို့မဟုတ် ပုဒ်မခွဲ(၂)အရ တစ်ဦးတစ်ယောက်ကို အာမခံဖြင့် လွှတ်ပေးသည့် အရာရှိတစ်ဦး၊ သို့မဟုတ် တရားရုံးတစ်ရုံးသည် မည်သည့်အကြောင်းများကြောင့် ထိုကဲ့သို့ လွှတ်ထားရကြောင်း မိမိ၏အကြောင်းပြချက်များကို စာဖြင့်ရေးမှတ်ထားရမည်။

(၄) အာမခံမပေးနိုင်သော ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲခံရသူတစ်ဦးကို စစ်ဆေးမှု ပြီးဆုံးပြီးနောက် စီရင်ချက် မချမှတ်မီ မည်သည့်အချိန်တွင်မဆို ထိုစွပ်စွဲခံရသူသည် အဆိုပါ ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ခဲ့ခြင်းမရှိကြောင်း ယုံကြည်ရန် သင့်လျော်သော အကြောင်းများရှိနေသည်ဟု တရားရုံးက ထင်မြင်လျှင် အကယ်၍ ထိုစွပ်စွဲခံရသူသည် အချုပ်တွင် ရှိနေပါက စီရင်ချက် ချမှတ်သည့်အခါ ထိုသူရောက်ရှိ နားထောင်ရန်အတွက် အာမခံသူများမပါဘဲ ခံဝန်ချုပ် ချုပ်ဆိုစေလျက် ထိုသူကို လွှတ်ပေးရမည်။

(၅) တရားလွှတ်တော်၊ သို့မဟုတ် စက်ရှင်တရားရုံး၊ ထို့ပြင်တစ်ဦး တစ်ယောက်ကို လွှတ်ထား သော အခြား မည်သည့်တရားရုံးကမဆို ဤပုဒ်မအရ လွှတ်ပေးထားသူ တစ်ဦးတစ်ယောက်ကို ပြန်ဖမ်းပြီး ချုပ်နှောင်ထားစေနိုင်သည်။

၄၉၈။ (၁) တရားလွှတ်တော်၊ သို့မဟုတ် စက်ရှင်တရားရုံးသည် မည်သည့်အမှုတွင် မဆို ပြစ်မှုထင်ရှားစီရင်ခြင်းကို အယူခံသည်ဖြစ်စေ၊ အယူမခံသည်ဖြစ်စေ မည်သူကိုမဆို အာမခံပေးခွင့်ပြုရန်၊ သို့မဟုတ် ရဲအရာရှိတစ်ဦးကဖြစ်စေ၊ ရာဇဝတ်တရားသူကြီးတစ်ဦးကဖြစ်စေ တောင်းဆိုထားသည့် အာမခံကို လျှော့စေရန် ညွှန်ကြားနိုင်သည်။

အာမခံပေးရန်၊ သို့မဟုတ် အာမခံကို လျှော့ရန် ညွှန်ကြားနိုင်သောအာဏာ။

(၂) ဤအခန်းအရ ချုပ်ဆိုသော ခံဝန်ချုပ်တိုင်း၏ ငွေအရေအတွက်သည် အခြေအနေအရ မများလွန်းစေရ။

သို့ရာတွင် သက်ဆိုင်ရာရာ ရှေ့နေချုပ်ကိုဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီးကို ဖြစ်စေ ကြားနာနိုင်ရန် အခွင့်အလမ်းမပေးဘဲ မည်သူ့ကိုမျှ ဤပုဒ်မအရ အာမခံမပေးရ။

၄၉၉။ မည်သူ့ကိုမဆို အာမခံဖြင့်၊ သို့မဟုတ် သူ၏ ကိုယ်တိုင်ခံဝန်ချုပ်ဖြင့် မလွှတ်မီ သက်ဆိုင်ရာရဲအရာရှိ၊ သို့မဟုတ် တရားရုံးက လုံလောက်သည်ဟု ထင်မြင်သည့် ငွေကြေး ပမာဏအတွက် ခံဝန်ချုပ်တစ်ခုကို အဆိုပါသူအားလည်းကောင်း၊ ထိုသူအား အာမခံဖြင့်လွှတ်သောအခါ ခံဝန်ချုပ်၌ဖော်ပြထားသော အချိန်နှင့် နေရာတွင် ထိုသူလာရောက်စေပါမည်၊ ထို့ပြင် သက်ဆိုင်ရာရာ ရဲအရာရှိ၊ သို့မဟုတ် တရားရုံးက အခြားနည်း မညွှန်ကြားသေးသမျှ ထိုကဲ့သို့ ဆက်လက် လာရောက်စေပါမည်ဟု တာဝန်ယူသည့် တစ်ဦး၊ သို့မဟုတ် တစ်ဦးထက်ပိုသော လုံလောက်သည့် အာမခံများအားလည်းကောင်း ချုပ်ဆိုစေရမည်။ (ခွပ်ခွဲခံရသူ (တရားခံ) နှင့် အာမခံသူများ၏ ခံဝန်ချုပ်။)

(၂) အမှုက ထိုသို့လိုအပ်လျှင် ခံဝန်ဖြင့် လွှတ်ပေးခြင်းခံရသူကို တရားလွှတ်တော်သို့ ဖြစ်စေ၊ စက်ရှင်တရားရုံးသို့ဖြစ်စေ၊ အခြားတရားရုံးတစ်ရုံးသို့ဖြစ်စေ စွဲချက်ကို ဖြေရှင်းရန် ဆင့်ခေါ်သောအခါ လာရောက်စေရန်အတွက်လည်း ခံဝန်ချုပ်ဖြင့် ချုပ်ကိုင်ရမည်။

၅၀၀။ (၁) ခံဝန်ချုပ်ကို ချုပ်ဆိုပြီးလျှင်ပြီးချင်း ရောက်ရှိရန် ခံဝန်ချုပ်ဆိုပေးရသူကို လွှတ်ရမည်။ ထိုသူသည် အကျဉ်းထောင်၌ရှိနေပါက အာမခံခွင့်ပြုသော တရားရုံးက ထိုသူအား လွှတ်ရန် အကျဉ်းထောင်တာဝန်ခံအရာရှိထံသို့ အမိန့်တစ်ရပ် ထုတ်ဆင့်ရမည်။ အဆိုပါအရာရှိသည် တရားရုံး၏ အမိန့်ကိုရရှိသောအခါ ထိုသူကို လွှတ်ရမည်။ (အချုပ်မှ လွှတ်ခြင်း။)

(၂) ခံဝန်ချုပ် ချုပ်ဆိုရသည့် အကြောင်းအရာမှတစ်ပါး အခြားအကြောင်းအရာ တစ်စုံတစ်ရာကြောင့် ချုပ်နှောင်ထားသင့်သူတစ်ဦးကို ဤပုဒ်မ၊ ပုဒ်မ၄၉၆၊ သို့မဟုတ် ပုဒ်မ ၄၉၇ပါ မည်သည့်ပြဋ္ဌာန်းချက်အရမျှ လွှတ်ပေးရန် လိုအပ်သည်ဟု မမှတ်ယူရ။

၅၀၁။ မှားယွင်းမှု၊ လိမ်လည်မှု၊ သို့မဟုတ် အခြား အကြောင်းတစ်ခုခုကြောင့် မလုံလောက်သော အာမခံသူများကို လက်ခံထားပြီးဖြစ်လျှင်၊ သို့မဟုတ် ထိုအာမခံသူများသည် နောက်ပိုင်းတွင် မလုံလောက်ဖြစ်လာလျှင် တရားရုံးသည် အာမခံဖြင့် လွှတ်ထားသူကို ရှေ့သို့ခေါ်ဆောင်လာရန် ညွှန်ကြားချက်ဖြင့် လူဖမ်းဝရမ်းတစ်စောင် ထုတ်ပေးနိုင်သည်။ ထို့ပြင် ထိုသူကို လုံလောက်သောအာမခံသူများ ရှာပေးရန် အမိန့်ချမှတ်နိုင်သည်၊ ထိုသူက ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သော် ၎င်းအား အကျဉ်းထောင်သို့ ပို့နိုင်သည်။ (ပထမယူထားသည့် အာမခံ မလုံလောက်သောအခါ လုံလောက်သော အာမခံ ပေးရန် အမိန့်ချမှတ်နိုင်သည့် အာဏာ။)

၅၀၂။ (၁) အာမခံဖြင့် လွှတ်ထားသူတစ်ဦး၏ တက်ရောက်ခြင်းနှင့် ရောက်ရှိခြင်းအတွက် အာမခံသူအားလုံးက၊ သို့မဟုတ် တစ်ဦးတစ်ယောက်က ခံဝန်ချုပ်တစ်ခုလုံးကိုဖြစ်စေ၊ လျှောက်ထားသူများနှင့် သက်ဆိုင်သမျှကိုဖြစ်စေ ဖျက်သိမ်းပေးရန် ရာဇဝတ်တရားသူကြီးတစ်ဦးထံတွင် အချိန်မရွေး လျှောက်ထားနိုင်သည်။ (အာမခံသူများအား ဖျက်သိမ်းခွင့်ပြုခြင်း။)

(၂) အဆိုပါ လျှောက်ထားခြင်း ပြုလုပ်သောအခါ ထိုကဲ့သို့ လွှတ်ပေးထားသူကို မိမိရှေ့သို့ ခေါ်ယူလာစေရန် ညွှန်ကြားသည့် လူဖမ်းဝရမ်းကို ရာဇဝတ်တရားသူကြီးက ထုတ်ပေးရမည်။

(၃) ဝရမ်းအရ ထိုသူရောက်ရှိလာသောအခါ၊ သို့မဟုတ် ၎င်းကိုယ်တိုင်က မိမိအလိုအလျောက်လာရောက် အဖမ်းခံသည့်အခါ ခံဝန်ချုပ်တစ်ခုလုံးကိုဖြစ်စေ၊ လျှောက်ထားသူများနှင့် သက်ဆိုင်သမျှကိုဖြစ်စေ ဖျက်သိမ်းရန် ရာဇဝတ်တရားသူကြီးက ညွှန်ကြားရမည်။ ထိုသူကို လုံလောက်သော အခြားအာမခံသူများရှာပေးရန် ရာဇဝတ်တရားသူကြီးက တောင်းဆိုရမည်။ ထိုသူက လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ရာဇဝတ်တရားသူကြီးသည် ထိုသူကို အချုပ်သို့ ပို့နိုင်သည်။

## အခန်း ၄၀

## သက်သေများကို စစ်မေးရန် ထုတ်ဆင့်သည့် ကော်မရှင်များ

၅၀၃။ (၁) ဤကျင့်ထုံးဥပဒေအရ ပြုလုပ်သည့် စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု၊ သို့မဟုတ် အခြားမှုခင်းဆောင်ရွက်မှု တစ်စုံတစ်ရာအတောအတွင်း၌ မည်သည့်အချိန်အခါမဆို ခရိုင်ရာဇဝတ်ရာဇဝတ်ရေးသူကြီးတစ်ဦး၊ စက်ရှင်တရားရုံးတစ်ရုံး၊ သို့မဟုတ် တရားလွှတ်တော်က တရားဖြောင့်မှန်ရေးအတွက် သက်သေတစ်ဦးအား စစ်မေးရန် လိုအပ်သည်ဟူ၍လည်းကောင်း၊ အမှုအခြေအနေအရ မလျော်ကန်သောကြန့်ကြာမှု၊ စရိတ်ကုန်ကျမှု၊ သို့မဟုတ် အဆင်မပြေမှု မရှိဘဲ အဆိုပါသက်သေ လာရောက်ခြင်းကို မရရှိနိုင်ဟူ၍လည်းကောင်း ယူဆလျှင် အဆိုပါ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးသည် ထိုသက်သေလာရောက်ခြင်းကို ခွင့်လွှတ်နိုင်ပြီး၊ ထိုသက်သေ၏ ထွက်ဆိုချက်ကို ရယူရန်အတွက် ထိုသက်သေနေထိုင်ရာအရပ်တွင် စီရင်ပိုင်ခွင့်အာဏာရှိသော ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးထံ ကော်မရှင်စာ ထုတ်ဆင့်နိုင်သည်။

သက်သေလာရောက်ခြင်းကို မည်သည့်အခါ ခွင့်လွှတ်နိုင်ခြင်း။

(၂) × × × ×

(၂က)။ × × × ×

(၃) ကော်မရှင်စာရရှိသည့် ရာဇဝတ်တရားသူကြီးသည်၊ သို့မဟုတ် ထိုရာဇဝတ်တရားသူကြီးမှာ ခရိုင်ရာဇဝတ်တရားသူကြီးဖြစ်လျှင် ခရိုင်ရာဇဝတ်တရားသူကြီးသည်၊ သို့မဟုတ် ဤကိစ္စအလို့ငှာ ခရိုင်ရာဇဝတ်တရားသူကြီးက ခန့်ထားသော ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးသည် သက်သေရှိရာအရပ်သို့ သွားရောက်ရမည်၊ သို့မဟုတ် သက်သေကို မိမိရှေ့သို့ လာရောက်စေရန် ဆင့်ဆိုရမည်။ ထို့နောက် ဤကျင့်ထုံးဥပဒေအရ ဝရမ်းမှုများ စစ်ဆေးစီရင်သည့် နည်းလမ်းနှင့် အာဏာများကို သုံးစွဲလျက် ၎င်းသက်သေ၏ထွက်ဆိုချက်ကိုရေးမှတ်ရမည်။

(၄) သက်သေမှာ ပြည်ထောင်စုမြန်မာနိုင်ငံပြင်ပရှိ နိုင်ငံတစ်နိုင်ငံ၊ သို့မဟုတ် အရပ်ဒေသတစ်ခုတွင် ရှိနေပြီး ပြစ်မှုများနှင့်စပ်လျဉ်း၍ သက်သေများ၏ သက်သေခံချက် ရယူရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် အဆိုပါနိုင်ငံ၊ သို့မဟုတ် အရပ်ဒေသ၏အစိုးရတို့က စီစဉ်ထားပြီးဖြစ်လျှင် ကော်မရှင်စာကို နိုင်ငံတော်အစိုးရက ဤကိစ္စအလို့ငှာ အမိန့်ကြော်ငြာဖြင့် သတ်မှတ်ထားသည့်အတိုင်း ယင်းကော်မရှင်စာကို သတ်မှတ်ထားသောပုံစံဖြင့် အဆိုပါတရားရုံး၊ သို့မဟုတ် အရာရှိထံသို့ ရည်ညွှန်းလျက် တစ်ဆင့်လွှဲအပ်ပေးရန် သက်ဆိုင်ရာ အာဏာပိုင်ထံ ပေးပို့ရမည်။

၅၀၄။ × × × ×

၅၀၅။ (၁) ဤကျင့်ထုံးဥပဒေအရ ကော်မရှင်စာထုတ်ဆင့်သည့် အမှုတစ်စုံတစ်ရာမှ အမှုသည်များသည် ကော်မရှင်စာထုတ်ဆင့်သည့် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် တရားရုံးက အငြင်းပွားချက်နှင့် စပ်ဆိုင်သည်ဟု ယူဆနိုင်သော မေးခွန်းများကို အသီးသီးရေးသားပေးပို့နိုင်ကြပြီး ကော်မရှင်စာပေးပို့ခြင်းခံရသော ရာဇဝတ်တရားသူကြီးသည်၊ သို့မဟုတ် အဆိုပါ ကော်မရှင်စာအရ ဆောင်ရွက်ရန် တာဝန်လွှဲအပ်ခြင်းခံရသော ရာဇဝတ်တရားသူကြီးသည် အဆိုပါ မေးခွန်းများနှင့် စပ်လျဉ်း၍ သက်သေကို စစ်မေးရမည်။

အမှုသည်များက သက်သေများကို စစ်မေးနိုင်ခြင်း။

(၂) အဆိုပါအမှုသည် တစ်ဦးဦးသည် ထိုရာဇဝတ်တရားသူကြီးရှေ့သို့ ရှေ့နေဖြင့် လာရောက်နိုင်သည်၊ သို့မဟုတ် ချုပ်နှောင်ခံနေရခြင်းမရှိပါက မိမိကိုယ်တိုင် လာရောက်နိုင်သည်။ ထို့ပြင် အဆိုပါသက်သေကို စစ်မေးနိုင်သည်၊ ပြန်လှန်စစ်မေးနိုင်သည်၊ လိုအပ်လျှင်ထပ်မံ စစ်မေးနိုင်သည်။

၅၀၆။ ခရိုင်ရာဇဝတ်တရားသူကြီးမှအပ အခြား ရာဇဝတ်တရားသူကြီး တစ်ဦးဦးရှေ့တွင် ကြားနာဆဲ၊ စစ်ဆေးဆဲ ကြိုကြင့်ထုံးအရ ဆောင်ရွက်သည့် စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှု၊ သို့မဟုတ် အခြားမှုခင်း ကိစ္စဆောင်ရွက်မှု တစ်ရပ်ရပ်အတောအတွင်း မည်သည့်အချိန်အခါတွင်မဆို တရားဖြောင့်မှန်ရေး အတွက် သက်သေတစ်ဦး၏ သက်သေခံချက်သည် လိုအပ်သဖြင့် ထိုသက်သေအား ကော်မရှင်စာ ထုတ်ဆင့်၍ စစ်မေးသင့်သည်ဟု ယူဆသောအခါ၊ ထို့ပြင်အဆိုပါသက်သေ၏ လာရောက်ခြင်းမှာ ကြန့်ကြာမှု၊ စရိတ်စက ကုန်ကျမှု၊ သို့မဟုတ် အဆင်မပြေမှုမရှိဘဲ မရရှိနိုင်ဟု ယူဆသောအခါ အဆိုပါ ရာဇဝတ်တရားသူကြီးသည် အကျိုးအကြောင်း ဖော်ပြလျက် ခရိုင်ရာဇဝတ်တရားသူကြီးထံ လျှောက်ထားရမည်။ ခရိုင်ရာဇဝတ်တရားသူကြီးသည် အထက်ကပြဋ္ဌာန်းထားသော နည်းလမ်းအတိုင်း ကော်မရှင်စာ ထုတ်ဆင့်နိုင်သည်၊ သို့မဟုတ် လျှောက်ထားချက်ကို ပယ်နိုင်သည်။

ကော်မရှင်စာ ထုတ်ပေးရန် လက်အောက်ခံ ရာဇဝတ်တရား သူကြီးက လျှောက်ထား နိုင်ခြင်း။

၅၀၇။ (၁) ပုဒ်မ ၅၀၃၊ သို့မဟုတ် ပုဒ်မ ၅၀၆ အရ ထုတ်ဆင့်သော ကော်မရှင် စာကို နည်းလမ်း တကျ ဆောင်ရွက်ပြီးသောအခါ ထိုကော်မရှင်စာအရ စစ်မေးခဲ့သည့် သက်သေ၏ အစစ်ခံချက်နှင့် အတူ ကော်မရှင်စာကို ထုတ်ဆင့်ခဲ့သော တရားရုံးသို့ ပြန်ပို့ရမည်။ ထိုကော်မရှင်စာ ပြန်ပို့စာနှင့် သက်သေအစစ်ခံချက်တို့ကို သင့်လျော်သည့် အချိန်အခါများတွင် အမှုသည်များက ကြည့်ရှုစစ်ဆေး ခွင့် ရှိစေရမည်။ ထို့ပြင် တရားမျှတသော ခြွင်းချက်အားလုံးကို အထောက်အထားပြု၍ အမှုသည် တစ်ဦးဦးက အမှုတွင် သက်သေခံချက်အဖြစ် ဖတ်ပြနိုင်သည်။ ယင်းတို့မှာ အမှုမှတ်တမ်း၏ အစိတ်အပိုင်း ဖြစ်စေရမည်။

ကော်မရှင်စာ ကို ပြန်ပို့ပေး ခြင်း။

(၂) ထိုကဲ့သို့ ရယူခဲ့သော သက်သေအစစ်ခံချက်သည် သက်သေခံအက်ဥပဒေ ပုဒ်မ၃၃ အရ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်လျှင် ယင်းအစစ်ခံချက်ကို အခြားတရားရုံး ရှေ့ရှိ အမှု၏နောက်ပိုင်း မည်သည့်အဆင့်၌မဆို သက်သေခံချက်အဖြစ် လက်ခံနိုင်သည်။

၅၀၈။ ပုဒ်မ၅၀၃၊ သို့မဟုတ် ပုဒ်မ ၅၀၆ အရ ကော်မရှင်စာ ထုတ်ဆင့်သည့် အမှုတိုင်းတွင် ယင်းကော်မရှင်စာကို ဆောင်ရွက်ပြီး ပြန်ပို့ရန်အတွက် သင့်တော်လုံလောက်သည့် အချိန် သီးခြား ဖော်ပြလျက် စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု၊ သို့မဟုတ် အခြား မှုခင်းကိစ္စဆောင်ရွက်မှုကို ရွှေ့ဆိုင်း နိုင်သည်။

စုံစမ်းစစ်ဆေး မှု၊ သို့မဟုတ် စစ်ဆေးစီရင်မှု ကို ရွှေ့ဆိုင်း ခြင်း။

၅၀၈က။ ပုဒ်မ ၅၀၃၏ ပုဒ်မခွဲ(၃)ပါ ပြဋ္ဌာန်းချက်များနှင့် ပုဒ်မ ၅၀၅နှင့် ၅၀၇တို့တွင် ကော်မရှင်စာကို လက်ခံရရှိသည့် ရာဇဝတ်တရားသူကြီးက ဆောင်ရွက်ပြီး ပြန်ပို့ခြင်းနှင့်စပ်ဆိုင်သမျှသော ပြဋ္ဌာန်း ချက်များသည် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရက ဤကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာဖြင့် သီးခြား ဖော်ပြသည့်အတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံ၏ပြင်ပရှိ နိုင်ငံတစ်နိုင်ငံ၊ သို့မဟုတ် အရပ်ဒေသတစ်ခု၌ စီရင်ပိုင်ခွင့်အာဏာရှိပြီး အဆိုပါနိုင်ငံ၊ သို့မဟုတ် အရပ်ဒေသ၏ တည်ဆဲဥပဒေအရ ပုဒ်မ ၅၀၃၏ ပုဒ်မခွဲ(၁)၊ သို့မဟုတ် ပုဒ်မ ၅၀၆အရ ကော်မရှင်စာများ ထုတ်ဆင့်သကဲ့သို့ ပြစ်မှုဆိုင်ရာကိစ္စရပ်များ နှင့် စပ်လျဉ်း၍ သက်သေများကို စစ်မေးရန် ကော်မရှင်စာများ ထုတ်ပိုင်ခွင့်ရှိသော မည်သည့် တရားရုံး၊ တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးကမဆို ထုတ်ဆင့်သော ကော်မရှင်စာများနှင့် သက်ဆိုင်စေရမည်။

နိုင်ငံခြားကော်မရှင်စာများကို ဆောင်ရွက် ခြင်း။

သု-၁၆၁၃၊ ... ကြီး ဝင်းဇော်...
ဒုတိယညွှန်ကြားရေးမှူး (တာဝန်/စီမံ)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

## အခန်း ၄၁

## သက်သေခံချက်နှင့် သက်ဆိုင်သည့် အထူးနည်းဥပဒေများ

ဆေးဘက်သက်သေ၏ အစစ်ခံချက်

၅၀၉။ (၁) တရားခံ၏ရှေ့ တွင် ရာဇဝတ်တရားသူကြီးတစ်ဦးက ရယူ၍ မှန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသော၊ သို့မဟုတ် အခန်း ၄၀အရ ကော်မရှင်ဖြင့် ရယူထားသော ဆရာဝန်ကြီးတစ်ဦး၏၊ သို့မဟုတ် အခြား ဆေးဘက်သက်သေတစ်ဦး၏ အစစ်ခံချက်ကို ဤကျင့်ထုံးဥပဒေအရ ပြုလုပ်သည့် စုံစမ်း စစ်ဆေးမှု၊ စစ်ဆေးစီရင်မှု၊ သို့မဟုတ် အခြား မှုခင်းကိစ္စ ဆောင်ရွက်မှု တစ်ခုခုတွင် အဆိုပါ အစစ်ခံ ခဲ့သူကို သက်သေတစ်ဦးအဖြစ် ဆင့်ခေါ်ခြင်း မပြုဘဲနှင့် သက်သေခံချက်အဖြစ် တင်သွင်းနိုင်သည်။

ဆေးဘက်သက်သေကို ဆင့်ခေါ်ရန် အာဏာ။

(၂) တရားရုံးသည် မိမိသင့်သည် ထင်မြင်လျှင် အဆိုပါ အစစ်ခံသူကို ဆင့်ခေါ်၍ သူ၏ အစစ်ခံချက်ပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ စစ်မေးနိုင်သည်။

ဓာတုဗေဒဝန်၏ အစီရင်ခံစာ။

၅၁၀။ ဤကျင့်ထုံးဥပဒေအရ မှုခင်းကိစ္စတစ်စုံတစ်ခုကို ဆောင်ရွက်နေစဉ်အတွင်း ပစ္စည်း၊သို့မဟုတ် အရာဝတ္ထု တစ်စုံတစ်ခုကို စစ်ဆေးပေးရန်၊ သို့မဟုတ် ဓာတ်ခွဲပေးရန်နှင့် အစီရင်ခံရန် နည်းလမ်းတကျ ပေးပို့ခဲ့သဖြင့် ဓာတုဗေဒဝန်၊ သို့မဟုတ် လက်ထောက် ဓာတုဗေဒဝန် တစ်ဦးဦးက လက်မှတ်ရေးထိုး ပြန်ကြားသည့် အစီအရင်ခံစာဟုဆိုသော စာတမ်းအမှတ်အသား တစ်စုံတစ်ရာကို ဤကျင့်ထုံး ဥပဒေအရ ဆောင်ရွက်သည့် စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု၊ သို့မဟုတ် အခြား မှုခင်းကိစ္စဆောင်ရွက်မှု တစ်ခုခုတွင် သက်သေခံချက်အဖြစ် အသုံးပြုနိုင်သည်။

ယခင်ကပြစ်မှု ထင်ရှားစီရင်ခဲ့ခြင်း၊ သို့မဟုတ် အမှုမှ အပြီးအပြတ်လွှတ်ခြင်းကို မည်သို့ ထင်ရှားအောင် ပြုလုပ်ရခြင်း

၅၁၁။ ဤကျင့်ထုံးဥပဒေအရ ပြုလုပ်သည့် မည်သည့် စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု၊ သို့မဟုတ် အခြား မှုခင်းကိစ္စဆောင်ရွက်မှုတွင်မဆို ယခင်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်း၊ သို့မဟုတ် အမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်းကို တည်ဆဲဥပဒေတစ်ရပ်ရပ်က ပြဋ္ဌာန်းထားသည့် အခြားနည်းလမ်း တစ်စုံတစ်ရာ အပြင်–

(က) အဆို ပြစ်မှုထင်ရှားစီရင်ခြင်း၊ သို့မဟုတ် အမှုမှ အပြီးအပြတ် လွှတ်ခြင်းကို ပြုလုပ်ခဲ့သည့် တရားရုံး၏ အမှုတွဲမှတ်တမ်းများကို ထိန်းသိမ်းရသည့်အရာရှိက စီရင်ချက်၊ သို့မဟုတ် အမိန့်မိတ္တူမှန်ကန်ကြောင်းကို ကိုယ်တိုင်လက်မှတ်ရေးထိုးသည့် ကောက်နုတ်ချက်ကို၊ သို့မဟုတ်

(ခ) ပြစ်မှုထင်ရှားစီရင်သည့်အမှုတွင် ပြစ်ဒဏ်တစ်ရပ်လုံး၊ သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ကျခံရာအကျဉ်းထောင်၏ တာဝန်ခံအရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုး ထားသော သက်သေခံလက်မှတ်၊ သို့မဟုတ် ကျခံပြီးသောပြစ်ဒဏ်နှင့် စပ်လျဉ်းသည့် ထောင်ချဝရမ်းကို

ထိုကဲ့သို့ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ၊ သို့မဟုတ် အမှုမှအပြီးအပြတ်လွှတ်ခြင်းခံရသူမှာ တရားခံပင် ဖြစ်ကြောင်း သက်သေခံချက်နှင့်တကွ တင်ပြခြင်းဖြင့် ထင်ရှားအောင် ပြုလုပ်နိုင်သည်။

၅၁၂။ (၁) စွပ်စွဲခံရသူတစ်ဦးသည် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်းနှင့် ၎င်းကို လတ်တလော ဖမ်းဆီးရမိရန် အလားအလာမရှိကြောင်း ထင်ရှားအောင်ပြုလုပ်ပြီးဖြစ်လျှင် တိုင်တန်းထားသည့်ပြစ်မှု အတွက် ထိုသူကို စစ်ဆေးစီရင်ရန်၊ သို့မဟုတ် စစ်ဆေးစီရင်မှုအတွက် လွှဲအပ်တင်ပို့ရန် စီရင်ခွင့် အာဏာရှိသော တရားရုံးသည် တရားလိုဘက်မှတင်ပြသော သက်သေများရှိလျှင် ထိုသက်သေများကို တရားခံ၏မျက်ကွယ်၌ စစ်မေး၍ ၎င်းတို့၏ အစစ်ခံချက်များကို ရေးမှတ်ယူနိုင်သည်။ အဆိုပါ စွပ်စွဲခံရသူကို ဖမ်းဆီးရမိသောအခါ အစစ်ခံခဲ့သည့် သက်သေ ကွယ်လွန်ခဲ့ပြီးဖြစ်လျှင်၊ သို့မဟုတ် သက်သေခံနိုင်စွမ်းမရှိလျှင်၊ သို့မဟုတ် ၎င်းသက်သေလာရောက်ရန်အတွက် အမှုအခြေအနေအရ မလျော်ကန်သောကြန့်ကြာမှု၊ စရိတ်ကုန်ကျမှု၊ သို့မဟုတ် အဆင်မပြေမှုဖြစ်ပေါ်မည်ဆိုလျှင် အဆိုပါ အစစ်ခံချက်တစ်စုံတစ်ရာကို စွပ်စွဲခံရသည့်ပြစ်မှုအတွက် စွပ်စွဲခံရသူအပေါ် စွဲဆိုသည့်စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှုတွင် သက်သေခံချက်အဖြစ် တင်ပြနိုင်သည်။

တရားခံ၏ မျက်ကွယ်တွင် သက်သေခံ ချက် ရေးမှတ် ယူခြင်း။

(၂) မည်သူမည်ဝါဟု မသိရသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ သေဒဏ်၊ သို့မဟုတ် တကျွန်းပို့ဒဏ်စီရင်ထိုက်သော ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့သည်ဟု ပေါ်ပေါက်လျှင်တရားလွှတ်တော်က စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်စေရန်နှင့် ယင်းပြစ်မှုနှင့်စပ်လျဉ်း၍ သက်သေခံချက်ပေးနိုင်သော မည်သည့်သက်သေကိုမဆို စစ်မေးစေရန် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး တစ်ဦးဦးကိုညွှန်ကြားနိုင်သည်။ ထိုကဲ့သို့ ရယူထားသော သက်သေအစစ်ခံချက်တစ်စုံတစ်ရာကို အကယ်၍ အစစ်ခံခဲ့သူမှာ သေဆုံးခဲ့လျှင်၊ သို့မဟုတ် သက်သေခံနိုင်စွမ်းမရှိလျှင်၊ သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံပြင်ပတွင် ရောက်ရှိနေလျှင် နောက်နောင်တွင် ယင်းပြစ်မှုနှင့်စွပ်စွဲခံရသူ မည်သူ့အပေါ်မဆို သက်သေခံချက်အဖြစ် တင်သွင်းနိုင်သည်။

ပြစ်မှု ကျူးလွန်သူကို မသိရ သောအခါ သက်သေခံ ချက်ရေးမှတ် ယူခြင်း။

## အခန်း ၄၂

## ခံဝန်ချုပ်များနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ

၅၁၃။ မည်သူတစ်ဦးတစ်ယောက်ကိုမဆို အာမခံသူများနှင့်ဖြစ်စေ၊ အာမခံသူများမပါဘဲဖြစ်စေ ခံဝန်ချုပ်စေရန် တရားရုံးတစ်ရုံးသို့မဟုတ် အရာရှိတစ်ဦးဦးက တောင်းဆိုသည့်အခါ အဆိုပါခံဝန်ချုပ် ကို ချုပ်ဆိုစေမည့်အစား ကောင်းမွန်စွာ နေထိုင်ရန်အတွက် ချုပ်ဆိုသည့် ခံဝန်ချုပ်မှ တစ်ပါး ထိုတရားရုံး၊ သို့မဟုတ် အရာရှိက သတ်မှတ်ပေးသည့် အရေအတွက်ရှိသော ငွေတစ်ရပ်ကိုဖြစ်စေ၊ အစိုးရငွေပေး ကတိစာချုပ်ကိုဖြစ်စေ တင်သွင်းစေရန် ခွင့်ပြုနိုင်သည်။

ခံဝန်ချုပ် အစား အာမခံ ငွေတင်သွင်း စေခြင်း။

၅၁၄။ ဤကျင့်ထုံးဥပဒေအရ ခံဝန်ချုပ်ရယူခဲ့သည့် တရားရုံးကဖြစ်စေ၊ ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦးကဖြစ်စေ ကျေနပ်လောက်အောင်၊ သို့မဟုတ် ခံဝန်ချုပ်မှာ တရားရုံး တစ်ရုံးရှေ့သို့ ရောက်ရှိရန်အတွက်ဖြစ်လျှင် ထိုတရားရုံးက ကျေနပ်လောက်အောင် အဆိုပါခံဝန်ချုပ်မှာ ပျက်ကွက်သည့်အတွက် သိမ်းယူခြင်းခံရကြောင်း ထင်ရှားသည့် မည်သည့်အခါတွင်မဆို ယင်းတရားရုံး သည် အဆိုပါထင်ရှားစေသည့် အကြောင်းအချက်များကို ရေးမှတ်ရမည်။ ထို့ပြင် အဆိုပါခံဝန်ချုပ် အရ တာဝန်ရှိသူ မည်သူ့ကိုမဆို ခံဝန်ချုပ်ပါဒဏ်ကြေးကိုပေးဆောင်စေရန်၊ သို့မဟုတ် မည်သည့် အတွက် ထိုဒဏ်ကြေးကို မပေးဆောင်သင့်ကြောင်း အကြောင်းပြထုချေစေရန် ဆင့်ဆိုနိုင်သည်။

ခံဝန်ချုပ်ကို သိမ်းယူသည့် အခါ လိုက်နာ ရန် ကျင့်ထုံး။

(၂) လုံလောက်သည့်အကြောင်းမပြနိုင်သည့်အပြင် ဒဏ်ကြေးကိုလည်း မပေးဆောင်ခဲ့လျှင် ထိုသူပိုင်ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုဖြစ်စေ၊ ထိုသူသေဆုံးခဲ့လျှင် ထိုသူ၏ ပစ္စည်းဥစ္စာကိုဖြစ်စေ ဝရမ်းကပ်၍ ရောင်းချရန်အတွက် ဝရမ်းထုတ်ဆင့်ခြင်းအားဖြင့် တရားရုံးက ဒဏ်ကြေးရယူရန် ဆက်လက်ဆောင်ရွက်နိုင်သည်။

(၃) အဆိုပါဝရမ်းကို ဝရမ်းထုတ်ဆင့်သည့် တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း အတည်ပြုနိုင်သည်။ ထို့ပြင် အဆိုပါနယ်မြေပြင်ပတွင် ထိုသူပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်စုံတစ်ခုကို ဝရမ်းကပ်၍ ရောင်းချရန်ဖြစ်ပါက အဆိုပါပစ္စည်းတွေ့ရှိသည့်နယ်မြေအတွင်းစီရင်ပိုင်ခွင့်အာဏာရှိသော ခရိုင်ရာဇဝတ်တရားသူကြီးက ထပ်ဆင့်ရေးသား၍ လက်မှတ်ရေးထိုးသည့်အခါ ဝရမ်းကပ်၍ ရောင်းချနိုင်စေရမည်။

(၄) အဆိုပါဒဏ်ကြေးကို မပေးသည့်အပြင် ဆိုခဲ့သည့်အတိုင်း ဝရမ်းကပ်၍ ရောင်းချခြင်းဖြင့် ထိုဒဏ်ကြေးမရရှိနိုင်လျှင် ယင်းသို့ ပေးဆောင်ရန် တာဝန်ရှိသူသည် ဝရမ်းထုတ်ခဲ့သည့် တရားရုံး၏ အမိန့်ဖြင့် တရားမထောင်၌ ခြောက်လအထိကျခံထိုက်စေရမည်။

(၅) တရားရုံးသည် မိမိသဘောအတိုင်း ခံဝန်ချုပ်တွင် ဖော်ပြပါရှိသော ဒဏ်ကြေးအချို့အဝက်ကို လွတ်ငြိမ်းသက်သာခွင့်ပြု၍ တစ်စိတ်တစ်ဒေသကိုသာ ပေးဆောင်စေရန် အကင်းအကြပ်တောင်းဆိုနိုင်သည်။

(၆) ခံဝန်ချုပ်တစ်ခုတွင် အာမခံသူတစ်ဦးသည် ထိုခံဝန်ချုပ်မပျက်မီ သေဆုံးသည့်အခါ သူ၏ပစ္စည်းဥစ္စာသည် အဆိုပါခံဝန်ချုပ်နှင့်စပ်လျဉ်းသည့် တာဝန်အားလုံးမှ ကင်းလွတ်စေရမည်။

(၇) ပုဒ်မ ၁၀၆၊ သို့မဟုတ် ပုဒ်မ ၁၁၈၊ သို့မဟုတ် ပုဒ်မ ၅၆၂ အရ ဒီ၈ာမခံပေးထားသူ မည်သူမဆို ၎င်း၏ခံဝန်ချုပ်ပါ စည်းကမ်းချက်များ၊ သို့မဟုတ် ပုဒ်မ ၅၁၄ခအရ ချုပ်ဆိုသည့်ခံဝန်ချုပ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်သည့်ပြစ်မှုတစ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်သည့် တရားရုံး၏ တာဝန်ခံစီရင်ချက် မိတ္တူတစ်စောင်ကို ၎င်း၏ခံဝန်သူတစ်ဦး၊ သို့ မဟုတ် ခံဝန်သူများအပေါ် ဤပုဒ်မအရ စွဲဆိုသည့်အမှုတွင် သက်သေခံချက်အဖြစ် အသုံးပြုနိုင်သည်။ ထို့ပြင် အဆိုပါတာဝန်ခံစီရင်ချက် မိတ္တူကို အသုံးပြုလျှင် မဟုတ်မမှန်ကြောင်းထင်ရှားပြသခြင်းမပြုနိုင်ပါက အဆိုပါပြစ်မှုကိုကျူးလွန်ခဲ့ကြောင်း တရားရုံးက မှတ်ယူရမည်။

၅၁၄က။ ဤကျင့်ထုံးဥပဒေအရ ခံဝန်ချုပ်တစ်ခုပါ အာမခံသူမည်သူမဆို လူမွဲအဖြစ်ခံယူသွားသော အခါ၊ သို့မဟုတ် သေဆုံးသောအခါ၊ သို့မဟုတ် ပုဒ်မ၅၁၄ပါပြဋ္ဌာန်းချက်များအရ ခံဝန်ချုပ်တစ်စုံတစ်ရာကို သိမ်းယူသည့်အခါ အဆိုပါခံဝန်ချုပ်ကိုရယူရန် အမိန့်ထုတ်ဆင့်သည့်တရားရုံး၊ သို့မဟုတ် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦးသည် အဆိုပါအာမခံတောင်းဆိုခြင်းခံရသူကို မူလအမိန့်ပါညွှန်ကြားချက်များနှင့်အညီ အာမခံအသစ်ပေးသွင်းရန် အမိန့်ချမှတ်နိုင်သည်။ ထို့ပြင် အဆိုပါအာမခံကို မပေးသွင်းလျှင် အဆိုပါတရားရုံး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးသည် ဆိုခဲ့သည့်မူလအမိန့်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်မှုတစ်ရပ်ရှိဘိ သကဲ့သို့ ဆက်လက်ဆောင်ရွက်နိုင်သည်။ — အာမခံသူသည် လူမွဲအဖြစ်ခံယူသွားလျှင်၊ သို့မဟုတ် သေဆုံးလျှင် ခံဝန်ချုပ်ကို သိမ်းယူလျှင် လိုက်နာရန် ကျင့်ထုံး။

၅၁၄ခ။ မည်သည့်တရားရုံး၊ သို့မဟုတ် အရာရှိကမဆို ခံဝန်ချုပ်တစ်ခုချုပ်ဆိုရန် ဆင့်ဆိုခြင်းခံရသူမှာ အရွယ်မရောက်သေးသူတစ်ဦးဖြစ်နေသောအခါ အဆိုပါတရားရုံး၊ သို့မဟုတ် အရာရှိသည် ထိုခံဝန်ချုပ်အစား အာမခံသူတစ်ဦး၊ သို့မဟုတ် အာမခံသူအများကသာ ချုပ်ဆိုသောခံဝန်ချုပ်တစ်ခုကို လက်ခံနိုင်သည်။ — အရွယ်မရောက်သူတစ်ဦးထံမှ လိုအပ်သည့် ခံဝန်ချုပ်။

၅၁၅။ ခရိုင်ရာဇဝတ်တရားသူကြီးတစ်ဦးမဟုတ်သော အခြားမည်သည့် ရာဇဝတ်တရားသူကြီးက မဆို ပုဒ်မ ၅၁၄ အရ ချမှတ်သောအမိန့်အားလုံးကို ခရိုင်ရာဇဝတ်တရားသူကြီးထံသို့ အယူခံဝင်ခွင့်ရှိစေရမည်၊ သို့မဟုတ် ထိုကဲ့သို့ အယူခံခြင်းမရှိလျှင် ခရိုင်ရာဇဝတ်တရားသူကြီးက ပြင်ဆင်မှုဖွင့်နိုင်သည်။

ပုဒ်မ ၅၁၄အရ ချမှတ်သော အမိန့်များမှ အယူခံခြင်း၊ သို့မဟုတ် ပြင်ဆင်မှု တင်သွင်းခြင်း။

၅၁၆။ တရားလွှတ်တော်၊ သို့မဟုတ် စက်ရှင်တရားရုံးသည် အဆိုပါတရားလွှတ်တော်၊ သို့မဟုတ် စက်ရှင်တရားရုံးသို့ ရောက်ရှိရန်နှင့် တက်ရောက်ရန် ခံဝန်ချုပ်တစ်ခုအတွက် ပေးဆောင်ရန်ငွေကို ကောက်ခံရန် မည်သည့်ရာဇဝတ်တရားသူကြီးကိုမဆို ညွှန်ကြားနိုင်သည်။

အချို့သော ခံဝန်ချုပ်များ အတွက် ပေးဆောင်သည့် ငွေကို ကောက်ခံရန် ညွှန်ကြားနိုင်သည့် အာဏာ။

## အခန်း ၄၃

## ပစ္စည်းများကို စီမံခန့်ခွဲခြင်း

၅၁၆က။ ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်မှုနှင့် စပ်လျဉ်းနေကြောင်း လက္ခဏာရှိသည့် မည်သည့်ပစ္စည်းကိုမဆို၊ သို့မဟုတ် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် အသုံးပြုခဲ့ကြောင်း လက္ခဏာရှိသည့် မည်သည့်ပစ္စည်းကိုမဆို စုံစမ်းစစ်ဆေးမှုပြုလုပ်စဉ်၊ သို့မဟုတ် စစ်ဆေးစီရင်မှုပြုလုပ်စဉ် ပြစ်မှုဆိုင်ရာတရားရုံးရှေ့တင်ပြလာသည့်အခါ တရားရုံးသည် စုံစမ်းစစ်ဆေးမှုဖြစ်စေ၊ စစ်ဆေးစီရင်မှုဖြစ်စေ မပြီးဆုံးမီကာလအတွင်း အဆိုပါပစ္စည်းကို ကောင်းမွန်စွာထိန်းသိမ်းထားရန်အတွက် မိမိသင့်လျော်သည် ထင်သောအမိန့်ချမှတ်နိုင်သည်။ ထို့ပြင် ဆိုခဲ့သည့်ပစ္စည်းမှာ သဘာဝအလျောက် ပျက်စီးလွယ်သည့်ပစ္စည်းဖြစ်နေလျှင် မိမိလိုအပ်သည် ထင်မြင်သည့် သက်သေခံချက်များရေးမှတ်ပြီးနောက် ထိုပစ္စည်းကို ရောင်းချရန်သော်လည်းကောင်း၊ အခြားနည်းဖြင့် စီမံခန့်ခွဲရန်သော်လည်းကောင်း အမိန့်ချမှတ်နိုင်သည်။

အချို့အမှုများတွင် အမှုဆုံးဖြတ်မပြီးမီအတွင်း ပစ္စည်းကိုစီမံခန့်ခွဲရန် အမိန့်။

၅၁၇။ (၁) မည်သည့်ပြစ်မှုဆိုင်ရာ တရားရုံးတွင်မဆို စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှုတစ်မှု ဆုံးခန်းသို့ ရောက်ရှိသည့်အခါ တရားရုံးသို့ တင်ပြထားသော၊ သို့မဟုတ် တရားရုံးက ထိန်းသိမ်းထားသော ပစ္စည်း၊ သို့မဟုတ် စာတမ်း အမှတ်အသားတစ်ခုခုကိုဖြစ်စေ၊ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းနှင့်စပ်လျဉ်းသည်ဟု ယူဆရန်အကြောင်းရှိသော ပစ္စည်း၊ သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကိုဖြစ်စေ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်း၊ သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကိုဖြစ်စေ တရားရုံးသည် ဖျက်ဆီးစေရန်၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်၊ သို့မဟုတ် လက်ရှိထားခွင့်ရှိသည်ဟု တောင်းဆိုသူအား ပေးအပ်စေရန်၊ သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်စေရန်အတွက် သင့်သည်ထင်မြင်သည့် စီမံခန့်ခွဲမှု အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

(၂) တရားလွှတ်တော်၊ သို့မဟုတ် စက်ရှင်တရားရုံးက အဆိုပါ အမိန့်မျိုးချမှတ်၍ ပစ္စည်းပိုင်ဆိုင်ထိုက်သူထံ ၄င်းတရားရုံးအရာရှိများကပေးအပ်ရန် အကြောင်းအခွင့်မသင့်ဖြစ်နေလျှင် ၄င်းအမိန့်ကို ခရိုင်ရာဇဝတ်တရားသူကြီးက ဆောင်ရွက်စေရန် တရားရုံးက ညွှန်ကြားနိုင်သည်။

ကျူးလွန်သည့် ပြစ်မှုနှင့်စပ်လျဉ်းသည့် ပစ္စည်းကို စီမံခန့်ခွဲရန်အမိန့်.

(၃) ဤပုဒ်မအရ အမိန့်တစ်ရပ်ချမှတ်သည့်အခါ ၎င်းပစ္စည်းမှာ သက်ရှိပစ္စည်း၊ သို့မဟုတ် သဘာဝအလျောက် လျင်မြန်စွာပျက်စီးလွယ်သည့် ပစ္စည်းဖြစ်ခြင်းနှင့် ထို့ပြင် ပုဒ်မခွဲ(၄)တွင် ပြဋ္ဌာန်းထားသည်မှတစ်ပါး အဆိုပါအမိန့်ကို တစ်လအတွင်း အတည်ပြုမဆောင်ရွက်စေရ၊ သို့မဟုတ် အယူခံဝင်ခဲ့လျှင်လည်း အဆိုပါအယူခံမှုစီရင်ဆုံးဖြတ်မပြီးမီအတွင်း ဆိုခဲ့သည့်အတိုင်း အတည်ပြုမဆောင်ရွက်စေရ။

(၄) ဤပုဒ်မအရ ချမှတ်သည့်အမိန့်ကို အယူခံရာ၌ ပြောင်းလဲပြင်ဆင်လျှင်၊ သို့မဟုတ် ပယ်ဖျက်လျှင် ပစ္စည်းကို လက်ရှိထားခွင့်ရှိသည်ဟု တောင်းဆိုသူက ၎င်းပစ္စည်းကို တရားရုံးသို့ ပြန်လည်ပေးအပ်ရန် အာမခံသူနှင့် ဖြစ်စေ၊ အာမခံသူမပါဘဲဖြစ်စေ တရားရုံးက ကျေနပ်လက်ခံနိုင်လောက်အောင် ခံဝန်ချုပ်ဆိုလျှင် ထိုသူအား အဆိုပါပစ္စည်းကို ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်များအရ တရားရုံးမှ ပေးအပ်ခြင်းကို ဤပုဒ်မပါ မည်သည့်အချက်ကမျှ ပိတ်ပင်တားမြစ်သည်ဟု မမှတ်ယူရ။

**အဓိပ္ပာယ်ရှင်းလင်းချက်။** ဤပုဒ်မပါ "ပစ္စည်း" ဆိုသည့် စကားရပ်၌ ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခြင်းနှင့်စပ်လျဉ်းသည့် လက္ခဏာရှိသော ပစ္စည်းဖြစ်သည့်အချက်တွင် အမှုသည်တစ်ဦးဦး၏ လက်ရှိပစ္စည်း၊ သို့မဟုတ် ၎င်း၏ထိန်းချုပ်မှုအောက်ရှိ မူလပစ္စည်းသာမက ၎င်းပစ္စည်းနှင့်လုပ်ကိုင်ထားသော၊ သို့မဟုတ် ပြောင်းလဲထားသော၊ သို့မဟုတ် လဲလှယ်ထားသော မည်သည့်ပစ္စည်းမဆို တိုက်ရိုက်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ယင်းကဲ့သို့ ပြောင်းလဲ၍ရရှိသော၊ သို့မဟုတ် လဲလှယ်၍ ရရှိသော ပစ္စည်းများလည်း ပါဝင်သည်။

၅၁၈။ ပုဒ်မ ၅၁၇ အရ အမိန့်တစ်ရပ်ကို ကိုယ်တိုင် ချမှတ်မည့်အစား ၎င်းပစ္စည်းကို ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးသို့ ပေးအပ်ရန် တရားရုံးက ညွှန်ကြားနိုင်သည်။ ထိုကဲ့သို့သော အမှုများတွင် ပစ္စည်းကိုရဲက ဖမ်းဆီး၍ ဖမ်းဆီးသည့် အကြောင်းအရာကို အောက်တွင်ဖော်ပြထားသည့် နည်းလမ်းအတိုင်း ၎င်းထံ့အစီရင်ခံသကဲ့သို့ ၎င်းရာဇဝတ်တရားသူကြီးက ပြုလုပ်ရမည်။ ချမှတ်သည့် အမိန့်မှာ ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးသို့ လွှဲအပ်သည့် အနေဖြင့် ဖြစ်နိုင်ခြင်း။

၅၁၉။ ခိုးမှု၊ သို့မဟုတ် ခိုးရာပါပစ္စည်းလက်ခံမှု အပါအဝင်၊ သို့မဟုတ် ၎င်းပြစ်မှုမျိုး တစ်ရပ်ရပ်မြောက်သော ပြစ်မှုအတွက် တစ်ဦးတစ်ယောက်သော သူကိုပြစ်မှုထင်ရှားစီရင်သောအခါ ထို့ပြင် ခိုးရာပါပစ္စည်းကို ခိုးကြောင်းမသိဘဲ၊ သို့မဟုတ် ခိုးကြောင်းယုံကြည်ရန် အကြောင်းမရှိဘဲ ၎င်းသူထံမှ အခြားသူတစ်ဦးတစ်ယောက်က ဝယ်ယူကြောင်း ထင်ရှားသည့်အခါ၊ ထို့ပြင် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူကို ဖမ်းဆီးရာတွင်လည်း ၎င်း၏လက်ရှိမှ ငွေကြေး တစ်စုံတစ်ရာသိမ်းယူရရှိခဲ့ကြောင်း ထင်ရှားသည့်အခါ အဆိုပါဝယ်ယူသူက လျှောက်ထားလာလျှင်၊ ထို့ပြင် ခိုးရာပါပစ္စည်းကို လက်ရှိထားခွင့်ရှိသူသို့ပြန်အပ်ရာတွင် ၎င်းတွေ့ရှိရယူသည့်အဆိုပါ ငွေကြေးအနက် အဆိုပါ ဝယ်ယူသူဝယ်ခဲ့သည့် အဖိုးထက်မပိုသည့် ငွေကို ၎င်းသူသို့ ပေးအပ်စေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။ တရားခံလက်ဝယ်တွင် တွေ့ရှိရသည့်ငွေကို အပြစ်မဲ့ ဝယ်ယူသူသို့ ပေးအပ်ခြင်း။

ပုဒ်မ ၅၁၇၊ ၅၁၈၊ သို့မဟုတ် ၅၁၉ အရ အမိန့်ကို ဆိုင်းငံ့ခြင်း။

၅၂၀။ မည်သည့် အယူခံရုံး၊ အတည်ပြုရုံး၊ စောဒကရုံး၊ သို့မဟုတ် ပြင်ဆင်မှုရုံးကမဆို လက်အောက်တရားရုံးတစ်ရုံးက ပုဒ်မ ၅၁၇၊ ပုဒ်မ ၅၁၈၊ သို့မဟုတ် ပုဒ်မ ၅၁၉ တို့အရ ချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို ၎င်းတရားရုံးက စဉ်းစားဆင်ခြင်နေစဉ်အတွင်း ဆိုင်းငံ့ထားစေရန် ညွှန်ကြားနိုင်သည့်အပြင် ၎င်းအမိန့်ကို ပြောင်းလဲပြင်ဆင်၊ သို့မဟုတ် ပယ်ဖျက်နိုင်သည်။ ထို့ပြင် တရားမျှတသည့် အမိန့်တစ်ရပ်ရပ်ကိုလည်း နောက်ထပ်ချမှတ်နိုင်ခွင့်ရှိသည်။

အသရေဖျက်ရာပျက်ကြောင်းဖြစ်သည့် အကြောင်းအရာများနှင့်အခြားအကြောင်းအရာများကို ဖျက်ဆီးခြင်း။

၅၂၁။ (၁) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၂၊ ပုဒ်မ ၂၉၃၊ ပုဒ်မ ၅၀၁၊ သို့မဟုတ် ပုဒ်မ ၅၀၂ အရ ပြစ်မှုထင်ရှားစီရင်သည့်အခါ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့်သက်ဆိုင်ပြီး တရားရုံးတွင်ဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ၏လက်တွင်၊ သို့မဟုတ် ထိန်းသိမ်းမှုအောက်တွင်ဖြစ်စေရှိနေသည့် စာရွက်စာတမ်းမိတ္တူများကို ဖျက်ဆီးစေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။

(၂) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၇၂၊ ပုဒ်မ ၂၇၃၊ ပုဒ်မ ၂၇၄၊ သို့မဟုတ် ၂၇၅ အရ ပြစ်မှုထင်ရှားစီရင်သည့်အခါ ယင်းသို့ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် သက်ဆိုင်သည့်အစားအသောက်၊ ဆေးဘက်ဝင်ဝတ္ထု၊ သို့မဟုတ် ဖော်စပ်ပြီးဆေးကို ဖျက်ဆီးစေရန် တရားရုံးက ဆိုခဲ့သည့်နည်းအတိုင်း အမိန့်ချမှတ်နိုင်သည်။

မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကိုပြန်၍ လက်ရှိ ပိုင်ဆိုင်စေရန် ပေးအပ်နိုင်ခွင့် အာဏာ။

၅၂၂။ (၁) ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု၊ သို့မဟုတ် အနိုင်အထက်ပြုကျင့်မည့် ဟန်အမူအရာ ပြသမှု၊ သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်မှုပါသည့် ပြစ်မှုတစ်စုံတစ်ရာအတွက် လူတစ်ဦး တစ်ယောက်အပေါ် ပြစ်မှုထင်ရှားစီရင်သည့်အခါတိုင်း၊ ထို့ပြင် ထိုကဲ့သို့အနိုင်အထက်ပြုမှု၊ သို့မဟုတ် အနိုင်အထက်ပြုကျင့်မည့် ဟန်အမူအရာပြသမှု၊ သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်မှုကြောင့် တစ်ဦးတစ်ယောက်သောသူမှာ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်ရပ်ရပ်ကို လက်လွှတ်ခဲ့ရသည်ဟု ပေါ်ပေါက်လျှင် တရားရုံးက သင့်သည် ထင်မြင်လျှင် အဆိုပါ ပြစ်မှုကျူးလွန်သူကို ပြစ်မှုထင်ရှားစီရင် သည့်အခါ၊ သို့မဟုတ် ပြစ်မှုထင်ရှားစီရင်သည့် နေ့မှ တစ်လအတွင်း မည်သည့် အချိန်အခါမဆို ၎င်းပစ္စည်း လက်လွှတ်လိုက်ရသူအား ပစ္စည်းလက်ရှိပိုင်ဆိုင်ခွင့်ကို ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်နိုင်သည်။

(၂) ဆိုခဲ့သည် မည်သည့်အမိန့်အရမျှ အဆိုပါမရွှေ့မပြောင်းနိုင်သော ပစ္စည်းတွင် တစ်စုံတစ်ယောက်သော သူက တရားမရုံး၌ ထင်ရှားစေနိုင်သည့် ပိုင်ဆိုင်ခွင့်၊ သို့မဟုတ် အကျိုးစီးပွားတစ်စုံတစ်ရာကို မထိခိုက်စေရ။

(၃) ဤပုဒ်မအရ ချမှတ်ခွင့်ရှိသည့်အမိန့်ကို မည်သည့် အယူခံရုံး၊ အတည်ပြုရုံး၊ စောဒကရုံး၊ သို့မဟုတ် ပြင်ဆင်မှုရုံးကမဆို ချမှတ်နိုင်သည်။

ပုဒ်မ၅၁အရ ရယူသည့် ပစ္စည်း၊ သို့မဟုတ် ခိုးရာပါပစ္စည်းကို ဖမ်းဆီးသည့်အခါ ရဲတပ်ဖွဲ့ဝင်တို့ လိုက်နာရန် ကျင့်ထုံး။

၅၂၃။ (၁) ပုဒ်မ ၅၁အရ ရယူသည့် ပစ္စည်းကိုဖြစ်စေ၊ ခိုးရာပါပစ္စည်းဖြစ်ကြောင်း အဆိုရှိသော ပစ္စည်းကိုဖြစ်စေ၊ ခိုးရာပါပစ္စည်းဖြစ်ကြောင်း သင်္ကာမကင်းသည့် ပစ္စည်းကိုဖြစ်စေ၊ တွေ့ရှိရသည့် အခြေအနေကို ထောက်ရှု၍ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ကြောင်း သင်္ကာမကင်းသည့် ပစ္စည်းကိုဖြစ်စေ မည်သည့် ရဲအရာရှိကမဆို သိမ်းဆည်းသည့်အကြောင်းကို ရာဇဝတ်တရားသူကြီးတစ်ဦးထံသို့ ချက်ချင်းအစီရင်ခံရမည်။ ၎င်းရာဇဝတ်တရားသူကြီးကလည်း အဆိုပါပစ္စည်းကို စီမံခန့်ခွဲရန်အကြောင်း၊ သို့မဟုတ် ပစ္စည်းလက်ရှိထားခွင့်ရှိသူသို့ ပေးအပ်ရန်အကြောင်းနှင့် စပ်လျဉ်း၍ သင့်သည်ထင်မြင်သည့်အမိန့်ကို မိမိ ချမှတ်ရမည်၊ သို့မဟုတ် အဆိုပါသူအား စိစစ်ရှာဖွေနိုင်ခြင်းမရှိလျှင် အဆိုပါ ပစ္စည်းကို ထိန်းသိမ်းထားရန်နှင့် တင်ပြရန်အကြောင်းများနှင့် စပ်လျဉ်း၍ သင့်သည်ထင်မြင်သည့် အမိန့်ကို ချမှတ်ရမည်။

သို့ရာတွင် ကျွဲ၊ နွား၊ စပါး၊ သို့မဟုတ် ဆန်၊ သို့မဟုတ် လှေ၊ သို့မဟုတ် အခြား ဝန်လေးသည့် ပစ္စည်းတစ်ခုခုကို သိမ်းဆည်းခဲ့သည့် မည်သည့် ရဲအရာရှိမဆို ရာဇဝတ်တရားသူကြီးက အမိန့်မချမှတ်မီ အဆိုပါ ကျွဲ၊ နွား၊ သို့မဟုတ် ပစ္စည်းကို လက်ရှိထားခွင့်ရှိပုံပေါ်သည့် မည်သူ့ကိုမဆို လိုအပ်သည့် အချိန်ကျရောက်တိုင်း ပြည်သူ့ရဲတပ်ဖွဲ့ စခန်းတစ်ခုခု၌ ပြန်လည်ပေးအပ်ရန်၊ သို့မဟုတ် တင်ပြရန် အာမခံသူနှင့်ဖြစ်စေ၊ အာမခံသူမပါဘဲဖြစ်စေ ခံဝန်ချုပ်ဆိုပါက ပေးအပ်နိုင်သည်။

ဖမ်းဆီးသည့် ပစ္စည်းရှင် မည်သူဖြစ်ကြောင်း မသိလျှင် လိုက်နာရန် ကျင့်ထုံး။

(၂) ပိုင်ဆိုင်ခွင့်ရှိသူကို သိရလျှင် ရာဇဝတ်တရားသူကြီးက သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များ(ရှိလျှင်)ဖြင့် ၎င်းပစ္စည်းကို ထိုသူတို့ ပေးအပ်စေရန် အမိန့်ချမှတ်နိုင်သည်။ အဆိုပါသူမှာ မည်သူဖြစ်ကြောင်းမသိလျှင် ရာဇဝတ်တရားသူကြီးသည် ပစ္စည်းကို ထိန်းသိမ်းထားနိုင်သည်။ ထို့ပြင် အဆိုပါကိစ္စမျိုး၌ ထိုပစ္စည်းတွင် မည်သည့်အရာဝတ္ထုများ ပါရှိကြောင်းနှင့် ထိုပစ္စည်းကိုပိုင်ဆိုင်ကြောင်း အရေးဆိုလိုသူ မည်သူမဆို ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ခြောက်လအတွင်း မိမိရှေ့သို့လာရောက်၍ ၎င်း၏ပိုင်ဆိုင်ခွင့်ကို ထင်ရှားအောင်ပြရန် ရာဇဝတ်တရားသူကြီးက ထုတ်ပြန်ကြေညာရမည်။

ခြောက်လအတွင်း ပိုင်ဆိုင်သူ မလာရောက်လျှင် လိုက်နာရန် ကျင့်ထုံး

၅၂၄။ (၁) ဆိုခဲ့သည့်ကာလအတွင်း ၎င်းပစ္စည်းကိုပိုင်ဆိုင်ကြောင်း တောင်းဆိုခွင့်ကို ထင်ရှားအောင် ဖော်ပြနိုင်သူမရှိလျှင် ထို့ပြင် အဆိုပါပစ္စည်းကို လက်ရှိတွေ့ရှိခြင်းခံရသူကလည်း ဥပဒေနှင့်အညီ ရရှိထားကြောင်း ပြသနိုင်ခြင်းမရှိလျှင် အဆိုပါပစ္စည်းကို နိုင်ငံတော်အစိုးရက စီမံခန့်ခွဲစေရမည်။ ထို့ပြင် ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက အာဏာအပ်နှင်းထားသည့် ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီး၏ အမိန့်ဖြင့် ရောင်းချနိုင်သည်။

(၂) ဤပုဒ်မအရ ချမှတ်ထားသည့် အမိန့်တိုင်းတွင် ယင်းအမိန့်ချမှတ်သည့် တရားရုံး၏ ပြစ်ဒဏ်များကို အယူခံဝင်ရောက်ရာ တရားရုံးသို့ အယူခံခွင့်ရှိစေရမည်။

ပျက်စီးယိုယွင်းလွယ်သော ပစ္စည်းများကို ရောင်းချပိုင်ခွင့် အာဏာ။

၅၂၅။ ဆိုခဲ့သည့်ပစ္စည်းကို လက်ရှိထားခွင့်ရှိသူအား မသိလျှင်၊ သို့မဟုတ် ထိုသူမလာရောက်လျှင်၊ ထို့ပြင် ပစ္စည်းမှာလည်း သဘာဝအလျောက် အလျင်အမြန် ပျက်စီးယိုယွင်းတတ်သည့် ပစ္စည်းဖြစ်လျှင်၊ သို့မဟုတ် ထိုပစ္စည်းသိမ်းဆည်းခြင်းကို အစီရင်ခံရာတွင် ရာဇဝတ်တရားသူကြီးက ထိုပစ္စည်းကို ရောင်းလျှင်၊ ထိုသို့ရောင်းချခြင်းသည် ပိုင်ရှင်၏အကျိုးအတွက်ဖြစ်သည်ဟု ထင်မြင်ယူဆလျှင်၊ သို့မဟုတ် အဆိုပါပစ္စည်း၏တန်ဖိုးမှာ ကျပ်ငွေ တစ်ဆယ်အောက်ဖြစ်လျှင် ရာဇဝတ်တရားသူကြီးသည် မည်သည့်အချိန်တွင်မဆို ထိုပစ္စည်းကို ရောင်းချစေရန် ညွှန်ကြားနိုင်သည်။ ထို့ပြင် ပုဒ်မ ၅၂၃နှင့် ပုဒ်မ ၅၂၄ပါ ပြဋ္ဌာန်းချက်များသည် ထိုကဲ့သို့ ရောင်းချ၍ရရှိသည့် အသားတင်ရရှိငွေများနှင့် သက်ဆိုင်နိုင်သမျှ သက်ဆိုင်စေရမည်။

## အခန်း ၄၄

## ပြစ်မှုများကို လွှဲပြောင်းခြင်း

၅၂၆။ (၁) မည်သည့်အခါမဆို– — တရားလွှတ်တော်က အမှုများကို လွှဲပြောင်းနိုင်ခြင်း၊ သို့မဟုတ် ကိုယ်တိုင်စစ်ဆေးစီရင်နိုင်ခြင်း။

(က) တရားလွှတ်တော်၏လက်အောက်ရှိ ပြစ်မှုဆိုင်ရာ တရားရုံးတစ်ရုံးတွင် တရားမျှတ၍ ဘက်မလိုက်သည့် စုံစမ်းစစ်ဆေးမှုဖြစ်စေ၊ စစ်ဆေးစီရင်မှုဖြစ်စေ မရနိုင်ဟု သော်လည်းကောင်း၊ သို့မဟုတ်

(ခ) အထူးခက်ခဲသော ဥပဒေပြဿနာအချို့ ဖြစ်ပေါ်လာနိုင်စရာ ရှိသည်ဟု သော်လည်းကောင်း၊ သို့မဟုတ်

(ဂ) ပြစ်မှုတစ်စုံတစ်ရာကို ကျေနပ်သည်အထိ စုံစမ်းစစ်ဆေးနိုင်ရန်၊ သို့မဟုတ် စစ်ဆေးစီရင်နိုင်ရန်အတွက် ၎င်းပြစ်မှုကျူးလွန်သည့်နေရာ၊ သို့မဟုတ် အနီးအနားရှိနေရာကိုဖြစ်စေ ကြည့်ရှုရန် လိုအပ်သည်ဟု သော်လည်းကောင်း၊ သို့မဟုတ်

(ဃ) ဤပုဒ်မအရ အမိန့်တစ်ရပ်ထုတ်ဆင့်ပါက အမှုသည်များ၊သို့မဟုတ် သက်သေများမှာ ယေဘုယျ အဆင်ပြေနိုင်စရာရှိသည်ဟု သော်လည်းကောင်း၊ သို့မဟုတ်

(င) တရားဖြောင့်မှန်ရေးအတွက် ဆိုခဲ့သည့်အမိန့်တစ်ရပ်ကို ထုတ်သင့်သည်ဟု သော်လည်းကောင်း၊ ဤကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာအရ ဆိုခဲ့သည့် အမိန့်ကို ထုတ်ရန်လိုသည်ဟု သော်လည်းကောင်း၊

တရားလွှတ်တော်သို့ ထင်ရှားအောင် လျှောက်ထားလာသည့်အခါ တရားလွှတ်တော် အနေဖြင့်–

(၁) ပြစ်မှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးရန်၊ သို့မဟုတ် စစ်ဆေး စီရင်ရန် ပုဒ်မ၁၇၇မှ ပုဒ်မ၁၈၄ အထိ (ပုဒ်မ အားလုံးအပါအဝင်) ပုဒ်မများအရ အာဏာမရှိသော်လည်း အခြားအချက်များတွင် အဆိုပါပြစ်မှုကို စစ်ဆေး စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတစ်ရုံးက စုံစမ်းစစ်ဆေးရန်၊ သို့မဟုတ် စစ်ဆေးစီရင်ရန်ဖြစ်စေ၊

(၂) တစ်စုံတစ်ရာသော ပြစ်မှုဆိုင်ရာ မူလမှု၊ သို့မဟုတ် အယူခံမှု၊ သို့မဟုတ် မူလအမှုများ၊ သို့မဟုတ် အယူခံမှုများကို လက်အောက်ရှိ ပြစ်မှုဆိုင်ရာ တရားရုံးတစ်ရုံးမှ စီရင်ပိုင်ခွင့်အာဏာ တူညီသည့်၊ သို့မဟုတ် ၎င်းထက် စီရင်ပိုင်ခွင့် အာဏာတိုးမြှင့်ရရှိထားသည့် အခြား ပြစ်မှုဆိုင်ရာ တရားရုံးသို့ လွှဲပြောင်းပေးရန်ဖြစ်စေ၊

(၃) တစ်စုံတစ်ရာသော ပြစ်မှုဆိုင်ရာမူလမှု၊ သို့မဟုတ် အယူခံမှုကို မိမိရှေ့တွင် စစ်ဆေးစီရင်ရန်အတွက် လွှဲပြောင်းရန်ဖြစ်စေ။

(၄) တရားခံတစ်ယောက်ကို စစ်ဆေးစီရင်ရန်အတွက် မိမိထံ၊ သို့မဟုတ် စက်ရှင်တရားရုံးသို့ လွှဲအပ်တင်ပို့ရန် အမိန့်ချမှတ်နိုင်သည်။

(၂) တရားလွှတ်တော်က အမှုတစ်စုံတစ်ရာကို မိမိရှေ့တွင် စစ်ဆေးစီရင်ရန့်အတွက် အခြားတရားရုံးတစ်ရုံးမှ ရုပ်သိမ်းသည့်အခါ ပုဒ်မ ၂၆၇ တွင် ပြဋ္ဌာန်းပါရှိသည့်အတိုင်းမှတစ်ပါး တရားလွှတ်တော်သည် အဆိုပါအမှုကို စစ်ဆေးစီရင်ရာတွင် အမှုကို ရုပ်သိမ်းခြင်းမပြုပါက ဆိုခဲ့သည့် တရားရုံးက လိုက်နာရမည့်ကျင့်ထုံးအတိုင်း ဆောင်ရွက်ရမည်။

(၃) တရားလွှတ်တော်သည် လက်အောက်ခံတရားရုံး၏ အစီရင်ခံချက်အရ ဖြစ်စေ၊ အကျိုးသက်ဆိုင်သည့် အမှုသည်တစ်ဦး၏ လျှောက်ထားချက်အရဖြစ်စေ၊ မိမိ အလိုအလျောက်ဖြစ်စေ ဆောင်ရွက်နိုင်သည်။

(၄) ဤပုဒ်မအရအပ်နှင်းထားသည့် အာဏာကို သုံးစွဲရန်လျှောက်ထားချက်အရပ်ရပ်တွင် လျှောက်ထားသူသည် နိုင်ငံတော်ရှေ့နေချုပ်မဟုတ်ပါက ကျမ်းကျိန်လွှာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ ထောက်ခံပါရှိစေရမည်။

(၅) တရားခံတစ်ဦးက ဤပုဒ်မအရ လျှောက်ထားသည့်အခါ လျှောက်ထားချက်ကို ကန့်ကွက်သူတို့ ကုန်ကျသည့် စရိတ်များအဖြစ်ဖြင့် တရားလွှတ်တော်က ဤပုဒ်မအရ စီရင်ခွင့်ရသည့် ငွေတစ်စုံတစ်ရာကိုပေးလျော်စေရန် စည်းကမ်းသတ်မှတ်ခြင်းခံရလျှင် ပေးလျော်ပါမည်ဟု အာမခံသူများနှင့်ဖြစ်စေ၊ အာမခံသူများမပါဘဲဖြစ်စေ ခံဝန်ချုပ်ဆိုစေရန် တရားလွှတ်တော်က အမိန့်ချမှတ်နိုင်သည်။

(၆) ဆိုခဲ့သည့် လျှောက်လွှာတစ်စုံတစ်ရာကို လျှောက်ထားသည့် တရားခံတိုင်းသည် ထိုသို့ လျှောက်ထားကြောင်းအကြောင်းစာကို လျှောက်ထားရသည့်အကြောင်းပြချက် မိတ္တူနှင့်တကွ အစိုးရရှေ့နေသို့ ပေးအပ်ရမည်။ ထို့ပြင် အဆိုပါ အကြောင်းကြားစာပေးအပ်သည့်အချိန်နှင့် လျှောက်ထားချက်ကို ကြားနာမည့် အချိန်အကြား အနည်းဆုံး နှစ်ဆယ့်လေးနာရီ ကုန်လွန်ခြင်းမရှိလျှင် ၎င်းလျှောက်ထားချက်နှင့်စပ်လျဉ်း၍ မည်သည့်အမိန့်ကိုမျှ မချမှတ်ရ။ ဤပုဒ်မအရ လျှောက်ထားခြင်းကို အစိုးရရှေ့နေသို့ အကြောင်းကြားစာပေးခြင်း။

(၆က) ဤပုဒ်မအရ အပ်နှင်းသည့်အာဏာကို သုံးစွဲရန်အတွက်တင်သွင်းသည့် လျှောက်လွှာတစ်စောင်ကို ပလပ်သည့်အခါ တရားလွှတ်တော်က လျှောက်လွှာမှာ အရေးမယူထိုက်သည့်၊ သို့မဟုတ် အနှောင့်အယှက်ဖြစ်သည့် လျှောက်လွှာဖြစ်ကြောင်း ထင်မြင်လျှင် ၎င်းလျှောက်လွှာကို ဆန့်ကျင်ကန့်ကွက်ရသည့်အတွက် တစ်ဦးတစ်ယောက်၌ ကုန်ကျရသည့် စရိတ်ငွေများကို လျှောက်ထားသူက ၎င်းသူအား လျော်ကြေးအဖြစ် ပေးလျော်စေရန် အမိန့်ချမှတ်နိုင်သည်။ အဆိုပါ လျော်ကြေးငွေမှာ အမှုအခြေအနေအရ သင့်တော်သလို စဉ်းစားဆင်ခြင်၍ ကျပ်ငွေ နှစ်ရာ့ငါးဆယ်ထက် မပိုစေရ။

(၇) ဤပုဒ်မပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ ပုဒ်မ ၁၉၇အရ ချမှတ်သည့် အမိန့်တစ်စုံတစ်ရာကို ထိခိုက်စေသည်ဟု မမှတ်ယူရ။

(၈) –(၁၀) × × × ×

၅၂၆။ × × × ×

နိုင်ငံတော်သမ္မတကပြစ်မှုဆိုင်ရာမူလမှု၊ သို့မဟုတ် အယူခံမှုများကို လွှဲပြောင်းနိုင်ခွင့်အာဏာ။

၅၂၇။ (၁) မည်သည့်ပြစ်မှုဆိုင်ရာ မူလမှု၊ သို့မဟုတ် အယူခံမှုကိုမဆို တရားလွှတ်တော်တစ်ရပ်မှ အခြားတရားလွှတ်တော်တစ်ရပ်သို့လည်းကောင်း၊ တရားလွှတ်တော်တစ်ရပ်လက်အောက်ရှိ ပြစ်မှုဆိုင်ရာ တရားရုံးတစ်ရုံးမှ အခြား တရားလွှတ်တော်တစ်ရပ်လက်အောက်ရှိ တူညီသည့် စီရင်ပိုင်ခွင့်အာဏာ ဖြစ်စေ၊ အဆင့်မြင့်သည့် စီရင်ပိုင်ခွင့်အာဏာဖြစ်စေ ရရှိထားသည့် အခြားပြစ်မှုဆိုင်ရာ တရားရုံး တစ်ရုံးရုံးသို့လည်းကောင်း လွှဲပြောင်းပေးလျှင် ထိုသို့လွှဲပြောင်းပေးခြင်းသည် တရားဖြောင့်မှန်ရေး ဖြစ်စေ၊ အမှုသည်များ၊ သို့မဟုတ် သက်သေများအဆင်ပြေနိုင်စေရန်ဖြစ်စေ အကြောင်းများရှိလိမ့် မည်ဟု ယူဆလျှင် ထိုသို့လွှဲပြောင်းပေးနိုင်ကြောင်း နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ညွှန်ကြားနိုင်သည်။

**ရှင်းလင်းချက်။** ဤပုဒ်မခွဲတွင် "တရားလွှတ်တော်" ဆိုသည်မှာ(တရားလွှတ်တော်) နှင့် မည်သည့် ဒေသန္တရနယ်မြေတွင်မဆို တရားလွှတ်တော်က သတ်မှတ်ထားသည့် ပြစ်မှုဆိုင်ရာ အယူခံ စီရင်ပိုင်ခွင့်အာဏာအတွင်းမပါဝင်သည့် အမြင့်ဆုံးအယူခံတရားရုံး၊ သို့မဟုတ် ပြင်ဆင်မှု တရားရုံး တို့ ပါဝင်သည်။

(၂) လွှဲပြောင်းပေးပို့လိုက်သည့် အဆိုပါ မူလမှု၊ သို့မဟုတ် အယူခံမှုမျိုးကို လက်ခံရရှိသည့် တရားရုံးသည် ၎င်းအမှုများကို ၎င်းတရားရုံးတွင် မူလကတည်းက စွဲဆိုတင်သွင်းသည့်အနေဖြင့် စစ်ဆေး စီရင်ရမည်။

စက်ရှင်တရားသူကြီးက လက်ထောက်စက်ရှင်တရားသူကြီးထံမှ အမှုများကို ရုပ်သိမ်းနိုင်ခြင်း။

၅၂၈။ (၁) စက်ရှင်တရားသူကြီးတစ်ဦးဦးသည် ၎င်း၏လက်အောက်ရှိ လက်ထောက်စက်ရှင်တရား သူကြီးတစ်ဦးဦးထံမှ အမှုတစ်စုံတစ်ရာကို ရုပ်သိမ်းနိုင်သည်၊ သို့မဟုတ် လွှဲအပ်ထားပြီးဖြစ်သည့် အမှု တစ်စုံတစ်ရာကိုလည်း ပြန်၍ တောင်းခေါ်ယူနိုင်သည်။

ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးက အမှုများကို ရုပ်သိမ်း၊ သို့မဟုတ်လွှဲအပ်နိုင်ခြင်း။

(၂) ခရိုင်ရာဇဝတ်တရားသူကြီးတစ်ဦးဦး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးတစ်ဦးဦး သည် လက်အောက် ရာဇဝတ်တရားသူကြီးတစ်ဦးဦးထံမှ အမှုတစ်စုံတစ်ရာကို ရုပ်သိမ်းနိုင်သည်၊ သို့မဟုတ် လွှဲအပ်ထားပြီးသော အမှုတစ်စုံတစ်ရာကို ပြန်တောင်းခေါ်ယူနိုင်သည်။ ထို့ပြင်အဆိုပါ အမှုကို ကိုယ်တိုင်စုံစမ်းစစ်ဆေးနိုင်သည်၊ သို့မဟုတ် စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့် အခြားရာဇဝတ် တရားသူကြီးတစ်ဦးဦးထံ စုံစမ်းစစ်ဆေးရန်၊ သို့မဟုတ် စစ်ဆေးစီရင်ရန် လွှဲအပ်နိုင်သည်။

အမှု အမျိုးအစားများကို ရုပ်သိမ်းနိုင်ရန် အာဏာကို ခရိုင်ရာဇဝတ်တရားသူကြီးသို့ အပ်နှင်းခြင်း။

(၃) ခရိုင်ရာဇဝတ်တရားသူကြီးလက်အောက်ရှိ ရာဇဝတ်တရားသူကြီးတစ်ဦး ဦးထံမှ သင့်လျော်သည် ထင်မြင်သည့် အမှုအမျိုးအစားများကိုဖြစ်စေ၊ အမှုအမျိုးအစားတစ်စုံတစ်ရာကိုဖြစ်စေ ရုပ်သိမ်းနိုင်ရန် နိုင်ငံတော်သမ္မတက ခရိုင်ရာဇဝတ်တရားသူကြီးအား အခွင့်အာဏာ အပ်နှင်းနိုင်သည်။

(၄) မည်သည့်ရာဇဝတ်တရားသူကြီးမဆို ၎င်းက လွှဲအပ်ထားသည့် အမှုကို ပုဒ်မ ၁၉၂၊ ပုဒ်မခွဲ(၂)အရ အခြား ရာဇဝတ်တရားသူကြီးတစ်ဦးဦးထံမှ ပြန်၍တောင်းခေါ်ပြီး ကိုယ်တိုင် စုံစမ်းစစ်ဆေး၊ သို့မဟုတ် စစ်ဆေးစီရင်နိုင်သည်။

(၅) ဤပုဒ်မအရ အမိန့်တစ်စုံတစ်ရာချမှတ်သည့် ရာဇဝတ်တရားသူကြီးတစ်ဦးသည် ယင်းသို့ ချမှတ်ခြင်းအတွက် ၎င်း၏အကြောင်းပြချက်များကို ရေးသားမှတ်တမ်းတင်ထားရမည်။

## အခန်း ၄၄ က

၅၂၈ကမှ ၅၂၈ဃ။ × × × ×

## အခန်း ၄၅

### နည်းလမ်းမကျ စစ်ဆေးစီရင်ထားသော မှုခင်းကိစ္စများ

၅၂၉။ ဥပဒေအရ အာဏာအပ်နှင်းခြင်းမခံရသော ရာဇဝတ်တရားသူကြီးတစ်ဦးဦးသည် အောက်တွင်ပါရှိသည့် အမှုကိစ္စတစ်ရပ်ရပ်ကို သဘောရိုးဖြင့် မှားယွင်း၍ပြုလုပ်မိလျှင် ဆိုခဲ့သည့် အာဏာအပ်နှင်းခြင်းမခံရသည့် အကြောင်းမျှနှင့် ၎င်း၏ မှုခင်းကိစ္စ ဆောင်ရွက်ချက်များကို ပယ်ဖျက်ခြင်း မရှိစေရ– နည်းလမ်းမကျသော်လည်း ပျက်ပြယ်ခြင်းမရှိသည့် အမှုများ။

(က) ပုဒ်မ ၉၈ အရ ရှာဖွေဝရမ်းထုတ်ဆင့်မှု၊

(ခ) ပုဒ်မ ၁၅၅ အရ ပြစ်မှုတစ်ရပ်ကို စုံစမ်းထောက်လှမ်းစေရန် ရဲအရာရှိအား အမိန့်ပေးမှု၊

(ဂ) ပုဒ်မ ၁၇၆ အရ သေမှုသေခင်း၏ အခြင်းအရာတစ်ခုကို စစ်ဆေးမေးမြန်းသူ၊

(ဃ) သက်ဆိုင်ရာ စီရင်ပိုင်ခွင့် အာဏာနယ်မြေ ပြင်ပတွင် ပြစ်မှုတစ်ရပ် ကျူးလွန်သူအား မိမိ၏ စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း၌ ဖမ်းဆီးရန် ပုဒ်မ ၁၈၆ အရ အမိန့်ဆင့်စာထုတ်ဆင့်မှု၊

(င) ပုဒ်မ ၁၉၀၊ ပုဒ်မခွဲ(၁) အပိုဒ်(က)၊ သို့မဟုတ် အပိုဒ်(ခ)အရ ပြစ်မှုတစ်စုံတစ်ရာကို အရေးယူမှု၊

(စ) ပုဒ်မ ၁၉၂အရ အမှုတစ်ခုကို လွှဲပြောင်းပေးမှု၊

(ဆ) ပုဒ်မ ၃၃၇၊ သို့မဟုတ် ပုဒ်မ၃၃၈အရ ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်ပေးမှု၊

(ဇ) ပုဒ်မ ၅၂၄၊ သို့မဟုတ် ပုဒ်မ ၅၂၅ အရ ပစ္စည်းကိုရောင်းချမှု၊ သို့မဟုတ်

(ဈ) ပုဒ်မ ၅၂၈ အရ အမှုတစ်ခုကို ရုပ်သိမ်း၍ ကိုယ်တိုင် စစ်ဆေးစီရင်မှု။

၅၃၀။ ဥပဒေအရ အာဏာအပ်နှင်းခြင်းမခံရဘဲ ရာဇဝတ်တရားသူကြီးတစ်ဦးဦးသည် အောက်ပါ အမှုကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ခဲ့လျှင် ယင်းမှုခင်းကိစ္စ ဆောင်ရွက်ချက်များသည် ပျက်ပြယ်စေရမည်– နည်းလမ်းမကျ၍ ပျက်ပြယ်သည့် အမှုများ။

(က) ပုဒ်မ ၈၈ အရ ပစ္စည်းကို ဝရမ်းစွဲကပ် ရောင်းချမှု၊

(ခ) စာတိုက်တွင်ရှိသော ချောစာ၊ ပါဆယ်၊ သို့မဟုတ် အခြားပစ္စည်း၊ သို့မဟုတ် ကြေးနန်းဌာနတွင်ရှိသော ကြေးနန်းစာကို ရှာဖွေရန် ရှာဖွေဝရမ်းထုတ်ဆင့်မှု၊

(ဂ) ငြိမ်ဝပ်စွာ နေထိုင်ရန် အာမခံတောင်းဆိုမှု၊

(ဃ) ကောင်းစွာ ကျင့်ကြံနေထိုင်ရန် အာမခံတောင်းဆိုမှု၊

(င) ကောင်းစွာ ကျင့်ကြံနေထိုင်ရန် ဥပဒေနှင့်အညီ ခံဝန်ချုပ်ဆိုရသူကို လွှတ်ပေးမှု၊

(စ) ငြိမ်ဝပ်စွာနေထိုင်ရန် ချုပ်ဆိုစေသည့် ခံဝန်ချုပ်ကို ပယ်ဖျက်မှု၊

(ဆ) ရပ်ရွာအတွင်း နှောင့်ယှက်မှုနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၃၃ အရ အမိန့်ထုတ်ဆင့်မှု၊

(ဇ) အများပြည်သူနှောင့်ယှက်မှု ထပ်မံမပြုလုပ်ရန်၊ သို့မဟုတ် ဆက်လက်မပြုလုပ်စေရန် ပုဒ်မ ၁၄၃ အရ တားမြစ်မှု၊

(ဈ) ပုဒ်မ ၁၄၄ အရ အမိန့်ထုတ်ဆင့်မှု၊

(ည) အခန်း ၁၂ အရ အမိန့်ချမှတ်မှု၊

(ဋ) ပြစ်မှုတစ်ရပ်ရပ်ကို ပုဒ်မ ၁၉၀ ပုဒ်မခွဲ(၁)အပိုဒ်ငယ်(ဂ)အရ အရေးယူမှု၊

(ဌ) အခြားရာဇဝတ်တရားသူကြီးက ရေးမှတ်ထားသည့် မှုခင်းကိစ္စ ဆောင်ရွက်ချက်များအပေါ် ပုဒ်မ ၃၄၉ အရ ပြစ်ဒဏ်ချမှတ်မှု၊

(ဍ) ပုဒ်မ ၄၃၅ အရ အမှုတွဲများ တောင်းခေါ်မှု၊

(ဎ) မယားစရိတ်၊ ကလေးစရိတ် ပေးစေရန် အမိန့်ချမှတ်မှု၊

(ဏ) ပုဒ်မ ၅၁၄ အရ ချမှတ်သည့် အမိန့်တစ်ရပ်ကို ပုဒ်မ ၅၁၅ အရပြင်ဆင်မှု၊

(တ) ပြစ်မှုကျူးလွန်သူကို စစ်ဆေးစီရင်မှု၊

(ထ) ပြစ်မှုကျူးလွန်သူကို အကျဉ်းနည်း စစ်ဆေးစီရင်မှု၊ သို့မဟုတ်

(ဒ) အယူခံမှုကို စီရင်ဆုံးဖြတ်မှု။

၅၃၁။ မသက်ဆိုင်သည့်စက်ရှင်တိုင်း၊ ခရိုင်၊ ခရိုင်ခွဲ၊ သို့မဟုတ် အခြားအရပ်ဒေသတွင် စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု၊ သို့မဟုတ် အခြားမှုခင်းကိစ္စများ ဆောင်ရွက်ရာတွင် ထိုကဲ့သို့ မှားယွင်းခြင်းသည် တရားမျှတမှု အမှန်တကယ် ကင်းမဲ့သွားစေရာအကြောင်း မဖြစ်ပေါ်စေပါက ထိုပြစ်မှုဆိုင်ရာတရားရုံး၏ မည်သည့်ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်၊ သို့မဟုတ် အမိန့်ကိုမျှ ဆိုခဲ့သည့် မသက်ဆိုင်သည့် အခြားအရပ်ဒေသတွင် စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု၊ သို့မဟုတ် အခြားမှုခင်းကိစ္စဆောင်ရွက်မှုများ ပြုခဲ့သည့်အကြောင်းမျှနှင့် မပယ်ဖျက်ရ။ မသက်ဆိုင်သည့်နေရာတွင် မှုခင်းကိစ္စ ဆောင်ရွက်ခြင်း။

နည်းလမ်းမကျဘဲ လွှဲအပ်တင်ပို့ခြင်းများသည် မည်သည့်အခါ တည်စေနိုင်ခြင်း။

၅၃၂။ (၁) ရာဇဝတ်တရားသူကြီးတစ်ဦးဦးကဖြစ်စေ၊ အခြား အာဏာပိုင်ကဖြစ်စေ၊ ၎င်းအား နည်းလမ်းတကျ အပ်နှင်းထားသည့် အာဏာများကို အပ်နှင်းရရှိသည့်အနေဖြင့် သုံးစွဲ၍ တရားခံ တစ်ဦးကို စစ်ဆေးစီရင်ရန် စက်ရှင်တရားရုံး၊ သို့မဟုတ် တရားလွှတ်တော်သို့ လွှဲအပ်တင်ပို့လျှင် လွှဲအပ်တင်ပို့သည့်အမိန့်ကို မချမှတ်မီ စစ်ဆေးစီရင်လျက်ရှိနေဆဲ တရားခံအတွက်ဖြစ်စေ၊ တရားလို အတွက် ဖြစ်စေ ၎င်းရာဇဝတ်တရားသူကြီး၊ သို့မဟုတ် အခြားအာဏာပိုင်တို့တွင် စီရင်ပိုင်ခွင့်အာဏာ မရှိကြောင်းဖြင့် ငြင်းဆိုကန့်ကွက်ခြင်း မရှိသည့်အပြင် လွှဲအပ်တင်ပို့ခြင်းကြောင့်လည်း တရားခံတွင် နစ်နာစေရန်အကြောင်းမရှိကြောင်း ထင်မြင်ပါက အမှုလက်ခံရရှိသည့် တရားရုံးသည် မှုခင်းကိစ္စများ ဆောင်ရွက်မှုကို လေ့လာပြီးနောက် ထိုသို့ လွှဲအပ်ထားသည့်အမှုကို လက်ခံနိုင်သည်။

(၂) အဆိုပါတရားရုံးက တရားခံမှာ နစ်နာစေသည်ဟု ထင်မြင်လျှင်၊ သို့မဟုတ် ဆိုခဲ့သော ကန့်ကွက်ချက်ရှိခဲ့လျှင် လွှဲအပ်တင်ပို့ခြင်းကို ချေဖျက်၍ အခွင့်အာဏာရ ရာဇဝတ်တရားသူကြီး တစ်ဦးက အသစ်ထပ်မံ စုံစမ်းစစ်ဆေးရန် ညွှန်ကြားရမည်။

ပုဒ်မ ၁၆၄၊ သို့မဟုတ် ၃၆၄ ပါ ပြဋ္ဌာန်းချက်များကို မလိုက်နာခြင်း။

၅၃၃။ (၁) ပုဒ်မ ၁၆၄ အရဖြစ်စေ၊ ပုဒ်မ ၃၆၄ အရဖြစ်စေ ရေးမှတ်ထားသည့်၊ သို့မဟုတ် ရေးမှတ်ထားသည်ဆိုသော တရားခံတစ်ဦး၏ ဖြောင့်ချက်တစ်ရပ်၊ သို့မဟုတ် အခြားထွက်ချက်ကို တရားရုံးတစ်ရုံးတွင် တင်သွင်းသည့်အခါ၊ သို့မဟုတ် သက်သေခံအဖြစ် လက်ခံပြီးသည့်အခါ ၎င်းထွက်ချက်များကို ရေးမှတ်ခဲ့သည့် ရာဇဝတ်တရားသူကြီးက ဆိုခဲ့သည့်ပုဒ်မများအနက် ပုဒ်မတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက် တစ်စုံတစ်ရာကို မလိုက်နာခဲ့ကြောင်း ၎င်းတရားရုံးက တွေ့ရှိရလျှင် တရားခံသည် ဆိုခဲ့သည့် ရေးမှတ်ထားချက်များအတိုင်း ထွက်ဆိုခဲ့ခြင်းရှိမရှိ သက်သေခံချက်များ ရယူရမည်။ ထို့ပြင် သက်သေခံအက်ဥပဒေပုဒ်မ ၉၁ ၌ မည်သို့ပင် ပါရှိစေကာမူ မှားယွင်းသည့်အချက်သည် အမှုတွင် တရားခံက ထိုက်သင့်သလို ခုခံချေပရာ၌ ၎င်းအား နစ်နာစေမှု မရှိပါက အဆိုပါထွက်ဆိုချက်ကို သက်သေခံအဖြစ် လက်ခံရမည်။

(၂) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အယူခံတရားရုံး၊ စောဒကရုံးနှင့် ပြင်ဆင်မှု တရားရုံး တို့နှင့် သက်ဆိုင်သည်။

၅၃၄။ × × × × ×

စွဲချက်မတင် ပျက်ကွက်၍ မည်သို့အကျိုးသက်ရောက်ခြင်း။

၅၃၅။ (၁) စွဲချက်မတင်ခဲ့သည့်အတွက် တရားမျှတမှု အမှန်တကယ် ကင်းမဲ့သွားစရာ အကြောင်း ဖြစ်ပေးစေသည်ဟု အယူခံတရားရုံး၊ သို့မဟုတ် ပြင်ဆင်မှုရုံးက မထင်မြင်လျှင် ထိုကဲ့သို့ စွဲချက်မတင် ခဲ့သည့်အကြောင်းမျှနှင့် မည်သည့်ဆုံးဖြတ်ချက်၊ သို့မဟုတ် ပြစ်ဒဏ်ချမှတ်ချက်ကိုမျှ တရားမဝင်ဟု မမှတ်ယူစေရ။

(၂) စွဲချက်တင်ရန် ပျက်ကွက်ခဲ့ခြင်းကြောင့် တရားမျှတမှု ကင်းမဲ့သွားစရာ အကြောင်းဖြစ်ပေါ် စေသည်ဟု အယူခံတရားရုံး၊ သို့မဟုတ် ပြင်ဆင်မှုရုံးက ထင်မြင်လျှင် စွဲချက်တင်ရန်နှင့် စွဲချက်တင်ပြီး နောက် စတင်ရမည့်အချက်မှစ၍ အမှုကို ပြန်လည် စစ်ဆေးစီရင်ရန် အမိန့်ချမှတ်ရမည်။

ဂျူရီဖြင့် စစ်ဆေးစီရင်နိုင်သည့်ပြစ်မှုကို ဂျူရီမပါဘဲ စစ်ဆေးစီရင်ခြင်း။

၅၃၆။ ပြစ်မှုတစ်ခုကို ဂျူရီဖြင့် စစ်ဆေးစီရင်ရန်ဖြစ်သော်လည်း ထိုသို့စီရင်ခြင်းမရှိသည့် အခါ တရားရုံးက ၎င်း၏ဆုံးဖြတ်ချက်ကို မှတ်တမ်းမတင်မီ ငြင်းဆိုကန့်ကွက်ချက်မရှိလျှင် ထိုသို့ စစ်ဆေးစီရင်သည့်အကြောင်းမှုနှင့် စစ်ဆေးစီရင်ခြင်းကို တရားမဝင် မဖြစ်စေရ၊

စွဲချက်တွင် ဖြစ်စေ၊ အခြားမှုခင်းကိစ္စဆောင်ရွက်ရာတွင်ဖြစ်စေ မှားယွင်းပျက်ကွက်ခြင်းကြောင့် ဆုံးဖြတ်ချက်၊ သို့မဟုတ် ပြစ်ဒဏ်များကို မည်သည့်အခါ ပယ်ဖျက်ပြောင်းလဲနိုင်ခြင်း။

၅၃၇။ အထက်တွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ–

(က) တိုင်တန်းချက်၊ သမ္မန်စာ၊ ဝရမ်း၊ စွဲချက်၊ ထုတ်ပြန်ကြေညာချက်၊ အမိန့်၊ စီရင်ချက်တွင် သော်လည်းကောင်း၊ အခြားမှုခင်းကိစ္စများ ဆောင်ရွက်ချက်တွင် သော်လည်းကောင်း၊ စစ်ဆေးစီရင်ခြင်းမပြုမီ၊ သို့မဟုတ် စစ်ဆေးစီရင်ဆဲအတွင်း ဤကျင့်ထုံးဥပဒေအရ စုံစမ်းစစ်ဆေးမှု တစ်ရပ်ရပ်တွင်သော်လည်းကောင်း၊ အခြားမှုခင်းကိစ္စများဆောင်ရွက်မှုတွင်သော်လည်းကောင်း တစ်စုံတစ်ရာမှားယွင်းမှု၊ ပျက်ကွက်မှု၊ သို့မဟုတ် နည်းလမ်းမကျမှုကြောင့်ဖြစ်စေ၊

(ခ) × × × ×

(ဂ) ပုဒ်မ ၃၂၄နှင့်အညီ ဂျူရီများ၏ စာရင်းတစ်စုံတစ်ရာကို ပြင်ဆင်ပယ်ဖျက်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊

(ဃ) စွဲချက်တစ်စုံတစ်ရာတွင် ဂျူရီများအား တစ်စုံတစ်ရာ မှားယွင်းညွှန်ကြားခြင်းကြောင့်ဖြစ်စေ

အဆိုပါမှားယွင်းမှု၊ ပျက်ကွက်မှု၊ နည်းလမ်းမကျမှု၊ သို့မဟုတ် မှားယွင်းညွှန်ကြားချက်သည် တရားမျှတမှု အမှန်တကယ်ကင်းမဲ့သွားစေရာ အကြောင်းမဖြစ်ပေါ်စေပါက စီရင်ပိုင်ခွင့် အာဏာရရှိသည့် တရားရုံးတစ်ရုံးက ချမှတ်ထားသည့် မည်သည့် ဆုံးဖြတ်ချက် ပြစ်ဒဏ်၊ သို့မဟုတ် အမိန့်ကိုမျှ အခန်း၂၇ အရဖြစ်စေ၊ အယူခံမှုတွင်ဖြစ်စေ၊ ပြင်ဆင်မှုတွင်ဖြစ်စေ ပယ်ဖျက်ပြောင်းလဲပြင်ဆင်ခြင်းမရှိစေရ။

**ရှင်းလင်းချက်။** ဤကျင့်ထုံးဥပဒေအရ ဆောင်ရွက်သည့် မှုခင်းကိစ္စတစ်စုံတစ်ရာတွင် မှားယွင်းမှု၊ ပျက်ကွက်မှု၊ နည်းလမ်းမကျမှု၊ သို့မဟုတ် မှားယွင်းညွှန်ကြားမှု တစ်စုံတစ်ရာကြောင့် တရားမျှတမှု ကင်းမဲ့ရာရောက်မရောက် ဆုံးဖြတ်ရာတွင် ၎င်းအမှုကို ကနဦး စတင်ဆောင်ရွက်သည့် အဆင့်၌ ကန့်ကွက်နိုင်ခဲ့ခြင်းရှိမရှိနှင့် ကန့်ကွက်သင့် မသင့်ဆိုသောအကြောင်းခြင်းရာကို တရားရုံးက ထောက်ထားဆင်ခြင်ရမည်။

၅၃၈။ သမ္မန်စာ၊ ပြစ်မှုထင်ရှားစီရင်ခြင်း၊ ဝရမ်းစွဲကပ်ရန်အမိန့်၊ သို့မဟုတ် ၎င်းတို့နှင့် စပ်လျဉ်းသော အခြားမှုခင်းကိစ္စဆောင်ရွက်မှုများတွင် တစ်စုံတစ်ရာ မှားယွင်းမှု၊ သို့မဟုတ် နည်းလမ်းမကျမှုတို့ကြောင့် ဤကျင့်ထုံးဥပဒေအရ ပြုလုပ်သည့် မည်သည့် ဝရမ်းစွဲကပ်မှုကိုမျှ တရားမဝင်ဟု မမှတ်ယူရ၊ ဝရမ်းစွဲကပ်သူ မည်သူ့ကိုမျှလည်း ကျော်နင်းသူဟု မမှတ်ယူရ။

မှုခင်းကိစ္စများဆောင်ရွက်မှုတွင် မှားယွင်း၍ နည်းလမ်းမကျခြင်းကြောင့် ဝရမ်းစွဲကပ်မှုမှာ ဥပဒေနှင့်မညီမဖြစ်ခြင်း၊ ဝရမ်းစွဲကပ်သူမှာလည်း ကျော်နင်းသူမဖြစ်ခြင်း။

## အခန်း ၄၆

### အထွေထွေ

၅၃၉။ တရားလွှတ်တော်ရှေ့တွင်ဖြစ်စေ၊ အဆိုပါ တရားရုံးမှ အရာရှိတစ်ဦးဦးရှေ့တွင်ဖြစ်စေ အသုံးပြုရန်ဖြစ်သည့် ကျမ်းကျိန်လွှာနှင့် ကတိသစ္စာပြုလွှာများကို ထိုတရားရုံး၊ သို့မဟုတ် တရားရုံးအရာရှိရှေ့တွင်ဖြစ်စေ၊ ကော်မရှင်နာတစ်ဦးတစ်ယောက်ရှေ့တွင်ဖြစ်စေ၊ ဤကိစ္စအတွက် တရားလွှတ်တော်ကခန့်ထားသော အခြားသူတစ်ဦးဦးရှေ့တွင်ဖြစ်စေ တရားသူကြီးတစ်ဦးဦးရှေ့တွင်ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှတ်တမ်းရုံးတစ်စုံတစ်ရာ၌ ကျမ်းကျိန်ချက် ရယူနိုင်သော ကော်မရှင်နာတစ်ဦးဦးရှေ့တွင်ဖြစ်စေ၊ အင်္ဂလန်၊ သို့မဟုတ် အိုင်ယာလန်တွင် ကျမ်းသစ္စာတိုက်ခွင့်ရသော ကော်မရှင်နာတစ်ဦးဦးရှေ့တွင်ဖြစ်စေ၊ စကော့တလန်တွင် ကျမ်းကျိန်လွှာ၊ သို့မဟုတ် ကတိသစ္စာပြုလွှာများရယူရန် အခွင့်အာဏာရရှိသည့် ရာဇဝတ်တရားသူကြီး တစ်ဦးဦးရှေ့တွင်ဖြစ်စေ ကျမ်းကျိန်ခြင်း၊ ကတိသစ္စာပြုခြင်းများ ပြုလုပ်နိုင်သည်။

ကျမ်းကျိန်လွှာများကို မည်သည့် တရားရုံးများနှင့်ပုဂ္ဂိုလ်များရှေ့တွင် ကျိန်ဆိုရခြင်း။

၅၃၉က။ (၁) ဤဥပဒေအရ စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှုသို့မဟုတ် အခြားမှုခင်းကိစ္စတစ်စုံတစ်ရာဆောင်ရွက်နေစဉ် တရားရုံးတစ်ရုံးရုံးသို့ လျှောက်လွှာတစ်စုံတစ်ရာ တင်သွင်းရာတွင် ထိုလျှောက်လွှာ၌ ပြည်သူ့ဝန်ထမ်းတစ်ဦးတစ်ယောက်နှင့်ပတ်သက်၍ စွပ်စွဲချက်များပါရှိသည့်အခါ လျှောက်ထားသူသည် လျှောက်လွှာပါ စွပ်စွဲချက်များကို ကျမ်းကျိန်လွှာ တင်သွင်း၍ သက်သေခံနိုင်သည်။ ထို့ပြင် တရားရုံးက သင့်သည်ထင်မြင်လျှင် ဆိုခဲ့သည့်အကြောင်းခြင်းရာများနှင့်စပ်လျဉ်းသည့် သက်သေခံချက်ကို ဆိုခဲ့သည့်အတိုင်း တင်သွင်းစေရန် အမိန့်ချမှတ်နိုင်သည်။

ပြည်သူ့ဝန်ထမ်း တစ်ဦး၏ အကျင့်စာရိတ္တ ထင်ရှားစေရန် ပြုလုပ်သည့် ကျမ်းကျိန်လွှာ။

တရားလွှတ်တော်မှတစ်ပါး မည်သည့်တရားရုံးရှေ့တွင်မဆို ဤပုဒ်မအရ အသုံးပြုရန်ဖြစ်သည့် ကျမ်းကျိန်လွှာကို ပုဒ်မ ၅၃၉တွင် သတ်မှတ်ထားသည့် နည်းလမ်းဖြင့်ဖြစ်စေ၊ ရာဇဝတ်တရားသူကြီး တစ်ဦးဦးရှေ့တွင်ဖြစ်စေ ကျမ်းကျိန်ခြင်း၊ သို့မဟုတ် ကတိသစ္စာပြုခြင်း ပြုလုပ်နိုင်သည်။

ဤပုဒ်မအရ ပြုလုပ်သည့် ကျမ်းကျိန်လွှာများသည် ကျမ်းကျိန်ဆိုသူကိုယ်တိုင် သိရှိပြီး ထင်ရှားအောင်ပြုလုပ်နိုင်သော အကြောင်းခြင်းရာများနှင့် မှန်ကန်သည်ဟု မိမိအနေဖြင့် ယုံကြည်ရန် အကြောင်းရှိသည့် အကြောင်းခြင်းရာများနှင့်သာ သက်ဆိုင်စေရမည့်အပြင် ၎င်းတို့ကို တစ်သီးတခြား ထွက်ဆိုစေရမည်။ မှန်ကန်သည်ဟု မိမိအနေဖြင့် ယုံကြည်ရန် အကြောင်းရှိသည့် အကြောင်းခြင်းရာများနှင့် ပတ်သက်လျှင် ကျမ်းကျိန်ဆိုသူက ထိုကဲ့သို့ ယုံကြည်ရသည့် အကြောင်းများကို ရှင်းရှင်းလင်းလင်း ဖော်ပြရမည်။

(၂) ကျမ်းကျိန်လွှာတွင် ဂုဏ်သိက္ခာကိုထိခိုက်စေသော အကြောင်းအရာများနှင့်စပ်ဆိုင်ခြင်း မရှိသည့် အကြောင်းအရာများပါရှိနေလျှင် ၎င်းတို့ကို နုတ်ပယ်စေရန်၊ သို့မဟုတ် ပြင်ဆင်စေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၅၃၉ခ။ (၁) မည်သည့် တရားသူကြီးကဖြစ်စေ၊ မည်သည့် ရာဇဝတ်တရားသူကြီးကဖြစ်စေ စုံစမ်း စစ်ဆေးမှု၊ စစ်ဆေးစီရင်မှု၊ သို့မဟုတ် အခြားမှုခင်းကိစ္စဆောင်ရွက်မှု ပြုလုပ်သည့် မည်သည့် အဆင့်၌ မဆို ပြစ်မှုကျူးလွန်ခဲ့သည်ဟု အဆိုရှိသော နေရာသို့ဖြစ်စေ၊ အဆိုပါ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှုတွင် ထွက်ဆိုခဲ့သည့် သက်သေခံချက်များကို မှန်ကန်စွာ အကဲဖြတ်နိုင်ရန်ကိစ္စအလို့ငှာ ကြည့်ရှုရန်လိုအပ်သည်ဟု ထင်မြင်သည့် အခြား နေရာသို့ဖြစ်စေ အမှုသည်တို့ထံ အချိန်မီ အကြောင်းကြားပြီးနောက် သွားရောက် ကြည့်ရှု စစ်ဆေးနိုင်သည်။ ထို့ပြင် ယင်းကဲ့သို့ ကြည့်ရှုစစ်ဆေးရာတွင် တွေ့ရှိရသော စပ်ဆိုင်သည့်အကြောင်းခြင်းရာမှန်သမျှကို နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ မှတ်တမ်း ရေးမှတ်ထားရမည်။

(၂) အဆိုပါမှတ်တမ်းသည် ယင်းအမှုတွဲ၏ အစိတ်အပိုင်း ဖြစ်စေရမည်။ အစိုးရရှေ့နေ၊ တိုင်တန်းသူ၊ သို့မဟုတ် တရားခံက အလိုရှိလျှင် ထိုမှတ်တမ်း၏မိတ္တူတစ်စောင်ကို ထိုသူအား အခမဲ့ ထုတ်ပေးရမည်။

သို့ရာတွင် ဂျူရီဖြင့် စစ်ဆေးစီရင်သည့် အမှုတွင် ဂျူရီအား ပုဒ်မ ၂၉၃ အရ ကြည့်ရှုခွင့် မပေးခဲ့လျှင် တရားသူကြီးက ဤပုဒ်မအရ ဆောင်ရွက်ခြင်း မပြုရ။

အချင်းဖြစ်
နေရာ ကြည့်ရှု
စစ်ဆေးခြင်း။

၅၄၀။ မည်သည့် တရားရုံးကမဆို ဤဥပဒေအရ စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု၊ သို့မဟုတ် အခြားမှုခင်းကိစ္စဆောင်ရွက်မှုပြုလုပ်သည့် မည်သည့်အဆင့်၌မဆို တစ်ဦးတစ်ယောက်ကို သက်သေ အဖြစ်လာရောက်စေရန် သမ္မန်စာဖြင့် မဆင့်ခေါ်ဘဲ ရုံးတွင် ရောက်ရှိနေသူတစ်ဦးအား စစ်မေးနိုင် သည်၊ သို့မဟုတ် စစ်ဆေးပြီးသူ မည်သူကိုမဆို ပြန်ခေါ်ပြီး ထပ်မံစစ်မေးနိုင်သည်။ ထို့ပြင် တစ်ဦး တစ်ယောက်၏ သက်သေခံချက်မှာ အမှုကို တရားမျှတစွာ စီရင်ဆုံးဖြတ်နိုင်ရန်အတွက် မရှိမဖြစ်ဟု တရားရုံးက ယူဆလျှင် ထိုသူကို သမ္မန်စာဖြင့် ဆင့်ခေါ်ပြီး ထပ်မံစစ်မေးရမည်၊ သို့မဟုတ် ပြန်ခေါ် ပြီး ထပ်မံစစ်မေးရမည်။

အရေးပါသော
သက်သေအား
သမ္မန်စာဖြင့်
ဆင့်ခေါ်ရန်၊
သို့မဟုတ်
ရောက်ရှိနေသူ
အားစစ်မေး
ရန် အာဏာ၊

၅၄၀က။ (၁) တရားခံနှစ်ဦး၊ သို့မဟုတ် တရားခံများ တရားရုံးရှေ့သို့ ရောက်ရှိနေသော ဤဥပဒေ အရ ဆောင်ရွက်သည့် စုံစမ်းစစ်ဆေးမှုတစ်ခု၊ သို့မဟုတ် စစ်ဆေးစီရင်မှုတစ်ခု၏ မည်သည့်အဆင့်၌ မဆို ထိုတရားခံများအနက် တစ်ဦးတစ်ယောက်အနေနှင့်ဖြစ်စေ၊ အများအနေနှင့်ဖြစ်စေ တရားရုံးရှေ့တွင် ဆက်လက်ရှိနေရန် မတတ်နိုင်သည်ကို တရားသူကြီး၊ သို့မဟုတ် ရာဇဝတ် တရားသူကြီးက လက်ခံကျေနပ်သည့်အခါ ထိုကဲ့သို့ ဆက်လက်ရှိနေရန်မတတ်နိုင်သည့် အကြောင်း ပြချက်ကိုရေးမှတ်လျက် အကယ်၍ ထိုတရားခံကိုယ်စား ၎င်း၏ရှေ့နေရှိနေမည်ဆိုလျှင် ထိုတရားခံ မလာရောက်နိုင်ခြင်းကို ခွင့်လွှတ်၍ ၎င်း၏မျက်ကွယ်တွင် ဆိုခဲ့သည့် စုံစမ်းစစ်ဆေးမှုကိုဖြစ်စေ၊ စစ်ဆေး စီရင်မှုကိုဖြစ်စေ ဆက်လက်ဆောင်ရွက်နိုင်သည်။ ထို့ပြင် ယင်းမှုခင်းကိစ္စဆောင်ရွက်သည့်နောက်ပိုင်း မည်သည့်အဆင့်၌မဆို ဆိုခဲ့သည့် တရားခံကို ကိုယ်တိုင်လာရောက်ရန် ဆင့်ဆိုနိုင်သည်။

(၂) ဆိုခဲ့သည့်အမှုမျိုးတွင် အကယ်၍ ထိုတရားခံအတွက် ရှေ့နေမရှိလျှင်၊ သို့မဟုတ် တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးက ထိုတရားခံကိုယ်တိုင် လာရောက်ရန် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် ထိုသို့ ထင်မြင်ယူဆသည့်အကြောင်းကို ရေးမှတ်လျက် မိမိသင့်သည် ထင်မြင် သည့်အတိုင်း ဆိုခဲ့သည့် စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှုကို ရွှေ့ဆိုင်းနိုင်သည်၊ သို့မဟုတ် ၎င်းတရားခံ ၏ အမှုကို ခွဲထုတ်၍ သီးခြားစစ်ဆေးစီရင်ရန် အမိန့်ချမှတ်နိုင်သည်။

တချို့အမှုများ
တွင် တရားခံ
မျက်ကွယ်၌
စုံစမ်းစစ်ဆေး
မှုများ၊ စစ်
ဆေးစီရင်မှု
များ ဆိုင်ရာ
ပြဋ္ဌာန်းချက်
များ။

၅၄၁။ (၁) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ဤဥပဒေအရ ထောင်ကျခံထိုက်သူ၊ သို့မဟုတ် အချုပ်ခံထိုက်သူတို့ကို မည်သည့်အရပ်တွင် ချုပ်ထားရမည့်အကြောင်း နိုင်ငံတော်သမ္မတက ညွှန်ကြားနိုင်သည်။

ထောင်ချရန် နေရာကို သတ်မှတ်နိုင်ခွင့် အာဏာ။

(၂) ဤဥပဒေအရ ထောင်ကျခံထိုက်သူ၊ သို့မဟုတ် အချုပ်ခံထိုက်သူ တစ်ဦးတစ်ယောက်မှာ တရားမအကျဉ်းထောင်တွင် အချုပ်ခံနေရလျှင် ထိုသူကို ရာဇဝတ် အကျဉ်းထောင်သို့ ရွှေ့ပြောင်းစေရန်၊ ထိုတရားခံအား ထောင်ချရန်၊ သို့မဟုတ် ချုပ်ထားရန် အမိန့်ချမှတ်သည့် တရားရုံး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးက ညွှန်ကြားနိုင်သည်။

(၃) တစ်ဦးတစ်ယောက်ကို ပုဒ်မခွဲ(၂)အရ ရာဇဝတ်အကျဉ်းထောင်သို့ ရွှေ့ပြောင်းလျှင် ၎င်းသူကို ရာဇဝတ်အကျဉ်းထောင်မှ လွတ်သည့်အခါ အောက်ပါအချက်များတွင်မှ တစ်ပါး တရားမ အကျဉ်းထောင်သို့ ပြန်ပို့ရမည်–

(က) ရာဇဝတ်အကျဉ်းထောင်သို့ ရွှေ့ပြောင်းပြီးနောက် သုံးနှစ်ကုန်လွန်ပြီးသည့် အချက်၊
၎င်းအချက်တွင် ထိုသူကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၈ အရ တရားမ အကျဉ်းထောင်မှ လွတ်ကြောင်း မှတ်ယူရမည်။

(ခ) တရားမအကျဉ်ထောင်တွင် ချုပ်ထားစေရန် အမိန့်ချမှတ်သော တရားရုံးက ထိုသူသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၈အရ လွတ်ထိုက်သူဖြစ်ကြောင်း၊ ရာဇဝတ်အကျဉ်းထောင် တာဝန်ခံအရာရှိထံသို့ သက်သေခံလက်မှတ် ထုတ်ပေးသည့်အချက်။

တရားမ အကျဉ်းထောင်တွင် အချုပ်ခံလျက်ရှိနေသောတရားခံ သို့မဟုတ် အပြစ်ကျသူများအား ရာဇဝတ်ထောင်သို့ ရွှေ့ပြောင်းခြင်းနှင့် ၎င်းတို့ကို တရားမထောင်သို့ တစ်ဖန်ပြန်၍ ရွှေ့ပြောင်းခြင်း။

၅၄၂။ × × × ×
× × × × ×

၅၄၃။ သက်သေခံချက်၊ သို့မဟုတ် ထွက်ဆိုချက်တစ်စုံတစ်ရာကို ဘာသာစကားတစ်ရပ်မှ တစ်ရပ်သို့ စကားပြန်ဆိုပေးရန် ပြစ်မှုဆိုင်ရာတရားရုံးတစ်ရုံးရုံးက စကားပြန်တစ်ဦး အလိုရှိသည့်အခါ ထိုသက်သေခံချက်၊ သို့မဟုတ် ထွက်ဆိုချက်ကို မှန်မှန်ကန်ကန် စကားပြန်ဆိုပေးရန် ထိုစကားပြန်တွင် တာဝန်ရှိစေရမည်။

စကားပြန်မှာ အမှန်အကန် စကားပြန်ဆိုရန် တာဝန်ရှိခြင်း။

၅၄၄။ နိုင်ငံတော်သမ္မတက ပြုသည့် နည်းဥပဒေများနှင့် မဆန့်ကျင့်စေဘဲ မည်သည့် ပြစ်မှုဆိုင်ရာ တရားရုံးကမဆို သင့်သည်ထင်မြင်လျှင် ထိုတရားရုံးရှေ့တွင် ဤဥပဒေအရ အမှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု၊ သို့မဟုတ် အခြားမှုခင်းကိစ္စဆောင်ရွက်ရန်ကိစ္စများအလို့ငှာ လာရောက်သည့် မည်သည့် တိုင်တန်းသူအားဖြစ်စေ၊ သက်သေအားဖြစ်စေ သင့်လျော်သည့် စရိတ်စကများကို အစိုးရက ထုတ်ပေးရန် အမိန့်ချမှတ်နိုင်သည်။

တိုင်တန်းသူများနှင့် သက်သေများအတွက် စရိတ်စကများ။

၅၄၅။ (၁) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုဆိုင်ရာတရားရုံးတစ်ရုံးရုံးက ငွေဒဏ်ချမှတ်သည့်အခါ ဖြစ်စေ၊ ငွေဒဏ်ပါသည့်ပြစ်ဒဏ်ကိုအယူခံမှု၊ ပြင်ဆင်မှု၊ သို့မဟုတ် အခြားအမှု၌ ငွေဒဏ်ပြစ်ဒဏ်၊ သို့မဟုတ် ငွေဒဏ်ပါသည့်ပြစ်ဒဏ်ကို အတည်ပြုသည့်အခါဖြစ်စေ တရားရုံးက စီရင်ချက်ချမှတ်သည့် အခါ ရရှိသည့် ဒဏ်ငွေအားလုံးကိုသော်လည်းကောင်း၊ တချို့တစ်ဝက်ကို သော်လည်းကောင်း–

(က) တရားစွဲဆိုရာ၌ အထိုက်အလျောက် ကုန်ကျသည့် စရိတ်စကကို ကျခံစေရာတွင်

ဒဏ်ငွေအနက်မှ စရိတ်စက သို့မဟုတ် လျော်ကြေးငွေများကို တရားရုံးက ပေးရန် အာဏာ။

(ခ) တရားမရုံး တစ်ရုံးရုံး၌ တစ်ဦးတစ်ယောက်သောသူ အနေဖြင့် လျော်ကြေး လုံလုံလောက်လောက် ရရှိနိုင်လိမ့်မည်ဟု တရားရုံးက ထင်မြင်သည့်အခါ ပြစ်မှုကြောင့် ထိုသူဆုံးရှုံးမှု၊ နစ်နာမှုအတွက် လျော်ကြေးပေးရာတွင်၊

(ဂ) တစ်ဦးတစ်ယောက်သည် ခိုးမှု၊ ပြစ်မှုမကင်းသော အလွဲသုံးစားပြုမှု၊ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု၊ သို့မဟုတ် လိမ်လည်မှု၊ သို့မဟုတ် ခိုးရာပါပစ္စည်းမှန်းသိလျက်နှင့်ဖြစ်စေ၊ ခိုးရာပါပစ္စည်းဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ ယင်းပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် လက်ခံ၊ သို့မဟုတ် ဆက်လက်ထားရှိ၊ သို့မဟုတ် ယင်းပစ္စည်းကို ထုခွဲရာတွင် မိမိအလိုအလျောက် ကူညီမှုအပါအဝင် ပြစ်မှုတစ်ရပ်ရပ်နှင့် ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရသည့်အခါ ထိုပစ္စည်းကို လက်ရှိထားခွင့်ရှိသူသို့ ပြန်ပေးရလျှင် ထိုပစ္စည်းကို သဘောရိုးဖြင့်ဝယ်ယူခဲ့သည့် အခြားသူမည်သူ့ကိုမဆို ပစ္စည်းကို သဘောရိုးဖြင့်ဝယ်ယူခဲ့သည့် အခြားသူမည်သူ့ကိုမဆို ပစ္စည်းဆုံးရှုံးရသည့်အတွက်လျော်ကြေးပေးရာတွင် အသုံးပြုစေရန် အမိန့်ချမှတ်နိုင်သည်။

(၂) အယူခံခွင့်ရှိသည့်အမှုတွင် ငွေဒဏ်ချမှတ်လျှင် အယူခံတင်သွင်းရန်အတွက် ခွင့်ပြုထားသောအချိန်ကာလ မကုန်ဆုံးမီဖြစ်စေ၊ အကယ်၍ အယူခံတင်သွင်းခဲ့သော် အယူခံမှုကို မဆုံးဖြတ်ရသေးမီဖြစ်စေ အဆိုပါဒဏ်ငွေကို ထုတ်ပေးခြင်းမပြုရ။

၅၄၆။ အကြောင်းအရာ တစ်ရပ်တည်းနှင့်စပ်လျဉ်း၍ နောက်ထပ်စွဲဆိုသည့် မည်သည့်တရားမမှုတွင်မဆို လျော်ကြေးချမှတ်သည့်အခါ ပုဒ်မ ၅၄၅အရ လျော်ကြေးအဖြစ်ပေးခဲ့သော၊ သို့မဟုတ် ရရှိခဲ့သော ငွေကြေးတစ်စုံတစ်ရာကို တရားရုံးက ထည့်သွင်းခုနှိမ်ပေးရမည်။ ပေးပြီးသည့် ငွေများကို နောက်ထပ် စွဲဆိုသော တရားမမှုတွင် ထည့်သွင်းခုနှိမ် ရခြင်း။

၅၄၆။ (၁) ရဲအရေးယူပိုင်ခွင့်မရှိသော ပြစ်မှုတစ်ခုခုကို တရားရုံးတစ်ရုံးရုံးသို့ တိုင်တန်းသည့်အခါတိုင်းတွင် တရားရုံးက တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်လျှင် တရားခံအပေါ် ချမှတ်သည့် ပြစ်ဒဏ်အပြင်–

(က) တိုင်းတန်းချက်အတွက်၊ သို့မဟုတ် တိုင်တန်းသူအား စစ်မေးရသည့်အတွက် စရိတ်ပေးရပါက ထိုစရိတ်၊ ၎င်းပြင်

(ခ) မိမိသက်သေများကိုဖြစ်စေ၊ တရားခံကိုဖြစ်စေ အမိန့်ဆင့်စာ ချအပ်ရသည့်အတွက် တိုင်တန်းသူက ပေးရသည့်စရိတ်၊

များကို တိုင်တန်းသူသို့ ပေးစေရန် တရားခံအား အမိန့်ချမှတ်နိုင်သည်။ ထို့ပြင် ၎င်းစရိတ်ငွေများကို ပေးဆောင်ရန် ပျက်ကွက်သည့်အခါ တရားခံအား ရက်ပေါင်း သုံးဆယ်ထက်မပိုသော အလုပ်မဲ့ထောင်ဒဏ် ကျခံစေရမည်ဟု အမိန့်ချမှတ်နိုင်သည်။ ရဲအရေးယူပိုင်ခွင့်မရှိသော အမှုများတွင် တိုင်တန်းသူက ပေးရသည့် တချို့စရိတ်များကို ပြန်ပေးရန် အမိန့်ချမှတ်ခြင်း။

(၂) ဤပုဒ်မအရအမိန့်ကို အယူခံရုံးကလည်း ချမှတ်နိုင်သည်၊ သို့မဟုတ် တရားလွှတ်တော်က ပြင်ဆင်မှုအာဏာများ သုံးစွဲသည့်အခါတွင်လည်း ချမှတ်နိုင်သည်။

ပေးဆောင်ရန် အမိန့်ချမှတ်သည့်ငွေများကို ဒဏ်ငွေကဲ့သို့ ကောက်ခံရခြင်း။

၅၄၇။ ငွေဒဏ်မှတစ်ပါး ဤဥပဒေနှင့်အညီ ချမှတ်သည့် အမိန့်တစ်စုံတစ်ရာအရ ပေးဆောင်ရမည်ဖြစ်သော၊ ထို့ပြင် ကောင်းခံရန်နည်းလမ်းကို အခြားနည်းဖြင့် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိသော ငွေတစ်ရပ်ရပ်ကို ငွေဒဏ်ကဲ့သို့ တောင်းခံနိုင်ခွင့်ရှိစေရမည်။

အမှုမှတ်တမ်းများ၏ မိတ္တူများ။

၅၄၈။ ပြစ်မှုဆိုင်ရာတရားရုံးက ချမှတ်သည့် စီရင်ချက်၊ သို့မဟုတ် အမိန့်တစ်စုံတစ်ရာကြောင့် ထိခိုက်သူ မည်သူကမဆို တရားသူကြီးက ဂျူရီသို့ အမှုနှင့်ပတ်သက်၍ တာဝန်ပေးအပ်ချက်၊ သို့မဟုတ် အမိန့်တစ်စုံတစ်ရာ သို့မဟုတ် အစစ်ခံချက်၊ သို့မဟုတ် အမှုတွဲ၏ အခြားအစိတ်အပိုင်းများ စသည်တို့၏ မိတ္တူကိုအလိုရှိ၍ လျှောက်ထားလာလျှင် ၎င်းအလိုရှိသည့် မိတ္တူကို ထုတ်ပေးရမည်။

သို့ရာတွင် တရားရုံးက အကြောင်းထူးတစ်စုံတစ်ရာကြောင့် အခမဲ့ထုတ်ပေးသင့်သည်ဟု ထင်မြင်ခြင်းမရှိလျှင် ထိုသူသည် ထိုမိတ္တူအတွက် အခပေးရမည်။

စစ်တရားရုံးက စစ်ဆေးစီရင်ပိုင်သူတို့ကို စစ်ဘက်ဆိုင်ရာ အာဏာပိုင်များထံပေးအပ်ခြင်း။

၅၄၉။ (၁) ကြည်းတပ်၊ ရေတပ်၊ လေတပ်ဆိုင်ရာ ဥပဒေကို လိုက်နာရသူ တစ်ဦးတစ်ယောက်ကို ဤဥပဒေနှင့်သက်ဆိုင်သော တရားရုံးတစ်ရုံးကဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ စစ်ဆေးစီရင်ရမည့် အမှုများတွင် နိုင်ငံတော်သမ္မတက ဤဥပဒေ၊ တပ်မတော်ဥပဒေ၊ ရေတပ်စည်းကမ်းအက်ဥပဒေနှင့်၊ လေတပ်အက်ဥပဒေနှင့် တည်ဆဲ ၎င်းဥပဒေမျိုး တစ်စုံတစ်ရာနှင့်အညီ နည်းဥပဒေများ ပြုနိုင်သည်။ ထို့ပြင် ဤဥပဒေနှင့်သက်ဆိုင်သည့် တရားရုံးတစ်ရုံးကဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ စစ်ဆေးစီရင်ရမည့် ပြစ်မှုတစ်ရပ်နှင့် စွဲဆိုခြင်းခံရသူ တစ်ဦးတစ်ယောက်ကို ရာဇဝတ်တရားသူကြီးရှေ့သို့ တင်ပို့လာသည့်အခါ ထိုရာဇဝတ်တရားသူကြီးသည် ဆိုခဲ့သည့် နည်းဥပဒေများကို လိုက်နာ၍ သင့်ရာအမှုများတွင် ထိုတရားခံကို စစ်တရားရုံးနှင့် စစ်ဆေးနိုင်ရန် ကိစ္စအလို့ငှာ ၎င်းစွပ်စွဲခံရသည့် ပြစ်မှုအကြောင်း ရေးသားဖော်ပြချက်နှင့်တကွ ၎င်းနှင့်သက်ဆိုင်ရာ တပ်ရင်းဗွာပ်ဖွဲ့၊ သင်္ဘော၊ သို့မဟုတ် တပ်ဆွယ်၏ တပ်မှူးထံဖြစ်စေ၊ အနီးဆုံး ကြည်းတပ်စခန်း၊ ရေတပ်စခန်း၊ သို့မဟုတ် လေတပ်ဆိုင်ရာ တပ်မှူးထံဖြစ်စေ ပေးအပ်ရမည်။

ဆိုခဲ့သည့်သူများကို ဖမ်းဆီးခြင်း။

(၂) ရာဇဝတ်တရားသူကြီး အသီးသီးသည် ဆိုခဲ့သည့်နေရာမျိုး၌ တပ်စွဲထားသော၊ သို့မဟုတ် တာဝန်ထမ်းဆောင်နေသော ကြည်းတပ်၊ ရေတပ်၊ သို့မဟုတ် လေတပ် တပ်ဖွဲ့တစ်ခု၏ တပ်မှူးထံမှ စာဖြင့်ရေးသားထားသည့် လျှောက်လွှာရရှိသည့်အခါ ဆိုခဲ့သည် ပြစ်မှုမျိုးဖြင့် စွပ်စွဲခံရသူ မည်သူကိုမဆို ဖမ်းဆီးရမိနိုင်ရန် အစွမ်းကုန် အားထုတ်ရမည်။

ခိုးရာပါပစ္စည်းဖြစ်ကြောင်း သင်္ကာမကင်းသည့်ပစ္စည်းကို ပြည်သူ့ရဲက သိမ်းယူနိုင်ခွင့် အာဏာ။

၅၅၀။ မည်သည့် ရဲအရာရှိမဆို ခိုးရာပါပစ္စည်းဟု စွပ်စွဲနိုင်သော၊ သို့မဟုတ် သင်္ကာမကင်းဖြစ်နိုင်သော ပစ္စည်းကို၊ သို့မဟုတ် ပြစ်မှုတစ်ရပ်ကျူးလွန်လိမ့်မည်ဟု သင်္ကာမကင်းဖြစ်နိုင်သော အခြေအနေတွင် တွေ့ရှိရသည့် ပစ္စည်းကို သိမ်းယူနိုင်သည်။ ဆိုခဲ့သည့် ရဲအရာရှိသည် ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူးလက်အောက်ခံဖြစ်လျှင် ထိုကဲ့သို့ သိမ်းယူခဲ့သည့်ကိစ္စကို စခန်းမှူးထံ ချက်ချင်းအစီရင်ခံရမည်။

အထက်ရဲအရာရှိတို့၏ အာဏာများ။

၅၅၁။ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူးထက် ရာထူးကြီးမြင့်သည့် ရဲအရာရှိများသည် စခန်းမှူးက မိမိစခန်းပိုင်နယ်မြေအတွင်း သုံးစွဲနိုင်သည့် အာဏာမျိုးကို ၎င်းတို့အား ခန့်ထားသည့် နယ်မြေတစ်ဝန်းလုံး၌ သုံးစွဲနိုင်သည်။

၁၅၂။ မိန်းမတစ်ဦးကိုဖြစ်စေ၊ တစ်ဆယ့်ခြောက်နှစ်အောက်အရွယ်ရှိ ကလေးသူငယ်တစ်ဦးကို ဖြစ်စေ ဥပဒေနှင့်ဆန့်ကျင်သော ကိစ္စတစ်ခုခုအတွက် သွေးဆောင်ဆွဲခေါ်သွားကြောင်း၊ သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်၍ ချုပ်နှောင်ထားကြောင်း ကျမ်းသစ္စာကျိန်ဆို၍ ခရိုင် ရာဇဝတ်တရားသူကြီးထံ တိုင်တန်းလျှင် ရာဇဝတ်တရားသူကြီးသည် မိမိလိုအပ်သည်ဟုထင်မြင်လျှင် တိုင်တန်းချက် မှန်မမှန် စုံစမ်းစစ်ဆေးပြီးနောက် အဆိုပါ မိန်းမအား သူ၏ လွတ်လပ်ခွင့် ပြန်လည်ရရှိရေးအတွက် အမြန် ဆောင်ရွက်ပေးရန်သော်လည်းကောင်း၊ ဆိုခဲ့သည့် ကလေးသူငယ်အား သူ၏မိဘအုပ်ထိန်းသူ၊ သို့မဟုတ် ဆိုခဲ့သည့် ကလေးသူငယ်ကို တရားဝင်ထိန်းသိမ်းခွင့်ရှိသူထံ အမြန်ဆုံးအပ်နံ့စေရန်အတွက်သော် လည်းကောင်း အမိန့်ချမှတ်နိုင်သည်။ ထို့ပြင် ၎င်းအမိန့်အတိုင်း လိုက်နာစေရန် လိုအပ်သည့် အင်အားကို အသုံးပြုနိုင်သည်။

သွေးဆောင် ဆွဲခေါ်ခြင်းခံရသည့် အမျိုးသမီးများအား ပြန်လည်အပ်နံ့ရန် အတင်းအကြပ်လုပ်နိုင်ခွင့် အာဏာ၊

၁၅၃။ × × × × ×

× × × × ×

၁၅၄။ (၁) တရားလွှတ်တော်သည် လက်အောက်ခံတရားရုံးများကို ကြည့်ရှုစစ်ဆေးရန်အတွက် နိုင်ငံတော်သမ္မတ၏ ကြိုတင်အခွင့်အမိန့်ဖြင့် နည်းဥပဒေများ ပြုနိုင်သည်။

(၂) × × × × ×

(၃) ဤပုဒ်မအရ ပြုလုပ်သော နည်းဥပဒေများကို ပြန်တမ်းတွင် ကြေညာရမည်။

တရားလွှတ်တော်က လက်အောက်ခံ တရားရုံးများ ကြည့်ရှု စစ်ဆေးရန် အတွက် နည်းဥပဒေများပြုရန် အာဏာ။

၁၅၅။ ပုဒ်မ ၁၅၄ပါ အာဏာကို အထောက်အထားပြု၍ ပဥ္စမဇယားတွင်ပါရှိသည့် ပုံစံများကို ၎င်းတို့အသီးသီးတွင်ပါရှိသည့် ကိစ္စများအတွက် အမှုတစ်မှုစီ၏ အခြေအနေအရ သင့်လျော်အောင် ပြောင်းလဲပြင်ဆင်ပြီး အသုံးပြုနိုင်သည်။ ထို့ပြင် ယင်းကဲ့သို့ အသုံးပြုလျှင်လည်း လုံလောက်စေရမည်။

ပုံစံများ။

၁၅၆။ မည်သည့် တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးကမျှ မိမိ၏တရားရုံးမှ အယူခံ တက်ရောက်ရသည့် အထက်တရားရုံး၏ ခွင့်ပြုချက်မရဘဲ မိမိကိုယ်တိုင် အမှုသည်အဖြစ် ပါဝင်သော၊ သို့မဟုတ် စိတ်ဝင်စားသော အမှုတစ်စုံတစ်ရာကို စစ်ဆေးစီရင်ခြင်း၊ သို့မဟုတ် စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့ခြင်း မပြုလုပ်ရ။ ထို့ပြင် မည်သည့် တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးကမျှ မိမိချမှတ်ထားသော စီရင်ချက်၊ သို့မဟုတ် အမိန့်တစ်စုံတစ်ရာမှ အယူခံသည့်အမှုကို စစ်ဆေး ကြားနာခြင်း မပြုရ။

တရားသူကြီး၊ သို့မဟုတ် ရာဇဝတ် တရားသူကြီး ကိုယ်တိုင် စိတ်ဝင်စားသည့် အမှု။

**ရှင်းလင်းချက်။** တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီး တစ်ဦးဦးမှာ မြူနီစီပါယ်မင်းကြီး ဖြစ်သည့် အကြောင်းမျှနှင့်ဖြစ်စေ၊ ပြည်သူတစ်ဦးတစ်ယောက်အဖြစ်ဖြင့် အမှုတွင် တစ်နည်းနည်း ပတ်သက်နေသည့် အကြောင်းမျှနှင့်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသောနေရာ၊ သို့မဟုတ် အမှုတွင် အရေးပါသည့် ဆောင်ရွက်ချက် တစ်စုံတစ်ရာကို ပြုလုပ်ခဲ့သည်ဟု စွပ်စွဲထားသောနေရာသို့ သွားရောက်ကြည့်ရှုပြီး အမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့သည့် အကြောင်းမျှနှင့်ဖြစ်စေ ဤပုဒ်မ၏ အဓိပ္ပာယ်အရ အမှုတွင် ကိုယ်တိုင် အမှုသည်အဖြစ် ပါဝင်သူဟူ၍လည်းကောင်း၊ ကိုယ်တိုင် စိတ်ဝင်စားသည်ဟူ၍လည်းကောင်း မှတ်ယူခြင်းမရှိစေရ။

## ဥပမာများ

**A** သည် ကော်လိတ္တော်အနေဖြင့် မိမိကြားသိရသည့် သတင်းကို ဆင်ခြင် စဉ်းစားပြီးနောက် **B** အား ယစ်မျိုးဥပဒေများ ဖောက်ဖျက်မှုဖြင့် တရားစွဲဆိုစေရန် ညွှန်ကြားခဲ့သည်။ ဤအမှုကို **A** သည် ရာဇဝတ်တရားသူကြီးအဖြစ်ဖြင့် စစ်ဆေးစီရင်ခွင့်မရှိ။

*အမှုလိုက်လျက်ရှိသော ရှေ့နေတချို့တရားရုံးများတွင် ရာဇဝတ်တရားသူကြီးအဖြစ်ရုံးမထိုင်ခြင်း။*

၁၅၇။ ရာဇဝတ်တရားသူကြီးတစ်ဦးဦး၏ တရားရုံးတွင် အမှုလိုက်နေသော မည်သည့် ရှေ့နေမျှ အဆိုပါတရားရုံးတွင်ဖြစ်စေ၊ အဆိုပါတရားရုံး၏ စီရင်ပိုင်ခွင့်နယ်မြေအတွင်းရှိ အခြားတရားရုံးတစ်ရုံးတွင်ဖြစ်စေ ရာဇဝတ်တရားသူကြီးတစ်ဦးအဖြစ်ဖြင့် ရုံးထိုင်ခြင်းမရှိစေရ။

*တရားရုံးသုံးဘာသာစကားကို ဆုံးဖြတ်နိုင်ခွင့်အာဏာ။*

၁၅၈။ နိုင်ငံတော်သမ္မတသည် ဤဥပဒေပါကိစ္စများအလို့ငှာ တရားလွှတ်တော်မှတစ်ပါး တရားရုံးအသီးသီးတွင် မည်သည့်ဘာသာစကားသည် တရားရုံးသုံးဘာသာစကားဖြစ်စေရမည်ဟု ဆုံးဖြတ်သတ်မှတ်နိုင်သည်။

*တရားသူကြီးများနှင့် ရာဇဝတ်တရားသူကြီးများ၏ အာဏာများကို ၎င်းတို့၏ ရာထူးဆက်ခံသူများက သုံးစွဲနိုင်ခွင့်ပြဋ္ဌာန်းချက်များ။*

၁၅၉။ (၁) ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးတစ်ဦး၏ အာဏာများနှင့် တာဝန်ဝတ္တရားများကို ၎င်း၏ရာထူးဆက်ခံသူက သုံးစွဲနိုင်သည်၊ သို့မဟုတ် ဆောင်ရွက်နိုင်သည်။

(၂) ရာဇဝတ်တရားသူကြီးတစ်ဦး၏ ရာထူးကို ဆက်ခံမည့်သူမှာ မည်သူဖြစ်ကြောင်း သံသယရှိသည့်အခါ ဤဥပဒေ၊ သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သည့် မှုခင်းကိစ္စဆောင်ရွက်ချက်၊ သို့မဟုတ် အမိန့်ကိစ္စများအလို့ငှာ ဆိုခဲ့သည့် ရာဇဝတ်တရားသူကြီး၏ ရာထူးကို ဆက်ခံရမည့်သူသည် မည်သူဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ခရိုင်ရာဇဝတ်တရားသူကြီးက စာဖြင့် ရေးသားသည့် အမိန့်ထုတ်ဆင့်၍ ဆုံးဖြတ်သတ်မှတ်ရမည်။

(၃) တွဲဖက်၊ သို့မဟုတ် လက်ထောက်စက်ရှင်တရားသူကြီး၏ရာထူးကဲ့သို့ ဆက်ခံမည့်သူမှာ မည်သူဖြစ်ကြောင်း သံသယရှိသည့်အခါ ဤဥပဒေ၊ သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သည့် မှုခင်းကိစ္စဆောင်ရွက်ချက်၊ သို့မဟုတ် အမိန့်ကိစ္စများအလို့ငှာ ဆိုခဲ့သည့်တွဲဖက်၊ သို့မဟုတ် လက်ထောက်စက်ရှင်တရားသူကြီး၏ရာထူးကို ဆက်ခံမည့်သူသည် မည်သူဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း စက်ရှင်တရားသူကြီးက စာဖြင့်ရေးသားသည့်အမိန့် ထုတ်ဆင့်၍ ဆုံးဖြတ်သတ်မှတ်ရမည်။

*လေလံတင်ရောင်းချသည့် အမှုများတွင် ပါဝင်သူအရာရှိများမှာ ပစ္စည်းကို မဝယ်ရခြင်း၊ လေလံမဆွဲရခြင်း။*

၁၆၀။ ဤဥပဒေအရ ပစ္စည်းတစ်စုံတစ်ရာကို ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန် တာဝန်ဝတ္တရားရှိသူ ပြည်သူ့ဝန်ထမ်းတစ်ဦးတစ်ယောက်သည် ထိုပစ္စည်းကို မဝယ်ရ၊ သို့မဟုတ် လေလံမဆွဲရ။

၅၆၁။ (၁) ဤဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ ခရိုင်ရာဇဝတ်တရားသူကြီးမှ တစ်ပါး မည်သည့် ရာဇဝတ်တရားသူကြီးကမျှ–

ခင်ပွန်းဖြစ်သူက ပြုကျင့်သည့် မုဒိမ်းမှုနှင့် စပ်လျဉ်းသည့် အထူးပြဋ္ဌာန်းချက်များ။

(က) ယောကျ်ားတစ်ဦးက ၎င်း၏ဇနီးဖြစ်သူအား ကာမစပ်ယှက်ခြင်း ဖြစ်သည့် မုဒိမ်းမှုကို အရေးယူခြင်းမရှိစေရ၊ သို့မဟုတ်

(ခ) ထိုယောကျ်ားကို ၎င်းပြစ်မှုနှင့် စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့ခြင်း မရှိစေရ။

(၂) ထို့ပြင် ဤဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ ပုဒ်မခွဲ(၁)တွင် ရည်ညွှန်းသည့် ပြစ်မှုနှင့် စပ်လျဉ်း၍ ခရိုင်ရာဇဝတ်တရားသူကြီးက ရဲအရာရှိ တစ်ဦးတစ်ယောက်ကို စုံစမ်းထောက်လှမ်းရန် ညွှန်ကြားရန် လိုအပ်သည်ဟု ထင်မြင်လျှင် ရဲအုပ်ကြီးအောက် အဆင့်မနိမ့်သည့် မည်သည့်ရဲအရာရှိကိုမျှ ယင်းကဲ့သို့ စုံစမ်းထောက်လှမ်းစေရန်ဖြစ်စေ၊ စုံစမ်းထောက်လှမ်းရာတွင် ပါဝင်စေရန်ဖြစ်စေ မခိုင်းစေရ။

၅၆၁က။ ဤဥပဒေအရ ချမှတ်သော အမိန့်တစ်ရပ်ကို အတည်ပြုရန်အတွက် လိုအပ်သည့်အမိန့်များကို ချမှတ်ရန်ဖြစ်စေ၊ တရားရုံး၏ ဥပဒေလုပ်ထုံးလုပ်နည်းကို အလွဲပြုခြင်းမှ တားဆီးကာကွယ်ရန်ဖြစ်စေ၊ အခြားနည်းဖြင့် တရားမျှတမှုရရှိရေးအောင် ပြုလုပ်ရန်ဖြစ်စေ တရားလွှတ်တော်၌ ရှိရင်းစွဲဖြစ်သော မူလဘူတအာဏာကို ဤဥပဒေတွင်ပါသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကန့်သတ်သည်၊ သို့မဟုတ် ထိခိုက်သည်ဟု မမှတ်ယူစေရ။

တရားလွှတ်တော်၏ မူလဘူတ အာဏာကို ထိန်းသိမ်းခြင်း။

## ပထမအကြိမ် ပြစ်မှုကျူးလွန်သူများ

၅၆၂။ (၁) အသက်နှစ်ဆယ့်တစ်နှစ်ထက်မငယ်သူ မည်သူကိုမဆို ထောင်ဒဏ်ခုနစ်နှစ်မပိုသော ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုနှင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ၊ သို့မဟုတ် အသက်နှစ်ဆယ့်တစ်နှစ်ထက်ငယ်သူ မည်သူကိုမဆို၊ သို့မဟုတ် မည်သည့်မိန်းမကိုမဆိုသေဒဏ်၊ သို့မဟုတ်တစ်သက်တစ်ကျွန်းဒဏ် မထိုက်သင့်သည့်ပြစ်မှုနှင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ၊ ထို့ပြင် ပြစ်မှုကျူးလွန်သူမှာ ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ဖူးကြောင်း မထင်ရှားသည့်အခါ ၎င်းအားပြစ်မှုထင်ရှားစီရင်ခဲ့သည့် တရားရုံးက ပြစ်မှုကျူးလွန်သူ၏ အသက်၊ အကျင့်စာရိတ္တ၊ သို့မဟုတ် ယခင်က အခြေအနေများနှင့် ပြစ်မှုကျူးလွန်ရင်း အကြောင်းအချက်များကို ထောက်ထား၍ ပြစ်မှုကျူးလွန်သူကို ကောင်းမွန်စွာ ကျင့်ကြံနေထိုင်စေရန် အစမ်းသဘော လွှတ်ထားသင့်သည်ဟု ထင်မြင်လျှင် အဆိုပါတရားရုံးသည် ပြစ်မှုကျူးလွန်သူအပေါ် ချက်ချင်း ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်မည့်အစား ဆင့်ဆိုသည့်ကာလ(သုံးနှစ်ထက်မပိုသည့်) အတွင်း တရားရုံးက ညွှန်ကြားသည့်အခါ၊ တရားရုံးသို့ရောက်ရှိ၍ ပြစ်ဒဏ်ချမှတ်ခြင်းကို လက်ခံပါမည်၊ ထို့ပြင် ထိုကာလအတွင်း ငြိမ်ဝပ်စွာနှင့် ကောင်းမွန်စွာ နေထိုင်ပါမည်ဟူ၍ အာမခံသူများပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ခံဝန်ချုပ်စေလျက် ၎င်းအားလွှတ်စေရန် ညွှန်ကြားနိုင်သည်။

ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူကို ပြစ်ဒဏ်ချမှတ်မည့်အစား ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အစမ်းသဘော တရားရုံးက လွှတ်နိုင်ခွင့်အာဏာ။

သို့ရာတွင် နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ အထူးအားဖြင့် အာဏာအပ်နှင်းခြင်း မခံရသော တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးက ပထမအကြိမ် ပြစ်မှုကျူးလွန်သူကို ပြစ်မှုထင်ရှားစီရင်သည့်အခါ၊ ထို့ပြင် ရာဇဝတ်တရားသူကြီးက ဤပုဒ်မအရ အပ်နှင်းသည့်အာဏာများကို သုံးစွဲသင့်သည်ဟု ထင်မြင်လျှင်၊ ထိုသို့ ထင်မြင်ရသည့်အချက်ကို ရေးမှတ်၍ အမှုတွဲကို ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးထံ တရားခံကိုတင်ပို့ရန်၊ သို့မဟုတ်ရောက်ရှိရန် ခံဝန်ချုပ်ဆို စေ၍ အမှုတွဲကို တင်ပို့ရမည်။ ထိုအမှုတွဲလက်ခံရရှိသည့် ရာဇဝတ်တရားသူကြီးသည် ပုဒ်မခွဲ(၅)တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း အမှုကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်ရမည်။

(၁က) တစ်ဦးတစ်ယောက်အပေါ်ခိုးမှု၊ အဆောက်အအုံအတွင်းခိုးမှု၊ စာရေး၊ သို့မဟုတ် အစေခံကခိုးမှု၊ မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုမှု၊ ပြစ်မှုကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု၊ လိမ်လည်မှု၊ သို့မဟုတ် ပြစ်မှုဆိုင်ရာဥပဒေအရ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ထိုက်သင့်သည့်ပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်သည့် မည်သည့်အမှုမျိုးတွင်မဆို ထို့ပြင် ထိုသူမှာ ယခင်က ပြစ်မှုထင်ရှားစီရင်ခံခဲ့ဖူးကြောင်း မထင်ရှားသည့်အခါ ထိုသူအပေါ် ပြစ်မှုထင်ရှားစီရင်သည့် တရားရုံးက သင့်သည်ထင်မြင်လျှင် ပြစ်မှုကျူးလွန်သူ၏ အသက်၊ အကျင့်စာရိတ္တ၊ ယခင်က အခြေအနေများ၊ သို့မဟုတ် ကိုယ်ခန္ဓာ၊ သို့မဟုတ် စိတ်ဓာတ်အခြေအနေနှင့် ပြစ်မှု၏သေးငယ်မှု၊ သို့မဟုတ် ပြစ်မှုကျူးလွန်သော်လည်း ယင်းသို့ ကျူးလွန်ခြင်းနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်လျှော့ပေါ့ရန် အကြောင်းအချက်များကို ထောက်ထား၍ ထိုသူအား ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်မည့်အစား ထိုသူကို နည်းလမ်းတကျ ဆိုဆုံးမ၍ လွှတ်နိုင်သည်။

ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ဆိုဆုံးမ၍ လွှတ်ခြင်း။

(၂) ဤပုဒ်မအရ အမိန့်တစ်ရပ်ကို အယူခံတရားရုံးကဖြစ်စေ၊ တရားလွှတ်တော်က မိမိ၏ ပြင်ဆင်မှုအာဏာများ သုံးစွဲသည့်အခါတွင်ဖြစ်စေ ချမှတ်နိုင်သည်။

(၃) ပြစ်မှုကျူးလွန်သူတစ်ဦးအပေါ် ဤပုဒ်မအရ အမိန့်တစ်ရပ် ချမှတ်ပြီးသည့်အခါ၊ တရားလွှတ်တော်သည် မိမိထံ အယူခံဝင်ခွင့်ရှိ၍ အယူခံ တင်သွင်းလာသည့်အခါတွင် ဖြစ်စေ၊ မိမိ၏ ပြင်ဆင်မှု အာဏာများကို သုံးစွဲသည့်အခါတွင်ဖြစ်စေ ဆိုခဲ့သည့်အမိန့်ကို ပယ်ဖျက်ပေးနိုင်ပြီး ထိုအမိန့် အစား ပြစ်မှုကျူးလွန်သူအပေါ် ဥပဒေနှင့်အညီ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ပြစ်မှုကျူးလွန်သူအပေါ် ပြစ်မှုထင်ရှားစီရင်ခဲ့သည့် တရားရုံးက ချမှတ်နိုင်သော ပြစ်ဒဏ်ထက် ကြီးလေးသည့်ပြစ်ဒဏ်ကို တရားလွှတ်တော်က ဤပုဒ်မခွဲအရ မချမှတ်ရ။

(၄) ပုဒ်မ ၁၂၂ နှင့် ၁၂၆ ကပါ ပြဋ္ဌာန်းချက်များသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ တင်သွင်းသည့် အာမခံသူများနှင့် သက်ဆိုင်နိုင်သမျှ သက်ဆိုင်စေရမည်။

(၅) ပုဒ်မခွဲ(၁)၏ ခြွင်းချက်အရ ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးထံဖြစ်စေ၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးထံဖြစ်စေ တင်ပို့သည့် အမှုတွဲများကို အဆိုပါ ရာဇဝတ်တရားသူကြီးသည် ထိုအမှုကို မူလက မိမိကိုယ်တိုင် စစ်ဆေးကြားနာခဲ့လျှင် ချမှတ်သည့်ပြစ်ဒဏ်၊ သို့မဟုတ် အမိန့်အတိုင်း ပြစ်ဒဏ်၊ သို့မဟုတ် အမိန့်ကို ချမှတ်နိုင်သည်။ ထို့ပြင် အကယ်၍ အချက်အလက်တစ်စုံတစ်ရာ ထပ်မံစုံစမ်းစစ်ဆေးလျှင်၊ သို့မဟုတ် သက်သေခံချက်ယူရန် လိုအပ်ကြောင်းထင်မြင်လျှင် ၎င်းကိုယ်တိုင် ထိုသို့စုံစမ်းစစ်ဆေး၊ သို့မဟုတ် သက်သေခံချက် ယူနိုင်သည်၊ သို့မဟုတ် အမှုစစ်ဆေးစီရင်ခဲ့သည့် ရာဇဝတ်တရားသူကြီးက စုံစမ်းစစ်ဆေးရန်အတွက်ဖြစ်စေ၊ သက်သေခံချက်ယူရန်အတွက်ဖြစ်စေ ညွှန်ကြားနိုင်သည်။

၅၆၃။ (၁) ပြစ်မှုကျူးလွန်သူကို ပြစ်မှုထင်ရှားစီရင်ခဲ့သည့် တရားရုံးကဖြစ်စေ၊ ပြစ်မှု ကျူးလွန်သူ၏ မူလပြစ်မှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးကဖြစ်စေ ခံဝန်ချုပ်ပါ စည်းကမ်းချက် တစ်စုံတစ်ရာကို လိုက်နာရန် ပြစ်မှုကျူးလွန်သူက ပျက်ကွက်ခဲ့ကြောင်း သဘောရရှိလျှင် ၎င်းကို ဖမ်းဆီးရန် ဝရမ်းထုတ်ဆင့်နိုင်သည်။

(၂) ဆိုခဲ့သည့် ဝရမ်းဖြင့်ဖမ်းဆီးရမိသည့် ပြစ်မှုကျူးလွန်သူကို ယင်းဝရမ်းထုတ်ဆင့်သည့် တရားရုံးသို့ ချက်ချင်းပို့ဆောင်ရမည်။ အဆိုပါ တရားရုံးသည် အမှုမစစ်ဆေးမကြားနာမီ ထိုသူကို ချုပ်ထားစေရန် ရမန်ပေးနိုင်သည်၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းကို လာရောက်၍ နာခံပါမည်ဟူသော စည်းကမ်းချက်ဖြင့် လုံလောက်သော အာမခံသူဖြင့် အာမခံပေးနိုင်သည်။ အဆိုပါတရားရုံးသည် အမှုကို စစ်ဆေးကြားနာပြီးနောက် ပြစ်ဒဏ်ချမှတ်နိုင်သည်။

ပြစ်မှုကျူးလွန်သူက ခံဝန်ချုပ်ပါ စည်းကမ်းချက်များ အတိုင်း မလိုက်နာ ပျက်ကွက်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်။

၅၆၄။ (၁) ပြစ်မှုကျူးလွန်သူကို ပုဒ်မ ၅၆၂၊ ပုဒ်မခွဲ(၁)အရ လွှတ်ထားရန် တရားရုံးက ညွှန်ကြားခြင်းမပြုမီ ပြစ်မှုကျူးလွန်သူအနေဖြင့် သော်လည်းကောင်း၊ ၎င်း၏ အာမခံသူ(ရှိခဲ့လျှင်)အနေဖြင့်သော်လည်းကောင်း ယင်းတရားရုံးက စီရင်ပိုင်ခွင့်ရှိသည့် အရပ်ဌာဖြစ်စေ၊ ခံဝန်စည်းကမ်းချက်များကို လိုက်နာရန် သတ်မှတ်ထားသည့်ကာလအတွင်း ၎င်းပြစ်မှုကျူးလွန်သူနေထိုင်ရန်လက္ခဏာရှိသည့် အရပ်ဌာဖြစ်စေ အမြဲနေထိုင်ရာနေရာရှိကြောင်း၊ သို့မဟုတ်အမြဲ အလုပ်လုပ်ကြောင်း တရားရုံးက ကျေနပ် လက်ခံစေရမည်။

ပြစ်မှုကျူးလွန်သူ၏ နေထိုင်ရာအရပ်နှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ။

## ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် ပြစ်မှုကျူးလွန်သူများ

၅၆၅။ (၁) တစ်ဦးတစ်ယောက်ကို–

(က) "ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တရားရုံးတစ်ရုံးရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၅၊ ပုဒ်မ ၄၈၉ က၊ ပုဒ်မ ၄၈၉ ခ၊ ပုဒ်မ ၄၈၉ ဂ၊ သို့မဟုတ် ပုဒ်မ ၄၈၉ ဃအရ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတစ်ရပ်ရပ်နှင့်ဖြစ်စေ၊ ပြစ်မှုဆိုင်ရာ ဥပဒေအခန်း ၁၂၊ သို့မဟုတ် ၁၇ အရ သုံးနှစ်၊ သို့မဟုတ် သုံးနှစ်ထက်ပိုသော ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုတစ်ရပ်နှင့်ဖြစ်စေ

(ခ) × × × ×

ပြစ်မှုထင်ရှားစီရင်ပြီးနောက် တရားလွှတ်တော်၊ စက်ရှင်တရားရုံး၊ ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးက ထိုပုဒ်မများအရဖြစ်စေ၊ ထိုအခန်းများအရဖြစ်စေ သုံးနှစ်၊ သို့မဟုတ် သုံးနှစ်ထက်ပိုသောပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုတစ်ရပ်ရပ်နှင့် ထပ်မံ၍ ပြစ်မှုထင်ရှား စီရင်သည့်အခါ အဆိုပါတရားရုံး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးသည် သင့်သည်ထင်မြင်လျှင် ထိုသူအပေါ် တစ်ကျွန်းပို့ဒဏ်၊ သို့မဟုတ် ထောင်ဒဏ်စီရင်သည့် အချိန်၌ ထိုသူလွှတ်သည့် အခါ လွှတ်သည့်အခါ မည်သည့်အရပ်တွင်နေထိုင်သည်၊ မည်သည့်အရပ်သို့ ရွှေ့ပြောင်းနေထိုင်သည်၊ ထိုအရပ်မှထွက်ခွာသည် စသည့် အကြောင်းများကို ဆိုခဲ့သည့်ပြစ်ဒဏ် ကုန်ဆုံးသည့်နေ့မှ ငါးနှစ်ထက် မပိုသည့်ကာလအတွင်း အောက်တွင် ပြဋ္ဌာန်းပါရှိသည့်အတိုင်း ပြောကြားရမည်ဟူ၍ အမိန့်ချမှတ်နိုင်သည်။

ယခင်ကပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် ပြစ်မှုကျူးလွန်သူ၏ နေရပ်လိပ်စာ ပြောကြားရန်အမိန့်။

(၂) ဆိုခဲ့သည့် ပြစ်မှုထင်ရှားစီရင်ခြင်းကို အယူခံတွင်ဖြစ်စေ၊ အခြားနည်းအရဖြစ်စေ ပယ်ဖျက်ခဲ့လျှင် ဆိုခဲ့သည့်အမိန့်မျိုးသည် ပျက်ပြယ်သွားစေရမည်။

(၃) အကျဉ်းထောင်မှလွတ်လာသည့် အကျဉ်းသားများသည် မည်သည့်အရပ်တွင် နေထိုင်ကြောင်း၊ မည်သည့်အရပ်သို့ ရွှေ့ပြောင်းနေထိုင်ကြောင်း၊ နေထိုင်သည့်အရပ်မှ ထွက်ခွာသွားကြောင်းများကို ပြောကြားရန်နှင့် စပ်လျဉ်းသည့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတက နည်းဥပဒေများ ပြုနိုင်သည်။

(၄) ဤပုဒ်မအရချမှတ်သည့် အမိန့်တစ်ရပ်ကို အယူခံတရားရုံးကဖြစ်စေ၊ တရားလွှတ်တော်က မိမိ၏ ပြင်ဆင်မှုအာဏာများ သုံးစွဲသည့်အခါတွင်ဖြစ်စေ ချမှတ်နိုင်သည်။

(၅) ဤပုဒ်မအရ အမိန့်ချမှတ်ခြင်း ခံရပြီးနောက် ဆိုခဲ့သည့်အတိုင်းပြုသည့် နည်းဥပဒေတစ်ရပ်ရပ်ကို လိုက်နာရန် ငြင်းဆိုသူ၊ သို့မဟုတ် ပျက်ကွက်သူ မည်သူ့ကိုမဆို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၆၏ အဓိပ္ပာယ်အရ ပြစ်မှုတစ်ရပ်ကျူးလွန်သည်ကို ကာကွယ်တားဆီးရန် ကိစ္စအလို့ငှာ လိုအပ်သည့်အတိုင်းအကြောင်းကြားရန် ပျက်ကွက်သူအဖြစ် မှတ်ယူရမည်။

(၆) ဆိုခဲ့သည့် နည်းဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်မှုဖြင့် စွပ်စွဲခြင်းခံရသူ မည်သူ့ကိုမဆို ထိုသူက မိမိနေထိုင်ရာအရပ်ဖြစ်ပါသည်ဟု နောက်ဆုံးအကြိမ် ပြောကြားခဲ့သည့် နေရာအရပ်တွင် စီရင်ပိုင်ခွင့်ရှိသော ရာဇဝတ်တရားသူကြီးတစ်ဦးက စစ်ဆေးစီရင်နိုင်သည်။

ဇယား-၂

## ပြစ်မှုများကို စာရင်းဇယားဖြင့် ဖော်ပြချက်

[ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၏ အပိုဒ်(က)ပါ ခြွင်းချက်နှင့် အပိုဒ်(စ)ပါ ခြွင်းချက်တို့နှင့် မဆန့်ကျင်စေဘဲ]

ရှင်းလင်းချက်။ "ပြစ်မှု"နှင့်"ပြစ်မှုဆိုင်ရာ ဥပဒေအရပြစ်ဒဏ်"ဟူ၍ အသီးသီးခေါင်းစဉ်တပ်ထားသော ဤဇယား၏ ဒုတိယနှင့်သတ္တမစာတိုင်များပါ ရေးသွင်းချက်များကို ပြစ်မှုဆိုင်ရာဥပဒေ၏ သက်ဆိုင်ရာ ပုဒ်မအသီးသီးတွင် ဖော်ပြထားသော ပြစ်မှုများနှင့် ပြစ်ဒဏ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအဖြစ်၊ သို့မဟုတ် ထိုပုဒ်မများ၏ အကျဉ်းချုပ်များအဖြစ်ပင် မရည်ရွယ်ပေ။ သို့ရာတွင် ပထမစာတိုင်တွင် ပေးထားသော ဂဏန်းဖြင့် ဖော်ပြထားသည့် ပုဒ်မများ၏ အကြောင်းအရာများကို ရည်ညွှန်းချက်များ အဖြစ်မျှသာ ရည်ရွယ်သည်။

### အခန်း ၅ အားပေးကူညီမှု

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁၀၉ | အားပေးကူညီခြင်းကြောင့် ထိုသို့ အားပေးကူညီခြင်း ခံရသောပြုလုပ်မှု ဖြစ်မြောက်ခဲ့ပြီး ထိုအားပေးကူညီမှုအတွက် ပြစ်မှုဆိုင်ရာဥပဒေတွင် ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ အတိအလင်း ပြဋ္ဌာန်းချက် မရှိသော ပြစ်မှုတစ်ခုခုကိုအားပေးကူညီမှု။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း ပြုလုပ်နိုင်လျှင် အားပေးကူညီမှုအတွက်လည်း ဝရမ်းမပါဘဲဖမ်းဆီးနိုင်သည်အခြားနည်းမ ဖမ်းဆီးနိုင်။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက်ဝရမ်းဖြစ်စေ၊သမ္မာန်စာဖြစ်စေထုတ်ဆင့်နိုင်သည်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် အာမခံ ပေးရမည်၊ သို့မဟုတ် အာမခံ မပေးနိုင် ဟု ပြဋ္ဌာန်း ထားသည့် အတိုင်း | အားပေးကူညီသည့် ပြစ်မှုရင်းကို ကျေအေးခွင့် ရှိသည်သို့မဟုတ် ကျေအေး ခွင့်မရှိဟုပြဋ္ဌာန်းထားသည့် အတိုင်း | အားပေးကူညီသည့် ပြစ်မှုရင်းအတွက်ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်။ | အားပေးကူညီသည့် ပြစ်မှုရင်းကို စစ်ဆေးစီရင်နိုင်သော တရားရုံး။ |

ယေား-၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၁၁၀ | အားပေးကူညီသူ၏ ကြံရွယ်ချက်နှင့် ကွဲလွဲသော ကြံရွယ်ချက်ဖြင့် အားပေး ကူညီခြင်းခံရသူ ကျူးလွန်သည့် ပြစ်မှုတစ်ခုခုကို အားပေးကူညီမှု။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း ပြုလုပ်နိုင်လျှင် အားပေးကူညီမှု အတွက် ဝရမ်း မပါဘဲ ဖမ်းဆီးနိုင်သည်။ အခြားနည်းမဖမ်းဆီးနိုင်။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းဖြစ်စေ၊ သမ္မန်စာဖြစ်စေ ထုတ်ဆင့်နိုင်သည်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် အာမခံပေးရမည်၊ သို့မဟုတ် အာမခံ မပေးနိုင်ဟုပြဋ္ဌာန်းထားသည့်အတိုင်း | အားပေးကူညီသည့် ပြစ်မှုရင်းကို ကျေအေးခွင့်ရှိသည်၊ သို့မဟုတ် ကျေအေးနိုင်ခွင့်မရှိဟု ပြဋ္ဌာန်းထားသည့် အတိုင်း | အားပေးကူညီသည့် ပြစ်မှုရင်းအတွက်ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်။ | အားပေးကူညီသည့် ပြစ်မှုရင်းကို စစ်ဆေးစီရင်နိုင်သော တရားရုံး။ |
| ၁၁၁ | ဤပုဒ်မပါ ခြွင်းချက်နှင့် မဆန့်ကျင်စေဘဲ အားပေးကူညီခြင်းခံရသည့် ပြုလုပ်မှုမဟုတ်ဘဲ ကွဲလွဲသော ပြုလုပ်မှုကို ကျူးလွန်ရာတွင် ဖြစ်ပွားသည့် ပြစ်မှုတစ်ခုခုကို အားပေးကူညီမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | အားပေးကူညီရန် ကြံရွယ်သော ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် | ၄င်း |
| ၁၁၃ | အားပေးကူညီသူ ကြံရွယ်သည့် ပြုလုပ်မှုနှင့် ကွဲလွဲသော အားပေးကူညီခြင်းခံရသည့် ပြုလုပ်မှုကြောင့် အကျိုးသက်ရောက်သော ပြစ်မှုတစ်ခုခုကို အားပေးကူညီမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း |
| ၁၁၄ | ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီသူကိုယ်တိုင်ရှိနေသည့်ပြစ်မှုတစ်ခုခုကို အားပေးကူညီမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း |

ဇယား-၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၁၁၅ | သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေထိုက်သင့်သော ပြစ်မှုကို ကျူးလွန်စေရန် အားပေးကူညီသော်လည်း ထိုပြစ်မှုကို မကျူးလွန်သည့် အားပေးကူညီမှု။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း ပြုလုပ်နိုင်လျှင် အားပေးကူညီမှု အတွက် ဝရမ်းမပါဘဲဖမ်းဆီးနိုင်သည်။ အခြားနည်း မဖမ်းဆီးနိုင်။ | အားပေးကူညီသည့် ပြစ်မှုရင်း အတွက် ဝရမ်းဖြစ်စေ၊ သမ္မန်စာဖြင့် ဖြစ်စေ ထုတ်ဆင့် နိုင်သည်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း | အာမခံ မပေးနိုင်။ | အားပေးကူညီသည့် ပြစ်မှုရင်းကို ကျေအေးခွင့်ရှိသည်၊ သို့မဟုတ် ကျေအေးခွင့်မရှိဟုပြဋ္ဌာန်းထားသည့် အတိုင်း | ၇-နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင်ငွေဒဏ်။ | အားပေးကူညီသည့် ပြစ်မှုရင်းကို စစ်ဆေးစီရင်နိုင်သော တရားရုံး။ |
| | ဆိုခဲ့သော အားပေး ကူညီမှုကြောင့် ဘေးအန္တရာယ်ဖြစ်စေသည့် ပြုလုပ်မှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၁၄ – နှစ် ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်၊ | ၄င်း |
| ၁၁၆ | ထောင်ဒဏ် ထိုက်သင့်သော ပြစ်မှုကို အားပေး ကူညီသော်လည်း ထိုပြစ်မှုကို မကျူးလွန်သည့် အားပေး ကူညီမှု။ | ၄င်း | ၄င်း | အားပေးကူညီသည့် ပြစ်မှုရင်း အတွက် အာမခံ ပေးရမည်။ သို့မဟုတ် အာမခံ မပေးနိုင်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း | ၄င်း | အားပေးကူညီခြင်းခံရသော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံး ထောင်ဒဏ် တစ်မျိုးမျိုး၏ လေးပုံတစ်ပုံထိဖြစ်စေ ထိုပြစ်မှုအတွက်ပြဋ္ဌာန်းထားသည့် ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ၄င်း |

ဇယား-၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| | အားပေးကူညီသူသည်၊ သို့မဟုတ် အားပေးကူညီခြင်းခံရသူသည်ပြစ်မှုကျူးလွန်ခြင်းကို တားမြစ်ရန်တာဝန် ဝတ္တရားရှိသော ပြည်သူ့ဝန်ထမ်း ဖြစ်လျှင်။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း ပြုလုပ် နိုင်လျှင် အားပေးကူညီမှု အတွက် ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိသည်။အခြားနည်းမဖမ်းဆီးနိုင်။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းဖြစ်စေ၊ သမ္မန်စာဖြစ်စေ ထုတ်ဆင့်နိုင်သည်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် အာမခံပေးရမည်၊ သို့မဟုတ် အာမခံ မပေးနိုင်ဟုပြဋ္ဌာန်းထားသည့်အတိုင်း | အားပေးကူညီသည့် ပြစ်မှုရင်းကို ကျေအေးခွင့်ရှိသည်၊ သို့မဟုတ် ကျေအေးခွင့်မရှိဟုပြဋ္ဌာန်းထားသည့် အတိုင်း | အားပေးကူညီခြင်းခံရသော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်အများဆုံးထောင်ဒဏ်တစ်မျိုးမျိုး၏ ထက်ဝက်ထိဖြစ်စေ၊ ထိုပြစ်မှုအတွက်ပြဋ္ဌာန်းထားသည့် ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | အားပေးကူညီသည့် ပြစ်မှုရင်းကို စစ်ဆေးစီရင်နိုင်သော တရားရုံး။ |
| ၁၁၇ | တစ်ဦးတစ်ယောက်က အများပြည်သူတို့ကို ဖြစ်စေ၊ ဆယ်ယောက်ထက်ပိုသော သူတို့ကိုဖြစ်စေ ပြစ်မှုကျူးလွန်စေရန် အားပေးကူညီမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၃နှစ်အထိထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ၄င်း |
| ၁၁၈ | သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ ထိုက်သင့်သော ပြစ်မှုကို ကျူးလွန်ရန်စီစဉ်ချက်ကို ထိမ်ချန်မှု။<br>ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိလျှင်။ | ၄င်း | ၄င်း | အာမခံ မပေးနိုင်။ | ၄င်း | ၇နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | ၄င်း |
| | | ၄င်း | ၄င်း | အာမခံ ပေးရမည်။ | ၄င်း | ၃ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | ၄င်း |

ဇယား-၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၁၁၉ | တားမြစ်ရန် တာဝန်ဝတ္တားရှိ သော ပြည်သူ့ဝန်ထမ်းက ပြစ်မှုကျူး လွန်ရန် စီစဉ်ချက်ကို ထိမ်ချန်မှု၊ ပြစ် မှုကျူးလွန်ခြင်း ရှိခဲ့လျှင်။ | အားပေးကူညီ သည့် ပြစ်မှုရင်း အတွက် ဝရမ်းမ ပါဘဲ ဖမ်းဆီး ခြင်း ပြုလုပ်နိုင် လျှင် အားပေး ကူညီမှု အတွက် ဝရမ်း မပါဘဲ ဖမ်းဆီး ခွင့်ရှိ သည်။ အခြား နည်းမဖမ်းဆီးနိုင်။ | အားပေးကူညီ သည့် ပြစ်မှုရင်း အတွက် ဝရမ်း ဖြစ်စေ၊ သမ္မန် စာဖြင့် ဖြစ်စေ ထုတ်ဆင့် နိုင် သည်ဟု ပြဋ္ဌာန်း ထားသည့် အတိုင်း | အားပေးကူညီ သည့် ပြစ်မှုရင်း အတွက် အာမခံ ပေးရမည်၊ သို့မ ဟုတ် အာမခံ မပေးနိုင်ဟု ပြဋ္ဌာန်းထား သည့် အတိုင်း | အားပေးကူညီ သည့် ပြစ်မှုရင်း ကို ကျေအေး ခွင့်ရှိသည်၊ သို့မ ဟုတ် ကျေအေး ခွင့်မရှိဟု ပြ ဋ္ဌာန်း ထားသည့် အတိုင်း | ကျူးလွန်သော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံး ထောင် ဒဏ် တစ်မျိုးမျိုး ၏ ထက်ဝက်ထိ ဖြစ်စေ၊ ထိုပြစ်မှု အတွက် ပြဋ္ဌာန်း ထားသည့် ငွေ ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ ဆယ် နှစ်ထိ ထောင် ဒဏ် တစ်မျိုး မျိုး။ သက်ဆိုင် ရာပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံးထောင် ဒဏ် တစ်မျိုးမျိုး ၏ လေးပုံတစ်ပုံ ထိ ဖြစ်စေ၊ ထို ပြစ်မှုအတွက် ပြ ဋ္ဌာန်းထားသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | အားပေးကူညီ သည့် ပြစ်မှုရင်း ကို စစ်ဆေးစီရင် နိုင်သော တရား ရုံး။ |
| ၄၁၁ | ခိုးရာပါပစ္စည်းဖြစ်ကြောင်းသိလျက်နှင့် မရိုးမဖြောင့်သော သဘောဖြင့်လက်ခံမှု။ | ဝရမ်းမပါဘဲဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့်မရှိ။ | ၃ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း၊ သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |
| ၄၁၂ | ဓားပြမှု ကျူးလွန်ရာတွင် ရရှိသည့် ပစ္စည်းဖြစ်ကြောင်းသိလျက်နှင့် ခိုးရာပါပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့်လက်ခံမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင် ငွေဒဏ်ဖြစ်စေ။ | စက်ရှင်တရားရုံး။ |
| ၄၁၃ | ခိုးရာပါပစ္စည်းကို အမြဲတစေရောင်းဝယ်ဆက်ဆံမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးအပြင် ငွေဒဏ်ဖြစ်စေ။ | ၄င်း |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၁၄ | ခိုးရာပါပစ္စည်းဖြစ်ကြောင်း သိလျက်နှင့် ထိုပစ္စည်းကို ဖုက်သိမ်း သို့မဟုတ် စီမံခန့်ခွဲရာတွင် ကူညီမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံမပေးနိုင် | ကျေအေးခွင့်မရှိ | ၃ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း၊ သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |
| | **လိမ်လည်မှု** | | | | | | |
| ၄၁၇ | လိမ်လည်မှု | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံပေးရမည်။ | တရားလိုဘက်စစ်ဆေးဆဲ၊ တရားရုံးက ခွင့်ပြုလျှင်ကျေအေးခွင့်ရှိသည်။ | ၁ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း၊ သို့မဟုတ်၊ ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |
| ၄၁၈ | တစ်ဦးတစ်ယောက်၏ အကျိုးကို ဥပဒေအရဖြစ်စေ၊ ဥပဒေနှင့်အညီပြုသည့်ပဋိညာဉ်အရဖြစ်စေ၊ ပြစ်မှုကျူးလွန်သူက ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသော ထိုသူအား လိမ်လည်မှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၃ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ်၊ ပထမတန်း၊ သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |
| ၄၁၉ | သူတစ်ပါးယောင်ဆောင်၍ လိမ်လည်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ၄င်း | ၄င်း | ၄င်း | ၃ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်လုံးဖြစ်စေ။ | ၄င်း |

ဇယား ၂ ဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၂၀ | ပစ္စည်းကို ပေးအပ်စေရန်ဖြစ်စေ၊ အဖိုးတန်စာတမ်းအမှတ်အသား တစ်ခုခုကိုဖြစ်စေ၊ ပြင်ဆင်စေရန်၊ သို့မဟုတ် ဖျက်ဆီးစေရန် ဖြစ်စေ လိမ်လည်၍ မရိုးမဖြောင့်သော သဘောဖြင့် သွေးဆောင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့်မရှိ | ၇ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်၊ ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| | **စာချုပ်စာတမ်းကို လိမ်လည်လှည့်ဖြားချုပ်ဆိုခြင်းနှင့် ပစ္စည်းကို လိမ်လည်လှည့်ဖြား စီမံခန့်ခွဲခြင်း** | | | | | | |
| ၄၂၁ | မြီရှင်တို့ ဝေငှခွဲယူခြင်းကို တားဆီးရန်ပစ္စည်းစသည်တို့ကို လိမ်လည်လှည့်ဖြားသည့်သဘောဖြင့် ဖယ်ရှား၊ သို့မဟုတ် ဝှက်သိမ်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ | ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်၊ ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| ၄၂၂ | မြီရှင်များ ရရှိနိုင်သော အကြွေးပေးဆပ်ခြင်းကို မရိုးမဖြောင့်သော သဘောနှင့် ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော သဘောနှင့် ဖြစ်စေ တားဆီးမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း |
| ၄၂၃ | အဖိုးစားနားကို မဟုတ်မမှန် ဖော်ပြခြင်းပါရှိသော အပြောင်းအလွှဲစာချုပ်စာတမ်းကို လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်ချုပ်ဆိုမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၂၄ | မိမိကိုယ်ပိုင်၊ သို့မဟုတ် အခြားသူတစ်ဦးပိုင် ပစ္စည်းကို လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် ဖယ်ရှားခြင်း၊ သို့မဟုတ် ဝှက်သိမ်းခြင်း ပြုလျှင်ဖြစ်စေ၊ထိုသို့ပြုရာတွင်ကူညီလျှင် ဖြစ်စေ၊ မိမိရသင့်ရထိုက်သောရထိုက်ခွင့်ကိုမရှိမဖြောင့်သော သဘောဖြင့် စွန့်လွှတ်ခြင်းဖြစ်စေ ပြုလုပ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ | ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း၊ သို့မဟုတ်၊ ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |
| | **အကျိုးဖျက်ဆီးမှု** | | | | | | |
| ၄၂၆. | အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံပေးရမည်။ | တရားလိုဘက် စစ်ဆေးဆဲတရားရုံးက ခွင့်ပြုလျှင် ကျေအေးခွင့်ရှိ။ | ၃ လ ထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့်ရာဇဝတ်တရားသူကြီးမဆို။ |
| ၄၂၇ | အဖိုးငွေ ကျပ် ၅၀ အောက် မနည်း ပျက်စီးနစ်နာစေသော အကျိုးဖျက်ဆီးမှု။ | ၄င်း | ဝရမ်း | ၄င်း | ၄င်း | ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း၊ သို့မဟုတ်၊ ဒုတိယတန်း၊ အာဏာရ ရာဇဝတ်တရားသူကြီး။ |
| ၄၂၈ | အဖိုးငွေကျပ် ၁၀ အောက် မနည်း တန်ဖိုးရှိသော တိရစ္ဆာန်ကို သတ်ဖြတ်ခြင်း၊ အဆိပ်ခတ်ခြင်း၊ သို့မဟုတ် အင်္ဂါပျက်ယွင်းစေခြင်း၊ သို့မဟုတ် အသုံးမဝင်အောင်ပြုခြင်းဖြင့် အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ၄င်း | ၄င်း | ကျေအေးခွင့်မရှိ | ၄င်း | ၄င်း |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၂၉ | အဖိုးမည်မျှထိုက်တန်စေကာမူ ဆင်၊ ကုလားအုပ်၊ မြင်းစသည်တို့ကိုဖြစ်စေ၊ ကျပ်ငွေ ၅၀ အောက်မနည်း တန်ဖိုးရှိသောအခြားတိရစ္ဆာန်ကိုဖြစ်စေ သတ်ဖြတ်ခြင်း၊ အဆိပ်ခတ်ခြင်း၊ အင်္ဂါပျက်ယွင်းစေခြင်း၊ သို့မဟုတ် အသုံးမဝင်အောင် ပြုခြင်းဖြင့် အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၅ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း၊ သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |
| ၄၃၀ | လယ်ယာလုပ်ကိုင်ခြင်းကိစ္စစသည်တို့အတွက် ရေရရှိရေးလျော့ပါးစေသော ပြုလုပ်မှုဖြင့် အကျိုးဖျက်ဆီးမှု။ | ၄င်း | ၄င်း | ၄င်း | တရားလိုဘက် စစ်ဆေးဆဲ တရားရုံးက ခွင့်ပြုချက်ရလျှင် ကျေအေးခွင့်ရှိသည်။ | ၄င်း | ၄င်း |
| ၄၃၁ | ပြည်သူသွားလာရာလမ်း၊ တံတား၊ ရေယာဉ်သွားလာရာမြစ်၊ သို့မဟုတ် ချောင်းတို့ကို နစ်နာစေရန်နှင့် ခရီးသွားမှုဖြစ်စေ၊ သယ်ယူပို့ဆောင်မှုအတွက်ဖြစ်စေ၊မသွားမလာနိုင်အောင်၊ သို့မဟုတ်လုံခြုံမှုလျော့ပါးအောင်ပြုလုပ်ခြင်းဖြင့် အကျိုးဖျက်ဆီးမှု။ | ၄င်း | ၄င်း | ၄င်း | ကျေအေးခွင့်မရှိ။ | ၄င်း | ၄င်း |

ပေ-၁၆၁၃ ဒုတိယရဲမှူးကြီး ဝင်းဇော်ဦး
ဒုတိယညွှန်ကြားရေးမှူး (တာဝန်/စစ်)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၃၂ | ပြည်သူနှင့်သက်ဆိုင်သည့် ရေသွားလမ်းကို ရေလွှမ်းခြင်းဖြင့်ဖြစ်စေ၊ ပိတ်ဆို့စေခြင်းဖြင့် ဖြစ်စေ၊ ဆုံးရှုံးခြင်းကိုဖြစ်စေသော အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၅ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း၊ သို့မဟုတ် ဒုတိယတန်း အာဏာရဝတ်တရားသူကြီး။ |
| ၄၃၃ | မီးပြတိုက်ကို၊ သို့မဟုတ် ပင်လယ်အမှတ်အသားကို ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ၊ ရွှေ့ပြောင်းခြင်းဖြင့်ဖြစ်စေ၊ အသုံးဝင်မှုလျော့ပါးစေခြင်းဖြင့်ဖြစ်စေမမှန်သောမီးရောင်များပြခြင်းဖြင့် ဖြစ်စေ အကျိုးဖျက်ဆီးမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၇ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး။ |
| ၄၃၄ | ပြည်သူ့အာဏာပိုင်အမိန့်ဖြင့်စိုက်ထူထားသော မြေမှတ်တိုင်ကို ဖျက်ဆီးခြင်း၊ သို့မဟုတ် ရွှေ့ပြောင်းခြင်းစသည်တို့ကို ပြုလုပ်ခြင်းဖြင့် အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ၄င်း | ၄င်း | ၄င်း | ၁ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း၊ သို့မဟုတ်၊ ဒုတိယတန်း အာဏာရရာဇဝတ်တရားသူကြီး။ |
| ၄၃၅ | အဖိုးငွေကျပ် ၁၀၀ ထက်မနည်းသော တန်ဖိုးကို၊ သို့မဟုတ် (စိုက်ပျိုးရေးလုပ်ငန်းအတွက်ဖြစ်လျှင်) ကျပ်ငွေ ၁၀ အောက်မနည်းသော တန်ဖိုးကို ဆုံးရှုံးစေရန်အကြံနှင့် မီးဖြင့်သော်လည်းကောင်း၊ ပေါက်ကွဲစေတတ်သော အရာဖြင့်သော်လည်းကောင်း အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ၄င်း | ၄င်း | ၄င်း | ၇ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း၊ အာဏာရရာဇဝတ်တရားသူကြီး။ |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၃၆ | အိမ်အစရှိသည်တို့ကို ဖျက်ဆီးရန် ကြံရွယ်၍ မီးဖြင့်၊ သို့မဟုတ် ပေါက်ကွဲတတ်သည့်အရာဖြင့် အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံမပေးနိုင်။ | ကျေအေးခွင့်မရှိ။ | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး။ |
| ၄၃၇ | ကုန်းပတ်ပါရှိသော ရေယာဉ်ကို၊ သို့မဟုတ် ဝန်စည်တန်ချိန် ၂၀ အောက်မနည်း တင်ဆောင်နိုင်သော ရေယာဉ်ကို ပျက်ဆီးစေရန်ဖြစ်စေ၊ ဘေးမကင်းစေရန်ဖြစ်စေ ကြံရွယ်၍ အကျိုးဖျက်ဆီးမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | ၄င်း |
| ၄၃၈ | မီး၊ သို့မဟုတ် ပေါက်ကွဲတတ်သောအရာဖြင့် အထက်ပုဒ်မ၌ ဖော်ပြထားသည့်အကျိုးဖျက်ဆီးမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်ဖြစ်စေ။ | ၄င်း |
| ၄၃၉ | ခိုးမှုအစရှိသည့်ပြစ်မှုကို ကျူးလွန်ရန်အကြံဖြင့် ရေယာဉ်ကို ကမ်းတင်စေမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၁၀ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | ၄င်း |
| ၄၄၀ | သေစေမှုအတွက်၊ သို့မဟုတ် နာကျင်စေမှုအတွက် ပြင်ဆင်ပြီးနောက် ကျူးလွန်သည့် အကျိုးဖျက်ဆီးမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၅ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| | **ပြစ်မှုမကင်းသော ကျော်နင်းမှုများ** | | | | | | |
| ၄၄၇ | ပြစ်မှုမကင်းသော ကျော်နင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံပေးရမည်။ | ကျေအေးခွင့်ရှိသည်။ | ၃ လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်ငွေ ၅၀၀ ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့်ရာဇဝတ်တရားသူကြီးမဆို။ |
| ၄၄၈ | အိမ်ကျော်နင်းမှု။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၁ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်ငွေ ၁၀၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ၎င်း |
| ၄၄၉ | သေဒဏ်ထိုက်သင့်သည့်ပြစ်မှုကို ကျူးလွန်ရန် အိမ်ကျော်နင်းမှု။ | ၎င်း | ၎င်း | အာမခံမပေးနိုင်။ | ကျေအေးခွင့်မရှိ။ | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်ထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ်အပြင် ငွေဒဏ်ဖြစ်စေ။ | စက်ရှင်တရားရုံး။ |
| ၄၅၀ | တစ်သက်တစ်ကျွန်းထိုက်သည့် ပြစ်မှုကို ကျူးလွန်ရန် အိမ်ကျော်နင်းမှု။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၁၀ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | ၎င်း |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၅၁ | ထောင်ဒဏ် ထိုက်သင့်သည့် ပြစ်မှုကို ကျူးလွန်ရန် အိမ်ကျော်နင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံပေးရမည်။ | တရားလိုဘက် စစ်ဆေးဆဲ တရားရုံးက ခွင့်ပြုလျှင် ကျေအေးခွင့်ရှိ။ | ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | မည်သည့် ရာဇဝတ်တရားသူကြီးမဆို။ |
| | ကျူးလွန်ရန် ကြံရွယ်သည့် ပြစ်မှုသည် ခိုးမှုဖြစ်လျှင် – | ၄င်း | ၄င်း | အာမခံ မပေးနိုင် | ကျေအေးခွင့်မရှိ | ၇ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်၊ ပထမတန်း၊ သို့မဟုတ် ဒု တိ ယ တန်း အာဏာရရာဇဝတ် တရားသူကြီး။ |
| ၄၅၂ | နာကျင်စေမှု၊ လက်ရောက်မှု စသည်တို့ကို ကျူးလွန်ရန် ပြင်ဆင်၍ အိမ်ကျော်နင်းမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း |
| ၄၅၃ | ပုန်းလျှိုးကျော်နင်းမှု၊ သို့မဟုတ် အိမ်ဖောက်ထွင်းမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင်၊ ငွေဒဏ်။ | ပထမတန်း၊ သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၅၄ | ထောင်ဒဏ်ထိုက်သင့်သည့်ပြစ်မှုကို ကျူးလွန်ရန် ပုန်းလျှိုး အိမ်ကျော်နင်းမှု၊ သို့မဟုတ် အိမ်ဖောက်ထွင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံမပေးနိုင်။ | ကျေအေးခွင့်မရှိ။ | ၃ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း၊ သို့မဟုတ် ဒုတိယတန်းအာဏာရ ရာဇဝတ် တရားသူကြီး။ |
| | ကျူးလွန်ရန် ကြံရွယ်သည့် ပြစ်မှုသည် ခိုးမှုဖြစ်လျှင် – | ၎င်း | ၎င်း | ၎င်း | ၎င်း | ၁၀ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | ၎င်း |
| ၄၅၅ | နာကျင်မှုကိုဖြစ်စေ၊ လက်ရောက်မှု စသည့်တို့ကိုဖြစ်စေ ပြင်ဆင်ပြီးနောက် ပုန်းလျှိုး အိမ်ကျော်နင်းမှု၊ သို့မဟုတ် အိမ်ဖောက်ထွင်းမှု။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |
| ၄၅၆ | ညအချိန်ပုန်းလျှိုးအိမ်ကျော်နင်းမှု၊ သို့မဟုတ် ညအချိန် အိမ်ဖောက်ထွင်းမှု။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၃ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း၊ သို့မဟုတ် ဒုတိယ တန်း အာဏာရရာဇဝတ် တရားသူကြီး။ |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၅၇ | ထောင်ဒဏ်ထိုက်သင့်သည့်ပြစ်မှုကို ကျူးလွန်ရန် ညအချိန်ပုန်းလျှိုး အိမ်ကျော်နင်းမှု၊ သို့မဟုတ် ညအချိန်အိမ်ဖောက်ထွင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံမပေးနိုင်။ | ကျေအေးခွင့်မရှိ။ | ၅ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယ အာဏာရ ရာဇဝတ်တရားသူကြီး။ |
| | ကျူးလွန်ရန် ကြံရွယ်သည့် ပြစ်မှုသည် ခိုးမှုဖြစ်လျှင် – | ၎င်း | ၎င်း | ၎င်း | ၎င်း | ၁၄ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | ၎င်း |
| ၄၅၈ | နာကျင်မှုစသည်တို့ ကျူးလွန်ရန်ပြင်ဆင်ပြီးနောက် ညအချိန် ပုန်းလျှိုး အိမ်ကျော်နင်းမှု၊ သို့မဟုတ် ညအချိန်အိမ်ဖောက်ထွင်းမှု။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |
| ၄၅၉ | ပုန်းလျှိုးအိမ်ကျော်နင်းမှုကိုဖြစ်စေ၊ အိမ်ဖောက်ထွင်းမှုကိုဖြစ်စေ ကျူးလွန်စဉ် အပြင်းအထန်နာကျင်စေမှု။ | ၎င်း | ၎င်း | ၎င်း | ၎င်း | တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်ဖြစ်စေ။ | စက်ရှင်တရားရုံး။ |
| ၄၆၀ | ညအချိန် အိမ်ဖောက်ထွင်းမှုစသည်တို့ကို ကျူးလွန်ရာ၌ တွဲဖက်ပါဝင်သူများမှ တစ်ဦးတစ်ယောက်အားသေစေမှု၊ သို့မဟုတ် အပြင်းအထန်နာကျင်စေမှု။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း |

# ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၆၁ | ပစ္စည်းပါဝင်သည့်၊ သို့မဟုတ် ပါဝင်သည်ဟု ယူဆရသောပိတ်ထားသည့်အရာကို မရိုးမဖြောင့်သော သဘောဖြင့် ဖောက်ဖွင့်မှု၊ သို့မဟုတ် ဖွင့်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ်တရားသူကြီး။ |
| ၄၆၂ | ပစ္စည်းပါဝင်သည့်၊ သို့မဟုတ် ပါဝင်သည်ဟု ယူဆရသော ပိတ်ထားသည့်အရာကို အပ်နှံခြင်းခံရသည်တွင် မရိုးမဖြောင့်သော သဘောဖြင့် ထိုအရာကို ဖွင့်မှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၃ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း၊သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ်တရားသူကြီး။ |
| | **အခန်း ၁၈**<br>**စာတမ်းအမှတ်အသားနှင့်လည်းကောင်း၊ ကုန်တံဆိပ်၊ သို့မဟုတ် ပစ္စည်းတံဆိပ်များနှင့်လည်းကောင်း စပ်လျဉ်းသော ပြစ်မှုများ** | | | | | | |
| ၄၆၃ | လိမ်လည်အတုပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း အာဏာရရာဇဝတ်တရားသူကြီး။ |
| ၄၆၆ | ပြည်သူ့ဝန်ထမ်းတစ်ဦးက ထိန်းသိမ်းထားသော တရားရုံးမှတ်တမ်း၊ သို့မဟုတ် ဖွားစာရင်း စသည်တို့ကို လိမ်လည်အတုပြုမှု။ | ၄င်း | ၄င်း | အာမခံမပေးနိုင်။ | ၄င်း | ၇ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင်ငွေဒဏ်။ | စက်ရှင်တရားရုံး။ |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၆၇ | အဖိုးတန်စာတမ်းအမှတ်အသား၊ သေတမ်းစာ စသည်တို့ကို ပြုရန်ဖြစ်စေ၊ လွှဲပြောင်းရန်ဖြစ်စေ၊ ငွေတစ်စုံတစ်ရာကို လက်ခံရရှိရန်ဖြစ်စေ လိမ်လည်အတုပြုမှု။ | ဝရမ်းမပါဘဲဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံမပေးနိုင်။ | ကျေအေးခွင့်မရှိ။ | တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး။ |
| | အထက်ပါ အဖိုးတန်စာရွက်စာတမ်းအမှတ်အသား်သည် အိန္ဒိယအစိုးရ၏ ငွေပေးကတိစာချုပ်ဖြစ်သည့်အခါ။ | ဝရမ်းမပါဘဲဖမ်းဆီးခွင့်ရှိသည်။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း |
| ၄၆၈ | လိမ်လည်ရန်အလို့ငှာ လိမ်လည်အတုပြုမှု။ | ဝရမ်းမပါဘဲဖမ်းဆီးခွင့်မရှိ။ | ၄င်း | ၄င်း | ၄င်း | ၇ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း၊ အာဏာရရာဇဝတ်တရားသူကြီး။ |
| ၄၆၉ | သူတစ်ပါး၏ ဂုဏ်သရေကို နစ်နာထိခိုက်စေရန်ဖြစ်စေ၊ ထိုသို့ထိခိုက်နစ်နာစေရန် စာတမ်းအမှတ်အသားကို အသုံးပြုစေ တန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ လိမ်လည်အတုပြုမှု၊ | ၄င်း | ၄င်း | အာမခံပေးရမည်။ | ၄င်း | ၃ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | ၄င်း |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၇၁ | လိမ်လည်အတုပြုထားသည့် စာတမ်းအမှတ်အသားဖြစ်ကြောင်းသိလျက်နှင့် အစစ်အမှန်အနေဖြင့် အသုံးပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့်မရှိ။ | အဆိုပါ စာတမ်းအမှတ်အသားကို ကိုယ်တိုင်လိမ်လည်အတုပြုမှုအတွက်ပြစ်ဒဏ်။ | လိမ်လည်အတုပြုမှုကို စစ်ဆေးစီရင်နိုင်သော တရားရုံး။ |
| | လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသားသည် အိန္ဒိယအစိုးရ၏ ငွေပေးကတိစာချုပ်ဖြစ်သည့်အခါ။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ၄င်း | ၄င်း | ၄င်း | ၄င်း | စက်ရှင်တရားရုံး။ |
| ၄၇၂ | ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၇ အရ ပြစ်ဒဏ်ထိုက်သည့် လိမ်လည်မှုတစ်ခုကို ကျူးလွန်ရန်အလို့ငှာ တံဆိပ်၊ တံဆိပ်ပြားစသည်တို့ကို ပြုလုပ်မှု၊ သို့မဟုတ်အတုပြုခြင်းဖြင့်ဖြစ်စေ၊ အဆိုပါ တံဆိပ်၊ တံဆိပ်ပြားစသည်တို့ကို အတုဖြစ်ကြောင်းသိလျက်နှင့်ဖြစ်စေ လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ၄င်း | ၄င်း | ၄င်း | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၇ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | ၄င်း |
| ၄၇၃ | ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၇ မှ တစ်ပါး ပြစ်ဒဏ်ထိုက်သော လိမ်လည်မှုတစ်ခုကို ကျူးလွန်ရန်အလို့ငှာ တံဆိပ်၊ တံဆိပ်ပြားစသည်တို့ကို ပြုလုပ်မှု၊ သို့မဟုတ် အတုပြုလုပ်ခြင်းဖြင့်ဖြစ်စေ၊ အတုဖြစ်ကြောင်းသိလျက်နှင့်ဖြစ်စေ အဆိုပါ တံဆိပ်၊ တံဆိပ်ပြားစသည်တို့ကို လက်ရှိထားမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၇ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | ၄င်း |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၇၄ | ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၆ ၌ ဖော်ပြထားသည့် စာတမ်း အမှတ်အသားမျိုး တစ်ခုခုကို လိမ်လည် အတုပြုထားကြောင်း သိလျက်နှင့် အစစ်အမှန်အနေနှင့် အသုံးပြုစေရန် အကြံဖြင့် လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇ နှစ် ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး။ |
| | အထက်ပါစာတမ်းအမှတ်အသားသည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၆၇ ၌ ဖော်ပြထားသည့် စာတမ်းအမှတ်အသားမျိုး တစ်ခုခု ဖြစ်လျှင် | ၎င်း | ၎င်း | ၎င်း | ၎င်း | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၇ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | ၎င်း |
| ၄၇၅ | ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၇ တွင် ဖော်ပြထားသည့် စာတမ်းအမှတ်အသားကို အမှန်ဖြစ်ကြောင်း ထင်ရှားစေရန် အလို့ငှာ အသုံးပြုသည့်ပုံအမှတ်ကို၊ သို့မဟုတ် အမှတ်အသားကို အတုပြုမှု၊ သို့မဟုတ် အတုပြုထားသော အမှတ်အသားပါသည့် အရာဝတ္ထုကို လက်ရှိထားမှု။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း<br>ဇယား ၂ အဆက်<br>ဇယား ၂ အဆက်<br>ဇယား ၂ အဆက်<br>ဇယား ၂ အဆက် | ၎င်း |



ဒုတိယညွှန်ကြားရေးမှူး (တာဝန်/စီမံ)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ ... ရုံးချုပ်

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၇၆ | ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၇ တွင်ဖော်ပြထားသည့် စာတမ်းအမှတ်အသားမှ တစ်ပါး အခြားစာတမ်းအမှတ်အသားကို အမှန်ဖြစ်ကြောင်း ထင်ရှားစေရန် အလို့ငှာ အသုံးပြုသည့် ပုံအမှတ်ကို၊ သို့မဟုတ် အမှတ်အသားကို အတည်ပြုမှု၊ သို့မဟုတ် အတုပြုထားသည့် အမှတ်အသားပါသော အရာဝတ္ထုကို လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံမပေးနိုင် | ကျေအေးခွင့်မရှိ | ၇ နှစ် ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး။ |
| ၄၇၇ | သေတမ်းစာ စသည်တို့ကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဖျက်ဆီးခြင်း၊ သို့မဟုတ် ပုံသဏ္ဌာန် ဖျက်ခြင်း၊ သို့မဟုတ် ဖျက်ဆီးရန် သို့မဟုတ် ပုံသဏ္ဌာန်ဖျက်စေရန်၊ သို့မဟုတ် အားထုတ်ခြင်း၊ သို့မဟုတ် ဖုံးကွယ်မှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | ၄င်း |
| ၄၇၇ က | စာရင်းများကို မဟုတ်မမှန်ပြုမှု။ | ၄င်း | ၄င်း | အာမခံပေးရမည်။ | ၄င်း | ၇ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| | **ကုန်တံဆိပ်၊ ပစ္စည်းတံဆိပ်နှင့် အခြားတံဆိပ်များ** | | | | | | |
| ၄၈၂ | ကုန်တံဆိပ်လိမ်၊ သို့မဟုတ် ပစ္စည်းတံဆိပ်လိမ်ကို တစ်စုံတစ်ယောက်သောသူအား လိမ်လည်လှည့်ဖြားရန် အကြံဖြင့်ဖြစ်စေ၊ နစ်နာစေရန်အကြံဖြင့်ဖြစ်စေသုံးစွဲမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၁ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း၊ သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ်တရားသူကြီး။ |
| ၄၈၃ | အခြားသူသုံးစွဲသော ကုန်တံဆိပ်ကိုဖြစ်စေ၊ ပစ္စည်းတံဆိပ်ကိုဖြစ်စေ ဆုံးရှုံးစေရန် သို့မဟုတ် နစ်နာစေရန် အကြံဖြင့် အတုပြုမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ၄င်း |
| ၄၈၄ | ပြည်သူ့ဝန်ထမ်းတစ်ဦးက အသုံးပြုသော ပစ္စည်းတံဆိပ်ကိုဖြစ်စေ၊ ထိုပစ္စည်းတစ်ခုခု၏ ထုတ်လုပ်ကြောင်း အမျိုးအစားစသည်တို့ကို ဖော်ပြရန် ပြည်သူ့ဝန်ထမ်းက သုံးစွဲသော အမှတ်အသားကို အတုပြုမှု။ | ၄င်း | သမ္မန်စာ | ၄င်း | ၄င်း | ၃ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ် | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း၊ အာဏာရရာဇဝတ်တရားသူကြီး။ |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၈၅ | အမှား၊ သို့မဟုတ် ကိုယ်ပိုင်ပစ္စည်း၊ သို့မဟုတ် ကုန်တံဆိပ်ကို အသုံးပြုရန်အတွက် တံဆိပ်သွန်းရန်ပုံ၊ တံဆိပ်ပြား၊ သို့မဟုတ် အခြားကိရိယာကို လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် ပြုလုပ်မှု၊ သို့မဟုတ် လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၃ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ်၊ ပထမတန်း၊ အာဏာရရာဇဝတ်တရားသူကြီး။ |
| ၄၈၆ | ကုန်တံဆိပ်လိမ်နှင့်ဖြစ်စေ၊ အခြားတံဆိပ်လိမ်နှင့်ဖြစ်စေ အမှတ်အသားထားသော ကုန်ပစ္စည်းများကို သိလျက်နှင့်ရောင်းမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၁ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း၊ သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ်တရားသူကြီး။ |
| ၄၈၇ | ကုန်ပစ္စည်းမပါရှိဘဲ ပါရှိကြောင်း ယုံကြည်စေရန် အကြံဖြင့် အထုပ်အပိုး၊ သို့မဟုတ် အခြားထည့်စရာတစ်ခုခုအပေါ်၌ လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် ပြုလုပ်မှု။ အမှတ်အသားကို အတုပြုမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၃ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း၊ သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |
| ၄၈၈ | ဆိုခဲ့သော အမှတ်အသားလိမ်ကို သုံးစွဲမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း |
| ၄၈၉ | နစ်နာစေရန်အကြံဖြင့် ပစ္စည်းတံဆိပ်ကို ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း၊ သို့မဟုတ် ပုံသဏ္ဍာန်ဖျက်ခြင်းပြုမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၁ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း၊ သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ်တရားသူကြီး။ |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| | **ငွေစက္ကူနှင့် ဘဏ်ငွေလက်မှတ်များ** | | | | | | |
| ၄၈၉ က | ငွေစက္ကူများကိုဖြစ်စေ၊ ဘဏ်ငွေလက်မှတ်များကိုဖြစ်စေ လိမ်လည်အတုပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံမပေးနိုင်။ | ကျေအေးခွင့်မရှိ။ | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ်၊ တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး။ |
| ၄၈၉ ခ | ငွေစက္ကူအတုကိုဖြစ်စေ၊ ဘဏ်လက်မှတ်အတုကိုဖြစ်စေ၊ အစစ်အမှန် အနေဖြင့် အသုံးပြုမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း |
| ၄၈၉ ဂ | ငွေစက္ကူအတုကိုဖြစ်စေ၊ ဘဏ်လက်မှတ်အတုကိုဖြစ်စေ လက်ရှိထားမှု။ | ၄င်း | ၄င်း | အာမခံပေးရမည်။ | ၄င်း | ၇ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ၄င်း |
| ၄၈၉ | ငွေစက္ကူကိုဖြစ်စေ၊ ဘဏ်ငွေလက်မှတ်ကိုဖြစ်စေ၊ အတုပြုရန် ကိရိယာကို ဖြစ်စေ၊ ဖြစ်စေ၊ များကိုဖြစ်စေ ပြုလုပ်မှု၊ သို့မဟုတ် လက်ရှိထားမှု။ | ၄င်း | ၄င်း | အာမခံမပေးနိုင်။ | ၄င်း | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | ၄င်း |

## ဆောင်ရွက်မှုပင်ညာဉ်ကို ပြစ်ဒဏ်ထိုက်အောင်ဖောက်ဖျက်ခြင်း

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၉၁ | အသက်ငယ်ခြင်းကြောင့်သော်လည်းကောင်း၊ စိတ်ပေါ့သွပ်ခြင်းကြောင့်သော်လည်းကောင်း၊ ရောဂါစွဲကပ်ခြင်းကြောင့်သော်လည်းကောင်း၊ အားကိုးရာမဲ့သော တစ်ဦးတစ်ယောက်၏ အလိုများကို ပြုစုကြည့်ရှုရန်ဖြစ်စေ၊ ဖြည့်စွက်ရန်ဖြစ်စေ တာဝန်ရှိလျက် ထိုတာဝန်ကို မိမိ အလိုအလျောက်မဆောင်ရွက်ချန်လှပ်ထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံပေးရမည်။ | ကျေအေးခွင့်ရှိသည်။ | ၃ လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်ငွေ ၂၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း၊ သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ်တရားသူကြီး။ |
| | **အခန်း ၂၀**<br>**ထိမ်းမြားခြင်းဆိုင်ရာ ပြစ်မှုများ** | | | | | | |
| ၄၉၃ | မိမိနှင့် တရားဝင်ထိမ်းမြားခြင်း မပြုသော မိန်းမတစ်ဦးကို မိမိနှင့် တရားသဖြင့် ထိမ်းမြားကြောင်း လှည့်ဖြားယုံကြည်စေ၍ ထိုသို့ယုံကြည်စေသဖြင့် မိမိနှင့် ကာမစပ်ယှက်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံမပေးနိုင်။ | ကျေအေးခွင့်မရှိ။ | ၁၀ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင်ငွေဒဏ်။ | စက်ရှင်တရားရုံး။ |
| ၄၉၄ | လင်၊ သို့မဟုတ် မယားရှိနေစဉ်ကာလအတွင်း ထပ်မံထိမ်းမြားမှု။ | ၄င်း | ၄င်း | အာမခံ ပေးရမည်။ | တရားလိုဘက် စစ်ဆေးဆဲ တရားရုံးက ခွင့်ပြုလျှင် ကျေအေးခွင့်ရှိသည်။ | ၇ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း အာဏာရရာဇဝတ်တရားသူကြီး။ |

## ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၄၉၅ | နောက်ထပ် ထိမ်းမြားမည့်သူအား အထက်က ထိမ်းမြားခြင်း အကြောင်းကို ထိမ်ချန်သည့်ပြစ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး။ |
| ၄၉၆ | ပုဂ္ဂိုလ်တစ်ဦးက လိမ်လည်လှည့်ဖြားလိုသော အကြံဖြင့် တရားဝင် ထိမ်းမြားခြင်းမမြောက်သည်ကို သိလျက်နှင့် ထိမ်းမြားခြင်း အခမ်းအနားကို ခံယူမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၇ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | ၄င်း |
| ၄၉၇ | မယားခိုးမှု<br><br>အညီ ခိုင်းစေခြင်းခံရသော သူများကို ဟန့်တားခြင်း စိတ်ငြိုငြင်စေခြင်း၊ သို့မဟုတ် | ၄င်း | ၄င်း | ၄င်း | ကျေအေးခွင့်ရှိသည်။ | ၅ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| ၄၉၈ | ပြစ်မှုမကင်းသော အကြံဖြင့် လင်ရှိ မိန်းမတစ်ဦးကို ဖြားယောင်းခြင်း၊သို့မဟုတ် ဆောင်ယူသွားခြင်းဖြင့် ထွက်သွားစေမှု၊ သို့မဟုတ် တားဆီးမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း၊ သို့မဟုတ်၊ ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| | **အခန်း ၂၁ အသရေဖျက်မှု** | | | | | | |
| ၅၀၀ | အသရေဖျက်မှု | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်ရှိသည်။ | ၂ နှစ်ထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ် နှစ် ရပ် လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၅၀၁ | အသရေပျက်စေမည်ဟု သိသော အကြောင်းအရာကို ပုံနှိပ်မှု၊ သို့မဟုတ် ထုထွင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်ရှိသည်။ | ၂ နှစ် ထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမကန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| ၅၀၂ | အသရေပျက်စေသော အကြောင်းအရာပါရှိသည့် ပုံနှိပ်ထားသော သို့မဟုတ် ထုထွင်းထားသော အရာကို ရောင်းရာတွင် ထိုသို့ အသရေပျက်စေသည့်အကြောင်းပါရှိသည်ကို သိရှိမှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း |
| | **အခန်း ၂၂**<br>**ပြစ်မှုမကင်းသော ခြောက်လှန့်မှု၊ စော်ကားမှုနှင့် စိတ်ငြိုငြင်စေမှုများ** | | | | | | |
| ၅၀၄ | ငြိမ်ဝပ်ရေး ပျက်ပြားစေရန် အကြံဖြင့် စော်ကားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်ရှိသည်။ | ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့်ရာဇဝတ်တရားသူကြီးမဆို။ |
| ၅၀၅ | စစ်ပုန်ကန်မှု၊ သို့မဟုတ် နိုင်ငံတော်ငြိမ်ဝပ်ရေးကို ဆန့်ကျင်သည့် ပြစ်မှုဖြစ်စေရန် အကြံဖြင့် ဖြန့်ဝေသော မမှန်သည့် ဖော်ပြချက်၊ ကောလာဟလ စသည့်အမှု။ | ၄င်း | ၄င်း | အာမခံမပေးနိုင် | ကျေအေးခွင့်မရှိ | ၄င်း | ပထမကန်းအာဏာရ ရာဇဝတ်တရားသူကြီး။ |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၃၀၆ | ပြစ်မှုမကင်းသော ခြောက်လှန့်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်ရှိသည်။ | ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း၊ သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ်တရားသူကြီး။ |
| | သေစေမ ပြင်းအထန်နာကျင်စေမည် စသည်ဖြင် ခြ လှန့်မှုဖြစ်လျှင်။ | ၄င်း | ၄င်း | ၄င်း | ကျေအေးခွင့်မရှိ။ | ၇ နှစ်ထိ ထောင်၊ ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်းအာဏာရရာဇဝတ်တရားသူကြီး။ |
| ၃၀၇ | ပစ်စာဖြင့်ဖြစ်စေ၊ ခြိမ်းခြောက်သူ၏ အမည်နေရပ်ကို ထိမ်ချန်ရန် ကြိုတင်ပြုလုပ်ပြီးမှဖြစ်စေ ပြစ်မှုမကင်းသော ခြောက်လှန့်မှု။ | ၄င်း | ၄င်း | ၄င်း | ၄င်း | တစ်ဆက်တည်းဖြစ်သော အထက်ပါ ပုဒ်မအရ ပြစ်ဒဏ်အပြင် ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး။ | ၄င်း |
| ၃၀၈ | သက်ဆိုင်ရာဘာသာအယူဝါဒအရ အပြစ်ရောက်မည်ဟု ယုံကြည်စေရန် တစ်ဦးတစ်ယောက်သောသူအား သွေးဆောင်ခြင်းဖြင့် ပြုလုပ်မှု။ | ၄င်း | ၄င်း | ၄င်း | ကျေအေးခွင့်ရှိသည်။ | ၁ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း၊ သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ်တရားသူကြီး။ |

| | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၅၀၉ | မိန်းမတို့ ကာကြေ့ကို ကဲ့ရဲ့ရန်ရည်ရွယ်သော စကားပြောခြင်း၊ သို့မဟုတ် ကိုယ်အမူအရာပြသခြင်း ပြုလုပ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံပေးရမည်။ | တရားလိုဘက် အမှုစစ်ဆေးဆဲ တရားရုံးက ခွင့်ပြုလျှင် ကျေအေးခွင့်ရှိသည်။ | ၁ နှစ်ထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်ဖြစ်စေ။ | ပထမတန်း၊ အာဏာရ ရာဇဝတ် တရားသူကြီး။ |
| ၅၁၀ | မူးယစ်လျက် အများပြည်သူနှင့်ဆိုင်သော နေရာစသည်များသို့ လာရောက်၍ တစ်ဦးတစ်ယောက်အား စိတ်ငြိုငြင်အောင်ပြုမှု။ | ၄င်း | ၄င်း | ၄င်း | ကျေအေးခွင့် မရှိ။ | ၂၄ နာရီ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့်ရာဇဝတ် တရားသူကြီးမဆို။ |

## အခန်း ၂၃
## ပြစ်မှုကျူးလွန်ရန်အားထုတ်မှုများ

| | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၅၁၁ | တစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ ထိုက်သော ပြစ်မှုများကို ကျူးလွန်ရန် အားထုတ်ရာတွင် ရှေးရှုသော ပြုလုပ်မှု တစ်ခုခု ပြုလုပ်မှု။ | ကျူးလွန်သည့် ပြစ်မှုအတွက် ရဲက ဝရမ်းဖြင့်ဖြစ်စေ၊ ဝရမ်းမပါဘဲဖြစ်စေ ဖမ်းဆီးခွင့်ရသည် မရသည် အတိုင်း | ကျူးလွန်သည့် ပြစ်မှုအတွက် သမ္မန်စာဖြစ်စေ၊ ဝရမ်းဖြစ်စေ သာမန် အားဖြင့် ထုတ်ရမည့် အတိုင်း | ကျူးလွန်သည့် ပြစ်မှုအတွက် အာမခံပေးရမည်၊ မပေးနိုင်သည့်အတိုင်း<br><br>တစ်သက် တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀ နှစ်ထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ် အပြင်ငွေဒဏ်။ | အားထုတ်သော ပြစ်မှုသည် ကျေအေးခွင့်ရှိသည့်အခါ ကျေအေးခွင့်ရှိသည်။ | ကျူးလွန်သည့် ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းထားသည့် အများဆုံး ဒဏ် တစ်မျိုးမျိုးအနက် တစ်ဝက်ထက်မပိုသည့် တစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ ထိုပြစ်မှုရင်းအတွက် ပြဋ္ဌာန်းထားသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ကျူးလွန်ရန် အားထုတ်သည့် ပြစ်မှုရင်းကို စစ်ဆေးစီရင်နိုင်သည့် တရားရုံး။ |

ဇယား ၂ အဆက်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| | **အခြားဥပဒေများကို ကျူးလွန်သူများ** | | | | | | |
| | သေဒဏ်၊ တစ်ကျွန်းပို့ဒဏ်၊ သို့မဟုတ် ၇ နှစ် သို့မဟုတ် ၄င်းအထက်ပိုသော ပြစ်ဒဏ် ထိုက်သည့် ပြစ်ဒဏ်စီရင်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံမပေးနိုင်။ | ကျေအေးခွင့်မရှိ။ | | စက်ရှင်တရားရုံး။ |
| | ၃ နှစ်နှင့် အထက်၊ သို့သော်လည်း ၇ နှစ်အောက် ပြစ်ဒဏ်ထိုက်သည့် ပြစ်ဒဏ်စီရင်လျှင်။ | ၄င်း | ၄င်း | အာမခံပေးရမည့် လက်နက်အက်ဥပဒေပုဒ်မ ၁၉ မှ တစ်ပါး အာမခံမပေးနိုင်။ | ၄င်း | | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |
| | ထောင်ဒဏ် ၁ နှစ်နှင့်အထက် သို့သော်လည်း ၃ နှစ်အောက် ပြစ်ဒဏ်ထိုက်သည့် ပြစ်ဒဏ်စီရင်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ၊ | သမ္မန်စာ | အာမခံပေးရမည်။ | ၄င်း | | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း၊ သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |
| | ထောင်ဒဏ် ၁ နှစ်အောက်၊ သို့မဟုတ် ငွေဒဏ် သက်သက် ပြစ်ဒဏ်ထိုက်သော ပြစ်ဒဏ် စီရင်လျှင်။ | ၄င်း | ၄င်း | ၄င်း | ၄င်း | | မည်သည့်ရာဇဝတ်တရားသူကြီးမဆို။ |

ဇယား ၃

(ပုဒ်မ ၃၆ ကိုကြည့်ပါ)

## ရာဇဝတ်တရားသူကြီးများ၏ သာမန်ရာဇဝတ်အာဏာများ

### ခ။ တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦး၏ သာမန် ရာဇဝတ်အာဏာများ

(၁) မိမိရှေ့တွင် ပြစ်မှုကျူးလွန်သူကို ကိုယ်တိုင် ဖမ်းဆီးချုပ်ထားနိုင်ခွင့် အာဏာ သို့မဟုတ် ဖမ်းဆီးချုပ်ထားစေရန် ညွှန်ကြားနိုင်ခွင့်အာဏာ၊ ပုဒ်မ ၆၄။

(၂) ပြစ်မှုကျူးလွန်သူကို ကိုယ်တိုင်ဖမ်းဆီးနိုင်ခွင့်အာဏာ၊ သို့မဟုတ် မိမိရှေ့တွင် ဖမ်းဆီးစေရန် ညွှန်ကြားနိုင်ခွင့် အာဏာ၊ ပုဒ်မ ၆၅။

(၃) ဝရမ်းတွင် ထပ်ဆင့်ရေးသား၍ လက်မှတ်ရေးထိုးနိုင်ခွင့်အာဏာ၊ သို့မဟုတ် ဝရမ်းအရ ဖမ်းဆီးထားသည့် စွပ်စွဲခံရသူတစ်ဦးကို ရွှေ့ပြောင်းစေရန် အမိန့်ပေးနိုင်ခွင့်အာဏာ ပုဒ်မ ၈၃၊ ၈၄ နှင့် ၈၆။

(၄) မိမိရှေ့သို့ တရားဥပဒေနှင့်အညီ ရောက်လာသည့် အမှုများတွင် ထုတ်ပြန်ကြေညာချက်များ ထုတ်ဆင့်နိုင်ခွင့် အာဏာ၊ ပုဒ်မ ၈၇။

(၅) မိမိရှေ့သို့ တရားဥပဒေနှင့်အညီ ရောက်လာသည့် အမှုများတွင် ပစ္စည်းကို ဝရမ်းကပ်ခြင်း၊ ရောင်းချခြင်းနှင့် ဝရမ်းကပ်ထားသည့် ပစ္စည်းကို တောင်းဆိုသောကိစ္စများ ဆုံးခန်းတိုင်ရောက်အောင် ဆောင်ရွက်နိုင်ခွင့် အာဏာ၊ ပုဒ်မ ၈၈။

(၆) ဝရမ်းကပ်ထားသည့် ပစ္စည်းကို ပြန်အပ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၈၉။

(၇) စာများ၊ ကြေးနန်းစာများကို ရှာဖွေရန် တောင်းဆိုနိုင်ခွင့်အာဏာ၊ ပုဒ်မ ၉၅။

(၈) ရှာဖွေဝရမ်း ထုတ်ပေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၉၆။

(၉) ရှာဖွေဝရမ်းတွင် ထပ်ဆင့်ရေးသားလက်မှတ်ရေးထိုး၍ တွေ့ရှိသည့် ပစ္စည်းကို ပေးအပ်စေရန် အမိန့်ထုတ်ဆင့် ပေးနိုင်ခွင့် အာဏာ၊ ပုဒ်မ ၉၉။

(၁၀) ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန် အမိန့်ပေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၂၇။

(၁၁) ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန် မြို့ပြအင်အားကို အသုံးပြုနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၂၈။

(၁၂) ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန်အတွက် စစ်အင်အားအသုံးပြုရန်တောင်းဆိုနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၃၀။

(၁၃) × × × × × × × × × × ×

(၁၄) ရဲကစုံစမ်းထောက်လှမ်းနေစဉ်အတွင်း လူတစ်ဦးတစ်ယောက်ကို ရဲအချုပ်မဟုတ်သည့်နေရာတွင် ချုပ်နှောင်ထားရန် အမိန့်ပေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၆၇။

(၁၄က) အမိန့်ဆင့်စာထုတ်ခြင်းကို ရွှေ့ဆိုင်းပြီး မိမိကိုယ်တိုင် အမှုကို စုံစမ်းစစ်ဆေးနိုင်ခွင့်အာဏာ၊ပုဒ်မ ၂၀၂။

(၁၅) တရားရုံးရှေ့တွင် တွေ့ရှိသော ပြစ်မှုကျူးလွန်သူအား ချုပ်နှောင်နိုင်ခွင့် အာဏာ၊ ပုဒ်မ ၃၅၁။

(၁၆) * * * * *

(၁၇) သက်သေစစ်မေးရန်အတွက် ကော်မရှင်စာထုတ်ပေးရန် ခရိုင်ရာဇဝတ်တရားသူကြီးထံ တင်ပြနိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၀၆ (၂)။

(၁၈) ရာဇဝတ်တရားသူကြီး၏ တရားရုံးရှေ့သို့ရောက်ရှိရန် ပျက်ကွက်သည့် ခံဝန်ချုပ်ကို ပြန်၍ ရယူနိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၁၄ နှင့် ခံဝန်အသစ်ချုပ်ဆိုရန် တောင်းဆိုနိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၁၄က။

(၁၈က) အမှုစုံစမ်းစစ်ဆေးနေစဉ်၊ သို့မဟုတ် စစ်ဆေးစီရင်နေစဉ် ပစ္စည်းကို ထိန်းသိမ်းထားရန်နှင့် စီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၁၆က။

(၁၉) ပစ္စည်းကို စီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၁၇။

(၂၀) မသက်ာဖွယ်ရာ အခြေအနေရှိသော ပစ္စည်းကို ရောင်းချနိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၂၅။

(၂၁) လျှောက်လွှာကို ထောက်ခံရန်အတွက် ကျမ်းကျိန်ချက်တောင်းဆိုနိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၃၉က။

(၂၂) အချင်းဖြစ်နေရာကို ကြည့်ရှု စစ်ဆေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၃၉ခ။

## ၂။ ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦး၏ သာမန်ရာဇဝတ်အာဏာများ

(၁) တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦး၏ သာမန်ရာဇဝတ်အာဏာများ။

(၂) ရာဇဝတ်တရားသူကြီးက စစ်ဆေးစီရင်ရန်သော်လည်းကောင်း၊ စစ်ဆေးစီရင်ရန်လွှဲအပ်တင်ပို့နိုင်ရန်သော်လည်းကောင်း၊ စီရင်ပိုင်ခွင့်အာဏာရှိသည့်အမှုများတွင် ပြစ်မှုတစ်စုံတစ်ရာကို ရဲက စုံစမ်းထောက်လှမ်းစေရန် အမိန့်ပေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၅၅။

(၃) အမိန့်ဆင့်စာထုတ်ဆင့်ခြင်းကို ရွှေ့ဆိုင်းပြီး အမှုကို စုံစမ်းစစ်ဆေးရန်၊ သို့မဟုတ် စုံစမ်းထောက်လှမ်းရန် ညွှန်ကြားနိုင်ခွင့်အာဏာ၊ ပုဒ်မ ၂၀၂။

## ၃။ ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦး၏ သာမန်ရာဇဝတ်အာဏာများ

(၁) ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦး၏ သာမန်ရာဇဝတ်အာဏာများ။

(၂) အမှုစုံစမ်းစစ်ဆေးနေစဉ်အတွင်း မဟုတ်သောအခါများတွင် ရှာဖွေဝရမ်းထုတ်ပေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၉၈။

(၃) မတရားချုပ်နှောင်ထားခြင်းခံရသူများကို တွေ့ရှိရန် ရှာဖွေဝရမ်း ထုတ်ပေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၀၀။

(၄) ငြိမ်ဝပ်စွာနေထိုင်ရန် အာမခံတောင်းဆိုနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၀၇။

(၅) ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အာမခံတောင်းနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၀၉။

(၆) အာမခံသူများကို တာဝန်မှ ရုပ်စဲနိုင်ခွင့်အာဏာ၊ပုဒ်မ ၁၂၆။

(၆က) ဒေသန္တရနှောင့်ယှက်မှုများအတွက် အမိန့်များ ချမှတ်နိုင်ခွင့်အာဏာ၊ပုဒ်မ ၁၃၃။

(၇) လက်ရှိအမှုများတွင် အမိန့်စသည်များ ချမှတ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၄၅၊ ၁၄၆နှင့် ၁၄၇။

(၇က) ရဲက စုံစမ်းထောက်လှမ်းနေစဉ်အတွင်း ထွက်ဆိုချက်များနှင့် ဖြောင့်ချက်များကို မှတ်တမ်းတင်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၆၄။

၇ကက) ရဲက စုံစမ်းထောက်လှမ်းနေစဉ်အတွင်း လူတစ်ဦးတစ်ယောက်ကိုရဲအချုပ်တွင် ချုပ်နှောင်ထားရန် အမိန့်ပေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၆၇။

(၇ခ) သေဆုံးရသည့်အကြောင်းရင်းကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၇၄။

(၈) စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့ပိုင်ခွင့်အာဏာ၊ ပုဒ်မ ၂၀၆။

(၉) တိုင်တန်းသူမရှိသည့်အခါ မှုခင်းကိုစွဲဆောင်ရွက်မှုများကို ရပ်ဆိုင်းထားနိုင်ခွင့် အာဏာ၊ ပုဒ်မ ၂၄၉။

(၉က) မိမိကိုယ်တိုင် စုံစမ်းစစ်ဆေးနေသော အမှုတွင် ကြံရာပါကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ပေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၃၃၇။

(၁၀) မယားစရိတ်၊ ကလေးစရိတ်ပေးစေရန် အမိန့်များချမှတ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၄၈၈နှင့် ၄၈၉။

(၁၁) ကော်မရှင်ဖြင့် သက်သေခံချက် ရယူနိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၀၃။

(၁၂) ပျက်ကွက်သည့် ခံဝန်ချုပ်အတွက် ဒဏ်ကြေးရယူနိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၁၄။

(၁၂က) ခံဝန်အသစ်ချုပ်ဆိုရန် တောင်းဆိုနိုင်ခွင့်အာဏာ ပုဒ်မ ၅၁၄က။

(၁၂ခ) အခြားရာဇဝတ်တရားသူကြီးထံ မိမိလွှဲပေးခဲ့သည့် အမှုကို ပြန်၍ ခေါ်ယူနိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၂၈ (၄)။

(၁၃) ပထမအကြိမ် ပြစ်မှုကျူးလွန်သူများနှင့် စပ်လျဉ်း၍ အမိန့်ချမှန်နိုင်ခွင့် အာဏာ၊ ပုဒ်မ ၅၆၂။

(၁၄) လွှတ်လိုက်သော ပြစ်မှုကျူးလွန်သူများအား ၎င်းတို့၏ နေရပ်လိပ်စာ ပြောကြားရန် အမိန့်ချမှတ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၆၅။

၄။ ပုဒ်မ ၁၃ အရ ခန့်အပ်ခြင်းခံရသည့် နယ်ပိုင်ရာဇဝတ်တရားသူကြီးတစ်ဦး၏ သာမန်ရာဇဝတ်အာဏာများ

(၁) ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီးတစ်ဦး၏ သာမန်ရာဇဝတ်အာဏာများ။

(၂) မြေရှင်များသို့ ဝရမ်းများ ထုတ်ဆင့်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၇၈။

(၃) ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အာမခံတောင်းနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၁၀။

(၄) * * * * *

(၅) နှောင့်ယှက်မှုများ ထပ်မံမပြုလုပ်စေရန် တားမြစ်သည့် အမိန့်များချမှတ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၄၃။

(၆) ပုဒ်မ ၁၄၄ အရ အမိန့်များပေးနိုင်ခွင့် အာဏာ။

(၇) လက်အောက်ခံရာဇဝတ်တရားသူကြီးအား ဒေသန္တရ စုံစမ်းစစ်ဆေးခြင်းပြုလုပ်စေရန် လွှဲအပ်နိုင်ခွင့် အာဏာ၊ ပုဒ်မ ၁၄၈။

(၈) ရဲ အရေးယူပိုင်ခွင့်ရှိသော အမှုကို ရဲက စုံစမ်းထောက်လှမ်းရန် အမိန့်ချမှတ်နိုင်ခွင့် အာဏာ၊ ပုဒ်မ ၁၅၆။

(၉) ရဲအရာရှိ၏ အစီရင်ခံစာကို လက်ခံပြီး အမိန့်ချမှတ်နိုင်ခွင့် အာဏာ၊ ပုဒ်မ ၁၇၃။

(၁၀) * * * * *

(၁၁) စီရင်ပိုင်ခွင့်အာဏာ နယ်မြေပြင်ပတွင် ပြစ်မှုတစ်ခုကို ကျူးလွန်သူအား စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်း လာရောက်ရန် အမိန့်ဆင့်စာ ထုတ်နိုင်ခွင့် အာဏာ၊ ပုဒ်မ ၁၈၆။

(၁၂) တိုင်တန်းချက်များကို လက်ခံနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၉၀။

(၁၃) ရဲအစီရင်ခံစာများကို လက်ခံနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၉၀။

(၁၄) တိုင်တန်းချက်မရှိသော အမှုများကို စဉ်းစားနိုင်ရန် လက်ခံနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၉၀။

(၁၅) လက်အောက်ခံ ရာဇဝတ်တရားသူကြီးတစ်ဦးထံသို့ အမှုများ လွှဲပြောင်းပေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၉၂။

(၁၆) လက်အောက်ခံ ရာဇဝတ်တရားသူကြီးတစ်ဦးက မှတ်တမ်းတင်ခဲ့သော မှုခင်းကိစ္စဆောင်ရွက်ချက်များအပေါ် ပြစ်ဒဏ်ချမှတ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၃၄၉။

(၁၇) လက်အောက်ခံတရားရုံး၏ မှတ်တမ်းကို ခရိုင်ရာဇဝတ်တရားသူကြီးထံပေးပို့နိုင်ခွင့်အာဏာ၊ ပုဒ်မ ၄၃၅ (၂)။

(၁၈) ခိုးရာပါဟူ၍ စွပ်စွဲထားသော သို့မဟုတ် မသင်္ကာဖွယ်ရာရှိသော ပစ္စည်းစသည်တို့ကို ရောင်းချနိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၂၄။

(၁၉) အယူခံမှုများမှတစ်ပါး အခြားအမှုများကို ရုပ်သိမ်းပြီးကိုယ်တိုင်စစ်ဆေးစီရင်ရန်၊ သို့မဟုတ် စစ်ဆေးစီရင်ရန် လွှဲအပ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၂၈။

**၅။ ခရိုင်ရာဇဝတ်တရားသူကြီးတစ်ဦး၏ သာမန်ရာဇဝတ်အာဏာများ**

(၁) နယ်ပိုင်ရာဇဝတ်တရားသူကြီးတစ်ဦး၏ သာမန်ရာဇဝတ်အာဏာများ။

(၂) စာများ၊ ကြေးနန်းစာများအစရှိသည်တို့ကို ပေးအပ်ရန်တောင်းဆိုနိုင်ခွင့်အာဏာ၊ ပုဒ်မ ၉၅။

(၃) စာတိုက်၊ သို့မဟုတ် ကြေးနန်းအာဏာပိုင်၏ ထိန်းသိမ်းမှုအောက်ရှိ စာတမ်းအမှတ်အသားများကို ရှာဖွေဝရမ်းများ ထုတ်ပေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၉၆။

(၄) အကြည်ညိုပျက်စေသည့်အမှုတွင် ကောင်းမွန်စွာကျင့်ကြံနေထိုင်ရန် အာမခံတောင်းနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၀၈။

(၅) ငြိမ်ဝပ်စွာနေထိုင်ရန်၊ သို့မဟုတ် ကောင်းမွန်စွာကျင့်ကြံနေထိုင်ရန် တာဝန်ရှိသူများအား တာဝန်မှ ရပ်စဲနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၂၄။

(၆) ငြိမ်ဝပ်စွာနေထိုင်ရန်အတွက် ခံဝန်ချုပ်ကို ပယ်ဖျက်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၂၅။

(၆က) အချို့အမှုများတွင် ပြည်သူ့ရဲတပ်ဖွဲ့မှူးအောက် အဆင့်မနိမ့်သော ရဲအရာရှိကို ပဏာမစုံစမ်းထောက်လှမ်းရန် အမိန့်ပေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၉၆ (ခ)။

(၇) အကျဉ်းနည်း စစ်ဆေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၂၆၀။

(၇က) အမှု၏မည်သည့်အဆင့်တွင်မဆို ကြံရာပါကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၃၃၇။

(၈) အချို့အမှုများတွင် ပြစ်မှုထင်ရှားစီရင်ထားခြင်းများကို ပယ်ဖျက်နိုင်ခွင့်အာဏာ။

(၉) ငြိမ်ဝပ်စွာနေထိုင်ရန် သို့မဟုတ် ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန်အတွက် ခံဝန်တောင်းဆိုသည့်အမိန့်များမှ အယူခံများကို ကြားနာနိုင်ခွင့်အာဏာ၊ ပုဒ်မ ၄၀၆။

(၉က) ရာဇဝတ်တရားသူကြီးများ၏ အာမခံသူများကို လက်ခံရန် ငြင်းပယ်သော၊ သို့မဟုတ် ပယ်သော အမိန့်များမှ အယူခံများကို ကြားနာနိုင်ခွင့် အာဏာ၊ ပုဒ်မ ၄၀၆ က၊

(၁၀) ဒုတိယတန်းနှင့်တတိယတန်းအာဏာရရာဇဝတ်တရားသူကြီးများ၏ ပြစ်မှုထင်ရှားစီရင်ခြင်းများမှ အယူခံများကို ကြားနာနိုင်ခွင့်၊ သို့မဟုတ် တင်ပြနိုင်ခွင့်အာဏာ၊ ပုဒ်မ ၄၀၇။

(၁၁) အမှုတွဲများကို တောင်းခေါ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၄၃၅။

(၁၂) ပလပ်သည့်တိုင်တန်းချက်၊ သို့မဟုတ် တရားခံအား စွဲချက်မတင်မီ လွှတ်သည့်အမှုကို စုံစမ်းစစ်ဆေးရန် အမိန့်ပေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၄၃၆။

(၁၃) လွှဲအပ်တင်ပို့စေရန် အမိန့်ချမှတ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၄၃၇။

(၁၄) * * * * *

(၁၅) * * * * *

(၁၆) * * * * *

(၁၇) သီးခြားအမှုတွင် တစ်ဦးတစ်ယောက်ကို အစိုးရရှေ့နေအဖြစ် ခန့်ထားနိုင်ခွင့်အာဏာ၊ ပုဒ်မ ၄၉၂ (၂)။

(၁၈) သက်သေကို စစ်မေးရန် ကော်မရှင်စာထုတ်ပေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၀၃၊ ၅၀၆။

(၁၉) ပုဒ်မ ၅၁၄၊ ၅၁၅ အရ ချမှတ်ထားသည့် အမိန့်များမှ အယူခံများကိုကြားနာနိုင်ခွင့်၊ သို့မဟုတ် ပြန်လည်ပြင်ဆင်နိုင်ခွင့်အာဏာ။

(၂၀) သွေးဆောင်ဆွဲခေါ်ခြင်းခံရသည့် အမျိုးသမီးများအားပြန်လည်အပ်နှံရန် အတင်းအကြပ်လုပ်နိုင်ခွင့် အာဏာ၊ ပုဒ်မ ၅၅၂။

## ဇယား ၄

(ပုဒ်မ ၃၇ နှင့် ၃၈ များကို ကြည့်ပါ)

## ရာဇဝတ်တရားသူကြီးများသို့ အပ်နှင်းနိုင်သော ထပ်ဆင့်အာဏာများ

ပထမတန်းအာဏာရ ရာဇဝတ် တရားသူကြီးသို့ အပ်နှင်းနိုင်သည့် အာဏာများ။ — နိုင်ငံတော် သမ္မတက —

(၁) အကြည်ညိုပျက်စေသည့်အမှုတွင် ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အာမခံတောင်းနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၀၈။

(၂) ကောင်းမွန်စွာကျင့်ကြံနေထိုင်ရန် အာမခံတောင်းနိုင်ခွင့် အာဏာ၊ ပုဒ်မ ၁၁၀။

(၃) * * * * *

(၄) နှောင့်ယှက်မှုများ ထပ်မံမပြုလုပ်စေရန် တားမြစ်သည့် အမိန့်များချမှတ်နိုင်ခွင့် အာဏာ၊ ပုဒ်မ ၁၄၃။

(၅) ပုဒ်မ ၁၄၄ အရ အမိန့်များပေးနိုင်ခွင့်အာဏာ။

(၆) * * * * *

(၇) စီရင်ပိုင်ခွင့်အာဏာနယ်မြေပြင်ပတွင် ပြစ်မှုတစ်ခုကို ကျူးလွန်သူအား စီရင်ပိုင်ခွင့်အာဏာ နယ်မြေအတွင်း မိမိရှေ့လာရောက်ရန် အမိန့်ဆင့်စာထုတ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၈၆။

(၈) တိုင်းတန်းချက်ရှိသည့်အခါ ပြစ်မှုများကို အရေးယူနိုင်ခွင့် အာဏာ၊ ပုဒ်မ ၁၉၀။

(၉) ရဲအစီရင်ခံသည့်အခါ ပြစ်မှုများကို အရေးယူနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၉၀။

(၁၀) တိုင်တန်းချက်မရှိဘဲ ပြစ်မှုများကို အရေးယူနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၉၀။

(၁၁) အကျဉ်းနည်းစစ်ဆေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၂၆၀။

(၁၂) ဒုတိယတန်းနှင့်တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးများ၏ ပြစ်မှုထင်ရှားစီရင်ခြင်းများမှ အယူခံများကို ကြားနာနိုင်ခွင့်အာဏာ၊ ပုဒ်မ ၄၀၇။

(၁၃) ခိုးရာပါဟူ၍ စွပ်စွဲထားသော၊ သို့မဟုတ် မသင်္ကာဖွယ်ရာရှိသော ပစ္စည်းစသည်တို့ကို ရောင်းချနိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၂၄။

(၁၄) * * * * *

(၁၅) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄ က အရ အမှုများကို စစ်ဆေးစီရင်နိုင်ခွင့်အာဏာ။

| | | | |
|---|---|---|---|
| ပထမတန်းအာဏာရ ရာဇဝတ် တရားသူကြီးသို့ အပ်နှင်းနိုင်သည့် အာဏာများ။ | ခရိုင် ရာဇဝတ် တရားသူကြီးက | (၁) | နှောင့်ယှက်မှုများ ထပ်မံမပြုလုပ်စေရန် တားမြစ်သည့် အမိန့်များ ချမှတ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၄၃။ |
| | | (၂) | ပုဒ်မ ၁၄၄ အရ အမိန့်များ ပေးနိုင်ခွင့်အာဏာ၊ |
| | | (၃) | * * * * * |
| | | (၄) | တိုင်တန်းချက်ရှိသည့်အခါ ပြစ်မှုများကို အရေးယူနိုင်ခွင့် အာဏာ၊ ပုဒ်မ ၁၉၀။ |
| | | (၅) | ရဲအစီရင်ခံသည့်အခါ ပြစ်မှုများကို အရေးယူနိုင်ခွင့်အာဏာ၊ပုဒ်မ ၁၉၀။ |
| | | (၆) | အမှုများကို လွှဲပြောင်းနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၉၂။ |

| | | | |
|---|---|---|---|
| ဒုတိယတန်းအာဏာရ ရာဇဝတ် တရားသူကြီးသို့ အပ်နှင်းနိုင်သည့် အာဏာများ။ | နိုင်ငံတော် သမ္မတ က | (၁) | * * * * * |
| | | (၂) | နှောင့်ယှက်မှုများ ထပ်မံမပြုလုပ်စေရန် တားမြစ်သည့် အမိန့်များ ချမှတ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၄၃။ |
| | | (၃) | ပုဒ်မ ၁၄၄ အရ အမိန့်များပေးနိုင်ခွင့်အာဏာ။ |
| | | (၃က) | ရဲက စုံစမ်းထောက်လှမ်းနေစဉ်အတွင်း ထွက်ဆိုချက်များနှင့် ဖြောင့်ချက်များကို မှတ်တမ်းတင်နိုင်ခွင့်အာဏာ၊ပုဒ်မ ၁၆၄။ |
| | | (၃ခ) | ရဲက စုံစမ်းထောက်လှမ်းနေစဉ်အတွင်း လူတစ်ဦးတစ်ယောက်ကို ရဲအချုပ်တွင် ချုပ်နှောင်ထားရန်အမိန့်ပေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၆၇။ |
| | | (၄) | သေဆုံးရသည့်အကြောင်းရင်းများကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၇၄။ |
| | | (၅) | တိုင်တန်းချက်ရှိသည့်အခါ ပြစ်မှုများကို အရေးယူနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၉၀။ |
| | | (၆) | ရဲအစီရင်ခံသည့်အခါ ပြစ်မှုများကိုအရေးယူနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၉၀။ |
| | | (၇) | တိုင်တန်းချက်မရှိဘဲပြစ်မှုများကိုအရေးယူနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၉၀။ |
| | | (၈) | စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့နိုင်ခွင့်အာဏာ၊ ပုဒ်မ ၂၀၆။ |
| | | (၉) | ပထမအကြိမ် ပြစ်မှုကျူးလွန်သူများနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၅၆၂။ |

**ဒုတိယတန်းအာဏာရ ရာဇဝတ် တရားသူကြီးသို့ အပ်နှင်းနိုင်သည် အာဏာများ။**

ခရိုင် ရာဇဝတ် တရားသူကြီးက —

(၁) နှောင့်ယှက်မှုများ ထပ်မံမပြုလုပ်စေရန် တားမြစ်သည့် အမိန့်များ ချမှတ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၄၃။

(၂) ပုဒ်မ ၁၄၄ အရ အမိန့်များ ပေးနိုင်ခွင့်အာဏာ၊

(၃) သေဆုံးရသည့်အကြောင်းရင်းများကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၇၄။

(၄) တိုင်တန်းချက်ရှိသည့်အခါ ပြစ်မှုများကို အရေးယူနိုင်ခွင့် အာဏာ၊ ပုဒ်မ ၁၉၀။

(၅) ရဲအစီရင်ခံသည့်အခါ ပြစ်မှုများကို အရေးယူနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၉၀။

**တတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီးသို့ အပ်နှင်းနိုင်သည် အာဏာများ။**

နိုင်ငံတော် သမ္မတက —

(၁) နှောင့်ယှက်မှုများ ထပ်မံမပြုလုပ်စေရန် တားမြစ်သည့် အမိန့်များ ချမှတ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၄၃။

(၂) * * * * * * *

(၃) သေဆုံးရသည့်အကြောင်းရင်းများကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၇၄။

(၄) တိုင်တန်းချက်ရှိသည့်အခါ ပြစ်မှုများကို အရေးယူနိုင်ခွင့် အာဏာ၊ ပုဒ်မ ၁၉၀။

(၅) ရဲအစီရင်ခံသည့်အခါ ပြစ်မှုများကို အရေးယူနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၉၀။

ခရိုင် ရာဇဝတ် တရား သူကြီးက —

(၁) နှောင့်ယှက်မှုများ ထပ်မံမပြုလုပ်စေရန် တားမြစ်သည့် အမိန့်များ ချမှတ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၄၃။

(၂) * * * * * * *

(၃) သေဆုံးရသည့်အကြောင်းရင်းများကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၇၄။

(၄) တိုင်တန်းချက်ရှိသည့်အခါ ပြစ်မှုများကို အရေးယူနိုင်ခွင့် အာဏာ၊ ပုဒ်မ ၁၉၀။

(၅) ရဲအစီရင်ခံသည့်အခါ ပြစ်မှုများကို အရေးယူနိုင်ခွင့်အာဏာ၊ ပုဒ်မ ၁၉၀။

လ-၁၆၁၃၊ ဒုတိယရဲမှူးကြီး ဝင်းခေါင်
ဒုတိယညွှန်ကြားရေးမှူး (တာဝန်/စီမံ)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

| | | |
|---|---|---|
| နယ်ပိုင် ရာဇဝတ် တရားသူကြီး သို့ အပ်နှင်းနိုင်သည့် အာဏာများ။ | နိုင်ငံတော် သမ္မတက | အမှုတွဲများကို တောင်းခေါ်နိုင်ခွင့်အာဏာ၊ ပုဒ်မ ၄၃၅။ |